
# ရွှေသွေး ဂျာနယ်

## ပေါင်းချုပ်



အတွဲ-၅၊ အမှတ်-၂၇မှ-၅၂ထိ

# ဆင်ဥ နှစ်လုံး

ရွှေသွေး ဂျာနယ်

ဇာတ်လမ်း မောင်ပြတ်မင်း
သရုပ်ဖော်

၁၃၃၅ ခု၊ ဝါဆိုလဆန်း ၈ ရက် (၇-၇-၇၃)




နှစ်တွေ အတော်ကြာတော့ နွားမကြီးဟာ အိုသွားတယ်။ နို့လဲမထွက်တော့ဘူး။ မောင်လူအေးလဲ နို့ရောင်းမစားနိုင်တော့ဘူး။ ဒါကြောင့်နွားအိုမကြီးကို ရောင်းပစ်ဖို့ ဆုံးဖြတ်လိုက်တယ်။




စနေနေ့တိုင်းထုတ်ဝေသည်။



ဒါနဲ့ မောင်လုအေးဟာ နွားအိုမကြီးကို ဆွဲပြီး တရွာဝင်တရွာထွက် နွားဝယ်မယ့်သူကို လိုက်ရှာတယ်။
ဘာ ဥကြီး တွေလဲခင်ဗျာ့
ရွာတရွာကျတော့ ပြောင်နေအောင် ခြစ်ထားတဲ့ အုန်းသီး နှစ်လုံးနဲ့ ဖပြီးဆိုသူကို တွေ့တယ်။ ဖပြီးကတော့လူလယ်တဲတွဲ။
ဒါ ဆင်ဥကြီး တွေဘဲ နောင်ကြီး နွားကကော ဘာလုပ်ဖို့လဲ
ရောင်း ဖို့ပါ
မောင်လုအေးဟာ အုန်းသီး မမြင်တူး ဘူး။ ဒါကြောင့်တကယ်တဲ ဆင်ဥထင် ပြီး သူ့နွားအိုမကြီးနဲ့ လဲခဲ့တယ်။
အိမ်ရောက်တော့ ကြက်များဥဝပ်သလို အုန်းသီးတွေ ပေါ်မှာ ဝပ်ပါ လေရော။ တပတ်လောက်ဝပ်တာတောင် ဘာကောင် မှ ပေါက်မလာဘူး။ အုန်းသီးပေါ် ဝပ်လို့ ဘာကောင်ပေါက်မှာလဲကွယ်။
နောက်ဆုံးသူဟာ အုန်းသီးတွေကို ရွာထိပ် က ဆင်ထိန်း ဦးကျော်ဆီ ယူသွားတယ်။


ကျနော့် ဆင်ဥတွေ ခင်ဗျား ဆင်တွေနဲ့ ဝပ်ပေးပါဗျာ
ဦးကျော်ကရယ်ပြီး ဆင်ဟာဥမအုဘူး။ ဒါဟာ အုန်းသီးတွေလို့ ရှင်းပြတယ်၊ အကြောင်းစုံ သိရတော့ ဦးကျော်က....
မောင်လူအေးဟာ ဦးကျော်ဆီက ဆင်ပေါက်လေး နှစ်ကောင် ယူပြီး ပြေးဆီသွားတယ်။
ခင်ဗျားဆီက လဲခဲ့တဲ့ ဥ က ပေါက်တဲ့ ဆင်တွေဗျ
ကျုပ်မှာ ကြွေးစရာ မရှိလို့ ငွေတထောင်နဲ့ ကျုပ်နွားအိုပေးခဲ့ယင် ဆင်တွေပေးခဲ့မယ်
ကောင်းဘီ
ပြီးတော့ရွာပြန်ဖို့ အချိန်မရှိလို့ တညအိပ်ခွင့် တောင်းတယ်။ ပြေးကလဲ အိပ်ခွင့်ပြုတယ်။ ည ပြေးအိပ်မော့ကျနေတဲ့ အချိန်မှာ မောင်လူအေး ဟာ ငွေရော၊ ဆင်ရော၊ နွားရောယူပြီး ပြန်ခဲ့ တယ်။
နံနက်
ဟော အကုန် ပါသွားဘီ မြို့စားမင်းကို သွားတိုင်မှ


မြို့စားကြီးက မောင်လူအေးကို ခေါ်စစ်တယ်။
ကျနော်မျိုးလို ဆင်းရဲသား တဦးမှာ ကျောင်းစရာ ဆင် ရှိနိုင်ပါ့မလား
မောင်လူအေးစကားကြားတော့ ငပြိုးဟာ မခံမရပ်နိုင်ဖြစ်ပြီး အုန်းသီးနဲ့ နွားလဲခဲ့တာကအစ အဖြစ်မှန်တွေကို ပြန်ပြောပြတယ်။
နွားအိုနဲ့ငွေတထောင် မောင်လူအေး ပိုင်စေ
ရိုးသားသူအား လိမ်လည် လှည့်ဖြားသည့် ငပြိုးအား ကြိမ်ဒဏ်......
လူလယ်ငပြိုးဟာ ကြိမ်ဒဏ်ခံရတယ်။
မောင်လူအေးမှာတော့ ငွေတထောင်ရပြီး၊ နွားအိုမကြီးကိုဘေးမဲ့ပေးလိုက်တော့တယ်။


ကိုမြည်း
ဇာတ်လမ်း
သရုပ်ဖော် - ကာတွန်းမြေဇာ
တခါက မိမိကိုယ်မိမိအလွန် အတွေးအခေါ် ကြီးမားသူဟု အထင် ရောက်နေသော
မြည်းတကောင်ရှိ၏။ တနေ့တွင် စိုက်ပျိုးရေး ခြံတခြံထဲသို့ ရောက်သွားရာ
ကိုမြည်းသည် ခြံထဲမှအပင်များကို လေ့လာကြည့်နေလေသည်။
အား သရက်သီးတွေ
အိုး-ဒါက ရွှေဖရုံသီးတွေ-
ရုတ်တရက် ကိုမြည်းသည် သရက်သီးနှင့် ရွှေဖရုံသီးတို့ကို ကြည့်ကာ ဘုရားတမိ၏။
ဘုရား ရေ...
ကမ္ဘာကြီး ဘယ်လိုဖြစ်ကုန် ပါလိမ့်-


ထိုအချိန်တွင် မြည်းကို အကဲခပ်နေသော စာကလေးတကောင်က –
အဆွေ မြည်း ကြီးကြီးက ဘာများဖြစ် နေလို့လဲ
– အဆွေစာကလေးလဲ သတိထားမိမှာပေါ့ ဒီမှာကြည့်ပါအုံး ချိုမြတဲ့ သခွားသီး တွေကျတော့ လက်သီးဆုပ် လောက်ဘဲကြီးပြီး ပင်စည်နဲ့တောင် မလိုက်ဖူး –
ဟိုဖက်မှာ အာဥသာမရှိတဲ့ ရွှေဖရုံသီးတွေ ကျတော့ ကျနော့်ခေါင်းထက်တောင် ကြီးသေးတယ်
အသီးနဲ့ အပင်တောင်မလိုက်ဖူး အပင်ကျတော့ သေးငယ်တဲ့ နွယ်ပင်လေး တွေ –
အာ ဒါမှ တကယ့် ပညာဉာဏ်နဲ့ပြည့်စုံတာ တကယ်အတွေးအခေါ် ရင့်ကျက်ပါပေတယ် –
အတွေးအခေါ် ရှင် ကိုမြည်းသည် ငှက်ကလေး၏ စကားကို နားမလည်ဟန်ဖြင့် –
ဘာ– ဘယ်လိုပညာဉာဏ် နဲ့ပြည့်စုံတာလဲ


ကိုမြည်းက သူ၏ အတွေးအခေါ်သာလျှင် အမှန်ဟု ယူဆထားသည်။
သရက်သီးတွေဟာ ရွှေဖရုံသီးလောက် ကြီးပြီး ရွှေဖရုံသီးက သရက်သီးအရွယ်ဖြစ်ရင် အဓိပ္ပါယ်ရှိအုံးမယ်
ကိုမြည်းသည် မကျေမနပ်နှင့် သရက်ပင်ပျိုကို မှီကာ သူ့ကျောဖြင့် ပွတ်တိုက်လိုက်၏။
ဟင်း! လောကကြီးဟာ ဒီစကာတွေ ဖြစ်နေပါလား
ထိုအခါ အမြင့်ဆုံးအကိုင်းမှ သရက်သီးတလုံး ကြွေကြလာပြီး –
အိုး!
— နာလိုက်တာ- ငါ့ခေါင်းတော့ ဖူးကောင်ကုန်ပါပြီ
ဟား-ဟား-ဟား-
အဆွေမြည်း တကယ်လို့သာ သရက်သီးဟာ ရွှေဖရုံသီးလောက် ကြီးရင်-ခင်ဗျား တခါတည်း သေသွားနိုင်တာပေါ့
အင်း-အင်း ဟုတ်ပါပေတယ် ဟုတ်ပါပေတယ်
သို့ဖြင့် မဟာအတွေးအခေါ်ရှင် မြည်းမှာ ရှက်ရှက်နှင့် လစ်ပြေးလေတော့၏။
ပြီး



# မိန်းကလေး သုံးယောက်

ကိုရီးယား ပုံပြင်

ပြန်ဆိုသူ - ချယ်ရီ

သရုပ်ဖော် - ဦးစိန်

တခါက အမယ်အိုတယောက်တွင် ဟေဆူနီ၊ တော်ဆူနီနှင့် ပီယိုဆူနီအမည်ရှိ သမီးသုံးယောက် ရှိ၏။ တနေ့တွင် အမယ်အိုက "အမေထင်းခွေသွားမယ် သမီးတို့၊ တံခါးပိတ်ပြီး သတိနဲ့နေကြနော်၊ တောထဲမှာ ကျားကြီးတကောင် သောင်းကျန်းနေတယ်"ဟု မှာကြားပြီး ထင်းခွေထွက်သွားသည်။



ထိုအခါ ကျားကြီးရောက်လာပြီး အိမ်ပြင်မှနေ၍ "သမီးတို့၊ အမေပြန်လာပြီ၊ တံခါးဖွင့်ပါ"ဟု အမယ်အိုယောင် ဆောင်ကာ ပြောလေသည်။ သမီးကြီး ဟေဆူနီက "အမေ့အသံမဟုတ်ပါဘူး၊ အမေ့အသံက ဒီလိုမအက်ပါဘူး" ဟု ပြန်ပြောသောအခါ ကျားကြီးက "အမေ ပြန်အလာမှာ တလမ်းလုံး သီချင်းဆိုလာလို့ အသံအက်နေတာပါကွဲ့"ဟု လိမ်ပြောလိုက်၏။



သမီးလတ် တော်ဆူနီက "ဒါဖြင့် အမေ့မျက်စိကို ကြည့်ပါရစေ"ဟု ဆိုသောအခါ ကျားကြီးက အိမ်တံခါး သော့ပေါက်မှနေ၍ သူ့မျက်စိကြီးကို ပြသည်။ "အမလေး မျက်စိကြီးကလဲ နီရဲလို့ပါလား၊ အမေ့မျက်စိက ဒီလိုမနီဘူး"ဟု တော်ဆူနီက အလန့်တကြား အော်ပြောသောအခါ ကျားကြီးက "အမေ အဖွားအိမ်ကိုလဲဝင်ခဲ့သေးတယ်ကွဲ့၊ အဖွားက ငရုတ်ကောင်းအကြိတ်ခိုင်းလို့ အမေ့မျက်စိထဲ ငရုတ်ကောင်းဝင်ပြီး မျက်စိနီနေတာပါ" ဟူ၍ ပြောပြန်လေသည်။

သမီးငယ် ပီယိုဆူနီက "ဒါဖြင့် အမေ့လက်ကို ပြပါအုံး"ဟု တောင်းဆိုလိုက်၏။ ကျားကြီးလည်း သူ့လက်ဝါးကြီးကို တံခါးရွက်ကြားမှ ထောင်ပြ

လိုက်ရာ ပိယိုဆုနီက "အမေ့လက်က ဒီလိုဝါမနေပါဘူး" ဟု ပြောလိုက်သည်။ "အမေရှံ့တွေကိုင်လာလို့ လက်ဝါနေတာကွဲ" ဟူ၍ ကျားကြီးက ထပ်မံလိမ်ပြန်ရာ ညီအစ်မ သုံးယောက်လည်း ယုံကြည်ပြီး တံခါးဖွင့်ပေးလိုက်လေ၏။

ထိုအခါ ကျားကြီးသည် အိမ်ထဲသို့ တဟုန်ထိုးဝင်လာတော့ရာ ညီအစ်မသုံးယောက်မှာ ကြောက်လန့် ထွက်ပြေးပြီး အိမ်အနီးရှိ သစ်ပင်ပေါ်သို့ တက်၍ ပုန်းနေကြရလေသည်။

မိန်းကလေးများ သစ်ပင်ပေါ်တွင်ရှိကြောင်း ကျား ကြီး သိ သော အခါ သစ်ပင်ပေါ်သို့ တွယ်ကပ်၍ တက်သွားသည်။ ထိုအခါ ညီအစ်မ သုံးယောက်မှာ ကြံရာမရသဖြင့် ကောင်းကင်သို့ မော့ကြည့်ပြီး "နတ်မင်းကြီးရယ် ကျမတို့ကို ကယ်ပါအုံး" ဟု တိုင်တည်လိုက်လေ၏။ မျှားမကြာမီ ကောင်းကင်ပေါ်မှ ရွှေရေပုံးကြီးတလုံး ကျလာရာ မိန်းကလေးများသည် ရွှေရေပုံးထဲသို့ ဝင်လိုက်ကြ၏။ ထိုအခါ ရွှေရေပုံးသည် ကောင်းကင်သို့ ပြန်တက်သွားလေသည်။

ထိုအခြင်းအရာကို ကျားကြီးမြင်သော် "နတ်မင်းကြီးရယ်၊ ရွှေရေပုံးတလုံး ချပေးပါအုံး" ဟု တောင့်တလိုက်၏။ မကြာမီ ရေပုံးတလုံးကျလာပြန်ရာ ကျားကြီးလည်း ရေပုံးထဲသို့ဝင်၍ ကောင်းကင်သို့ လိုက်ပါသွားလေ၏။ သို့သော် ထိုရေပုံး၏ ကြိုးမှာ ဆွေးနေသဖြင့် ပြတ်ကျလာပြီး ကျားကြီးမှာ လူးခင်းထဲသို့ကျကာ သေဆုံးသွားတော့သည်။ ကျားကြီး၏ကိုယ်မှ သွေးများသည် လူးပင်များကို စွန်းထင်သွားလေ၏။ ထို့ကြောင့် ယခုအခါ လူးဆန်များတွင် အနီစက်များ ပါရှိခြင်းဖြစ်လေသည်။

ကောင်းကင်သို့ ရောက်သွားသော ညီအစ်မသုံးယောက်ကိုကား ဟေဆုနီကို နေအဖြစ်ဎင်း၊ တော်ဆုနီကို လ အဖြစ်ဎင်း၊ ပိယိုဆုနီကို ကြယ်ပွင့်အဖြစ်ဎင်း တာဝန်ထမ်းဆောင်ရန် နတ်မင်းကြီးက တာဝန်ပေးလိုက်၏။ သို့ဖြစ်၍ ညီအစ်မသုံးယောက်သည် နေ၊ လနှင့် ကြယ်များအဖြစ် ယနေ့တိုင် တာဝန်ထမ်းဆောင်လျက်ရှိကြလေသတည်း။









နောက်ထပ်ထမင်း တပွဲပေးပါအုံး
ရပါတယ်
တခါက ဦးလာဘသည် လှေဆိပ်တခုတွင် ထမင်းဆိုင်ဖွင့်ရာ ကုန်သည်တဦး ထမင်းလာစားလေသည်။
ကုန်တွေရှုံးဖြီးပိုက်ဆံမရှိ လို့ ဟော ဒီမှော်ပင်ကိုဘဲယူ ပါခင်ဗျာ
ဒီမှော်ပင်က ဘာအဖိုးတန်လို့လဲ
ကုန်သည် ထမင်း စားပြီး သော်---
ဆိုင်ရှေ့မှာထားထားယင် ဒီဆိုင်ကိုလာတဲ့ သူတွေဟာ ပါလာ တဲ့ ပစ္စည်း မေ့ကျန် သွားတဲ့ အစွမ်း ရှိပါတယ်
မကြာခင် ဦးသူဌေး ဖြစ်တော့မယ်
သူတပါးပစ္စည်းကို မတရားယူတာမကောင်း ပါဘူး ရှင်
သို့ဖြင့် ဦးလာဘသည် မှော်ပင်ကိုယူပြီး ဇနီး ကို အကြောင်းစုံ ပြောပြလေသည်။
ငါက ခိုးယူတာမှမဟုတ် ဘဲ - သူတို့မေ့ကျန်ခဲ့တဲ့ ပစ္စည်းယူ တာဘဲ
ထို့နောက် မှော်ပင်ကို ဆိုင်ရှေ့မှာ ထားလိုက်၏။
ကဲ-ငါဈေးသွားအုံးမယ် ထမင်းလာစားတဲ့သူတွေရဲ့ ပစ္စည်း မေ့ကျန်နေယင် ယူထားနော်
စိတ်ချပါ
အမြန်ယူသွားဖို့ ထမင်း ငါးထုပ် ဟင်းချိုးစုံနဲ့ ထုပ်ပေးပါအုံး
ဟုတ်ကဲ့
မကြာမီ လှေသူကြီးတဦး ထမင်းလာစားသည်။
ထမင်းထုပ်နေတုန်း ဒီမှာခဏထိုင်နားပါရစေ
ဟုတ်ကဲ့ ထိုင်ပါရှင်




လှေသူကြီး အိပ်ပျော်နေပါလား၊ သူမှာတဲ့ထမင်းထုပ်ကို ချထားခဲ့မှဘဲ၊ သူနိုးမှ ပိုက်ဆံတောင်းတော့မယ်၊ သူ့ အိပ်ပြတုန်း ပန်းကန် တွေဆေးအုံး မှ ဘဲ
အင်း-ကိုလောဘရဲ့ မေ့ပင် အစွမ်းကို သိရတော့မယ်၊ လှေသူကြီး ရဲ့ပိုက်ဆံအိတ်ကြီးတော့ မေ့ကျန် တော့မယ်ထင်တယ်
ဟော် တော်-လှေသူကြီး မရှိတော့ဘူး၊ သူမေ့သွားပြီ၊ ကိုလောဘမေ့ပင်က သိပ်စွမ်းတာဘဲ-ဟား-ဟား-ဟား-
ကိုလောဘရေ-မြန်မြန် လာခဲ့ပါအုံး---ရှင့် မေ့ပင်ကြောင့် သူမေ့သွားပြီ-
ဟော-ဟုတ်လား၊ ကောင်း လက်တွေ့ဘဲ၊ ငါ့ မေ့ပင်ဟာ စွမ်းပါတယ်ကွ၊ ဒါနဲ့-ဘာပစ္စည်းတွေမေ့သွားသလဲ
သူ့ပစ္စည်းမေ့တာမဟုတ်ဘူး၊ ထမင်းဖိုးနဲ့ ထမင်းထုပ်ဖိုး ပေးဖို့ မေ့သွားတယ်-တော့
ဟိုက်
အမယ်လေး ကုန်ပါပြီ
ဟဲ-ဒီနေ့ကစပြီး သူတပါးပစ္စည်းကို မတရားယူချင်စိတ်မထားတော့ဘူး၊ ဟဲကွာ-ဒီအပင်လဲ သွားတော့-


ဟန်ဆောင်ဝင်း
ငါ့ဖေဖေက ကျောင်းမှာ ပိုင်းလော့ဖေါင်တိန်ဝယ်ဖို့ ခုနှစ်ကျပ်ခွဲပေးလိုက်တယ်ကွ
ဒါဆို.. မင်း ဖေါင်တိန်အသစ် ရတော့မှာပေါ့
လမ်းတွင်
ငါ့ သမီးတို့... အခုကိုဆိုက်မှာပို့နေလို့ ဒီဖေါင်တိန်ပြန်ရောင်းမယ် ငါးကျပ်နဲ့ကွာ....
ငါးကျပ်ဆိုတော့ ငါဝယ်လိုက်ရင် နှစ်ကျပ်ခွဲပိုမှာဘဲ အဲ့ဒီနှစ်ကျပ်ခွဲ ငါ မုန့်ဝယ်စားလိုက် ရမယ် ------
ကဲ ဝယ်မယ်များ ရော့... ငါးကျပ်
ဟဲ ဟဲ.. မပိုင်လော်းကွ ငါ့အကြံ မုန့်တွေအများကြီးစားရမှာနော်
အင်း
ကျောင်းရောက်သော်ဖေါင်တိန်ကို ဖွင့်ကြည့်ရာ....
ဟောဗျာ.. ဖေါင်တိန်က နှစ်လဲမပါဘူး အခွံ ချည်းဘဲ
အေး မင်းက ဖွန်ဖွန်ကန်ကန် မလုပ်ဘဲ အချောင် ကြံတော့ အလိမ် မိတာပေါ့

# ကမ္ဘာ့အရပ် အပုဆုံး လူသား

ဒတ်ချ် အမျိုးသမီးလေး ပေါလင်းသည် ကမ္ဘာတွင် အရပ်အပုဆုံးဖြစ်သည်။ ချစ်စနိုးဖြင့် သူ့ကို မင်းသမီးလေးပေါလင်းဟု ခေါ်ကြသည်။ သူသည် ၁၈၇၆ ခု ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အော့စင်းဒရက် အရပ်၌ ဖွားမြင်သည်။ မွေးမွေးချင်း ၁၂ လက်မမျှ အရပ်ရှည်သည်။ သို့သော် အသက် ၄ နှစ်ရှိလာချိန်တွင် ၁၅ လက်မသာ မြင့်သေးသည်။ ၉ နှစ် သမီးအရွယ်တွင် အရပ် ၂၁.၆၅ လက်မဖြစ်ပြီး ကိုယ်အလေးချိန် ၃ ပေါင်နှင့် ၅ အောင်စသာ ရှိသည်။ သူသည်အသက် ၁၉ နှစ်အရွယ်၊ ၁၈၉၅ ခု မတ်လ ၁ ရက်နေ့တွင် နျူမိုးနီးယားရောဂါ(အဆုတ်ရောင်နာ)ဖြင့် နယူးယောက်မြို့၌ ကွယ်လွန်သည်။ သေဆုံးချိန်တွင် အရပ် ၂၃.၂ လက်မရှိသည်။ ယနေ့တိုင်မင်းသမီးလေးပေါလင်းလောက် အရပ်ပုသူ ကမ္ဘာတွင် မပေါ်ပေါက်သေးပေ။

အောင်သန်းချစ်




## သင်ဉာဏ်ရှင်ရဲ့လား

ပုလင်းသေးသေး တလုံးကို လက်ဖြင့်မကိုင်ပဲ၊ ဘိလပ်ရည်စုတ်တံကို အသုံးပြု၍ အပေါ်သို့ ပါအောင် မနိုင်ပါမလား၊






၂၈။
ဘိလပ်ရည် စုတ်တံကို ပုလင်းထဲသို့ ထိုးစိုက်ကာ ပုံတွင်ပြထားသည့် အတိုင်း ကျိုးစေပြီး မပါ။

# ဖွားဖွားဇေတနာ

မောင်ခိုင်နွယ်



အရုဏ်ဦး လင်းကြက်တွန်သံ ထွက်ပေါ်လာသည်။ ရွာဦးကျောင်းမှ ကုလားတက်ခေါက်သံလည်း ထပ်ဆင့် ထွက်ပေါ်လာသည်။ ဖွားဖွားသည် အိပ်ရာမှ လူးလဲထကာ မီးခွက်ညှိလိုက်သည်။ ခဏ ကြာလျှင် ကျော်ကျော်နှင့် စိုးစိုး တို့ကို လှုပ်နှိုးရင်း –

"ထထ–ငါ့မြေးတို့ စာဖတ်ဘို့ ထကြ"

ထိုနောက် ဖွားဖွားသည် မီးဖိုချောင်ထဲ ဝင်သွားသည်။ ထမင်းအိုးကို မီးဖိုပေါ် တင်လိုက်ပြီး အရှိန်မကောင်းသေးသည့် မီးကို မီးပြောင်းဖြင့် မှုတ်နေသည်။ ပြီးလျှင် ဆွမ်းဟင်းအတွက် ပြင်ဆင်နေသည်။

ပထမအကြိမ် နှိုးလိုက်ရုံဖြင့် စိုးစိုးက ချက်ချင်းထလိုက်သော်လည်း ကျော်ကျော်ကမူ အိပ်ရာက မထသေး။ မှိန်းနှောင်းတုန်းပင်။ စိုးစိုးသည် မျက်နှာသစ်ပြီးလျှင် စာကြည့်စားပွဲမှာ ထိုင်ရင်း ဖတ်မည့် စာအုပ်ကို ရွေးလျက်ရှိသည်။

"ဘဝန္တော သပ္ပုရိသ အပေါင်း သူတော်ကောင်းတို့"

ကြေးစည်သံနှင့် အတူ ရွာဦးမှ နိဗ္ဗာန်ဆော်တို့၏ အသံများ ညီညီညာညာ ထွက်ပေါ်လာသည်။ ကျော်ကျော်သည် ခေါင်းထောင်ရင်း နားစွင့်လိုက်ပြီး ပြန်အိပ်လိုက်သည်။

ဖွားဖွားသည် ဆွမ်းနှင့် ဆွမ်းဟင်းများ ကျက်ပြီဖြစ်၍ ဆွမ်းအုပ်ထဲသို့ ထည့်လျက်ရှိသည်။

"ရှေးသရောအခါ၊ ပြည်ဗာရာဏသီ၊ ကုရွေကြွယ်သား၊ သူဌေးသားသည့်…"

စိုးစိုး၏ စာကျက်သံသည် ကြည်ကြည်လင်လင် ထွက်ပေါ်လျက်ရှိ၏။ ကျော်ကျော်ကမူ ယခုချိန်ထိ မထသေး။ ဖွားဖွားသည် ကျော်ကျော် ရှိရာ သို့ ဒုတိယအကြိမ် ရောက်လာပြန်သည်။

"ကဲ – ကျော်ကျော်၊ ထတော့လေ–စိုးစိုးတောင်စာဖတ်နေပြီ။ ငါ့မြေးကလဲ ပျင်းလိုက်တာ လွန်ရော"

"ဖွားဖွားကလဲ အစောကြီးရှိသေးတယ်၊ ကျော်ကျော်ထပါ့မယ်ဆို"

ကျော်ကျော်က မျက်စိကို လက်နှင့်ပွတ်ရင်း ပြောလိုက်သည်။ ထိုနောက် ဘယ်ဖက်သို့ စောင်းအိပ်နေရာမှ ညာဖက်သို့ စောင်းအိပ်လိုက်ပြန်သည်။ ဖွားဖွားသည် စိတ်မရှည်နိုင်တော့သဖြင့် မီးဖိုထဲသို့ ပြန်ဝင်သွားသည်။ ခဏကြာလျှင် ရွာဦးကျောင်းသို့ အရုဏ်ဆွမ်းကပ်ရန် ဆွမ်းအုပ် ရွက်ပြီး ထွက်သွားသည်။

ဖွားဖွားသည် မြေးများကို အလွန်ချစ်သည်။ ဖေဖေ၊ မေမေတို့ကရိုက်လျှင် ဖွားဖွားမျက်နှာ ပျက်သွားတတ်သည်။ မရိုက်ဖို့လည်း တားမြစ်တတ်သည်။ ဖေဖေက ဒေါသအလွန်ကြီးပြီး

အ ရိုက် ကြမ်း သည်။ တ ခါ က ကျော်ကျော်ကို ဖေဖေ ရိုက်ရာ ကျော်ကျော့်နဖူး ပေါက်သွားသည်။ ဖွားဖွားသည် ဖေဖေ့ကို ရန်တွေ့ရင်း ကျော်ကျော်ကို ဆွဲခေါ်သွားပြီး အိမ်ဦးခန်းတွင် ဆေးထည့်ပေးသည်။ ရှိုက်ကြီးတငင် ငိုနေသော ကျော်ကျော်ကိုကြည့်ရင်း ဖွားဖွားမျက်ရည်ကျရှာသည်။

စိုးစိုးက အရိပ်အကဲ နားလည်ပြီး ပါးနပ်သူပီပီအရိုက်မခံရချေ။ ဖွားဖွားသည် ကျော်ကျော်ကို ပို ချစ် သည်။ ဆိုးသည့် လူမို့ ပိုပြီး ချစ်ပုံရသည်။ သို့သော် ကျော်ကျော်က ဖွားဖွားကို ချစ်ဟန်မတူ။ နေ့တိုင်း မနက်အစောကြီးနှိုးသဖြင့် ဖွားဖွားကို မကျေနပ် ဖွား ဖွားကြောင့် အိပ်ရေးပျက်ရသည်ဟုပင် ကျော်ကျော်က ယူဆထားသည်။ ဖွားဖွား၏ စေတနာကို ကျော်ကျော် နားမလည်ချေ။ ဖွား ဖွား သည် "ပ ညာ တတ် လျှင် လူရာဝင်"၊ "ပညာရှေ့အိုး လူမခိုး"၊ "ပညာရဲရင့် ပွဲလယ်တင့်" စသည့် ဆုံးမစကားများနှင့် ပညာသာတန်ဖိုးရှိကြောင်းကို ပုံပြင်၊ ဒဏ္ဍာရီ၊ နိပါတ်တော်များဖြင့် မကြာခဏ ပြောပြလေ့ရှိသည်။ စိုးစိုးက အလေးအနက် နားထောင်သော်လည်း ကျော်ကျော်ကမူ အပြင်းပြေသဘောဖြင့်သာ နားထောင်သည်။

× × ×

ကျော်ကျော်သည် အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ရင်း တွေဝေနေသည်။ မျက်နှာတွင်လည်း သော က ရိပ် များ လွှမ်း နေသည်။ စိုးစိုးကား မေမေနှင့်အတူ အိမ်အလုပ်များကို ဝိုင်းလုပ်နေသည်။ စိုးစိုး မျက်နှာမှာလည်း ဝင်းပ ရွှင်ကြည်လျက်ရှိသည်။ အမှန်တော့ ကျော်ကျော် စာမေးပွဲကျ၍ ဖြစ်သည်။ စိုးစိုးက စာမှန်မှန်ကျက်၍ တနှစ်တတန်း မှန်မှန်အောင်သည်။ ကျော်ကျော်ကမူ လေးတန်းကို နှစ်နှစ် ဆက်ကျသည်။ သည်တော့လည်း ကျော်ကျော် မျက်နှာငယ်ရသည်။

ကျော်ကျော်သည် တွေဝေနေရာမှ မျက်နှာ တဖြည်းဖြည်း ကြည် လင် လာ သည်။ "ပညာရဲရင့် ပွဲလယ်တင့်" ဆိုသော ဖွား ဖွား ပြော ခဲ့ သော ဆုံးမ စကားများကို ပြန်လည်ကြားယောင်လာသည်။ သည်တော့လည်း ဖွားဖွား စေတနာကို နားလည်လာသည်။ ဖွားဖွား အပေါ် မိမိအထင်မှားခဲ့သည်များကို နောင် တ ရ လာသည်။ နောက် ဆုံး ၌ "မိမိ၏ အပြစ်များကို ခွင့် လွှတ် ရန်" ဖွားဖွားအား ဦးချတောင်းပန်ချင်သည့်ဆန္ဒများ ပြင်းပြလာသည်။ သို့သော် ဖွားဖွားကို ဦးချ တောင်း ပန် ရန် ကျော်ကျော် မစွမ်းနိုင်တော့ပြီ။ ဖွားဖွားသည် လွန်ခဲ့သောလကပင် ကွယ် လွန် ခဲ့ ချေ ပြီတကား။

## စက်မှု လယ်ယာမြေ

လက်မှုနည်းနဲ့ ထွန်ယက်ကာ၊
စိုက်ပျိုးခဲ့ကြတာ။

လယ်ယာမြေ စနစ်ဟောင်း၊
နှေးကွေးကြန့်ကြာကြောင်း။

လက်မှုနည်းနဲ့ ထွန်ယက်ကာ၊
စိုက်ပျိုးခဲ့ကြတာ။

ရှေးစဉ်လာ လယ်လုပ်နန်း၊
ချိန်ကုန်လူပင်ပန်း။

စက်မှုနည်းနဲ့ ထွန်ယက်ကာ၊
စမ်းသပ် စိုက်ပျိုးလာ။

လယ်ယာမြေ စနစ်သစ်၊
သွားတို့တခေတ်သစ်။

သိပ္ပံနည်းနဲ့ လမ်းသစ်လျှင်၊
လုပ်ငန်း ပိုအောင်မြင်။

တွင်တွင်ကျယ်ကျယ် လူမပန်း၊
ခေတ်သစ်နည်းအစွမ်း။ ။

ဇော်ပြည့် (မော်လမြိုင်)



B. 517

# မောင်းထောင်းလုပ်ငန်း



ရှေးမြန်မာတို့သည် ဆန်ဖွပ်ခြင်း၊ ဝဲမှုန့် ထောင်းခြင်း စသည့် အိမ်မှုကိစ္စများအတွက် မောင်းကို အသုံးပြုကြ၏။ ရှေးအခါကမူ မောင်းသည် လူနေမှုစံနစ်တွင် စာရင်းဝင်ပစ္စည်းဖြစ်ခဲ့ပေသည်။

မောင်းကို မိမိတို့အိမ်ဝင်းအတွင်း အိမ်ရှေ့မြေကွက်လပ်တွင် အများအားဖြင့် ထားရှိကြ၏။ မောင်းတစုံတွင် မောင်းတုံး၊ မောင်းခွက်၊ မောင်းကျောက်၊ လည်တိုင်၊ ခါးတိုင်၊ လက်ကိုင်၊ နောက်မြီးခြေနင်း စသည့် အစိတ်အပိုင်းများ ပါဝင်၏။ မိမိထောင်းလိုသော ပစ္စည်းကို မောင်းခွက်တွင်ထည့်ပြီး ခြေနင်းကို နင်းကာ ထောင်းရလေသည်။

မောင်းထောင်းခြင်းအလုပ်ကို မိန်းမများသာ လုပ်လေ့ရှိသည်။ ယောကျ်ားများမှာ လူလိုနေ၍ မလွဲသာမှသာ ဝင်ကူလေ့ရှိ၏။

မိန်းမများသည် မောင်းထောင်းရင်း စကားစုံ ပြောတတ်ကြသည်။ မောင်းသံ ကြားလျှင် မောင်းရှိရာသို့ စုဝေး ရောက်လာတတ်ကြသည်။ မောင်းထောင်းရာတွင် စုမိကြပြီဆိုလျှင် တေးသီချင်းများကိုလည်း စုပေါင်း သီဆိုတတ်ကြ၏။ မြန်မာ့ကျေးလက်တေးသံများတွင်မောင်းထောင်းသီချင်းသည် တကဏ္ဍ အပါအဝင် ဖြစ်သည်။

မြို့ကြီးများတွင် ဆန်စက်များ ပေါ်ပေါက်လာသည်နှင့်အမျှ မောင်းများ ကွယ်ပျောက်သွားပြီဖြစ်သော်လည်း အညာကျေးလက်တွင်မူ မောင်းကိုယ်နေ့တိုင် အသုံးပြုနေကြဆဲဖြစ်သည်။

မုံရွာစင်းဧဗ



၂၅ ပြား


ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြိုက ကင်းလွတ်ခွင့် အမှတ် ၀၁၂၈၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၂၀။

# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ ဝါဆိုလဆန်း ၁၅ ရက် (၁၄-၇-၇၃)


ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - ထွန်းမင်းထွန်း




စနေနေ့တိုင်း ထုတ်ဝေသည်။


သေလာဂီရိမြို့သည် မြေတွင်းမှ ရွှေငွေ ရတနာများ ထွက်သဖြင့် အလွန်ကြွယ်ဝသည်။
သို့သော် ဆားအလွန် ရှားပါးသောကြောင့် အုန်းလက် ထန်းလက် စသည်တို့ကို ပြာချပြီး
ရေဖျော်၍ အရေကြည်စစ်ကာ ကျိုချက်လျက် ဒယ်ကြီးဖြင့် ဆားရယူကြရ၏။
သေလာဂီရိမြို့မှာ ဆားဆိုတာ ရှားမှရှား -တဲ့
တခါတလေများ ဆားတဆုပ်ကို ရွှေတဆုပ်နဲ့ လဲဝယ်ကြသတဲ့
ဆားရှိတဲ့ လူများ ဆိုယင် တယ်မျက်နှာ မွင့်တယ် ဆိုဘဲ.... .....
ဟော-ဟုတ်လား
ဒီလိုဆိုယင်-ငါ့ဆားတွေယူသွားပြီး - ရွှေငွေကျောက်သံပတ္တမြားတွေနဲ့ လဲရယင်ကောင်းမှာဘဲ...
ထိုသတင်းကို ဗုဏ္ဏဝတီမြို့နေ ဆားကုန်သည်ကြီး ဦးလောဘ ကြားလေလျှင် –
လှည်း ၅၀၀ တွင် ဆားတင်၍ သေလာဂီရိမြို့သို့ တပည့်များနှင့် သွားလေသည်။


ဆား တွေ့ပါလား ? နဲနဲ ရောင်းမလား
မရောင်းပါဘူး။ အားလုံး မျှမျှတတ ရအောင် ဘုရင်ကြီးထံ ရောင်းမလို့ပါ
ဒီလိုဆို - ဒီဘက်လမ်း အတိုင်းကြွပါ - ဆားသူဌေးကြီး
ရက်သတ္တ တပတ်ခန့် ကြာသောအခါ သေလာဂီရိမြို့သို့ ဆိုက်ရောက်လေ၏။
မှန်လှပါဘုရား။ ကျွန်ုပ်အရပ်ဒေသတွင် - ဆားအတွက် - ရတက်မအေးရကြောင်း ကြားသိရ၍ စေတနာ သက်သက်ဖြင့် - ဆား - လှည်း အစီးငါးရာတိုက်ကို ရောင်းချလိုကြောင်း ပါဘုရား
အသင် - မည်သည့် ပစ္စည်းမျိုးများနှင့် လဲလှယ်ရောင်းချလိုသည်ကိုသာ လျှောက်တင်လော့
ဘုရင်ပဏ္ဍိတ ရှေ့မှောက်သို့ရောက်လျှင် —
အင်း ..... ငါ့အနေနဲ့ - ရွှေငွေရတနာတွေကို ; ခုလိုလှည်းဖြင့် တင်ဆောင်သွားယင် လမ်း၌ ခိုးသားဓါးပြ ဘေးမကင်းနိုင်၊ ဒီမြို့ ဓာ(?)ရွှေထွက်တဲ့ မြေတကွက်နဲ့ လဲလှယ်ထားပြီး - တဖြည်းဖြည်း လိုသလောက်ကိုသာ အခေါက်ခေါက် အခါခါ သယ်ယူတာက - ပို အန္တရာယ်ကင်းမှာပဲ
မှန်လှပါဘုရား - ရွှေထွက်သော မြေတကွက်နှင့် လဲလှယ်ရောင်းချ လိုကြောင်းပါဘုရား
အလို .... အတော်ဥာဏ်များတဲ့ သူပေကိုး ... အေးလေ - မင်းမှာသစ္စာ - လျှော့မှာတဲ့ ... ဘဲ
အိမ်း - ကောင်းကမြို့ — နန်းတော် အရှေ့တံခါး ဝ - နား၌ - နေထွက်မှ နေဝင် - တနေ့တာ အတွင်း - ပန္နက်တိုင်များ ပတ်မှီအောင် စိုက်နိုင်သ၍ မြေကွက်ကို သင့်အား အပိုင်စား ပေးသနား တော်မူမည်။ စတုရန်း တကျ ရမည်။ ကျွဲမြေသည် ကား ရွှေထွက်သော မြေမျိုး ဖြစ်ပေသည်။
ရိက္ခာတော်ရုံ
သို့ဖြင့် ဦးလောဘသည် ဆားများကို ဘုရင့် ရိက္ခာ သိုလှောင်ရာသို့ ပို့စေလေသည်။


မင်းတို့စီးနင်းလာတဲ့ မြင်းတွေကို ဝဝလင်လင် ကျွေးထားကြ၊ ငါ့မြင်းကိုတော့ အကောင်းဆုံး ကျွေး နှိပ်နယ်ပေးကြနော်
ဟုတ်ကဲ့ ပါ့ဆရာ
ထို့နောက် ဦးလေဘသည် မြို့ထဲမှမြင်းများကို အခပေး၍ တနေ့အတွက်ငှား၏။
ဘုရင်ကြီးကို သူ့စကားနဲ့သူ့ကို မလိမ့်တပတ်လုပ်ပြီး - မြေကွက်ကြီး အကြီးကြီး ဥဿဖတန် ရအောင် လုပ်ရမယ်၊ ဒါမှ - ကျုပ်ဟာ ပေါ်များငါ အချမ်းသာဆုံးသော သူ ဖြစ်လာမယ်ကွ ဟီး ....... ....
ထိုနေ့ညတညလုံး အမျိုးမျိုး စိတ်ကူးယဉ်ကာ မအိပ်နိုင်ဘဲ ရှိလေသည်။
ငါက - ရှေ့က မောင်းမယ် ...
မင်းတို့က - ခွာရာထင်သမျှ ပန္နက်ရိုင်ရိုက်လိုက်ကြ
နံနက်မိုးသောက်၍ ရောင်နီတက်လာချိန်တွင် တပည့်များနှင့်အတူ အရှေ့တံခါး၌ ....
ကဲ - အသားကြီး မြောက်နိုင်သတ်လိုက်စမ်း
နေဝန်းထွက်ပေါ်လာသည်နှင့် တပြိုင်နက် ဦးလေဘသည် မြင်းကြီးကို ကြိမ်တို့ပြီး တဟုန်ထိုး ဒုန်းစိုင်း၍ ထွက်သွား၏။
တပည့်များကလည်း ခွါရာတိုင်းကို ပန္နက်တတိုင်စီရိုက်ကာ လိုက်ကြ၏။
အလို .... တယ်လဲ ကလိမ်ကလယ် များတဲ့သူပါလား
မြင်းတွေနဲ့ ပန္နက်ရိုက်သကိုး
အိမ်း - ကြည့်ရသေးတာပ .....
ထိုအခြင်းအရာကို ဘုရင်ကြီးသည် နန်းတွင်းမှ လှမ်းမြင်လေလျှင်—


နေသည် တဖြည်းဖြည်းချင်း မြင့်တက်လာသည်။ နေမြင့်လာသည်နှင့်အမျှ ဦးလောတက မြင်းကို ဖုန်းစိုင်းစေသည်။
တောက်
မွန်းတည့်ချိန်သို့ ရောက်သော အခါ မြင်းသည် မောပန်းလာ၍ မပြေးနိုင်တော့ချေ။
ထိုအခါ ဦးလောတသည် မြင်းပေါ်မှ ခုန်ချပြီး ဆက်ပြေးပြန်တော့သည်။
မြင်းကား မောဟိုက်လာသည်နှင့် အမျှ ရေငတ် ခြင်း ဒဏ်ကြောင့် သေဆုံးရှာ၏။
သို့သော် ဦးလောတကား နောက်သို့ပင် လှည့်မကြည့်ဘဲ ပြေးလျက်ပင် –
ထမင်းဒိုး နှစ်လုံးချက်ခန့်ကြာသောအခါ မောဟိုက်လာပြီး အားကုန်ရေငတ်ဖြစ်ကာ လဲကျလေတော့၏။
ဟာ • ဆရာလဲ ကျသွားပြီ
ထို အခြင်းအရာကို လှမ်းမြင်လိုက်သောတပည့်များ ပြေးလိုက်သွားကြရာ –


ထိုသို့ ကယောင်ကတမ်း ပြောဆိုမြန်သဖြင့် ကပည္တတဦးက နန်းတော်သို့ပြေးပြီး
မျှားမကြာမီ ဘုရင်ကြီးကိုယ်တိုင်ကြွလာရာ ဦးလောဘကလည်း သတိရလာပြီး အမောပြေနေပြီဖြစ်သဖြင့် —



တုရင်ကြီးသည် အမိန့်ချမှတ်ပြီး ပြန်ထွက်သွားသည်ကို ခေါင်းထောင်ကြည့်ပြီး
တွေးရင်းတွေးရင်း ရူးသွပ်သွားလေတော့သည်။
ထိုအခြင်းအရာကို မြင်ကြကုန်သော တပည့်များကား သတိသံဝေဂယူကာ ငေးမှိုင်၍ နေကြကုန်သတည်း။









ရှေးက ကလစ်တီအမည်ရှိ ချစ်စဖွယ် ရေနတ်သမီးကလေးတဦး ရှိ၏။ ရွှေခြည်မျှင်များသဖွယ် တင့်တယ်ဝါဝင်းသော သူ့ဆံပင်တို့ကြောင့် သူသည် မာန်တက်နေလေသည်။ အရုဏ်တက်လျှင် ကလစ်တီသည် ရေကန်တွင်းမှ ထွက်လာ၍ အရုဏ်ရောင်တွင် သူ့ဆံပင်များကို ဖီးလေ့ရှိ၏။ ကလစ်တီသည် အရှေ့ကောင်းကင်ဝမှ နေရထားကြီး တဝင်းဝင်းနှင့် ထွက်ပေါ်လာသည်ကို နေ့တိုင်းစောင့်၍ ကြည့်လေ့ရှိသည်။

တနေ့တွင် နေနတ်သားသည် မြင်းဇက်ကြိုးများကိုကိုင်၍ နေရထား မောင်းနှင်လာသည်ကို ကလစ်တီ မြင်မိလေသည်။ နေနတ်သားသည် နေခြည်သရဖူကို ဆောင်း၍ အလွန်တင့်တယ်လျက်ရှိ၏။ နေနတ်သားသည် ကောင်းကင်ခရီးတွင် တနေ့လုံး နေရထားကြီးကို မောင်းနှင်သွားသည်ကို ကလစ်တီ စောင့်ကြည့်သည်။ နေရထားကြီး အနောက် သမုဒ္ဒရာတွင်းသို့ သက်ဆင်းသွားသောအခါ ကလစ်တီမှာ ပူဆွေးလွမ်းဆွတ်ခြင်း ဖြစ်ရလေ၏။ မိုးချုပ်သောအခါ ကလစ်တီသည် ရေကန်တွင်းသို့ဆင်း၍ နောက်တနေ့ အရုဏ်တက်ချိန်ကို စောင့်မျှော်ပြန်တော့သည်။

နောက်တနေ့ နံနက်လင်းသည်နှင့် တပြိုင်နက် ကလစ်တီသည် ရေမှတက်၍ ကျောက်ဖျာတချပ်ပေါ်တွင် ဆံရှင်းရင်း နေနတ်သားကို စောင့်မျှော်၏။ မကြာမီ နေနတ်သား မောင်းနှင်လာသော နေရထားသည် အရှေ့မှ ထွက် လာ လေ သည်။ ကလစ်တီသည် နေနတ်သားကို တနေ့လုံး ကြည့်နေသည်။ မိမိအား တချက်လောက် စောင်းငဲ့လှည့်ကြည့်ပါမူ ကောင်းလေစွဟုလည်း တမ်းတမိသည်။ နံနက်မှ ညနေအထိ အရှေ့မျက်နှာမှ အနောက်မျက်နှာအရောက် ကလစ်တီသည် နေနတ်သားနှင့် နေရထားကြီးကို ကြည့်ရင်း အချိန်ကုန်လေသည်။ ညသို့ရောက်သော် ကလစ်တီသည် ရေကန်တွင်းသို့ ပြန်မဆင်းတော့။ နောက်တနေ

အရုဏ်တက်ချိန်တွင် နေနတ်သားထွက်လာမည်ကို သာ စောင့်မြော်၍ ရေကန်ဘောင်တွင် ရပ်နေလေ တော့၏။



"ငါ၏ ဆံပင်တို့ ရွှေရောင်တောက်သည်ကိုမြင် လျှင် နေနတ်သားသည် ငါ့ကိုကြည့်၍ ပြုံးလိမ့် မည်" ဟုဆိုကာ ကလစ်တီသည် ဆံကိုဖီးသည်။ သို့သော် နေနတ်သားကား သူ့ကို စောင်းငဲ့၍မျှ မကြည့်ပေ။


တနေ့ကုန်သော်လည်း ရေနတ်သမီး ကလေး သည် မိမိနေရာမှ မရွှေ့ပဲ နေနတ်သားကိုသာ မျှော် ငေးလျက် ကြည့်ရှုလျက်ရှိလေသည်။ ဤသို့ဖြင့် ကိုး ရက် ကြာသည့်တိုင်အောင် ကလစ်တီသည် နေရာမှ မရွှေ့၊ အစာလည်းမစား၊ မိမိ၏ မျက်ရည်မှတပါး အခြား ဘာကိုမျှလည်း မသောက်ပဲ နေလေ၏။ ကိုးရက်မြောက်သောအခါ ကလစ်တီသည် ရေကန် တွင် ရေကူးလိုစိတ် ပေါက်လာသဖြင့် ခြေကို ကြ ကြည့်သည်။ ခြေတို့ကား မကြွတော့ပြီ။ မြေကြီး တွင် အမြစ်တွယ်၍ အပင်ဖြစ်လျက် ရှိလေပြီ။ ကလစ်တီ၏ လက်မောင်းတို့သည်လည်း သစ်ကိုင်း သစ်ခက် သစ်ရွက်များအဖြစ်သို့ ပြောင်းသွားကြ လေပြီ။ အလွန်လှပတင့်တယ်သော သူ၏မျက်နှာ ဝိုင်းကလေးမှာ ပန်းပွင့်ကလေးတပွင့် ဖြစ်သွား လေပြီ။ ကလစ်တီတယောက်တော့ "နေကြာပန်း ကလေး ဖြစ်သွားပါပေါ့လား" ဟု အများက ဆို ကြလေသည်။



ကလစ်တီကား အမှန်ပင် နေကြာနတ်မယ် ကလေး ဖြစ်သွားပေပြီ။ နေကြာနတ်မယ်ကလေး ကလစ်တီသည် အရှေ့မှ နေရထားကြီး ထွက်လာ မည်ကို ငံ့လင့်စောင့်ဆိုင်း၍ တနေ့လုံးလုံး နေနတ် သားနောက်ကို လိုက်ကြည့်ပြီးလျှင် အနောက် သမုဒ္ဒရာအတွင်းသို့ နေရထားကြီး ဆင်းသွားသော အခါ မှိုင်တွေလျက် ကျန်ရစ်ခဲ့သည်ကို ယနေ့တိုင် ကျွန်ုပ်တို့ တွေ့နိုင်သေးသည် မဟုတ်ပါလား။




ဆင်တစ်ကောင်လုံး လိုက်သုံး--
လှိုင်ဟေဇော်ဦး(တက္ကသိုလ်)
ကျီးတစ်ကောင်သည် အစာရှာထွက်နေစဉ်...
အစာရှာတာ ဘာမှ မရသေးပါလား ပင်ပန်းလိုက်တာ
ဟော.. အောက်မှာ မြစ်ထဲမှာ မျောနေတာကြီးက ဘာပါလိမ့်၊ ဆင်းကြည့်အုံးမှပါကွာ...
ဟာ! ဆင်သေကောင်ကြီးပါလား၊ ငါတော့ ပွတာပဲ၊ တသက်စာ ရလုံပြီကွ..
ဒီဆင်သားတွေကို ငါတစ်ကောင်ထဲ စားလို့ကုန်မှာမဟုတ်ဘူး၊ ဒီတော့ ပိုတဲ့ အသားတွေကို ဆိုင်ဖွင့်ပြီး ရောင်းရမယ်... ဟီး ဟီး
ရွှေကျီးခေါက်ဆွဲဆိုင်-- ဆင်သားကင်၊ ဆင်ခွာပြုတ် ... ရမယ်...


ကိုကျီးညိုလို့များ တယ်ဖြစ်ကြီးပွါး နေပါလား။။
ကြိုးစားမယ် ကြီးပွါးတာပါ ကိုမှု။။
ဟေး! ငွေတွေ။။။ ငွေတွေ။။။ ငါတော့ချမ်းသာ ပြီကွ။။။
တယ်လည်းဆိမ်ရှိတဲ့ လောကပါလား၊ ကျီးဖြစ်ရကျိုး နပ်လိုက်တာ။။
ရေခဲသေတ္တာ၊ ရေဒီယို၊ တိတ်ရိကော်ဒါ၊ ပန်ကာတွေနဲ့ ငါ့အိမ်ဆော်နေရပြီ၊ ခုတော့ကားလို သေးလေ ဟဲ ဟဲ။။
အခုရပြီ။။ ကွ၊ ကားဝယ်စီးရမယ်၊ ကားနဲ့လျှောက်သွား ရမယ်။။။
ဟောဒီဒီး၊ ဟောဒေါ့ဒါ၊ မယ်စလီယာ ဆီဒင်၊ အိုပယ်။။။ အို- ဒါတွေက ဝိုးနေပြီ၊ ကားသစ်တချိုးချိုးတော့ ဝယ်ရမယ်...


ဟေ့! အဲဒီကား ဘယ်လောက်ကျသလဲ၊ ရော့.. ပိုက်ဆံအကုန်ယူ ပြန်မအမ်းနဲ့..
ဟုတ်... ဟုတ်ကဲ့.. ခင်ဗျာ...
တယ်ဟုတ်တဲ့ ငါပါလား အား.. အား.. ရွှေဗျာ လားကြီး၊ လားကြီး...
ကျွိ
ဟာ! ငါ ပင်လယ်ထဲ ရောက်နေပါပေါ့လား၊ ကမ်း လဲ မတွေ့ရတော့ဘူး၊ ငါဟာ အစားတကွက်အတွက် လက်ငင်းမပါတဲ့ စိတ်ကူးယဉ်မှုကြောင့်..
ခုမှရောက်ရပြီ၊ တကယ်ဆိုကမ်းနဲ့ နီးတုန်းက ငါဟာ ငါ့အတွက်လိုအပ်တဲ့ အစာကိုရှာဖို့နဲ့ မရှာဖွေခဲ့ဘဲ၊ လက်တွေ့နဲ့ကင်းကွာတဲ့ စိတ်ကူးယဉ်နေမှုကြောင့်.. ပင်လယ်ထဲကို ပါမွှန်းမသိ...
ပါလာခဲ့လို့၊ ကမ်းကိုပြန်ကို လဲ ငါ မတတ်နိုင်တော့ဘူး၊ ငါ့အတောင်တွေလဲ ညောင်းလှပြီ၊ ငါနားဖို့နေရာလဲမရှိဘူး၊ ငါရေထဲကိုကျပြီ... ငါသေရတော့မယ်....
ပြီး




## ကမ္ဘာ့အရပ်အရှည်ဆုံးလူသား

ယနေ့ကမ္ဘာတွင် အရပ်အရှည်ဆုံးလူကို ညွှန်ပြပါဆိုလျှင် မစ္စတာ ရောဗတ်ဝက်ဒလိုကို ညွှန်ပြရပေလိမ့်မည်။ အကြောင်းမှာ ယခုထိ သူ့လောက်အရပ်ရှည်သူ ကမ္ဘာတွင် မပေါ်သေးသောကြောင့်ဖြစ်၏။ သူ့အရပ်အမြင့်မှာ ၈ ပေ၊ ၁၁.၁ လက်မဖြစ်သည်။ သူ့ကို ၁၉၁၈ ခု ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အမေရိကန်နိုင်ငံ အီလီနွိုင်ပြည်နယ်၌ မွေးဖွားသည်။ မွေးဖွားစက ၈½ ပေါင်မျှလေးသည်။ သူ့အသက် ၅ နှစ်တွင် အရပ် ၅ ပေ ၄ လက်မရှည်ပြီး ၁၀ နှစ်သားတွင် ၆ ပေ ၅ လက်မ၊ အသက် ၂၀ တွင် ၈ ပေ ၆¾ လက်မ ရှိခဲ့သည်။ သူ့ဖိနပ်သည် ၁၈½ လက်မမျှ ရှည်လျားသည်။ လက်ကောက်ဝတ်မှ လက်ခလယ်ထိပ်ထိ ၁၂¾ လက်မရှိသည်။ သူ၏အများဆုံး အလေးချိန်မှာ အသက် ၂၁ နှစ်ပြည့်သည့် နေ့ကဖြစ်၍ ၄၉၁ ပေါင် ရှိခဲ့သည်။ သူသည် ၁၉၄၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ကွယ်လွန်ရာ သေဆုံးချိန်တွင် ကိုယ်အလေးချိန် ၄၃၉ ပေါင်ရှိပြီး အရပ်မှာ ၈ ပေ ၁၁.၁ လက်မရှည်သည်။ သူ့အလောင်းကို အီလီနွိုင်ပြည်နယ်၊ အယ်လတန်ရှိ အုတ်ကဂူ သင်းချိုင်းတွင် မြှုပ်နှံလိုက်သည်။

ဒေအာင်သန်းချစ်

## လေထီးဆင်း ပြိုင်ကြမလား




သင်္ကေတပုံဝါ ထောင့်လေး ထောင့်တွင် ကြိုးချည်၍ လေထီးလုပ်ပါ။ လေထီးကြိုးကို အရုပ်၏ ခေါင်းတွင်တပ်ပါ။ ထို့နောက် နံပတ်များ ရေးထားသောစက်ဝိုင်းပေါ် မြှောက်ချ၍ ကစားပါ။ အလယ်ဗဟိုတွင် ကျလျှင် အမှတ်အများဆုံး ရမည်။

# မှားသောအချက်

မဝင်းရွှေ (ဗိဿနိုး)



မောင်မောင်နှင့် မောင်ခွေးတို့သည် အိမ်နီးနားချင်းများ ဖြစ်ကြသည်။ မောင်မောင်၏ ဖခင်သည် သမ္မန်ခတ်၍ မောင်ခွေး၏ဖခင်က ဆိုက်ကားနင်းသည်။ သူတို့ မိသားစုများသည် တနေ့ရုန်းကန်မှ တနေ့ဝမ်းဝရသောဘဝမျိုးဖြစ်သည်။ မောင်မောင်နှင့် မောင်ခွေးတို့သည် သတ္တမတန်း ကျောင်းသားများ ဖြစ်ကြသည်။ မောင်မောင်သည် စာတော်၍ ဆရာများ၏ အချစ်တော်ဖြစ်သည်။ သို့ရာတွင် ဖခင်က သမ္မန်ခတ်သူဖြစ်၍ ရှက်သည်။ ဆရာနှင့် သူငယ်ချင်းများက မေးလျှင် မိမိဖခင်မှာ "ကုန်သည်" ဟုပြောလေ့ရှိသည်။

အိမ်နီးနားချင်း သူငယ်ချင်းများဖြစ်သော်လည်း မောင်ခွေးနှင့် မောင်မောင်မှာ စိတ်ဓာတ်ချင်း မတူကြပေ။ မောင်ခွေးသည် ဖခင် ဆိုက်ကားနင်းသည်ကို မရှက်ပေ။ ကောင်းသော အသက်မွေးမှုခြင်းဖြစ်၍ ကိုယ့်ဘဝကိုယ် ကျေနပ်သည်။ မကြာခဏလည်း သူ့အပေါင်းအသင်းများကို "ဒို့အဖေက ဆိုက်ကားနင်းပေမဲ့ ဒို့ကိုတော့ ပညာတတ်စေချင်တယ်ကွ။ ဒါကြောင့် ဒို့ကလဲ အဖေ့စေတနာနဲ့ မေတ္တာကို တုံ့ပြန်တဲ့ အနေနဲ့၊ တိုင်းပြည် အတွက်လဲ အကျိုးရှိအောင် ပညာကို ကြိုးစားသင်နေတယ်" ဟု ထုတ်ဖော်ပြောလေ့ရှိသည်။

မောင်ခွေး၏ ပွင့်လင်းသော စိတ်ဓာတ်နှင့် ရိုးသားမှုကို အများက ချီးကျူးကြသည်။ ဆရာများကလည်း ကရုဏာသက်ကြသည်။ လိုအပ်သော အကူအညီကိုလည်း ပေးကြသည်။ တနေ့ ကျောင်းတွင် မောင်ခွေးက မောင်မောင်အား "ဒို့ကျောင်းမှာ ဒီနှစ် မိဘဆရာအသင်းက ဆင်းရဲတဲ့ ကျောင်းသားတွေကို ထောက်ပံ့ကြေး ပေးမယ်လို့ ကြားတယ်ကွ။ ငါတော့ လျှောက်မယ်လို့ စိတ်ကူးတယ်၊ မင်းရော လျှောက်မယ် မဟုတ်လား"

"အိုကွာ ရှက်စရာကြီး၊ ငါ မလျှောက်ပါဘူး။ အဖေ ဘာလုပ်သလဲလို့မေးယင် သမ္မန်ခတ်တယ်လို့ ဖြေနေရအုံးမယ်။ အလကား သူများအထင်သေးမဲ့ အလုပ်ကွာ။ ငါ့အဖေကလဲ ဒီအလုပ်ကို ဘာကြောင့်များ လုပ်ရတယ်မသိပါဘူး"

မောင်မောင်သည် မောင်ခွေး၏ အဆိုပြုချက်ကို ဂုဏ်ငယ်သည်ဟုထင်ကာ ငြင်းပယ်လိုက်သည်။ ကျေးဇူးရှင် အဖေကိုတောင် ဂုဏ်ငယ်သည့်အလုပ်ကို လုပ်ရကောင်းမလားဟု ငြိုငြင်မိသည်။ မောင်ခွေးကား မိမိဘဝမှန်ကို မြင်တတ်သည့် အတွက် ထောက်ပံ့ကြေးကို လျှောက်လိုက်သည်။ ရိုးသားမှု၊ ကြိုးစားမှု၊ ဝီရိယရှိမှု၊ဆင်းရဲမှုတို့ကြောင့် မောင်ခွေးတယောက် တလ ၂၅ ကျပ် ထောက်ပံ့မှုကို ရသွားသည်။ မောင်ခွေးသည် ၁၅ ကျပ်ကို မိဘများအား ပေး၍

ကျန် ၁၀ ကျပ်ကို မိမိ၏ စာအုပ် စာတမ်းများနှင့် အဝတ်အစား များအတွက် သုံးသည်။

တနေ့ ကျောင်းတွင် ရေကူး သင်တန်း ဖွင့်သည်။ မိမိတို့ အသက်လုံခြုံရေးနှင့် ကျန်းမာ ရေးရသော သင်တန်း ဖြစ်၍ ကျောင်း သား တိုင်း လို လို လျှောက် ကြ သည်။ မောင် မောင်နှင့် မောင် ခွေး လည်း စာရင်းသွင်းကြသည်။ သို့သော် ရေကူးဘောင်းဘီ တစ်စုံကို ၁၅ ကျပ်ဖြင့် အသင်းဝင်ကျောင်း သားများအား ရောင်းချသည့် အခါ မောင်မောင် အနေဖြင့် အခက်တွေ့လေပြီ။ မောင်ခွေး အပါအဝင် ကျန်ကျောင်းသား များက ဝမ်းပန်းတသာ ဝယ်ယူ ကြသည်။ မောင်ခွေးအနေဖြင့် ရေကူးဘောင်းဘီ ဝယ်ရန် ငွေ ကို အိမ်ကတောင်းခံစရာ မလို တော့ ပေ။ မိ မိ ရနေ သည့် ထောက် ပံ့ ကြေး ငွေ မှ ဝယ်ယူ လိုက်ခြင်း ဖြစ်သည်။

မောင်မောင်မှာကား အိမ် က ငွေ ၁၅ ကျပ်ပေးနိုင်ဘို့ဝေးစွ မှုံဘိုး ပြား ၂၀ ကိုပင် ရက်မှန် မရနိုင်ခဲ့ပေ။ မိမိကိုယ်ပိုင် ငွေ လည်းမရှိ။ မိဖကလည်း မတတ် နိုင်၊ နောက်ဆုံးအဖြေမှာရေကူး ဘောင်းဘီမရှိ၍ မောင်မောင် တယောက် ရေ ကူး သင် တန်း မတက်နိုင်ခဲ့ပေ။ သူငယ်ချင်း များကလည်း "ကုန်သည်သား တယောက် ဖြစ်ပြီး ငွေ ၁၅ ကျပ် တောင် မ တတ် နိုင် ဘူး လား" ဟု ပြောကြသည်။ မိမိ၏ အဖြစ်မှန်ကို မိမိသာ သိသော မောင်မောင် တ ယောက် အ ပေါင်းအသင်းကြားထဲတွင် လွန် စွာ အရှက်ရခဲ့သည်။ နောက် ဆုံးတွင် မောင် မောင် သည် "ငါ့အရင်က ရှက်ခဲ့တာဟာ အ မှားဘဲ။ အခုမှ ဟန်ဆောင်လို့ ရှက်ရတာက တကယ်ရှက်စရာ ပါလား" ဟု ညည်းညူရင်း အ မြင်မှန် ရလာခဲ့ပေသည်။



## မြတ်ဝါဆို

လပြည့်ဝါဆို လဝါဆို၊
မိုးသားတိမ်လွှာညို။

စိမ်းစိုသာမော ဘေးမဲ့တော
ဗုဒ္ဓမြတ်သျှင်စော။

ဟောကြားသံသာ
ပြိမ့်ပြောင်းစွာ၊
ရှေးဦးအစပါ။

ဓမ္မစကြာ မြတ်တရား၊
ကမ္ဘာတည်စေသား။

မြတ်ဘုရားဆိ မှတ်ကာရည်၊
ဝါဆိုပန်းကပ်မည်။

ရှင်ကြည်စွာ သံပိုင်တေး၊
ပန်းခူးထွက်စိုလေး။ ။

တက္ကသိုလ် ကြည်မာ

## မတူယင် မတုနဲ့



R. 517

# တင်းတိမ်



တင်းတိမ်ဆိုသည်မှာ အညာကျေးလက်များတွင် လူသုံးများသော စောင်တမျိုး၏အမည် ဖြစ်သည်။ တင်းတိမ်ကို မြန်မာချည်ဖြင့် ရက်လုပ်ရ၏။ ရက်လုပ်ရာတွင်လည်း လက်ရက်ကန်းဖြင့်သာ ရက်လုပ်ကြပေသည်။

တင်းတိမ်သည် မြန်မာချည်ဖြင့်ရက်သော စောင်ကြမ်းဖြစ်၍ အလွန်ပင် နွေးလေသည်။ အများအားဖြင့် တောင်သူလယ်သမားများသာ သုံးစွဲကြသည်၊ ဆောင်းရာသီတွင် အခြားစောင်များကို ခြုံပါက မနွေး၊ မတင်းတိမ်။ တင်းတိမ်ကိုခြုံမှသာ နွေးသည်။ တင်းတိမ်သည်၊ အားရသည်ဟု ဆိုကြ၏။ တင်းတိမ်စောင်ကိုခြုံပါက အလွန်နွေးပြီး ခြုံသူများ အားရတင်းတိမ်သဖြင့် "တင်းတိမ်" ဟု ခေါ်ခြင်းဖြစ်ကြောင်း လေ့လာသိရှိရ၏။

တင်းတိမ်သည် ရှေးခေတ်ကကည်းက ပေါ်ပေါက်ခဲ့သော မြန်မာပြည်တွင်းဖြစ် စောင်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၀၁ ခုနှစ် သာယာဝတီ မင်းလက်ထက်တွင် ကျော်ကြားခဲ့သော စာဆိုတော်ဦးကြီး၏ လွမ်းချင်းတပုဒ်တွင် "ခြုံတင်းတိမ်နွှားရေခင်းလို့"ဟု ပါရှိ၏။ ဤသည်ကိုထောက်၍ ရှေးခေတ် မြန်မာ့ကျေးလက်တောရွာများတွင် တင်းတိမ်ကို ရက်လုပ်အသုံးပြုနေပြီ ဖြစ်ကြောင်း သိရလေသည်။



မိုးရွာဝင်းဖေ

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

၂၅ ပြား

အတွဲ-၅ အမှတ်-၂၉


# ရွှေသွေး ဂျာနယ်

## အာဇာနည်များ

ဖဆို

ဇူလိုင်လ-၁၉-ရက်

၁၃၃၅ ခု၊ ဝါဆိုလဆုတ် ၇ ရက် (၂၁-၇-၇၃)





စနေနေ့တိုင်း ထုတ်ဝေသည်။


ပန်းချီ- ဦးဘကြည်
ဇါတ်လမ်း-မြသွေး
ကျေးရွာတစ်ရွာတွင် သားကို အလွန်ချစ်သော လယ်သမားဦးကြီး တယောက်ရှိ၏။
တနေ့ကုန်တနေ့ခန်း ပင်ပန်းကြီးစွာ အလုပ်လုပ်ပြီးလျှင် သားနှင့်သာ ပျော်နေ၏။
နောင်သောအခါ သားငယ်သည် ထွားကျိုင်းလာသည်နှင့်အမျှ ဖခင်သည် အိုလာ၏။
တနေ့တွင် သားအဖနှစ်ယောက်လယ်ထဲတွင် အလုပ်လုပ်ရန် သွားကြစဉ်....
သားရယ်-အဖေတော့ မလျှောက်နိုင်တော့ဘူး အဖေ့ကို ခဏ လောက် ချီပိုးသွားပါလား၊ ခဏ လောက်နားရုံနဲ့ အဖေ-နောက် ခရီး ဆက်နိုင်ပါတယ်
ရပါတယ် အဖေ
လမ်းခုလတ်တွင် ညောင်းလာသဖြင့်
ဖခင်ရော ပစ္စည်းများကိုပါ ကုန်းပိုးသွား၏။



သားရေ - ဘာငှက်လေးတွေလဲ
အသံ သာလိုက်တာနော်
မောရတဲ့အထဲ - မကြားချင်ဟန်
ဆောင်နေမယ်
သားသည် ချိုးရသဖြင့် အတော်ပင်
မော ပန်းလျက် ရှိစဉ် ဖခင်က....
သားရေ - ဘာပွင့်တွေလဲ
လှလိုက်တာ
အရေးထဲ
အဖိုးကြီး
လျှာရှည်
လိုက်တာ
တဖန်
သားရေ -
အမေ - ရေငတ်
လိုက်တာ -
ဒီစမ်းချောင်း
နားမှာ -
ခဏရပ်
ပါလား
ကွယ်
တယ်ရှုပ်
တာဘဲ
စမ်းချောင်းလေးတခုအနားသို့ရောက်လေသော်
အွတ်
မြန်မြန် သောက်
စမ်းပါဗျ..
ဖခင်သည် စမ်းချောင်းထဲဆင်း၍ရေသောက် နေစဉ်
တန့်ချည့်
တန့်ချည့်


သားကို - အမေ တခုပြောမယ်။ သား ငယ်ငယ်တုန်းက ကိုယ်အလေးချိန်ဟာ .....
ဖခင်သည် ရေသောက်ပြီးနောက် သားအား
... အခု အမေ့ အလေးချိန် လောက်ပဲ ရှိတယ် ....
.... အမေဟာ - အခု သားသန်မာ သလိုပဲ သန်မာတာပဲကွဲ့ ....
... အဲဒီတုန်းက - အမေဟာ - သားကို ပိုးပြီး သွားတာ - သားအခု သွားတာထက် မြန် သေး သကွဲ့ ...
တလမ်းလုံး မေ့တာတွေ လဲ ဖြေသေးတယ်။ လို ချင်တာလဲ ချပေးသေး တယ်။ အဲဒါတွေများ မှတ်မိသေးလား .
ထိုအခါကျမှ သားသည် တွေးမိပြီး နောင်တကြီးစွာ ရလေတော့၏။
အမေ - မြင်းလိုပြေးအုံးလေ
ဟောပဲ ဟောပဲ
အင်း ..... ဟုတ်ပါရဲ့ ... လူကြီး မိဘတွေရဲ့ ကျေးဇူးဟာ - တယ် ကြီးပါလား ....
ပြီး


ကြောင်ကလေး ဖိုးညို
ကာတွန်းမြေရှား ရေးဆွဲသည်
ကြောင်ကလေး ဖိုးညိုဟာ ပျင်းတဲ့ ကြောင်ကလေး။ အစားလဲ သိပ်နည်းတယ်။ သူ့ကိုယ်လုံးကိုယ်ထည်ကလဲ သေးသေးညှက်ညှက်ကလေး။
တနေ့မှာ
အိုး! ဗိုက်ဆာလိုက်တာ
ဂွီ!
ဂွီ!
အို! ပျင်းပါတယ် ဗိုက်မှောက်ပြီး အိပ်မယ်
ဂွီ-ဂွီ-ဂွီ!!!
ဟာ-ကြွက်ကလေး ပါလား
ဖမ်းရကောင်းမလား မဖမ်းရ-ဌ-ဌ-ဌ ဟင်
ဟိဟိ


တောက်! ဒီငနက်ကသူ့ဖလ
တောင့်တယ်ဆိုပြီး ငါ့အပေါ်မိုလိုက်ကျ
သွားတာ
သိမယ်-
ငါဖလကြီးအောင်
လုပ်မယ်-ဘယ်လို
လုပ်ရပါ့-
ဟုတ်ပြီ ကိုနွားကြီး
သွားမေးမယ်-
သူက ဖလမောင်းဘဲ
ဟို့ ကိုနွား-ခင်ဗျား
ဖလကြီးအောင် ဘာ
စားလဲ
မြက်-
ဒါနဲ့ ဖိုးညိုလဲ အိမ်တေးက မြက်တောထဲသွား
ပြီး မြက်တွေကို တအားစားပစ်သတဲ့။
ပလပ်-
မြတ်-
ပလပ်
မြတ်
ဖိုးညို အိမ်ပြန်ရောက်တယ်ဆိုယင်ဘဲ
အလို-
ဗိုက်ထဲက
ဘယ်လိုဖြစ်
လာပါလိမ့်-
ဝေါ့
ဟင်- ဖိုးညို
ဘာဖြစ်
နေတာလဲ-




မင်းအန့်တာလဲ မြက် တွေချည်း ဘဲ-နေမကောင်း ဘူးလား
ဪ- ဗလကြီးချင်လို့ မြက်တွေ စားလာတာကွ- ကို နွားကြီးဟာ မြက်စား လို့ဗလကြီးနေတာမဟုတ်လား
ဒါလဲ မြက်စားယင် ဗလကြီးမယ် ထင်လို့စားတာ ခုတော့ တအားအန်နေတယ်
ဗုဒ္ဓေါ!
နွားဆိုတာ အကောင်ကြီးတဲ့ အမျိုးကွ မြက်စားလို့ ဒီ့ထက် ပိုကြီးတာမှုတ်ဖူး သူ့ သဘာဝ အလျောက်ကြီးနေတာ နောက်ပြီး မြက်ဆိုတာ နွားစားတဲ့ အစာဘဲ- ဒို့ကြောင်နဲ့ ဘာဆိုင်လို့လဲ-
ဟင် ဟုတ်လား- သိပ်ပါဘူးကွာ- ငါက မြက်စား ယင် နွားလို ဗလကြီး လာမယ်ထင် နေတာ- ဒါနဲ့နေပါဦး မင်းကော ဘာဖြစ်လို့ ငါ့ထက် ပိုပြီး ဗလကြီး နေရတာလဲ—
အော်- ဖိုးညိုနှယ်- ငါက မင်းလို မပျင်းဘူး လှုပ်လှုပ်ရှားရှားနေတယ်- အလုပ်ကောင်းကောင်း လုပ်တယ်- အစားကောင်းကောင်း စားတယ်- ဒီတော့ ဗလကြီးပြီး အားရှိတာပေါ့- မင်းငါ့လို ဗလကောင်းချင်ယင် ပျင်းမနေနဲ့- အိပ်ချည်း မနေနဲ့ လှုပ်လှုပ်ရှားရှား နေရတယ်- အလုပ် ကောင်းကောင်း လုပ်ရတယ်-
အင်း!

# မျောက် နှင့် ကနန်း

ချယ်ရီ

ပန်းချီ-ဦးခိန်

တခါက မျောက်နှင့်ကနန်း တို့ မိတ်ဆွေဖွဲ့၍ နေထိုင်ကြသည်။ တနေ့တွင် နှစ်ယောက်သား လမ်းလျှောက်လာကြရာ မျောက်က ဆီးစေ့တစေ့၊ ကနန်းက ထမင်းဆုပ်တဆုပ် ကောက်ရကြ၏။ ထိုအခါ မျောက်သည် ကနန်း၏ထမင်းဆုပ်ကို စားချင်သဖြင့် "သူငယ်ချင်း၊ မင်းကောက်ရတဲ့ ထမင်းဆုပ်နဲ့ ငါ့ဆီးစေ့နဲ့ လဲပါကွာ"ဟု တောင်းပန်လိုက်၏။ သဘောကောင်းသော ကနန်းလည်း မျောက်ကို သနားသဖြင့် လဲပေးလိုက်သည်။ မျောက်သည် ထမင်းဆုပ်ကို ရရချင်း စားပစ်လိုက်၏။ ကနန်းမှာမူ ဆီးစေ့ကို ယူလာပြီး ဥယျာဉ်ထဲ၌ စိုက်ပျိုးထားလိုက်လေသည်။



ကနန်းစိုက်ထားသော ဆီးပင်သည် တဖြည်းဖြည်း ကြီးထွားလာပြီး အသီး သီးလာ၏။ ကနန်းမှာ ဆီးသီးကို စားချင်သော်လည်း မခူးနိုင်သဖြင့် မစားရရှာပေ။ ထိုစဉ်တွင် မျောက်သည် ဆီးပင်နားသို့ရောက်လာပြီး "သူငယ်ချင်း၊ ဆီးသီးတွေကို ငါတက်ခူးပေးမယ်လေ၊ အတူတူစားကြတာပေါ့"ဟု ပြော၏။ ကနန်းက သဘောတူသဖြင့် မျောက်သည် ဆီးပင်ထက်သို့ တက်သွားလေသည်။ ဆီးပင်ပေါ်သို့ရောက်သော် မျောက်သည် ဝင်းမှည့်နေသော ဆီးသီးအလုံးကြီးများကို သူတယောက်တည်း အားပါးတရ ထိုင်စားလေတော့၏။ ကနန်းခမျာကား အောက်မှမျှော်၍သာ နေရရှာ၏။



စိတ်ထားယုတ်ညံ့သောမျောက်သည် သူစား၍ဝသောအခါမှ ကနန်းကို သတိရပြီး ဆီးသီးအစိမ်းတလုံးကို ပစ်ချပေးလိုက်သည်။ ကနန်းမှာ ဝမ်းသာအားရဖြင့် ဆီးသီးကို ကိုက်သော်လည်း ဆီးသီးမှာ စိမ်းလွန်းနေသဖြင့် ကိုက်၍မရပေ။ ထိုအခါ သူသည် စိတ်ဆိုးလာပြီး ဆီးသီးကို သူ့ခေါင်းဖြင့် ရိုက်ခွဲလိုက်ရာ ဆီးသီးမကွဲပဲ သူ့ခေါင်းသာ ကွဲသွားလေသည်။

ကနန်းသည် ခေါင်းမှဒဏ်ရာကိုကြည့်ကာ မျောက်ကို စိတ်ဆိုးလာပြီး ပြန်လည်ဆုံးမရန်အတွက် စဉ်း

စားနေလေ၏။ ထို့နောက် သူသည် သစ်ချသီး၊ ကျောက်ဆိုး၊ နကျယ်ကောင်တို့နှင့် မိတ်ဆွေဖွဲ့ကာ မျောက်ကို ဆုံးမရန် တိုင်ပင်လေသည်။



တနေ့တွင် သူတို့သည် မျောက်ကို အလည်ဖိတ်ခေါ်လိုက်၏။ မျောက်မလာခင်တွင် သစ်ချသီးက မီးပုံဘေးမှ ပြာပုံထဲတွင်၎င်း၊ ကျောက်ဆိုက တံခါးပေါ်တွင်၎င်း ပုန်းနေကြ၏။နကျယ်ကောင်က ဘေးမှ စောင့်ကြည့်နေလေသည်။



မကြာမီ မျောက်ရောက်လာရာ ကနန်းက "လာပါ သူငယ်ချင်း၊ ထမင်းမစားခင် မီးလှုံကြရအောင်" ဟု ပြောကာ မျောက်ကို မီးပုံဘေးသို့ ခေါ်လာ၏။ မျောက်မီးပုံဘေးသို့ ရောက်သည်ဆိုလျှင်ပင် ပြာပုံထဲ၌ ပုန်းနေသော သစ်ချသီးက ဖောင်းကနဲ ပေါက်ကွဲလိုက်သည်။ မျောက်၏ခေါင်းကို သစ်ချသီးအစများ ထိမှန်သောအခါ မျောက်သည် လန့်ပြီး တံခါးဘက်သို့ ထွက်ပြေးလေသည်။ ထိုအခါ ရပ်ကြည့်နေသော နကျယ်ကောင်က ပျံထွက်လာပြီး မျောက်ကို တုပ်လေသည်။ မျောက်လည်း နာလွန်းလှသဖြင့် ထွက်ပြေးမည်အပြုတွင် တံခါးပေါ်မှ ကျောက်ဆိုက သူ့ကိုယ်သူ လှိမ့်ချလိုက်ရာ မျောက်ပေါ်သို့ တည့်တည့်မတ်မတ်ပင် ကျလေ၏။ နကျယ်ကောင်ကလည်း တုပ်မြဲတုပ်နေသဖြင့် မျောက်သည် "ချမ်းသာပေးပါ၊ နောင်ကို တကိုယ်ကောင်းမကြံတော့ပါဘူး၊ သူများကို မစော်ကားတော့ပါဘူး" ဟူ၍ အော်ဟစ်ကာ တောင်းပန်ရလေတော့သည်။




ကနန်းလည်း မျောက်ကို သနားလာသဖြင့် သူ့မိတ်ဆွေများနှင့် တိုင်ပင်ကာ ချမ်းသာခွင့်ပေးလိုက်လေသည်။ ထိုအခါမှစ၍ မျောက်လည်း စိတ်ထားကောင်းမွန်လာပြီ ဖြစ်သဖြင့် အားလုံးရင်းရင်းနှီးနှီး ပြန်လည်ဆက်ဆံနေထိုင်ကြလေသည်။



ဇာတ်လမ်း ... ဖြူမြင့်
သရုပ်ဖေါ် ..........
ပြဿနာ ပေးကြလို့
သာယာသော ညနေခင်းတွင် ညီညီတယောက် လမ်းလျှောက်ထွက်လာသည်။
တနေရာရောက်သော်....
ဟာ! ဘယ်ကောင်များ လက်ဆော့ သွားပါလိမ့်
နောက်ကိုဒီလိုမရေးပါနဲ့
နံရံပေါ်မှာ ပုံတွေဆွဲတော့! နံရံညစ်ပတ် တာပေါ့!
အင်း ငါအခုလိုရေးခဲ့တော့ နောက်ဆိုဘယ်သူမှ လက်ဆော့တော့မှာမဟုတ်ဘူး။
ထိုအချိန်တွင် ဖိုးတုးလည်း သူ့ခွေးကလေးနှင့် လမ်းလျှောက်ရာမှ ပြန်လာရာ....


နောက်ကိုဒီလိုမရေးပါနဲ့
ဟင်! ဘယ်သူ ရေးသွားတာ ပါလိမ့်
နံရံမှာဒီလိုပုံတွေဆွဲ စာတွေရေးနေယင် နံရံညစ်ပတ်မှာ မသိဘူးနဲ့ တူတယ်
နောက်မရေးဖို့အင် ပညာပေးထားခဲ့မှ
နောက်ကို
ဖိုးတုးရေးထားခဲ့သောစာကို ညီညီကတွေ့လျှင်....
နောက်ကိုဒီလိုမ
အဲဒီလိုရေးယင်နံရံ ညစ်ပတ်တယ်ဆိုင်းမှာ စဉ်းစားဉာဏ်မရှိဘူးပါ
အဲမယ်ငါ့ကိုများစဉ်းစားဉာဏ် မရှိဘူးလား ဘာလားနဲ့ ဟE: သိမယ်..
သိရဲ့ပေါ့ ကွာ
နောက်ကိုဒီလိုမရေးပါနဲ့ မင်း







မင်းတို့က နံရံကို သန့်ရှင်းစေချင်တဲ့ ဆန္ဒတော့ ရှိပါရဲ့။ ဒါပေမဲ့ လက်တွေ့မလုပ်ဘဲ တယောက်နဲ့ တယောက် ဩဇာပေးတဲ့စာတွေ အပြန်အလှန်ရေးနေတော့ နံရံက ပိုညစ်ပတ်လာတာပေါ့။ အမြင်မတော်တာ တွေ့ယင် ချက်ချင်း ကိုယ့်ဖာသာကိုယ် ဖျက်လိုက်ယင် သန့်ရှင်းလာမှာပေါ့ကွ။




ပြီး

# ကမ္ဘာ့လူနေအများဆုံးမြို့

ကမ္ဘာပေါ်တွင် လူနေအများဆုံးမြို့သည် ဂျပန်နိုင်ငံ၏ မြို့တော် တိုကျိုဖြစ်သည်။ ၁၉၆၉ ခုနှစ် ဇူလိုင်လ၌ ထိုမြို့နေလူဦးရေသည် ၉,၀၃၇,၂၁၅ ရှိနေလေပြီ။ လန်ဒန်နှင့်နယူးယောက်မြို့တို့ထက် လူနေထူထပ်သေးသည်။ ၁၉၆၂ ခုနှစ် ဇန်နဝါရီလ စာရင်းဇယားကိုကြည့်လျှင် ကမ္ဘာပေါ်တွင် တိုကျိုမြို့သည် လူနေအထူထပ်ဆုံးဖြစ်သည်။ ထိုနှစ်တွင် ၁၀ သန်းကျော် နေထိုင်ခဲ့သည်။ တိုကျိုမြို့၏ မြေစတုရန်း တမိုင်တွင် လူပေါင်း ၃၉,၆၆၅ ခန့် နေထိုင်သည်။ မြို့အကျယ် ၄၄၆ စတုရန်းမိုင်တွင် ယခုအခါ လူ ၁၁ သန်းကျော်နေထိုင်လျက်ရှိသည်။တရားဝင်မဟုတ်သော်လည်း ရှန်ဟဲမြို့သည် တိုကျိုထက် လူနေ အနည်းငယ်သာ လျော့သည်။ရှန်ဟဲမြို့တွင် ၁၉၆၄ ခုနှစ်က လူပေါင်း ၁၀ သန်းကျော်နေထိုင်ခဲ့သည်။

အောင်သန်းချစ်



## ရေမှုန်ဘီလူး

ဝါယာကြိုးခပ်မာမာတပင်ကိုယူ၍ နှစ်လက်မသံချောင်းပေါ်မှာ တပတ်ရစ်ပြီး ကွင်းကလေးတခုရအောင်လုပ်ပါ။ လက်ကိုင်အဖြစ်ရအောင်အနေတော်ဖြတ်ပါ။ ကွင်းကိုရေထဲမှာနှစ်ပြီး ဖြည်းဖြည်း ပြန်ထုတ်လျှင် ရေမှုန်ဘီလူး ကလေးတခုရလိမ့်မည်။ အရာဝတ္ထုတခုခုကို ကြည့်ပါက ငါးဆခန့် အကြီးချဲ့၍ မြင်ရမည်။



# ပလပ်စတစ်ဖိနပ်ကလေး ဇာ်သံသရာ

လှမွန်



ကျောင်းဆင်းချိန် ရောက်မှ မိုးက ပို၍ သည်းလာပါသည်။ အေးအေးနှင့် ကျွန်မသည် ကားမှတ်တိုင်သို့ အမြန်ပြေးသွားကြပါသည်။

"ဟိုက်– ဒုက္ခဘဲ၊ ဖိနပ်ပြုတ်သွားပြီ"

ကားမှတ်တိုင်သို့ ရောက်ခါနီးတွင် ကျွန်မ၏ ညာဖက် ဖိနပ်ပြုတ်သွားပါသည်။

"အေးအေးရေ ချိတ်မပါဘူးလားကွ"

"ဘာလုပ်မလို့လဲ"

"ဖိ နပ် သဲ ကြိုး ဆက် မ လို့လေ"

"မဆက်ပါနဲ့တော့ကွာ၊မင်းဖိနပ်က ဟောင်းလှပါပြီ။ လွှင့်ပစ်လိုက်ပါတော့"

သို့သော် ကျွန်မသည် ချက်ချင်း လွှင့်မပစ်မိသေး။ ဖိနပ်ကလေးကို ကိုင်ပြီး ပစ်လိုက်ရမည်လား၊ မပစ်ဘဲ ထားရမည်လားဟု တွေးတောနေမိပါသည်။

"ဟော့ – စစ်ထွေး၊ ဘာငိုင်နေတာလဲ။ ကားတွေ ချောင်လာပြီ။ မင်းလက်ထဲက ဖိနပ်လွှင့်ပစ်ခဲ့ပါကွာ" ဟု အေးအေးက သတိပေးမှ ကျွန်မလည်း ဖိနပ်ကို ကပျာကယာ လွှင့်ပစ်ပြီး ဘတ်စ ကား ပေါ် သို့ အပြေးတက်သွားမိပါသည်။

ကျွန်မ၌ ဖိနပ်မပါသည်ကို မည်သူကမျှ ဂရုမထားကြပါ။ လူတိုင်းပင် အိမ်ပြန်ချင်သည့် စိတ်စောနေကြပါသည်။ ကျွန်မမှာသာ ဖိနပ်မပါ၍ မလုံမလဲ ဖြစ်နေပါသည်။

ကျွန်မသည် တလမ်းလုံး ကျွန်မ၏ ဖိနပ်ကလေးကိုသာ သတိရ၍ နေပါသည်။ သူတို့ကို ကျွန်မ၏အမေ ဝယ်ပေးစဉ်က သုံးကျပ်ခွဲ ပေးရသည်ဟု မေမေက ပြောပါသည်။ သူတို့၏ အရောင်မှာ ပန်းရောင်ဖြစ်ပါသည်။ စိုးရက်စရာပင် မရှိပါ။

သူတို့သည် ကျွန်မ၏ အကျိုးကို တာဝန်မပျက် ဆောင်ရွက်ခဲ့ကြပါသည်။ နေပူသည်ဖြစ်စေ၊မိုးရွာသည်ဖြစ်စေ သူတို့သည် မညည်းညူခဲ့ကြပေ။ ရွှံ့ပွက် ထဲ သို့ လည်း ဆင်း ရ ရှာသည်။ ဆူးငြောင့် ခလုတ်ကန်သင်း ထဲ သို့ လည်း နင်း ရ ရှာသည်။

"ဟော့– စစ်ထွေး၊ ဘာတွေတွေးနေတာလဲ။မှတ်တိုင်ရောက်ပြီလေကွာ၊ ဆင်းတော့မယ်" ဟု အေးအေးက သတိပေးမှ ကျွန်မလည်း အလျင်အမြန်ဆင်းလိုက်ရပါသည်။ ကားမှတ်တိုင်နှင့် ကျွန်မတို့ အိမ်မှာ သိပ်မဝေးလှသောကြောင့်အပြေးသွားလိုက်ပါသည်။

"မေမေရေ – သမီးရဲ့ ဖိနပ်ကလေး ပြုတ်သွားပြီ"

အိမ်သို့ ရောက်လျှင် ရောက်ချင်း မီးဖိုချောင်ထဲ၌ ထမင်းဟင်း ချက်ပြုတ်နေသော မေမေကို အော်ပြောလိုက်ပါသည်။

"ပြုတ်လဲ ဘာဖြစ်သလဲသမီးရယ်၊ အဲဒီ ဖိနပ်အဟောင်းကို ရောင်းပြီး အသစ်ဝယ်တာပေါ့" ဟု မေမေက ပြန်ပြောပါသည်။

"ဖိနပ် အဟောင်းက ပြန်

ရောင်း လို့ ရ သ လား မေမေ။ ကြိုးပြတ်နေတာ ပြန်ဆက်မရလို့ သမီးလွှင့်ပစ်ခဲ့တယ်။ သမီးလဲအစက လွှင့်မပစ်ချင်ပါဘူး၊ အေးအေးက လွှင့်ပစ်လိုက်ပါဆိုလို့ လွှင့်ပစ်ခဲ့ရတာ”ဟု မေမေ စိတ်မဆိုးအောင် ပြန်ပြောလိုက်ပါသည်။

မေမေသည် စိတ်မဆိုးပါ။ ကျွန်မသည်သာ ဖိနပ်ကလေး လွှင့်ပစ်ခဲ့ရသည်ကို နှမြော၍ နေခြင်း ဖြစ် ပါ သည်။ မေမေ ပြောသည့်အတိုင်း ပြန်ရောင်းရလျှင် ကောင်း မည် ဟု လည်း တွေးမိပါသည်။

“မေမေ–သမီးဖိနပ်ကလေးကို ပြန်ယူအုံးမယ်”

“ပြန်ယူမနေပါနဲ့တော့ သမီးရယ်၊ အချိန်ကုန်ပါတယ်။ ပြီးတော့ သမီးလွှင့်ပစ်ပြီးသားဘဲဟာ သူတကာတွေကောက်သွားမှာပေါ့”

“ဘယ်သူတွေကောက်သွားမှာလဲ မေမေ”

“ကော်ရှပ်၊ ကော်ခွက်၊ ပလပ်စတစ်ဖိနပ်ဟောင်း ဝယ်တဲ့သူတွေကောက်သွားမှာပေါ့ သမီးရဲ့။ မေမေတို့ပြန်ရောင်းတော့လဲ သူတို့ဆီမှာဘဲ ရောင်းရတာ။ ရောင်းတော့လဲ ဖိနပ်တရံမှ တကျပ်လောက်ရတာပါ သမီးရယ်၊ ယူပါစေတော့”

“သူတို့က ဒီဖိနပ်အဟောင်းတွေကို ဘာလုပ်ပစ်သလဲ မေမေ”

သူတို့က အဲဒီပလပ်စတစ်အဟောင်းပစ္စည်းတွေကို စက်ရုံမှာ ပြန် ရောင်း တယ်။ စက် ရုံ က ပြန်ကျိုပြီး အသစ်ပြန်လုပ်တာပေါ့”

ယခုမှ ကျွန်မလည်း ပလပ်စတစ် ဖိနပ်ကလေး၏ သံသရာလည်ပုံကို နားလည် သဘောပေါက်မိပါသည်။ ကျွန်မ၏ ဖိနပ်လေးကိုသာ မပစ်လိုက်လျှင် ဖိနပ်အဟောင်းဘိုး တကျပ်ရမည်။ ထိုအခါ နောက်ထပ်နှစ်ကျပ်ခွဲသာစိုက်ရတော့မည်။

ကျွန်မသည် ကျွန်မ၏ တာဝန်ကျေသော ဖိနပ်လေးကို သူတပါးကောက်သွားမည်ကို စိုးရိမ်သောကြောင့် ကားမှတ်တိုင်သို့ အပြေးအလွှား လာခဲ့ပါသည်။ ကျွန်မထွက်လာသည်ကို မေမေမသိပါ။

ကျွန်မဖိနပ်ကလေး လွှင့်ပစ်ခဲ့သော နေရာသို့ ပြန်ရောက်ပါပြီ။ သို့သော် ဖိနပ်ကလေး၏ နေရာ၌ ကော်ရှပ် ကော်ခွက် အဟောင်းဝယ်သော လူကြီး ရောက်နေပါသည်။ ထိုလူကြီးက ဖိနပ်လေးကို ကောက်၍ သူ့တောင်းထဲသို့ ထည့်သွားပါသည်။ ကျွန်မသည်ပြန်တောင်းရန် စိတ်ကူးမိ၏။ သို့သော် ဖိနပ်မှာ ကျွန်မ စွန့် ပစ် ခဲ့ ပြီးသော အဟောင်းဖြစ်သည့် အပြင် ထိုလူကြီးမှာလည်း သနားစဖွယ် စုတ်ပြတ်စွာ ဝတ်စားထားသောကြောင့် မတောင်းရက်တော့ပဲ အိမ်သို့ ပြန်လာခဲ့ပါတော့သည်။

# အာဇာနည်ကြီးများ

ဆဲ့ကိုးရက် ဆဲ့ကိုးရက်၊
ဇူလိုင် ဆဲ့ကိုးရက်။

ဆဲ့ကိုးရက်ဖြင့် မမေ့နိုင်၊
ဦးရာဇတ်နဲ့ မန်းဘခိုင်။

သမိုင်းမှတ်တိုင် သွေးထင်စွန်း၊
သခင်မြနဲ့ စပ်စံထွန်း။

သွေးစွန်းနေ့မို့ မျက်ရည်ယို၊
ဦးဘဝင်းနဲ့ ဦးဘချို။

မျက်ရည်ယိုလို့ ဆင့်ဆင့်လွမ်း၊
ဗိုလ်ချုပ် ဦး အောင်ဆန်း။

လူရမ်းကားတို့ သွေးဆာလောင်၊
ရဲဘော်ထွေးနဲ့ ဦးအုန်းမောင်။

ကမ္ဘာကြေတောင် ရင်နာလွမ်း၊
မကျေသည့်ဥဒါန်း။ ။

အကိုမောင် (မြတ်လေးပင်)



R. 517

# ခိုင်ပန်းစုံ

တကမ္ဘာပေါ်တွင် သစ်ခွမျိုးပေါင်း ၂၀၀၀ ကျော်ရှိ၍ မြန်မာသစ်ခွမျိုးမှာ ၆၀၀ ကျော်သည်။ သစ်ပင်များတွင် တွယ်ကပ်ပေါက်သော သစ်ခွမျိုးက ပိုများသော်လည်း မြေကြီးနှင့် ကျောက်ဆောင် ကျောက်တုံးများတွင် ပေါက်သော သစ်ခွမျိုးလည်းရှိ သည်။ အဖိုးတန် ပန်းမျိုးတွင် သစ်ခွပန်းမျိုးလည်း ပါဝင်၍ ဖူးပွင့်ပုံ လှပဆန်းကြယ်သည်။ အထူးသဖြင့် ''နှုတ်ခမ်း'' ဟု ခေါ်သော အရွေအလယ်ပွင့်ချပ်သည် ပို၍လှသည်။ ရှားရှားပါးပါး သစ်ခွမျိုးရှိသလို ပေါပေါများများ တွေ့ရသော သစ်ခွမျိုးလည်းရှိသည်။

ထားဝယ်ခရိုင်တွင် ဝါဆိုပန်းဟု ခေါ်သော သစ်ခွမျိုးသည် ပေါပေါများများ တွေ့ရသော သစ်ခွမျိုးဖြစ်သည်။ သစ်တောဌာနက အဆိုပါ အမည်ဖြင့် အတည်ပြုထားသော်လည်း လက်တံရှည် (မော်လိုက်၊ သာယာဝတီ၊ ရမည်းသင်းခရိုင်များ)၊ ဇလက်တော် (မှော်ဘီခရိုင်)၊ ဖယောင်းပန်း (ပုသိမ်ခရိုင်)၊ နာရီပန်း (ရခိုင်တိုင်း)၊ ပန်းဆွဲဖြူ (မေမြို့)စသည်ဖြင့် ဒေသအလိုက် ခေါ်သော အမည်များရှိသေးသည်။

အဆိုပါ သစ်ခွမျိုးသည် မေလမှစပွင့်၍ ဝါဆိုနှီးချိန်တွင် လှိုင်လှိုင်ကြီး ဖူးပွင့်သည်။ ပန်းခိုင်တခိုင်တွင် အဝါရောင်အပွင့် ငါးပွင့်မှ ရှစ်ပွင့်အထိပါရှိတတ်၍ ''နှုတ်ခမ်း'' သည် ခွက်ကလေးနှင့်တူပြီး အခြား အပွင့်ချပ်များထက် နူးညံ့သည်။ အတွင်း၌ မျက်စိသဖွယ် ခရမ်းရင့်ရောင် အစက်နှစ်စက်ပါသည်။ အပွင့်အရွယ်မှာ နှစ်လက်မ သုံးလက်မခန့် ရှိသည်။

ပင်စည်သည် ကြိမ်လုံးနှင့်တူ၍ လေးငါးပေခန့်ရှည်သည်။ အဆစ်များရှိသည်။ အဖျားပိုင်းအဆစ်မှ ပွင့်တံထွက်သည်။ ဖူးပွင့်ချိန်တွင် ပင်စည်သစ်များထွက်သည်။ ပင်စည်သစ်များက အပွင့်မပွင့်သေး။ နှစ်ရှိပင်စည်များကသာ ပွင့်ဝံထွက်သည်။ အရွက်များက လှံသွားပုံဖြစ်၍ ရွက်လွှဲထွက်သည်။ နှစ်ရှိပင်စည်များတွင် အရွက်များ မရှိတတ်ချေ။



အင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၇ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁-ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၃၀။

# ရွှေသွေး ဂျာနယ်


ခေါင်းဒေါသ

# ကြောင်လေး

ပန်းချီ ဦးဘကြည်

ဇါတ်လမ်း - မနှင်းပွင့်


၁၃၃၅ ခု၊ ဝါဆိုလဆုတ် ၁၄ ရက်(၂၀-၇-၇၃)




စနေနေ့တိုင်းထုတ်ဝေသည်။


မထွက်ဘူး
မထွက်ဘူး
မီးညှာတော့
ဘယ်နည်းနဲ့မှ
မထွက်ဘူး
မထွက်ဘူးဆို မထွက်ဘူး
မထွက် ရေးချ
မထွက်
ဗွက်
ဗျက်
ဗွတ်
ပုစီသည် ဆုံးဖြတ်ချက်တခု ချနေ၏။
...သူတို့တတွေကတော့ အိမ်ထဲမှာ အိပ်တယ်၊
ငါ့ကျတော့ မိုးချုပ်ယင် အိမ်မြင်ထုတ်တယ်
ငါ့ကို ခွဲခြားထားတယ်၊
မကြိုက်ပါဘူး၊
မတရားဘူး .....
..............
..... သူတို့အချစ်တော်
ကြက်တူရွေး တို့ ... ငါးရွှေငါး တို့ကျတော့
အိမ်ထဲမှာထားတယ်.........
.... သူတို့က ကြွက်ခုပ်ပေးတာလဲမဟုတ်၊
သူခိုးလာတော့ ရိုင်းဟောင်တာလဲမဟုတ်
စကားကြောင်တွေကိုစားနေကျတာမှ အရသာရှိတယ်
ထိုညခ္ဓ
ပုစီ မတွေ့ပါလား
ပုန်းနေမယ်
ငြိမ်နေမယ်
အသံမပေးဘူး
ဖြူ့ ဖြူ့ ..
ဖြူ့ ဖြူ့..
ပုစီ
ပုစီ
ဖြူ့........
ဖြူ့ဖြူ့ - ဖြူ့ဖြူ့
ပုစီ
ပုစီ
ပုစီ
တောက် တောက်
တောက်
တောက်
တောက်
ဟဲ
အာရုမလဲ
သိပါတယ်
ညာခေါ်တာ
ဟုတ်လား
ဟဲ
သိပါတယ်
အိမ်ပြင်
ထုတ်မလို့
ဟုတ်
လား


သားသား ရတဲ့ အောက် မှာလဲ မရှိဘူး ....
အချိန်ကျလို့ အမြင်ထွက်သွားပြီ ထင်ပါရဲ့ကွာ -
မြီးမြီး - ပူမြီ
ထိုကြောင့် မီးမှိတ်၍ အိပ်ကြလေသော် ....
ဟား ----
မှောင်သွားပြီ၊
အသံတွေ တိပ်သွားပြီ၊
အိပ်ကျနေပြီ၊
ငါလုပ်ချင်တာ လုပ်လို့ရပြီ
ပထမ ငါ့ကို ဘယ်တော့မှ အတက်မခံတဲ့ ထမင်းစား - စားပွဲတို့ - ကြောင်အိမ်တို့ကို တက်ကြည့်မယ်၊ တွေ့တာ စားမယ်
ဟော ..... ဟင်းတွေလဲ မရှိပါလား၊ ဟင်းကန့်တွေလဲ မတွေ့ပါလား ----ဟော..
ကဲလေ - ဘာမှမရှိယင် ပန်းအိုးထဲက - ပန်းမွှေး ဖြည်းကြည့်မှာဘဲ . .
ဖြိ
စားလို့လဲ မကောင်းဘူး
မစားရချင်းအတူတူ - - သားသား အခန်းထဲ သွားဆော့တာက ကောင်းအုံးမယ်
အခန်းထဲသို့ရောက်လျှင်
ဟော — ကစားစရာတွေ နေ့လယ်ကလိုလဲ မရှိတော့ပါလား




ကြွက်လေး တကောင် တမြီး တောင် ရှာလို့ မတွေ့ဘူး
အပြင်ဘက် ထွက်ပြီး - လ - သာသာထဲ အရိပ် လိုက်ဖမ်း တမ်း ကစားတာကမှ ပျော်အုံးမယ်
အိမ် အပြင်ကို ခုမှတော့ ထွက်လို့မရ ဘူး ...... ဒီတော့ အိမ်ထဲမှာဘဲ - စိတ်ရှိလက်ရှိ ပြေးလွှား ခုန်ပေါက်ပြီး-ပျော်ဖို့ဘဲ
သို့ဖြင့် ခုန်ပေါက် ပြေးလွှား ကစားရာ ....
ရွှမ်း
ဂလောင်
အိပ်ခန်းထဲမှ
ဘာသံလဲ
ဘာသံမှ မကြားပါလား
ကျွမ ကြားတယ်
မင်း . အိပ်ပျက်ပြီး လန့်နိုးတာနဲ့ တူပါတယ်
ထိုအခိုက် သားသားသည် အသာကလေး ထလာပြီး တံခါး ဖွင့်ပေး လိုက်ရာ
ကိုင်း ....ပုစီ... အပြင်ထွက် ယင် ကောင်းမယ်
အပြင်ထွက်ယင် - သစ်ပင် ပေါ်လဲ တက်ရမယ်... ကြွက်လဲ ဖမ်းနိုင်မယ်
ပုစီသည် တွေးမိပြီး အသံ တချက် ပေးကာ အိမ်ပြင် ဘက်သို့ ပြေးလေတော့၏။
ညောင်
ပြီး


သရုပ်ဖော်

ဇာတ်လမ်း




ရန်ပွဲမှာလည်း ပြင်းထန် လာလေသည်။
မကြာမီ ရှုံးသောကျွဲမှာ ထွက်ပြေးလေတော့၏။
ဖိုးပျော့လည်း သဘောကျသဖြင့်....


မလွတ်တော့သည့်အဆုံး ကြံမိကြံရာ ကြံလေ၏။
အ..အလို အို!
အဲ အဲ ချုံကလေးတွေ ရှိလေလို့..တော်သေး
ဘယ်ရောက် သွားပါလိမ့် ဒီအနားတင်
မသေရပါဘူးကွာ အနေသာကြီးဘဲ



# ကောက်ရိုးနွား

ရေးသူ — မြင့်နိုင်

ဥရောပပုံပြင်

ပန်းချီ — မောင်မောင်သက်

တခါက ရွာတရွာတွင် အလွန်ဆင်းရဲသော အဘိုးအိုနှင့် အဖွားအို လင်မယားနှစ်ယောက် ရှိ၏။ အဘိုးအိုသည် ဆိုင်တဆိုင်တွင် ကတ္တရာစေး ရောစပ်ရသော အလုပ်ကို လုပ်ပြီး အဖွားအိုမှာမူ အိမ်မှာပင် နေ၍ အိမ်မှုကိစ္စများကို လုပ်ကိုင်၏။ တနေ့တွင် အဖွားအိုက သူ့အတွက် ကောက်ရိုးနွားရုပ်တရုပ် လုပ်ပြီး ကတ္တရာစေး အုပ်ပေးရန် အဘိုးအိုကို ပြောသည်။ အဘိုးအိုကလည်း ကောက်ရိုးနွားကို လုပ်ပေးလိုက်၏။



အဖွားအိုသည် အိမ်အလုပ်များ ပြီးသောအခါ ကောက်ရိုးနွားကို လယ်ကွင်းထဲသို့ ယူသွားပြီး၊ မြက်စားရန် ချထားလိုက်၏။ သူကမူ သစ်ပင်ရိပ်တွင် ထိုင်စောင့်ရင်း အိပ်ပျော်သွားလေသည်။

အဖွားအို အိပ်ပျော်နေစဉ် ကောက်ရိုးနွား ရှေ့သို့ ဝက်ဝံတကောင် ရောက်လာ၏။ ဝက်ဝံမှာ ခြေထောက်တွင် ဒဏ်ရာရလာသဖြင့် ဒဏ်ရာကို ကတ္တရာစေး ထည့်ရန် ကောက်ရိုးနွားထံမှ ကတ္တရာစေး တောင်းလေသည်။ ကောက်ရိုးနွားက ခွင့်ပြုသဖြင့် ဝက်ဝံသည် ကတ္တရာစေးကို ခွာယူရာတွင် သူ့အမွေးများနှင့် ကပ်နေသဖြင့် မည်သို့မျှ ခွာမရချေ။ အဖွားအို နိုးလာသော် ကောက်ရိုးနွားနှင့် ဝက်ဝံတကောင် လုံးထွေးနေသည်ကို တွေ့ရာ ကြောက်လန့်ပြီး အော်ကာ ရွာဘက်သို့ ထွက်ပြေးလေတော့၏။



ထိုအခါ ရွာသားများ ပြေးလာကြပြီး ဝက်ဝံကို ဖမ်းဆီးကာ အဘိုးအိုထံ ယူလာကြ၏။ အဘိုးအိုကလည်း ဝက်ဝံကို လှောင်အိမ်တခုတွင် ပိတ်လှောင်ထားလိုက်လေသည်။

နောက်ရက်တွင် အဖွားအိုသည် ထုံးစံအတိုင်း



ကောက်ရိုးနွားကို လယ်ထဲမှာချထားပြီး အိပ်ပျော်သွားပြန်၏။ ထိုစဉ် ဝံပုလွေတကောင် ရောက်လာပြီး သူ့အနာကိုထည့်ရန် ကောက်ရိုးနွားထံမှ ကတ္တရာစေး ယူပြန်ရာ၊ ဝံပုလွေ၏ကိုယ်နှင့် ကတ္တရာစေးများ ကပ်သွားပြန်၏။ နောက်ဆုံးတွင် ဝံပုလွေသည်လည်း ရွာသားများ၏ ဖမ်းဆီးခြင်းကို ခံရကာ အဘိုးအို၏ လှောင်အိမ်တွင် ပိတ်လှောင်ခံရပြန်လေ၏။

နောက်တရက်တွင်ကား ကောက်ရိုးနွားထံ မြေခွေးတကောင် ရောက်လာပြန်ရာ၊ မြေခွေးသည်လည်း ဝက်ဝံနှင့် ဝံပုလွေတို့ကဲ့သို့ပင် အဖမ်းခံရပြန်လေသည်။



အဖွားအိုသည် ဖမ်းဆီးထားသော ဝက်ဝံ၊ ဝံပုလွေနှင့် မြေခွေးတို့ကို သတ်ပြီး အရေခွံတို့ကို အဝတ်အစားချုပ်ရန် အဘိုးအိုကို အကြံပေး၏။ အဘိုးအိုလည်း ထိုအကြံကို သဘောတူသဖြင့် ဝက်ဝံ၊ ဝံပုလွေနှင့် မြေခွေးတို့ကိုသတ်ရန် မားသွေးနေစဉ် "ကျွန်တော့်ကို မသတ်ပါနဲ့ သခင်ရယ်၊ သခင့်အတွက် ပျားရည်တချိုင့် လာပို့ပါ့မယ်"ဟု ဝက်ဝံက ပြော၏။ ဝံပုလွေကလည်း သူ့အသက်ကို ချမ်းသာပေးလျှင် သိုး တဒါဇင် ပေးပါ့မည်ဟု တောင်းပန်၏။ မြေခွေးကလည်း သူ့ကို မသတ်ပါက ငန်းနှင့် ကြက်များ လက်ဆောင်ပေးပါ့မည်ဟု တောင်းပန်၏။



အဘိုးအိုလည်း ဝက်ဝံ၊ ဝံပုလွေနှင့် မြေခွေးတို့ကို အသက် ချမ်းသာပေးကာ လွှတ်လိုက်လေသည်။ နောက်တနေ့တွင် ဝက်ဝံက ပျားရည်တချိုင့်ကိုရင်း၊ ဝံပုလွေက သိုးအကောင် တဒါဇင်ကိုရင်း၊ မြေခွေးက ငန်းနှင့် ကြက်များကိုရင်း အသီးသီး ယူလာကြပြီး အဘိုးအိုကို လက်ဆောင် ပေးကြသည်။ ထိုအခါ ဆင်းရဲသော အဘိုးအို၊ အဖွားအို လင်မယားမှာ ပစ္စည်းဥစ္စာ ပြည့်ပြည့်စုံစုံနှင့် ချမ်းသာသွားကြလေ၏။


အဘိုးအိုကမူ တိရစ္ဆာန်များကို အသက်ချမ်းသာ ပေးလိုက်သဖြင့် တိရစ္ဆာန်များက မိမိတို့ကို ကျေးဇူးဆပ်ခြင်း ဖြစ်သည်ဟု ယုံကြည်နေလေသည်။


ဇာတ်လမ်းနှင့် သရုပ်ဖော်
အကျိုး
အပြစ်
အတန်းတင်စာမေးပွဲကြီးပြီးပြီဖြစ်သဖြင့် ဖိုးချစ်၊ ဂျမဲ၊ ကျော်ဝင်းနှင့် ဇော်ထွန်းတို့သည် ....
ဟိုလယ်ခင်းထိပ်က ဦးဖိုးလှခြံမှာသရက်သီးတွေ သီးနေပြီ
အေးကွာ—သွားပစ်ပြီး ပျော်ပျော်ပါးပါး စားကြမယ်ဟ။
ပျော်ပျော်ပါးပါး ကစားရန် တိုင်ပင်နေကြသည်။
ဦးဖိုးလှကြီးသိသွားယင် ဒို့ကိုဒေါပွပြီးလိုက်ရိုက်မှာသေချာတယ်
ငါတော့ မလိုက်ဘူးကွာ
ထိုအခါ ဖိုးချစ်က
မင်းတို့သတ္တိမရှိတဲ့ကောင်တွေဘဲ—ဒို့ပစ်လို့ရယင်မင်းတို့ကိုမကျွေးဘူး
ဒို့နှစ်ယောက်ထဲ ကစားရမှာပျင်းစရာကောင်းတယ်ကွာ။
ဟာ! ငါ့ခုမှသတိရတယ်ကွ— ပဒိုဘက်လယ်ထဲက အကြော်သည်ကြီးကအကြော်ကူရောင်းပေးဖို့ခေါ်ထားတယ်။
သို့ဖြင့် ကျော်ဝင်းနှင့်ဇော်ထွန်းတို့သည် အကြော်သည်ကြီးအား အကြော် ကူရောင်းပေးကြသည်။



မင်းတို့ ရေကောင်းပေး လို့ အခြောက်တွေ အများ ကြီး ရောင်းရတယ်။
ရော့ - မင်း တို့စားဖို့ အကြော်တွေ
ကျော်ဝင်းနှင့် ဇော်ထွန်း တို့သည် အကြော် များယူကာ ပြန်လာကြစဉ် ....
ဒို့အဲဒီရှေ့က သစ်ပင် အောက်မှာသွား စားကြမယ်ဗျ
ဟာ! ဟိုမှာပြေးလာ တာဘယ်သူတွေလဲမ သိဘူးကွ
ကျော်ဝင်းနှင့် ဇော်ထွန်းတို့ဆီသို့ ပြေးလာသူ များမှာ ဖိုးချစ်နှင့် ဂျွမ်တို့ ဖြစ်ကြ၏။
ဘယ်လိုဖြစ်လာတာ လဲ ပြောစမ်းပါဦးကွာ
ဟာ - မောလိုက် တာ
ဒို့သရက်သီးပစ်နေတာ ဘိုးဖိုးလှ သိသွားလို့ ပြေး လာရတာ။
ဒီ့ဒါဘာတွေ ကိုင်လာတာ ဒုက္ခဘဲ
ကိုယ်လုပ်ခဲ့တဲ့အပြစ်ဟာကိုယ့်ကို ဘဲဒုက္ခပေးတတ်တယ်ကွ၊ အမော ပြေသွားအောင်စားကြပါဦး


မေမေနှင့်မေမေလေး · ရေးဆွဲသည်-
အကြောက်လွန်သော
ရွာဝင်ပေါက်ဖီးပင်မှာဖီးသီးသွား ကောက်ရအောင် လာကွာ
အေး
သကလေဝိုက်တဲ့တော့ဖီးသီးတွေ အရမ်းကြွေတာဒိုက်ကောင်းလို့ဘဲ
ဒါပေါ့
ဟိတ်! ဘယ်ကသူခိုးတွေလဲ ဖီးသီးလာကောက်တာ မိယင်အသေသတ်ဘဲ
ပြေးဗျို
ဖိုးရွှေပုဒ်တော့မိသွား ဒိုင်း
ဒုန်း
ဒုန်း
ယင်းကအကြောက်လွန်ပြီးပြေးတော့ မဖြစ်သင့်တာဖြစ်ရတာပေါ့ - ဖိုးခွေး က ငါ့သူငယ်ချင်းကွ - အလကားနောက် တာ
ပြီး



## ပထမဆုံးအနုမြူဗုံး

ဒုတိယကမ္ဘာ့စစ်အတွင်း ပထမဆုံး အနုမြူဗုံးကို အမေရိကန်သမ္မတ ထရူးမင်း က အသုံးပြု ခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ဂျပန်နိုင်ငံ ဟီရိုးရှီးမားမြို့ပေါ်သို့ ကြဲချခဲ့သည်။

ထိုဗုံးကို လစ်တဲဗွိုင်ဟု ခေါ်ကြသည်။ ဗုံးအရှည် ၁၀ ပေရှိပြီး ပေါင်ချိန် ၉၀၀၀ လေးသည်။ ပေါက်ကွဲအား ယမ်းဘီလူးတန်ချိန် ၂၀၀၀၀ ရှိသည်။ ထိုဗုံးသည် ဟီရိုးရှီးမားမြို့နေ လူသားပေါင်း ၆၆၀၀၀ ကို သေစေပြီး ၆၉၀၀၀ ကိုဒဏ်ရာရစေ ခဲ့သည်။ အဆောက် အအုံ မြောက်မြားစွာ ပျက်စီးသွားစေသည်။ ယင်းဗုံးဒဏ်ကြောင့် ဟီရိုးရှီးမားတွင် အသက်ရှင် ကျန်ခဲ့သူတို့၏ သားစဉ်မြေးဆက် လူစဉ်မမှီဖြစ်ကြရသည်။ ဥပမာ၊ ဗုံးထဲမှ ရေဒီယိုအက်တစ်ဓာတ်ကြောင့် မွေးစကလေးများ မျက်လုံးကန်းလာခြင်း၊ ခြေလက်အင်္ဂါချို့တဲ့လာခြင်း၊ အနာရောဂါကြီးများ ပေါ်လာခြင်းစသည်တို့ဖြင့် ရင်ဆိုင်ကြရရှာသည်။

ဂျပန်နိုင်ငံတွင် နှစ်စဉ်ဟီရိုးရှီးမားမြို့အနုမြူဗုံးကြဲ ခံရသောနေ့၌ အထိမ်းအမှတ်အခမ်းအနားကျင်းပလေ့ရှိသည်။ တကမ္ဘာလုံးတွင်လည်း ထိုနေ့၌ အနုမြူလက်နက်ဖျက်သိမ်းရေး၊ ကမ္ဘာ့စစ်တားဆီးရေး ကြွေးကြော်သံ ဆောင်းပါးများကို စာနယ်ဇင်းအသီးသီး၌ ရေးသားကြသည်။ ယနေ့တိုင် ဟီရိုးရှီးမားမြို့၌ အနုမြူဗုံးဒဏ်ကို ဆက်လက် ခံစားနေရသည့် လူအမြောက်အမြား ရှိနေပေသေးသည်။

အောင်သန်းချစ်

## သင်မှတ်ဉာဏ်ဘယ်လောက်ကောင်းသလဲ



# ကျွန်တော်ရှို့တဲ့မီး

ဘိုတာထောင် မြင့်သန်း



ကျွန်တော်တို့ကျောင်းသည် ရန်ကုန်မြို့တွင်းရှိ အလယ်တန်းကျောင်း တကျောင်း ဖြစ်ပါသည်။ ကျွန်တော်တို့ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာများသည် နှစ်စဉ် ကျောင်းပိတ်ရက်များတွင် လေ့လာရေး ခရီး ထွက်လေ့ ရှိပါသည်။ ယခုနှစ်တွင် ပဲခူး သို့ လေ့လာရေးခရီးထွက်ရန် စီစဉ်ခဲ့ပါသည်။

လေ့လာရေးခရီး လိုက်ရန်အတွက် အတန်းထဲမှ လစဉ်စာမေးပွဲနှင့် ခြောက်လပတ် စာမေးပွဲများတွင် ပထမမှ တတိယ ရသူ များ ကို သာ ရွေးခေါ်ပါသည်။ ကျွန်တော်သည် ယခုနှစ်တွင် ကျွန်တော်တို့အတန်းထဲ၌ တတိယအဆင့် ရထား၍ ပဲခူးသို့လိုက်ရန် စာရင်းတွင် ပါဝင်ခဲ့သည်။

လေ့ လာ ရေး ခ ရီး ထွက်သောနေ့တွင် ကျွန်တော်သည် ဆရာ ဦးဘဦး ခေါင်း ဆောင်သော ကား ပေါ် ၌ ပါလာပါသည်။ ကျွန်တော်သည် လမ်းတွင် အဆာပြေစားရန် အမေ ဝယ်ပေးလိုက်သော ပြောင်းဖူးများကို စားရင်း လိုက်ပါခဲ့ပါသည်။ စားပြီး ပြောင်းဖူးရိုးများကို ကျွန်တော့် ခုံအောက်တွင် စုပုံထားပါသည်။

"ဟေ့–အောင်ခင်၊ ပြောင်းဖူးရိုးတွေ ဘာလုပ်ဖို့လဲကွ၊ လွှင့်ပစ် လိုက်ပါ တော့လား"

ကျွန်တော့် ဘေးတွင် ထိုင်လာသော ကျော်မြင့်က ကျွန်တော့်ကို မေးပါသည်။

"ဘာလုပ်ဖို့ရမှာလဲကွ၊ လမ်းဘေးက နွားကျောင်းသားတွေကို စဖို့ပေါ့"

ကျွန် တော် တို့ ကား သည် ထောက်ကြံ့လှည်းကူးကို ကျော်လွန်ကာ ရွာတရွာသို့ ရောက်လာပါသည်။

"ဟေ့ – အောင်ခင်၊ ဟိုမှာ နွားကျောင်းသားလေးတွေ"

လမ်းဘေး သစ်ပင်အောက်တွင် နွားကျောင်းရင်း ကစားနေကြသော ကျွန်တော်တို့နှင့် ရွယ်တူ ရွာထဲမှာ ရွာသားလေးများကို တွေ့ရသည်။ ကျွန်တော်တို့ ကားသည် နောက်မှ ကားကျော်တက်နိုင်ရန် အရှိန်လျှော့ပေးထား သဖြင့် ကားသည် ဘီးလိမ့်ရုံသာ တဖြည်းဖြည်း သွားနေသည်။ ကျွန်တော်သည် အောက်တွင်ချထားသော ပြောင်းဖူးရိုး သုံးလေးခုကို ကောက်ပြီး ကစားနေသော နွား ကျောင်း သားလေး များအား ပစ်လိုက်ပါသည်။

"ဟေ့–ဘာလို့ပြောင်းဖူးရိုးတွေနဲ့ ပစ်ရတာလဲကွ။ မိုက်လိုလား။ မင်းတို့ကို ဘာလုပ်လဲ။ လူပါးဝတဲ့ အကောင်တွေ ပြန်လာမှ သိမယ်"

ကျွန်တော် ပစ် လိုက် သော ပြောင်း ဖူး ရိုး များ သည် နွားကျောင်းသား လေး များ အား မှန် သွား သ ဖြင့် နွား ကျောင်းသားလေးများက ပြန်၍အော်လိုက်ခြင်း ဖြစ်ပါသည်။ ကားသည် ကျော် တက် သွား သော

ကားနောက်မှ စက်ကို မြင့်၍ မောင်းလိုက်သောကြောင့် သူတို့အော်သမျှ အသံများကို သိပ်မကြားလိုက်ရပေ။ ဆရာဦးဘဦးမှာ ကားပေါ်တွင် ငိုက်ပါလာသောကြောင့် ကျွန်တော် လုပ်လိုက်သော အဖြစ်အပျက်ကို မသိလိုက်ရှာပေ။

ကျွန်တော်တို့သည် ပဲခူးမြို့မှ ညနေစောင်းတွင် ပြန်ထွက်လာခဲ့ပါသည်။ မနက်က နွားကျောင်းသားလေးများကို ကျွန်တော်ပြောင်းဖူးရိုးနှင့် ပစ်ခဲ့သော နေရာသို့ ရောက်သောအခါ ကျွန်တော်တို့ ကားကို ရွံ့လောက်စာလုံးများ လာရောက်ထိမှန် ပါတော့သည်။ ပြူတင်းပေါက်တွင် ထိုင်နေသော ကျောင်းသူ တယောက်ခေါင်းပေါက် သွားပါသည်။ နွားကျောင်းသားလေး တယောက်သည် ရွာတွင်းသို့ ပြေးဝင်သွားလေသည်။ ကျွန်တော်တို့ ကားကိုလည်း ခဏရပ်လိုက်ပါသည်။

ဆရာဦးဘဦးသည် ကားပေါ်မှ ပြေးဆင်းသွားပြီး မပြေးပဲ ကျန်ရစ်ခဲ့သော ကောင်လေး ထံသို့ သွားကာ —

"ဟေ့ — ချာတိတ် အခုန တို့ကားကို လေးဂွနဲ့ပစ်ပြီး ပြေးတဲ့သူက မင်းသူငယ်ချင်းလား"

"ဟုတ်ကဲ့"

"ဘာလို့ သူက တို့ကားကိုမှ ရွေးပြီး ပစ်ရတာလဲ"

"မနက်တုန်းက သူ့ကို ဒီကားပေါ်က ကျောင်းသားတယောက်က ပြောင်းဖူးရိုးနဲ့ ပစ်သွားလို့ သူက ကားနံပတ် မှတ်ထားပြီး ဒီကားကို ပြန်ပစ်တာပါ ခင်ဗျာ"

"ဟေ့ — မနက်က တို့ကျောင်းသားတွေထဲက ဘယ်သူက သူတို့ကို စခဲ့သလဲ"

ဆရာဦးဘဦးသည် ကားထဲသို့ အော်မေးလိုက်သည်။

"အောင်ခင် မနက်က သူတို့ကို ပြောင်းဖူးရိုးနဲ့ ပစ်ခဲ့တယ် ဆရာ"

ကျောင်းသား တယောက်က ထပြီး ဖြေလိုက်သည်။

"အောင်ခင် — ဆရာ့ ဆီ လာအုံး"

ကျွန်တော်သည် ဆရာရှိရာ နေရာသို့သွားရာ ဆရာက —

"မင်း သူတို့ကို မနက်က ပြောင်းဖူးရိုးနဲ့ ပစ်ခဲ့တယ်ဆို"

"ဟုတ် — ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် သူတို့ကို စခဲ့မိပါတယ်"

"တို့တတွေဟာ လေ့လာရေးခရီးလာတာကွ၊ သူတပါးကို ရန်စဖို့၊ ရန်ပြုဖို့လာတာ မဟုတ်ဘူး။ အခုတော့ မင်းကြောင့် သူတပါး ဒုက္ခရောက်ရပြီ။ လေ့လာရေးခရီး ဆိုတာဟာ မင်းတို့မသိတာတွေကို သိအောင် မျက်မြင်ကိုယ်တွေ့ အကျိုးရှိအောင် လေ့လာကြရတာကွ။ မင်းက အပျော်ခရီး မှတ်ပြီး အဓိပ္ပာယ်မရှိ လုပ်ခဲ့ပြီ။ ဒီတော့ မင်းကို ကျောင်းရောက်မှ ထိုက်တဲ့ဒဏ် ခတ်ရလိမ့်မယ်"

# ဗိုလ်ချုပ်ကို ချစ်လျှင်

ဗိုလ်ချုပ်ကို ချစ်ပါလျှင်၊
သူလိုပင် ကျင့်စရိုက်
ရှိထိုက်သည်ပင်။
မြိုးမြဲလို့ ချွေတာလျှင်၊
ချစ်ခင်သည်ယူဆ။
ရိုးသားလို့ ပွင့်လင်းလျှင်၊
ချစ်ခင်သည်ယူဆ။
သူလိုပင် ဇွဲစိတ်ခေါင်၊
ကိန်းဝပ်လိုလှ။

ဗိုလ်ချုပ်ကို ချစ်ပါလျှင်၊
သူလမ်းစဉ် ညွှန်ရာလမ်း၊
လှမ်းရမည်ပင်။
ခေါင်းပုံဖြတ် အရင်းရှင်၊
သုတ်သင်လို့ ဖယ်ရှား။
မွန်ရှမ်းနှင့် မြန်မာကရင်၊
ချင်း ကချင် တမိသား။
စက်ရုံတည် တည်ပါလို့၊
ဆည်မြောင်းဆည် ဆည်ပါလို့၊
ငါတို့ပြည် ဝှေးကြွယ်ဝအောင်
လုပ်ကြစို့လား။ ။

ဝင်းမိုလ် (မြို့သစ်)



R. 517




လှပ၍ ထူးခြားသော မြန်မာ သစ်ခွတမျိုးဖြစ်သည်။ ရှည်၍ လုံးသော ပင်စည်သည် အပေါ်သို့ ထောင်တက်နေသည်။ အကိုင်းအလက်များ ခွဲထွက်သည်။ ထူးခြားချက်မှာ ရှည်ရှည်လုံးလုံးဖြစ်နေသော အရွက်များသည် အရွက်ဟု မထင်ရပဲ ရိုးတံဟု ထင်ရသည်။ ရွက်ကြွေသည် ဟူ၍မရှိပဲ အရွက်ရော ပင်စည်ပါ အမြဲစိမ်းလန်းသည်။ အမြစ်များသည် အရွက်များ ကဲ့သို့ပင် ပင်စည်နှင့် အကိုင်းများတလျှောက် ခပ်ကျဲကျဲ ထွက်နေသည်။

ပန်းခိုင်သည် ပင်စည်နှင့် အကိုင်း အလက်များ၏ အဖျားပိုင်းမှထွက်၍ ခြောက်လက်မမှ တပေခန့်အထိ ရှိသည်။ အပွင့်သုံးပွင့်မှ ရှစ်ပွင့်အထိခပ်ကျဲကျဲပါရှိသည်။ နှစ်လက်မ သုံးလက်မခန့်ရှိသော အပွင့်များသည် မရန်းစွေ့ရောင်ဖြစ်၍ အဖြူရောင်လည်း စွက်နေသည်။ ပွင့်ချပ်တို့က ကားပြန့်၍ အရင်းတွင် တခုနှင့်တခု ထပ်နေသည်။ ထိပ် ဝိုင်းသယောင်ယောင်ဖြစ်သည်။ ''နှုတ်ခမ်း''(အရှေ့အလယ်ပွင့်ချပ်)ကမူ ခွက်နေ၍ အတွန့်အဟိုက်များရှိသည်။ ပို၍ အရောင်ရင့်သည်။ အရင်းဖက်၌ အဝါရောင်ပါသည်။ အပွင့်များသည် ဒီဇဘာမှ မတ်လ အထိ တကြိမ်၊ မေလမှ ဇူလိုင်လအထိတကြိမ် တနှစ် နှစ်ကြိမ်ပွင့်၍ အပင်တွင် တလနီးပါးခံသည်။

အပင်များတွင် တွယ်ကပ်ပေါက်နေသော သစ်ခွမျိုးဖြစ်သော်လည်း ယခုမြေတွင် ချစိုက်၍ ဖြစ်ထွန်းနေသည်။ အလင်းရောင် ကြိုက်သည်။ ရိုးဆက်ကြီး အမည်ကို အတည်ပြုထားသော်လည်း သိကြားလက်ညှိုး (မော်လိုက်နှင့်ခန္တီးခရိုင်များ)၊ ကျွဲမျက်လုံး(ကသာ)၊ ငှက် ကြိုးပန်း(မှော်ဘီ)၊ စာကလေးပန်း (ကျောက်မဲ၊ ဗန်းမော်)၊ ပေါက်နွယ် (တောင်ငူ)၊ နှင်းဆီရိုးတံ (မြစ်ကြီးနား)၊ ကျွဲငိုပန်း (ဖားအံ)၊ ရွက်လုံးကြီးပန်း (ထားဝယ်) ဟူ၍လည်း ဒေသအလိုက် အမည်များ ရှိသေးသည်။

တင့်တင့်



# ခိုင်ပန်းစုံ

၂၅ ပြား
ရန်ကုန်[illegible]၊ [illegible] ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးသင်ကြီး[illegible] (ထုတ်ဝေခွင့် အမှတ် ၀၁၂၈၈) အရ တာဝန်ခံ ထုတ်ဝေ၍ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၈၃၂)တွင် ဦးကျော်ဇံက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်


ထုံပြန်ကတော်သော်

# သုမေတ္တာ


ဇာတ်လမ်း - မင်းခိုင် (အောင်လံ)

သရုပ်ဖော် သော်ဦး


၁၃၃၅ ခု၊ ဝါခေါင်လဆန်း ၆ ရက်၊ (၄-၀-၇၃)




စနေနေ့တိုင်း ထုတ်ဝေသည်။







တမ္ဗာဝတီပြည်နှင့်သုဝဏ္ဏရွှေပြည်ကား ခရီးအလှမ်းကွာဝေးလှသည်။
တောတောင်ကန္တာရကြမ်းကို ဖြတ်ကျော်သွားရသည်။
သားရဲတိရစ္ဆာန်တို့ဘေးရန်နှင့်လည်း အကြိမ်ကြိမ်ရင်ဆိုင်ရသည်။
ဟမ်း
သို့ရာတွင် မိဖုရားကြီးသည် စိတ်အား မလျှော့ဘဲ သုဝဏ္ဏရွှေပြည်သို့ ခရီးအပြင်းနှင်ခဲ့သည်။
ထိုအချိန်တွင် သုတဂါထာမင်းမှာ သုဝဏ္ဏရွှေပြည်ကို မသိမ်းပိုက်နိုင်သေးသော်လည်း ရေကြောင်းကုန်းကြောင်းဖြင့် အပြင်းမှ မြို့တော်ကိုဝိုင်းရံထားသည်။



အချိန်ကြာမြင့်စွာ မြို့အတွင်းသို့ မည်သူမျှ မဝင်နိုင်သဖြင့်၊ မြို့အတွင်းမှလည်း မည်သူမျှ မထွက်နိုင်ကြချေ၊ ထို့ကြောင့် မြို့သူမြို့သားများမှာ အစာငတ်မွတ်မည့် ဘေးကြီးနှင့် ကြုံတွေ့နေရသည်။
အစာပေးပါ-
အစာပေးပါ-
သုဝဏ္ဏမေဃပြည့်မင်းကလည်း ဂုဏ်သရေ ကြံ့ကြံ့ခံရန် ဆုံးဖြတ်သည်။
ဂုဏ်သရေကျ ခံရသည်ထက် သေခြင်းက မြတ်သည်၊ ဂုဏ်သရေ အရှုံးမပေး တိုက်မှဖြစ်မည်၊
သို့သော် တိုင်းသူပြည်သားတို့ ငတ်မွတ်သေကျေမည့်အရေးကို မရှုစိမ့်သောကြောင့်၊ သူ့ကိုယ်ကို သုတဂါရာမင်းထံ အပ်နှံရန် ဆုံးဖြတ်လိုက်သည်။
အင်း-ငါ့ကိုယ်ကို၊ သုတဂါရာမင်းထံ အပ်လိုက်တော့မယ်၊ ဒါမှ တိုင်းသူပြည်သားတွေ ချမ်းသာရပေတော့မယ်၊
ထို့ကြောင့် သုတဂါရာမင်းထံ စာချွန်တော်ပေးလိုက်သည်။
မှန်လှပါ၊ သုဝဏ္ဏမေဃပြည့်မင်းထံမှ စာချွန်တော် ပေးလိုက်ကြောင်းပါဘုရား၊
အမြန်ဖတ်စမ်း မှူးရှင်!
အကြည်တော် သုတဂါရာမင်းမြတ်သို့ သုဝဏ္ဏမေဃပြည်မှ တိုင်းသူပြည်သားများ၏ အသက် အိုးအိမ်စည်းစိမ်၊ ချမ်းသာပေးပါလျှင် မြို့တော်ကို အပ်ပါမည်၊ ကျွန်ုပ်ကို သတ်လိုက သတ်ပါ၊




ထို့အတူ - သည်ပြည်တွင် ပြည်သူပြည်သားတို့မှာ သူတို့အ တဦးတည်းသော အရှင် တဦးတည်းသော သခင်နှင့် ထိုက်တန်စွာ ကြောက်ရမည်ဆိုလျှင် အကယ်မျိုး ပုန်ကန်ခြင်း ကြောမည်ကို အရှင်မင်းကြီး တွေးချင့်တော်မူသင့်ပါသည်။
အရှင်မင်းကြီး ဘုရားကျွန်တော်မျိုးမအား မေတ္တာထားတော်မူသကဲ့သို့ အခြားသူများအပေါ်တွင်လည်း မေတ္တာထားတော်မူပါ။ မေတ္တာသည် သတော်များတို့ ဖြစ်တတ်ပါသည်။ အရှင်နှင့်ဘုရား ကျွန်မ မခွဲမခွာ ဖြစ်လည်တွေ့ဆုံရသကဲ့သို့ သုဝဏ္ဏရွှေပြည်ဘုရင်နှင့် သူ၏ပြည်သူပြည်သားများအား ထိုက် ဖြစ်လည်တွေ့ဆုံခွင့်ပေး သနားတော်မူပါ ဘုရား။
မိဖုရားကြီး ဖြောင်းဖျားခံရသဖြင့် လျှောက်ချက်ကြောင့် သုတကုဏ္ဍာမင်းကြီးသည် သဘောပေါက်တော်မူပြီး သုဝဏ္ဏရွှေပြည်ဘုရင်မင်းကြီးအား သဘောကျ ဖူးမြော်ခွင့်ပေးလိုက်သည်။
သုတကုဏ္ဍာမင်းသည် သုဝဏ္ဏရွှေပြည်မင်းကြီးအား ဆင်ဖြူနှင့်ကို ပြန်လည်ပေးအပ်ပြီး တိုင်းပြည်သို့ ပြန်လည်ထွက်ခွာလာသည်။
ထိုကြောင့် သုဝဏ္ဏရွှေပြည်မင်းကြီးသည် အမတ်များနှင့်အတူ သမီးတော်ရုပ်စန္ဒာနှင့် နန်းမာလီတို့အား သုတကုဏ္ဍာမင်းဖြင့် ကျောက်ဆက်သလေသတည်း။

ပုံပြဆရာ

# အောင်ဇေယျ

အိန္ဒိယ ပုံပြင်

## မင်းသုဝဏ်

ပန်းချီ-အောင်ရှိန်

ရှေးရှေးတုန်းက တောနက်ကြီးတခုအတွင်း၌ ဆင်ဘုရင်ကြီးတပါးနှင့် ဆင်အပေါင်း နေထိုင်ကြလေသည်။ တခါသော် ဆင်တို့နေထိုင်သော ထိုတောနက်ကြီး၌ မိုးအလွန်ခေါင်လေသည်။ ထိုအခါ ဆင်အပေါင်းတို့သည် ဆင်ဘုရင်ကြီးထံလာ၍ ရေငတ်မွတ်ခြင်းဘေးမှ ကယ်တင်ပါရန် လျှောက်ထားကြ၏။ ဆင်ဘုရင်ကြီးလည်း လျင်မြန်သွက်လက်သော ဆင်အချို့ကိုခေါ်ပြီး ရေရှာထွက်ရန် စေခိုင်းလိုက်လေသည်။



ရေရှာထွက်လာကြသော ဆင်တစုသည် ရသေ့ကျောင်းသခ်မ်း တခုအနီးတွင် ရွှေလမင်းကန် အမည်ရှိ ရေကန်ကြီးကို တွေ့ကြ၏။ ထိုအခါ ဆင်ဘုရင်ကြီးထံပြန်၍ ရေကန်တွေ့ရှိကြောင်းကို လျှောက်ထားကြလေသည်။ ထိုသတင်းကို ကြားသောအခါ ဆင်ဘုရင်ကြီးသည် ဆင်အပေါင်း ခြံရံပြီး ရေကန်ရှိရာသို့ ချီတက်လေ၏။ ရေကန်ကို မြင်သောအခါ ရေငတ်နေသော ဆင်များသည် အလုအယက်တိုးဝှေ့ကာ ရေကန်ထဲသို့ဆင်းကြ၏။ ထို့နောက် ဂျမ်းထိုးသူကထိုး၊ ရေကူးသူကကူးဖြင့် အမျိုးမျိုး ဆော့ကစားနေကြသည်။ အားရအောင် ရေကစားပြီးသော အခါတွင်မှ ဆင်တို့ ပြန်သွားကြလေ၏။

ထိုသို့ ဆင်တို့ဆော့ကစားသောကြောင့် ရေကန်ဘောင်ရိုးတွင် နေထိုင်ကြသော ယုန်ကလေးများမှာ ဆင်တို့၏ ခြေဖဝါးအောက်တွင် အသက်ဆုံးကြရရှာ၏။ ထိုအခါ မသေပဲကျန်ခဲ့သော ယုန်များစုဝေးပြီး ဆင်တို့ကိုတားမြစ်ရန် တိုင်ပင်ကြလေသည်။ အောင်ဇေယျ အမည်ရှိ ယုန်တကောင်ကမူ "ရေကန်ကို ဆင်တွေမလာအောင် ကျုပ်တားပါ့မယ်" ဟု တာဝန်ယူကာ ဆင်တို့လာရာလမ်းမှ စောင့်နေ၏။

နောက်တနေ့ညတွင် ဆင်ဘုရင်နှင့်တကွ ဆင်အများသည် ရွှေလမင်းရေကန်သို့ လာကြပြန်လေသည်။ ထိုအခါ အောင်ဇေယျက လမ်းမှဆီးကြိုပြီး "ဆင်ဘုရင်ကြီး ကျန်းမာပါရဲ့လား" ဟု နှုတ်ဆက်လိုက်၏။ ဆင်ဘုရင်ကြီးက "သင်ဘယ်သူလဲ" ဟု ပြန်မေးသောအခါ အောင်ဇေယျက "ကျွန်ုပ်ဟာ မိုးပေါ်က ရွှေလမင်းကြီးရဲ့ သံတမန်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ယုန်တွေဟာ ရွှေလမင်းကြီးရဲ့ အမျိုးအနွယ်ဖြစ်ပါတယ်။ ရွှေလမင်းရဲ့အထဲမှာ ယုန်ရုပ်ရှိပါတယ်။ အခု ဆင်ဘုရင်ကြီးတို့တတွေ ရွှေလမင်းရေကန်မှာ ရေကစားကြလို့ ယုန်အများသေကျေပျက်စီးတဲ့အတွက် ရွှေလမင်းဟာ ဒေါသထွက်နေပါတယ်။ နောက်တကြိမ် ဆင်ဘုရင်ကြီးတို့ ရေကန်ကိုလာယင် အပြစ်ဒဏ် ကြီးစွာပေးမယ် ဆိုတဲ့

အကြောင်း ကျွန်ုပ်ကို စေလွှတ်ပြီး အပြောခိုင်းလို့ လာပြောပါတယ်” ဟု ပြောလိုက်၏။

ထိုအခါ ဆင်ဘုရင်ကြီးမှာ အလွန်ကြောက်လန့်သွားပြီး ရွှေလမင်းကို တောင်းပန်ရန် ယုန်အောင်ဇေယျနှင့်အတူ ရွှေလမင်းရေကန်သို့ လာခဲ့၏။ ရေကန်ပြင်တွင် လပြည့်ဝန်း၏ အရိပ်ကြီး ထင်နေသည်ကို ဆင်ဘုရင်မြင်သော် ပို၍ပင် ကြောက်လန့်သွားလေသည်။ ဆင်ဘုရင်ကြီးသည်“ကျွန်ုပ်၏ ကိုယ်ကို သန့်ရှင်းအောင် ဆေးကြောပြီး ရွှေလမင်းကို ကန်တော့ပါတယ်” ဟု ပြောဆိုကာ နှာမောင်းကြီးကို ရေထဲသို့ချလိုက်လေ၏။ ထိုအခါ ရေပြင်သည် လှုပ်ရှားသွားပြီး လပြည့်ဝန်း၏ အရိပ်သည်လည်း စိတ်ဆိုးသကဲ့သို့ တဖျပ်ဖျပ် လှုပ်သွားလေသည်။ ထိုအခါ အောင်ဇေယျက “ကဲ သင်က ရေကို ထိလိုက်တာနဲ့ တပြိုင်နက် ရွှေလမင်းဟာ အမျက်ထွက်တော့တာပေါ့။ ကြာကြာမနေနဲ့၊ တောင်းပန်ပြီး ပြန်ပြေးပေတော့” ဟူ၍ ခြိမ်းချောက်လေ၏။

ကိုယ်ခန္ဓာကြီးသော်လည်း ဉာဏ်မကြီးသော ဆင်ဘုရင်ကြီးမှာ အောင်ဇေယျ၏ စကားကို ယုံမှတ်ပြီး ရေကန်စပ်တွင် ဒူးထောက်ကာ ဦးခေါင်းကိုညွှတ်၍ ရွှေလမင်းကို ကန်တော့ရရှာလေသည်။ ကန်တော့ပြီးသောအခါ ကတိုက်ကရိုက်ဖြင့် သစ်ပင်ချုံဖုတ်များကို တိုးဝှေ့ပြီး ပြန်ပြေး ပါလေတော့၏။ ယုန်ကလေးအောင်ဇေယျမှာမူကား ကန်စပ်မှာထိုင်ကာ နားရွက်ကလေး တလှုပ်လှုပ်နှင့် ရယ်မောရင်း ကျန်ခဲ့လေသည်။

ဤသို့ဖြင့် ယုန်ကလေး အောင်ဇေယျ၏ ဉာဏ်ပညာ အမြော်အမြင် ကြီးမားမှုကြောင့် များစွာသော ယုန်တို့မှာ အသက်ဘေးမှ ကင်းလွတ်ကြရလေသည်။

ယုန်အပေါင်းတို့လည်း အောင်ဇေယျကို များစွာ ကျေးဇူးတင်လေသည်။ အောင်ဇေယျ၏ ဉာဏ်ပညာကို အသိအမှတ် ပြုသောအားဖြင့် “ယုန်ပညာရှိ အောင်ဇေယျ” ဟူ၍ ယုန်အပေါင်းက ခေါ်ဝေါ်ကြလေသည်။




၏
ဆေးရုံရောက်မှာ
သို့သော် ယနေ့အထိ မသက်သာသေးသည့် အပြင်
ကျွန်တော့်ရောဂါမှာ တိုးလာသည်ဟုပင် ထင်မိပါသည်။
ကလေးက သိပ်ပြီ အားနည်းနေတယ်၊ နောက်ပြီး
သူဖြစ်နေတာက ××× ဆိုတော့ ××× ဆေးရုံ×
××× ဆေးရုံ×××
ကျွန်တော်သည် လွန်ခဲ့သည့် ငါး
ရက်ခန့်မှစ၍ ဖျားနာနေခဲ့ပါသည်။
ပထမတွင် မေမေတို့က အိမ်သို့
ဆရာဝန်ပင့်၍ ကုသပေးပါသည်။
ဆရာဝန်က ကျွန်တော့်ကို စမ်းသပ်ပြီးမေမေတို့
ကို ရောဂါအခြေအနေ ပြောပြနေပါသည်။
ကျွန်တော့်ကို ဆေးရုံတင်တော့မည်ဟု ခန့်မှန်း
မိပါသည်။
ကျွန်တော် ရိပ်မိသွားသဖြင့် အားလုံးအံ့အား
သင့်သွားကြပါသည်။
မေမေတို့၊ သားကို ဆေးရုံတင်ကြမလို့လား၊ သားမသွားချင်ဘူးမေမေ၊ သား အိမ်မှာဘဲကုပါရစေ
မဝေးပါဘူး၊ နောက်လဲ အသိပေးရမှာဘဲ၊ ပြောသာပြောလိုက်ပါ
ဟုတ်တယ်သား ဆရာဝန်ကြီးက ဆေးရုံမှာဆိုယင် သားမြန်မြန် ပျောက်မှာတဲ့
ထင်သည့်အတိုင်း မှန်နေသဖြင့် ကျွန်တော်သည်
အလွန်ဝမ်းနည်းသွားပါသည်။
ကျွန်တော်သည် မေမေတို့နှင့် တကြိမ်မျှ ခွဲမ
နေဘူးပါ။ ခွဲလည်းမနေနိုင်ပါ။
ဟင့်အင်း မေမေ၊ သား ဆေးရုံမတက်ချင်ဘူး သားကြောက်တယ်၊ နောက်ပြီး၊ မေမေတို့နဲ့ ခွဲပြီးသွား နေရမှာ
ဖေဖေတို့ကလဲ ဘယ်ခွဲချင်ပါ့မလဲ ဒါပေမဲ့ သားရောဂါက ဆေးရုံမှာမှ ကုလို့အခြင်ပြေမှာ၊ ဖေဖေ တို့လဲ နေ့တိုင်း လာမှာပေါ့


ဆေးရုံသို့ ကားဖြင့်သွားရာ လမ်းတလျှောက်လုံး ကျွန်တော် ငိုနေမိပါသည်။ မေမေတို့လည်း စိတ်မကောင်း ဖြစ်နေကြဟန် တူပါသည်။
သားတော့ အားငယ်နေမှာဘဲ
ဆေးရုံမှ ဆရာဝန်ကြီးက ကျွန်တော့်ကို စမ်းသပ်၍ အရေးပေါ် ကုသပေးပါသည်။
ကဲ၊ စိတ်ချပြီး တော့သာပြန်ကြပါ ကလေးအတွက် စိတ်မပူပါနဲ့ မကြာခင်ကောင်းသွားမှာပါ နက်ဖြန် လူနာကြည့်ချိန်မှာ လာကြပေါ့
မေမေတို့ ပြန်သွားသဖြင့် ကျွန်တော်သည် အလွန်အားငယ်သွားပါသည်။
ဟော့၊ သားသား၊ သားအတွက် နေရာပြင်ပြီးပြီ
ဗျာ
ကျွန်တော့်ရှေ့တွင် ဆရာမတဦး ရပ်နေပါသည်။ ဆရာမသည် ကျွန်တော့်ကို ကြင်နာစွာပြုံး၍ ကြည့်နေပါသည်။
ဘာမှ၊ အားမငယ်နဲ့၊ ဆရာမတို့ ရှိနေမှာဘဲ၊ နောက်ပြီး ဟိုမှာ သားအတွက် သူငယ်ချင်းတွေလဲ ရှိပါတယ်
ကျွန်တော့်ကို ဆရာမက ခုတင်တလုံးပေါ်တွင် နေရာချပေးပါသည်။
ဟေ့၊ မင်း ဘာဖြစ်လို့လဲ
ဟေ
ကပ်လျက်ခုတင်မှ ကျွန်တော်နှင့် ရွယ်တူ ကောင်လေး တယောက်က ကျွန်တော့်ကို မိတ်ဖွဲ့ပါသည်။
မင်း၊ ညာဘက် ဆိုယင် မကြောက်ဖူးလား
ဘာလို့ကြောက်ရမှာလဲ၊ ဆရာဝန်တွေ ဆရာမတွေ အများကြီး ရှိနေတာဘဲ


မကြာမီ ဆရာမ ပြန်ရောက်လာကာ ကျွန်တော့်ကို ဆေးထိုးပေးသည့်အပြင် သောက်ဆေးများလည်း ပေးပါသည်။
ရော့၊ သား ဆေးသောက် လိုက်နော်
ဟုတ်ကဲ့
ဆရာဝန်ကြီးများနှင့် ဆရာမများသည် တခန်းဝင် တခန်းထွက်နှင့် အလှည့်ကျ ကြည့်ရှုစောင့်ရှောက်ပေးပါသည်။ ထိုနေ့ညတွင် နေကောင်းစပြုနေပြီဖြစ်သော ကောင်လေးများ ကျွန်တော့်ခုတင်သို့ လာ၍ မိတ်ဖွဲ့စကား ပြောကြပါသည်။
ငါ့တူနန်းက၊ တကိုယ်လုံး သွေးအားနည်းသလို ဖြူနေတာကဲ့၊ ဒီကို ရောက်လို့ သွေးနှစ်ပုလင်း သွင်းလိုက်မှ ပျောက်သွားတယ်
သူတို့သည် ကျွန်တော့်အား သူတို့၏ အတွေ့အကြုံများကို ပြန်လည်ပြောပြ နေပါသည်။
ဟုတ်တယ်၊ ငါလဲ နေမကောင်းလို့၊ အစားမစားနိုင်တော့ သိပ်အားနည်းနေတယ် ဆိုကဲ့၊ ဒီရောက်တော့မှ၊ ဟို-- ဘာလဲ အဲ-ဂလူးကို့ သုံးပုလင်းသွင်းပေးတယ်၊ အဲဒီဟာက ထမင်းစားသလို အားဖြစ်တယ်တဲ့ကွ
ဒီဆေးရုံမှာ၊ ဆေးတွေ-ဆေးဖက်ဆိုင်ရာ ကရိယာတွေ သိပ်စုံတာ၊ အိမ်မှာ သာဆို ဘယ်လွယ်မလဲ ၊ ခုတော့ အစစ အရာရာ အဆင်သင့်ချည်းကဲ့
မကျန်းမာတဲ့ လူတယောက်အဖို့၊ ဆေးရုံဟာ အသင့် တော်ဆုံးပါကွာ
ကျွန်တော်တို့ စကားဝိုင်း မည်မျှကြာသွားသည် မသိပါ။ ဆရာမများက အိပ်ရာသို့ဝင်ရန် ပြောပြီး ခြင်ထောင်များလိုက်၍ ထောင်ပေးမှ လူစုခွဲသွားပါသည်။
အိပ်ပျော်အောင် အိပ် နော်၊ ဆရာမတို့ စောင့်နေမယ်
ကျွန်တော်သည် တော်တော်နှင့် အိပ်မပျော်သေးပါ။ သို့သော် မကြောက်တော့ပါ။ အားမငယ်တော့ပါ။
နက်ဖြန် မေမေတို့ လာယင် ငါ့အတွက် စိတ်မပျက်ဖို့ ပြောရအုံးမယ်
ပြီး

# ကမ္ဘာ့ အမြန်ဆုံး ခရီးသည်တင် လေယာဉ်




ရုရှားနိုင်ငံမှ တီယူ ၁၄၄ သည် ကမ္ဘာပေါ်တွင် အမြန်ဆုံး ခရီးသည်တင် လေယာဉ်ဖြစ်သည်။ အမြင့်ပေ ၆၅၀၀၀ မှ ပျံသန်းစဉ် ယင်း၏ တနာရီ အသွားနှုန်းမှာ ၁၅၅၃ မိုင်ဖြစ်သည်။ အသံထက်မြန်သော အသွားနှုန်းဖြစ်၏။ ၁၉၆၈ ခု ဒီဇင်ဘာလ ၃၁ ရက်နေ့က စတင်စမ်းသပ်ပျံသန်းခဲ့သည်၊ ၁၉၆၉ ခု ဇွန်လ ၅ ရက်နေ့တွင် တီယူ ၁၄၄ ကို ကမ္ဘာသို့ ထုတ်ပြန်ကြေညာလိုက်သည်။ ၁၉၇၄ ခုနှစ်အတွင်း ခရီးသည်များကို တင်ဆောင် ပျံသန်းပေတော့မည်။ ထိုလေယာဉ်ထဲတွင် ခရီးသည် ၁၂၁ ဦး လိုက်ပါနိုင်သည်။ ဆိုဗီယက် အာဏာပိုင်တို့ကမူ ၁၂၈ ဦး ဆံ့မည်ဟု ဆိုသည်။ တီယူ ၁၄၄ တစင်းလျှင်အမေရိကန် ဒေါ်လာ သန်း ၂၀ ခန့်ဖြင့် ရောင်းဈေး သတ်မှတ်ထားသည်။

ထိုလေယာဉ်ကြီးများ၏ အန္တရာယ်ကား မသေးငယ်ပေ။ အကယ်၍ မြေပြင်အထက် ခပ်နိမ့်နိမ့်မှ အမြန်နှုန်းများစွာဖြင့် ပျံသန်းမိပါက လူအများကို အန္တရာယ် ပေးနိုင်လေသည်။ ၁၉၆၈ ခုနှစ်က ဆီးရီးယားပိုင် အသံထက်မြန်သော ဂျက်လေယာဉ် နှစ်စင်း အစ္စရေးနိုင်ငံ ဟိုက်ဖာမြို့ပေါ်မှ နိမ့်နိမ့်ပျံသန်းသွားမိသဖြင့် ထိုမြို့တွင်းရှိ အဆောက်အအုံတိုင်း လိုလို၏ မှန်ပြတင်းများ ကွဲခဲ့ရဘူးသည်။ အမေရိကန် အစိုးရသည်လည်း မိမိပိုင် အသံထက်မြန်သော ဂျက်လေယာဉ်များကြောင့် ၁၉၅၆ မှ ၁၉၆၈ ခုနှစ်ထိ ပြည်သူလူထုကို ဒေါ်လာတသန်းငါးသိန်းခန့် လျော်ကြေးပေးခဲ့ရသည်။ အခက်အခဲများကြားမှပင် တီယူ ၁၄၄ သည် ကမ္ဘာ့လေကြောင်းခရီး ပျံသန်းမှုတွင် ကဏ္ဍသစ် ဖွင့်တော့မည် ဖြစ်သည်။

အောင်သန်းချစ်

## မှန်လိုက်လေ သူ့အဖြေ



# သရက်သီးကောက်

မောင်မေတ္တာ (စစ်ကိုင်း)



သရက်သီးတွေ လှိုင်လှိုင် ကြွေစပြုပါပြီ။ လေလှုပ်လိုက်တိုင်း သရက်သီး ကြွေကျသည်ကို အပြေးအလွှားအလုဒခယက် ကောက်ရသည်မှာ ကျွန်တော်တို့ ကလေးတွေအဖို့ အလွန်ပျော်စရာ ကောင်းပါသည်။

ကျွန်တော်တို့ အိမ်ဝင်းခြံစည်းရိုးတလျှောက်တွင် အဖေက သရက်ပင်တွေကို စီတန်းစိုက်ထားပါသည်။ ဘင်္ဂလား၊ မချစ်စု၊ မန္တလေးရင်ကွဲ စသည်တို့ ဖြစ်ပါသည်။ အိမ်ရှေ့တွင်လည်း နှစ်ပင်ရှိပါသည်။ ကျွန်တော်တို့အိမ်မှာ သွပ်မိုးအိမ်ဖြစ်၍ သရက်သီးကြွေချင် သွပ်မိုးပေါ်မှ သရက်သီး လိမ့်သွားသံ ကြားရတိုင်း ဒခပြေးသွားကောက်ရသည်မှာ အမှန်ပင် ပျော်စရာ ဖြစ်ပါတော့သည်။ သရက်သီး ကြွေတိုင်း ကျွန်တော်နှင့် တဖက်အိမ်မှ ကျော်ဆန်းဦးတို့က သရက်သီးကောက် တာဝန်ကို ထမ်းဆောင်ရပါသည်။

"ချွတ်-ဝရုန်း - ရုန်း - ဝရော-ရော"

ဟော - သရက်သီး ကြွေသံကြားရပါပြီ။ သွပ်မိုးပေါ်မှ သရက်သီး လိမ့်သံ ကြားရကတည်းက ကျွန်တော်က အိမ်အတွင်းမှ အပြေး ထွက်မိပါတော့သည်။ ကျွန်တော်သည် အိမ်တံခါးမကြီးမှ အိမ့်မြောက်ဖက်သို့ ပြေးသွားပါသည်။ သရက်သီးကြီးကြီးတလုံးကို ဝင်းကနဲတွေ့လိုက်ရပါသည်။ ကျွန်တော် အပြေးသွား၍ ကောက်စဉ်ပြိုင်ဖက်နှင့် တွေ့ရ ပါတော့သည်။

သူကတော့ ဟိုဖက်အိမ်မှ ကျွန်တော့်သူငယ်ချင်း ကျော်ဆန်းဦးပင် ဖြစ်ပါသည်။ ကျွန်တော့်ထက် တနှစ်ခန့် ကြီးသူမို့ သူက အပြေး ပိုသန်ပါသည်။ ကျွန်တော် သရက်သီးကို ထိမိရုံတွင် သူကအလျင် လက်နှင့် အုပ်မိပါသည်။

"ငါ အရင်ရတာကွ"

ကျွန်တော်က အတင်းလုပါသည်။

"ငါအရင်အုပ်မိတာကွ"

ကျော်ဆန်းဦး ကလည်း မလွှတ်တမ်း အုပ်ထားပါသည်။ ထိုအခါ ကျွန်တော်က အနိုးရှိခဲ့နှင့် ကောက်ထု၍ သူထိပ်ပေါက်သွားပါသည်။ မကြာမီ ကျွန်တော်တို့ချင်း စခဲ့သောရန်ပွဲမှာ မိဘများအထိ ကူးစက်သွားပြီး အိမ်နှစ်အိမ် ရန်ဖြစ်လိုက်ကြသည်မှာ တရပ်ကွက်လုံး ဆူညံကုန်ပါတော့သည်။

ကျွန်တော်သည် ဤမျှကြီးကြီးကျယ်ကျယ် ဖြစ်လိမ့်မည်မထင်မိပါ။ ယခုမူကျွန်တော်၏ ဒေါသအလျောက် လက်လွန်မှုကြောင့် ကလေးရော လူကြီးတွေပါ အခြင်းများရပါသည်။ ကျွန်တော်သည် ကိုယ့်အပြစ်ကို ဆင်ခြင် မိပါသည်။ ခါတိုင်း ကျွန်တော် အလျှော့ပေးနေကျမို့ ကျော်ဆန်းဦးကလည်း ကျွန်

တော့်ကို ညှာပါသည်။ သူစား ရသော မုန့်ကိုပင် တဝက်ခွဲကျွေး တတ်၍ နှစ်ယောက်သားအတူ ကစား ရသည်မှာ ပျော်စရာ ကောင်းလှပါသည်။

ယခုမူ ကျွန်တော့် လက်ချက်ကြောင့် သူခေါင်းပေါက်သွားရသဖြင့် ကျွန်တော်စိတ်မကောင်းပါ။ လူကြီးနှစ်ဖက်လုံးကလည်း အချင်းချင်း မကစားရန် တားမြစ်ပါတော့သည်။ ကျွန်တော့်မှာ တနေ့လုံးအဖော်မရှိသည့်ဘဝဖြင့် ပျင်းရိငြီးငွေ့ဖွယ်ရာ ကြုံတွေ့ရပါတော့သည်။ ကျော်ဆန်းဦးလည်း ကျွန်တော့်လိုပင် ရှိပါလိမ့်မည်။ ညနေလောက်၌ သူခေါင်းတွင် ပတ်တီးဖြူကလေးနှင့် တွေ့ရပါသည်။ ကျွန်တော်အလွန် စိတ်မကောင်းဖြစ်ပြီး တောင်းပန်လိုသော်လည်း မိဘများက အလစ်မပေးပါ။ သူကလည်း စိတ်ဆိုးနေဟန် တွေ့ရပါသည်။

သို့သော် မည်သည့်နည်းဖြင့်ဖြစ်စေ ကျွန်တော်က စတင်တောင်းပန်ရန် ဆုံးဖြတ်လိုက်ပါသည်။ ထို့ကြောင့် အဖေနှင့်အမေတို့ အိမ်နောက်ဖေး၌ရှိစဉ် ကျွန်တော်က မယောင်မလည် ခြံဘေးကပ်သွားပြီး တောင်းပန်လိုက်ပါသည်။

"စိတ်မဆိုးပါနဲ့ ကျော်ဆန်းဦးရယ်၊ ငါတောင်းပန်ပါတယ်။ ငါစိတ်ဆိုးပြီး လက်လွန်မိတာကို သိပ်ဝမ်းနည်းပါတယ်။ မင်းနဲ့ငါဟာ အိမ်နီးချင်း သူငယ်ချင်းတွေဘဲဟာ...."

ပထမတွင် သူ စိတ်ဆိုး နေသေးသော်လည်း နောက်တွင်မူ စိတ်ဆိုးပြေသွားပါသည်။

"အေးလေ မင်း တောင်းပန်နေမှ ငါကလဲ ကျေနပ်ရမှာပေါ့"

ကျွန်တော်တို့ ကလေးများမှာ စိတ်ဆိုး၍ ရန်ဖြစ်လည်း ခဏသာ ကြာပါသည်။ မခေါ်ဘူး ပြောပြီးလည်း ပြန်ခေါ်မြဲ ခေါ်ကြပါသည်။ လူကြီးတွေကမူ တဖက်နှင့်တဖက် စောင်းမြောင်း၍ အကြာကြီးမခေါ်ပဲ နေကြပါသည်။

ကျွန်တော်က နောက်နောင် ဒေါသအလျှောက် ရန်မဖြစ်တော့ကြောင်း ကတိပေး၍ ကျော်ဆန်းဦးကလည်း ကြီးနိုင်ငယ်ညှဉ်း မလုပ်လိုတော့ကြောင်း ပြောပါသည်။ မိဘများ စိတ်ဆိုး ပြေလောက်မှ အတိအလင်းခေါ်၍ ပြန်ကစားနိုင်ပါမည်။

ကျွန်တော်သည် နောက်နောင်တွင် ဒေါသအလျှောက် ရန်ဖြစ်မှုကို ရှောင်ပါတော့မည်။ ကျွန်တော်သည် "အပြစ်မဲ့သော ဝါစိမ်းဖန့်ဖန့် သရက်သီးမှည့်ကလေး" ကဲ့သို့ အဖော်များနှင့်အတူ ပျော်ပျော်ရွှင်ရွှင် နေလိုလှပါသည်။

## ကိုရွှေဖား

ကိုရွှေဖား ကိုရွှေဖား၊
မှိုပွင့်အောက်မှာနား။
ဦးရွှေရိုးအလား ဟန်မပို၊
မင်းတရားကြီးလို။
ထီးရိပ်ခို မှိုပွင့်ဆောင်း၊
ဗိုက်ရွှဲ ဝဖောင်းဖောင်း။
အကွက်ကောင်းတဲ့
ချိတ်လွှန်းတင်၊
အသွေး လှယဉ်ယဉ်။
မင်ကြောင်လေလားပုဆိုးလား
ဖြူဝါနက်ကျားကျား။
ဟိုရှေးဖျားက ပြည်ပုဂံ၊
"ညောင်ဦးဖီး" ကြီးဟန်။
ရေကူးသန် ပြိုင်စံကင်း၊
မိုးကိုခေါ်တဲ့ သူ့သီချင်း၊
အုံအင်း - အုံအင်း။ ။

စန္ဒာမြင့်



R. 517

# ခိုင်ပန်းစုံ




လေးလက်မခန့်ရှိသော အပွင့်ဖြူကြီးများဖြင့် လှပခန့်ညားစွာ ဖူးပွင့်သည့် ငွေတူသစ်ခွပန်းများကို လူကြိုက်များလှသည်။ အပင်တွင် တလနီးပါးခံသည်။ လည်ချောင်းပိုင်း၌ အဝါရောင်ရောစွက်နေသည်။ ပွင့်ချပ်များသည် ကျယ်ပြန့်၍ "နှုတ်ခမ်း"(အရှေ့အလယ်ပွင့်ချပ်) တွင် အတွန့်အဟိုက်များရှိသည်။ ဖူးပွင့်နေချိန်တွင် အရွက်များကလည်း စိမ်းစိုနေသည်။

ပင်စည်သည် တပေခန့်ရှည်၍ လက်သန်းလုံးခန့်တုတ်သည်။ အရွက်များသည် လှံသွားပုံရှိ၍ အဆစ်များမှနေပြီး ရွက်လွှဲထွက်သည်။ ပန်းပွင့်ပြီးသည်နှင့် ပင်စည်သစ်များ ထွက်လာသည်။ ပန်းပွင့်ချိန်မှာ မတ်လမှ ဧပြီလအထိဖြစ်သည်။

မျိုးရင်းတူ၍ မျိုးစိတ်ကွဲသော တောင်ငွေတူသစ်ခွမျိုးဟာလည်း ငွေတူသစ်ခွနှင့် ပုံသဏ္ဌာန်တူသည်။ ခြားနားချက်မှာ တောင်ငွေတူအပွင့်က လည်ချောင်းပိုမို၍ကျဉ်းပြီး အဝါရောင်ပိုရင့်သည်။ ပွင့်ချပ်များ၏အဖြူရောင်သည် ပို၍ဖြူဖွေးသည်။ ပင်စည်တွင် ရာသီအလိုက် ပေါက်တတ်သော အမွေးနက်ကလေးများသည် တောင်ငွေတူတွင် ပို၍များပြားသည်။

ငွေတူသစ်ခွပန်းမျိုးကို ပဲခူးနှင့်ရွှေကျင်ဖက်တွင် မိုးဂမုန်း၊ ထားဝယ်နှင့် ကော့သောင်ဖက်တွင် ငွေပန်းကြီး၊ ရခိုင်တိုင်းတွင် ဇှက်ကြီးဇာလုပ်၊ သာယာဝတီတွင် ငွေပန်း ဟူ၍၎င်း၊ တောင်ငွေတူကို ချင်းဝိသေသတိုင်းတွင် ချင်းအမည်ဖြင့် ဆင်ပါရီးရမ်း၊ တောင်ကြီးတွင် ဖယောင်းဖြူ၊ ဖားအံဖက်တွင် ငွေတူသစ်ခွနှင့်ငွေပန်းဖြူဟူ၍၎င်း ဒေသအလိုက် ခေါ်ကြလေသည်။

တင့်တင့်




၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးဟင်ကြိုင်က ဂုဏ်ထူးတံဆိပ်ခွင့် အမှတ် ၀၁၂၀၈ အရ အာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၃၂။

# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ ဝါခေါင်လဆန်း ၁၃ ရက် (၁၁-၈-၇၃)

## မိုက်သုံး

ပန်းချီ - ဦးစာကြည်
ဓါတ်လမ်း - မင်းသုရိန်



စနေနေ့တိုင်း ထုတ်ဝေသည်။


အမောင်လုလင်တို့ မောင်မင်းတို့သည် ရွှေးက အတိတ်ကံကို ယုံကြည်ကိုးစား၍ အမှုထမ်းနေခြင်းလော.... သို့မဟုတ် ငါကိုယ်တော်၏ ဘုန်းတံခိုးကို မှီ၍ မြောက်စားမည်ကို မျှော်ပြီး အမှုထမ်းနေခြင်းလော....
တခါက မင်းကြီးတပါးသည် မင်းမှုထမ်း လုလင်နှစ်ဦးအား နှစ်သက်တော်မူ၍ ခေါ်မေး၏။
မှန်လှပါဘုရား ကျွန်တော်မျိုးသည် အရှင်ဘုရင်မင်းမြတ်၏ ဘုန်းတော်ကိုသာ ယုံကြည်၍--- မြောက်စားမည်ကိုမျှော်လင့်လျက် အမှုတော်ထမ်းနေခြင်းဖြစ်ကြောင်း သံတော်ဦးတင်ဝံ့ပါသည်ဘုရား....
အိမ်း ကောင်းပေစွ ဟု တယောက်ကကော
မှန်လှပါဘုရား — ကျွန်တော်မျိုးသည် မိမိ ရှေးက ပြုခဲ့ဘူးသော ကောင်းမှုကံ၏ အကျိုးကို မျှော်လင့်လျက် ရှိကြောင်းပါ ဘုရား...
အိမ်း ကောင်းပေစွ
တနေ့တွင် ဘဏ္ဍာတော်တိုက်မှူးနှင့် ပန်းထိမ်ဆရာကြီးအား ခေါ်ယူစေပြီး —
အုန်းသီးစိမ်းတလုံးကို အပေါက်ငယ်ဖောက်၍ အရည်များထုတ်စေပြီး ယင်းအပေါက်မှပင် ရွှေရည်ကျို၍ လောင်းသွင်းကာ လက်ရာမပျက်ထားစေ၏။


နောက်တနေ့တွင် လုလင်နှစ်ဦးအား ဆင့်ခေါ်၍ ဆုတော်များ ချီးမြှင့်လေသည်။
မောင်မင်းများ၊ အဖွဲ့ထမ်းကောင်းသည့်အတွက်-ရော့ တည့်တည့်တွင်ရှိသော ဆုများ ယူကြကုန်လော့
ဟဲဟဲ – ငါ၏ဘုန်းရှိန် ကံရှိန်ကို ယုံကြည်တဲ့ လုလင်ကတော့ - နေ့ချင်း ညချင်း ချမ်းသာမှာဘဲ၊ မောင်ကံယုံကတော့ - ငါ့ဘုန်းကံကို - မကြာမီ တောင့်တမျိုး နောင်တရမှာ မြင်ယောင်သော ရဲ့.... ဟဲဟဲ
လမ်းတွင်
ဘုရင့်ဘုန်းသီးကလဲ အဆာမတန်လေးလိုက်တာ၊ သူ့ငှက်ပျောသီးကတော့ မွှေးလိုက်တာ
အို မိတ်ဆွေ - ကျွန်ုပ်မှာ - ညီအကို - မောင်နှမများလှဘိ၏၊ ဘုန်းသီးကို ခက်ခက်ခဲခဲ ခွဲဝေပေးရတာထက် - ငှက်ပျောသီး တလုံးစီဝေပေးရမှာက ပို၍ လွယ်ကူပေမည်၊ ဒါကြောင့် ဘုန်းသီးနဲ့ ငှက်ပျောသီး လဲကြရအောင်
ဟာ-ဘယ်ဖြစ်မလဲ၊ ဘုရင့်ဆုတော် ဘဲဟာ
လုပ်ပါဗျာ - အဆွေတော်ရယ်... မိတ်ဆွေက - ဝေပေးရမယ့် ညီငယ် - နှမငယ်တွေလဲမရှိ၊ ကျွန်ုပ်မှာကါး - ညီမှ တကျွဲဝေရန် ခဲယဉ်းလို့ပါဗျာ လဲပါနော်.. နော်.
အိမ်ရောက်သောအခါ




နောက်တအိမ်တွင်ကား
ဟုတ်ပါရဲ့ တော်
ဟာ! ရွှေတုံးကြီး
တနေ့တွင် မင်းကြီးက ဆင့်ခေါ် ပြန်ပြီး
အမောင်လုလင်တို့ မောင်မင်းတို့ တွင် ဖြည်သျှက- ပစ္စည်းဥစ္စာများ တိုးတက်ပြီး ပွား များသာ နေသနည်း
ကျွန်တော်မျိုး သည် ယွင်က အတိုင်း ဆင်းရဲလျက်ပင် ရှိကြောင်း ပါဘုရား
ဟေ
မှန်လှပါ- ကျွန်တော်မျိုးမှာ ကံအကျိုးပေးချိန်ရောက်ရှိလာဖြိ မြစ်၍- ရွှေတွဲလဲ- ငွေတွဲလဲ နှင့် ယခင်ကထက် စားနိုင် သောက်နိုင် နေနိုင် လျက် ရှိကြောင်း ပါဘုရား
အလို
ကိုင်း- ကောင်းတမို.. ငါကိုယ်တော်မြတ် ချီး မြှင့်တဲ့ ဆုများကို အသင်တို့ မည်ကဲ့ သို့ အသုံးချ သနည်း - လျှောက်တင်လော့
မှန်လှပါ - သျှက- သူ့အခွင်းသိ၍ ကျွန်တော်မျိုး၏ ...
... ဒီလိုဖြစ်လျှင် ... ကျုပ်ပစ္စည်းများ ပြန်ပေးလော့
အိမ်း- ... ငါကိုယ်တော်၏ဘုန်းရှိန်ကံ ရှိန်ကို ယုံကြည်ကိုးစားသူဟား- မစပါသော်လည်း- မိမိတို့ လက်ဝယ် ရောက်ပြီးသော ပစ္စည်းများကို- အချင်းချင်း သဘောတူ လဲခဲ့ကြသဖြင့်- ထိုက်သူ စံ၍- ဖိုက်သူ ခံ ဟူသာ ဆိုရန် ရှိပေတော့သည်။ မောင် မင်း တို့ စိတ်တူ စိတ်မျှ ပြုခဲ့ကြသော ကတိကဝတ် သည်- မပျက်စကောင်း- ထိုအတိုင်း တည်စေရမည်။

# ဘုရင်ဖြစ်မည့်ဇာတာရှင်

မောင်မျိုးဝင်း
စီစဉ်ရေးဆွဲသည်




အင်း - ငါသာ ဘုရင်
ဖြစ်လာယင်တော့
စားတော်ကဲကို
ခေါ်ပြီး ××
ထိုနေ့ မှစ၍ မောင်ပိုသည် ရေထမ်း
မရောင်းတော့ပဲ အိမ်၌သာ စိတ်ကူးယဉ်၍
နေတော့သည်။
နတ်သုဒ္ဓါ ကဲ့သို့ အရသာထူး
ဆောင် မောင်မင်းစိတ်ကူးနဲ့
ကောင်းပေ့ ဆိုတဲ့ ပွဲတော်များ
နေ့စဉ်စီမံချက်ပြုတ်ဆက်သ
ရမည် စားတော်ကဲကြီး
မှန်လှပါ ဘုရား --
မင်းကြီးများ -- ညီလာခံ ကျင်းပ
ရတာ ငါ့ကိုယ်တော်မြတ် ပင်ပန်း
တော်မူတယ်၊ ဒါကြောင့် တလတိတိ
ဇိမ်နဲ့ အနားယူတော်မူမယ်
မည်သူမျှ အနှောင့်အယှက် ပေးခွင့်
မပြုရ - အမိန့်တော်
အမိန့်တော်မြတ် အတိုင်းပါ ဘုရား
နောက်ပြီး - အနှိပ်တော်ဆက်များ
ပိုမို၍ ထပ်ခန့် - နန်းတွင်း တူရိယာ
ပိုင်းများနှင့် ကချေသည် အချော
အလှကလေးများ တိုး၍ ခန့်ထား
ထို့အပြင် - ငါ့ကိုယ်တော်မြတ်ကို
မင်္ဂလာရှိသော သတင်းများကို
သာ၍ နားတော်ဆက် သွင်း
ရမည် မောင်မင်းများ
တနေ့တွင်
ပွဲတော်များ ဆက်ခဲ့
ပါဦး စားတော်ကဲကြီး
မှန်လှပါ --
အလို -- ပွဲတော်အုပ်ထဲ
မှာ ဘာမှ လဲ မရှိပါလား
စားတော်ကဲကြီး -


ငါပြောနေတာ ကြားရဲ့လား
စားတော်ခဲကြီးရဲ့ -
အာရုံး
အော်- ထမင်းချက်စရာဆန်လေးတောင်
မရှိတော့တဲ့ အဖြစ်ပါလားနော် -
ဒီလိုသာ စိတ်ကူးယဉ်ပြီး
ဘုရင်ဖြစ်မဲ့နေ့ကို စောင့်နေ
ယင်တော့ - ငတ်သေရုံဘဲ
ရှိတော့မှာပါလား
ငါဒီလိုဖြစ်လာရတာ ဘယ်သူ့ကြောင့်လဲ
ဗေဒင်ဆရာ-ဗေဒင်ဆရာ-သူတရားခံဘဲ
ဟုတ်ပြီ - - -
ငါ့ကို ဘုရင်ဖြစ်မဲ့
ဇာတာရှင်လေး ဘာလေး
ဟောပြီး -
ငါ့ပိုက်ဆံ လိမ်ယူ
တာဘဲ
အခုသွား တွေ့
မယ်
အိုမှရှုံးတော့ပါဘူးလေ - ငါ့ကိုဗ
ဖိုက်တာကိုး - မစဉ်းစား
မဆင်ခြင်ဘဲ ဗေဒင်ကိုယုံအား
ထားခဲ့တာကိုး ၊ ဒီတော့
အချိန်မနှောင်းမှီ
ရေပြန်ထမ်းပြီး
ရောင်းတော့မယ်
ဗျို့ -
ရေယူကြအုံးမလား ဗျို့-
ရေ - ရေရမယ်
အမြင်မှန်ရလာသော မောင်ပိုသည်—
ပြီး

## ခွေးလိမ္မာလေး

# ဂျီလတ်

(အင်္ဂလိပ်ပုံပြင်)

တက္ကသိုလ်စိန်း

ပန်းချီ-ကျော်ဆန်း





ရှေးရှေးတုန်းက ဝေလပြည်နယ်တွင် လီဝယ်လင် အမည်ရှိ အမဲလိုက်ဝါသနာပါသော စစ်ဗိုလ်ကလေးတဦးရှိ၏။ သူ့တွင် အမဲလိုက် ခွေးများမွေးမြူထားရာ ဂျီလတ်အမည်ရှိ အမဲလိုက် ခွေးတကောင်မှာ အလွန်ရဲရင့်ပြီး တာဝန်ကျေပွန်လှသဖြင့် လီဝယ်လင်က အလွန်ချစ်မြတ်နိုးလေသည်။

တနေ့တွင် စစ်ဗိုလ်ကလေး လီဝယ်လင်သည် သူ၏သားငယ်ကိုပါ ခေါ်ဆောင်ကာ အမဲလိုက်ထွက်လာခဲ့၏။ တောထဲတွင် စခန်းချနေစဉ် တနေ့၌ လီဝယ်လင်သည် သားငယ်ကို ပုခက်ထဲတွင် သိပ်ထားခဲ့ပြီး၊ ဂျီလတ်ကို အစောင့်ထားခဲ့ကာ အမဲလိုက်ထွက်လာခဲ့၏။

ဂျီလတ်သည် ကလေးငယ်ကို စောင့်နေစဉ် အစာရှာထွက်လာသော ဝံပုလွေ တကောင်သည် ကလေးငယ်ရှိသော တဲအတွင်းသို့ တိတ်တဆိတ် ဝင်ရောက်လာပြီး၊ ကလေးငယ်ကို ခုန်အုပ်လိုက်၏။ သို့သော် ဝံပုလွေသည် ကလေးကို မအုပ်မိခင်မှာပင် လျှင်မြန်သွက်လက်သော ဂျီလတ်၏ခုန်အုပ်ခြင်းကို ခံရလေသည်။ ဂျီလတ်နှင့်ဝံပုလွေမှာ ခွန်အားခြင်းတူနေသဖြင့် တကောင်နှင့်တကောင် မြေကြီးပေါ်တွင် လိမ့်၍ကိုက်နေကြ၏။ ထိုစဉ်ကလေးငယ်အိပ်နေသော ပုခက်ကို ဝင်တိုက်မိပြီး ကလေးငယ်မှာ အောက်သို့လွင့်စင်ကျလာလေသည်။ ဝံပုလွေသည် ကလေးငယ်ကို ကိုက်ချီရန် ကြိုးစားသော်လည်း မအောင်မြင်ဘဲ သူသာလျှင်ဒဏ်ရာအကြီးအကျယ်ရပြီး သေဆုံးသွားလေ၏။

ခွေးလိမ္မာလေး ဂျီလတ်သည် ဝံပုလွေ၏ရန်ကို ခုခံတိုက်ခိုက်ရသဖြင့် မောပန်းနေလေသည်။ သူ့တကိုယ်လုံးတွင်လည်း ဒဏ်ရာများပြည့်နှက်ဇနပြီး သွေးခြင်းခြင်း နီနေသဖြင့် တဲပေါက်ဝတွင် မေးတင်ကာ အိပ်စက်အနားယူရင်း သူ့သခင်စစ်ဗိုလ်ကလေး ပြန်အလာကို စောင့်မျှော် နေလေ၏။ ညနေ နေဝင်လုအချိန်ရောက်သော် စစ်ဗိုလ်ကလေး

လီဝယ်လင်သည်လည်း နောက်လိုက်နောက်ပါများ နှင့်အတူ အမဲလိုက်ရာမှ ပြန်ရောက်လာလေ၏။

စစ်ဗိုလ်ကလေးလည်း ပြန်ရောက်လျှင်ရောက် ချင်း တဲအတွင်းသို့ လှမ်းကြည့်လိုက်ရာ ပုခက်ထဲ တွင် ကလေးငယ်မရှိတော့ဘဲ ဖရိုဖရဲ ဖြစ်နေသည် ကို တွေ့ရ၏။ ထိုအခါ စစ်ဗိုလ်ကလေး လီဝယ် လင်သည် သားငယ်ကိုချစ်သည့်စိတ်ဖြင့် ရှေ့နောက် ချင့်ချိန် မစဉ်းစားတော့ဘဲ၊ ဒေါင်းကန် ဒေါသ ထွက်မိလေသည်။ "ကေန္တ ငါ့သားကို ဂျီလတ် ကိုက်သတ်တာ ဖြစ်မှာဘဲ။ သူ့တကိုယ်လုံးမှာလဲ သွေးတွေစွန်းနေတယ်။ ဒီသွေးတွေဟာ ငါ့သားရဲ့ သွေးတွေ ဖြစ်ရမှာဘဲ" ဟု အထင် လွဲမှားကာ တဲပေါက်ဝတွင် မေးတင်ကာအိပ်နေသော ဂျီလတ် ကို ဓားမြှောင်နှင့်ထိုးသတ်လိုက်လေသည်။အသက် ပေးကာ တာဝန်ထမ်းဆောင်ခဲ့သော ဂျီလတ်မှာ စစ်ဗိုလ်ကလေး၏ မျက်နှာကို မျက်ရည်ဝေဝေဖြင့် စိုက်ကြည့်ရင်း သေဆုံးသွားရှာလေ၏။

ထို့နောက် လီဝယ်လင်သည် တဲအတွင်းသို့ ဝင် ကာ စစ်ဆေးကြည့်ရှုလိုက်ရာ ကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေသောသားငယ်ကိုရင်း၊ အခန်းထောင့် တွင် သေဆုံးနေသောဝံပုလွေကိုရင်း တွေ့ရလေ၏။ ထိုအခါမှ "ငါ့သားငယ်ကို ချီယူဘို့လာတဲ့ ဝံပုလွေ ကို ဂျီလတ်က ဆီးကြိုသတ်ပစ်လိုက်လို့ ငါ့သား ကလေး အသက်မသေဘဲ ကျန်ခဲ့ပါလား" ဟု အဖြစ် မှန်ကို တွေးမိပြီး ဂျီလတ်ကို သတ်မိသည့်အတွက် နောင်တရနေတော့၏။


သို့ဖြင့် လီဝယ်လင်သည် ဂျီလတ်ကို ချီးမြှင့်ဂုဏ်ပြုသဖြင့် ဂျီလတ်ကို မြှုပ်နှံသောနေရာတွင် ကျောက် တိုင် တတိုင် စိုက်ထူထားပြီး၊ ဘက်ဂျီလတ်ဇေါ် ရွာလေးတရွာကိုလည်း တည် ထောင် ပေး ခဲ့၏။ ဝေလပြည်နယ် မြောက်ပိုင်းတွင် ဘက်ဂျီလတ်ခေါ် ရွာကလေးမှာ ယနေ့တိုင် တည်ရှိပေသေးသည်။









စောဝင်းမှာ ကိုစန်း မကြာခင်ကမှ ပေါင်းသင်းမိသော မိတ်ဆွေသစ်တဦး ဖြစ်သည်။ သို့သော် စောဝင်းနှင့် ပေါင်းသည်ကို ကိုစန်းမေမေက မကြိုက်
သား၊ မင်း စောဝင်းနဲ့ မပေါင်းနဲ့နော်
တနေ့ ကိုစန်းထံသို့ စောဝင်း ရောက်လာပြီး
အားကွာ. သွားမယ်.
ကိုစန်းသည် စောဝင်း၏ လိုက်လျောမှုကြောင့် အားနာပြီး လိုက်ခဲ့လေသည်။
အင်းယားသို့ ရောက်သော် အကြော်ဆိုင် ဝင်ပြီး ဘူးသီးကြော် ငှက်ပျောကြော်များကို မှာ စားနေရင်း


ထို့နောက် လှေလျှောက်စီးကြလေသည်။
လှေစီးရတာ ဘယ့်နှယ်လဲကွ ကိုစိန်း...
ပျော်စရာ ကောင်းတယ်ကွာ၊ ရေလယ်ကျွန်း ကလေးဆီ သွားရအောင်
ထို့နောက် နေစောင်း၍ လှေကို ကမ်းစပ်သို့ ပြန်လှော်လာပြီး စောဝင်းက လှေငှားသမားကြီးအား နှစ်ဆယ်တန်တရွက် ထုတ်ပေးလိုက်လေသည်။
ကိုစိန်းမှာ တနေ့ မုံ့ဖိုး ဆယ်ပြားသာ ရသဖြင့် စောဝင်း နှစ်ဆယ်တန် ကိုင်နိုင်ခြင်း ကို အံ့ဩမိလေသည်။
စောဝင်းဟာ တော်တော် စေတနာ ကောင်းတာဘဲ၊ မနှမြော တတ်ဘူး
အိမ်သို့ ပြန်ရောက်သော်—
သား-တနေ့လုံး ဘယ်ပျောက် နေတာလဲ ဟဲ့
ပုပုတို့ အိမ်မှာ စာတွေ သွားကျက်နေတာပါ မေမေ
စောဝင်းနှင့် လျှောက်လည်သည်ဟုပြောလျှင် မေမေ ဆူမည်စိုး၍ ခပ်တည်တည်ဖြင့် ဖြီးလိုက်လေသည်။
စားပါကွ
ကိုစိန်းသည် စောဝင်းကို အလွန်ခင်မင် မိသောကြောင့် မပေါင်းသင်းဘဲ မနေနိုင် ပေ။
အင်း-စောဝင်းဟာ ငါ့အပေါ် တော်တော် ကောင်းတာဘဲ၊ စောဝင်းလို စိတ်ကောင်း ရှိတဲ့ သူငယ်ချင်း တယောက်နဲ့ ပေါင်းတာကို မေမေ ဘာကြောင့် မကြိုက်တာပါလိမ့်


တနေ့ ကိုစန်းထံသို့ စောဝင်းရောက်လာပြီး
ဟေ့ ကိုစန်း၊ ငါနဲ့ ကမ်းနားဈေးကို ခဏ လိုက်ခဲ့ကွာ..
ကမ်းနားဈေးသို့ ရောက်သော်–
ကိုစန်း၊ မင်း ဒီဈေးဝက ခဏလေး စောင့်နေဦး၊ ငါ အထဲကို သွားလိုက်ဦးမယ်.
ဟေး မြန်မြန် လာခဲ့ကွာ...
ခဏအကြာတွင်....
ကျမ သရေအိတ် နှိုက်ပြေးလို့
ဘယ်မှာလဲ ဘယ်မှာလဲ
ပြေးပြီ ပြေးပြီ
ဈေးဝကို ပြေးတယ်
ကိုစန်း ရော့ရော့၊ ယူယူ ပြေး ပြေး၊ ဟိုဘက်ကို ပြေး
စောဝင်းက ကိုစန်းလက်ထဲသို့ သားရေအိတ် တလုံးထည့်ပေးလိုက်သဖြင့် ကိုစန်းမှာ ဘုမသိ ဘမသိဖြင့် ပြေးမိပြေးရာ ပြေးလေရာ....
လူတယောက်က ကိုစန်း၏ဂုတ်ကို လှမ်းဆွဲထားလိုက်လေသည်။
မိပြီဟေ့ မိပြီ...
သရေအိတ်နဲ့ ကောင်ကလေးကို မိပြီဟေ့...
ဖမ်းထား ဖမ်းထား
ရဲစခန်းတွင် ကိုစန်းအား ချုပ်ထားလိုက်သည်။ မေမေက စောဝင်းနှင့် မပေါင်းရန် တားမြစ်သည်ကို ကိုစန်း နားလည်လာလေပြီ....
မင်းတို့ လူငယ်တွေဟာ လူဆိုးမှန်း လူကောင်းမှန်းလဲ ခွဲမသိဘူး၊ အတူ ပေါင်းသင့် မပေါင်းသင့်မှန်းလဲ မသိကြဘူး
အဲဒါကြောင့် အမှားတွေ ကျူးလွန်မိကြတာဘဲ
ပြီး

## ကမ္ဘာ့အရှည်ဆုံး ကြိုးတန်တား



ကမ္ဘာပေါ်တွင် အရှည်ဆုံး ကြိုးတန်တားမှာ ပေပေါင်း ၄၂၆၀ ရှည်လျားသည်။ ထိုတန်တားသည် အမေရိကန် ပြည်ထောင်စုတွင် ရှိ၍ အမည်မှာ ဗယ်ရဇာနိုတန်တား ဖြစ်သည်။ ထိုအမည်မှာ ၁၅၂၄ ခုနှစ်က နယူးယောက်ဆိပ်ကမ်းဒေသတည်မည့်အရပ်ကိုစတင်တွေ့ရှိခဲ့သူ အီတလီလူမျိုး ဗယ်ရဇာနိုကိုအစွဲပြု၍မှည့်ခေါ်ခြင်းဖြစ်သည်။ တန်တားကြီးသည် နယူး ယောက်ဆိပ်ကမ်းကို ဖြတ်၍ ဗရုကလင်နှင့် စတက်တန်ကျွန်းကို ဆက်သွယ် ဖောက်လုပ်ထားသည်။ ယာဉ်သွားလမ်း ခြောက်လမ်းပါရှိ၏။ အင်ဂျင်နီယာ အတ်သမန်အာမန်းက ဦးစီးတည်ဆောက်ခဲ့၍ အမေရိကန် ဒေါ်လာ ၃၀၅ သန်း ကုန်ကျသည်။ တန်တားကြီး၏ ကုန်ကျစရိတ် အတွက် အစိုးရက အစုရှယ်ယာ များပင်ခေါ်ခဲ့ရသေးသည်။ တန်တားပေါ်မှ ဖြတ်သန်းသွားသည့် ယာဉ်များကို ဖြတ်သန်းခ ကောက်ခံ၍ ထိုကောက်ခံရငွေဖြင့် အစုရှယ်ယာရှင်တို့ကို ပြန်လည် ပေးချေသည်။ ပထမ တန်တား စဖွင့်သည့် ၁၂ လမှာပင် ယာဉ်ပေါင်း ၁၇ သန်း ဖြတ်သန်း ခဲ့သည်။ ထိုတန်တားကြီးကို ၁၉၅၉ ခု ဩဂုတ်လ ၁၃ ရက်နေ့တွင် စတင်တည်ဆောက်ပြီး ၁၉၆၄ ခုနိုဝင်ဘာလ ၂၁ ရက်၌ ဖွင့်လှစ်နိုင်ခဲ့သည်။


အောင်သန်းချစ်

## မျက်နှာ ဘယ်နှစ်ခုလဲ



# ဆုံးဖြတ်မိပါသည်

ယဉ်သာ



ကျွန်တော့်အမည်မှာ မောင်ပိုက်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျုံမနင်းကျေးရွာတွင် နေကြပါသည်။ ရွာလယ် စာသင်ကျောင်းတွင် ကျွန်တော်သည် တတိယတန်း ကျောင်းသား တယောက် ဖြစ်ပါသည်။ ကျွန်တော်၏ အဖေနှင့်အမေတို့သည် လယ်လုပ်ကြပါသည်။ ကျွန်တော်သည် ကျောင်းအားလပ်ချိန်တွင် အမေတို့ကို နွားကျောင်းပေးခြင်း၊ နွားစာကျွေးခြင်းဖြင့် ဝိုင်းကူညီခဲ့ပါသည်။

နေဝင်ချိန် မီးခွက်ထွန်းလျှင် ကျွန်တော် စာဖတ်ပါသည်။ အမေသည် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဖွာ၍ ကျွန်တော့်အနား လာထိုင်ပါသည်။ ကျွန်တော် စာဖတ်တိုင်း ကျွန်တော့်ကို ငေးကြည့်နေတတ်ပါသည်။ ထို့နောက် စာအုပ်မှ အရုပ်များကို လက်ညှိုးထိုးပြီး ပြောပြစေပါသည်။ ကျောင်း၌ ကျွန်တော် သင်ရသည့်အတိုင်း ပြန်ပြောပြရာ အမေသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပါသည်။

အမေ စာမတတ်ပါ။ တခါက အမေ့ကို ကျွန်တော် မေးမိပါသည်။

"အမေတို့ ငယ်ငယ်က စာမသင်ရဘူးလားအမေ"

"မသင်ရဘူးသားရဲ့"

"ဖွားဖွားက ကျောင်းမပေးနေဘူးလားအမေ"

"မေမေတို့ ငယ်ငယ်တုန်းက စာတတ်ဖို့မလိုဘူးတဲ့။ ရက်ကန်းရက်တတ် ကောက်စိုက်တတ်ယင် တော်ပြီတဲ့။ အမေတို့ မိန်းကလေးတွေ စာမသင်ရပါဘူး"

"အခု သားတို့ကျောင်းမှာ မိန်းကလေးတွေလဲ ရှိတယ်အမေ"

"အေးပေါ့၊ အခုဆို မိန်းကလေးရော ယောကျ်ားကလေးတွေရော ကျောင်းနေနိုင်ကြပြီ။ ဒါကြောင့် သားကို ကြိုးစားလို့ ပြောတာပေါ့။ သားက ကြီးလာယင် စစ်ဗိုလ်လုပ်မယ်ဆို"

"အင်း-ဟုတ်ကဲ့။ အမေရော စာမတတ်ချင်ဘူးလား"

"တတ်ချင်တာပေါ့ သားရဲ့။ အမေ ငယ်ငယ်တုန်းက အားယင် ကျောင်းမှာဘဲ သွားထိုင်နေတယ်"ဟု အမေက ပြန်ပြောပြပါသည်။

အမေသည် ပြောရင်း မျက်နှာညှိုးနေပါသည်။ အမေ့မျက်လုံးတွင်လည်း မျက်ရည်စကို တွေ့ရပါသည်။ ကျွန်တော် စိတ်မကောင်းပါ။

တနေ့တွင် ကျွန့်တော်တို့ရွာသို့ ဦးဦးသာမြတို့အရွယ်လူသုံးယောက် လာပါသည်။ ဦးဦးသာမြထက် ကြည့်ကောင်းပါသည်။ မြို့ပေါ်က ကောလိပ်ကျောင်းသားတွေဟု ပြောကြပါသည်။ သူတို့သည် စာမတတ်သူများကို စာသင်ပေးမည်ဟု သိရပါသည်။ စာမတတ်သူများ အမည်စာရင်းတွင် အမေ့အမည်လည်း ပါနေသည်။ အမေ စာ

သင် ရ တော့ မည် ဖြစ် ၍ ကျွန်တော်အလွန်ဝမ်းသာမိပါသည်။

ကျွန် တော့် အိမ် တွင် စာကျက်ချိန်သည် အမေ ကျောင်းသို့သွားချိန်ဖြစ်ပါသည်။အဖိုးမြတို့ လည်း သွား ကြ ပါ သည်။ အမေတို့ စာသင်ရသည့် နေရာမှာ ကျွန် တော် တို့ စာ သင် ကျောင်း ပ င် ဖြ စ် ပါ သ ည် ။ ကျောင်းတွင် လူပြည့်လျက်ရှိပါသည်။ အမေတို့ စာဆိုသံသည် ရွာဦးကျောင်းမှ ကြေးစည်သံကဲ့သို့ သာယာပါသည်။ တခါတရံ ရယ်သံများကိုလည်းကြားရပါသည်။ အမေတို့သည် နေ့ဘက် ကောက် ရိတ် သွား ချိန်တွင်လည်း စာအုပ်ယူသွားကြပါသည်။အားလပ်ချိန်တွင် ဖုံပြီးစာဆိုကြ၊ ရေးကြပါသည်။ စာသင် ပေး ကြ သော ဦးဦးတို့ က ကောက် ဝိုင်း ရိတ် ပေး ကြ ပါသည်။

ဦးဦးတို့ မြို့ကျောင်းပြန်ဖွင့်တော့မည်ဖြစ်၍ ပြန်ကြတော့မည်။ ပြန်ဘို့ အထုပ်အပိုးတွေပြင်ဆင်ကြပါသည်။ အ မေ တို့သည် ခြံမှထွက်သော ငှက်ပျော၊ သဘော်သီးများနှင့် စုပေါင်း၍ ဦးဦးတို့ကို လက်ဆောင်ပေးကြပါသည်။ လုံချည် တ ထည် စီလည်း ပေးကြပါသည်။ ဦးဦးတို့ ပြန် မည့် နေ့ တွင် အမေနှင့်အတူ ကျွန်တော်လည်း အဝေးစာကြီး ထပါသည်။ ရွာမှလူအများကြီးပင် လှည်းနှင့် လိုက်ပို့ကြပါသည်။ လှည်းပေါ်တွင် ဦးဦးတို့က ကျွန်တော့်အား

"ဟော့-မောင်ပိုက်၊ ဦးဦးတို့မြို့ကို လိုက်မလား"ဟု မေးပါသည်။

"ကျွန်တော် ခု-မလိုက်သေးဘူးဗျ။ ကြီးလာမှ ကျွန်တော် ဦး ဦး တို့ ကျောင်း ကို သွားနေမယ်"ဟု ပြောလိုက်ပါသည်။

"ဟာ - ဘယ် ဆိုး လို့ တုန်း၊ ကြိုးစား ချာတိတ်ရေ"ဟု ဝိုင်းချီး ကျူး ကြ ပါ သည်။ ကျွန်တော် ရှက်သွားပါသည်။

သ ဘော် ဆိုက် လာ သော အခါ အမေတို့အားလုံး ဦးဦးတို့နှင့် ခွဲရတော့မည်ဖြစ်၍ ငိုကြပါသည်။ ဦးဦးတို့ကလည်း စိတ်မကောင်းကြပါ။ အမေတို့နှင့် နှုတ် ဆက် စ ကား ပြောကြပြီးနောက် သဘော်ပေါ် တက်ကြပါ သ ည် ။ သ ဘော် လ ည်း တဖြည်းဖြည်း ထွက်ခွာသွားရာ သဘော်ကို မမြင်ရသောအခါမှ ကျွန်တော်တို့ ပြန်ခဲ့ကြပါသည်။ ကျွန်တော်တို့ အပြန်တွင် တိတ်နေကြပါသည်။

လမ်းတွင် ကျွန်တော် စဉ်းစားမိပါသည်။အမေတို့စာတတ်ကြပြီ။ စာတတ်ရသည်မှာ ဦးဦးတို့ကြောင့် ဖြစ်ပါသည်။ ကျွန်တော်လည်း ကြီးလာလျှင် စာမတတ်သူများကို ဦးဦးတို့ကဲ့သို့ လိုက် သင် ပေး မည် ဟု စိတ်ကိုဆုံးဖြတ်မိပါသည်။ ပြီးလျှင် ငိုနေသော အမေ့အား တအားဖက်လိုက်ပါတော့သည်။

## နာမည်ပြောင်းပွဲ

မေရီ၊ ဒေစီ၊ အန်ထော်နီ၊

နာမည်ပြောင်းကြမည်။

မရီ၊ မစီ၊ မောင်နီဟု၊

ကောင်းသော ပြုပြင်မှု။

နိုင်ငံခြားမှ ရှောင်ကြဉ်ကာ၊

မြန်မာဆံဆံ ယဉ်ကျေးပါ။

အမျိုးဘာသာ ထိန်းသိမ်းရေး၊

ဗမာ့စိတ်ဓာတ်မွေး။ ။

မင်း (မန်းတက္ကသိုလ်)





လှပသော ပြာလဲ့လဲ့ အရောင်အသွေးရှိသည့် အပွင့်ကြီးများဖြင့် မိုးလုံးမှိုင်း သစ်ခွပန်းများသည် ရှုမငြီးစရာ ဖြစ်သည်။ ပန်းခိုင်ကြီးများသည် တပေကျော်ခန့်ပင် ရှည်ကြ၍ လေးလက်မခန့် အပွင့်များ ၁၅ ပွင့်ကျော် ပါရှိသည်။ ပွင့်ချပ်ပွင့်ဖတ်တို့တွင် လှပစွာ အကြောများ ရှက်သန်းနေ၍ အကွက်ကလေးများ ပေါ်နေသည်။ ''နှုတ်ခမ်း'' (အရှေ့အလယ်ပွင့်ချပ်)သည် အတန် ငယ်သေး၍ ပိုပြီးအရောင်ရင့်သည်။

ပင်စည်သည် ခြောက်လက်မခန့်ရှိ၍ပင်ပုသစ်ခွမျိုးဖြစ်သည်။ အရွက်များကမူ ခြောက်လက်မမှတပေခန့်အထိရှိ၍ ကြိုးပြားပြားနှင့်တူသည်။ ပန်းခိုင်သည် ပင်စည်ထက်ပို၍ကြီးထွားနေသည်။ ပန်းပွင့်ချိန်သည် ဇူလိုင်မှ ဩဂုတ်လအထိ ဖြစ်၍ အပွင့်များသည် ရက်သတ္တ ခြောက်ပတ်ခန့်ကြာအောင် ခံသည်။ အအေးကြိုက်သော သစ်ခွမျိုးဖြစ်၍ ရှမ်းပြည်နယ်တွင် ဖြစ်ထွန်းသည်။

ပူအွေးသော ဒေသများတွင်လည်း ဖြစ်ထွန်းသော မျိုးတူ သစ်ခွတမျိုးကို မိုးလုံးမှိုင်း အပြာကလေးဟု ခေါ်သည်။ မျိုးစိတ်ကွဲပြား၍ အပွင့်အရွက်ပို၍ငယ်သည်။ ပင်စည်လည်းပို၍တိုသည်။ အရွက်တွင် အလယ်မြောင်း ပါရှိသည်။ ပန်းပွင့်အရောင်မှာ ခရမ်းနုရောင်ဖြစ်၍ ပန်းပွင့်ချိန်မှာ မတ်လနှင့် ဧပြီလဖြစ်သည်။

ယင်း သစ်ခွမျိုးကို ချင်းတောင်၊ ရှမ်းပြည်နယ်နှင့် မန္တလေး၊ ပျဉ်းမနား၊ ရမည်းသင်း၊ ပေါင်းတည် တဝိုက်တွင် တွေ့ရသည်။ ဒေသအလိုက် ခေါ်သော အမည်များမှာ မိုးမိတ်နယ်၌ သစ်ခွကလေး၊ တောင်ကြီးတွင် ပင့်ကူနက်၊ ဖယောင်းကြီး၊ မန်းမော်ဖက်၌ စာကလေး၊ ပေါင်းတည်ဖက်တွင် လက်တံတို၊ ပျဉ်းမနား၌မူ မိုးလုံးမှိုင်းအပြာ၊ ဇမ္ဗူကပန်းဆွဲလဲ၊ မန္တလေးတွင် မိုးလုံးမှိုင်းကြီးဟူ၍ ဖြစ်လေသည်။

# ခိုင်ပန်းဝုံ

တင့်ဆင့်



၂၅ ပြား

ရန်ကုန်မြို့၊ ... ကုန်သည်လမ်း ... စိမ်းဂုဏ်ရည်ပုံနှိပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြိုက ... ရန်ကုန်မြို့၊ ... ပြည်လမ်း ... ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးဆောင်ကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၃၃။


# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ ဝါခေါင်လဆုတ် ၅ ရက်။ (၁၈-၈-၇၃)

နှင့်

ပန်းချီ - ဦးဘကြည်

ဇါတ်လမ်း - ဖိုင်းဖိုင်း



စနေနေ့တိုင်း ထုတ်ဝေသည်။


တခါတုန်းက လေးအတတ်တွင် အလွန်ကျွမ်းကျင်သော လေးသည်တော်တဦး ရှိ၏။
ဟာ - ဒီနေ့ ကံကောင်းလာတယ် ထင်တယ်၊ အမဲတွေ အများကြီး ရလာပါလား၊ ရောင်းယင် ပိုက်ဆံတွေ အများကြီး ရမှာဘဲနော်
တောလိုက် သွားတိုင်း ဒီလိုဘဲ-ရတ ပါတဲ
တနေ့တွင် တောလိုက်ရာမှ အမဲများစွာဖြင့် ပြန်လာရာ လမ်း၌ လယ်သမားတဦးနှင့် တွေ့၏။
တန်ဘိုး ရှိတာက - မျက်စေ့ ရှင်တာနဲ့ - လက်ရဲ့ လျင်မြန်မှုဘဲ - ဟဲဟဲ ---- တခြားလူတွေက ဒီအမဲတွေကို - ဘယ်လောက်ဈေး ပေးမလဲတော့ မသိဘူး .... ဒါပေမယ့် ခင်များ ပေးချင်သလောက်သာ ပေးပါဗျာ
ဈေးဖိုး တော့တင်ပါရဲ့၊ ဒါပေမယ့် - ကျနော်ဟာ ခင်များရဲ့ အမဲတွေကို မဝယ်နိုင်ပါဘူး၊ အခွန်တော် ပေးရလွန်းလို့ ဘာမှမကျန်တော့ဘူး၊ နွားကလေး တကောင်ရယ် - ပြီးတော့ စပါးနည်းနည်းရယ်ဘဲ ကျန်တော့တယ်၊ နောက်နှစ်စပါး ပေါ်ချိန်ထိ ဘယ်လို လုပ်ပြီး စားသောက် နေထိုင်ရမယ် မသိဘဲဖြစ် နေတယ်ဗျ
ဒီလိုဆိုယင် - ဒီအမဲတွေကို အလကား ယူသွား၊ ရောင်းစားတန်ရောင်း စား၊ ချက်စားတန် ချက်စား - ရော့
တကယ် ?၊ ဈေးဖိုး တင်လိုက်တာဗျာ၊ ဒီနေ့က စပြီး ခင်များဟာ ကျနော့် မိတ်ဆွေ အစစ်ပါဘဲ၊ ကျနော့်ဆီ အချိန်မရွေး ဝင်ပါ၊ ထွက်ပါ၊ ခိုင်းပါ
အို - အဖိုးအို ဘာဖြစ်နေ တာလဲ
မဟောလို့ ဆိုပါတော့၊ အရင်တုန်းကတော့ နယ်စားကြီး ဆီမှာ - အလုပ် လုပ်တယ်ကွဲ့၊ အခု အိုမင်းလို့ အလုပ် မလုပ်နိုင်တော့ ဘယ်သူကမှ - မကျွေး တော့ဘူး၊ မစားရ မသောက်ရနဲ့ အားနည်းနေတာပါ
တခါသော် တောလိုက်ပြန်လာစဉ် မြို့အဝင် လမ်းမပေါ်၌ အဖိုးအိုတယောက် လဲနေသည်ကို တွေ့လျှင် စုံစမ်းမိ၏။


အို . . . . ကျွတ် - ကျွတ် - ကျွတ် . . .
ဒါဖြင့်ယင် - ရော့၊ ဒီအမဲတွေယူထားလိုက်
ဟင် . . . . . . .
ဘယ်ဖြစ်ပါ့မလဲ
လူကလေး ရယ်၊
မင့်ဟာတွေက
အတော်တန်ဘိုး
ရှိမှာဘဲ . . . .
ဘဘ - မယူရက်
ပါဘူး . . . . .
ကျနော့မှာ တန်ဘိုးရှိတာက မျက်စေ့ရှင်တါနဲ့
လက်ရဲ့လျှင်မြန်မှုပါဘဲ၊ အဲဒါတွေ ကျနော့မှာ
ရှိနေသေးတာဘဲ၊ ဒီအမဲတွေ ယူသာယူပါ . . .
ဘဘ - မာလာအောင် - ကောင်း
ကောင်းစား၊ ငွေပေါ်အောင်
လဲ-ရောင်းသင့်သလောက်
ရောင်းပေါ့
အေး ကွယ် - သာရေ - သာရေ
ငါအသက်ရှင်နေသရွေ့မင်း
ဟာ - ငါ့မိတ်ဆွေစစ်ဘဲ
ငါ့အိမ်မပျက်ရောက်တဲ့ခါ
ဝင်ပါ၊ ထွက်ပါကွယ်
ဘာလို့ နေပူကျဲကျဲထဲ ထိုင်နေတာလဲ
သူဌေးကြီး ငွေ
မဆပ်နိုင်လို့ - ညနေ
ထိ ထိုင်ခိုင်းထားတယ်
ရွေးမယ့်သူ မပေါ်ယင်
တသက်ကျွန်ခံရမယ်တဲ့၊
ချမ်းသာတဲ့ ဆွေမျိုး ကလဲ
မရှိဘူး . . . ရှုတ် - ရှုတ်
တကြိမ်တွင်လည်း လူတယောက် နေပူထဲတွင်
ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရာ—
ခင်ဗျား ကြွေးက - ဘယ်လောက်တောင်
မို့လဲ
ကြွေးက - ငွေ အစိတ်လောက်ပါဘဲ၊
ကျနော့အမေ - မုဆိုးမ - မသေမီက
ချေးတါပါ။ ၅ိ/ တိုးဆိုတော့ - တနှစ်
၆ိ/ ပေါ့။ အမေဆုံးတာက - ၂ - ၃ - နှစ်
ရှိပြီ။ ဒီတော့ - ၂၅ိ/ ရယ် -
၆ိ/ ရယ် - ၆ိ/ - ရယ် -
နောက် - ၃ - လ အတွက်
၁၅ိ/ - ရယ် ဆိုတော့
အားလုံး အသပြာငွေ
၁၆၈ိ/ - ၊ ဘယ်ဆပ်
နိုင်ပါ့မလဲ - ဟီး -
ဟာ - - -
ဖြစ်မှ ဖြစ်ရလေ . . .
ကဲ - ကဲ - အင့်
ဒီ ငွေအိတ်
ယူပြီး
သွားဆပ်
လိုက်
ရော့ - ဒီ အမဲတွေပါယူထားလိုက် -
စား - ရောင်း - ကောင်းကောင်းနေ
ခင်ဗျား ကျနော့်ဘဝကို
ကယ်တင်လိုက်တာဘဲ၊
ဟိုတဲပုတ်လေးအား
ရောက်ယင် - ဝင်ခဲ့
ပါနော် - - - - - - -
ဘာအလုပ်မျိုးမဆို နိုင်းပါ -
ကျေးရူးရှင်ကြီး ရယ်
ကယ်တင်ရှင်ကြီးရယ်


ထိုနယ်တွင် နေထိုင်သော နယ်စားကြီးမှာ
တောကစား အလွန်ဝါသနာပါသူဖြစ်၏။
... တခါက-ငါကိုယ်တော်-ပစ်တော်မူ
လိုက်တဲ့ မြှားတစင်းထဲနဲ့ ... လေထဲဝဲနေတဲ့
ငှက်တကောင်-သစ်
ပင်ထက်က-ရှဉ့်
တကောင်-ရေထဲက
ငါးတကောင်-သီရက်
သား မိတော်မူသကွဲ့
အမယ်လေ့လေးလေး
ထူးမြှားတော်မူလှချေ
လားဘုရား
ဟဲဟဲ
ပါရမီပေါ့
ဒေါသလည်းကြီး၏။ အကြွားလည်းပို၏။
တောက်
တောက်
ဖြော်
တောကစား ထွက်တိုင်း ထိုရွာ တပိုက်မှ
ယောကျာ်းများက တောချောက်ပေးရ၏။
သို့သော် ပစ်တိုင်းလိုလိုလွဲတတ်၏။
ဟာ-
သမင်
တကောင်
ပါလား
တနေ့သော် တောကစားထွက်စဉ် လေးသည်
တော်ပါ ဝင်၍ တောချောက်ပေးရ၏။
သမင်သည် ချုံကွင်းမှ နယ်စားကြီးနားကပ်၍
ခုန်လိုက်သဖြင့် မြင်းပေါ်မှ ကျသွားရာ


ရှက်သွားပြီး ဒေါသကြီးကာ—
ဒီကောင်တွေ အသုံးကိုမကျဘူး၊ တောမှုဖချောက်တတ်ဘဲ၊
ဒီနေ့ ဒီသမင် မဖမ်းယင် နင်တို့ သေဘို့သာမြင်ကြပေတော့ ....ထွီ...
သမင် မမိယင် -ဒုက္ခ ရောက်ကုန်တော့မှာဘဲ၊ အလွတ်တော့ မခံဘူး ... ကဲကွာ-
ဆက်လက်ပြီး တောချောက်စဉ်သမင်သည် ပြန်ထွက်လာပြီး အဝေးဖက်တောကို ပြေးလျှင်—
ငါ ပစ်မယ့် သမင်ကို ဝင်ပစ်တဲ့ကောင် ဖိုင်း ဖမ်းခေါ်ခဲ့ကြစမ်း
နယ်စားကြီးသည် ရှက်ရမ်း ရမ်းပြီး
ကိုယ်ရံတော်များက ဝိုင်းဖမ်းပြီး နယ်စားကြီးက "သေဒဏ်ခတ်ကြောင်း" သိရသော်—
ကျနော်မျိုး အား မကွပ်မျက်မီ မိတ်ဆွေ သုံးဦးကို သွားရောက်တွေ့ ခွင့်ပြုတော်မူပါ ဘုရား
ခွင့်ပြုလိုက်ပြီးမှ အကြောင်းသိလို၍ နယ်စားကြီးသည် ရုပ်ဖျက်ပြီး လိုက်သွား၏။
လယ်သမားကြီးတဲသို့ ရောက်သောအခါ
မိတ်ဆွေ-xxxxxxxxxxxxx xxxxxxx ဒါကြောင့် -သေအံ့ဆဲဆဲ လာရောက်နှုတ်ဆက်ပါတယ်....
ဟိုက်! ဒုက္ခပါဘဲ၊ ကျနော် လိုက်ခဲ့ပါ့မယ်၊ ကျနော့် ချမ်းသာသမျှသော ခိုင်းနွားကို - နယ်စားကြီးအား ဆက်သ၍ - သေဒဏ်မှ လွတ်ရာလွတ်ကြောင်း တောင်းပန်ပေးပါ့မယ်


လယ်သမားကြီးစကားကို ကြားလိုက်လျှင်
အလို.... ရှိသမျှ စဉ်းစိမ် နှံ့ကယ်မယ်တဲ့၊ အငတ်ခံမယ်တဲ့၊ သူ့မိတ်ဆွေ ကောင်းပေဘဲ
တဖန် အဖိုးအိုထံ ရောက်လေသော်
အဘ ××××××××××××× အခု သေခါ ကျ ခက်လိုက်ပြီမျ
အမယ်-ဒီလိုဆိုယင် အကြောင်းမဲ့သက် သက်ခံရတာဘဲ၊ အဘလိုက်ခဲ့မယ်၊ မောင်ရင့် ကိုယ်စား အဘ အသေခံ မယ်......
မိုက် - သူတပါးအစွက် အသေခံရဲတဲ့ အရိုးကြီး - မိတ်ဆွေစစ် ပါဘဲလား
နောက်ဆုံး တဲပုတ်သို့ ရောက်သောအခါ
ကျုပ်ကိုယ်တိုင် နယ်စားကိုခုတ်သတ် မယ်၊ ခင်ဗျားမသေ စေရပါဘူး
ကျုပ်အခု လိုက်ခဲ့မယ်
ဘာတွေ တီးတိုးပြော တယ်တော့ မသိဘူး၊ ရဲတင်း လက်ကာ- မချုပ် ထောက်တော့ . ငါ့ကို လုပ်ကြံမယ်နဲ့ တူတယ်၊ သူ့မိတ် ဆွေအတွက် အရဲ စွန့်မယ်ထင်ပါရဲ့... သူလဲ တကဲ့မိတ်ဆွေ ပေဘဲ
နယ်စားကြီးသည် အမြန်ပြန်ပြီး အဝတ်အစား လဲကာ စောင့်နေစဉ် ရောက်လာကြ၏။


--ကျွန်တော်မျိုးရှိရှိသမျှဖြစ်သော ကျွဲနွားကို နယ်စားကြီး အား ဆက်သပါသည်။ ကျွန်တော်မျိုး၏ ကျေးဇူးရှင် မိတ်ဆွေ အား သေဒဏ်မှ လွတ်ရန် အသနားခံပါသည် ဘုရား
သင့်နွားကို လက်ခံမည် ဖြစ်သော်လည်း - ထိုသူ၏ သေဒဏ်ကို တော့ က မတက် လေနိုင်
ဘုန်းတော်ကြီးလှသော နယ်စားကိုယ်တော်ကြီး ဘုရား... ကျွန်တော်မျိုးသည် - နယ်စားကြီး၏ အမှုထမ်း ပေါင်း တစ်ဦးဖြစ်ကြောင်းပါဘုရား။ အသက်အရွယ်ကြီးရင့်၍ ဒုက္ခရောက်နေစဉ် - ထိုသူငယ်၏ ကျေးဇူးကြောင့် - ယခုအထိ အသက်ရှင်ဆဲရှိနေရပါသည်၊ အမှုတော်ထမ်းနေစဉ်က - ထောက်ပံ့ကြေးများ ပေးထားသည်ကို - နယ်စားကြီး အား ကျေးဇူးဆပ်လိုသောသဘောဖြင့် သေဒဏ်ပေးရမှ - ကိုယ်တော်ကြီး ကျေနပ်တော်မူမည်ဆိုလျှင် ... ကျွန်တော်မျိုးကြီး အား သာ ကွပ်မျက်တော်မူ၍ - ထိုသူကို လွှတ်ငြိမ်းခွင့်ပေးပါရန် လျှောက်ထားပါသည် ဘုရား
မပေးနိုင်ဘူး
အမြစ်မရှိသူကို သေဒဏ်ချတဲ့ နယ်စား - သေပေတော့
ထိုအခိုက် ဓက်ယူလာသောရဲထင်းနှင့်ထခုတ်ရာ
ဟဲ့ဟဲ့
ဖိုက်
ဗိုက်
ကိုယ်ရံတော်များက ဝိုင်းဖမ်းဆီးကြစဉ်
ရပ်လိုက်ကြစမ်း — အားလုံးငြိမ်ငြိမ်နေ - မလှုပ်ကြနဲ့ ---- နားထောင်
နယ်စားကြီးသည် ထ၍ အော်လိုက်လေသည်။
ကျွဲကိစ္စကို - ငါကိုယ်တော် ထိုင် သိရှိပြီးဖြစ်သည်။ ထိုသူတို့သည် တကယ့် မိတ်ဆွေကောင်းများဖြစ်ပြီး အသက် - စည်းစိမ်များကို မငဲ့ကွက်ဘဲ ကူညီကြသဖြင့် ချီးကျူးစရာပင်ဖြစ်တော့၏- ထို့ကြောင့် သေဒဏ်ကို ပယ်ဖျက်ပြီး - သူ့မိတ်ဆွေများကို-ခွင့်လွှတ်တော်မူသည်။ ငါကိုယ်တော် ၌ပင်လျှင် ဤကဲ့သို့သော မိတ်ဆွေကောင်းမရှိ ကျန်လူများလည်း အတုယူသင့်လှပေသည်
ပြီး







# စိတ်ကူးယဉ်

ဆိုသားရာ

ဖိုးလမင်း (အမေရိကန်ပုံပြင်)


ပန်းချီ- ဦးဘောတင်

တခါတုန်းက မိန်းမကြီးတယောက်တွင် မကြီး၊ မလတ်၊ မငယ်ဟူသည့် သမီးသုံးယောက် ရှိ၏။ မကြီးကို လုလင်ပျိုတယောက်နှင့် လက်ထပ်ရန် စေ့စပ်ထားရာ တနေ့တွင် ထိုလုလင်သည် သူတို့၏ အိမ်သို့ အလည် လာလေသည်။ ထိုအချိန်တွင် အမေသည် မငယ်ကို စမ်းချောင်းကလေးသို့သွား၍ ရေခပ်ရန် စေလွှတ်လိုက်၏။ အတန်ကြာသော် အမေက "ညည်းညီမ ရေခပ်သွားတာ ကြာလှပြီ။ ဘာလုပ်နေသလဲ ဆိုတာ သွားကြည့်စမ်း" ဟု ပြောကာ မလတ်ကို စေလွှတ်လိုက်ပြန်သည်။

မလတ်လည်း စမ်းချောင်းကလေး ဘေးတွင် ထိုင်နေသည့် မငယ်ကိုတွေ့ရ၏။ "ကြာလှချေလား၊ ညည်း ဘာလုပ်နေတာလဲ" ဟု မလတ်ကမေးရာ မငယ်က "ဒီလိုပါ မမလတ်ရယ်၊ အမကြီးနဲ့ ဟိုလူနဲ့ လက်ထပ်လို့ ကလေးရယင် ဘယ်လိုနာမည် ပေးရမလဲဆိုတာ စဉ်းစားနေတာပါ" ဟု ပြန်ဖြေလေသည်။ ထိုအခါ "အေးဟေ့ ညည်းစိတ်ကူးမဆိုးဘူး၊ ငါလဲ ကူစဉ်းစားအုံးမယ်" ဟု မလတ်ကပြောကာ ညီအမနှစ်ယောက်ထိုင်ပြီး စဉ်းစား နေကြလေသည်။

အမေကြီးလည်း မငယ်ရော မလတ်ပါ ပြန်မလာသဖြင့် စိုးရိမ်ကာ သမီးနှစ်ယောက်ထံသို့ လိုက်လာလေ၏။ စမ်းချောင်းနံဘေးတွင် မငယ်နှင့် မလတ်ကိုတွေ့သော် "ညည်းတို့ ဘာပြုလို့ ဒီလောက် ကြာနေကြတာလဲ" ဟု အမေကမေးရာ "မကြီး လက်ထပ်ပြီးလို့ ကလေးရယင် ဘယ်လိုနာမည်ပေးရမလဲဆိုတာ စဉ်းစားနေကြတာပါ" ဟု မငယ်နှင့် မလတ်က ပြန်ဖြေကြသည်။ ထိုအခါ အမေကြီးက "အေးဟဲ့ ငါလဲ စဉ်းစားအုံးမှ" ဟု ဆိုကာ ထိုင်၍ စဉ်းစားကြပြန်၏။

မကြီးသည်လည်း အမေနှင့်ညီမများ ပြန်မလာသဖြင့် စမ်းချောင်းသို့ လိုက်လာပြီး အခြေအနေကို စုံစမ်းပြန်ရာ "ညည်းလင်ရလို့ ကလေးမွေးယင် ဘယ်လိုနာမည်ပေးရမလဲဆိုတာ တို့စဉ်းစားနေကြတာ" ဟု အမေက ပြန်ပြော၏။ မကြီးက "ဒါဖြင့် ကျမလဲ စဉ်းစားမှဘဲ" ဟု ရောထိုင်၍ စဉ်းစားပြန်လေသည်။




နောက်ဆုံးတွင် လက်ထပ်မည့် သတို့သား လုလင်ပျိုလိုက်လာလေသည်။ "ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ" ဟု လုလင်က မေးရာ အမေက "မကြီးနဲ့မင်းနဲ့ လက်ထပ်ပြီး ကလေးရယင် ဘယ်နာမည် မှည့်မလဲလို့ စဉ်းစားနေကြတာ" ဟုဖြေ၏။ ထိုအခါ လုလင်သည် "ခင်ဗျားတို့ထက် မိုက်တဲ့ ရူးတဲ့ လူများ ရှိသေးယင်တော့ ခင်ဗျားသမီးကို လက်ထပ်ယူပါ့မယ်" ဟု ပြော၍ ထွက်သွားလေ၏။




လမ်းတွင် လုလင်ပျိုသည် အိမ်တလုံးအတွင်း၌ ဟိုသည်ပြေးလွှားနေသော သူငယ်မတယောက်ကို တွေ့ရ၍ မေးမြန်းကြည့်ရာ "ကြမ်းတိုက်ပြီးတော့ ရေတွေခြောက်အောင် နေမင်းကြီးကို ခေါ်နေတာပါ" ဟု ဖြေ၏။ ထိုအခါ လုလင်က ပြုံးပြီး "နေမင်းကြီး ဝင်လာစေချင်ယင် တံခါးဖွင့်ထားပေါ့" ဟု ပြောကာ ဆက်လက် ထွက်ခွာလာခဲ့၏။ ထို့နောက် နွားတကောင်အား အိမ်အမိုးပေါ်တွင် ပေါက်နေသော မြက်များကိုစားရန် ရိုက်နှက်ခိုင်းစေနေသော လူတယောက်ကို တွေ့ရပြန်သဖြင့် လုလင်ပျိုက "နွားကိုမရိုက်ပါနဲ့၊ အိမ်မိုးပေါ်က မြက်တွေကို ပေါက်ပြားနဲ့ ဆွဲချပါလား" ဟုပြောကာ ဆက်လက်ထွက်ခွာလာခဲ့သည်။ နောက်တဖန် ပုဆိုးကျွတ်ပြီး သစ်ပင်ပေါ်မှာ တွဲလွဲဖြစ်နေသော လူတယောက်ကို တွေ့ရပြန်ရာ "ဟေ့လူ အောက်ဆင်းပြီး ပုဆိုးဝတ်လေဗျာ" ဟု လုလင်ပျိုက ပြောပြမှ ထိုလူသည် "အင်း ဟုတ်သားဘဲ" ဟု ဆိုကာ အောက်သို့ ခုန်ချပြီး ပုဆိုးဝတ်လေ၏။




လုလင်ပျိုလည်း "မကြီးတို့ထက် ရူးတဲ့ မိုက်တဲ့ လူတွေလဲ ရှိပါသေးလား" ဟု ရေရွတ်ကာ မကြီးနှင့် လက်ထပ်ရန် ပြန်လာခဲ့လေတော့သည်။


ဖွားဖွား စကား
ဟဲ့-ဇေမိုးနဲ့ဇေစိုး ကြည့်စမ်း- ကြည့်စမ်း အပင်ပေါ်တက်နေ လိုက်တာ၊ ဆင်းခဲ့၊ ဆင်းခဲ့
ဘာဖြစ်လို့ သစ်ပင်ပေါ်တက်ရတာလဲ- ... လူကြီးတွေမမြင် ကွယ်ရာမှာ ခြေကျိုးလက်ကျိုးဖြစ်ချင် လို့၊ နောက်မတက်နဲ့နော်- ကြားလား-
ဟုတ်ကဲ့ ဖွားဖွား
ဟဲ့-ကြည်သာနဲ့ နီလာ.. အိမ်ထဲကစားကြစမ်း၊ ကားတွေဘာတွေ ရှောင် လာလို့ တိုက်မိမှဖြင့်- လာကြ၊ လာကြ
ဖွားဖွားက ခေါ်တယ်..
ဟဲ့.ဟဲ့.အို... ဒီမောင်နှမတွေ တယ်အပြောရ ခက်ပါလား၊ အိမ်မီးလောင်တော့မှာဘဲ၊ မီးများ ကစားရမှတ်နေလား၊ ပေးစမ်းပေးစမ်း မီးခြစ်
ထို့ကြောင့် ဇေမိုး၊ ဇေစိုး၊ ကြည်သာနှင့် နီလာ သည် ဖွားဖွားကို မကျေမနပ် ဖြစ်မိကြလေသည်။
တို့ကစားရင် ဖွားဖွားဟာ အမြဲ လိုက်ရှုပ်နေတာဘဲ-
အေးဟယ်၊ ကောင်း ကောင်းကိုမကစားရ ဘူး-တကယ်ဘဲ..
ဖွားဖွား ဒီအိမ်မှာ မရှိရင် ကောင်းမယ်ဟာ၊ ကြီးကြီးတို့ ဖွားဖွားကို လာခေါ်ပါစေ..
အေး၊ ဒါမှ
အို..




သူတို့မေမေ ရောက်လာပြီး အကြောင်းစုံ သိသဖြင့်
သားတို့ သမီးတို့မှာ ဖွားဖွားအတင်း ပြောရခဲ့တာကိုး၊ ဖွားဖွားဟာ မင်းတို့ထင်သလို လိုက်ကန့်ကွက်တာ မဟုတ်ပါဘူးကွဲ့....
အန္တရာယ်ကိုကြိုမြင်လို့ မင်းတို့အန္တရာယ်ဖြစ်မှာစိုးလို့ တားဆီးတာပါကွယ်၊ လာ..လာ.. မေမေ ငယ်ငယ်က အကြောင်း ပြောပြမယ်.
မေမေငယ်ငယ်က သိပ်ကဲတဲ့ကွဲ့ သားတို့ သမီးတို့လိုပဲ။ တနေ့ လူကြီးတွေ မသိအောင် မီးခြစ်ကိုယူဆော့နေတုန်း
အောင်မလေး မေမေရေ
လုပ်ပါအုံး အား..ပူတယ် ပူတယ်..
ဟဲ့..ဟဲ့..အို..မီးစွဲနေပြီ၊ အင်္ကျီချွတ်၊ အင်္ကျီချွတ်.
ရုတ်တရက် အင်္ကျီချွတ်လို့မရတော့ ဖွားဖွားဟာ စောင်ကို မေမေ့ကိုယ်မှာ ပတ်ပေးမှ မေမေ့ကိုယ်မှ မီးတွေငြိမ်းသွားတယ်။
ဦးကွဲပါဘဲ၊ ကံကောင်းလို့ပေါ့- မမြင်သာ မမြင်ယင်တော့.... ဘုရား..ဘုရား.
ဒါတွင်မဟုတ်သေးဘူး ဖွားဖွားဟာ မေမေ့ကိုခေါ်ပြီး ရွာကို သဘောကြီးစီးပြီး အလယ်သွားဘူးသေးတယ်။
ဟိုး အဝေးကြီး ရောက်ယင် သမီး အဘကြီးနဲ့ တွေ့ရမယ်. သိလား



မေမေတို့ စီးလာတဲ့ သင်္ဘောကြီးဟာ ဆိပ်ကမ်းကြီးရောက်တော့ ကမ်းမှာကပ်ထားတာပေါ့။ မေမေက ရေတွေကို ကြည့်ချင်တာနဲ့ ဖွားဖွား မသိအောင် သင်္ဘောလက်တန်းဘက် ထွက်လာခဲ့တယ်။
မေမေဟာ ရေထဲကို ငုံ့ကြည့်နေတုန်း လက်ချော်ပြီး သင်္ဘောပေါ်ကနေအောက်ကို ကျသွားတာပေါ့။
ဟဲ့..ဟဲ့.. အမလေး ကျသွားပြီ..
အို..လုပ်ကြပါအုံး ဘယ်သူ့ကလေးလဲဗျ..
ဟင်.. သမီး..
ဖွားဖွားဟာ မေမေမှန်းသိတာနဲ့ ဘာမှ စဉ်းစားမနေတော့ဘဲ မေမေနဲ့ ရှေ့ဆင့်နောက်ဆင့် ရေထဲကိုခုန်ချလိုက်တယ်တဲ့
သမီး
ဖွားဖွားရဲ့လျင်မြန်မှုကြောင့် ဖွားဖွားရေထဲရောက်တာနဲ့ မေမေ့ကို ဖက်မိရက် ဖြစ်နေတယ်။ နဲနဲသာ နေရာ ရွေ့သွားရင်တော့ မေမေတော့ ရေစီးထဲ မျောပါသွားမှာတဲ့။
ကြည့်စမ်း၊ မသေကောင်း မပျောက်ကောင်း
ဝုန်း
အဲဒါတွေ တွေးမိတိုင်း၊ မေမေဟာ အသဲယားပါတယ်၊ မေမေသာ အဲဒီတုန်းက သေသွားရင် ဘယ်သူက သမီးတို့ကိုလဲ ကျွေးမွေး
အင်းနော်
ကံကောင်းလို့ပေါ့..
ဖွားဖွား ကယ်ပေလို့..
ဆွေမျိုးတွေကတော့ ဖွားဖွားဟာ မေမေ့ကို နှစ်ခါပြန် မွေးတာလို့ ပြောစမှတ်ပြုကြတယ်.. အဲဒါကြောင့် ဖွားဖွားဟာ အန္တရာယ်ကို ကြုံဖြင့်ပြီး မင်းတို့တတွေ အန္တရာယ်ဖြစ်မှာစိုးလို့ သတိပေးတာပါကွယ်.. ချုပ်ချယ်တာ မဟုတ်ပါဘူး
နောက်ဆို ဖွားဖွားစကား နားထောင်ပါ့မယ် မေမေ..
ပြီး

## ပထမဆုံး လပေါ်ရောက် လူသားနှစ်ဦး




လူသားထဲမှ လပေါ်တွင် ပထမဆုံး ခြေချနိုင်သူ နှစ်ဦးမှာ အမေရိကန် ပြည်ထောင်စုမှ အမ်စထရောင်းနှင့် အယ်ဒရင်းတို့ ဖြစ်ကြသည်။ အမ်စထရောင်း သည် အိုဟိုင်းဟိုး ပြည်နယ်တွင် ၁၉၃၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့က မွေးဖွားခဲ့သူ ဖြစ်သည်။ ၁၉၆၆ ခုနှစ်က ဂျီမီနီ (၈) အာကာသယာဉ်မှူးအဖြစ် လိုက်ပါခဲ့ဘူး၏။ အယ်ဒရင်းသည် နယူးဂျာစီ ပြည်နယ်၌ ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဖွားမြင်ခဲ့သူဖြစ်သည်။ သူလည်း ဂျီမီနီ (၁၂) ဖြင့် ၁၉၆၆ ခုနှစ်က အာကာသထဲ လိုက်ပါခဲ့ဘူးပြီး အာကာသထဲတွင် နှစ်နာရီကြာမျှ လမ်းလျှောက်ခဲ့သည်။


သူတို့နှစ်ဦးသည် ၁၉၆၉ ခု ဇူလိုင်လ ၁၆ ရက် နံနက် ၉ နာရီ ၃၂ မိနစ် အချိန်တွင် အပိုလို (၁၁) အာကာသ ယာဉ်ဖြင့် ကမ္ဘာမှ ထွက်ခွာခဲ့ကြသည်။ ယင်းတို့အပြင် ကောလင်း လည်း ပါသေးသည်။ ကောလင်းက လပေါ်မဆင်းပဲ ပင်မယာဉ်မှာ ကျန်ခဲ့သည်။

၁၉၆၉ ခု ဇူလိုင်လ ၂၀ ရက်နေ့ညတွင် အမ်စထရောင်းသည် လပေါ်သို့ ပထမဆုံး ဆင်းလျှောက်နိုင်သည်။ ထိုနောက် မိနစ် ၂၀ အကြာတွင် အယ်ဒရင်းပါ လပေါ် ခြေချလိုက်သည်။ အယ်ဒရင်းက လပေါ်တွင် တနာရီနှင့် ၄၀ မိနစ် ကြာခဲ့ပြီး အမ်စထရောင်းက နှစ်နာရီနှင့် ၁၄ မိနစ် ကြာခဲ့သည်။

သူတို့သည် ဇူလိုင်လ ၂၁ ရက်နေ့တွင် လပေါ်မှ ပြန်တက်ခဲ့ပြီး ဇူလိုင်လ ၂၂ ရက်နေ့တွင် ကမ္ဘာသို့ ပြန်လည် ထွက်ခွာခဲ့ကြသည်။ ကမ္ဘာသို့ အပြန်ခရီးမှာ နာရီပေါင်း ၆၀ ကြာခဲ့သည်။

အောင်သန်းချစ်

## ဝက်ခြံချင်းလဲ မတူပါလေ



# မေတ္တာကြေးမုံ

မြင့်မြင့်မာ



ကျွန်တော် မောင်ထူးသည် အလုံအစိုးရ မူလတန်းကျောင်းမှ စတုတ္ထတန်း ကျောင်းသားဖြစ်ပါသည်။ ကျွန်တော်နှစ်စဉ် စာမေးပွဲ အောင် ခဲ့ ပါ သည်။ သို့သော် ယခုနှစ်၌ ကျွန်တော့်တွင် ရောဂါတခု စွဲကပ်နေပါသည်။ ထိုရောဂါကား စာကျက်ရန် ပျင်းနေခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်၏ အတန်းပိုင် ဆရာမသည် ကျွန်တော့်ကို လိမ်မာရန် မကြာမကြာ ဆုံးမပါသည်။ ကြာတော့ ဆရာမကို ကျွန်တော် မုန်းလာမိပါသည်။

"မောင်ထူး ညက အိပ်ရေးပျက်လို့လား။ စာသင်ချိန်မှာ အိပ် ငိုက် ဖို့ မ ကောင်း ပါ ဘူး ကွယ်၊ အားရပါးရ စာသင်နေတဲ့ ဆ ရာ မ ကို အား နာ သင့် ပါတယ်"

ဆရာမသည် စာသင်ရာတွင် နားမလည်မချင်း ရှင်းပြလေ့ရှိပါသည်။

"ကျွန်တော် နား မ လည် သေးဘူးဆရာမ" ဟု ပြောလျှင် ထပ်ခါတလဲလဲ ရှင်းပြတတ်ပါသည်။ "ဆရာမပြောတာမြန်လို့ လိုက်မမှီဘူးဆရာမ" ဟု ပြောလျှင် စာကို ဖြည်းဖြည်း ခေါ်ပေးပါသည်။ "ခဲတံကျိုးသွားလို့ ဆရာမ" ဟုဆိုလျှင် ချွန်ပြီးသား ခဲတံကို ပေးပြန်ပါသည်။

ကျွန်တော်သည် ဆရာမအား အမျိုးမျိုး ဘုပြော၏။ ကျွန်တော် သတိထားမိသည်ကား ဆရာမသည် ကျွန်တော့်စကားကိုကြားတိုင်း သက်ပြင်းကို မသိမသာ ချတတ်ခြင်း ဖြစ်ပါသည်။

လစဉ်စာမေးပွဲများ ဖြေရပါသည်။ မခက်ပါ။ လူဦးရေများသော ကျောင်း၏ အခြေအနေအရ ကျွန်တော်က လိမ်မာပါးနပ်စွာ ခိုး ချ ပါ သည်။ အောက်တိုဘာလ၌ စစ် သော ပထမ အစမ်းစာမေးပွဲ၌မူ ခိုးချရန် မလွယ်ပါ။ သို့သော်အရေးမကြီးပါ။ စာမေးပွဲ ကျတော့ကော ဘာအရေးလဲ။

ကျွန်တော် လေးဘာသာ ဖြေသည့်အနက် သုံးဘာသာကျပါသည်။ ကျောင်းသား ၆၀ ရှိသည့် အနက် အဆင့် ၆၀ ရပါသည်။ကျွန်တော်၏အလယ်ကြူးမှု၊ ခေါင်းမာမှု၊ မိုက်မဲမှုတို့ကြောင့် ကျွန်တော် အိမ်တွင် အရိုက်ခံရပါသည်။ အိမ်တွင် မနေလိုတော့သဖြင့် ထွက်ပြေးမိပါသည်။ ထီးတန်းရှိ ဂိုဒေါင်များအကြားတွင် သူငယ်ချင်းတ စု နှင့် ကျက် စား နေ မိ ပါ သည်။ သုံးရက်ခန့် ကြာသော် အိမ်မှလူကြီးများက ဖမ်းမိပြီးပြန် ခေါ် သွား ပါ သည်။ သို့သော် ကျွန်တော်၌ ကျောင်းတက်လိုစိတ် မရှိ၍ အိမ်မှာပင်နေနေပါသည်။

တနေ့ ကျောင်းမှုံစားလွှတ်ချိန်တွင် ကျောင်းမှသူငယ်ချင်းသုံးယောက်ကျွန်တော့်ကို လာခေါ် ပါ သည်။ ကျွန် တော် မလိုက်ပါက ဆရာမ ကိုယ်တိုင်လိုက်လာမည်ဟု ပြောပါသည်။

ဆရာမကို ကျွန်တော့်ထံမလာ စေလိုသဖြင့် ကျွန်တော်လိုက် သွားပါသည်။

ကျောင်းရောက်လျှင် ဆရာ မသည် ကျွန်တော့် နဖူးကလေး ကို စမ်းပါသည်။ ဆံစကလေး များကို လက်ဖြင့် အယာအ ယာသပ်ပါသည်။ ဤကဲ့သို့ သော ယုယမှုများကို ကျွန် တော် မခံစားရဘူးပါ။ ကျွန် တော့်မိဘများမှာ ကျွန်တော် လူမှန်းမသိခင်ကပင် ကွယ်လွန် သွားကြပါသည်။ ကျွန်တော့် ကို ဦးလေးနှင့် အဒေါ်က ကျွေးမွေးထားပါသည်။

"လိမ်မာစမ်းပါ မောင်ထူး ရယ်။ မင်းဘာဖြစ်လို့ အိမ်က ထွက်ပြေးရတာလဲဟင်"

ဆရာမအသံက နူးညံ့ပျော့ ပျောင်းလှပါသည်။ ကျွန်တော် မျက်ရည်ကျလာမိပါသည်။

"ကျွန်တော့်ကို ရိုက်တယ် ဆရာမရဲ့။ ခေါင်းပေါက် သွား တယ်၊ ဒီမှာကြည့်ပါ"

"လိမ်မာစေချင်လို့ ဆုံးမ ရင်း မတော်တဆဖြစ်သွားတာ ပါကွယ်"

"အိမ်မှာနေယင် သိပ်ခိုင်း တယ်ဆရာမ။ အားကို မအား ရဘူး"

"လူတိုင်းမှာ တာဝန်တွေ ရှိတာပေါ့ မောင်ထူးရယ်။ သူ များအိမ်မှာ နေတဲ့ လူဆိုတာ ပိုပြီးတော့ အလိုက်သိရသေး တယ်။ကိုယ့်အမေ အဖေအစား ကျွေးမွေး စောင့်ရှောက်ထား တဲ့ မင်းဦးလေးနဲ့ အဒေါ်ကို ကျေးဇူးတောင် တင်ရအုံးမယ်"

ဆရာမသည် ကျွန်တော့် အင်္ကျီ ကြယ်သီးကလေးများကို တပ်ပေးနေပါသည်။

"လိမ်မာစမ်းပါကွယ်၊ လိမ် မာတဲ့သူကို ဘယ်သူက ရိုက်ပါ့ မလဲ။ မင်းဘဝမှာ အားကိုး စရာ ရှာကြည့်စမ်း။ မင်းပညာ ကို အခွင့်အရေး ရသလောက် တတ်အောင်သင်စမ်းပါ။ မပိုက် ချင်စမ်းပါနဲ့ ကလေးရယ်။

"ကဲ-ဒီနေ့ညနေပိုင်းကစပြီး ကျောင်းတက်နော်"

"ကျွန်တော် လွယ်အိတ်ပြန် ယူအုံးမယ်ဆရာမ"

"ဒီမှာလေ - မင်းလွယ် အိတ်"

ဆရာမက ဘီဒို အတွင်းမှ ကျွန်တော့်လွယ်အိတ်ကို ထုတ် ပေးပါသည်။ စာအုပ်များကို ထုတ်ကြည့်ရာ သေသပ်ညီညာ သောဆရာမ၏ လက်ရေးက လေးများကို ကျွန်တော့်စာအုပ် များထဲတွင် တွေ့ရပါသည်။

"မင်း ကျောင်း ပျက် ရက် တွေအတွက် ဆရာမ စာကူး ပေးထားတယ်။ အဲဒါတွေကို ပြန်ကြည့်နော်"

ဆရာမ၏ မေတ္တာကား ကြီး မားလှပါ၏။ ကျွန်တော်ဆရာမ ကို မုန်းနေခြင်းသည် မှားလေ စွ။ ဆရာမ၏ မေတ္တာကို ကျွန် တော် မှန်ကန်စွာ တုန့်ပြန်ပါ တော့မည်။ ကျွန်တော့်ကို ခွင့် လွှတ်ပါ ဆရာမရယ်။

# တိုက်ကြီးဆောက် စို့ကွယ်

တိုက်ကြီးဆောက်တမ်း
ကစားမယ်၊
အားလုံးလာကြကွယ်။

ဗိသုကာငယ် ပုံစံထုတ်၊
ကြိုက်ပြီစ၍လုပ်။

အုတ်မြစ်ချတော့ ပင်ကိုသရုပ်၊
အုတ်ကိုစီပေးပါ။

လက်ထဲမှာ သံလျက်ထား၊
ဘိလပ်မြေဖျော်သွား။

လက်သမားက ရွှေပေါ်ရှာ၊
တံခါးဘောင်ခွေပါ။

ပန်းဘဲဆရာ သံကိုကွေး၊
သံပန်းလုပ်လို့ပေး။

ဆောက်လုပ်ရေးဖက်
အင်ဂျင်နီယာ၊
ကောင်းစွာ ကြီးကြပ်ပါ။

ပြီးတဲ့ခါ မီးရေတပ်၊
ဆေးသုတ်ပြီးတော့အပ်။ ။

ဦးသုဘ



# ခိုင်ပန်းစုံ




မျိုးရင်းတူသော သန္တာကလေးနှင့် ယမင်းရွှေဝါ သစ်ခွမျိုးတို့သည် အပင်ပုမျိုးတွင် ပါဝင်ကြသည်။ မျိုးစိတ်ကွဲပြားသည်ကိုအပွင့်၏ "နှုတ်ခမ်း" အရှေ့အလယ် ပွင့်ချပ်ချင်း ခြားနားမှုတွင် တွေ့ကြရ၍ အရောင်အသွေးချင်းလည်း မတူကြပေ။ သို့သော် အပင်အနေအထားနှင့် ပန်းပွင့်ပုံတို့မှာ အတော်ပင် ဆင်တူကြသည်။ ပန်းခိုင်များက ကြီးကြီးမားမား မဟုတ်သလို အပွင့်ကလေးများကလည်း သေးသေးငယ်ငယ် ဖြစ်ကြသည်။

သန္တာကလေး၏ အရောင်မှာ သွေးနီရောင်ဖြစ်၍ ယမင်းရွှေဝါ၏ အသွေးမှာ သက်နီးရောင် သို့မဟုတ် သုံးဘီးကားရောင် ဖြစ်လေသည်။

အရွက်များသည် ခြောက်လက်မခန့်ရှည်၍ ရွက်ပြားအကျယ်မှာ လက်မဝက်ခန့်သာ ရှိသည်။ အလယ်မြောင်းပါသည်။ ယင်း သစ်ခွမျိုးတို့သည် ဖေဖော်ဝါရီ၊ မတ်လနှင့် ဧပြီလများတွင် ပွင့်သည်။ ရန်ကုန်-မန္တလေး ကားလမ်းတလျှောက် ကုက္ကိုပင်များတွင် အလေ့ကျပေါက်၍ ဖူးပွင့်နေကြသည်ကို တွေ့ရှိနိုင်သည်။ သို့သော် ယခုအခါ ကမ္ဘာတွင် သစ်ခွ ပန်းပင်ပုမျိုးများ ခေတ်စားလာနေ၍ သန္တာကလေးနှင့် ယမင်းရွှေဝါ တို့သည် မျက်နှာ ပွင့်လာဖွယ်ရာ ရှိပေသည်။




ဒေသအလိုက် ခေါ်ကြသော အမည်များရှိရာ၊ သန္တာကလေးကို တောင်ငူခရိုင်တွင် သကြန်ပန်းဟုရင်း၊ မိုးကတော့ဟုရင်း ခေါ်ကြသည်။ ယမင်းရွှေဝါကိုမူ တောင်ငူဖက်တွင် ကြက်တူ[illegible]င်း၊ သစ်ခွနီကလေးဟုရင်း ခေါ်ကြ၍ ပုသိမ်ခရိုင်[illegible]တော မြို့နယ်၌ သစ်ခွနီဟုရင်း၊ ရမည်းသင်းခရိုင်၌ သစ်ခွနီ၊ ကြောင်နီဟုရင် ခေါ်[illegible]သည်။

ကင်းသင်




ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ပုံနှိပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်[illegible] ၁၅၀၀ အုပ် [illegible] ကုဝ်ဝေ၍၊ ရန်ကုန်မြို့၊ ပုဇွန်
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်သိန်းက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၃၄။

# ရွှေသွေး ဂျာနယ်

## အနော်ရဝကါး


ဇာတ်လမ်း- မောင်မောင်အေး


သရုပ်ဖော်-

၁၃၃၅ ခု၊ ဝါခေါင်လဆုတ် ၁၂ ရက် (၂၅-၈-၇၃)




စနေနေ့တိုင်း ထုတ်ဝေသည်။


တောရွာလေးတရွာတွင် ဒေါ်နှင်းပုနှင့် မောင်အေးဟူသော သားအမိ နှစ်ဦးရှိ၏။
မူလတန်း
ဒေါ်နှင်းပုက မောင်အေးကို ရွာရှိ မူလတန်း ကျောင်းတွင် ကျောင်းထားပေး၏။
မောင်အေးသည် အတန်းထဲတွင် စာတော်ပြီး လိမ်မာသူကလေး ဖြစ်လေသည်။
ဆယ့်ခြောက် ငါးလီ ဘယ်လောက်လဲ -
ရှစ်ဆယ်ပါ ဆရာမ
မောင်အေး လေးတန်းအောင်မြင်သောအခါ
အမေ ကျွန်တော် မြို့ကျောင်းမှာ ဆက်ပြီး နေချင်တယ် - ထားပေး ပါလား အမေ - နော် - နော်
မောင်အေးလေးက အကြိမ်ကြိမ်ပူဆာသဖြင့်
သားရယ်၊ လူလေးကို အမေ မခွဲချင်ဘူး၊ ဒါပေမဲ့ သားက ဒီလောက်တောင် မြို့ကျောင်း မှာဆက်ပြီးနေချင်တယ်ဆိုတော့၊ အမေ ခွင့်ပြုရတော့မှာပေါ့ သားရယ်
မောင်အေးလေး မြို့ကျောင်းသို့ သွားမည့်နေ့၌
မြို့ကျောင်းရောက်တဲ့အခါ လိမ်လိမ်မာမာနေနော်သား
မင်းဦးလေးအိမ်မှာလဲ အစစ အလိုက်သိတတ်နော် လူလေး


ဟောဒီ သားအကျႌအတွင်းဖက်မှာ အမေငွေတဂျာ ထည့်ချုပ်ပြီး ပေးလိုက်တယ်၊ မြို့ရောက်တဲ့အခါ သားဦးလေးကိုပေးလိုက်နော်
ဟုတ်ကဲ့ အမေ
ပြီးတော့၊ အမေမှာလိုက်ဦးမယ်၊ သားဟာ ဘယ်တော့မှ မလိမ်ရဘူး၊ မညာရဘူး၊ မှန်တာကိုသာ ပြောဆိုနော်၊ မှန်တာကိုပြောလို့ ကိုယ့်မှာ နာချင်လဲ နာပစေသား
ကောင်းပါပြီ အမေ--
မြို့တက်မည့် လှည်းကြီး ရောက်လာသောအခါ
လာဟေ့ မောင်အေး သွားကြမယ်
ဟုတ်ကဲ့ ခင်ဗျာ
ဦးကြွက်နီတို့ ဒေါ်မသန်းတို့ မြို့ရောက်ယင် ကျွန်မသားလေးကို သူ့ဦးလေးအိမ် ရောက်အောင်သာ ပို့ပေးလိုက်ကြပါ
အေးအေး
စိတ်ချပါ မနှင်းပု
ကဲ လူလေး၊ ဦးကြွက်နီတို့နဲ့ လိုက်သွားပေတော့နော်၊ သာဓုကွယ်-သာဓု-သာဓု--- အမေ့သား ကြီးကြီးပွားပွားတိုင်းအောင် လုံအောင် တိုင်းမြောက်ပါစေကွယ်------
မောင်အေးတို့ လှည်းထွက်သွားသောအခါ ဒေါ်နှင်းပုမှာ မျက်ရည်ဝဲလျက် ကျန်ခဲ့လေ၏။


လမ်းတွင် ခရီးတထောက် ရပ်နားနေကြစဉ်
သောင်းကျန်းတစု ရုတ်တရက် ပေါ်လာပြီး
ဟေ့- မသေချင်ယင် ပါတာတွေ အကုန် ထုတ်ပေးကြဟေ့
အမယ် လေး
ရှိတာတွေအကုန်ယူပါ အသက်ကိုတော့ချမ်းသာ ပေးကြပါခင်ဗျာ--
အသက်ကိုတော့ ချမ်းသာပေးပါရှင်
ဟေ့-ချာတိတ်-မင်းမှာကော ဘာပါလဲ၊ ပြောစမ်း
ငွေတကျ ပါ ပါတယ်ခင်ဗျာ
လူဆိုးသည် မောင်အေး၏ ထန်းခေါက်ဖာ ထဲ၌ ငွေများကို ရှာဖွေ၍ မတွေ့သောအခါ
ဘယ်မလဲကွ မင့်ငွေတကျ သက်သက် ငါ့ကိုလိမ်တာ
ဖြန်း
ကျွန်တော်မလိမ် ပါဘူးခင်ဗျာ
မလိမ်ယင် - လာ ဗိုလ်ကြီးဆီလိုက်ခဲ့
ဟုတ်-ဟုတ်-ဟုတ်ကဲ့


ဒီငနဲ လေးက သူ့မှာ ငွေတကျပ်ပါတယ် ပြောပြီး ရှာတော့လဲ မတွေ့ဘူး ဗိုလ်ကြီး
ခင်း
ဟေ့ချာတိတ်၊ မင့်မှာ ငွေတကျပ်ပါတာ အမှန်ဘဲလားကွ
မှန်ပါတယ် ခင်ဗျာ
ဒါဖြင့် ဘယ်မလဲကွ
ဟောဒီအကျီအတွင်းဖက်မှာပါ၊ အမေ ထည့်ချုပ်ပေးလိုက်ပါတယ် ခင်ဗျာ-
ဗိုလ်ဖြစ်သူသည် ငွေကို ထုတ်ယူလိုက်ပြီးနောက်
ဟေ့ချာတိတ်၊ မင့် နာမယ်ဘယ်လိုခေါ်လဲ
မောင်အေးလို့ခေါ် ပါတယ်ခင်ဗျာ
မင်းမှာ ငွေတကျပ်ပါလာတဲ့အကြောင်း ငါ့ကိုပြောပြယင်၊ ဒီကမင့်ငွေတကျပ်ကို ယူလိုက်မယ်ဆိုတာ မသိဘူးလား
သိတော့သိပါတယ် ခင်ဗျာ၊ ဒါပေမဲ့ အမေက ဘယ်တော့မှမလိမ်ရဘူး၊ မညာရဘူး၊ မှန်တာကိုသာပြောဆိုရမယ်၊ မှန်တာပြောလိုက်ပိုသ်မှာ နာချင် နာပစေလို့ အမေက ကျွန်တော့်ကို မှာလိုက်ပါတယ် ခင်ဗျာ


ဒါကြောင့်မို့၊ အမေ့စကားကို ကျွန်တော် နားထောင်ပြီး မှန်တဲ့အတိုင်းပြောတာဘဲ မှန်ပါတယ် ခင်ဗျာ
ထိုအခါ သောင်းကျန်းဗိုလ်သည် အလွန် တရာမှ စိတ်ထိခိုက် သွားလေ၏။
အော်-မောင်အေး- မောင်အေး--- ငယ်ငယ်ကလေးနဲ့၊ မိဘစကားကို နားထောင်ရမှန်းသိလိုက်တာ၊ အရွယ်နဲ့မလိုက်အောင် သိမြင်လှပါပေတယ်-
ငါဟာ ဒီအသက် ဒီအရွယ် အထိရောက် လာပြီ၊ မိဘစကားကိုတလုံးမှ ငါနားမထောင် ဘူးသေးဘူး၊ ဒါကြောင့်မို့လဲ အခုလိုဆိုးသွမ်း တဲ့ ဘဝကိုရောက်နေရတာဘဲ---
ငယ်စဉ်က မိမိအား မိခင် ကြီးက ဆုံးမခဲ့သည်ကို ပြန်ပြီးသတိရမိ၍ ယူကျုံး မရ ဖြစ်ရလေ၏။
မောင်အေး မောင်အေး၊ မင်းကလေးနဲ့ တွေ့ရတော့မှဘဲ၊ ဦးမိုက်လုံးကြီးခဲ့တာ တွေကိုနောင်တတရားရတော့တာဘဲကွယ်



ကျေ့ကျေ့မင်းကလေးရဲ့ငွေတကုကိုလဲ ဦးမယူရက်တော့ပါဘူးကွယ် ---
ကျေးဇူး တင်ပါတယ် ခင်ဗျာ
တပည့်တို့၊ ခရီးသည်တွေရဲ့ပစ္စည်းတွေ အားလုံး ကိုလဲ ပြန်ပေးလိုက်ကြပါကွယ် - ပြီးတော့ သူတို့သွားလိုက ကိုလဲ အေးအေး ချမ်းချမ်း သွားကြပါစေကွယ်
ဟုတ်ကဲ့ ဗိုလ်ကြီး
မောင်အေးတို့ လှည်းထွက်သွားသောအခါ
ကဲ တပည့်တို့နားထောင်ကြ၊ တပည့်တို့ကိုလဲ ခုနက ခလေးကိုကြည့်ပြီး နောင်တရကြဖို့ သင့်ပြီ၊ ဒီတော့၊ ဒီနေ့ကစပြီးသမာအာဇီဝ ကောင်းသောအလုပ်နဲ့ အသက်မွေးကြမယ် ဘယ့်လိုလဲ၊ သဘောတူ ကြရဲ့လားကွဲ့
တူပါတယ် ဗိုလ်ကြီး
ကဲ ဒါဖြင့်၊ တပ်မတော်ကိုသွားပြီး လက်နက် အပ်ကြမယ် ---
အမြင်မှန်ရသူတို့၏ တပ်ချီသွားပုံကား ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံလှပေသတည်း။



# ဝံလှကြီးသော မိသားရှာ (ခမာပုံပြင်)

မုံရွာဝင်းမေ

ပန်းချီ-ကျော်ကျော်



တခါက ရွာတရွာတွင် ခမာအမျိုးသမီးကလေး တဦး ရှိ၏။ တနေ့တွင် သူသည် သူ့မိသားစုအတွက် ဟင်းချက်စရာများ ရှာရန် ခြင်းတောင်းနှင့် တူရွင်းပြားကို ယူပြီး တောထဲသို့ ထွက်လာခဲ့သည်။ တောထဲသို့ ရောက်၍ သစ်ဥသစ်ဖုများကို တူးနေစဉ် သူ၏တူရွင်းပြားသည် လက်မှချော်ပြီး ချောက်ထဲသို့ ကျသွားလေ၏။ထိုအခါ သူသည် ကြံရာမရဖြစ်ပြီး အော်ဟစ်၍ အကူအညီတောင်းရာတွင် ကျားအိုကြီးတကောင် ထွက်လာလေသည်။

"ဟဲ့ ကောင်မလေး၊ နင့်တူရွင်းပြားကို ငါယူပေးမယ်။ နင်က ငါ့ခေါင်းက အနာထဲမှာ လောက်တွေမရှိအောင် လုပ်ပေးပါ"ဟု ကျားကြီးက ပြောရာ အမျိုးသမီးလေးက သဘောတူသဖြင့် ကျားကြီးသည် ချောက်ထဲသို့ဆင်းပြီး တူရွင်းပြားကို ယူပေးလေသည်။ ထိုအခါ အမျိုးသမီးကလေးကလည်း ကျားကြီး၏ ခေါင်းမှ အနာကို သန့်စင်ပေးပြီး "ကျားကြီးရဲ့အနာက သက်သာနေပါပြီ" ဟု ပြောပြရာ ကျားကြီးမှာ စိတ်ချမ်းသာ သွားလေ၏။ ကျားကြီးမှာ ကောင်မလေးကို ကျေးဇူးတင်လှသဖြင့် "ဟဲ့ကောင်မလေး နင့်ခြင်းတောင်းကို ငါ့ပေးစမ်း၊ နင့်အတွက် ဟင်းသီးဟင်းရွက်တွေ ထည့်ပေးမယ်" ဟု ဆိုကာ ခြင်းတောင်းကို ယူပြီး ချောက်ထဲသို့ ဆင်းသွားလေ၏။ ခဏကြာသော် ကျားကြီး ပြန်တက်လာပြီး ဖက်ရွက်များဖြင့် လုံအောင် ဖုံးအုပ်ထားသော ခြင်းတောင်းကို ကောင်မလေးထံ ပေးအပ်လိုက်၏။ ကောင်မလေးလည်း ခြင်းတောင်းကိုယူကာ ကျားကြီးကို နှုတ်ဆက်ပြီး အိမ်သို့ ပြန်လာခဲ့လေသည်။ အိမ်သို့ ရောက်၍







မိသားစုရှေ့တွင် ခြင်းတောင်းကို ဖွင့်ကြည့်လိုက်ရာ ရွှေတုံးငွေတုံးများ ဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုအကြောင်းကို အိမ်နီးချင်း မိသားစုတစုက ကြားသိလေ၏။ လောဘကြီးသော ထိုမိသားစုသည် ရွှေငွေကိုတပ်မက်သည့်စိတ်ဖြင့် သူတို့မိသားစုထဲမှ ကောင်မကလေး တယောက်ကို ထိုနည်းအတိုင်းလုပ်ဆောင်ရန် စေခိုင်းလိုက်လေသည်။

ထိုကောင်မကလေးသည်လည်း တူရွင်းနှင့် ခြင်းတောင်းကို ယူကာ တောထဲသို့ ထွက်လာခဲ့၏။ တောထဲသို့ ရောက်သော် သူ၏တူရွင်းကို ချောက်ထဲသို့ တမင်လွှတ်ချလိုက်ပြီး အော်ဟစ်ကာ အကူအညီတောင်းလေသည်။



ထိုအခါ ရှေးနည်းအတိုင်း ကျားကြီးထွက်လာပြီး တူရွင်းပြားကို ယူလာကာ ကောင်မကလေးထံသို့ ပြန်ပေးလေသည်။ ထို့နောက် ကျားကြီးက ကောင်မကလေးအား သူ၏ခေါင်းမှ အနာကို သန့်စင်ခိုင်းရာ ကောင်မကလေးမှာ စိတ်ထားယုတ်ညံ့သူ ဖြစ်သဖြင့်၊ ကျားကြီး၏ အနာကို ဝတ်ကျေတန်းကျေသာလျှင် ဆေးကြောသုတ်သင်ပေးလိုက်၏။ နှုတ်မှလည်း "အနာကြီးကလဲ ရွံစရာကောင်းလိုက်တာ" ဟု ပြောလိုက်သေးသည်။





ထိုအခါ ကျားကြီးက "နင့်အတွက် ငါ ရွှေတွေငွေတွေ ထည့်ပေးမယ်" ဟု ပြောကာ ကောင်မကလေး၏ ခြင်းတောင်းကိုယူပြီး ချောင်းထဲသို့ ဆင်းသွားလေ၏။ ခဏကြာသော် ပြန်တက်လာပြီး ဖက်ရွက်များဖြင့် လုံစွာဖုံးအုပ်ထားသော ခြင်းတောင်းကိုကောင်မကလေးထံပေးလိုက်လေသည်။


ကောင်မကလေးလည်း ဝမ်းသာ အားရဖြင့် အိမ်ပြန်လာပြီး အိမ်ရောက်သော် မိသားစုအားလုံး၏ရှေ့တွင် ခြင်းတောင်းကိုဖွင့်လိုက်၏။ ခြင်းတောင်းကို ဖွင့်လိုက်ရာတွင် သူတို့ မျှော်လင့်သကဲ့သို့ ရွှေငွေများကို မတွေ့ရဘဲ ခြင်းတောင်းထဲမှမြွေကြီးတကောင်ထွက်လာပြီး သူတို့အားလုံးကို ပေါက်သတ်လိုက်လေတော့၏။

လောဘကြီးသော မိသားစုမှာ အသေဆိုးဖြင့် သေဆုံးသွား ရလေ တော့သည်။ ။




ဇာတ်လမ်း
ဟန်ညိုတင့်
ကာတွန်း
မေမေက ဈေးရောင်းသွားခါနီးတွင်
ဟုတ်ကဲ့ မေမေ
နေ့လည် မုန့်စားဆင်းချိန်တွင်
မောင်ထူးသည်အမေပေးလိုက်သော မုန့်ဘိုးကို ဘောလုံးဝယ်ရန်အတွက် စုထားလို၏။ ဗိုက်ကမူဆာနေလေပြီ။
ဝိုင်းအုံနေသောကျောင်းသားများကြားမှကြာဆံကြီးသုပ်တပွဲကိုအတင်းလုယူ၍ စားပြီးနောက်
မောင်ထူးသည်စားပြီးသောပန်းကန်ကို မုန့်သည်အဒေါ်ကြီးမသိအောင်ထားခဲ့၍ပိုက်ဆံမပေးဘဲထွက်လာခဲ့၏။
ဟဲ ဟဲ.. ငါ့အကြံ မဆိုးပါလား


မောင်ထူးသည် ကိုယ့်အတွေးနှင့် ကိုယ် လျှောက်လာရာမှ
မောင်ထူးအိမ်သို့ ပြန်ရောက်၍ မေမေ့အား အကြောင်းစုံ ပြောပြလေလျှင်


ဘယ်ဟုတ်ရမှာလဲ.. ပေါ့.. အရိုက်ခံရလို့ ကြောက်တဲ့ အသိ ထက်.. ကိုယ့်ဖာသာ နားလည်တဲ့ အသိ က ပိုကောင်းတာပေါ့..
သားလဲမှတ်ထားကွဲ.. ကောင်းစဉ်မြင် ကောင်းချင်ချင် ဆိုးစဉ်မြင် ဆိုးချင်ချင်ဆိုတဲ့ စကားလို ငယ်ငယ်ကတည်းက စိတ်ထားကောင်းမှ ကြီးလာရင် ခေါင်းဆောင်ကောင်းဖြစ်မှာ..
ဟုတ်ပါတယ် မေမေ..
ဒါပေါ့ သားရဲ့ မရှိတဲ့ လူတွေ အတွက် အထောက် အပံ့ဝင်တာ ပေါ့..
ဟဲ့.. စကားကောင်း နေလိုက်တာ.. ကောက်ညှင်းဆန် မြန်မြန် သွား ယူလေ.. ဈေးထိပ် သွားယင် ကောက်ညှင်းပေါင်း မကျန်တော့ဘဲ ဖြစ်နေအုံးမယ်..
အပြန်လမ်းတွင်


# တဦးတည်းသော အမျိုးသမီး အာကာသယာဉ်မှူး



ယနေ့ထိ အမျိုးသား အာကာသယာဉ်မှူး များစွာ ပေါ်ထွက်ခဲ့သော်လည်း အမျိုးသမီး ထဲမှ တဦးတည်းသာ ရှိသေးသည်။ ယင်းမှာ ဆိုဗီယက်ယူနီယန်မှ ဗလန်တီနာဖြစ်၏။ ၁၉၃၇ ခု မတ်လ ၆ ရက်နေ့တွင် သူ့ကို မွေးဖွားခဲ့သည်။ ဖခင်မှာ လယ်သမားဖြစ်၍ ဒုတိယ ကမ္ဘာစစ် အတွင်းက တပ်နီတော်တွင်အမှုထမ်းရင်းကျဆုံး ခဲ့သည်။ စစ်အပြီးတွင် မိခင်ကြီးက ချည်စက်တွင် အလုပ်လုပ်ပြီး ဗလန်တီနာက ကျောင်းစနေ သည်။ ၁၉၅၃ ခုနှစ်တွင် မော်တော်ကား တာယာလုပ်စက်ရုံတွင် အလုပ် လုပ်ရသည်။ ထို့နောက် ချည်စက်သို့ ပြောင်းသည်။ အလုပ် လုပ်ရင်း စာပေးစာယူ သင်တန်းဖြင့် စက်မှု လက်မှုပညာကို သင်ယူသည်။ အားလပ်ချိန်များ တွင် လေထီးခုန် လေ့ကျင့်ရှိသည်။ ၁၉၆၂ ခုနှစ် တွင် အာကာသယာဉ်မှူးအဖြစ် ရွေးချယ်ခံရပြီး နောက် လေယာဉ်အမျိုးမျိုးကို အမောင်းသင်ရ သည်။ ဂျက်တိုက်လေယာဉ်ပုံများကိုပင် ကျွမ်း ကျွမ်း ကျင်ကျင် မောင်းနှင် တတ်လာသည်။ ၁၉၆၃ ခု ဇွန်လ ၁၆ ရက်နေ့တွင် ဗော့စတော့ အမှတ် ၆ ၏ အာကာသယာဉ်မှူးအဖြစ် လိုက် ပါသွားပြီး ဇွန်လ ၁၉ ရက်နေ့တွင် ကမ္ဘာမြေ ပြင်သို့ ဘေးကင်းစွာ သက်ဆင်းနိုင်ခဲ့သည်။ အာ ကာသထဲတွင် ခရီးမိုင်ပေါင်း ၁,၂၂၅,၀၀၀ ခန့် ပျံသန်းခဲ့သည်။ ဗော့စတော့ အမှတ် ၃ ၏ အာကာသယာဉ်မှူး နီကိုလေ ဗီ နှင့် ၁၉၆၃ ခု နိုဝင်ဘာလ ၃ ရက်နေ့တွင်လက်ထပ်လိုက်သည်။

အောင်သန်းချစ်

## လမ်းလျှောက်သောအရုပ်




အနံ ၄ လက်မ၊ အလျား ၃ လက်မ၊ ကပ်ပြားမထူမပါးကို ပုံ (၁)အတိုင်း အရုပ်ရေးဆွဲ၍ ဖြတ်ယူပါ။ ထို့နောက် ပုံ(၂)ကဲ့သို့ အရုပ်ကိုထောင်ထားပြီး၊ နောက်ဖက်မှ ကပ်ပြားတခုခံကာ အပေါက်ထဲသို့ လေမှုတ်ပါ၊ အရုပ်လမ်းလျှောက်ပါလိမ့်မည်။





# ဖါးလောင်းပုံပြင်

မြ[illegible]









တချိန်က ဖားလောင်းက လေးတကောင် ရှိသည်။ အစစ အရာရာကို သူသာလျှင် သိသည်ဟု ထို ဖားလောင်း ကလေး က ထင်မှတ်လေ၏။ သူ့ထက် ကြီးသော အခြား ဖားလောင်းများ က ပြောသော စကားကိုလည်း အရေးမစိုက်ပါ။

ဖားကြီးများက "ဟဲ့ကောင် မင်းဘာဖြစ်လို့ ဘဲတွေနားကို သွားရတာလဲ ဘဲစာဖြစ်သွားချင်သလား"ဟုပြောကြသည်။

ထိုအခါ ဖားလောင်းကလေး က "တယ်ဖားပါးဝတဲ့ ဖားတွေဘဲ၊ သူတို့ကိုယ်သူတို့ ဘာများ အောက်မေ့နေသလဲ မသိဘူး၊ သူများတွေကို လိုက်ပြီး အာ ဏာပေးနေတာဘဲ"ဟု တွေး၍ စိတ်ဆိုး နေသည်။ ထို့နောက် ဆက်ပြီး "ခင်ဗျားကြီးတို့က ဘဲတွေအကြောင်း ဘယ်လောက်များ သိလို့လဲ၊ ခင်ဗျားကြီးတို့ ကိုယ်တိုင်က ဒီရေကန်ကိုရောက်တာ ခြောက်ပတ် ကျော်ကျော် ဘဲရှိသေးတယ်လို့ ပြောသံကြားတယ်၊ ကျွန်တော်ဆိုယင် တသက်လုံး ဒီကန်ထဲမှာ နေလာတာဘဲ"ဟု ဖားများကို ပြောလိုက်သည်။

"မင်းအဖို့ တသက်ဆိုတာ သုံးပတ်ဘဲရှိသေးတာ၊ ဒီကောင်ကလေး အရိုက်ခံချင်တယ် ထင်တယ်"ဟု ဖားများက ပြောပြီး ဖားလောင်းကလေးကို ဝိုင်းပြီး ရိုက်ကြသည်။

"ဖားတွေက ဘာအသုံးကျလို့လဲ၊ စိတ်ကောင်းရှိတဲ့ သတ္တဝါတွေ မဟုတ်ဖူး၊ ငါတွေ့သမျှ သတ္တဝါတွေကို ဖားတွေအကြောင်း တိုင်ရအုံးမယ်"ဟုဖားလောင်းကလေးက စိတ်ကူးလိုက်သည်။

ထို့နောက် ဖားလောင်းကလေးသည် ငါးများထံသို့ သွားပြီး "ငါးလေးတွေရယ် ဖားတွေဟာ ဘာအသုံးကျသလဲ၊ ဒီရေကန်က နှင်ထုတ်ပစ်ဖို့ ကောင်းတယ်။ ခင်ဗျားတို့ ထောက်ခံတယ် မဟုတ်လား" ဟု မေးလိုက်၏။

ငါးကလေးများက ဝိုင်းရယ်ကြသည်။ ရယ်ရလွန်း၍ ဖားလောင်းကလေး၏ အမေးကိုပင် မဖြေနိုင်ကြပါ။

"ဒီငါးတွေ ဘာများ ရီနေတာလဲ မသိဘူး၊ ငကြောင်တွေဘဲ"ဟု ဖားလောင်းကလေးက တွေးပြီး စိတ်ဆိုးစွာဖြင့် ထွက်သွားသည်။

မကြာမီ ရေပိုးကလေးနှင့် တွေ့ဆုံမိသောကြောင့် ရေပိုးကလေးကို ဖားလောင်းက ပြောပြန်သည်။ ရေပိုးကလေးသည်လည်း ရယ်မောရလွန်း၍ အသက်ရှူရန် လေကုန်သွားကာ ရေပေါ်သို့ တက်ပြီး လေရှူရလေသည်။

"ဒီရေပိုးလဲ မစွံပါဘူး၊ ဘာများ ရီစရာရှိလို့လဲ မသိပါဘူး။ ငကြောင်တွေဘဲ"ဟု တွေးပြီး

ဖားလောင်းကလေးသည် ရေကင်းလိပ်ချောထံသို့ ကူးသွားသည်။

"ဖားတွေကို ဒီရေကန်ထဲက နှင်ထုတ်ဖို့ ကောင်းတယ်၊ ခင်ဗျားတို့ ထောက်ခံတယ်မဟုတ်လား" ဟု ဖားလောင်းက ကင်းလိပ်ချောကိုမေးလိုက်ပြန်သည်။

ရေကင်းလိပ်ချောသည်လည်း ထိုစကားကို ကြားရသောအခါ ဟားတိုက်၍ ရယ်လိုက်သည်။ ရေကင်းလိပ်ချောမှာ ရယ်ရင်းမှ စားနေသောယင်ကောင်ကို အလျင်စလို မြို ချလိုက်ရသောကြောင့် အစာနင်လေတော့သည်။

ရေကင်းလိပ်ချောကို ပြော၍ မရသောအခါ ခရုထံသို့သွားပြီး "ဖားတွေဟာ ငကြောက်ကြီးတွေ၊ ဘဲတွေကို တောင်ကြောက်တယ်တဲ့၊ ဖားတွေ ကျဆုံးပါစေ၊ ဖားတွေကို ဒီရေကန်က နှင်ထုတ်ကြရအောင်" ဟု ပြောလိုက်ပြန်သည်။

ထိုအခါ ခရုက "မရူးစမ်းပါနဲ့" ဟု ပြောပြီး ရယ်လိုက်သည်။ ထိုအခါ ကိုယ်တွင်းမှ လေများထွက်ကုန်သဖြင့် ခရုမှာ လေအသစ် ရရှိရန် ရေပေါ်သို့ အပြေးတက်သွားရလေသည်။

"ဒီကောင်တွေ အားလုံး ဘာဖြစ်လို့ ရီကြတာလဲ မသိဘူး ရီစရာလဲ မဟုတ်ဘဲနဲ့" ဟု ဖားလောင်းကလေးက သူ့ကိုယ်သူ ပြောလိုက်၏။

ဖားလောင်းကလေးမှာ အဘယ်ကြောင့် ရယ်ကြသည်ကို နားမလည် နိုင် ဖြစ်နေတော့သည်။

"ခင်ဗျားတို့ ဘာရီကြတာလဲ.... ကျွန်တော့်ကို အရူးလုပ်ချင်လို့လား" ဟု ဖားလောင်းကလေးက အော်မေးလိုက်သည်။

ထိုအခါ ငါးကလေးများ၊ ရေကင်းလိပ်ချော၊ ရေပိုးနှင့် ခရုတို့က နောက်တကြိမ် ရယ်မောလိုက်ကြပြီး "မင်းကို ဒို့ဂုဏ်ပြု တခု ပေးမယ်၊ မင်းအသက် တလ ခွဲပြည့်လို့ ဒို့ဆီကိုလာပြီး ဖားတွေကျဆုံးပါစေလို့ ပြောနိုင်ယင် ဒို့ကဖားတွေကိုဒီရေကန်က နှင်ထုတ်ပေးမယ်" ဟုပြောလိုက်ကြသည်။

"ကျွန်တော် တလခွဲနေယင် လာဖြစ်အောင် လာခဲ့မှာဘဲ" ဟု ဖားလောင်းကလေးက ဝမ်းသာအားရ ပြောဆိုပြီး ထွက်သွား၏။

တလခွဲကြာသောအခါ ဖားလောင်းကလေးသည် ငါးကလေးများထံသို့ ရောက်မလာတော့ပါ။ အဘယ်ကြောင့် သူ့ဂတိအတိုင်း မလာသနည်း ဟူသောအဖြေကို သင်တို့ဖြေနိုင်ပါသလား။

## ကမ္ဘာ့သမုဒ္ဒရာကြီးများ

အာရှတိုက်ရဲ့ တောင်ဖက်မှာ၊
အိန္ဒိယကွဲ သမုဒ္ဒရာ။

အနောက်ဖက်မှာ အတ္တလန်တိတ်၊
အရှေ့ဖက်က ပစိဖိတ်။

မြောက်ဖက်ထိပ်က အာတိတ်ပါ
သိမှတ်ကြဖို့ရာ။

အန္တာတိတ်ဟာ တောင်ဖက်ဖျား၊
ရေခဲပြင်တလွှား။

ပိုင်းခြားထားတဲ့ ရေကမ္ဘာ၊
လေးပိုင်းသုံးပိုင်းပါ။

တပိုင်းမှာ ကုန်းမြေသား၊
ကမ္ဘာ့တိုက်ကြီးများ။ ။

သလ္လာ—မောင်လှသွေး



R. 517



# ခိုင်ပန်းစုံ

အပွင့် အရွက် ဆင်တူကြသော သစ်ခွ နှစ်မျိုး ဖြစ်၍ အလယ်တွင် ခရမ်းရင့်ရောင်အကွက် ပါသော ရွှေတူအာ်မဲသည် ရွှေတူသစ်ခွ၏ မျိုးခွဲဖြစ်၏။ ပင်စည် တိုတုတ်၍ အရင်းအဖျား ရှူးပြီး အလယ်ဝမ်းပူသည်။ အမြောင်းများပါ၍ အဆစ်သုံးလေးခု ရှိသည်။ အဖျားချွန်သော အရွက်များသည် ပင်စည်၏ ထိပ်ဖျားမှ သုံးလေးရွက်ခန့် ထွက်သည်။ အရွက်၏ အရင်းမှ ဖူးတံထွက်၍ ဝင်းဝါသော အပွင့် ခုနစ်ပွင့် ရှစ်ပွင့်ခန့် ပါရှိသည်။ ''နှုတ်ခမ်း'' သည် ကတ္တီပါသားကဲ့သို့ရှိ၍ အဖျားဝိုင်းပြီး အတိုက်များရှိသည်။ ဆောင်းနှင့် နွေဥတုတွင် ဖူးပွင့်ကြ၍ အပွင့်များသည် အပင်တွင် နှစ်ပတ်ကျော်ခန့် ခံလေသည်။



မြန်မာနိုင်ငံ နေရာအနှံ့၌ ပေါက်ရောက် ဖြစ်ထွန်း၍ ဒေသအလိုက် အမည်အမျိုးမျိုး ရှိလေသည်။ ရွှေတူကို ရွှေဘိုခွဲ၌ကြက်ဥနှစ်၊ ကသာဖက်တွင် ကြက်ဥနှစ်ကြီး၊ သပိတ်ကျင်းတွင် လက်တံတို၊ မင်းတပ်၊ ဗန်းမော်၊ မန္တလေးနှင့် တောင်ကြီးတွင် မောက်ခမ်းဝါ၊ လားရှိုး၌ ကြောင်မျက်လုံး၊ ပြည်နှင့် မင်းတုန်းမြို့နယ်တို့တွင် ရွှေတူကြီး၊ ရမည်းသင်းနှင့် ပျဉ်းမနားဖက်၌ တခိုင်လုံး ရွှေအဝါ၊ တောင်ငူ၌ ဖယောင်းပန်းဝါ၊ ရပ်စောက်မြို့နယ်နှင့် ကယားပြည်နယ်တွင် မော်ခမ်းလွှန်ဟုတ်၊ သာယာဝတီနှင့် ထားဝယ်ဖက်တွင် ရတနာရွှေခက်၊ သံတွဲနယ်တွင် တခိုင်လုံးရွှေဝါ၊ ဖါးအံနယ်ဖက်က ကြက်သွေးကြီး၊ ကော့သောင်က ငွေပန်းခိုင် စသဖြင့် အမျိုးမျိုး ခေါ်ကြသည်။ ရွှေတူအာ်မဲကိုလည်း မေမြို့၌ အာ်မဲကြီး၊ တံခွန်လုံး ရွှေအာ်မဲ၊ မန္တလေးဖက်ကမူ အာ်မဲရိုးရိုး၊ တခိုင်လုံး ရွှေအာ်မဲဟူ၍ ခေါ်ကြသည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၃၅။

# ရွှေသွေး ဂျာနယ်

## ဆိုးသော...... ကောင်ကောင်

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-အောင်ကြွယ်

၁၃၃၅ ခု၊ တော်သလင်း လဆန်း ၅ ရက် (၁-၉-၇၃)



စနေနေ့ တိုင်းထုတ်ဝေသည်။


မောင်မောင် စာမကျက် သေးဘူးလား
ကျက်မှာပေါ့- "ဇါတ်လမ်းပဒေ" မပြီးသေးလို့ပါ
မောင်မောင်သည် လူကြီးများက ခိုင်းလိုက်လျှင် တခါတရံသာ လုပ်ပေး၏။ ဆင်ခြေလည်းပေး၏။
သူ့ဖခင်သည် မောင်မောင်၏ကျောင်းမှ ဆရာနှင့် ဆွေးနွေး၍ပြန်လာပြီး—
သူ့ဆရာက - ဒီသူငယ်ဟာ - ဒ ကော်ပေးလဲမဖြုံဘူးတဲ့၊ - အဲ - သူများက - ခိုင်းရင်တော့ မကြိုက်ဘူးတဲ့၊ သိပ်ရှက်တာဘဲတဲ့။ ဒီတော့ သူ့မှတ်သွား အောင် x x x x x x x x x x
ကောင်းသားဘဲ
တနေ့တွင် မောင်မောင်သည် အင်္ကျီပုခုံးစုတ် ပြဲ၍ ကျောင်းမှ ပြန်လာသည်။
သားကလေးရယ် - အမေ့ကို - ဆပ်ပြာနဲ့အပ်ချည် ဝယ်ပေးပါလား
အမေကလဲ— သားမအားသေးဘူး အောင်သိန်းတို့ - ထွန်းကြွယ်တို့ နဲ့ ချိန်းထားတယ်
ထိုသို့ဆင်ခြေပေးပြီး အင်္ကျီ တထည်လဲကာ ကစားရန်ထွက်သွားလေတော့သည်။
သားအင်္ကျီ ပြဲလာတာ ချုပ်ပေး နော်
ကစားပြီး ပြန်လာသောအခါ ပေကျံနေသောအင်္ကျီကိုချွတ်၍ မိခင်ထံသွားပေးပြီး....
အမေ သားအင်္ကျီ လျှော် ပေး ပါ
သားဆာလာတယ် ထမင်းစားပြီး အိပ်တော့ မယ်
နံနက်တွင်
အမေရယ် - သား ကျောင်းသွားဖို့ အင်္ကျီ လျှော်ဖွပ်ပြီးသား ပေး ပါအုံး
လျှော်ဖွပ်ပြီးသားမရှိဘူး၊ ဆပ်ပြာမရှိလို့ မလျှော် ရဘူး၊ သားကို မနေ့က ဆပ်ပြာ ဝယ်ခိုင်းတာ ဝယ်မှမပေးဘဲ



ကျနော့် အင်္ကျီ အစုတ်ကော် ချုပ်ပြီးပြီလား
ဘယ်ချုပ်ရအုံးမလဲ- အပ်ချည်မှ မရှိဘဲ.... မင်းက-မဝယ် ပေးဘဲကိုး၊ကွဲ
ဟာဗျာ – ဒီလိုဆို-ကျနော် အခုသွားဝယ် ပေးမယ်လေ
အချိန်မရှိတော့ဘူး - သား၊ သား ကျောင်းနောက်ကျနေလိမ့်မယ်၊ ဒီနေ့တော့ -အစုတ်လေးဘဲ ဝတ်သွားပါတော့
ကျောင်းတွင်
ခစ်ခစ်
ခစ် ခစ်
မင့်အင်္ကျီက တယ်ကောင်းပါလား ၊ နိုင်ငံခြားက လာတဲ့-ဓါ-အင်္ကျီ ထင်တယ်.... ဟားဟား - ဟား:ဟား
အိုက်မှာစိုးလို့ ပြတင်းပေါက်-ဖေါက်ထားတာပါကွ.... ဟားဟား-ဟား
အဲဒါ "ဗျစ်မြဲ" အင်္ကျီလို့ ခေါ်တယ် ဟားဟား
ညနေတွင်
မေမေ — သား ဆပ်ပြာနဲ့အပ်ချည် ဝယ်ပေးမယ်လေ
အေး — သား ရော့ - ပိုက်ဆံ
အင်း — သူ့ဆရာ ဖြော တာ - ဟုတ်တာဘဲ
နောက်နေ့တွင် မောင်မောင်သည် အဝတ်ကောင်းကောင်း ဝတ်သွား ရသော်လည်း စာသင်စဉ် ဆော့နေသဖြင့် ဆရာက ခေါ်ထုတ်ပြီး
မောင်မောင် - သရာ-အခုသင်နေ တာတွေ - မှန်မှန်ပြောမ စမ်း ...... ထ ပြော...
ဝါး
ဟား:ဟား
ဟားဟား
ဟားဟား
ဟားဟား
ဟားဟား
အဲ
အဲ
အာ
အယ်
မောင်မောင် မဖြေနိုင်၍ ဝိုင်းရယ်ကြသည်။



တနေ့တွင် မောင်မောင်ကျောင်းမှပြန်ရောက် လာသောအခါ ဖခင်က ....
ဆံသ ဆရာ-ဖ-ခုရှိတိတိချိန်းထား တယ် ဖေ့ဆရာက ဆံပင်တိုတိုထား ရမယ်ဆို
ဟုတ်ကဲ့အဖေ-ဒါပေမယ့်-သား ဘောကန်စရာ ရှိသေးတယ်၊ ပြန်လာ မှာပေါ့
၆-နာရီခွဲနီးပါးမှ မောင်မောင် ပြန်ရောက် လာသောကြောင့် ....
မောင်မောင် ရယ်-နောက်ကျ ပြီချေလား
အဖေကလဲ အသုံးညှပ်မှာပေါ့-ရှိပါသယ်
ဆံသဆရာသည် ဆံပင်ကို တဝက်းသာညှပ် ပြီး ပစ္စည်းများကိုသိမ်း၍ ပြန်မည်ပြုရာ....
ဟာ-ဘာလုပ်တာလဲ ဗျ၊ တဝက်တပျက် နဲ့
ငါ့ကိုယ့်-ဒီးတို့အိမ်မှာ ကျက်ဒိမှာ တာဝန်ရှိသေး တယ်ပေ့ကွ ဖက အချိန်နဲ့မလာ ဘဲကိုးကွဲ
သား-နက်ဖြန် တော့ အပြီးညှပ်ပေါ့
နောက်တနေ့ကျောင်းတွင်
ဟဲ့-ဟဲ့ ဘာ ဖက်ရှင်လဲ ဟဲဟဲ
ဝါး-ဟား-ဟား
တခြမ်း ချောက်တိုးလဲ ဟား-ဟား
ဟား-ဟား ချွေးပေါက် မယ်နော် သတိ ထား
ရှက်လိုက် တာနော်-ဟင်း-
ခစ်ခစ်
ခစ်ခစ်
ကျောင်းမှအပြန်တွင်တလမ်းလုံးစဉ်းစားလာ၏
ငါ့ကို-ခဏခဏ ဝိုင်းဟားကြတယ်၊ ဘာဖြစ်လို့လဲ၊ အကျိုးရှတ်လို့ရယ်-စာသင်တုန်းဆော့နေလို့ရယ် ဆံပင်ပုံပျက်လို့ရယ်၊
ဘာလို့ ဒီလိုဟာတွေ ဖြစ်ရတာလဲ
ဒါမျိုး နောင်မဖြစ်ရအောင် သတိထားရမယ်.....
အိမ်သို့ ပြန်ရောက်သောအခါ....
အေး-ကွယ်-ဒီလိုဆိုယင်-သားကို ဘယ်တော့မှ-ဝိုင်း ရီကြမှာ မဟုတ်ဘူးကွဲ၊
ပြီး


တွက်ကတ်လို့
ကာတွန်း
ဝင်းမျိုးလွင်
သံဂဲနှင့် ဗိုက်ပူတို့သည် တနှစ်ကြီးတနှစ်ငယ် ညီအစ်ကိုဖြစ်သည်။
သားတို့ရေ..လာကြဟေ့ ထမင်းစားရအောင်...
ညီအစ်ကိုနှစ်ယောက်သာရှိသဖြင့် မိဘများက ဂရုစိုက်ကြ၏။
လက်ကို စင်အောင်ဆေးနော် ပန်းကန်တွေဖရုံထိတည့်ခွဲ..
ထို့နောက် မေမေဈေးရောင်းထွက်ချိန် နီးသော်—
သားတို့ရေ..ဒီနွားအိုင်ကို ဖို့ထားလိုက်ကြနော်၊ ဒါဆိုကြာ သားတို့ချော်လဲ နေကြဦးမယ်.
သို့သော် သံဂဲနှင့် ဗိုက်ပူတို့သည် တယောက်ကိုတယောက် တွက်ကတ်နေကြလေသည်။
ဖေ့ကောင် ဗွက်အိုင်သွားဖို့လေကွာ..
အံမာ မေမေက မင်းကိုဖို့ခိုင်းတာ
မသိဘူး ငါတော့ မဖို့ဘူး..
မဖို့ယင် နေပေ့ါ၊ ငါလဲ မဖို့ဘူး



ဖွက်အိုင်ကို မဖို့ဘဲ သံဂဲက အိမ်ထဲတွင်အိပ်နေပြီး
မိုက်ပူက အပြင်တွင် ထွက်ပြီကစားနေလေသည်။
ညနေတွင် မေမေ ဈေးရောင်းရာမှ ပြန်လာသည်။
သို့သော် ဖွက်အိုင်မဖို့ရသေးသည်ကိုသတိမရတော့
သားတို့ရေ-လာဟေ့
ထမင်းစားကြမယ်
သို့ဖြင့် နောက်နေ့တွင် မေမေသည်
ဈေးရောင်းရန် အိမ်မှအထွက် ဖွက်
အိုင်ထဲတွင် ခြေချော်ပြီး–
အိမ်နီးနားချင်းများ ပြေးလာကာ–
ဟယ်!! ကြည့်စမ်း၊ မရီ
လက်ကျိုးသွားပြီ၊ ကျွတ်
ကျွတ်၊ ဖြစ်မှဖြစ်ရလေ
ဟာ
မုံ့ကြာစိတွေလဲ
အကုန်ဖိတ်စဉ်ကုန်
ပြီ၊ အရင်းတောင်
ပြုတ်ပါပြီဟယ်
ဟဲ့ မိုက်ပူ၊ သွားစမ်း၊ နင့်အဖေကို
သွားခေါ်စမ်း၊ ဆေးရုံကို လိုက်ခဲ့
လို့ ပြောလိုက်-
ဟုတ်၊ ဟုတ်
ကဲ့ ဒေါ်ဒေါ်
မိုက်ပူတို့ ဖေဖေသည် သစ်စက်ထဲတွင် အလုပ်လုပ်
နေလေသည်။
ဖေဖေ၊ ဖေဖေ၊ မေမေ
လက်ကျိုးလို့
ဟေ!


ဟို့ - ကိုစိန်လှိုင်၊ ကျုပ်နေရာမှာ တယောက်ယောက် အစားထိုးလိုက်ဗျာ၊ ကျုပ်မိန်းမ လက်ကျိုးလို့တဲ့
အေးဗျာ ဖြစ်မှဖြစ်ရလေ...
အိမ်သို့ပြန်ရောက်သော်–
သားသားတို့ခဏ၊ အိမ်မှာဆေးနောက်၊ မေမေ ဆေးရုံကို လိုက်သွားလိုက်အုံးမယ်..
သို့ဖြင့် အိမ်တွင်မိုက်ပူနှင့် သံဂဲတို့ ညီအစ်ကို နှစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။
ဒို့တွေ တယောက်နဲ့ တယောက် တွက်ကတ် နေကြလို့ မေမေ ဒုက္ခ ဖြစ်ရတာ...
အေးကွာ၊ မေမေ တော့ တော်တော်နဲ့ ဈေးပြန်ရောင်းနိုင်တော့မှာ မဟုတ်ဘူး..
ဖေဖေလဲ ဒို့ကြောင့် အလုပ်ပျက်ရတယ်- အိမ်နီးနားချင်းတွေလဲ ဒို့ကြောင့် ပင်ပန်းကြရတယ်-
အေးကွာ- ဒို့တတွေ နောက်ဆို ဘယ်တော့မှ တယောက်နဲ့ တယောက် တွက်ကတ် မနေကြတော့ဘူး·
မိုက်ပူတို့ညီအစ် ကိုသည်ကိုယ့်အပြစ် ကိုယ်မြင်လာကြကာ မှက်အိုင်ကြီးကို ဖို့ကြလေတော့သည်။
စောစောကသာ ဖို့မိယင် ဒုက္ခ ဖြစ်မှာ မဟုတ်ဘူး..
ထို့နောက်–
မေမေတို့ ဒို့ကြောင့် သက်သက် ဒုက္ခရောက်တာ၊ နောက်ဆို ဒို့တွေ မေမေ့အလုပ်မှန်သမျှ ကူလုပ်ပေးတော့မယ်...
ဖေဖေ ပြန်လာယင် အဆင်သင့် စားနိုင်အောင် ထမင်းအိုးဖြင့် တည်လိုက်မယ်ကွာ·
ပြီး



# ဉာဏ်ကြီးရှင် ရွှေကြက်တူ

နုမင်

မြန်မာပုံပြင်

ပန်းချီ-ဘီယန်ဆိန်

တခါက မြို့ကြီးတမြို့တွင် မင်းသားတပါးနှင့် မင်းသမီး တပါးတို့ လက်ထပ်ကြ၏။ ထိုနောက် များမကြာမီ မင်းသားသည် ကုန်သင်္ဘော တစင်းနှင့် ကုန်ရောင်းထွက်ခဲ့ရာ၊ လမ်းတွင် ကင်းစောင့်မြို့တမြို့၌ ရပ်နား၍ ညအိပ်ရလေသည်။ ညရောက်သော် ကင်းစောင့်မြို့ကို အုပ်ချုပ်ရသော မင်းသားသည် သင်္ဘောသို့ ဆင်းလာပြီး ရွှေနဖားတုံးနှင့် ငွေနဖားတုံးတို့ကို သင်္ဘောတနေရာတွင်ဝှက်ထားခဲ့လေ၏။ ..




နံနက်လင်း၍ သင်္ဘောထွက်ခွာမည် ပြုသောအခါ ကင်းစောင့်မင်းသားသည် သင်္ဘောသို့ ဆင်းလာပြီး "ကျုပ်တို့ နန်းတော်ထဲက ရွှေနဖားတုံးနဲ့ ငွေနဖားတုံး ပျောက်သွားပါတယ်။ ရှာရပါလိမ့်မယ်" ဟု ဆိုကာ ဝှက်ထားခဲ့သော ရွှေနဖားတုံးနှင့် ငွေနဖားတုံးတို့ကို ရှာဖွေယူပြီး မင်းသားနှင့်တကွ သင်္ဘောသားများကို ခိုးမှုဖြင့် ဖမ်းဆီးလိုက်လေသည်။ ကာလအတန်ကြာသည့်တိုင် မင်းသား ပြန်မလာသဖြင့် မင်းသမီးသည် စိတ်ပူပြီး သူနှင့်တကွ အပျိုတော် ငါးရာကိုပါ ယောကျ်ားအသွင် ဝတ်ဆင်စေကာ သင်္ဘောဖြင့် ခရီးထွက်ခဲ့ပြန်၏။ လိမ္မာပါးနပ်သော ရွှေကြက်တူရွေးကလေးကိုလည်း ယူဆောင်လာခဲ့၏။





ကင်းစောင့်မြို့သို့ရောက်သော် ကင်းစောင့် မင်းသားလည်း ထုံးစံအတိုင်း ရွှေနဖားတုံးနှင့် ငွေနဖားတုံးတို့ကို သင်္ဘောတွင် ဝှက်ထားကာ အမှုဆင်ရန် ကြံစည်ပြန်၏။ သို့သော် ရွှေကြက်တူက ထိုအခြင်းအရာကို တွေ့မြင်သဖြင့် မင်းသမီးကို ပြန်လည်ပြောပြရာ၊ မင်းသမီးလည်း ရွှေနဖားတုံးနှင့် ငွေနဖားတုံးကို


ဖျောက်ဖျက်ကာ ပုတီး၊ နားကပ်များ ပြုလုပ်လိုက်လေသည်။ နံနက်လင်းသော် ကင်းစောင့်မင်းသားသည် ရွှေနဖားတုံးနှင့် ငွေနဖားတုံးတို့ကို ရှာရန် လာပြန်ရာ မင်းသမီးက "အကယ်၍ ရွှေနဖားတုံးနှင့် ငွေနဖားတုံးကို ရှာမတွေ့ပါက ဤမြို့တွင်ရှိသော ပစ္စည်းတခုခုကို တောင်းရပါလိမ့်မည်" ဟု ပြောကြားရာ ကင်းစောင့်မင်းသားကသဘောတူလေ၏။ ကင်းစောင့်မင်းသားသည် ရွှေနဖားတုံးနှင့် ငွေနဖားတုံးကို ရှာဖွေ၍ မတွေ့သောအခါ "ကဲ – ခင်ဗျားတို့လိုချင်တာကို ပေးပါမယ်။ သို့သော် ဤမြို့တွင် သုံးညမျှ ဆက်၍ အိပ်ပါဦး" ဟု ပြောကြားရာ မင်းသမီးလည်း သဘောတူလိုက်ရလေသည်။



ကင်းစောင့်မင်းသားလည်း ယောကျ်ားဟန် ဝတ်ဆင်ထားသော မင်းသမီးနှင့် အပျိုတော်များကို မိန်းမများဖြစ်ကြောင်း ရိပ်မိသဖြင့် ပထမညတွင် ယင်းတို့အားလုံးကို ဥယျာဉ်ကြီးတခုသို့ အလည်ခေါ်ကာ အကယ်၍ ဥယျာဉ်ထဲမှ ပန်းများကိုခူးပါက ဖမ်းဆီးမည်ဟု ကြံစည်ထားလေ၏။ သို့သော် ရွှေကြက်တူ၏သတင်း ထောက်လှမ်းချက်အရ မင်းသမီးနှင့် အပျိုတော်များသည် ပန်းများကို လုံးဝ မခူးကြပေ။ ထိုအခါ ကင်းစောင့်မင်းသားသည် မင်းသမီးနှင့်အပျိုတော်များကို ဒုတိယညတွင် စိန်ရွှေ ကျောက်သံပတ္တမြားများပေါသောတောင်သို့၎င်း၊ တတိယညတွင် ရေကန်ကြီးတခုသို့၎င်း အလည်ခေါ်ကာ ဖမ်းဆီးရန် ကြံလေ၏။ သို့သော် ရွှေကြက်တူ၏ ကြိုတင်သတင်းပေးချက်အရ မင်းသမီးနှင့်အပျိုတော်များသည် ကင်းစောင့်မင်းသား၏ အကြံကို ကြိုတင် သိရှိကာ သူ၏ ညွှတ်ကွင်းမှ လွတ်အောင် ရှောင်နိုင်ခဲ့ကြလေသည်။



သုံးရက် စေ့ပြီဖြစ်၍ ကင်းစောင့် မင်းသားမှာ ကတိအတိုင်း မင်းသမီးအလိုရှိရာကို တောင်းပါတော့ဟုဆိုကာ လက်လျှော့လိုက်ရ လေတော့၏။ မင်းသမီးလည်း "ကျွန်ုပ် လိုချင်သည်မှာ အခြား မဟုတ်ပါ။ သင်ဖမ်းဆီးထားသော မင်းသားနှင့် သင်္ဘောသားများကိုသာ လိုချင်ပါသည်" ဟု တောင်းဆိုသဖြင့် ကင်းစောင့်မင်းသားလည်း မင်းသားနှင့် သင်္ဘောသားများကို လွှတ်ပေးလိုက်ရလေ၏။





ဖိုးဥာဏ်
အငြိမ်းအနားလည်း ဝါသနာပါလေသည်။
တနေ့တွင်
ဖိုးဥာဏ်သည် ဥာဏ်ကောင်းသလောက်
လက်ဖက်ရည်သောက်ယင်းငြင်းခုံကြလေရာ


သူတို့ဖေဖေရောက်လာသောအခါ
မောင်ညီထွေးကရှင်းပြတော့


နှစ်ကိုယ်ခွဲ
ဇာတ်လမ်း
✵ ဓေဓေးမောင်မောင်
သရုပ်ဖော်
မောင်သိန်းဦး
ဒီနေ့ သားတို့ကျောင်း ပိတ်တယ် မေမေ ... သား အပြင်ထွက် ကစားဦးမယ်
မကစားပါနဲ့သားရယ် မေမေ့မှာ အိမ်အလုပ်တွေ များလွန်းလို့ မေမေ နှစ်ကိုယ်ခွဲ ဖြစ်အောင် လုပ်ပေးစမ်း ပါကွယ်
ဟင်! မေမေ လုပ်ခိုင်း တာကလဲ မဖြစ်နိုင်တာ
အိုကွယ် ... ဖြစ်နိုင်အောင် ကြိုးစားကြည့်ပါဦး သားရယ် ...
နှစ်ကိုယ်ခွဲ ...... နှစ်ကိုယ်ခွဲ ဆိုတာ နှစ်ယောက် နှစ်ယောက် ဆိုတော့ ......
အို .... မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး
ဟော့! ငါ့သား ဘာများ စဉ်းစား နေတာတုံး ;...
မေမေက သူ့ကို နှစ်ကိုယ်ခွဲ ဖြစ်အောင်လုပ်ပေးရမယ်တဲ့ ဖေဖေ ...
ဘာ ခက်တာ မှတ်လို့လဲ သားရယ်.. မင်း မေမေရဲ့ အလုပ်တွေကို ကူလုပ်ပေးမယ် ဆိုယင် မင်းမေမေ နှစ်ယောက်ရှိတာနဲ့ အတူတူဘဲပေါ့ - နှစ်ယောက်လုပ် အား ဆိုတာ နှစ်ကိုယ်ခွဲလုပ်အားပါဘဲ သားရယ်
ဒီလိုဆို မေမေ့ အလုပ်တွေ သား ကူလုပ်ပေးတော့မယ်
ပြီး


# ပထမဆုံးအာကာသ သူရဲကောင်း



ဆိုဗီယက် ရုရှားနိုင်ငံမှ ဗိုလ်မှူး ယူရီဂါဂါရင်သည် ပထမဆုံး အာကာသ ခရီးသည် ဖြစ်သည်။ သူ့ကို ၁၉၃၄ ခုနှစ် မတ်လ ၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ လယ်သမားဖြစ်သည်။ ၁၉၄၁ ခုနှစ်တွင် ပညာ စတင် ဆည်းပူးခဲ့သည်။ ၁၉၅၁ ခုနှစ်၌ အထက်တန်းကျောင်းမှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၏။ ထို့နောက်ဆာရာတော့ စက်မှုလက်မှု အတတ်သင် ကျောင်းတွင် ဂုဏ်ထူးဖြင့်ပင် အောင်မြင်ခဲ့ပြန်သည်။ ပညာရေး ဆုံးခန်းတိုင်ပြီးနောက် ရုရှား လေတပ်မတော်တွင် ဝင်ရောက်အမှုထမ်းသည်။ လေသူရဲလောင်း သင်တန်းတွင်လည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်ခဲ့သည်။ သူ၏ဇနီးအမည်မှာ ဗလန်တီနာဖြစ်ပြီး သူအာကာသသို့ လိုက်ပါသော် အချိန်တွင် သမီး နှစ်ယောက်ပင် ရှိနေပေပြီ။ သူသည် ဗော့စတော့အမှတ် ၁ အာကာသယာဉ်ဖြင့် ၁၉၆၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ကမ္ဘာမှ ထွက်ခွာသွားခဲ့သည်။ ၈၉.၃၄ မိနစ်လျှင် တပတ်နှုန်းဖြင့် ကမ္ဘာကို ပတ်ခဲ့သည်။ သူ၏ခရီးစဉ်မှာ ၁၀၈ မိနစ် ကြာမြင့်ခဲ့ပြီး ကမ္ဘာကို တပတ်မျှသာ ပတ်နိုင်ခဲ့သည်။ ပထမဆုံး လူသားတို့ အာကာသထဲတွင် အောင်မြင်မှုဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ အံ့ဩချီးကျူးမှုကို ခံခဲ့ရသည်။ ဆိုဗီယက် ပြည်ထောင်စုကလည်း သူ့ကို လီနင်ဆုနှင့် ရွှေတံဆိပ် ချီးမြှင့်လိုက်သည်။ သူရဲကောင်းအဖြစ် မှတ်တမ်းတင် ဂုဏ်ပြုခဲ့သည်။ သို့သော် သူသည် ၁၉၆၈ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မော်စကိုမြို့အနီး၌ ဂျက်လေယာဉ်ပျံ ပျက်ကျပြီး ကွယ်လွန်သွားရှာသည်။

အောင်သန်းချစ်

# အပ်ချည်ဘီးလုံးအရုပ်လုပ်မလား



ပုံတွင် ပြထားသည့် အတိုင်း အပ်ချည်ဘီးလုံးများကို ကြယ်သီးများဖြင့်တုပ်ချည်၍ လူရုပ်လုပ်ပါ။ ကြယ်သီးနှင့် ကြိုးကို ဘေးပုံအတိုင်း ဖောက်သီ၍ တုပ်ချည်ရပါမည်။

# မြစ်ရေကြီးချိန်

လှမွန်



ကျွန်မတို့ရွာသည် ဧရာဝတီ မြစ်အနီးတွင်ရှိပါသည်။ မိုးတွင်းကာလ မြစ်ရေများ တက်သောအခါ ကျွန်မတို့ရွာမှာ ရေမြုပ်လေ့ရှိပါသည်။ သို့သော် ရေအားသိပ်မကြီးပါ။ လူကြီးများ၏ ခါးလယ်လောက်၊ ရင် ခေါင်းလောက် အထိသာ ရှိတတ်ပါသည်။ ထိုအချိန်မျိုးတွင် ကျွန်မတို့အလွန်ပျော်ကြပါသည်။ ယခုနှစ်လည်း ရေလျှမ်းမည့် အချိန်ကို ကျွန်မတို့မျှော်လင့်နေကြပါသည်။

မြစ်ရေများသည် ပထမ ဦးစွာ ရွာရှေ့ရှိ အင်းထဲသို့ ပြည့်လျှံပါသည်။ ထိုနောက်မှ ရွာပေါ်သို့ ရေလျှမ်းပါသည်။

“ရေတွေအင်းကလျှံပြီး ရွာခြေတောင် ရောက်နေပြီ၊ သိမ်းစရာဆည်းစရာ ကိစ္စတွေ အမြန်သိမ်းကြမှပေါ့”

မြစ်ရေများ တက်လာသောကြောင့် အဖေက စိတ်ပူစွာဖြင့် ပစ္စည်းများ သိမ်းဆည်းရန် နှိုးဆော်နေ ပါသည်။ အမေကလည်း –

“ဒီနှစ်မြစ်ရေတက်တာစောလွန်းပါတယ်တော်၊ အခုရွာခြေမှာ ရေရောက်ပြီဆိုတော့ မနက်ဖန်သဘက်ဆိုယင် ရွာထဲဝင်မှာသေချာတယ်။ အိမ်မှာလဲ ဘာမှ မသိမ်းရသေးဘူး။ နွားတွေတင်ဘို့ နွားတင်ခုံ လုပ်နေတာနဲ့ဘဲ လူတွေထက် သူတို့နေဘို့က အရေးကြီးတာမှတ်လားတော်”

လူကြီး များမှာ စိတ်ရှုပ်နေကြ ပါသည်။ မြစ်ရေသည် ရွာထဲတွင် တလနီးပါးခန့် လျှမ်းတတ်ပါသည်။ မြစ်ရေကျလျှင် ရွှံ့ဗွက် တွေကြောင့် သွားရေးလာရေး ခက်ပါသည်။ မြစ်ရေတက်ချိန်၌ နွားများနေရန်ခက်လှပါသည်။ ကျွန်မတို့ အိမ်မှာ နွားတရှဉ်း ရှိပါသည်။ မနှစ်က လုပ်သော ခုံမှာလည်း ကျိုးကျနေပါပြီ။ ယခုနှစ်၌ မြေတွင်တိုင်များ ပတ်လည် စိုက်ပြီးနောက် မြေကြီးနှင့်အမှိုက်များ ထည့်ဖို့ကာ လူတရပ်စာမျှမြင့်သည့် နွားတင်ခုံကို လုပ်ထားပါသည်။ ထိုခုံကို အမြန်ဆုံးပြီးအောင် လုပ်နေရသည့် အတွက် အိမ် အောက်တွင် ထားသော စပါးပုတ်၊ ဆေးပုတ်နှင့် ငရုတ်အိတ်များကို မသိမ်းဆည်းနိုင်ကြသေးပါ။ ကျွန်မတို့ အိမ်မှာလည်း ကျဉ်းသောကြောင့် စင်တခု သီးသန့်လုပ်၍ တင်ရမည်ဖြစ်ပါသည်။

“စစ်အေးရေ မြစ်ရေတွေ ရွာခြေရောက်နေပြီဟေ့– မနက်ဖန်ဆိုယင် ဒို့ရွာထဲရောက်တော့မယ်။ ပျော်စရာ ကြီးဘဲ၊ လှေလဲ စီးရတော့မယ်။ ဆော့လဲဆော့ရတော့မယ်”

အေးတင်က မြစ်ရေ တက်သည်ကို ဝမ်းသာအားရသတင်းလာပေးပါသည်။ မြစ်ရေ လျှမ်းသောကြောင့် ကျွန်မတို့ ဒုတိယတန်း နှင့် ပထမ တန်း များ ကျောင်းမတက်ရပါ။ ကျမတို့ကလေးများ ပျော်ရွှင်ကြသော်လည်း လူကြီးများမှာ မူကား စိတ်ညစ်ကြပါသည်။

"ငါလဲ– ရေတွေ မနက်ဖန် ရွာထဲ ဝင်ပါစေလို့ ဆုတောင်းတာဘဲ။ ဒါမှ တနေကုန် ရေထဲမှာ ကစားကြမယ်" ဟု ကျွန်မက အေးတင်ကို ပြန်ပြောလိုက်ပါသည်။ အေးတင် ကလည်း –

"အေး– ငါတို့အိမ်က လှေကို ပြင်ထားတယ်။ ဒို့ဦးဆုံးစီးမှာဘဲ။ မနက်ဖန်ကျယင် စောစောအိပ်ရာက ထနော်။ ငါစောစောလာခေါ်မယ်" ဟု ပြောပါသည်။

ကျွန်မသည် အိပ်၍ မပျော်ပါ။ နံနက် ရောက်သောအခါ ဆော့ကစား ရမည်ဖြစ်၍ ဝမ်းသာနေပါသည်။ ရေတွေ အိမ်အောက် ရောက်ပြီလား ဟုလည်း စိတ်ထဲတွင် တွေးနေပါသည်။ လူကြီးများမှာ သိမ်းစရာပစ္စည်းများကို သိမ်းနေကြပုံရပါသည်။ တညလုံး လာအိပ်သည်ကို မတွေ့ပါ။

နံနက် လင်း သော အခါ ကျွန်မသည် အားပါးတရပျော်မြူးစွာ ထလိုက်ပါသည်။ အိမ်အောက်သို့ ဆင်းကြည့်ရာ ရေများကိုမတွေ့ပါ။ ဆေးပုတ်နှင့် ငရုတ်ပုတ်တို့ မှာလည်း မူလနေရာတွင်ရှိနေပါသည်။ ကျွန်မ၏အဖေ၊ အမေနှင့် အစ်ကိုတို့လည်း ဘယ်သွားနေမှန်း မသိကြပါ။ အေးတင် တယောက်လည်း ယခုတိုင်မပေါ်လာသေးပါ။ "အေးတင်တော့ အိပ်ရေးကြီးနေပြီထင်တယ်" ဟု တွေးမိပါသည်။ ယမန်နေ့ကရွာခြေသို့ ရောက်နေပြီဖြစ်သော ရေများမှာ ယနေ့ရွာထဲသို့ ဝင်မည် ဖြစ်ပါလျက် မဝင် သောကြောင့် ကျွန်မ စိတ်မော နေပါသည်။ သို့ဖြစ်၍ အေးတင်တို့ အိမ်ဖက်သို့ သွားကြည့် လိုက်ပါသည်။ အေးတင်မရှိပါ။ လူကြီးတွေနှင့် အတူ အရှေ့ဖက်သို့ သွားသည် ဟု သိရပါသည်။

ကျွန်မရွာရှေ့သို့ရောက်သောအခါ သူကြီး ခေါင်းဆောင်လျက် ရွာသူရွာသားများ ရွာထဲသို့ မြစ်ရေများ မဝင်ရန် မြေဖို့၍ ရေကာတာ လုပ်နေကြသည်ကို တွေ့ရပါသည်။ အေးတင်ကိုလည်း တွေ့ရပါသည်။ ကျွန်မကို မြင်လျှင် အေးတင်သည် ကပျာကရာပြေးလာပြီး –

"လာဟေ့–စစ်အေး ဒို့ ရေကာတာ ဝိုင်းဖို့ကြရအောင်။ ဒီရေကာတာသာမလုပ်ယင် ဒီနေ့ ရေတွေရွာထဲမှာ ပြည့်လျှံနေမှာဘဲ။ ရေတွေပြည့်လျှံကုန်ယင်ဒို့ရဲ့ ပစ္စည်းတွေ ရေထဲ မျောကုန်ကြလိမ့်မယ်။ ဒါကြောင့် သူကြီးက ခေါင်းဆောင်ပြီး တရွာလုံး ရေကာတာကြီးကို ဝိုင်းဖို့ နေကြရတာ။ တညလုံး မအိပ်မနေလုပ်လို့ ပြီးလုနီးနေပြီ။ ညည်းလဲ ဝိုင်းလုပ်ပေါ့။ ငါနဲ့အတူတူ မြေတွေသယ်ရအောင်"

ကျွန်မသည် အေးတင်၏ ရှည်လျားသော စကားကို နားထောင်ရင်း သူ့လက်ထဲက ပလုံးတောင်းကလေးကို မြေသယ်ရန် အတွက်လှမ်းယူလိုက်မိပါသည်။

# လက်မှုပညာ

စက္ကူရွက်နဲ့ လှေချိုးမယ်၊
လက်မှုပညာသယ်။

လေယာဉ်ငယ်ငယ်လုပ်နိုင်သေး
လေထဲပျံလို့ပြေး။

ဦးထုပ်လေးလဲ လုပ်ပါ့မယ်၊
ဆောင်းလို့ရပါတယ်။

ရွှေငါးငယ်နဲ့ ဒေါင်းရုပ်လှ၊
လုပ်ပေးပါ့မယ်ဗျ။

စက္ကူရွက်က ကစားစရာ၊
အရုပ်ဖြစ်လို့လာ။

လက်မှုပညာတတ်လို့ထား၊
အကျိုးကျေးဇူးများ။ ။

မောင်မင်းယဉ် (ကူမဲ)



# ခိုင်ပန်းစုံ



အရောင်အသွေးနှင့် အပွင့်ပုံပန်းသဏ္ဌာန် ဆင်တူသော သစ်ခွနှစ်မျိုး ဖြစ်သည်။ ပင်လယ်သစ်ခွနီသည် ပင်စည် ပို၍ ဖြောင့်မတ်ကာ တွယ်ကပ် တက်နိုင်သည်။ အကိုင်းခွဲများ ထွက်သည်။ ပင်စည်၏ ဘေးနှစ်ဖက်မှ အရွက်များ ရွက်လွှထွက်သည်။ ထွက်ပုံမှာ အကွာအဝေး မညီ။ တလက်မမှ နှစ်လက်မခန့်အထိ ရွက်ပြားရှိ၍ ခြောက်လက်မမှ ရှစ်လက်မအထိ ရှည်ပြီးလျှင် အသားထူသည်။ ပင်စည်နှင့် ကိုင်းခွဲများ၏ထိပ်ပိုင်းအရွက်ရင်းမှ ဖူးတံထွက်သည်။ လိမ္မော်သွေးပါသော အနီရောင် ပန်းခိုင်ကြီးများမှ ဖူးပွင့်ပုံမှာ လှပသော အပွင့်များသည် နှစ်လက်မ သုံးလက်မခန့် ရှိ၍ ဘဲဥပုံ ရှည်မျောမျော ပွင့်ချပ်များတွင် အတွန့်များ ပါသည်။ ပွင့်ဖတ်တို့ က သေးပြီး အတွန့်မပါ။ အရှေ့အလယ် ပွင့်ချပ်သည် သေး၍ အဝါစင်းများပါသည်။ အဟိုက် သုံးခု ရှိသည်။



တွန့်လိမ်၍ကြိုးနှင့်တူသောအမြစ်များသည်ပင်စည် တလျှောက် အရွက်များ အကြားမှ ထွက်သည်။ ပင်လယ် သစ်ခွနီသည် ရှားပါးသော သစ်ခွမျိုး ဖြစ်၍ ထားဝယ်နှင့် ကော့သောင်ဖက်၌သာ တွေ့ရသည်။

ချင်းသစ်ခွနီသည် အပင်ပု၍ တိုတုတ်သည်။ အရွက်များသည် ရွက်ချင်းဆိုင်၍ တရွက်နှင့်တရွက် အရင်း၌ထပ်၍ အကွာအဝေးညီညီ ပင်စည်ကိုလှည့်ထွက်သည်။ ကြက်သွေးရောင် အပွင့်များသည် ပင်လယ် သစ်ခွနီနှင့် တူသည်။ သို့သော် ပန်းခိုင်တွင် အပွင့်ပို၍များသည်။ မေလမှဇွန်လအထိပွင့်၍ အပွင့်များသည် တလခန့် ခံသည်။ ချင်းဝိသေသတိုင်းနှင့် ကလော တောင်ကြီးဖက်တွင် တွေ့ရသည်။ ချင်းအမည်ဖြင့်လူရှင်းနိပီး ဟုရင်း၊ဆင်ရိပါးဟုရင်းခေါ်လေသည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြီးက ကာင်းယွတ်ခွင့် အမှတ် ၀၁၂၀၈ အရ စာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၃၆။

# ရွှေသွေး ဂျာနယ်


၁၃၃၅ ခု၊ တော်သလင်းလဆန်း ၁၂ ရက် (၈-၉-၇၃)

## မြွေ အာလမ္ဗာယ်

ဓါတ်လမ်း
ပန်းချီ —
ဦးဘကြည်




စနေနေ့တိုင်းထုတ်ဝေသည်။


တခါသော် ငှက်ပျောသီး ရောင်းသူနှင့် မြွေအလမ္ပာယ်ဆရာတို့သည် ခင်မင်လျက်ရှိရာ –
အရာတောင်းတဲ့ငွေ ငါးဆယ်–ရော့။ ကျနော့်လဲ ပေါင်နဲ့ ပေးရတာပါ
အေးဘါး။ နောကလဲ - ဗျလွှတ်ကိုမြှန်းမယ် ဆိုတော့ - ခင် ကို တနားလို ပင်ညားမွေးတာ ပါ။ ခက်ဖန်းဂါ တဘော်ဂျပ်လားခဲ့၊ နား ရှိမယ်... ....
နောက်တနေ့ ဖျာပုံသင်္ဘောပေါ်၌ ဆုံကြပြီး
ဒီမှာ - ကာနီးကာနီး ကြည့်နော။ မြွေဟောက်၊ မြွေဒိုးတံ ရှောင်း၊ ပချုပ်၊ ကပ်ပလား တခု။ တခါထဲ လက်တွေ့ ပင်ညားမွေးမယ်။ မြွေဂွေး၊ မြွေဟောက်၊ နှမ်းမြွေ၊ နှမ်းရှောင်း၊ တွေ ဒီ မြွေ အကုန်လုံး ဖမ်းခဲ့ယ် ရှိတယ်၊
ဘာမှ ကြောက်စရာ မရှိဘူး - ရော့ - ဒါးကာ ရိုး... ဟိမ္ဝန္တာ တောထဲက - ယို ကီးဆရာ ဂိ ပွေးတဲ့ (စပ်တဲ့ကါတွန်း) လို့ခေါ်တဲ့ ဆေး။ ဒါး ရှိယင် - မြွေနော် - ဘာနား ကိုမလာ နိုင်ဘူးရှိ တယ်..
အင်း - ကြားဘူးတယ် - မြွေနိုင်တယ်ဆိုတဲ့ (သဇ္ဇကွစ္စာ)
မြစ်ဝကျွန်းပေါ် ရွာတရွာရောက်လျှင်....
မင်လား - ဗိုးဖော - ဗိုးဖော - မြွေ - မြွေ
ဒီဘက်လာ နေမြဲမျ
နာမည်တယ်ငတ်လား - မကြောက်ပါနဲ့လို့၊ ကပ်ပလာမွေး ---- မွေး --- မြန်မြန်မွေး
မြွေဟောက်သည် ပါးပျဉ်းထ၍ လာနေစဉ် ဆရာက ရုတ်တရက် အိပ်ရာခင်း ပစ်တင်လိုက်၏။
ဟော - တွီလား - လုံးတွေးနေဘီ.. ဟယ်ဟဲ့.... တချက်တချက် ဒီလိုဆောင့်ခွဲ ...


ဟာ - ခွေးတွေ
အား.... မွှီးအစွဲ နော်.ကပ်မလား မြို့မှီး ကျိုးသွားဘီ.....
အီကွက်မြန်မြန် ထွန်း၊ ပဲမှီး တဲ့ကျောင်း - နီး လာအောင်ဖုတ် ပွေးဘာ
အဲ - အဲ့ - အဆိပ်တွေ ကုန်ဘီ၊ မွှီး ဖြံမ်တွားဘီ။ ပချုပ်ထဲ ထဲ့လို့ရဘီ၊ ဟား - ဟ
နောက်တကောင် တွေ့ ယင် - မရမ်းလုပ် ကြည့်ပေါ့
ထိုသို့ မြွေသုံးကောင်ဖမ်းပြီးသောအခါ —
တုံးကန်း ရတယ်နော် - တော်ဘီး၊ တေးတေး အကန်း နာမွေးမယ် လေ....
မြွေဆေးလဲ ပေးထားအုံး
အေး ...အေး .... ရော့.... ဒီဆေးနော.. မွှီး ကိုက်တဲ့ အနားပေါ်တင်လိုက်.. တခါးထဲ.. အဆိပ်တွေ မြန်ထွက်မယ်... ဟဲဟဲ...
ကျောင်းသားဘို့ ဆေးဖော်နည်းပါပေးမှပေါ့ အရကြီးရယ်..
အား.....ဂိုဂိုး.... ဦး ငါးဆယ် ပွေးဒယ် နော်.. နဲ့ဒယ်ရှိဒယ်
အရာရှိမယ် ဆလံပေးဟိုမယ်
ခင့်ကို - နာ.တနားတယ်....ကန်း ကန်းဖွတ်ထား။ ဈေးများကို မပြဲပြရဘူး။ ပိုက်ဆံ ရှာ တယ်နော...ညာရတယ်.. ကလိ ကမာပြရတယ်.... မန်ချိုတိုးရှိတယ်ဟုတ် လား၊ တဲဆပ်ပြာရှိတယ် ဟုတ်လား၊ ကန်းကန်း တမအောင်နယ်။ နှိပ်ဖွေး တဲ့ ဆေးလိုလုံး.... ညာရောင်းပေါ့.... ဟားဟားဟား... မရမ်းနော် အားကြီး ကြီးတယ်..အာ.တယ်


သို့ဖြင့် မြွေပညာ ရခဲ့ပြီး နောက်တပတ်ခန့်ကြာသောအခါ ရန်ကုန်မြို့ လမ်းဘေး ပလက်ဖောင်း ပေါ် ၌ ပုပ္ပါး တောင်တော်ပြန် ယော နယ်မြေမှ အလမ္ပာယ် ဆရာကြီးသည် တပည့်နှစ်ယောက်နှင့်တကွပေါ်ထွန်းလာတော့သည်။
လျှမ်း၊
လျှမ်း၊
လျှမ်း
ပုပ္ပါးတောင်တော်ပြန်-
ယောနယ်မြေမှ-မှုလ
အလမ္ပာယ်ဆရာကြီး
ဒိန်း
ဒိန်း
..ဟောဒီလို-မြွေဆိုး၊မြွေဟောက်၊ငန်းစောင်း၊ငန်းမြှောက်၊ဆင်ပစ်မြွေ မှစလို့ကိုက်ခံရယင် ချက်ချင်းအဆိပ်ပြေစေတဲ့ မြွေဆေး။ ပုပ္ပါးတောင်တော် က-နဂါးဦးငြိမ်းဘိုးဘိုးပေးတဲ့ မြွေဆေး။မြွေဘေး ကာယ်ရေးအတွက် အမြဲဆောင်နိုင်တဲ့ဆေးလုံး- ၇၇ လုံးဘဲရှိတယ်၊ ထိုက်သူဝယ်၊ တိုက်သူဝယ်၊ တလုံးဖွဲ့တကျပ်ထဲရယ်....
ကျနော့် တလုံးပေးပါ
ဒီမှာ့ သုံးလုံးပေး
ထိုညတွင်
အင်း-တယ်ဟုတ်ပါလား တခါထဲနဲ့ အရင်းငွေ ၅ဝိ-ကြေသွားပြီ။ငွေအရတယ်ချောင်တာဘဲ၊ အသိနောက်ကျလိုက်တာ-ဟီး
တလခန့်ကြာလျှင် နယ်ဘက်သို့ လှည့်ပြန်၏။


ထိုညနေ၌ နောက်တရွာသို့ သွားခါနီးတွင်
ထိုနေ့ကျမှ လိုက်သွားပြီး —
ဟဲ့ ဟဲ့
ဟဲ့ — သူငယ်
ဟာ
တကောင်ပေး ပါဦး
ဟယ်
တယ်ရှမ်းတဲ့ ဆေးပါလား
ရမယ် - ရမယ်
မြွေတွေက မပေါက် ဘူးနော်
တယ် ဟုတ်တဲ့ ဆေးပါလား
ပရိသတ်မှာ တအံ့တဩဖြစ်နေ၏။
ထိုအခိုက် မြွေတကောင်ကပေါက်လိုက်ရာ —
ဟိုက် — ပေါက်တယ်
လူတွေ မသိအောင် ဟန်လုပ်ပြီး အောင့်ခံရ မှာဘဲ



တခဏအတွင်းမှာပင်
အဖေ့ မြွေပေါက်လိုက်ပြီ အဆိပ်တက်နေတယ် ဆေးရှာပို့မှာဘဲ
ကိစ္စမရှိပါဘူး ကုလားဆရာပေးထားတဲ့ မြွေဆေး အစစ်ရှိတယ်။ ရော့၊ ပေါက်တဲ့ နေရာကပ်ထားလိုက်၊ အခုကျသွားမယ်
လူတွေ ဆေးမဝယ်နေစဉ် ထိုသူငယ်သည် ရပ် နေရာမှ လဲကျသွားလေသည်။
ဒွေးလေးဘို့သုံးလုံး
ဟဲ့ဟဲ့ နေကြပါအုံး
ဟယ်
ဟယ်
ထိုအခိုက် ရွာသူကြီးရောက်လာပြီး –
ထိုကိစ္စနှင့်ပင် နောက်ဆုံး၌ ထောင်ကျလေ၏။


တနေ့သော် ညည့်သည်တယောက် အချုပ်ခန်း ကိုလာကြည့်စဉ် ထောင်တာဝန်မှူးက –
ဒေါက်တာရေ့ - ဟောဒီ လူကတော့ မြွေလမွှာယ် မြဖီး ×××××××××× ××××××××× ဒါနဲ့ - ထောင်ကျ နေတာဘဲ
ဟာဗျာ - ဖြစ်မှဖြစ်ရလေ - ကျွတ် - ကျွတ် - မြွေဆိုတာ အစွယ်ချိုးလိုက်ယင် နောက်တော့ပြန် ရှေ့ထွက် တာဘဲ၊ အဆိပ်အိတ် ဖေါက်လိုက်ယင်လဲ အနာကျက်တော့ အဆိပ်ပြန်ပြည့် တာဘဲဗျ ----- ----ဒုက္ခပါဘဲ ...
ပြီးတော့ အစွယ် အမြားနားမှာ အပေါက် လေးရှိတယ်၊ ကိုက်လိုက် ယင် - ပါးစောင်မှာ ရှိတဲ့ အဆိပ်အိတ် ထဲကအဆိပ်က သွားထဲပို့ လိုက်တာဗျ ------
....အဲ... အဆိပ်တွေ အကုန်လုံး ထုတ်ပစ် နိုင်ယင်လဲ - မြွေဟာ - အစာမကြေဖြစ်ပြီး သေတာဘဲ –
ဒီတော့ - ကိုယ့်လူ - မြွေအကြောင်းမသိဘဲ အရမ်းလျှောက်လုပ် နေတော့ - မြွေတွေ က - တခြားလူတွေ ကိုပါ - လိုက် မကိုက်တာ တော်လှပြီ
ကျနော် မှားပါပြီ၊ သားလဲဆုံး၊ ပစ္စည်းလဲဆုံး လူလဲ ထောင်ကျ၊ နာမည်လဲ ပျက်၊ မတော်မတရားတဲ့ ငွေလဲ မလိုချင် တော့ပါဘူး ······တော်ပြီ···
တော်ပြီ········ ထောင်ကလွတ်ယင် ငှက်ပျောသီးဘဲ ရောင်းစားတော့ မယ်
ဖြိုး







# လယ်သူမ သုံးယောက်

ဂျာမန်ပုံပြင်

ချယ်ရီ

ပန်းချီ-ဖေသိန်း

တခါက ရွာတရွာတွင် မယ်ခ၊ မယ်စနှင့် မယ်လှ ဟူသော လယ်သူမ သုံးယောက်ရှိ၏။ သူတို့၏ ယောကျ်ားများကား ဖိုးဖေ၊ ဖိုးတေနှင့် ဖိုးငွေ တို့ဖြစ်ကြ၏။ သူတို့အားလုံးသည် လယ်ယာ လုပ်ငန်းကို စုပေါင်းလုပ်ကိုင်ကြ၏။

တနေ့တွင် မယ်ခ၊ မယ်စနှင့် မယ်လှတို့သည် ကောက်သင်း ကောက်ရန်အတွက် လယ်ထဲသို့ ဆင်းလာကြရာ လယ်ကွင်းစပ်တွင် ထူးဆန်းသော သရက်ပင်ကြီး တပင်ကို တွေ့ကြရ၏။ စုန်းမကြီး တဦးက ဖန်ဆင်းထားသော ထိုသရက်ပင်မှ သရက်သီးများကို ခူးစားမိကြသဖြင့် မယ်ခ၊ မယ်စနှင့် မယ်လှတို့မှာ ကန်စွန်းပွင့်များ ဖြစ်သွားကြရှာလေသည်။နေ့တွင် ကန်စွန်းပွင့်များ ဖြစ်နေရသော်လည်း ညတွင် လူပြန်ဖြစ်ပြီးလျှင် သူတို့၏ လင်ယောကျ်ားထံသို့ တည တယောက်စီ အလှည့်ကျ ပြန်အိပ်ခွင့် ရကြသည်။

တညတွင် မယ်ခသည် သူ့အလှည့်ရောက်လာ၍ လူပြန်ဖြစ်ကာ ဖိုးဖေထံ ပြန်ခွင့်ရ၏။ နံနက်လင်းသော် မယ်ခသည် "ကျမကို လူပြန်ဖြစ်စေချင်ယင် လယ်ကွက်ထဲလာပြီး ကျမကန်စွန်းပွင့်ကို ခူးပစ်လိုက်ပါ" ဟု ဖိုးဖေအား မှာကြားကာ လယ်ကွက်သို့ ပြန်သွားရလေသည်။

ဖိုးဖေသည် လယ်ကွက်ထဲသို့ လိုက်လာပြီး မယ်ခ၏ ကန်စွန်းပွင့်ကိုခူးရန် ကြိုးစားလေ၏။ သို့သော် ကန်စွန်းပွင့် သုံးပွင့်စလုံး အတူတူဖြစ်နေသဖြင့် လက်လျှော့၍ ပြန်ခဲ့ရလေသည်။

ဒုတိယညတွင် မယ်စသည် သူ့အလှည့် ကျပြီ

ဖြစ်၍ တညတာ ဖိုးတေနှင့် တွေ့ရလေသည်။ နံနက်လင်းသော် "ကျမကို လူပြန်ဖြစ်စေချင်ယင် လယ်ကွက်ထဲလိုက်လာပြီးကျမကန်စွန်းပွင့်ကိုခူးပစ်လိုက်ပါ"ဟုဖိုးတေကို မှာကြားကာ ပြန်သွားရလေ၏။

ဖိုးတေလည်း လယ်ကွက်ထဲသို့ လိုက်လာပြီး မယ်စ၏ ကန်စွန်းပွင့်ကို ခူးရန် ကြိုးစားသော်လည်း၊ ကန်စွန်းပွင့်များမှာ ခွဲခြားမရအောင် တူနေသဖြင့် လက်လျှော့ကာပင် ပြန်လာခဲ့ရလေ၏။

တတိယညတွင် မယ်လှ အလှည့်ဖြစ်သဖြင့် မယ်လှမှာ အိမ်သို့ပြန်ခွင့်ရပြီး ဖိုးငွေနှင့် တွေ့ရလေသည်။ နံနက်လင်းသော် "ကျမကို အမြဲတမ်း လူပြန် ဖြစ်စေချင်ယင် လယ်ကွက်ထဲလိုက်လာပြီး ကျမကန်စွန်းပွင့်ကိုသာ ခူးပစ်လိုက်ပါတော့" ဟု ဖိုးငွေကို မှာကြားကာ ပြန်သွားရလေ၏။

ဖိုးငွေသည် လယ်ကွက်ထဲသို့ လိုက်လာပြီး ကန်စွန်းပွင့်များကိုကြည့်ရာ ကန်စွန်းပွင့် သုံးပွင့်မှာ ရွေးမရအောင် တူနေသည်ကို တွေ့ရ၏။ သို့သော် ဖိုးငွေ၏ စိတ်ထဲက တခုခုတော့ ထူးခြားခြင်း ရှိရပေမည် ဟု တွေးမိလာပြီး ကန်စွန်းပွင့်များကို သေသေချာချာ စစ်ဆေး ကြည့်သောအခါ ထူးခြားသော အချက်ကို တွေ့ရလေသည်။ ထူးခြားချက်ကား ကန်စွန်းပွင့် နှစ်ပွင့်မှာ နှင်းပေါက်များဖြင့် စိုစွတ်နေသော်လည်း ကျန်တပွင့်မှာ နှင်းပေါက်များ မရှိပဲ ပကတိ ခြောက်သွေ့နေခြင်းပင်ဖြစ်၏။


ထိုအခါ ဖိုးငွေသည် မယ်လှမှာ ညကအိမ်ပြန်အိပ်သဖြင့် နှင်းများ မစိုစွတ်နိုင်ဟု တွေးမိကာ ခြောက်သွေ့နေသော ကန်စွန်းပွင့်ကို ခူးဆွတ်လိုက်လေ၏။ ထိုခဏ၌ မယ်လှသည် ချက်ချင်း သူ့ရှေ့မှာ ဖြစ်ပေါ်လာလေသည်။ ထို့နောက် သူတို့သည် လက်တွဲကာ အိမ်သို့ပြန်လာခဲ့ကြပြီး အဖြစ်မှန်ကို ဖိုးဖေနှင့်ဖိုးတေအား ပြောပြကြ၏။

ဤနည်းဖြင့် များမကြာမီ မယ်ခနှင့် မယ်စတို့လည်း လူပြန်ဖြစ်လာကြကာ ပျော်ရွှင်စွာနေထိုင်ကြရလေသတည်း။ ။








ကြောင်လို
ညောင်လို
ကျင့်
လွင်မောင်ဦး (တက္ကသိုလ်)
အင်းဝနေပြည်တော်တွင် မင်းကြီးစွာစော်ကဲ အုပ်စိုးလျက်ရှိစဉ် တခါသော်–
စောမည်းအား ရခိုင်သို့ စေလွှတ်အုပ်ချုပ်စေရန် သူ့သဘောနှင့်သူ အမိန့်ထုတ်ပြန်လိုက်၏။
ထိုနောက်မှ စည်းဘပြစ်အမတ်ကြီးအား အပါးသို့ ခေါ်ယူတိုင်ပင်လေသည်။
စည်းတပြစ်အမတ်ကြီးလည်း ဤသို့ကြံ၏။
စောမည်းကို မခန့်ထားမီက၊ ငါ့ကို မတိုင်ပင် ခန့်ထားပြီးမှ တိုင်ပင်တယ်၊ စောမည်းကလဲ အဆင်ခြင်ဉာဏ် နည်းတော့.... အင်း..ကြောင်လို ညောင်လို ကျင့်ကို မှာကြားနေရ တော့မှာကဲ...
စောမည်းယေ... သင်ရခိုင်သို့ ရောက်လျှင်.. ကြောင်လို ညောင်လိုကျင့်၍ အုပ်စိုးပါလေ...
ဤသို့မှာကြား၍ စေလွှတ်လိုက်လေသည်။



အင်းကြောင်လို
ဘောင်လို ကျင့်ရမယ်
တဲ့... ဘယ်လိုပါလိမ့်၊
စောမည်းတို့ ရခိုင်သို့ရောက်လျှင်....
ဤသို့ဖြင့်
တိုင်းသူပြည်သားလူအများတို့လေး...
ငါ၏ရှင်မင်းတော်အလွန်း၊ ကြောင်လို
ဘောင်လို ကျင့်ရန်အလို့ငှာ...
...။ အမိန့်တော်...
ဒုံ-ဗုံ ဗုံ
ညောင်ပင်တို့ကို ခုတ်လှဲစေ၍
အညွှန့်အခက်များကို ဆင်စာကျွေးစေ၏။
ကြောင်တို့ကို ဖမ်း၍သတ်စေ၏။
စောမည်း၏ ရက်စက်ကြမ်းကြုတ်မှုကို ရခိုင်
သားတို့ မခံမရပ်နိုင်ရကား အချို့က ဆူပူ
ကြ၏။
အချို့က ပုန်ကန် တိုက်ခိုက်ကြ၏။


သို့ဖြင့် စောမည်းသည် ရခိုင်မှ အင်းဝသို့ ပြန်လည်ပြေးခဲ့ရလေသည်။
ထိုအခါတွင်မှ စည်းတပြစ်အမတ်ကြီးက စောမည်းအား ဤသို့ရှင်းပြလေ၏။
ကြောင်လိုညောင်လိုကျင့်ဟူသည်မှာ ကြောင်ကိုသတ်၍ ညောင်ပင်ကိုဖျက်ဆီးစေလိုခြင်းမဟုတ်ပါ
ကြောင်တို့မှာ လိုသောအခါမှ လက်သည်းကိုထုတ်၍ အစာကိုမိအောင်ဖမ်းသကဲ့သို့ တိုင်းပြည်၏ ရန်သူတို့ကို ကျွမ်းလစ်သေချာစွာ ချုံခိုဖမ်း၍ တွေ့မှသာ မလွတ်အောင်နှိမ်နင်းရပါမည်။
ညောင်ပင်ကား ကြီးမားသောစွာ အကိုင်းအခက်များ ဖြာလျက်ရှိသည်ဖြစ်၍ ဝင်ရောက်ခိုဝင်လာသူတို့အား အရိပ်ဖြင့် အေးချမ်းမှုကို ရစေသကဲ့သို့ ....
ပြည်သူတို့အား ဆင်းရဲချမ်းသာမရွေး မိမိ၏ ဖြောင့်မတ်သောတရား၊ မှုခင်းသော မေတ္တာတို့ဖြင့် ဖြေ့ဖျိုး အုပ်ချုပ်စေလိုခြင်းသာဖြစ်ပါသည်။
ဤတွင်မှ စောမည်းသည် ကြောင်လို ညောင်လိုကျင့် ဟူသော စကား၏ အဓိပ္ပါယ်ကို နားလည် သဘောပေါက်သွားလေတော့သတည်း။
ပြုံး



## ကမ္ဘာ့ပထမဆုံးဂြိုဟ်တုနှင့် ပထမဆုံးအာကာသသူရဲကောင်း


၁၉၅၇ ခု အောက်တိုဘာလ ၄ ရက်နေ့တွင် အာကာသထဲသို့ ပထမဆုံး ဂြိုဟ်တုကို ပစ်လွှတ်နိုင်ခဲ့သည်။ ဂြိုဟ်တုအမည်မှာ စပွတ်နစ် အမှတ် ၁ ဖြစ်၍ ဆိုဗီယက်ရုရှားနိုင်ငံမှ ပြုလုပ်သည်။ အလေးချိန် ၁၆၃ ပေါင်ရှိသည်။ ကမ္ဘာ မြေပြင်အထက် အနီးဆုံး ၁၄၂ မိုင်နှင့် အဝေးဆုံး ၅၀၀ မိုင်မှ ကမ္ဘာကို ၉၆.၁၇ မိနစ်လျှင် တပတ်နှုန်းဖြင့် ပတ်ခဲ့သည်။ ၂၁ ရက်တိုင်တိုင် အာကာသဆိုင်ရာ သတင်းများ ပေးပို့ခဲ့ပြီး ၁၉၅၀ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် ကမ္ဘာ့လေထုထဲ ပြန်လည်ဝင်ရောက်ကာ ပျက်စီးသွားသည်။

ပထမဆုံး အာကာသ သူရဲကောင်းမှာ ယူရီဂါဂါရင် ဖြစ်သည်။ သူသည် ၁၉၆၁ ခု ဧပြီလ ၁၂ ရက်နေ့က ရုရှားတို့ ပစ်လွှတ်သော ဗော့စတော့ အမှတ် ၁ အာကာသယာဉ်ဖြင့် စီးနင်းလိုက်ပါသွားသည်။ ကမ္ဘာ့တပတ်မျှသာ ပတ်နိုင်ခဲ့၍ ၀၉.၃၄ မိနစ်ကြာခဲ့သည်။

ဂါဂါရင်သည် လယ်သမားတဦး၏သား ဖြစ်၍ ၁၉၃၄ ခု မတ်လ ၉ ရက်တွင် ဖွားမြင်သည်။ ၁၉၅၁ ခုနှစ်တွင် အထက်တန်းကျောင်းမှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၍ ၁၉၅၅ ခုနှစ်တွင်လည်း ဆာရာတော့စက်မှုလက်မှု အတတ်သင်ကျောင်းမှ ဂုဏ်ထူးဖြင့်ပင် အောင်မြင်ပြန်သည်။ ထို့နောက် ရုရှားလေတပ်မတော်တွင် ဝင်ရောက်အမှုထမ်းသည်။ သူ၏ဇနီးမှာ ဗလန်တီနာ ဖြစ်သည်။ ဂါဂါရင် ပထမဆုံး အာကာသတွင်း သွားရောက်ချိန်၌ သမီးနှစ်ယောက် ရလေပြီ။ လီနင်ဆုနှင့် ရွှေတံဆိပ် ရခဲ့သည်။ ၁၉၆၀ ခု မတ်လ ၂၇ ရက်တွင် မော်စကိုမြို့အနီး၌ ဂျက်လေယာဉ်ပျံပျက်ကျပြီး သေဆုံးသွားရှာသည်။

အောင်သန်းချစ်

## သားသားရဲ့အကြံ



# လွဲမှားသောညီညွတ်ခြင်း

မောင်နေဦး



"ဟော့– နောက်ကလိုက်လာပြီ။ ကန်လိုက်တော့"

"ဝေးဟေး– ဂိုး၊ ဂိုး...."

ဂိုးဝင်သွား၍ ကန်စွန်းခင်းရပ်ကွက်ဖက်မှ လက်ခုပ်သံများထွက်ပေါ် လာသည်။ ဦးထုပ်၊ ထီး၊ ဘိနပ်များကို မြှောက်၍လည်း အားပေးနေကြသည်။

နာမည်ကြီး ရပ်ကွက် နှစ်ခုကစားသော ဘောပွဲဖြစ်၍ လာကြည့်သူ အတော်များသည်။ ဘောလုံးကွင်းမှာ ပန်းခြံ လမ်းထိပ်တွင် ရှိနေသဖြင့် ပန်းခြံလူငယ်ဖက်မှ လာအားပေးသူ ပိုများပါသည်။

"တွေ့လားဟေ့– ဟိုဘက်က ကောင်တွေ လူချ နေပြီ။ စောစောကလဲ သူတို့ ဂိုးသမားက ဘောလုံးဖမ်းသလိုနဲ့ ဒို့လူကို တတောင်နဲ့ တွက် တယ် ကွ – ဟင်း"

ဒေါသ ဖြစ်နေသော ညိုမောင်၊ ဂျစ်တူးနှင့် ညိုမောင်တို့လူစုသည် ဂိုးတိုင် နောက်တွင် ရပ်ရင်းက ဘောလုံးပွဲကို မကျေမနပ် ဖြစ်နေကြသည်။ မိမိတို့အပိုင်းရှိ ကစားကွင်းတွင် ဖြစ်သော ကြောင့် ပို ရှက် စ ရာ ကောင်း သည်ဟု ထင်နေ ကြသည်။

"အင်း– ဒို့ဘက်ပိုင်း လာကျယ်ရဲတဲ့ ဂိုးသမားကို တော့ ဆုံးမလွှတ်ရမှာပေါ့ကွာ"

ထို့နောက် ညိုမောင်သည် စားလက်စဆီးသီးဖြင့် ဂိုးသမားခေါင်းကို လှမ်း၍ ပေါက်လိုက်၏။ ဂျစ်တူးက သားရေကွင်းဖြင့် ခြေသလုံးကို လှမ်းပစ်လိုက်ပြန်သည်။ ဂိုးသမားသည် ခုန်၍ နောက်သို့ လှည့်ကြည့် လိုက်၏။ ထိုစဉ် ဘောလုံးသည် ဂိုးတိုင်ရှေ့သို့ကျလာပြီး မြေကြီးပေါ် တချက်ထောက်ကာ ဂိုးပေါက်ထဲသို့ ဝင်သွား ပါတော့သည်။ ကန်စွန်းခင်း ဂိုးသမား ကပျာကယာလှမ်း၍ လိုက်ဖမ်းသော်လည်း နောက်ကျသွား လေပြီ။ တဂိုးစီ သရေကျသွား၏။

ညိုမောင်တို့သည် ခုန်လိုက်၊ ပေါက်လိုက်၊ မြက်ခင်းပေါ်တွင် ဂျွမ်းထိုးလိုက်ဖြင့် မြူးနေကြပါသည်။

ဘောလုံးပွဲသည် တဖက်နှင့် တဖက် အကြိတ်အနယ်ဖြစ်လာ၏။ လဲသူလဲ၊ ခုန်သူခုန်၊ ပြေးသူပြေး၊ လိုက်သူလိုက်နှင့် လွန်စွာ အသဲအေးဖွယ်ဖြစ်နေသည်။ တချိန်တွင် ကန်စွန်းခင်းဖက်သို့ ဘောလုံး ဝဲလာ ပြန်သည်။ ညိုမောင်က နောက်ထပ် ဆီးစေ့ တခုဖြင့် ခေါင်းကို လှမ်းပေါက်လိုက် သည်။ ဂိုး သ မား သည် ဘောလုံးကို ဂရု မစိုက်တော့ပဲ ညိုမောင်တို့ ဖက်သို့ လျှောက်သွား၏။ အနား ရောက်သော် ဂျစ်တူးကို လှမ်းတွန်းလိုက်၏။

"အော်– မင်းက ဒို့ဘက်ပိုင်းလာပြီး စွာရဲတယ်ပေါ့"

ညိုမောင်ကပြောပြောဆိုဆိုနှင့် ဂိုးသမား မျက်နှာကို လက်သီးဖြင့် လှမ်းထိုးလိုက်၏။ ဂျစ်တူးက လဲနေရာမှ အနီးရှိ အုတ်ခဲကျိုးဖြင့် လှမ်းပစ်လိုက်ရာ ဒူး

ခေါင်းကို ထိမှန်သွားပြီး သွေးများ ရဲကနဲထွက်လာ၏။

"တယောက်ထိ၊ တရာတဲ့ ဟော့နော်။ ဒီအုပ်စုကို လာစမ်းလို့ ဘာရမလဲ၊ ဆော်ကွ– တီးကွ– ချကွ"

ဂိုးသမားကို ညိုမောင် တို့ အုပ်စုက သဲသဲမဲမဲဝိုင်းပြီး ထိုးကြိတ်ကြ၏။ သို့ဖြင့် ဘေးလူများ အပြေး ရောက်လာကာ ရန်ပွဲကိုဖြန်ဖြေလိုက်ရသည်။ ဂိုးသမားမှာ တမျက်နှာလုံး ဖူးရောင်သွားသည်။

တ အောင့် လောက် ကြာသော် –

"မောင်ရင်လေးတို့ ဒီနား ခဏလာပါအုံးကွဲ့" ဟု ရပ်ကွက်လူကြီးတယောက်က လှမ်းခေါ် လိုက်ပါသည်။

ညိုမောင်၊ ဂျစ်တူး၊ ပေတလူ တို့သည် အောင်နိုင်သူများ အဖြစ်နှင့် ဟန်ပါပါ လျှောက်သွားကြပါသည်။

"ဦးလေး ကျွန်တော်တို့ တီးလွှတ် လိုက်တာ ကြည့်လို့ မကောင်း ဘူးလား။ ဒါတောင် ဘေးက ဝိုင်းဆွဲလိုက်လို့ ပေါ့ဗျ" ဟု ပေတလူက အရှိန်မပြေသေးသည့်ဟန်မျိုးဖြင့် အားပါးတရ ပြောနေသည်။

"အေးကွယ် မင်းတို့အနေနဲ့ ကြည့်လို့ကောင်းပေမဲ့၊ ဘေးလူတွေအတွက်တော့ အတော်မုန်းတီးစရာ မနှစ်မြို့စရာ ဖြစ်နေတယ်"

"အို– ဦးလေးကလဲဗျာ၊ သူတို့ ဘက်က ဘောသမားတွေ ညစ်ပတ် တာတော့ မမြင်ဘူး။ သူတို့ကစပြီး ရန်စတာဗျ။ ရန်စတာ ငြိမ်ခံနေယင် လူကြောက် ရပ်ကွက်ကြီးဖြစ်သွားမှာပေါ့"

လူကြီးသည် ဦးခေါင်းကို တဆတ်ဆတ်ငြိမ့်ရင်းက –

"အင်း– မင်းတို့တတွေ ရပ်ကွက်အပေါ် ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်း စောင့်ရှောက် ကြတာကိုတော့ ဦးက ချီးကျူး ပါ တယ်ကွယ်။ ဒါပေမဲ့ အခုကိစ္စမှာ မင်းတို့ဟာ ညီညွတ်ရာ မရောက်ဘဲ တဖက်လူကို ဝိုင်းပြီး ဗိုလ်ကျသလိုဖြစ်နေတယ်။ တနည်းအားဖြင့် မင်းတို့ လူစုဟာ ညီညွတ်ခြင်းကို အလွဲသုံးစားပြုခဲ့ကြတာဘဲ။ ဘောလုံး ကစားတဲ့အခါ မတော်တဆ ထိခိုက်မိကြတာ ထုံးစံပါကွဲ့။ ဒါကို မင်းတို့က အမြင်မှားပြီး မစဉ်းမစား နဲ့ လုပ်ခဲ့ကြတယ်။ ဒါကြောင့် နောက်ဆိုယင် တန်ဘိုးရှိတဲ့မင်းတို့ရဲ့ ညီညွတ်ခြင်းကို စဉ်းစားချင့်ချိန်ပြီး အကျိုး ရှိအောင် သုံးကြပေါ့ကွယ်"

ညိုမောင်နှင့်အပေါင်းအသင်းများမှာ ခေါင်းငိုက်စိုက်ကျသွားပြီး အတန်ကြာ တွေဝေနေ၏။ ထို့နောက် တူညီသော ဆုံးဖြတ်ချက်တခုကို ချလိုက်ကြ၏။

မနက်ဖြန် ကျောင်းအပြန်တွင် ကန်စွန်းခင်း ရပ်ကွက်သို့ အရဲစွန့်သွားမည်။ ထို့နောက်ဂိုးသမားကို ဝိုင်း တောင်းပန်ကြမည်ဟူ၍ ဖြစ်ပါသည်။

# ကိုဝလုံးရဲ့ မျက်လှည့်ပွဲ

"ဝ"လုံးလေး ခပ်ငယ်ငယ်၊
မျက်လှည့်ပြတတ်တယ်။

ညာဘက်ကကွယ် ဖျက်လိုက်ပါ၊
မြင်လိမ့်အက္ခရာ "င"။

ဘယ်ဘက်ကဖြင့် ဖျက်လိုက်စမ်း၊
ပေါ်ခဲ့ "ာ" ဂဏန်း။

စမ်းလို့သာဖြင့် အောက်ကပယ်၊
အက္ခရာ "ဂ" ပါကွယ်။

အပေါ်ကရယ် ဖျက်လိုက်ကြ၊
မြင်လိမ့် အက္ခရာ"ပ"။ ။

ကျော်လွမ်းဝေ (မန္တလေး)






ဖူးပွင့်ပုံ အလွန်တင့်တယ်လှပသော သစ်ခွမျိုး ဖြစ်သည်။ ပန်းခိုင်တွင် ပန်းများသည် ပွင့်တံကို လှည့်ပတ်၍ ထူထပ်သိပ်သည်းစွာ တပြိုင်တည်းပွင့်သည်။ အရင်းအဖျား တညီတည်းဖြစ်ကာ လုံးဝန်း၍ ပင်စည်မှ တွဲလောင်းကျလျက်ပွင့်နေပုံမှာတံခွန်တိုင်မှတံခွန်လုံးသဖွယ်ဖြစ်သည်။ ပင်စည်က သုံးပေခန့်ရှည်၍ အပွင့် ၅၀ နီးပါးပါသော ပန်းခိုင်သည် နှစ်ပေနီးပါးခန့်ရှိသည်။အဖျားချွန်၍ အမြောင်းများထနေပြီး လေးထောင့်ပုံ ဖြစ်နေသောပင်စည်၏ ထိပ် ဖျားမှ အရွက်များထွက်သည်။ ဖူးတံကလည်း ပင်စည်ထိပ်ဖျားမှပင်ထွက်သည်။ ပွင့်ချပ်များသည် အဖြူရောင်ဖြစ်သော်လည်း ''နှုတ်ခမ်း'' ( အရွေအလယ်ပွင့်ချပ် )ကမူ ရွှေဝါရောင်ဖြစ်သည်။ပန်းပွင့်ချိန်သည် မတ်လနှင့် ဧပြီလများဖြစ်၍ပန်းခိုင်သည် ရက်သတ္တတပတ်ခန့် ခံသည်။

တံခွန်လုံးငွေသစ်ခွမျိုးကို တောင်ကြီးတွင် ခိုင်လုံးငွေ၊ ပန်းဆွဲမြွေ၊ ဒမ့်မြွေ၊ ကျောက်ကြီး (တောင်ငူခရိုင်)နှင့် ကော့သောင်းဖက်၌မူ ကြက်ဥနှစ်ပန်းဟု ခေါ်ကြသည်။ ပင်စည်တို့၏ တပေခန့်သာရှိပြီး အပွင့်ရောင် ခြားနားသော တံခွန်လုံးငွေမျိုးခွဲတမျိုးကို တံခွန်လုံးရွှေဟု ခေါ်ကြသည်။ အပွင့်များသည် ရွှေဝါရောင်ဖြစ်၍ နှုတ်ခမ်းက လိမ်မော်ရောင် ဖြစ်သည်။ တံခွန်လုံးငွေထက် အပွင့်ငယ်သည်။ ယင်းကို မေမြို့၌ ကြက်ဥနှစ်ကလေးဟုရင်း၊ ခိုင်လုံးရွှေဟုရင်း ခေါ်သည်။ ကလေးတွင် ခိုင်လုံးရွှေ၊ တံခွန်လုံးရွှေဟူ၍ရင်း၊ ထားဝယ်နှင့် ပေုတော (ပုသိမ်ခရိုင်) တို့ဖက်၌ ကြက်ဥနှစ်ပန်းကလေး ဟူ၍ရင်း ခေါ်ဆိုကြလေသည်။

တင့်တင့်

# ခိုင်ပန်းစုံ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၃၇။

# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ တော်သလင်းလဆုတ် ၄ ရက်(၁၅-၉-၇၃)

တာဝန်ကြောင့်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-လှလှ




စနေနေ့တိုင်း ထုတ်ဝေသည်။



တခါတုန်းက လယ်ဧက များစွာပိုင်သော သူဌေးကြီး ဦးသော်က ဆိုသူရှိ၏။
သူ၏အလုပ်သမားများတွင် အလုပ်ကို ခိုကပ်၍ အချိန်ဆွဲလုပ်တတ်သူများ ရှိသလို–
ဟဲဟဲ- ဒို့ကတော့- အလုပ်ကို လျှော့လုပ်။ အခွင့်အရေးကို ပိုတောင်းတဲ့ စနစ်ဘဲ ကြိုက်တယ်
ဒါကြောင့် (လျှော့လုပ် ချမ်းသာ) လို့ဆိုတာ ပေါ့.....
ကောက်ရိုးပုံ နောက်ရောက်- ကိုယ်ရောင် ပျောက်တာဘဲ- ဟဲဟဲ
ကြိုးကြိုးစားစားနှင့်လုပ်သော မောင်ဒေါ်နတို့ လိုအလုပ်သမားများလည်း ရှိလေသည်။
တနေ့တွင် ဦးသော်ကသည် စိတ်ချရမည်ဟု ထင်ရသော လူဆယ်ယောက်ကိုခေါ်ပြီး–
ခရီး ထွက်မယ်၊ တယောက် တထုပ်စီသယ်ကြ။ ကြိုက်တဲ့အထုပ်ရွေးယူနိုင်တယ်။ နောက်တော့မှ မြန်မလဲ ရဘူး၊ ဒါဘဲ။
ကဲ- အသင့်ပြင်ကြတော့.......
အလုပ်သမားများသည် အလုအယက် ပြေးကာ အသေးဆုံး အပေါ့ဆုံးကို ရွေးယူကြ၏။
မောင်ဒေါ်နကား ကျန်ရှိသော အထုပ်ကြီးကို နောက်ဆုံးမှ အေးအေး ဆေးဆေး ယူလေသည်
ငါ့ ပခုံးပေါ် ရိုင်းတင်ကြ ပါအုံး ကွ


ဒေါ်နက မနိုင့်တနိုင်ဖြင့် မနေစဉ်
ဒေါ်နုရယ်၊ မင်းရွေးမှရွေးတတ်ပလေ
ဒေါ်နုက-လေးလေး ပင်ပင် ထမ်းရမှ-ထမင်းဝင်တာကွ-ဟား ဟား
ခရီးတလျှောက် လုံးထမ်းရမှာ၊ မင့်အမြဲ ကို-ငါတို့ သနားပါသေး တယ်-ဟဲဟဲ
သို့သော် မောင်ဒေါ်နုကား အပြုံးမပျက်ချေ။
ကိစ္စမရှိပါဘူးကွ၊ ငါမသယ်လဲ-ဒို့ထဲက-တယောက် ယောက်တော့-သယ်ရမှာဘဲဟာ၊ နောက်တော့ သာ-ဒီအထုပ် ကြီး-မသယ် မိလေခြင်းလို့ နောင်တ ရ-မနေ ကြနဲ့.
ဝါးဟားဟား
ငါတို့အတွက်တော့ မပူပါနဲ့ဒေါ်နုရယ်-မင်းသာ-ဒီအထုပ် ကြီး-ခရီးမဆုံး မချင်း သယ်ပေ တော့-ဒေါ်နုရေ...
ငါတို့အထုပ်နဲ့ဘဲ ငါတို့ရှိပါစေတော့ဗျား
ဟော: ဟော: ဟော:
ဟား၊ ဟား
ခရီးမှာ ထတောင်ဝင် တတောင်တက်ဖြင့် ရက်အတော်ကြာညောင်းသွားလေသည်။
အလုပ်သမားများသည် လမ်းတွင် ထူးခြားချက်တခုကို သတိပြုမိကြသည်။
ဟေ့-မင်းတို့ သတိထားမိရဲ့လား......
ဒေါ်နု အထုပ်ဟာ တနေ့တခြား ယော့်သွားတယ်
ဪ-အထုပ်လဲလို့-ဒီတခါ အမှတ်တမဲ့-ကြည့်ရအောင်
စခန်းချစဉ်
ဟာ-လက်စသတ်တော့ လမ်းမှာစားတဲ့-ရိက္ခာထုပ် ကြီးကိုးဟ....
အော်-ဒါကြောင့်-တနေ့ စားယင်-တခါလျော့ပြီး-ပေါ့ ပေါ့သွားတာကိုး


ခရီးဆုံး၍ မြို့ထဲဝင်သောအခါ မောင်ဒေါနမှာ အထုပ်မရှိပဲ ဟန်နှင့်ပန်နှင့် ဖြစ်နေ၏။
သူဌေးညီအကို ထင်တယ်
ရှုတ် — တိုးတိုး
ထိုမြို့တွင် တည်းခိုနေကြစဉ်အတွင်း၌
ဒေါနရယ် - မှန်တာပြောရရင် - ဒို့က - အပါးတင်ပြီး - အထုပ် ကြီးကို - လေးလို့ ဖရွေးထဲ ချန်ထားတာကွ
အခုတော့ မင်းကလေး ဟန်ကျနေ သေးတယ်
အေးကွ
ငါ့အနေနဲ့ကတော့ - အထုပ်ကြီးကြီးသေးသေး - လေးလေး ပေါ့ပေါ့ - မရွေးပါဘူး။ တာဝန်ကြောင့် သာ - အဓိက ထားတာပဲ - ဟဲဟဲ
အပြန်ခရီး ထွက်မည့်ရက်တွင် သူဌေးကြီးသည် ထပည့်များကို ခေါ်ပြန်၍...
ဒီနေ့ - ဒို့ပြန်ကြမယ်။ သယ်ဖို့ အထုပ်သစ် - ကိုး ထုပ် ထဲ ရှိတယ်။ အလာတုန်းက - အလေး ဆုံး အထုပ်သယ် တဲ့သူကို ခွင့်လွှတ်တယ်။ ကျန် ကိုး ယောက် အသင့်ပြင်
ထိုအခါ အလုပ်သမားများသည် အထုပ် အကြီးဆုံးကို ဝိုင်းလုကြပြန်၏။
အိမ်ပြန်ရောက်သောအခါ သူဌေးကြီးက
အေး။ ငါ့ကပည့်တွေ - ပင်ပန်းကြတယ်။ ဒါကြောင့် အပိုဆုငွေ အနေနဲ့ - တယောက် ကို အသပြာ ယူကြ။ တာဝန်ကိုသာ အဓိကထားပြီး လုပ်တဲ့ သူကတော့ မောင်ဒေါန - လို့တွေ့ရတယ်။ ဒါကြောင့် - အထူးဆု အနေနဲ့ သူ့နှစ်သက် ရာ - လယ်မြေတကွက် အပိုင်ပေးမယ်..... ကြိုက်ရာလယ်ကွက် ရွေးပေတော့။


ဦးသုခသည် အလွန်ချမ်းသာကြွယ်ဝသော သူဌေးကြီးတဦးဖြစ်၍ ဉာဏ်ပညာအမြော်အမြင်နှင့်လည်း ပြည့်စုံသည်။ သူ့တွင် မောင်ညွန့်ဟူသော သားတယောက်ရှိ၏။
မောင်ညွန့်မှာ မောင်ကြည် ဆိုသူနှင့်သာ ပေါင်းသင်း၍ မောင်ကြည် ပြောသမျှကို ယုံကြည်နေသူ ဖြစ်သည်။
ငါကမင်းတို့လောက် မချမ်းသာပေမဲ့ တရွာလုံးက လေးစားတယ်ကွ
အေးပါ မင်းရဲ့ ရိုးသားဖြောင့်မတ်မှုကို ငါယုံကြည်ပါတယ်
ဦးသုခက သားဖြစ်သူအား မောင်ကြည် အပေါ်တွင် အစစအရာရာ မယုံကြည်ရန် ပြောဆိုဆုံးမသော်လည်း မရပေ။
လူဆိုတာ အခက်အခဲကို စိတ်ထားမြန်မြန်နဲ့ ကူညီနိုင်မှ ကောင်းတာကွ
အို ဖေဖေကလဲ လူတယောက်ကို အလကား အထင်သေးနေတာဘဲ
တနေ့တွင် မောင်ညွန့်တို့သားအဖ နေပြည်တော်သို့သွားရန် ကိစ္စပေါ်လာလေသည်။
ကဲ ငါတို့ ပစ္စည်းဥစ္စာတွေကို ဘယ်သူ့ အပ်ထားခဲ့မလဲ
ကျွန်တော့် သူငယ်ချင်း မောင်ကြည်ဆီမှာ အပ်မယ်
ဖြစ်ပါ့ မလားကွ
ဟာ! ဖေဖေကလဲ ဒီမြို့မှာ သူ အရိုးသားဆုံးဘဲဟာ. သူ့မှ အပ်လို့ ဘယ်သူ့ အပ်မလဲ


အေးလေရှိုးယင်လဲပြီးတာဘဲ ဒါပေမယ့် နောက်မှ မင်းကို လက်တွေ့ဆုံးမစရာ ရှိသေးတယ်
ဟုတ်ကဲ့ ဟုတ်ကဲ့
ကဲ မင်းပြင်စရာရှိတာသွားလုပ် ငါလဲ သေဋ္ဌာထဲ ရွှေငွေ ရတနာတွေ ထည့်ဦးမယ်
သေဋ္ဌာကြီးကို မောင်ကြည်ထံ အပ်ခဲ့ကြ၏။
ကျွန်တော့်အကြောင်းကိုတော့ ဦးသားနဲ့ တရွာလုံးက သိပြီးသားပါ
နှစ်လခန့် ကြာသောအခါ နေပြည်တော်မှ ပြန် ရောက်လာကြပြီး မောင်ကြည်ထံသွားကြလေသည်။
အဲ. သေဋ္ဌာကြီးကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားတာ ကျေးဇူးတင်ပါတယ်
မောင်ကြည်မှာ စိတ်ဆိုးမာန်ဆိုးဖြင့်
ဟာ! ဦးတို့
ဟေ
ဟင်
သေဋ္ဌာကြီးထဲမှာ ရွှေငွေတွေမှ ထည့်မထားဘဲ ကျောက်ခဲတွေ ထည့်ခဲ့ပါလား
အို
ဦးသုခက ဟားတိုက်ရယ်လေသည်။
ဟားဟား
ဟားဟား
ဟား



ဟင်!
ဟုတ်ကဲ့
အင်း
မောင်ညွန့်လည်း ယခုမှ သဘောပေါက်သွား လေတော့သည်။


# ပညာရှင်

## ဇနီးမောင်နှံ

ကာတွန်းပုံပြင်-

**ဖိုးလမင်း**

ပန်းချီ-ဂျဆီနှ





တခါက တိုင်းပြည်တပြည်တွင် အသိဉာဏ် ပညာနှင့်ပြည့်စုံသော မုဆိုးတယောက် ရှိ၏။ သူ့အမည်မှာ အင်ချင်ဟု ဖြစ်ပေသည်။ အင်ချင်ဟု၏ဇနီး ဂူအာမှာလည်း အလွန် ချောမောလှပ၍ ပညာဉာဏ်ရှိသော မိန်းမတယောက် ဖြစ်၏။

တနေ့တွင် ထိုတိုင်းပြည်မှ ရှင်ဘုရင်သည် တောကစားထွက်လာရင်း ဂူအာကို တွေ့မြင်သွားလေသည်။ ရှင်ဘုရင်သည် ချောမောလှပသော ဂူအာကို လိုချင်သဖြင့် အင်ချင်ဟုကိုသတ်ပြီး ဂူအာကို မတရားသိမ်းပိုက်ရန် ကြံစည်လေတော့၏။

တနေ့တွင် ရှင်ဘုရင် တောကစားထွက်လေရာ အင်ချင်ဟုကို နောက်လိုက်အဖြစ် ပရိယာယ်ဆင်ကာ ခေါ်လာခဲ့၏။ လမ်းတွင် ကျီးကန်းများ ပျံသန်းနေသည်ကို တွေ့လေရာ ရှင်ဘုရင်က "ကျီးကန်းတွေ ဘာတွေပြောနေကြတယ်ဆိုတာ ငါ့ကို ပြန်ပြောစမ်း၊ မပြောနိုင်ယင် မင်းကို သတ်မယ်" ဟူ၍ အင်ချင်ဟုအား အကောက်ဉာဏ်ဖြင့်စေခိုင်းလိုက်လေသည်။ လိမ္မာပါးနပ်သော အင်ချင်ဟုကလည်း ကျီးကန်းများ၏အသံကို နားထောင်ဟန်ပြုကာ "ရှင်ဘုရင်ကြီးနဲ့သာ အမဲလိုက်ထွက်ရယင် သိပ်ပျော်မှာဘဲလို့ ကျီးကန်းတွေက ပြောနေကြပါတယ် ဘုရင်ကြီး" ဟု ပြောပြလိုက်ရာ ရှင်ဘုရင်မှာ အင်ချင်ဟုကို အပြစ်မရှာသာတော့ပေ။

နန်းတော်သို့ ပြန်ရောက်သောအခါ ရှင်ဘုရင်ကြီးသည် အင်ချင်ဟုကို အပြစ် ရှာရန်အတွက် အကြံထုတ်ပြန်လေသည်။ ထို့နောက် ရှင်ဘုရင်က "ငါ့ကို ပေတထောင်ရှည်ပြီး ပြာနဲ့ လုပ်ထားတဲ့ ကြိုးတချောင်း ဆက်သရမယ်။ မဆက်သနိုင်ယင် မင်းကို သတ်ရလိမ့်မယ်" ဟု စေခိုင်းပြန်၏။

အင်ချင်ဟုမှာ မကြံတတ်အောင်ဖြစ်ပြီး တရက်မျှ စဉ်းစားခွင့်ပေးရန် ခွင့်တောင်းကာ အိမ်သို့ ပြန်လာခဲ့လေသည်။ အိမ်ရောက်၍ ဇနီးဖြစ်သူ ဂူအာအား အကြောင်းစုံကို ပြောပြသောအခါ ဂူအာက "ဘာမှ မပူပါနဲ့၊ ကျမ လုပ်နိုင်ပါတယ်" ဟုပြောပြီး မြက်ခြောက်များကို စုကာ ပေတထောင်ရှည်သော ကြိုးဖြစ်အောင် ကျစ်လေသည်။

ထို့နောက် လင်ပန်းထဲတွင်ထည့်ကာ မီးရှို့လိုက်ရာ မြက်ကြိုးသည် အခွေမပျက်ပဲ ပြာဖြစ်သွားလေသည်။ ထိုအခါ ဂူအာက "ကဲ - ဒါကို ယူပြီး ဘုရင့်ထံ ဆက်သပေတော့"ဟု ပြောလိုက်၏။

အင်ချင်ဟုသည် လင်ပန်းကိုယူ၍ ဘုရင့်ထံသို့ သွားပြီး "ပေတထောင်ရှည်တဲ့ ပြာကြိုးပါဘုရား" ဟုဆိုကာ ဆက်သလိုက်လေသည်။ ထိုအခါ ရှင်ဘုရင်ကြီးမှာ အံ့သြသွားပြီး "ကဲ-ဒါဖြင့် ဒီပြာကြိုးခွေကို ပေတထောင်ပြည့်ရဲ့လား တိုင်းစမ်း"ဟု ခိုင်းပြန်၏။ အင်ချင်ဟုက "ရှင်ဘုရင်ကြီး ခိုင်းတဲ့အတိုင်း ပေတထောင်ရှည်တဲ့ ပြာကြိုးကို ယူလာခဲ့တာပါ။ မယုံယင် ဘုရင်ကြီးကိုယ်တိုင် တိုင်းကြည့်ပါ"ဟု ပြန်ပြောလိုက်ရာ ရှင်ဘုရင်ကြီးမှာ အကြံရခက်သွားပြီး ပြာကြိုးကို လက်ခံလိုက်ရလေ၏။

ထို့နောက် ရှင်ဘုရင်သည် အကြံတခုရလာပြီး "နက်ဖြန်ကြရင် မင်း ငါ့နန်းတော်ကို လာရမယ်။ ဒါပေမဲ့ နန်းတော်ခန်းမဆောင်ရဲ့ အပြင်လဲမဟုတ်၊ အတွင်းလဲ မဟုတ်တဲ့ နေရာကနေပြီး ငါ့ကို ခစားရမယ်"ဟု စေခိုင်းပြန်လေသည်။ သို့ဖြင့် အင်ချင်ဟုမှာ အိမ်ပြန်၍ ဂူအာနှင့် တိုင်ပင်ရပြန်၏။


နောက်တနေ့နံနက်တွင် အင်ချင်ဟုသည် နန်းတော်သို့ သွားပြီး သူ့မိန်းမအကြံပေးသည့်အတိုင်း နန်းတော် တံခါးဝတွင် ခြေတဖက်ကို အတွင်းမှာထား၊ ခြေတဖက်ကို အပြင်မှာထားပြီး ရပ်ကာ ရှင်ဘုရင်ကို ခစားလေ၏။ ရှင်ဘုရင် မြင်တွေ့သောအခါ အလွန်အံ့သြသွားပြီး "ငါ ဘာခိုင်းခိုင်း အင်ချင်ဟု လုပ်နိုင်တာချည့်ပါဘဲလား၊ တယ်တော်ပါလား"ဟု တွေးမိပြီး အင်ချင်ဟုတို့ ဇနီးမောင်နှံကို ချီးမွမ်းမိလေသည်။ သူတပါး၏ သားမယားကို လိုချင်တပ်မက်မိသည့် အဘွက်လည်း နောင်တကြီးစွာ ရနေတော့၏။

ထို့ကြောင့် ရှင်ဘုရင်ကြီးသည် သူ၏ အပြစ်များ ပြေပျောက်စေရန်အတွက် အင်ချင်ဟုတို့ ဇနီးမောင်နှံကို နန်းတော်သို့ခေါ်ကာ ပညာရှင် ဇနီးမောင်နှံအဖြစ် ချီးမြှင့် မြှောက်စားလိုက်လေသတည်း။











လက်မှုအလုပ်
ကာတွန်းမြေဇာဇော့ဆွဲသည်
ဟင်!
ဝက်ပေါသည် အပြင်ထွက်ရန် ထီးကိုယူမည် ပြုရာ ထီးမှာစုတ်ပြဲနေ၏။
ထို့ကြောင့် ဦးလေးဝက်ကို လာခေါ်သည်။
ဦးလေးဝက် ဦးလေးဝက်
ဦးလေးဝက်သည် စိတ်ရှည်လက်ရှည်ဖြင့် သူ၏ ထီးစုတ်ကို ပြင်ပေးသည်။
ထီးပြင်ပြီးသော် ဦးလေးဝက် ပြန်သွား၏။
အော်-ဦးလေးဝက်-ဦးလေးဝက် အတော်သဘောကောင်းတာဘဲ—
အိမ်မှာလုပ်စရာ ရှိလို့ခေါ်လိုက်ယင် မညည်း မညူ လုပ်ပေးရှာတယ်


ထိုစဉ်
ဟိုက်- ကုလားထိုင် နောက်မှီ- ကျိုးသွားပြီ
အင်း- ဦးလေးဝက် ကိုဘဲ ခေါ် လုပ် ခိုင်းမှ-
သို့သော်
မင်းက- ငါ့ကို ဘာများမှတ်နေလဲ
မင်းနဲ့ပတ်သက်ယင် ငါဘာမဆို လုပ်ပေးတယ်- ခုတော့ မင်းကကိုယ့်ဖါသာ ကိုယ်မလုပ်တော့ဘဲ- ဖြစ်သမျှ ငါ့ကိုဘဲ အားကိုးတယ်- ငါလိုက်မလုပ်နိုင်ဘူး-
သွား-မင့်ဖါသာ မင်းလုပ်-
လုပ်မပေးချင်နေပေါ့- ဟင်း ကြီးကျယ် လိုက်တာ- ကိုဝက်တောကို ပိုက်ဆံပေး ခိုင်းယင် ရလွန်းလို့
ထို့ကြောင့်
အော်- ဒါလား ရပါတယ်- ငါးကျပ် ပေးရမယ်
ဗျာ


ခင်းစားပါဦး မျှ– သံကော–တူကော ကျပ်ပေးထားပြီဘဲ– ငါးကျပ် ဆိုတော့ များတယ်–
များယင် နေပေါ့– မလျှော့နိုင်ဘူး ဒါ ကျပ်ပညာဘဲ
မလျှော့နိုင်လဲ–သွား မျှ– သွား ကျပ်ဖိုးသာ ကျပ် လုပ်မယ်–
သွားပါတယ် သွားပါတယ်
ထို့ကြောင့် ဝက်ပေါသည် သူ့ဖာသာသူ ကြိုးစားကာ ကုလားထိုင်ကို ပြင်တော့သည်။
ဒီအောင် လုပ်မယ်–
၂ နာရီမျှကြာသော်–
ဟယ်–ပြီးသွားပြီ ငါတယ့်ဟုတ်ပါလား
အေး–အဲဒီလိုဟုတ်စေချင်လို့ ငါတမင် လိုက် လုပ်မပေးတာ– အိမ်တွင်းလက်မှု အလုပ်ဆိုတာ ကိုယ်တိုင်တတ်ထားသင့်တယ် ဒါမှ သူများအားကိုးဖို့ မလိုဘူး– ပိုက်ဆံမကုန်ဘူး သဘောပေါက် ပလား
ပေါက် ပါပြီ–
ဖြိုး


# ကမ္ဘာ့အမြန်ဆုံး မီးရထား



ဂျပန်နိုင်ငံ၏မြို့တော် တိုကျိုနှင့် အိုဆာကာမြို့တွင် ပြေးဆွဲနေသည့် မီးရထားသည် ကမ္ဘာပေါ်တွင် အမြန်ဆုံးဖြစ်သည်။ ပျမ်းမျှနှုန်း တနာရီလျှင် ၁၀၁.၁ မိုင်ရှိ၍ အမြန်ဆုံးသွားနှုန်းမှာ တနာရီလျှင် ၁၅၅ မိုင် ဖြစ်သည်။ မိုင်ပေါင်း ၂၁၂.၄ မိုင် ဝေးကွာသည့် တိုကျိုမြို့နှင့် နာဂိုယာ မြို့ကို နှစ်နာရီသာ ခုတ်မောင်းသည်။ ထိုရထားသည် ရန်ကုန်မြို့နှင့် မန္တလေးဆိုလျှင် လေးနာရီမျှသာ ခုတ်မောင်းပေလိမ့်မည်။ ၁၉၆၄ ခုနှစ်က တိုကျိုမြို့တွင် အိုလံပစ်ပွဲတော် ကျင်းပချိန်၌ ထိုရထားကို စတင်အသုံးပြုလျက်ရှိလေပြီ။ သို့သော် တရားဝင်စတင်ဖွင့်လှစ်သည့်နေ့မှာ ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့ဖြစ်သည်။ တိုကျိုနှင့်အိုဆာကာ ခရီးတလျှောက်တွင် တန်တားပေါင်း ၂၀၁ ခုနှင့် ဥမင်လိုဏ်ခေါင်း ၆၆ ခုကို ဖြတ်သန်းရသည်။ ရထားလမ်းသည် ဖြောင့်တန်းနေ၍ အကွေ့အကောက် အလွန်နည်းပါးသည်။ ရထားဖြင့် စီးနင်း လိုက်ပါစဉ် ဂျပန်အစားအစာများကို မှာယူစားသောက်နိုင်သည်။ ရထားထဲတွင် တောက်ပသည့် ကော်ဇောများ ခင်းထားပြီး လှပသည့် လိုက်ကာများ တပ်ဆင်ပေးထားသည်။ ရထားမှာ အလွန်မြန်သောကြောင့် ဥမင်လိုဏ်ခေါင်းများကို ဖြတ်သည့်အခါ နားကွဲမတတ် ကျယ်လောင်သော အသံများ ကြားရသည်။ သို့သော် လေလုံခန်းများဖြစ်အောင် ရထားတံခါးများ တပ်ဆင် ပေးခြင်းဖြင့် ထိုအန္တရာယ်ကို ကျော်လွှားနိုင်ခဲ့သည်။ တံခါးများ ပိတ်ထားလျှင် အတွင်းသို့ပြင်ပလေ မဝင်နိုင်၍ ပြင်ပမှ အသံကို မကြားရတော့ပေ။

အောင်သန်းချစ်

# ဖော့ဆို့မြင်း




ပုံ(၁)မှာ ပြထားသည့် အတိုင်း ဖော့ဆို့အသေးမှာ ပင်အပ် နှစ်ချောင်းကို မျက်စိအဖြစ် စိုက်ပါ။ ကပ်ထူပြားကို ပုံ(၄)မှာ ပြထားသည့် အတိုင်း နားရွက်ပုံ ညှပ်ပါ။ ဖော့ဆို့ကို ခါးရာပေးပြီး နားရွက်နှစ်ဖက်တပ်ပါ။

ဖော့ဆို့အကြီးမှာ ပုံ(၂)အတိုင်း မီးခြစ်ဆံ သို့မဟုတ် အခြား တုတ်ချောင်း ညီညီကလေးတွေကို လည်ပင်းနှင့် ခြေထောက်အဖြစ် တပ်ပါ။ သံချွန်နှင့် အရာပေးပြီး စိုက်လျှင် ပိုနိုင်ပါသည်။

အမြီးနှင့် လည်ဆံမွေးအတွက် အပ်ချည်ကြိုးအနက်ကို ကော်ဖြင့်ကပ်ပါ။

စက္ကူကို ဖြတ်ပြီး အရောင်ခြယ်ကာ ကုန်းနှီးအဖြစ် ကပ်ပါ။

# သူခိုးကလေး၏အမေ

မောင်သိန်းဖေ



"ဟောဒီမယ် အမေရေ–ဘဲလေး ယူပြေးဘီ၊ ပြေးဘီ"

နောက်မှ အော်သံနှင့်အတူ ချစ်ပိုကလည်း သုတ်ခြေတင်၍ ပြေးပါတော့သည်။ ရဲကျော်သူတို့ ဘဲခြံထဲက ဘဲပေါက်စလေး တကောင်ကို ချစ်ပိုက အလစ် သုတ်ရာတွင် ရဲကျော်သူက မြင်လိုက်သောကြောင့် အော်လိုက်ခြင်း ဖြစ်ပါသည်။ ထိုသို့ပြေးရလွှားရသဖြင့် ချစ်ပိုတွင် သူ့အမေ ပေးထားသော မတ်စေ့သည် အိတ်ထောင့်ထဲမှ ထွက်ကျခဲ့လေသည်။

အိမ်ဝင်းဝ အရောက်တွင် ချစ်ပိုသည် ပိုက်ဆံ ကျနေရစ်ခဲ့မှန်း သိရလေသည်။ သို့သော် ရဲကျော်သူတို့ ရန်ကို ကြောက်သဖြင့် ပြန်မရှာဝံ့ချေ။ သူ့အမေကို တနည်းနည်းနှင့် ညာ၍ပြောလျှင် ရနိုင်သည်ဟု သူယူဆထားသည်။

"အမေရေ-ကျွန်တော် ဈေးထဲက ဘဲလေး ဝယ်လာတယ်"

"လူလေး ရယ် - သူ များ အသက်ကို မမွေးကောင်းပါဘူး ကွယ်၊ ဘယ်လောက်နဲ့ဝယ်လာခဲ့ရတာလဲဟင်"

"တမတ်ထဲပါအမေရမများ ပါဘူး။ သား မွေးထားချင်လို့ပါနော်"

ချစ်ပို၏ မိခင်မှာ ဖခင် ဆုံးသွားကတည်းက ဈေးရောင်း၍ သားလေး တယောက်တည်းကို ကျွေးမွေးပြုစုခဲ့လေသည်။ အလိုလိုက် သည်။ ချစ်ပို ဆိုး တိုင်း သည်းခံ၍ ချော့မော့ ရသည်။ ယခုလည်း သားအလိုကျ ထို ဘဲလေးကို မွေးရပေတော့မည်။

× × × ×

"မမြရင်၊ အေ-မမြရင်"

"တော် - ဘယ် သူ ပါ လိမ့်။ အော်-ထိုင်ပါအုံး၊ လာလာ"

"မ ထိုင် တော့ ပါ ဘူး၊ ရှင့် သားလေး ကျမတို့ ဘဲလေးကို ခိုးသွားတာ ပြောချင်လို့ပါ"

ဒေါ်မြရင်မှာ မျက်ကလူး ဆန်ပြာ ဖြစ်သွားသည်။ တော်တော်လည်း အံ့သြသွား လေ သည်။

ထို့ကြောင့် –

"မဟုတ်ရပါလား ရှင်ရယ်၊ ကျွန်မ သား လေး ဈေးက ဝယ် လာတာပါတဲ့။ တမတ်တောင် ပေးရသတဲ့"

ထိုအခါ ရဲကျော်သူ၏ မိခင် သည် ပို၍ ဒေါသဖြစ်လာဟန် နှင့် ခါးထောက်ကာ –

"အမယ်-အမယ်၊ ရှင်က ရှင့် သားကို မဆုံးမတဲ့အပြင် ရှင်က ပါ ရောညာတာပေါ့လေ"

"ဘာပြောတယ်၊ ကျမတို့ သားအမိက လူရိုး တွေ ပါ ရှင့်။ အရမ်းမစွပ်စွဲပါနဲ့"

အကျယ်အကျယ် ရန်ဖြစ် လာ သည် အ ထိ အခြေအနေ ပြောင်းလဲလာပါတော့သည်။ ရဲကျော်သူ၏မိခင်သည် အတော် အာကျယ်ပါသည်။ ဒေါ်မြရင် ကို လက်ညှိုးတထိုးထိုးနှင့် ရန် တွေ့ ပါ သည်။ ချစ်ပို ခိုး သွား ကြောင်းကိုလည်း ထပ်တလဲလဲ ပြောနေပါသည်။ တော်တော်

လေး အချိန်ကြာမှ ရဲကျော်သူ၏မိခင်သည် ပြန်ထွက်သွားလေသည်။ သို့သော် အေးအေးဆေးဆေးထွက်သွားသည်တော့ မဟုတ်ပါ။

"သားကလဲ သူခိုး၊ အမေကလဲ သူခိုး၊ သူခိုး သား အမိတော့ အရှက်ကို ခွဲလိုက်အုံးမယ်"ဟု ပြောဆိုကာ ထွက်သွားခြင်း ဖြစ်ပါသည်။ ဒေါ်မြရင်ကတော့ မျက်ရည်ပင် လည်လာသည်။ အရမ်း စွပ်စွဲလိုက်သောထိုမိန်းမကြီး၏ အသံကိုသာ မပြတ်ကြားနေသည်။

ထိုအချိန်တွင် မီးဖိုချောင်ထဲမှ ချောင်းနားထောင်နေသော ချစ်ပိုမှာ တော်တော်ပင် စိတ်ထိခိုက် နေပါတော့သည်။ သူ့အမေကိုပါ သူခိုးဟု စွပ်စွဲလိုက်ခြင်းသည် အမှန်စင်စစ် သူ့ကြောင့် ဖြစ်ရလေသည်။ ဒေါ်မြရင်၏ မျက်လုံးအိမ်မှ စီးဆင်းလာသော မျက်ရည်တို့သည် ချစ်ပိုအား သူ၏အမှားကို သိမြင်စေပါတော့သည်။

ချစ်ပိုသည် သူ၏ အမေကို စိတ်ထိခိုက်စေသည့် အဖြစ်မျိုးနောင်တွင် ကြုံရအောင် မလုပ်တော့ဟု ဆုံးဖြတ်လိုက်သည်။ အထူးသဖြင့် အရှက်ကွဲ တတ်သည့် သူများပစ္စည်းခိုးဝှက်ခြင်းမျိုးကို မလုပ်တော့ဟု အခိုင်အမာ ဆုံးဖြတ်လိုက်သည်။ ချစ်ပို မီးဖိုချောင်ထဲမှ ထွက်လာသော အခါ ဒေါ်မြရင်သည် ချစ်ပိုကို ပွေ့ဖက်ကာ ချုံးပွဲချ၍ ငိုသလို ချစ်ပိုကလည်း မိမိအမှားကို ဝန်ခံရင်း ငိုပါတော့သတည်း။






# သစ်သီးဈေး

ငှက်ပျောသီးတွေ ညီညီညာ၊
စုပေါင်းနေကြတာ။

ပျော်တတ်ပါတဲ့ ဖရဲသီး၊
စိမ်းစို ဝလို့ဖီး။

အပျင်းထူတဲ့ ကျဲကောမောင်၊
အိပ်လို့ မဝပေါင်။

ရသာဆောင်တဲ့ သြဇာမွှေး၊
အနေ ခပ်အေးအေး။

ဒူးရင်းသီးက ခေါင်းမာမာ၊
ဆူး အားကိုးနဲ့ပါ။

ချိုမွှေးနှံ့ဖြာ ရွှေပိန္နဲ၊
ရုပ်ရည်ကတော့ မွဲ။

စိတ်ကြီးဝင်တဲ့ ပန်းသီးတွေ၊
သီးခြား သူတို့နေ။

အမောက်ဆံရှေ့ ရှမ်းနာနတ်၊
မျက်နှာ ပြောင်စပ်စပ်။ ။

ကျော်ဝင်းမောင်
(ရန်ကုန်တက္ကသိုလ်)




ဆောင်းတွင်း၌ ဖူးပွင့်သော သစ်ခွမျိုး ဖြစ်၍ မြေစိုက် သစ်ခွမျိုးတွင်လည်း ပါဝင်သည်။ ဖူးတံသည် ဥနှင့်တူသော ပင်စည်၏ အရင်းမှ ထောင်ထွက်၍ တခါတရံ တပေ နီးပါးခန့် ရှိသည်။ ပန်းခိုင်တခိုင်တွင် အပွင့် အတော်များများ ပါတတ်သည်။ အပွင့်အနေအထား ပုံပန်းသဏ္ဍာန်နှင့် အရောင်အသွေး လှပယဉ်ကျေးသည်။ အဖူး ချွန်ချွန်ကလေးများသည် ထိပ်ချွန်သောပွင့်ချပ်များ ပါရှိသည့် ပန်းနုရောင် အပွင့်ကလေးများ အဖြစ် အောက်ပိုင်းမှစ၍ တဖြည်းဖြည်း ပွင့်လာကြသည်။ လည်ချောင်းဝတွင် အဖြူကွက် ပါရှိသည်။ "နှုတ်ခမ်း" (အရှေ့အလယ်ပွင့်ချပ်)၏ ပုံပန်းသည် ကတော့ပုံ ဆံသော်လည်း ထူးခြား လှပ၍ အတွန့်အဟိုက်များလည်း ရှိသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ပင်စည်သည် ဥနှင့်တူ၍ ထိပ်ချွန်သည်။ အဆစ် နှစ်ဆစ် သုံးဆစ်ခန့် ပါရှိသည်။ အပွင့်ပွင့်ပြီးနောက် အတန်ကြာမှ (နွေရာသီ ကုန်လုလုတွင်) ပင်စည်ရင်း တနေရာမှ ရွက်သစ်များ ကြက်တောင်စည်းကဲ့သို့ ပြူထွက်လာသည်။ ရွက်သစ်များ တဖြည်းဖြည်းကြီးရင့်လာသည်နှင့်အမျှ အရွက်များ၏အရင်းပိုင်းသည် ပင်စည်သစ်အဖြစ် တဖြည်းဖြည်း ရုပ်လုံးပေါ်လာသည်။ အရွက်များသည် လုံးသွားပုံ အဖျားချွန်၍ ရွက်ပြားကျယ်သည်။ ခေါက်ရိုးနှင့်တူသော အလျားလိုက် အကြောများ အများအပြား ပါရှိသည်။ ပင်စည်သည် ရင့်လာလေ ဥနှင့်တူလာလေဖြစ်၍ ဇောင်းများလည်း ပေါ်လာလေသည်။ ပင်စည်ဟောင်းကမူ တဖြည်းဖြည်း ရင့်ခြောက်သွားလေသည်။ မိုးရာသီ ကုန်ဆုံးလုချိန်တွင် အရွက်တို့ ကြွေလေ၍ ဖူးတံထွက်လာပြီး ဆောင်းဦးပေါက်ချိန်တွင် ဖူးပွင့်ပြန်လေသည်။

သဇင်ကြီး ပန်းရောင်သည် ရှားပါးသော သစ်ခွမျိုးဖြစ်ခဲ့သည်။ မူလက မော်လမြိုင်တပိုက်ရှိ ထုံးကျောက်တောင်များ၏ အက်ကြောင်း ကွဲကြောင်းများတွင်သာ ပေါက်ရောက်ခဲ့လေသည်။ သစ်ရွက်ဆွေးမြေများတွင် ဖြစ်ထွန်းသည်ကိုလည်း တွေ့ရသည်။

တင့်တင့်

# ခိုင်ပန်းစုံ

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွှတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၃၀။

# ရွှေသွေး ဂျာနယ်

## ကျွန်ယုံတော် ဂါမဏိ

သရုပ်ဖော် ဦးစိန်
ဇာတ်လမ်း မြနု

၁၃၃၅ ခု၊ တော်သလင်းလဆုတ် ၁၁ ရက် (၂၂-၉-၇၃)



စနေနေ့တိုင်းထုတ်ဝေသည်။


လာဘဝတီ တိုင်းပြည်တွင် ဂါမဏိဟူသော အနုပညာရှင်တယောက် ရှိလေသည်။
တခါသော် ဒွါရာဝတီနိုင်ငံနှင့် စစ်ဖြစ်၍ ဂါမဏိ နေသော ရွာကလေးမှာ ရန်သူလက်တွင်းသို့ ကျရောက်သွားလေ၏။
နာမည်က ဂါမဏိတဲ့လား ဟားဟားဟား
ဂါမဏိကို ဒွါရာဝတီတိုင်းပြည် ဘုရင့်နန်းတော်တွင် ကျွန်အဖြစ် ထားရှိသည်။
ကျုပ်လဲဘဲ လာဘဝတီကပါ ဒီမှာ ထမင်းချက် လာဖြစ်နေပြီ
ဘာဖြစ်လို့ ဒီလောက်ညည်း နေရတာလဲဗျာ
ခင်ဗျားလဲ ကျုပ်လို ကျွန်သက်ရှည်မှာဆို ကျုပ်ပြီးညည်းပေးတာပါ
ညည်းနေလို့ ဘာအကျိုးရှိမှာလဲ ကျွန်ဘဝက လွတ်ဖို့ လုပ်ရမှာပေါ့
ဟား ဟား ဟား လေးငွေတောင်မရှိဘဲ နဲ့ ဘာလုပ်ရမှာလဲ
ဉာဏ်ကိုအသုံးပြု ရမှာပေါ့ဗျ
ခင်ဗျားကို မိဖုရားကြီး မောင်းထုပြီး ခေါ်နေပြီ သွားပေတော့


မိဖုရားဆောင်၌
သစ်သီးယိုတွေ သိပ်စားလို့မဖြစ် ဖုံး ၀ လာမှာစိုးရ တယ်-ယူသွား တော့
ဟဲ့ ဂါမဏီ မင်းတို့ လောဘဝတီ တိုင်းပြည်က မိဖုရားတွေဟာ ဘယ်လို အလှပြင်ကြသလဲကွဲ့ သိပ် လှတယ်လို့ကြားတယ်
လောဘဝတီက နန်းတွင်းသူတွေ ဟာ ၀ မှလှတယ်လို့ထင်ကြတယ် အသားလှအောင် မျက်နှာကိုသစ် သီးအရည်တွေလိမ်းကြပါတယ်
ဟေ..ဟုတ်လား... မိခုတို့ မိဘုတို့ စားစရာတွေယူခဲ့ ကြစမ်း ၀ လာအောင် စားမယ်-စားမယ်
စားဖို့မှူးဝဏ္ဏကို-ပတမတန်း အစားအစာတွေ-ချက်စမ်း လို့ အမိန့်ပေး လိုက်စမ်း မြန်မြန် သွား !
ဟဲ့ ကောင်မလေးတွေ ငါ လိမ်းဘို့ သစ်ပြေသီး မျက်နှာချေတွေဖျော် ကြစမ်း


ဂါမဏိ တယ်ပြီး --
ဖြုန်းနေပါလား ဘာဆုလပ်
များရခဲ့လို့လဲ
မိဖုရားကြီးအတွက် စားကောင်း
သောက်ဖွယ်တွေများများချက်စမ်းပါ
ကိုဝဏ္ဏရယ် ကျုပ်တို့ဒီကျွန်ဘဝက
လွတ်တော့မယ်-တကယ်ပါ
ထိုနေ့မှစ၍ မိဖုရားကြီးနှင့် နန်းတွင်းသူတို့သည်
သစ်သီးရည်များဖြင့် သူတို့၏ မျက်နှာများကို
လိမ်းကျံကြလေ၏။
ဝဖြိုးလာစေရန် စားကောင်း သောက်ဖွယ်များ
ကိုလည်း အလွန်အမင်း စားကြလေ၏။
စားဟဲ့
များများစား
အကြောင်းစုံကို ဘုရင်ကြီး ကြားသိလေသော်
မိဖုရားအား မေးမြန်းလေ၏။
ဟဲ့ မိဖုရား ဥမ္မာ နန်းတွင်း
ထဲ-နင်တို့ဘယ်လို
ဖြစ်နေကြတာတုန်း
သစ်သီးရည်တွေ မျက်နှာလိမ်း
လိုလိမ်းပြီးတော့ ဝ အောင်ဆို
ပြီး စားလိုက် သောက်လိုက်
ကြနဲ့-ဒါဘယ်သူ့အကြံလဲ
ပြောစမ်း


နှမတော် အကြံမဟုတ်ရပါဘူး ဟီး! ဟီး! လာဘဝတီတိုင်းက မိဖုရားတွေ ဒီလိုလုပ်တယ်လို့ ဂါမဏိက ပြောလို့ လုပ်ကြည့်မိတာပါ- ဟီး ဟီး
အိမ်း ဒီလိုလား မငိုပါနဲ့ကွယ် တိတ်စမ်းပါ.. လုပ်စေဖျား ဆက်လုပ်စေဖျား
ဘုရင်ကြီးက မိဖုရားအား အလိုလိုက်သဖြင့် အကြံသမား ဂါမဏိမှာ အလွန်ဝမ်းသာသွားလေ၏။
နိုပ်ဟ!
ဟဲ့ ဂါမဏိ လာဘဝတီက နန်းတွင်းသူတွေ ငိုကြရဲ့လား ဟင်...
မှန်ပါ ငို တာ အလွန်ခေတ်စားပါတယ်
ငို တာ ဘယ်လောက်များ ခေတ်စားသလဲ ဆိုယင် မျက်ရည်ခံအိုးကလေးများ တောင်ဆောင်ထားကြပါတယ် မိဖုရားကြီး
မျက်ရည်ခံအိုး ဟုတ်လား စိတ်ဝင်စားစရာဘဲ-- ငါ့ဘို့ တခု လုပ်ယူခဲ့စမ်း -- မြန်မြန် ယူလာခဲ့


ဂါမဏီနှင့် မောင်ဝဏ္ဏတို့သည် ရွှံ့စေးများဖြင့် မျက်ရည်ခံ အိုးများကို ပြုလုပ်ကြလေ၏။
တောက်တီး တောက်တဲ့ မျက်ရည်ခံ အိုးရယ်လို့ ဟား ဟား ဟား
လှလိုက်တာ ဟယ် ချိတ်ပုံ ချိတ်နည်းလဲ သင်စမ်း ပါဦး ဟဲ့
မိဖုရားကြီးသည် မျက်ရည်ခံအိုးများကို တပ်ဆင်ပြီး အားရပါးရ ငိုကြွေးလေ၏။
မဆိုးဘူးဟဲ့
ထိုအခါ နန်းတွင်းသူများသည်လည်း မျက်ရည်ခံအိုးများ တပ်ဆင်၍ ငိုကြလေ၏။
ဟီး! ဟီး! ဟီး!
ဟီး ဟီး
ဟီး ဟီး
နန်းတော်တခုလုံး အုန်းအုန်းကြွက်ကြွက် ဖြစ်နေသဖြင့် ဘုရင်ကြီးသည် မိဖုရားကိုခေါ်၍ စစ်ဆေးမေးမြန်းလေ၏။
ဟဲ့ ဥမ္မာ နင်တို့ ရူးများနေကြပလား ဟင်
နှမတော် မရူးပါဘူး ဖရား သူများထက် ထူးအောင် လုပ်တာပါ - ဟီး ဟီး ဟီး
မငိုပါနဲ့-မငိုပါနဲ့


နောက်ဆုံးတွင် ဘုရင်ကြီးသည် ဂါမဏိကို ခေါ်၍ အကြံဉာဏ် တောင်းရလေ၏။
မိဖုရားကြီးရဲ့ဆင်ယင် ထုံးဖွဲ့မှုကြောင့် အရှင်မင်း ကြီး စိတ်ထိခိုက်တော်မူ ကြောင်းကြားသိရပါတယ် ဘုရား
အိမ်း-နင်က- ဘာအကူ အညီများ ပေးနိုင်လို့လဲ
ကျွန်တော်မျိုး ကို လာဘဝတီ ပြန်ဘို့ ထွက်လပ်ခွင့်ပေးယင် ကူညီနိုင်ပါတယ် ဘုရား
လာဘဝတီက နန်းတွင်းသူများ ရဲ့ နောက်ဆုံးပေါ်- ဆင်ယင်ထုံး ဖွဲ့မှုများကို- မိဖုရားကြီး ထံသို့ ရေးသား ပေးပို့ရမှာ ဖြစ် ပါတယ်-ဘုရား
ကောင်းပြီ ထွက်လပ်ခွင့် ပေးမယ် ဂါမဏိနဲ့ ဝဏ္ဏတို့ လာဘဝတီကို ပြန်ပြီး မိဖုရားကြီးကို ရိုးရိုးသား သား ဝတ်စားဆင်ယင်လာအောင် ကြံဆောင်စေ
ဉာဏ်ကို သုံးတတ်တော့ ထွက်ပြီမဟုတ်လား ကိုဝဏ္ဏ ရဲ့ လာဘဝတီကိုရောက် မှ-မိဖုရားကြီး ဆီ စာရေး ပို့ရမယ်
လာဘဝတီမှ နန်းတွင်းသူများ ရိုးရိုးသားသား ဝတ်ဆင်ကြောင်း ဂါမဏိ၏ စာကြောင့် မိဖုရား ကြီးလည်း ရိုးရိုးသားသား ဝတ်ဆင်လေ တော့ သတည်း။
ရိုးရိုးကလေးနဲ့ ယဉ်ပါပေ့ဗျား

# သတ္တိကောင်းသော မုဆိုးကလေး

ဗီယက်နမ်ပုံပြင်
ပြန်ဆိုသူ ဗန္ဓုရဝင်း
သရုပ်ဖော် ဦးစံတိုး





မုဆိုးကလေး သက်စံသည် အမဲပစ်၍ရသော သားကောင်များနှင့် သားရေကို ရောင်းချရန် အတွက် မြို့ဈေးသို့ လာခဲ့၏။ ထိုစဉ် လီသွန်အမည်ရှိ ကုန်သည်တဦးနှင့် မိတ်ဆွေ ဖြစ်သွားသည်။ သက်စံအား မြို့သို့လာနေရန် လီသွန်က ခေါ်သဖြင့် သက်စံသည် မြို့သို့ ရွှေ့ပြောင်းလာပြီး လီသွန်နှင့် အတူ နေထိုင်လေ၏။

တနေ့တွင် ရှင်ဘုရင်ထံမှ တောင်ပေါ်ရှိ မြွေဆိုးကြီးတကောင်ကို သွားရောက်နှိမ်နင်းရန် စေခိုင်းသောစာတစောင် လီသွန်ထံသို့ ရောက်လာလေသည်။ လီသွန်သည် သေဘေးကို ကြောက်ရွံ့သဖြင့် မိမိကိုယ်တိုင်မသွားပဲ ပရိယာယ်ဆင်ကာ သက်စံကို စေလွှတ်လိုက်၏။ သက်စံမှာ သတ္တိကောင်း၍ ခွန်အားဗလနှင့် ပြည့်စုံသော မုဆိုးကလေးဖြစ်ပေရာ မြွေကြီးကိုသတ်ပြီး မြွေအသေကို ယူဆောင်ကာ ပြန်လာခဲ့၏။ သက်စံ ပြန်ရောက်သောအခါ ကောက်ကျစ်စဉ်းလဲသော လီသွန်သည် မြွေအသေကို ယူထားလိုက်ပြီး သက်စံကို တောသို့ ပြန်လွှတ်လိုက်၏။ ထို့နောက် ဘုရင့်ထံသို့ သွားရောက်ပြီး သူကိုယ်တိုင် သတ်ခဲ့ပါသည်ဟု လိမ်လည်ပြောကြားကာ မြွေသေကို ဆက်သလေ၏။ ဘုရင်ကြီးလည်း လီသွန်ကို ချီးကျူးပြီး ဆုလပ်များ ပေးသနားလေသည်။

တနေ့သောအခါ ဥယျာဉ်ထဲတွင် ပန်းခူးနေသော ဘုရင့်သမီးတော်ကို သိန်းစွန်ငှက်ကြီး တကောင်ကချီသွားလေသည်။ ထိုအခါ ဘုရင်ကြီးက လီသွန်ကိုခေါ်ကာ သမီးတော်ကို လိုက်ရှာရန် စေခိုင်းလေ၏။ အခက်အခဲနှင့် တွေ့လေမှ လီသွန်သည် သက်စံကိုသတိရပြီး တောသို့သွားကာ သက်စံထံမှ အကူအညီ တောင်းပြန်လေသည်။

သက်စံသည် ငှက်ကြီးကို လိုက်လံ ရှာဖွေရာ တောတွင်းတနေရာ၌ ငှက်ကြီးကို တွေ့ရှိပြီးလျှင် မြားဖြင့် ပစ်ခွင်းလိုက်လေ၏။ ငှက်ကြီးသေဆုံးသွားသောအခါ ငှက်ကြီး၏ လက်သည်းကြားတွင် အသက်ရှင်လျက်ရှိနေသေးသော ဘုရင့်သမီးတော်ကို ပြန်လည်ရရှိလေသည်။


လီသွန်သည် သက်စံကို တောထဲ၌ ပစ်ထားခဲ့ပြီး မင်းသမီးကို ခေါ်ကာ ဘုရင်ထံသို့ အလျင်အမြန် သွားလေတော့၏။ ဘုရင်ထံရောက်သော် မင်းသမီးကလေးကို သူကိုယ်တိုင် ကယ်တင်ခဲ့ရပါသည်ဟု ပြောကာ ဆက်သလိုက်သည်။ ဘုရင်ကြီးမှာ ဝမ်းမြောက်လှသဖြင့် လီသွန်နှင့် သမီးတော်ကို ထိမ်းမြားပေးမည်ဟု ကတိပေးလိုက်၏။ ထိုအကြောင်းကို. မင်းသမီးလေးကြားသိသော် စိတ်မချမ်းမသာဖြစ်ပြီး စကားမပြောပဲ အိပ်ရာထဲတွင် လဲနေတော့သည်။ ဘုရင်ကြီးက သမားတော်များကိုပြ၍ ကုသသော်လည်း ဘာမျှ မထူးခြားပေ။



သက်စံမှာ တောထဲမှ ပြန် ရောက် လာ ပြီး လီသွန်ကိုရှာရန် မြို့သို့ ရောက်လာလေသည်။ ထိုအခါ လီသွန်သည် ဘုရင့်ဘဏ္ဍာတော်များကိုခိုး၍ သက်စံနေထိုင်သော အိမ်တွင် သွားရောက် ဝှက်ထားပြီး သက်စံ ခိုးပါသည်ဟု ဆိုကာ ရာဇဒဏ်သင့်စေ၏။ သက်စံမှာ အကျဉ်းချခံရလေ၏။




အကျဉ်းထောင်မှာ မင်းသမီးကလေး၏ အဆောင်နှင့် နီးသည်။ တညတွင် သက်စံသည် "တခါတုန်းက ကယ်တဲ့သူ၊ မေ့တော်မူတဲ့ရွှေနန်းသူ၊ လီသွန်လှည့်ဖြားသတ်တဲ့မူ၊ သက်စံကလေးသေမဲ့သူ၊ ဆွေးပူဆွေးပူ" ဟူသော သီချင်းကိုဆိုရာ မင်းသမီးလေးကြားပြီး သူ့အသက်သခင်အစစ်နှင့်တွေ့ရပြီဟု အားရဝမ်းသာဖြစ်ကာ ဘုရင်ကြီးထံ သွားရောက် လျှောက်ထားလေသည်။



အကြောင်းစုံကို သိရသောအခါ ဘုရင်ကြီးသည် သက်စံကို ထောင်မှလွှတ်လိုက်ပြီး သမီးတော်နှင့် လက်ထပ်ပေးလိုက်၏။ သူတပါးကို မကောင်းကြံသော လီသွန်ကိုမူ နယ်နှင်ဒဏ်ပေးလိုက်လေသည်။ လီ သွန် သည် လမ်းခရီးတွင် မိုးမုန်တိုင်းမိကာ ရေကန်ကြီးတခုထဲသို့ ကျ၍ သေသွားလေ၏။ မကြာမီ ရေကန်ထဲမှ ဖားကြီးတကောင် ထွက်လာလေသည်။


ထိုဖားကြီးမှာ လီသွန်ပင်ဖြစ်သည်ဟု ဆိုကြလေသတည်း။


တခါက အလွန်ကြွယ်ဝသည့် သူဌေးကြီး တဦးသည် နှစ်ပေါင်းများစွာက သိမ်းဆည်းထားခဲ့သော စိန်တုံးကြီးအတွက် အခက်တွေ့နေ၏။
တို့ကြောင့် ကောင်းကျိုးပေးမည် မဟုတ်သောစိန်တုံးကြီးကို စောစောစီးစီး စွန့်ပယ်လိုက်လေ၏။
ထိုအခြင်းအရာကို ဝန်ကတော်က ချောင်းနားထောင်၍ သိလိုက်ရ၏။
မြန်မြန်ခွင့်ပြုပါအုံး
ကောင်းပေ့ ကောင်းပေ့
သို့ဖြင့် ဝန်ကတော်သည် ထမင်းချက်နှင့် တိုင်ပင်၍ ဝန်ကြီး၏ ထမင်းပွဲ၌ အဆိပ်ခတ်လိုက်လေ၏။
ထမင်းချက်သည် အသပြာ တထောင်သာဆုအဖြစ် ရရှိသဖြင့် မကျေနပ်ချေ။


ထမင်းချက်၏ လက်ထောက်ချမှုကြောင့် ဝန်ကတော်သည် မြေတိုက်ခံရလေ၏။
မြေများလည်း အချင်းချင်း အစေမတည့်၍ သတ်ဖြတ်ကြရာ နောက်ဆုံး နှစ်ယောက်သာ ကျန်တော့၏။
ကျန်နှစ်ဦးလည်း တယောက်ကို တယောက် စိတ်မချဖြစ်နေရာ အကောင်းဆုံး အကြံ တခုကို စီစဉ်ကြပြန်၏။
တနေ့သော် တယောက်တည်း အပိုင်စီးချင်သော မြေသည် စိန်တုံးကြီးကို တိတ်တဆိတ် တူးဖော်ပြီး ပြေးလေ၏။
ထို့နောက် မြို့သို့တက်ကာ သူဌေးကြီးတဦး ထံ၌ ဥယျာဉ်အလုပ်သမားအဖြစ် ဝင်လုပ် နေ၏။
တနေ့တွင် ဥယျာဉ် အလုပ်သမားသည် မြေ ဆွေးကျုံးရန် မြို့ပြင်သို့ ထွက်သွားလေရာ ....


သူ့ကို သဲသဲမဲမဲ လိုက်ရှာနေသော ဓမြနှင့် ရင်ဆိုင်တွေ့ပြီး သေပွဲဝင်ရလေ၏။
ဟိုနေရာမှာ မင်းကဦးပေမဲ့ ဒီနေရာမှာတော့ ငါက ဦးသကွ ဟား ဟား
ရက်ပေါင်းအတော်ကြာ သော် သူဌေးကြီး ကိုယ်တိုင် ဥယျာဉ်ထဲဆင်း၍....
ဥယျာဉ်ထဲက သစ်ပင်ပန်းပင်တွေကို တခုမကျန် ပြုပြင်ချိုးယိုးကြစေ
ဟုတ်ကဲ့ဖေဖေ
သူဌေးကြီး၏ သားထွေးသည် စိန်တုံးကြီးကို တူးဖော်ရရှိသော်လည်း စိန်မှန်းမသိပေ။
ဖေဖေရယ် သစ်ပင်တွေ မကောင်းတာ ဟောဒီလို ကျောက်တုံးတွေ ရှက်လို့ပေါ့
ဟေ
သူဌေးကြီးလည်း သူကိုယ်ကိုင် မြှုဝန်မင်းအား ဆက်သခဲ့သော စိန်တုံးကြီးကို ပြန်တွေ့ရ၍ အံ့ဩနေလေ၏။
အော: ဟုတ်တယ် ဒီကျောက်ခဲတွေကို ရှင်းပစ်ရမယ်
သူဌေးကြီး စဉ်စားမိသည်မှာ....
ဒီကြီးဟာ ငါတို့ကို ဒုက္ခပေးရဘဲ ဒီအိမ်က ထွက်သွားမဟုတ်ဘူး
ထို့ကြောင့် မြစ်ထဲသို့ လွှင့်ပစ် လိုက်လေ၏။
ဒီတော့ လောဘသားတွေ လှမ်းမီးနေတဲ့ လူသားတွေနဲ့ မနီးဝေးနိုင်အောင် ငါဝှင်မဲ့ အာမြစ်နေရစ်ခဲ့ပေတော့

# အကြီးဆုံးလေယာဉ်ပျံ




ယနေ့ထိ ထုတ်လုပ်ခဲ့သော ခရီးသည်တင် လေယာဉ်ပျံများတွင် ဘိုးအင်း ၇၄၇ သည် အကြီးမားဆုံး ဖြစ်လေသည်။ ရှေ့နောက် အလျား ၂၃၁.၃ ပေရှည်ပြီး နှစ်ထပ်ဖြစ်သည်။ အောက်ထပ်မှာ ခရီးသည်များလိုက်ပါရန် အခန်းဖြစ်၍ အပေါ်ထပ်မှာ အနားယူရန် အခန်းဖြစ်သည်။ ထိုလေယာဉ်ပျံတွင် အစိတ်အပိုင်းငယ်ပေါင်း လေးသန်းခွဲခန့် ပါရှိ၍ ဆက်သွယ်ထားသော လျှပ်စစ်ကြိုးများကို ဆန့်လိုက်ပါက ၉၉ မိုင်ခန့် ရှည်ပေမည်။

ထိုလေယာဉ်ပျံသည် ခရီးမိုင် ၆၂၀၀ ကို မရပ်မနား၀ ပျံသန်းနိုင်သည်။ ဓာတ်ဆီ တိုင်ကီများထဲတွင် ဓာတ်ဆီဂါလံ ၉၀၉၂၀ မျှ ထည့်၍ သယ်သွားနိုင်သည်။ လေယာဉ်စက်ခေါင်း၏ အချင်းမှာ ရှစ်ပေရှိသော်လည်း စက်သံဆူညံခြင်း မရှိချေ။

လေယာဉ်မှာ အလွန်ကြီးမားသော်လည်း ခေတ်မှီ နောက်ဆုံးပေါ် အလိုအလျောက်ထိန်း ကရိယာများကြောင့် လေသူရဲ သုံးဦးသာ လိုအပ်သည်။ ခရီးသည် ၄၉၀နှင့် ကုန်တန်ချိန် ၄၀ ခန့် တင်နိုင်၍ ခရီးသည်နှင့် ကုန်ချိန်အပြည့် ၃၅၀ တန်အထိ တင်နိုင်သည်။

ထိုလေယာဉ်ကြီးကို ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ၂၁ ရက်နေ့မှ စတင်၍ ပင်အမေရိကန် လေကြောင်းကုမ္ပဏီက အသုံးပြုခဲ့သည်။ လေယာဉ်ပျံတစင်း၏ တန်ဖိုးမှာ အမေရိကန် ဒေါ်လာ သန်း ၂၀ ခန့်၊ မြန်မာငွေ ကျပ်သန်းတရာခန့် ဖြစ်လေသည်။

အောင်သန်းချစ်

နောက်ပြီးတော့ ....



# သူခိုးနှင့် သူခိုးလက်ခံ

လူလူ



ကျွန်တော့်တွင် သူငယ်ချင်းတယောက် ရှိပါသည်။ သူ့နာမည်က "မြင့်မောင်"၊ ကျွန်တော့်ထက် အသက် နှစ်နှစ်ကြီးပါသည်။ အတန်းထဲတွင် ကျွန်တော်တို့နှစ်ယောက် ခုံတန်းတခုတည်းမှာ အတူ ထိုင်ကြပါသည်။ "မြင့်မောင်" သည် အတန်းထဲတွင် ထိပ်ဆုံးက မဟုတ်သော်လည်း မညံ့ပါ။ ဉာဏ်ကောင်းပါသည်။ အထူးသဖြင့် ဖြတ်ထိုးဉာဏ် ထက်မြက်သည်။

ရံဖန်ရံခါဆိုသလို ဆရာမက အတန်းထဲတွင် "ဒီပုစ္ဆာ ဘယ်သူဖြေနိုင်သလဲ၊ ဒီမေးခွန်းကို တယောက်ယောက် ထဖြေစမ်း၊ "ဒီအကြောင်း ဘယ်သူ နားလည်သလဲ" စသော မေးခွန်းမျိုးမေးတိုင်း မြင့်မောင် ထမဖြေသည့်အခါဟူ၍မရှိ။ အမြဲထဖြေဆိုလေ့ရှိသည်။ သို့သော် ပထမဆုံးကား ထဖြေလေ့မရှိ၊ အတန်းထဲတွင် ထဖြေမည့်သူ မရှိမှသာ သူထဖြေလေ့ရှိသည်။ သူ၏ အဖြေများမှာလည်း များသောအားဖြင့် မှန်သည်သာများသည်။

မြင့်မောင်တွင် ထူးခြားချက် တခုရှိသည်။ ယင်းမှာ သောကြာနေ့တိုင်း ကျောင်းမတက်ခြင်းဖြစ်သည်။ ရှင်းရှင်းဆိုရလျှင် ကျောင်းပြေးခြင်းဖြစ်ပါသည်။ သူကျောင်းမလာတိုင်း ကျွန်တော်က သူ့နာမည်ကိုခေါ်လျှင် သူ့ကိုယ်စား ထူးပေးရပါသည်။ မြင့်မောင်ကို ကျောင်းမပြေးဖို့ ကျွန်တော် ကြိုးစားပြီး တားမြစ် ကြည့်ပါသေးသည်၊ မရပါ။ သူကျောင်းပြေးသောနေ့များတွင် ဗိုလ်ချုပ်အောင်ဆန်းဈေး အတွင်း လှည့်လည်ပြီး ကြည့်လေ့ရှိကြောင်း၊ ပိုက်ဆံမရှိသည့် နေ့များ၌ မြို့တွင်း စာကြည့်တိုက်တွင် စာထိုင်ဖတ်လေ့ရှိကြောင်း ကျောင်းပြန်တက်သည့် နေ့တွင် သူပြန်ပြောလေ့ရှိပါသည်။

ပြီးခဲ့သည့် သောကြာနေ့ကဖြစ်သည်။ ဆရာမ ဒေါ်ခင်ခင်မြင့် ကျွန်တော်တို့ အတန်းသို့ ဝင်လာပါသည်။ ထုံးစံအတိုင်း ကျောင်းတက် စာရင်းခေါ်ပါသည်။ ကျွန်တော်လည်း မြင့်မောင်၏နာမည်ကို ထူးပေးလိုက်ပါသည်။ အတန်ကြာလျှင် ဆရာမသည် ကျောင်းသားတယောက်စီ နာမည်ခေါ်လျက် ကျောက်သင်ပုန်းကြီးပေါ်တွင် သင်္ချာတပုဒ်စီ တွက်ပြခိုင်းပါသည်။ တတိယမြောက်တွင် ကျွန်တော် ထွက်တွက်ပြရပါသည်။ ကျွန်တော် တွက်ပြီးသည်နှင့် မြင့်မောင်၏အလှည့် ကျပါတော့သည်။ မြင့်မောင်ကိုယ်စား ကျွန်တော် ထပ်တွက်ရန်လည်း မဖြစ်တော့ပြီ။ ထို့ကြောင့် ရှေ့တန်းမှ ချီအေးကို လက်ကုတ်ပြီး ထွက်တွက်ခိုင်းပါသေးသည်။ ချီအေးက ကြောက်သည်ဆိုပြီး ငြင်းပါသည်။ ကျွန်တော်အကြံရ ခက်သွားပါသည်။ ကျွန်တော် ဘာ

လုပ် ရပါမည် နည်း။ ဆရာမ သည် စိတ်မရှည်တော့ဟန်ဖြင့်–

"မောင်မြင့်မောင် မရှိဘူး လား"

"မြင့်မောင် သောကြာနေ့ တိုင်း ကျောင်း မ တက် ပါဘူး ဆရာမ"

အ တန်း သား သုံး လေး ယောက်က ဖြေလိုက် ကြ ပါ သည်။ ဆရာမသည် တစုံတခု ကို မကျေနပ်ဟန်ဖြင့် ကျောင်း တက်စာရင်းကို ပြန်လှန်ကြည့် ပြီး –

"စော စော က မြင့်မောင် လာတယ်လို့ ထူးတာ ဘယ် သူလဲ"

"တင်ထွန်းလှိုင်ပါ ဆရာမ" ဟု အတန်းသားများက ကျွန် တော့်ကိုကြည့်ပြီး ဖြေလိုက်ပါ သည်။ ကျွန် တော့် မျက် နှာ ပူထူသွားပါသည်။ ကျွန်တော့် အလှည့်ပေါ် ပါပြီ။ ဆရာမသည် ကျွန် တော့် ကို တ ချက် စိုက် ကြည့်ရင်း –

"မင်းက မြင့်မောင် ကိုယ် စား ဘာပြုလို့ ထူးပေးရတာ လဲ"

"မြင့် မောင် ကို ခင် လို့ ပါ ဆရာမ။ နောက်ပြီးသူကျောင်း ခေါ် ချိန် နစ်နာမှာ စိုးလို့ပါ"

"ဒါဖြင့် မြင့် မောင် ဟာ သူခိုးလေးတယောက် ဖြစ် နေ တယ် ဆိုယင်ကော၊ မင်းသူ့ကို ခင်အုံးမှာလား"

"မခင်တော့ပါဘူး ဆရာမ"

"ဘာပြုလို့"

"ခိုးခြင်းဟာ မကောင်းပါ ဘူးဆရာမ၊ သူခိုး ဆိုယင် လူ တိုင်းက စက်ဆုပ် ရွံရှာကြပါ တယ်ဆရာမ" ဟု ကျွန်တော် က ဖြေလိုက်ပါသည်။ ဆရာမ သည် ကျေနပ် သွားဟန်ဖြင့် –

"ခုလဲ မြင့် မောင်ဟာ တ ပတ်ကို ကျောင်း ခေါ် ချိန် ၆ နာရီကျ ခိုးယူနေတဲ့သူဘဲ။ ဒီ တော့ သူခိုးနဲ့ ဘာထူးလဲ။ မင်း က တော့ မြင့် မောင် ခိုး တဲ့ ကျောင်းခေါ် ချိန် ၆ နာရီကို လက်ခံပြီး ထူးပေးနေတဲ့ ကြံရာ ပါသူခိုးလက်ခံသမားဘဲ။ မင်း တို့နှစ်ယောက်စလုံး တနင်းလာ နေ့ကျယင် ဆရာမကြီး ရုံးခန်း ကို လာခဲ့ကြ"ဟုဆိုပါသည်။

အ တန်း တွင်း မှ ဆရာမ ထွက်သွားပြီး ဖြစ်သော်လည်း ဆရာမ စကားကြောင့် ကျွန် တော် မျက်နှာ မထားတတ် အောင် ဖြစ်ရပါသည်။ ဝမ်း နည်းခြင်းရှက်ခြင်းတို့ကို တပြိုင် တည်း ခံစားရပါသည်။ မျက် ရည် မ ကျ မိ အောင် အ တော် ကြိုးစား ထားရပါသည်။ ပြီး ခိုင်မာသော ဆုံးဖြတ်ချက်တခု ကို ချလိုက်ပါသည်။ မြင့်မောင် ကျောင်းမပြေးရန် ကျွန်တော် အတတ်နိုင်ဆုံး ဖျောင်းဖျတား မြစ်မည်၊ သို့တားမရခဲ့ပါလျှင် မြင့် မောင် ကို သူငယ်ချင်းအ ဖြစ် မှ စွန့် လွှတ် လိုက် တော့ မည်ဟု ဖြစ်ပါသည်။

## ပိုးစုန်းကြူး

လမင်းမထွက် ညမှောင်ရက်၊
ပိုးစုန်းကြူးရောင် ဝင်းဝင်းလက်။

ပျံတက်ဗွဲဝင် မလျော့ငြား၊
လိုရာ ရွှေ့ရှူသွား။

မြက်ချုံထူထပ် အမှောင်မှာ၊
ကိုယ်ပိုင်လင်းရောင် အားပြုကာ။

လမ်းဖွေရှာ မာန်ကိုပျိုး၊
သူ့အား သူသာကိုး။

ပိုးစုန်းကြူးလေး အကောင်ငယ်၊
အမြင် မဝံ့ထယ်။

သတ္တိကြွယ် စွမ်းအစ၊
သူ့မှာ ပြည့်စုံစွ။

ကိုယ့်စွမ်းအားကို ကိုးလို့ပင်၊
ရွှေသွေး အားသစ်ဝင်။

ပိုးစုန်းကြူးသွင် ပမာထုံး၊
တုယူ ကျင့်ကြံသုံး။ ။

အနွဲ (ရွှေဘို)







မြေပေါက် သစ်ခွတမျိုးဖြစ်သည်။ တုတ်ခိုင်သော ဖူးတံသည် အပင်ရင်းမှ ထောင်မတ် ထွက်၍ သုံးလေးပေခန့် မြင့်သည်။ ဖူးတံ၏ ထိပ်ပိုင်းတွင် များပြားလှသော အဖူးအပွင့်များ ဝေဆာစွာ ဖူးပွင့်ကြ၍ အလွန်မျက်စိပသာဒရှိသည်၊ ပွင့်ကားနေသော အပွင့်များသည် လေးလက်မခန့်ရှိ၍ ပွင့်ချပ်နှင့် ပွင့်ဖတ်တို့သည် လှံသွားပုံ ဖြစ်သည်၊ ပွင့်ချပ်၏ အပြင်ဖက်သည် အဖြူရောင်မွဲမွဲဖြစ်၍ အတွင်းဖက်ကမူ လိမ်မော်သွေးပါသော အညိုရောင် ဖြစ်သည်။ "နှုတ်ခမ်း" (အရှေ့အလယ်ပွင့်ချပ်) သည် နီညိုရင့်ရောင်ရှိ၍ ကတော့ဆံပြီး အဟိုက်များပါရှိသည်။ ကြီးမားသော ပန်းခိုင်မှ အပွင့်များသည် အောက်ပိုင်းမှ တဖြည်းဖြည်း စပွင့်ကြ၍ အပင်တွင်တလနီးပါးထားနိုင်သည်။ ရနံ့ အလွန်သင်းသည်။ ပန်းပွင့်ချိန်မှာ ဇန်နဝါရီလမှ မတ်လအထိ ဖြစ်သည်။

ပင်စည်သည် အဖျားပိုင်းရှူး၍ အောက်ကားသော ဥပုံသဏ္ဍာန်မျိုးရှိသည်။ စေတီတွင်အထက်ပိုင်း၌ ဖောင်းရစ်များ ရှိသကဲ့သို့ ယင်းသစ်ခွ၏ ဥပင်စည်တွင်လည်း အရစ်များရှိသည်။ ပန်းပွင့်ပြီးသည်နှင့် ရွက်သစ်များသည် ကြက်တောင်စည်းကဲ့သို့ တနေရာတည်းမှ စုပြီ ထွက်လာသည်။ ရွက်သစ်များတဖြည်းဖြည်းကြီးထွား လာချိန်တွင်ရွက်ဟောင်းများ ရင့်ယော်ညှိုးခြောက် သွားကြသည်။

အရွက်များသည် ကြီးမား၍ တပေ နှစ်ပေခန့်ရှည်သည်။ သုံးလက်မမှ ရှစ်လက်မခန့်အထိ ကျယ်ပြန့်၍ အလယ်ဝမ်းပူသော လှံသွားပုံဖြစ်သည်။ အလျားလိုက် ခေါက်ရိုးနှင့်တူသော အကြောများပါရှိသည်။

မူလက မေမြို့တပိုက်နှင့် ဗန်းမော်ခရိုင်အတွင်း၌သာ ပေါက်ရောက်ခဲ့သော်လည်း ယခုအခါ ရန်ကုန်တပိုက်တွင် စိုက်ပျိုးဖြစ်ထွန်းနေသည်။



မြေဆွေးကို နှစ်သက်၍ စိုက်ပျိုးရန်လွယ်ကူသော သစ်ခွမျိုး ဖြစ်သည်။

ပန်းပွင့်ပြီးချိန် တွင် ပင်စည်ဥကိုခွဲ၍ အပင်မျိုးပွား နိုင် လေသည်။

# ခိုင်ပန်းစုံ

တင့်ဇာင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၃၉။

# ရွှေသွေး ဂျာနယ်

# ငနက်

ဇာတ်လမ်း – ချစ်ပုံ
သရုပ်ဖော် ဘဂျမ်း




၁၃၃၅ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက် (၂၉-၉-၇၃)





စနေနေ့တိုင်း ထုတ်ဝေသည်။



ငနက်မှာ ခွေးမိုက်ကလေးတကောင် ဖြစ်ပါသည်။ ဘိုးနွယ်မှာ ဆင်းရဲ၏။ ငနက်ကို အသားများများ မကျွေးနိုင်သော်လည်း၊ ထမင်းကောင်းကောင်း ကျွေးပါသည်။
အဘိုးကြီး ကပါ နေ့တိုင်း ထမင်း ချည်း ကျွေးတာကို မစားချင်တော့ဘူး။
တနေ့တွင် ငနက်သည် အမဲသားဆိုင်ရှေ့မှ ဖြတ်၍သွားသောအခါ၊ အသားအနံ့များကို ရ၍ စားချင်လာသည်။
အမဲသ
အမဲနံ့ကလေး ကမွှေး လိုက်တာ ... ဟီး-ဟီး-
အင်း-ဆိုင်ရှင်ကြီး အမဲခုတ်ကောင်းနေတုန်း ...
ငနက်သည် ဆိုင်ရှင်ဦးဖိုးဆိတ်၏ အလစ်တွင် အမဲသားတုံးတတုံးကို ခိုးယူပြေးလေသည်။
အင်း-အမဲသားများ တယ်ပြီးစားလို့ ကောင်းပါလား။ ဒါကြောင့် အဘိုးကြီး ကျွေးတဲ့ ထမင်းနဲ့များ တယ်ကွာ တာကိုး။
ထမင်းစားချိန်တွင် ဘိုးနွယ် ထမင်းကျွေးသောအခါ၊ ကောင်းကောင်း မစားနိုင်တော့ပါ။ ဘိုးနွယ်က ထိုအကြောင်းကို မသိပါ။ သို့ဖြင့် ငနက်ကို ...
ငနက် ထမင်းမစားပါလား။ နေမကောင်းလို့လား မသိဘူး။



အမဲဆိုင်ရှင်ဦးဖိုးဆိတ်မှာ၊ သူ့အမဲသားတုံးတတုံး ပျောက်သွားသဖြင့်အလွန်စိတ်ဆိုးနေပါသည်။
နောက်မှာအလွန်ပါးနပ်သောခွေးဖြစ်၍ဦးဖိုးဆိတ်ဆိုင်ဖက်သို့လုံးဝခြေဦးမလှည့်တော့ချေ။






ငနက်ရေ လာလေ —
လာမင်း စားမယ် —
အို — အို — —



သို့သော် ဒေါ်နွယ်သိကျွ၊ ကြောင်များကိုလိုက်မောင်းမှ ကြောင်များထွက်ပြေးကြသည်။
ဟဲ့ ကြောင်တွေ - သွားစမ်း -
တဖန်နံနက်တွင် ခွေးများက အမိသားတုံးကို ဝိုင်း၍ကြမ်းပြန်သည်။ ဒေါ်နွယ်သာ မကယ်လျှင် နောက်အမွှန် သေပွဲဝင်ရပေမည်။
ဟဲ့ ခွေး - ဟဲ့ ခွေး - ဖါး - ဖါး - -
နောက်သည် အလွန်ပင် စိတ်ထိခိုက်နေပါသည်။
ငါမှားပြီ - ငါမှားပြီ - သူများ တကါ မပေးကါနဲ့ ခိုးစားတဲ့ အကျင့်ကြောင့် အဖြစ်ဆိုးကြုံရတာကိုး၊ ငါ့သခင်မ ငါ့ကြောင့် ဒုက္ခရောက်ရတယ်၊ ငါတောင်းပန်မှကွဲ၊
အင်း - နောက်ခမျာ အတော့်စိတ်ထိခိုက်ပြီး နောင်တရနေပြီနဲ့တူတယ်၊ ဦးလှဆီသွားပြီး၊ သည်ညှပ်ဖြုတ်ပေးဖို့ တောင်းပန်ရဦးမှကွဲ၊
ဒေါ်နွယ်သည် ဦးလှထံသွား၍ တောင်းပန်သဖြင့် ဦးလှသည် နောက်နှုတ်သီးတွင် ညှပ်မိနေသော သံညှပ်ကို ဖြုတ်ပေးလိုက်သည်။
မင်းကယ်တော့မှ၊ သူများ မပေးတဲ့ အစားအစာကို ခိုးမစားနဲ့ ကြားလား၊
သူလဲ အတော်ကို နောင်တရနေပါပြီ ဦးလှရယ်၊ ကယ်တော့မှ ခိုးစားတော့မယ် မထင်ပါဘူး၊ စိတ်ချပါ၊
ထိုနေ့မှစ၍ နောင်တရပြီးဖြစ်သော နောက်သည် သူများမပေးသော အစာကို ခိုးမစားတော့ပါ၊ ဒေါ်နွယ်ကျွေးသော ထမင်းကိုသာ မက်မက်မောမော စားသောက်လေသတည်း။

# မိုးဖလံကောင်

အီတလီပုံပြင်

မောင်ဝိန်မွေး

ပန်းချီ-ဦးဝိန်





တခါက ပင်လယ်တခု အတွင်းရှိ ကျွန်းကြီး တကျွန်းပေါ်တွင် တိုင်းပြည်တပြည် တည်ရှိ၏။ ထိုတိုင်းပြည်ကို အလွန်ခက်ထန်ပြီး မာနကြီးသော ဘုရင်တပါးက အုပ်စိုးသည်။ ထိုဘုရင်သည် သူ၏ နေပြည်တော်ကို ပတ်ကာ ခိုင်ခံ့သောမြို့ရိုးကြီးကို တည်ဆောက်ထားလိုက်၏။ မြို့ရိုး၏ အပြင်ဘက်တွင်ကား စိမ်းလန်းစိုပြေသော လယ်ကွင်းများ ရှိပေသည်။

တိုင်းသူပြည်သားများမှာ ရိုးသားကြပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အေးအေးလူလူ အသက်မွေးကြ၏။ ကောက်ပဲသီးနှံများ မှည့်ချိန်တွင် တပျော်တပါး သွားရောက်ရိတ်သိမ်းကြလေသည်။

ထိုသို့ သာယာလှသော တိုင်းပြည်ကို လိုချင်သဖြင့် ရန်သူများ မကြာခဏ လာရောက် တိုက်ခိုက်ကြသော်လည်း ခိုင်ခံ့မြင့်မားသော မြို့ရိုးကို မကျော်နိုင်သဖြင့် လက်လျှော့ကာ ပြန်သွားရသည် ချည်း ဖြစ်လေသည်။

တနေ့တွင် အင်အားလွန်စွာ များပြားသော ရန်သူများ ချီတက်လာကြပြန်သည်။ သူတို့သည် စားနပ်ရိက္ခာများကိုလည်း အလုံ အလောက် သယ်ယူလာကြသည်။ ရန်သူများ လာသည်ကို မြင်သော် မြို့စောင့်တပ်သားများက မြို့တံခါးကို ပိတ်ထားလိုက်ကြလေ၏။ သို့သော် ရန်သူများ သည် မြို့ရိုးကို ကျော်တက်ရန် မကြိုးစားပဲ မြို့ရိုး ကိုသာ ဝိုင်းရံကာ တပ်စွဲ ထားလိုက် ကြ၏။ ရိက္ခာအလုံအလောက်ပါရှိသော ရန်သူများသည် ကာလအတန်ကြာသည့်တိုင် မြို့ရိုးကို ဝိုင်းရံထား လေရာ မြို့သူမြို့သားတို့မှာ အပြင်သို့လည်း မထွက် နိုင်၊ လယ်ကွင်းများဆီသို့လည်း မသွား နိုင်ဖြင့် အခက်ကြုံနေကြတော့၏။

သီးနှံများ ရိတ်သိမ်းရမည့်အချိန်သို့ ကျရောက် လာလေပြီ။ သို့သော် မြို့သူမြို့သားတို့မှာ မြို့ပြင်သို့ မထွက်နိုင်ကြသဖြင့် သီးနှံများကို ရိတ်သိမ်းရန် မတတ်နိုင်ကြပေ။ မြို့တွင်းမှာလည်း ရိက္ခာကုန် ပြီ ဖြစ်သဖြင့် ငတ်ပြတ်နေကြပေပြီ။ ရန်သူတို့ ကလည်း မြို့တွင်းသားများ အစာပြတ်ပြီဆိုလျှင်

တော့ လက်နက်ချကြမှာပဲဟုသော ရည်ရွယ်ချက်ဖြင့် ဆက်လက်ဝိုင်းရံထားကြ၏။

ဘုရင်ကြီးမှာ ရန်သူများကို ထွက်တိုက်ရန်ကြံစည် သော်လည်း အားချင်းမမျှသဖြင့် ထိုအကြံကို လက်လျှော့လိုက်ရ၏။ မြို့သူမြို့သားများမှာကား အစာငတ်၍သေသူသေ၊ အိပ်ရာထဲလဲသူလဲဖြင့် အမျိုးမျိုး ဒုက္ခခံနေကြရလေသည်။ မာနကြီးသော ဘုရင်ကမူ အစာငတ်၍ သေချင်သေပါစေ၊ ဘယ်တော့မှ လက်နက်မချဟု ဆုံးဖြတ်ထား၏။

တခုသော နံနက်ခင်းတွင် ရန်သူတို့ ကြဲဖြန့်ပေးသော အစားအစာများသည် မြို့ရိုးကိုကျော်၍ မြို့ထဲသို့ ကျလာလေသည်။ မြို့သူမြို့သားများမှာ အလုအယက် စားသောက်ကြ၏။ မောင်လိမ်မာ အမည်ရှိ ကလေးတယောက်ကမူ သူကောက်ရသော အစားအစာများကို သူမစားပဲ မိဘနှစ်ပါးကို ကျွေးလိုက်လေသည်။


ညသို့ရောက်သော် မြို့သူမြို့သား အားလုံးမှာ သေဆုံးကုန်ကြလေသည်။ အကြောင်းကား ရန်သူတို့ ကြဲချပေးသော အစာများတွင် အဆိပ်ပါသောကြောင့်ဖြစ်၏။ မောင်လိမ်မာတဦးသာလျှင် အသက်မသေပဲ ကျန်ခဲ့လေသည်။

မောင်လိမ်မာသည် စိတ်ထိခိုက်လွန်းလှသဖြင့် “အပြစ်မဲ့တဲ့ တို့ပြည်သားတွေကို ဒုက္ခပေးလာတဲ့ ရန်သူတွေလဲ တန်ပြန်ဒုက္ခတွေ့ပါစေ” ဟုဆုတောင်းလိုက်၏။ ထိုအခိုက်မှာပင် ကျွန်းကြီး တခုလုံး လျှင်လျှပ်သကဲ့သို့ လျှပ်ခါသွားပြီး တောမီးလောင်လေတော့သည်။ တောမီးသည် တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာပြီး မြို့ပြင်တွင် တပ်ချထားသော ရန်သူတို့၏ တပ်စခန်းများကို မီးစွဲလောင်လေတော့၏။ ရန်သူများမှာ မီးလောင်သေဆုံးကုန်ကြပြီး ပိုးကောင်ကလေးများအဖြစ် ဘဝပြောင်းကာ မီးလျှံများကြားမှာ တိုးထွက်ပျံသန်းလာကြလေ၏။


ထိုပိုးကောင်ကလေးများကား ယနေ့တိုင် မြင်တွေ့ နေကြရသော ပိုးဖလံကောင်လေး များပင် ဖြစ်လေသတည်း။









ခြေလှမ်း သုံးဆယ်
ဇာတ်လမ်း.... နီနီသန်း
သရုပ်ဖော်... မောင်မောင်အောင်
ကျော်ကျော်သည် ခရီးသွားလျှင် ခြေလှမ်းများကိုအမြဲတမ်း ရေတွက်ထားလေ့ရှိသည်။
အိမ်နဲ့ဈေးကိုခြေလှမ်း လေးရာရှိတယ်... ...မေ မေ..
အေး...အေး
သူငယ်ချင်းများနှင့် တွေ့လျှင်လည်း
ဟော့ကောင်တွေ ငါ့အိမ်နဲ့ကျောင်း ခြေဘယ်နှစ်လှမ်းရှိလဲ...သိလား.....
ဘယ်သိမလဲ..မင်းလို ဒို့ကရေထားတာမှ မှုတ်ဘဲ...
အဲဒါမင်းတို့ညံ့တာပေါ့တယောက် ယောက်ကမေးယင်ဘယ်နှယ့်လုပ် မလဲ...
သွားပါကွာ... အကျိုးမရှိတာတွေ... မင်းနဲ့ပေါင်းရတာ... အရူးလိုဘဲ..
ဟော်...ဟိုရှေ့မှာဖိုးသက်ဝေလာနေ တယ်ဒီကရပ်စောင့်မှ ခြေလှမ်း... ဆယ်လှမ်းလှမ်းရသက်သာလဲ.. မနဲ့ဘူး
ကျောင်းတွင် -
သက်ဝေရာ...ငါ့ကို စာအုပ်သွားထပ်ပေး စမ်းပါ..ဆရာ့စာပွဲနဲ့ငါ့နေရာနဲ့ဆို ခြေလှမ်းဆယ့်ရှစ်လှမ်းလျှောက်ရမှာ ငါမလျှောက်ချင်လို့..
ရပါတယ်ကွာ လေး...လေး


ကျောင်းဆင်းချိန်တွင် ကျော်ကျော်သည် ဟီးနိုးကားစီးပြီး ပြန်လာ၏။
ကားအလယ်ကိုဝင်မစီးတော့ဘူး... အပေါက်နဲ့ နီးနီးစီးမှ ဆင်းလို့ရှိသေး... မြေလှမ်းချော်သွားမှာ... ဟဲ... ဟဲ...
မှတ်တိုင်ပါတယ်ဗျို့
ငါ့အိမ်နဲ့ ကား မှတ်တိုင် မြေလှမ်း သုံးဆယ်ဝေးတယ်... ဒီတော့!
ဟီးနိုးကားသည် ကျော်ကျော်တို့ လမ်းထိပ်မှ အရှိန်လျှော့၍ အဖြတ်တွင်
ခုန်ချမှ
ဟာ! ကားပေါ်ကခုန်ဆင်းတော့ ယောက်လိမ်ကျတယ်... ဘာဖြစ်သွားလဲမသိဘူး...
ကျော်ကျော်သည်ဆေးရုံရောက်မှသတိရလာ၏။
ကိုယ့်အပြစ်နဲ့ ကိုယ်ရှိ.. ဘယ်သူ့မှ အပြစ်မတင်ပါဘူး.. ဘာမဟုတ်တဲ့ မြေလှမ်းသုံးဆယ်လေး လှမ်းရမှာဝန်လေးပြီး ကားပေါ်က ခုန်ချမိလို့ ခံလိုက်ရတာ.. ငါ့အပြစ်ပါကွာ.....
ပြီး

# ဖြစ်နိုင်ပါ့မလား

ဖြတ်မပိုးလှိုင် ၏
ကာတွန်း



# မြေဆီလွှာ မည်မျှအရေးပါသနည်း

ရေ၊ နေ၊ လေနှင့် အပူရှိန် အားလုံးပင် ကျွန်ုပ်တို့အတွက် အရေးကြီးသည်။ သို့သော် မြေကြီးမရှိလျှင် ကျွန်ုပ်တို့သည် မစိုက်ပျိုးနိုင်ပေ။ သစ်ပင်များမရှိလျှင် တိရစ္ဆာန်များလည်း အသက်မရှင်နိုင်ပေ။ သစ်ပင်များ တိရစ္ဆာန်များမရှိလျှင် ကျွန်ုပ်တို့အတွက် အစာရမည်မဟုတ်ပေ။


ရှေးရှေးတုန်းက ကမ္ဘာပေါ်တွင် ကျောက်တုံးကျောက်ခဲများသာ ရှိသည်။ ထိုကျောက်တုံး ကျောက်ခဲများသည် လေ၊ရေခဲ၊ အပူရှိန်၊ အအေးဓာတ်နှင့် ရေတို့ကြောင့် တဖြည်းဖြည်း အခဲငယ်ကလေးများ၊ အမှုန့်ကလေးများ ဖြစ်လာလေသည်။

ထို့နောက် ပထမဆုံး အပင်များရှင်လာပြီး၊ ယင်းအပင်ငယ်များ သေသွားသော အခါ မြေသားနှင့်ရောနှော၍သွားသည်။ မြေကြီး၏ တစိတ်တဒေသ ဖြစ်သွားသည်။ ရှေးဦး မြေကြီးမှာ ယခု ကျွန်ုပ်တို့လက်ရှိ မြေကြီးလောက် မြေဩဇာမကောင်းပေ။ ဤနည်းအတိုင်း မြေဆီလွှာဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

မြေကြီးအပေါ်ရှိ မြေဆီလွှာမှာ စောက်မနက်ပေ။ ခြောက်လက်မခန့်သာ ရှိသည်။ အပေါ် မြေဆီလွှာမှာ ပျော့ပြီး မွနေရမည်။ သို့မှသာ အစေ့မှ အစိုအညှောက်များ နေရောင်ရအောင် ထိုးထွက်နိုင်မည်။ အပေါ် မြေဆီလွှာပျော့မွမှ လေဝင်နိုင်ရန် နေရာရှိသည်။ သို့မှသာ အမြစ်များ လေကိုရရှိမည်။ ထိုကဲ့သို့ မြေဆီလွှာပျော့မွမှသာ အပင်များသောက်ရန် ရေကို သိုလှောင်နိုင်မည်။ ထိုမြေဆီလွှာတွင် အပင်များ ကောင်းစွာ ရှင်လန်း ရန်အတွက် လိုအပ်သောဓာတ်ဆားများလည်း ပါရှိသည်။ မြေဩဇာရှိသော မြေဆီလွှာထုထု ဖြစ်လာရန် အလွန်တရာ အချိန်ကြာသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မြေဆီလွှာများကို ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်ပေသည်။



တက္ကသိုလ် ဖြူမြင့်



# စိတ်အလှ ပန်းအလှ

ခင်နုစိန်



သန္တာသည် သူခြေရင်းရှိ မြေအိုးငယ်အတွင်းမှ လှပ လန်းဆန်းသော သရက်ထည် ပန်းပင်ကလေးကို ငေးစိုက် နေ၏။ သူကိုယ်တိုင် ပျိုးထောင် ထားသော အပင်ဖြစ်၍ အလွန်ချစ်မြတ်နိုး၏။ ဤ အပင်ငယ်ကို ကြည့်ကာ နောက်နေ့ ကျောင်း၌ ကျင်းပမည့် "ပန်းအလှပြိုင်ပွဲ" တွင် မုချနိုင်ရမည်ဟု သန္တာ ယုံကြည်ထားလေသည်။

မျှားမကြာမီက သန္တာတို့ ကျောင်း တွင် ကျောင်း သူ ကျောင်းသား အားလုံးကို ပန်းမျိုးစေ့တမျိုးစီပေး၍ စိုက်ပျိုးစေကာ၊ ကောင်းစွာဖြစ်ထွန်း၍ အလှဆုံးသော အပင် များကို ဆုပေးမည်ဟု ကြေညာခဲ့သည်။

ယခုအခါ ပန်းပင် များကို စောင့်ကြည့်ရသော အလုပ်မှာ ပြီးစီးလု နီးပေပြီ။ နက်ဖန် ဆိုလျှင် ကလေးများ အားလုံးသည် မိမိတို့၏ပန်းအိုးငယ်များကို ကျောင်းသို့ ယူလာကြရမည်။ ညနေ လေးနာရီတွင် အခမ်းအနားစတင်၍ ကျောင်းသားကြီးများက တီးမှုတ်ဖျော်ဖြေကြမည်။ ပြိုင်ပွဲ အခမ်းအနားကို ပညာရေး ဌာနမှ ဆရာမကြီးတဦးကဖွင့်ပေးမည်။ ပြီးလျှင် ပန်းအိုးများကို လှည့်လည်ကြည့်ရှုကာ ဆုပေးမည်။ ထို့နောက် ဆရာမ များနှင့် ကျောင်း သူ များ ချက် ပြုတ်သော မုံ့ဟင်းခါးကို စားကြကာ ညဦးပိုင်းတွင် ရုပ်သေး ပြရန် စီစဉ် ထားသည်။ ထို့ကြောင့် ကျောင်းသား အားလုံးပင် အပျော်ကြီး ပျော်လျက်ရှိကြ၏။

သို့သော် သန္တာတယောက်မှာ မပျော်ရွှင်နိုင်ပေ။ သူ၏ မောင်ငယ်သည် လည်ချောင်း နာ၍ ယမန်နေ့က တညလုံး ငိုခဲ့ရ၏။ ချောင်းလည်း မနား တမ်း ဆိုးနေ၏။

သည်မနက် ဆရာဝန် လာသွား၍ "ပန်းနာနဲနဲရှိပုံရတယ်။ ဆေးစာ ရေးပေးခဲ့မယ်။ ဆေးရယင် တနေ့ကို လက်ဖက်ရည်ဇွန်းနဲ့ လေးကြိမ် တိုက်ပါ။ ဒီချောင်း ကြာရှည်သွားယင် စိုးရိမ်ရတယ်" ဟုပြောကာ ပြန်သွားသည်။

ဆရာဝန်ပြန်သွားသောအခါ အမေသည် မျက်နှာညိုးငယ်စွာဖြင့် "ဆေးဝယ်ရမယ်တဲ့။ ဒို့များ ဆင်းရဲရတဲ့ကြားထဲ ဘယ်ကလာဝယ် ပေးနိုင်မတုန်း။ စားဘို့တောင် အနိုင်နိုင်ရယ်" ဟုပြောပြီး သန္တာ၏ ပန်းပင် ငယ်ကို လှမ်းကြည့်ရှာလေသည်။

သန္တာလည်း သူအမေဆိုလိုသည်ကိုနားလည်လိုက်ပါသည်။ ဤပန်းပင်ငယ်ကို ရောင်းလျှင် ပိုက်ဆံရမည် မဟုတ်ပါလား။

သန္တာသည် ပင့်သက်ရှည်ကြီးကို မှုတ်ထုတ် လိုက်၏။ အပင်ပန်းခံ၍ စိုက် ပျိုး ထားသော မိမိပန်းပင်လေးကို ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ချင်သေးသည်။ သို့သော် သူ၏ မောင်လေး ယခုကဲ့သို့ ဒုက္ခခံနေရသည်ကို မကြည့်ရက်ပေ။

ထို့ကြောင့် စိတ်ကိုတင်းကာ

ပန်းအိုးငယ်ကို စက္ကူနှင့် ထုပ်၍ အမေမသိအောင် ဈေးဖက်သို့ ထွက်ခဲ့လေသည်။ ဈေးသို့ ရောက်သော် ပန်းဈေးတန်း ဖက်သို့ လျှောက်ခဲ့၏။

များမကြာမီ မိန်းမကြီး တယောက် သန္တာ၏ ညှိုးနေသော မျက်နှာကို ကြည့်ရင်း ပန်းပင်၏ဈေးကိုမေးလေသည်၊ သန္တာက "အဒေါ်ရယ် ကျမ ဘယ်လောက် တောင်းရမှန်း မသိပါဘူး။ ချောင်းဆိုးပျောက် ဆေး ဝယ်ဘို့ ပိုက်ဆံရယင် တော်ပါပြီ"ဟု ဖြေလေသည်။

မိန်းမကြီးကပြုံး၍"ချောင်းဆိုး ပျောက်ဆေး ဟုတ်လား၊ ဘာလုပ်ဖို့လဲ ခလေးမရဲ့" ဟု မေးသည်။

"ကျမရဲ့မောင်လေးအတွက် ပါ အဒေါ်ရယ်"

ထိုအခါ မိန်းမကြီးက"ရော့ မင်းကို ငွေတဆယ် ပေးယင် လောက်မလား"ဟု ပြောပြီး ငွေစက္ကူတရွက်လှမ်းပေးသည်။

သန္တာက "ကျေးဇူးတင် ပါတယ်ရှင်၊ ဒီလောက်ဆိုယင် လောက်မယ် ထင်ပါတယ်" ဟု ပြောကာ လှည့်ပြန်မည်ပြုလေ့ သည်။ သို့သော် မိန်းမကြီးက ပန်းပင်အကြောင်းကို မေးပြန် သဖြင့် သန္တာက ကျောင်းမှ ပန်းမျိုးစေ့ ပေးသည်မှ စ၍ ယနေ့အထိ အဖြစ်အပျက်အား လုံးကို ပြောပြလိုက်သည်။

မိန်းမကြီးသည် သန္တာ၏ အမည်၊နေရပ်လိပ်စာ၊ ကျောင်း နှင့် ကျောင်းအုပ်ဆရာမကြီး၏ အမည်ကိုပါ ဆက်လက် မေး မြန်းကာ ပြန်သွားလေသည်။

ပြိုင်ပွဲနေ့ညသို့ရောက်သော အခါ သန္တာ၏ သူငယ်ချင်းများ က ပန်းအိုးအကြောင်း မေး ကြ၏။ ထိုအခါ သန္တာက နတ် သမီးတပါးကပန်းအိုးကိုချောင်း ဆိုး ပျောက် ဆေး အဖြစ်သို့ ပြောင်းလဲလိုက်ကြောင်း ရယ် လျက် ဖြေဆိုလေသည်။

ခဏကြာသော် သန္တာမျက် လုံး ပြူးရ လေတော့သည်။ အဘယ်ကြောင့်ဆိုသော် မနေ့ က သူ၏ ပန်းပင်ကို ဝယ်သွား သော မိန်းမကြီးကို ကျောင်း အုပ်ဆရာမကြီးနှင့် ဆရာမများ က တရိုတသေ ကြိုဆိုကြသည် ကို တွေ့ရသောကြောင့် ဖြစ်၏။

မကြာမီ ပြိုင်ပွဲဝင် ပန်းပင် များကို စစ်ဆေးကြ၏။

"မသန္တာ သရက်ထည်ပန်း အတွက် ပထမဆု" ဟူသော အသံကိုကြားလိုက်ရသောအခါ သန္တာမှာ ပို၍ပင် မျက်လုံး ပြူးရရှာသည်။

သန္တာသည် အိပ်မက်နေ သလား အထင်နှင့် မိမိကိုယ်ကို ဆိတ်ကြည့်မိသေး၏။

ထိုဆရာမကြီးသည် သန္တာ ၏ ပြောပြချက်များကို ဆရာမ များထံ စုံစမ်းပြီးနောက် သူပန်း အိုးကို ယနေ့နံနက်က ကျောင်း ပြိုင်ပွဲသို့ ပို့ပေးလိုက်ခြင်း ဖြစ် ကြောင်း နောက်မှ သိရှိရလေ သည်။

# စွမ်းအား

ပုစွန်ဆိတ်ငယ် ပျော်ရွှင်မြူးလို့၊
ပင်လယ်ကူးဘို့ စွမ်းနိုင်တယ်။

ပိုးစုန်းကြူးငယ် မှန်အိမ်လေးနဲ့၊
ညအရေးကွဲ သာနိုင်တယ်။

မိုးစွေငှက်ငယ် တောင်ပံသေးလဲ၊
ကောင်းကင်ကျယ်ဝေး ပျံနိုင်တယ်။

ကျောက်မျက်သေးငယ် ရွှေးငယ်ခန့်
သောင်းသိန်းမက တန်ဖိုးကြွယ်။

ခေတ်သစ်လူငယ် မောင်ရွှေသွေးနဲ့၊
မရွှေသွေးလဲ ထိုအတူကွယ်။

စည်းလုံးကာရယ် ရွှေသို့ရှုတဲ့၊
ပြည်ထောင်စုရဲ့ ခေါင်းဆောင်ငယ်။

ဖြစ်အောင်နော်ကွယ် အားခွန်မွေးင
တိုင်းပြည်အရေး ကြိုးစားကွယ်။

တိုးပွားဘွယ် ကြိုးစားကွယ်။ ။

မျိုးသူ (အင်း



# ခိုင်ပန်းစုံ




အမည်နှင့် လိုက်လျောစွာ ဝင်းဝါ လှပသော ပန်းခိုင် ပန်းခက်များ ဖူးပွင့်သော ရတနာ ရွှေခက်သည် သစ်ခွပင်ပု မျိုးတွင် ပါဝင်၍ အမြဲစိမ်းလန်းနေသည်။ ဥနှင့် တူသော ပင် စည်သည် နှစ်လက်မခန့် ရှည်၍ အမြောင်းများရှိသည်။ ပင် စည်ထိပ်မှ အရွက်သည် တရွက်ချင်း ထွက်၍ ဘဲဥပုံ ရှည် မျောမျောဖြစ်သည်။ ဖူးတံသည် ပင်စည်ရင်းမှ ထွက်၍ တွဲလောင်းကျလျက် လှပစွာဖူးပွင့်လေသည်။ ပင် စည်နှင့်စာလျှင် ပန်းခိုင်သည် ကြီးမားနေ၍ အပွင့် အတော်များများကလေးပါရှိသည်။ ပန်းပွင့်များသည် တလက်မခန့်ရှိ၍ ခပ်ခွက် ခွက်ကလေး နေသည်။ "နှုတ်ခမ်း" (အရွှေအလယ်ပွင့်ချပ် )သည် ကတ္တီ ပါသားကဲ့သို့ နူးညံ့၍ ယင်း၏ အရင်း ပိုင်းတွင် လိမ်မော်ရင့်ရောင် အကွက် ကလေး ပါရှိသည်။ ပန်းပွင့်ချိန်သည် ဖေဖော်ဝါရီလမှ ဧပြီလအထိ ဖြစ်သည်။ ပန်းခိုင်သည် တ ပတ် ကျော်ကျော်ခန့်သာ ခံ သည်။ ပန်းပွင့်ပြီးလျှင် ရွက်နုနှင့် အတူပင်စည်ဥသစ် ထွက်ခြင်း ဖြင့် တဖြည်းဖြည်း ပင်စည်အုံ တိုးပွားလာသည်။

မြန်မာနိုင်ငံ အနှံ့အပြား၌ ပေါက်ရောက် ဖြစ်ထွန်း၍ လူသိများသော သစ်ခွမျိုး ဖြစ် သည်။ ထို့ကြောင့် ဒေသအလိုက် ခေါ်ဝေါ်သော အမည်အမျိုးမျိုးရှိသည်။ မော်လိုက် ခရိုင် ဖေါင်းပြင်မြို့နယ်တွင် စဗျစ်သီးခြောက်၊ ကသာခရိုင် အင်းတော်ဖက်တွင် ကြက်ဥနှစ် အငယ်၊ ပျဉ်းမနားမြို့နယ်၌ ရွှေဒင်္ဂါး၊ လယ်ဝေးမြို့နယ်တွင် ရတနာရွှေခက်အသေး၊ ရေတာရှည်နှင့် ရွှေလောင်းမြို့နယ်များ၌ ရတနာ ရွှေခက်ငယ်၊ သံတွဲမြို့နယ်၌ ရွှေတူလက်တံတို၊ တောင်ကုတ် ဖက်တွင် ကြွက်နား၊ တောင်ကြီးတပိုက်၌ ဖယောင်းကြီး၊ ဖယောင်းခက်ကြား၊ လက်တံတို၊ မိုင်းပန်တွင် ပွင့်သေးဖယောင်း၊ ဖားအံမြို့နယ်၌ ဥတလုံး၊ ရွှေဝါကလေးဟူ၍ အမျိုးမျိုး ခေါ် ဝေါ်ကြသည်။ ယင်း သစ်ခွမျိုးကို တရုပ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌လည်း တွေ့ရှိရလေသည်။

တင့်တင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ - ၅။ အမှတ် - ၄၀။

# ရွှေသွေး ဂျာနယ်

## စေတနာရှင်

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း
ကျော်မြင့်တင် (ဘင်း၀)


၁၃၃၅ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက် (၆-၁၀-၇၃)



စနေနေ့တိုင်းထုတ်ဝေသည်။




ဆေးဆရာကြီးတဦးထံတွင် မောင်မြတ်စံနှင့် မောင်ကောင်းစံတို့ ပညာသင်နေကြ၏။
xxxxx တပည့်တို့ - လူသားများအပေါ် စေတနာထားပြီး ဆေးဝါးကုသကြပါ၊ မရှိဆင်းရဲသားများကို ပိုပြီး ဂရုစိုက်ကြရမယ်.....
ဆေးပညာတတ်မြောက်ကြသောအခါ နေရပ်ဇာတိသို့ ပြန်ကြသည်။
ဘုရားဆေး၊ တရားဆေး၊ သံဃာ့ဆေး။
မောင်မြတ်စံသည် ဆရာ၏ ဆုံးမ စကားအတိုင်း ဆင်းရဲသားများကို ကုသ၏။
အဲဒါ - စေတနာဆရာလေးပေါ့ - အလွန်တော်တဲ့ ဆရာဘဲ။
ဟုတ်တယ် ဆင်းရဲသားများကိုလဲ တယ် သနားတတ်တာဘဲ
အဘ နေမကောင်းလို့ - ဆရာပင့်ချင်ပါတယ်
ခုတော့ - မအားသေးဘူး၊ နက်ဖြန်ကျမှ ခြေကြွခ ၁၀ိ/- နဲ့လာ - - -
မောင်ကောင်းစံကား လူနာ လာခေါ်လျှင် ကြေးငွေအရနည်းပုံပေါ်က မလိုက်ချေ။
ဆရာလေးရေ့ - မင်းကြီးကြီး မေ ဖျားနေလေရဲ့
အခုဘဲ သွားလိုက်ပါ့မယ် မမကြီးရဲ့
ချမ်းသာသောသူများကိုသာ လိုက်ကုရင်း မြို့တော်ဝန်နှင့် ပေါင်းမိ၏။




ထိုအိမ်သို့ နေ့တိုင်းဝင်ထွက်နေသဖြင့် ခင်မင် ရင်းနှီးမှု ရလာလေသည်။





တနေ့တွင် မြို့တော်ဝန်က ရှင်ဘုရင်ထံ သံ တော်ဦး တင်လေတော့သည်။




ထိုကြောင့် နန်းတွင်း သမားတော်ကြီး ဖြစ်လာပြီး မခံစားရဘူးသော စည်းစိမ် ယစ်နေ၏။






တခါသော် သူဆင်းရဲ အမယ်အိုတယောက် သည် ထိုမြို့တော်သို့ ရောက်လာ၏။




အမယ်အိုသည် အိမ်ထဲဝင်သွားပြီး....


ခေတ်ကါလ-ဆေးဆရာတွေကလဲ-တယ်တရား များသကိုး....ဒီလို ရှန့်ဂုင်း ကြမ်းတမ်းယင်-ဘယ်-ဆေးလိုက် ပါ့မလဲ..... ဒုက္ခ-နုက္ခ
အမယ်အိုသည် ဆေးဆရာ လိုက်ရှာရင်း ဆရာမြတ်စံအိမ်သို့ ရောက်သွားသည်။
ဆေးဆရာ-ရှိပါသလားရှင့်
ရှိပါတယ်-ရှိပါတယ် ကြွပါ-အမေ-ကြွပါ... ဘာအကူအညီများ လိုပါသလဲခင်ဗျာ
သာရ သာရ
လျှနှာအသဲအသန် ဖြစ်နေလို့လါပင့်တာပါ
ရပါတယ်။အခုဘဲ လိုက်ခဲ့ပါ့မယ်
လျှနှာက-တရပ်တရွာက-လာတဲ့ ဂုင်း-ရှုတ်တရက် မူးလဲသွားပြီး သတိလစ်သွားပါတယ်။ တညလုံး မေ့နေတယ်။ ဒီမနက်မှ သတိလယ်လာပြီး စကါးမေးရတော့တယ်။ သူ့အိတ်ထဲမှာတော့ ဆေးတွေပါတယ်။ အမေကလဲ-ဒါမှမလုပ်တတ်ဖြစ်နေလို့ပါ-ဆရာလေးရယ်...
ကျွတ်ကျွတ်--- ဖြစ်မှဖြစ်ရလေ... အခုလိုက်ခဲ့ပါ့မယ်-စိတ်ချ၊ အမေ-ဆောနေ မြဲ- ခဏနားပါဦး- ရေလေးတပေါက် လောက်သောက်ပါဦး......
သာရ သာရ
သို့ဖြင့် ဆေးအိတ်ယူပြီး ထလိုက်သွားသည်။
ဖို့ရွာက တဲပုတ်လေးဘဲ
ဟုတ်ကဲ့


ကိုယ်ကလဲ - ချစ်ချစ်တောက် ပူလှချေလား
သွေးတောင်ဆုတ်နေ
ပါကော... ရလို
ရညား - မျက်စဉ်း
ခတ် ၃ခုံးမှပါဘဲ
တဲတွင်းသို့ ရောက်သွားပြီး လူနာအဖိုးအိုကို
သွေးစမ်းကြည့်ရာ....
မျက်စဉ်းခတ်ရန် မျက်စိကို ကိုင်မည်ပြုစဉ်....
ဟာ —
ဟင် —
ဆရာကြီးဘဲ
ထိုအခါ လူနာအဖိုးအိုက အသံတိမ်ဖြင့်
မောင် မြတ် စံ လား
ဟုတ်ပါတယ်
ဆရာကြီး
နောက်
ကျ
မှ
ခေတ္တနားပြီး
မင်းနဲ့ ထိုက် တယ်
ငါ့ခေါင်းရင်းက - အထုပ်
မင်း...မင်း......မင်း
ယူ
အွတ်
ထိုသို့ဆိုပြီး အနိစ္စရောက်ရှာလေသည်။
ဆရာမြတ်စံလည်း မအောင့်နိုင်တော့ပဲ ငိုချ
လိုက်မိလေတော့သည်။
ဖြစ်မှ ဖြစ်ရလေတယ် - ဆရာကြီးရယ် -
လူကိုယ်တိုင် တွေ့ရပါရက်သားနဲ့ - ကျေးဇူး
မဆပ်လိုက်ရလေခြင်း ---ရှုတ် - ရှုတ် -
ရေဝေါ်မှာ
နစ်ရလေခြင်း
-----ရှုတ်
-----ရှုတ်
ဒါနဲ့ --- အမေက - ဘယ်သူပါလဲ - ဟင်
အသုဘ ကိစ္စ
ကျွန်တော် တာဝန်
ယူပါတယ်


ဟာ - ဆေးကုထုံး ပေစာ တွေပါလား .... ကုသိုလ်ကံ ကောင်း ချင်တော့ - ပညာ တဆင့် - တက်ခွင့် ရပြီ
အသုဘကိစ္စ အဝဝပြီး၍ အိမ်ပြန်ရောက်ပြီး အထုပ်ကို ဖွင့်ကြည့်ရာ....
ထိုကြောင့် နေ့မအား၊ ညမအား လေ့လာ၍ စမ်းသပ်နေတော့၏။
အား
တနေ့တွင် ဘုရင်မင်းမြတ်သည် ပြင်းထန် သော ဝေဒနာ စွဲကပ်လေရာ သမားတော် ဦးကောင်းစံ၏ တာဝန် ကျရောက်လာ၏။
ဥက်ခွက်တွေလဲ ကုန်ပြီ ...... ဘာဆက်လုပ် ရပါ့မလဲကွာ
ရောဂါမှာ တနေ့ထက်တနေ့ တိုးလာသဖြင့်..
မင်းဘုရား - ဝေဒနာကတော့ - တနေ့ထက် တနေ့ တိုးလို့သာ-တက်နေတယ်၊ ကျတယ် လို့ကိုမရှိဘူး
ဒီ-သမားတော်လေးကို အားမရလှပါဘူး
အသက်တော်ပင် စိုးရိမ်ရပါတယ် ဒီလိုဘဲ လက်ပိုက်ကြည့်နေလို့တော့ မဖြစ်ဘူးထင်တယ်
အမတ်ကြီးများ တိုင်ပင်ကြကာ....
နောက်နေ့တွင်
..........ဘုရင် မင်းမြတ်၏ ရောဂါ ဝေဒနာကို - ကုသနိုင်သော ပညာရှင် ရှိပါက - ရွှေနန်း တော်သို့ အမြန် လာရောက်ရန်ဖြစ်သည်
ဒုံ
ဒုံ
ဒုံ


ထိုသတင်းကြားလျှင် ဆရာမြတ်စံသည် နန်းတော်သို့ ရောက်သွားပြီး....
ကျွန်တော်မျိုး - ဆေးဆရာမြတ်စံပါ။ မင်းဘုရား ရောဂါကို ကုသလိုပါတယ်
ဟုတ်မှလဲလုပ်နော်၊ သမားတော်တောင် လက်မှိုင်ချနေတာ..... မကုနိုင်ယင် ရာဇဒဏ် သင့်လိမ့်မယ်
ကျွန်တော်မျိုး ပညာကို ကျွန်တော်မျိုး ယုံကြည်ပါတယ်
ကောင်းပြီ
တဖက်အခေါင်မှ သာယာဥာဏ်မြောင်းတဲ့ တူရိယာကိုငြိမ့်ငြိမ့်လေး တီးခတ်ရန် - လို ပါတယ်...
ပန်းမှာစွက်နံ့ကျောက် စက်ရေစစ်စစ် အရံသင့်ရှိဖို့ လိုပါတယ်...
ကောင်းပြီ
ကောင်းပြီ
ပိတ်ချော ဝတ်လဲတော် တစုံ အသင့်မြင်ထား ရပါမယ်...
ကောင်းပြီ
သို့ဖြင့် ဘုရင်ကြီးကို ကုသလေတော့သည်။
ခုနစ်ရက်အတွင်း ဘုရင်ကြီးနာလန်ထူလာရာ
မောင်မင်းဟာ - ကျေးရူးရှင်ဘဲ သင့်အား ယနေ့ကစ၍ - သမားတော် ခန့်အပ်တယ်
ဘုန်းတော်ကြောင့် ဖြန်လှပါဘုရား
ဘွဲ့နှင်းသဘင်နေ့တွင်....
..........ဆရာ မောင်မြတ်စံ - အား နန်းစဥ်သုံး - သမား တော်ကြီး - ဘွဲ့ တံဆိပ် နှင့်တကွ.... အသပြာ ထောင်ထုပ်ကို ချီးမြှင့်တော် မူသည်..
......
စေတနာ သမားတော်ကြီး - သက်တော် ရာကျော် ရှည်ပါစေ၊
မည်သူ့အများချစ်တဲ့ သမားတော်ကြီး - သက်တော် ရာကျော်ရှည်ပါစေ
လူထုကြီးက တခဲနက် ကြွေးကြော်ကြလေ၏။
ဆရာကောင်းစံကိုကား အာဏာသားများက နှင်ထုတ်လိုက်ကြလေသတည်း။
ဆရာတု ဆရာယောင် ခုန်းနှင့်မတန် သွားဟ
သွားဟ
သွား၊

# အများအကျိုးဆောင် ကိုယ့်အကျိုးဆောင်

တရုတ်ပုံပြင်

ဦးမှုန်း

ပန်းချီ-ဘိုဟန်ဝိန်





ရှေးတုန်းက တရုပ်ပြည်ကြီး၏ ရွာတရွာတွင် အဖိုးအိုတယောက်ရှိ၏။ ထိုအဖိုးအိုတွင် မောင်ကြီး၊ မောင်လတ်၊ မောင်ငယ် ဟူ၍ သားသုံးယောက်ရှိ၏။ မောင်ကြီးနှင့် မောင်လတ်တို့မှာ ရက်စက်ယုတ်မာသူများဖြစ်ကြ၏။ အငယ်ဆုံးမောင်ငယ်မှာမူ စိတ်ကောင်းရှိ၍ ရိုးသားသူ ဖြစ်လေသည်။

တနေ့တွင် မောင်ငယ်သည် ငွေအိတ်တလုံးကို ကောက်ရလေရာ ပိုင်ရှင်ကိုရှာဖွေပြီး ပြန်လည်ပေးအပ်လိုက်လေသည်။ ထိုအကြောင်းကို အစ်ကိုကြီးများ သိသော် ဤမျှ အ,ရပါမည်လားဟု ကြိမ်းမောင်းကာ မောင်ငယ်ကို အိမ်မှနှင်ထုတ်လိုက်ကြ၏။ ဖခင်ကြီးက တားမြစ်သော်လည်း မောင်ငယ်ကိုယ်တိုင်ကပင် အစ်ကိုများနှင့် မနေလိုတော့သဖြင့် အိမ်မှ ထွက်လာခဲ့၏။

လမ်းတွင် အတိဒုက္ခရောက်နေကြသော ရွာသူရွာသားများကို မောင်ငယ်တွေ့ရ၏။ ထိုသူများက "ဒီရွာဘေးက စမ်းချောင်းဟာ ရေခန်းသွားလို့ ကျွန်တော်တို့မှာ ရေအငတ်ဘေးနဲ့ ကြုံနေရပါတယ်။ ကယ်နိုင်ယင် ကယ်ပါ" ဟု မောင်ငယ်ကို တောင်းပန်ကြ၏။ · မောင်ငယ်က တတ်နိုင်လျှင် ကယ်ပါမည်ဟုဆိုကာ ဆက်လက်ထွက်ခွာလာခဲ့၏။

တဖန် မျက်စိ ကွယ်နေသော မိန်းမပျို တယောက်နှင့် သူ့မိခင်ကို လမ်းတွင် မောင်ငယ် တွေ့ရပြန်၏။ မိခင်ဖြစ်သူက သူ့သမီး၏ မျက်စိဝေဒနာကို ကုသပေးရန် မောင်ငယ်အား တောင်းပန်လေသည်။ မောင်ငယ်က "ကျွန်တော့်မှာ ခရီးဆက်ရန် ရှိပါသေးသည်။ အပြန်ကျမှ တတ်နိုင်သမျှ ကူညီပါရစေ"ဟုဆိုကာ ဆက်လက်ထွက်ခွာလာခဲ့သည်။

ရက်အတန်ကြာသော် ပညာရှင် အဖိုးအိုတဦးကို မောင်ငယ်တွေ့ရလေသည်။ မောင်ငယ်က ထိုအဖိုးအိုအား "ရွာတရွာမှာ စမ်းချောင်းဟာ ခန်းခြောက်နေပါတယ်။ ဒါ့ကြောင့် ရွာသားတွေ ရေငတ်နေကြပါတယ်။ နောက်ပြီး မိန်းမပျိုတဦးဟာလဲ မျက်စိကွယ်နေပါတယ်။ သူတို့ကို ကယ်ဆယ်ဘို့ နည်းလမ်းရှိက မစပါ" ဟု တောင်းပန်လေသည်။


အဖိုးအိုက "ရေခန်းနေတဲ့ စမ်းချောင်းရဲ့ အထက် အညာကိုသွားပြီးစစ်ဆေးကြည့်ယင် ရေခန်းရခြင်း ရဲ့ အဖြေကို သိလိမ့်မယ်။ မျက်စိကွယ်နေတဲ့ မိန်း ကလေးရဲ့ ဘယ်လက်ကို သူ့ခင်ပွန်းလောင်းက ထိ လိုက်ယင် မျက်စိပြန်မြင်လာလိမ့်မယ်"ဟု ပြော ကြားကာ မောင်ငယ်ကို မြင်းဖြူကြီး တကောင် လည်း ပေးလိုက်၏။

မောင်ငယ်သည် မြင်းဖြူကြီးကိုစီးကာ လာ လမ်းအတိုင်း အမြန်ပြန်လာခဲ့၏။ မကြာမီ မျက် မမြင် မိန်းမပျိုနှင့် သူ့ မိ ခင် ကို တွေ့ လေ သည်။ "အဒေါ် သမီးရဲ့ ဘယ်လက်ကို သူ့ခင်ပွန်းလောင်း က ကိုင်တွယ်ထိတွေ့လိုက်ယင် မျက်စိပြန်မြင်လာ မှာပါ"ဟု မောင်ငယ်က မိန်းမပျို၏မိခင်ကို ပြော ပြ၏။ သို့သော် အဖွားကြီးမှာ ရုတ်တရက် နား မလည်ဘဲ ကြောင်နေသဖြင့် "ဒီလက်ပေါ့ အဒေါ် ရယ်"ဟုဆိုကာ မောင်ငယ်က မိန်းမပျို၏ ဘယ် လက်ကို ဆွဲပြလိုက်ရာ ချက်ချင်းပင် မိန်းမပျိုမှာ မျက်စိပြန်မြင်လာလေ၏။ ထိုအခါမှ အဖွားကြီး လည်း သဘောပေါက်လာပြီးလျှင် "မင်းဟာ ငါ့ သမီးရဲ့ ခင်ပွန်းလောင်း ကေန်ပါဘဲ" ဟု ဆိုကာ မောင်ငယ်ကို မိန်းမပျိုနှင့် လက်ထပ်ပေးလိုက်၏။


သို့သော် မောင်ငယ်မှာ ရေဘေးသင့်နေသော ရွာသို့ သွားရန်ရှိသေးသဖြင့် ခရီးဆက်ရပြန်၏။ ထိုရွာသို့ရောက်သော် စမ်းချောင်း၏ အထက်သို့ သွားရောက်စစ်ဆေးရာ ဆင်သေတကောင်က ပိတ် ဆို့နေသည်ကို တွေ့ရသဖြင့် ဆင်သေကို ဖယ်ပစ် လိုက်ရာ စမ်းချောင်းသည် ပြန်လည်၍ ရေစီးဆင်း နိုင်တော့သည်။ ရွာသူရွာသားများမှာ မောင်ငယ် ကို ကျေးဇူးတင်မဆုံး ဖြစ်နေကြ၏။ ရွာ၏အကြီး အကဲဖြစ်သူ ရွာစောင့်နတ်မိမယ်က မောင်ငယ်ကို ရတနာတထုပ် လက်ဆောင်ပေးလိုက်လေသည်။

မောင်ငယ်သည် တာဝန်များ ပြီးဆုံးပြီဖြစ်၍ မိန်းမပျိုရှိရာသို့ ပြန်လာခဲ့၏။ အများကောင်း ကျိုးကို ဆောင်ရွက်ခဲ့သောကြောင့် မောင်ငယ် မှာ ဇနီးသည်နှင့်တကွ ရတနာများကိုပါ ရရှိကာ ချမ်းသာစွာ နေထိုင်ရလေတော့သည်။












အထိန်းအကွပ်
ကာတွန်းမြေဖြာ
ရေးဆွဲသည်
မြစ်အတွင်းဝယ် လှေတစင်း မျောနေသည်။ လှေပေါ်တွင် မည်သူမျှမပါ။ လှေချည်းသက်သက်ပင် ဖြစ်သည်။
အထိန်းအကွပ်မရှိ လွတ်လပ်စွာ နေရသဖြင့် လှေသည် ပျော်ရွှင်မြူးတူးနေ၏။
လှိုင်းကလေးဖွေးကာ ဖွေးကာ ပြာသောကောင်းကင် အောက်မှာ...
ထိုအခိုက် ရေပြင်ပေါ်သို့ ငါးကလေးတကောင် ပေါ်လာသည်။
အလို-ဦးကြီးလှေ ပါလား-တယောက်ထဲ ဘယ်သွားမလို့လဲ
အေးငါ့ဆရာက ငါ့ကိုကမ်းစပ်မှာ ကြိုးချည်ထားသကွ- သူမရှိတုန်းလေပြင်း တိုက်ပြီးချည်ထားတဲ့ကြိုး ပြတ်သွားတယ် လေ
ခုကြည့်စမ်း-ငါတယောက်ထဲဘယ် လောက်ပျော် ဖို့ကောင်းလဲ-ငါ့ဆရာပါယင် ငါ့အပေါ်လာ စီးသေးတယ်-ပဲ့ ကိုင်ပြီးလှော်သေးတယ် မနိုင်လိုက်တာ


ဒီလိုလဲ ဘယ်ဟုတ်မလဲဗျ - အထိန်းအကွပ် ဆိုတာ ရှိဦးမှာပေါ့ -
တော်စမ်းပါ - ငါ့နားလေးဘာ - အာလူး လာမပေးနဲ့ -
ဒီလိုဆိုလဲ ပြီးတာဘဲ ကျနော့်မှာတော့ အထိန်းအကွပ်ရှိ - မိဘနဲ့ ဆရာနဲ့ - သွားအုံးမယ်ဗျို့
တော်တော်ရှာရှည်တဲ့ ငါးချစ်တီဘဲ။ ဒီကောင်သွားမှ ဘဲနားညည်း သက်သာတော့တယ်
လှေသည် ဆက်လက်မျောနေလေသည်။
လေတဖြူးဖြူးနဲ့ တယ် - သာယာ ပါကလား
များမကြာမီ လေပြင်းကျလာသည်။ လေထန်သဖြင့် လှိုင်းကြီးလာတော့သည်။
ဟာ-ဟာ လှုပ်ကြပါအုံး


ငါ့ဝမ်းထဲ ရေတွေဝင်ကုန်ပြီ ငါ့မှာ လက်မပါတော့ ရေတွေ ဘယ်လိုခပ်ပစ်ရပါ့ ?
လှေထဲသို့ ရေဝင်ရာ လှေမှာနစ်လုခမန်း ဖြစ်နေတော့သည်။
အင်း ငါ့ဆရာသာ ပါယင် ရေတွေကို
လေမှာ ထန်သည်ထက် ထန်လာသည်။ လှိုင်းများကလည်း ရိုက်ပုတ်နေသည်၊
ရှေ့မှာ ကျောက်ဆောင်ကြီး
လှေမှာ ကျောက်ဆောင်နှင့် လွတ်အောင် ရှောင်ကွေ၍ မရတော့ပေ။
တောက်! ငါ့ဆရာသာ ပါယင် ကျောက်ဆောင်နဲ့ လွတ်အောင် လှော်မှာဘဲ
လှေသည် ကျောက်ဆောင်နှင့် ဝင်တိုက်ပြီး -
အမလေး သေပါပြီဗျ
လှေဝမ်းကွဲ၍ ကျောက်ဆောင်ပေါ် တင်နေမှ နောင်တရလေတော့သည်၊
မကောင်းပါလား
မှန်တယ်-



အစာ အတွက် သစ်ပင်များကို မှီတင်း ကြရပေသည်။

ကျွန်ုပ်တို့သည် အသားကို စားသောအခါတွင်လည်း ကျွန်ုပ်တို့သည် သစ်ပင်များပြုလုပ်သော အစာကို စားနေကြခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ကြက်သည် ဆန်၊ ပြောင်း၊ ပဲ စသော အစာများကိုစား၍ ကြီးထွားလာရခြင်းဖြစ်သည်။

## အစားအစာ အားလုံးကို သစ်ပင်များမှ ရရှိသည်။

သစ်ပင်များ မရှိလျှင် လူနှင့် အခြားသတ္တဝါများသည် အစာငတ်၍ သေကြေကြပေမည်။ အဘယ်ကြောင့် ဆိုသော် သစ်ပင်များသည် အစာကို ထုတ်လုပ်တတ်ကြပါသည်။ ကျွန်ုပ်တို့သည်အစာကိုမထုတ်လုပ်တတ်ကြပါ။တိရစ္ဆာန်များလည်း အစာကို မထုတ်လုပ် တတ်ကြပါ။ ထို့ကြောင့် လူနှင့် တိရစ္ဆာန်များသည် အစား

ထို့ကြောင့် ကျွန်ုပ်တို့သည် ကြက်သား၊ အမဲသားများကို စားနေကြသော်လည်း အမှန်မှု သစ်ပင်များက ထုတ်လုပ်သောအစာကို စားနေသည်နှင့်တူပါသည်။ တိရစ္ဆာန်များက သစ်ပင်များမှ အစာကိုစားပြီး ယင်းတို့၏ အသားကို ကျွန်ုပ်တို့ကတဆင့် စားကြရခြင်းဖြစ်ပေသည်။


တက္ကသိုလ် ဖြူမြင့်






# ကိုယ့်ရွာကိုယ့်ဓလေ့

နွယ်နီကြိုင်သင်း



ရန်ကုန်မြို့တွင် သွားရောက်ပညာ သင်ကြားနေသော ဖိုးကြိုင်သည် ကျောင်းပိတ်သဖြင့် လက်ပံကုန်းရွာသို့ ပြန်လာသည်။ ဝတ်စားဆင်ယင်ပုံမှာ လမ်းသရဲပုံစံမျိုး၊ လက်တဖက်ကလည်း ဂီတာကြီးပိုက်လျက်။ ရွာသူရွာသားများက မမှတ်မိကြ၊ လူစိမ်းမှတ်ပြီး ကြောင်၍ကြည့်နေကြ၏။

ဖိုးကြိုင်က ,ချက်ချင်းပင် အခြေအနေကို ရိပ်မိလိုက်၏။ မိမိဝတ်စားဆင်ယင်မှုကိုသာ အကောင်းထင် မန်ဝင်နေသူဖြစ်သဖြင့် မည်သူကိုမျှ နှုတ်မဆက်ပဲ ခြံတခုထဲသို့ ဟန်မပျက် ခပ်တည်တည်ဝင်သွားသည်။

"အဖေ– အမေ သား ကျောင်းပိတ်လို့ ပြန်လာတာ"

"ဟာ–လူလေးပါလား။ ဆံပင်တွေကလဲရှည်လို့။ ဟဲ့–မင်းအဝတ်အစားတွေကလဲ ဘယ်လိုဟာတွေလဲ၊ အဖေဖြင့် ရုတ်တရက် မမှတ်မိဘူး။ ဟဲ့–မိအေးရဲ့ ဒါမင်းသားလေ၊ ဘာကြောင့်ပြီး ကြည့်နေတာလဲ"

"သား သား၊ မင်းဝတ်လာတာ တမျိုးမို့ ဗြုန်းကနဲ အမေ မမှတ်မိဘူး"

"အကို– အကို့ ဘောင်းဘီအဝကလဲ ပွပွကြီး၊ အင်္ကျီကလဲ ထမိန်ကြီး"

"တယ်– ဒီကောင်မလေး၊ နင်ဘာနားလည်လို့လဲ။ ဒို့မြို့မှာတောင် လူတိုင်း ဝတ်နိုင်တာ မဟုတ်ဘူး၊ ခေတ်ဆံတဲ့လူမှ ဝတ်တာ"

ခြံထဲတွင် မိသားစုတို့၏ စကားပြောသံတို့မှာ ဆူညံနေလေသည်။ ထိုအခိုက် ရွာမှ လူငယ်တစု ခြံထဲသို့ဝင်လာကြ၏။

"ဟေး– ဖိုးကြိုင်ပါလား၊ မင်းရောက်နေတာ ကြာပလား၊ ဒို့ဆီမှာ စုပေါင်းရှင်ပြုပွဲရှိတယ်၊ ဒို့အခုပစ္စည်းတွေ လိုက်ငှားနေတာ"

"အေးကွ– အတော်ဘဲ၊ ဖိုးကြိုင်တီးတဲ့ ဒိုးပတ်သံမကြားရတာကြာပြီ၊ စုပေါင်းရှင်ပြုပွဲမှာ ဒို့ဝိုင်းက လာတီးစမ်းပါ"

"သွားစမ်းပါ၊ ဖိုးကြိုင်လို့ မခေါ်နဲ့၊ ဝီလီကွ–ဝီလီ၊ ဂီတာတီး နေပြီကွ၊ မင်းတို့ဒိုးပတ်ကို မတီးတော့ဘူး"

သူငယ်ချင်းများက ဝမ်းပန်းတသာ နှုတ်ဆက်ဖိတ်ခေါ်သော်လည်း ဖိုးကြိုင်က အဖက်မတန် ပြုမူ ပြောဆိုသဖြင့် သူငယ်ချင်းတစုမှာ မျက်နှာပျက်ကာထွက်ခွါသွားကြလေသည်။

တညတွင် ဖိုးကြိုင့်ဂီတာတီးနေစဉ် ရွာထိပ်မှ ဒိုးပတ်သံ၊ သီချင်းသံ၊ သံချပ်သံများ ပေါ်ထွက်လာသည်။

"ကုသိုလ်ရေးမို့ ကြိုးစားပါ၊ လူငယ်တွေမှာ ချွေးတလုံးလုံး"

သံချပ်သံသည် ပြန့်လွင့်လာလျက် ဂီတာတီးနေသော ဖိုးကြိုင်၏နားဝသို့ စူးလာလေ၏။

"အဖေ- ဒိုးပတ်သံတွေကလဲ ဆူညံနေတာဘဲ၊ဘာနားထောင်ရမှန်းမသိဘူး"

"စုပေါင်းရှင်ပြုပွဲအတွက် ဒိုးပတ်တိုက်နေတာပါ သားရဲ့။

နောက်ပြီး မင်းကိုယ်တိုင် နာမည်ရအောင် တီးဘူးခဲ့တဲ့ ဒိုးပတ် သံ ကို မင်း နား မ ထောင်တတ်ယင် မင်း အခု တီး နေ တဲ့ တဒေါင်ဒေါင် တဒင်ဒင်အသံကိုလဲ ဒို့ရွာသူ ရွာသား တွေက ဘယ်နားလည်ပါ့မလဲ။ ဘယ်လိုလုပ်နားအရသာခံရပါ့မလဲ"

သားတော်မောင် လမ်းသရဲ၏ ပြုမူပြောဆို နေထိုင်ပုံတို့မှာ မိမိတို့ရပ်ရွာဓလေ့နှင့် အံမဝင်ဂွင်မကျရှိနေသည်ကို ဆုံးမရန် အချက်ရှာနေသော ဖခင်က စကားစလိုက်၏။

"အဖေတို့က အဲဒါခက်တာပေါ့၊ ခေတ်မှမမှီဘဲ၊ ဒိုးပတ်သံ ပုလွေသံတို့သာ နားထောင်ဘူးတာကိုး"

"ငါ့သားက မြို့ခဏ လေး တက်ပြီး နေ ရတာနဲ့ တော သဘာဝနဲ့ တောဓလေ့ကို ပစ်ပယ်လိုက်တာကိုးကွဲ့။ ကိုယ့်ရွာ ကိုယ့်ဓလေ့ ကိုယ့်ယဉ်ကျေးမှုကို မမေ့ကောင်းဘူးကွဲ့"

အဖေမှာ တောသားကြီးဖြစ်သော်လည်း ကိုယ်ပိုင် ယဉ်ကျေးမှုကို မြတ်နိုးရမည်ကို နားလည်လေသည်။

"အဖေတို့ တောနဲ့ ကျွန်တော်နဲ့ မဖြစ်ပါဘူး။ကျွန်တော့်ကို အခုဆို ဘယ်သူကမှ အရေးမလုပ်ဘူး၊ ကျွန်တော် မနက်ဖန် ပြန်တော့မယ်"

"သားရဲ့ ကိုယ်ကိုလဲ ပြန်ကြည့်အုံးမှပေါ့။ သားတနေ့က စံဖိုးတို့ကို ပြောလိုက်တာ ဘယ်လောက်လွန်သလဲ။ သားက အဖက်မတန်သလိုနေယင် တဖက်ကလဲ အရေး မ လုပ် ဘူး ပေါ့။ နောက်ပြီး သားက ဖိုးကြိုင် အမည်ဖျောက်ပြီး ဝီလီရယ်လို့၊ ဝီလီဆိုယင် ကိုယ့်အမေကို နိုင်ငံခြားသားနှင့် ပေးစားသလိုနေမှာပေါ့သားရဲ့"

ဖိုးကြိုင်၏မိခင် ဒေါ်အေးကလည်း သူ့အမြင်ကို ဝင်ပြောပြန်သည်။

"ခြသေ့်အရေခြုံတဲ့ မြေခွေး အကြောင်း၊ ဒေါင်း ယောင်ဆောင်တဲ့ ကျီးအကြောင်း ငါ့သား ဖတ်ဘူးမှာပေါ့၊ နောက်ဘာဖြစ်သလဲ ဒုက္ခရောက်တယ်မဟုတ်လား။ အခုသား အတုခိုးတာက လမ်းသရဲ ဆိုတော့ ပိုဆိုးတာပေါ့"

ဤသို့ဖြင့် စုပေါင်းရှင်ပြုပွဲနေ့ရောက်လာလေသည်။ လက်ပံကုန်းရွာ ဒိုးပတ်ဝိုင်းမှာအမြိုင်ဆိုင်ဆုံးနှင့် အကောင်းဆုံးဖြစ်နေခြင်းကြောင့် ရွှေပွဲလာ ပရိသတ်များ တိုး၍မပေါက်ပေ။

"ကုသိုလ်ရေးမို့ ကြိုးစားလာ၊ ကျွန်တော်တို့ လူငယ်တွေမှာ ချွေးတလုံးလုံး"

ဖိုးကြိုင်သည် တခါက သူ နားမထောင်ချင်ခဲ့သော ဒိုးပတ်သံကို ယခုသော် ကြားချင် မြင်ချင်လာသည့် စိတ်အဟုန်ကြောင့် ခြေလှမ်းများပင် သွက်လက် ပေါ့ပါးလာပြီး ဒိုးပတ်ဝိုင်းထဲသို့ ရှင်မြူးစွာ ဝင်သွားလေတော့၏။

## ဒိုးပတ်ဝိုင်း

တီးသံမှုတ်သံ မြိုင်မြိုင်ဆိုင်၊
ဟေးလားဝါးလား ဟစ်သံပြိုင်။

လိုင်လိုင်ဆိုက အပြေးလွှား၊
သီချင်းသံချပ် ဖွေ့အသွား။

လုပ်အားများထု စီရရီ၊
စည်းလုံးညီညီ ဒအားမာန်ချီ။

အိုးစည်ဒိုးပတ် ရကွင်းများ၊
အချက်ကျကျ တီးမနား။

ဝါးလက်ခုပ်နဲ့ နှဲခရာ၊
သောတနားမှာ သံချိုသာ။

တူရိယာမှာ ကျော်ထင်ရှား၊
ဒိုးပတ်ဝိုင်းတော် ဒဇမ္ဗူသား။ ။

လှမွန်






အမည် မလှသော်လည်း ဖူးပွင့်ပုံလှသည်။ ပန်းခိုင်ဖြင့် မပွင့်။ ကြိုးလုံးနှင့်တူသော ပင်စည် တလျှောက်ရှိ အဆစ်များမှ နှစ်ပွင့်စီ ဆိုင်၍ ပွင့် သဖြင့် ပန်းကုံးနှင့် ဆင်တူသည်။ အပွင့်များသည် တလက်မခွဲခန့် ရှိ၍ ပွင့်ကားနေသည်။ ပွင့်ချပ် များသည် နုးညံ့၍ ခရမ်းနုရောင် ဖြစ်သည်။ ''နှုတ်ခမ်း'' (အရှေ့အလယ်ပွင့်ချပ်)ကမူ အဝါ နုရောင်တွင် ခရမ်းနုရောင်အစင်းကလေးများပါ သည်။ ပန်းပွင့်ချိန်သည် ဆောင်းရာသီမှ နွေဦး အထိ ဖြစ်၍ ရက်သတ္တ သုံးပတ်ခန့် လန်းဆန်း နေနိုင်သည်။

ယင်း သစ်ခွမျိုးသည် ရှင်သန် တိုးပွားလွယ် သည်။ ပစ်ထားသော်လည်း ညိုးခြောက် သွားခဲ့ ပြီး ပြန်၍ ရှင်သန်လာတတ်သည်။ ပန်းပွင့်ပြီး လျှင် ရွက်နုများ ထွက်၍ ပင်စည်သစ်များ တိုး ပွားလာသည်။ ပင်စည်သည် ခြောက်ပေခန့်ပင် ရှည်နိုင်သည်။ အရွက်များသည် အဆစ်များမှနေ ရွက်လွှဲ ထွက်၍ လှံသွားပုံ ရှိသည်။ မိုးကုန်လျှင် အရွက်များ ကြွေ၍ အဆစ်များမှ အဖူးချွန်ချွန်များ ထွက်လာလေသည်။

မြန်မာနိုင်ငံ အနှံ့အပြား၌ ပေါက်ရောက်ဖြစ်ထွန်း၍ ပေါပေါများ များ တွေ့နိုင်သည်။ ဒေသအလိုက် ခေါ်ဝေါ်သော အမည်အမျိုးမျိုး မှာ တံခွန်လုံး၊ သစ်ခွကြည်ပြာ (မော်လိုက်ခရိုင်)၊ လက်တံရှည် (ကသာ၊ တောင်ငူ၊ ဖားအံနှင့် မေမြို့)၊ လက်တံရှည်၊ အင်သဇင်၊ တံခွန် လုံး (မန္တလေး၊ မတ္တရာ)၊ ခိုင်လုံးပွင့် ဖယောင်း၊ တံခွန်လုံး (ပျဉ်းမ နား)၊ မိုးစွေ (ပြည်နှင့် ပုသိမ်)၊ ဖယောင်းပန်း (ကျောက်ဖြူ)၊ ကြောင် မြီးရှည် (ကော့သူးလေ ပြည်နယ်)၊ နတ်တောင် သစ်ခွ (ကယား ပြည် နယ်)၊ ဖယောင်းပန်းဖြူ၊ ဗြိမောင် (ချင်းပိသေသတိုင်း) စသည်တို့ ဖြစ် လေသည်။

# ခိုင်ပန်းစုံ

တင့်တင့်


၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၄၁။


# ရွှေသွေး ဂျာနယ်


၁၃၃၅ ခု၊ သီတင်းကျွတ်လဆုတ် ၂ ရက် (၁၃-၁၀-၇၃)




စနေနေ့တိုင်းထုတ်ဝေသည်။



ဩော် — လောကကြီး၊ ဆင်းရဲလိုက်တာ၊ လယ်ထွန်နွား၊ တောင်-တကောင် ထဲရှိတယ်
တခါက ရွာတရွာတွင် အလွန်ဆင်းရဲသော လယ်သမား ဦးပိန်ဆိုသူ တယောက်ရှိ၏။
ထို့ကြောင့် အိမ်နီးချင်း ဦးဝထံသွားပြီး
ဦးဝ-ရယ်၊ နွား တကောင် တော့ငှါးပါအုံး၊ လယ်ထွန်ပြီး ညနေကျယင် ပြန်ပို့ပါ့မယ်
မင်းကလဲ-ခုစိစဉ်ဘဲ- ဒီအချိန်ကျမှလာ ငှါးပြီး ကဲကဲ-တကောင် ယူသွား ကောက်ရိုးခြင်း မဲ့နှုလဲ ကြွေး လိုက်အုံး ----
လယ်ထွန်ပြီး၍ နွားပြန်ပို့သောအခါ—
ဦးဝ-ရယ်၊ နွား လာပြန် ပို့ပါတယ်၊ ဒီကျေးဇူး ဘယ်တော့မှ မမေ့ပါဘူး
အေးပါ၊ စပါး သိမ်းပြီးယင် သာ-ဝမ်းစာလေးပေးဖို့ မမေ့နဲ့
ရပါတယ်၊ စိတ်ချပါ
တလခန့် ကြာသော် ထိုနွား သေဆုံးသွားလေ သောကြောင့်....
ဟေ့ - ကိုပိန် -------
မင်းငါ့နွားကို - မတရား - အရမ်း ခိုင်းလို့ - သေရှာပြီ၊ လျော်ပေး
ဦးဝ-ရယ်.. မဟုတ်ရပါဘူးဗျာ။ ကျွန်တော် ယူသွားတာ - တလ ကျော်ရှိပြီ၊ ဒီနွား တမျိုး ရောဂါကြောင့် သေတာ ဖြစ်ပါလိမ့်မယ်
မင်း - တယ် လျှာရှည်တယ်၊ ရုံးတော်မှာ - တရား စွဲပြီး လျော်ကြေး တောင်းမှာဘဲ
မလုပ်ပါနဲ့ဗျာ တောင်းပန်ပါတယ်
တရားဆိုင်သောနေ့တွင် နှစ်ဖက်စကား ကြားနာပြီးသော် တရားသူကြီးသည်
အင်း၊ - ရှုပ်တာရှက်တော့၊ ဒီအမှုဟာ ဦးဝဖက်ကကြည့်ယင် မှန်သလိုဘဲဖြစ်နေတယ်၊ ဥပဒေနဲ့ ဆုံးဖြတ်ဖို့ ခဲယဉ်းနေတယ်။ ဦးပိန်ကလဲ - သနား စရာဘဲ၊ လျော်စရာ ငွေလဲ ရှိရှာပုံ မပေါ်ဘူး
ကောင်းပြီ - နောက်နှစ်ရက် ကြာယင် - ခင်ဗျား တို့ ---- အဲ ---- အမြန်ဆုံးအရာ နဲ့ --- ချမ်းသာ ခြင်းကိုဖြစ် စေသော အရာ --- ယူလာ ကြပါ။


အိမ်ပြန်ရောက်သောအခါ ဦးဝသည် စိတ်ကူးနှင့် ပျော်နေသလောက်
ဟီး - ပေါ်နိဆိုတဲ့ ကောင် ... ပညာလဲမရှိ၊ ပစ္စည်းလဲ မရှိနဲ့ .... ဒီလို ပုစ္ဆာ မျိုး ဘယ်ဖြေနိုင်ပါမလဲ ငါတော့ဒီအဖျား နိုင်ရချေသေး၊ ဈေး ကြေး - ရချေ သေးရဲ့ ... ဟီး
ဦးပိန်မှာတော့ စိတ်သောကရောက်ကာ မအိပ်နိုင် မစားနိုင်ဖြင့် ပိုနေရှာ၏။
နောက်တနေ့တွင် လယ်တဲမှ ပြန်လာစဉ်
ဟဲ့ - မောင်ပိန် ဟုတ်လါး။ မင်း ချက်နှာ မကောင်းပါလား။ဘာဖြစ်နေလို့လဲ
အဘရယ် ... ဦးဝ-က သူ့နွား သေတော့ ----- ... ခုက် ဖန် ရုံးသွား ရမယ်လေ ...
ဩော် - ဒါလား - လွယ်ပါတယ် ××××××××××××× အဲဒီလိုသာဖြေလိုက်။
နှစ်ရက်မြောက်သော် တရားရုံးတော်၌
တရားမင်း ခင်မျာ - (အမြင့်ဆုံး အရာ) ကတော့ - ဟောဒီလို မြင်းဘဲ။ ဖြဲပေါက်ပါ
အခုတောင် စေနဲ့ဆွဲထားရတယ် --- ဟီး ....
ချမ်းသာခြင်းကိုဖြစ်စေတဲ့အရာကတော့ သည်လို ရွှေစင်တွေဘဲ — ဖဲပဲ
အဲ - ဟုတ်ကဲ့ပြီ —
ကဲ - ဦးပိန်က - ဘာတွေများ ယူခဲ့သလဲ
တရားမင်းခင်မျာ—လောကကြီးမှာ-အမြန်ဆုံး အရာဟာ .. စိတ် .. ဘဲ၊ အဲဒီစိတ်ဟာ-တရားမင်းမှာလဲရှိလို့ - ယူမလာပါဘူး


ချမ်းသာခြင်းကို ဖြစ်စေတဲ့ အရာ ကတော့----- မြေကြီး ပါဘဲ။ နေရာတိုင်းမှာ ဒီမြေကြီးရှိ နေလို့ မယူလာ ပါဘူး ----- -----
အဲဒီ - မဟာ ပထဝီ မြေကြီးမှာ - လူတွေ ဟာ - သီးပင်၊ ပန်းပင် များစိုက်ကြတယ်။
သီးလာ - ပွင့်လာတဲ့ အခါ ကျတော့ - ဆွတ် ချူးပြီး -- စားကြ၊ သုံးကြတယ် ....
ဦးဝ - ယူခဲ့တဲ့ -- ဝင်းဝင်း လက်လက် ရွှေတုံး - ရွှေခဲတွေ ဟာလဲ - ဤ မဟာ ပထဝီ မြေကြီးထဲက ရတာ ပါဘဲ ....
မှန်လိုက်လေချာ။ ကျုပ်လိုချင်တာ လဲ ဒီအဖြေဘဲ။ ဦးပိန်ဟာ - တိတိကျကျ ဖြေ နိုင်ပုံ ထောက်တော့ - ဒီနွားသေတဲ့ ကိစ္စမှာ လည်ဆယ်မြှော်မဲ့ သူ့ချီး မဟုတ်လို့ ... တရား သေ - လွှတ်လိုက် သည်။ အမှုအတွက် ကုန်ကျစရိတ်ကို ဦးဝ-က ပေး စေ........
ထိုသို့ အမိန့်ချမှတ်လိုက်လေသော်—
ဦးဝမှာ အထင်နှင့် အမြင် ကွာခြားလှ၍ ကျိတ်မနိုင် ခဲမရဖြစ်သလောက်
ဦး ပိန် မှာ ရင် ချောင်သွားလေ သတည်း။


မောင်မောင်ကြွက်ရဲ့ စွန့်စားခန်း
ကာတွန်းမြေဇာ ရေးဆွဲသည်
မောင်မောင်ကြွက်သည် သူ့အမေ ထံမှ ဆုံးမစကားများကို နံနက်တိုင်း နားထောင်နေရသည်။
မြွေခွေး ဖိုကြက်နဲ့ ကြောင်တွေဟာ ဒို့ရဲ့ ရန်သူတွေဘဲ— မှတ်ထား
ဟုတ်ကဲ့
ကောင်းပြီ- ဒီနေ့အဖို့ ဒါလောက်နဲ့တော်ပြီ— သွားကစားပေတော့- ဒါပေမဲ့ သိပ်ဝေးဝေး မသွားရဘူး
မောင်မောင်ကြွက်သည် ပျော်ရွှင်စွာ ပြေးနေရင်းမှ စဉ်းစားလိုက်မိ၏။
မေမေဟာ—ဘာလို့ ဟိုနေရာဖြင့်မသွားရဘူး- ဘာဖြင့်မလုပ်ရဘူး- နဲ့ တားမြစ်နေပါလိမ့်- ငါ့အရွယ်ဟာစွန့်စွန့်စားစား လုပ်ရမဲ့အရွယ်ဘဲ -
မောင်မောင်ကြွက်ထွက်သွားမည်အပြုတွင် မေမေက ထပ်သတိပေးပြန်သည်။
သိပ်ဝေးဝေး မသွားနဲ့


အမေ ကလဲ
ကျွန်တော့်အရွယ်ဟာ
စွန့်စားခန်းလုပ်ရမဲ့
အရွယ်ပါ–
မစိုးရိမ်ပါနဲ့.
စွန့်စားခန်း ဆိုတာပျော်စရာ
မဟုတ်ဘူးသား – ဖြီးတော့
မင့်အရွယ်ဟာငယ်သေးတယ်–
ထိုစဉ် လေယာဉ်ပျံတစင်း ဖြတ်ပျံသွားရာ မောင်မောင်ကြွက်မှာ လွန်စွာ ကြောက်ရွံ့သွား၏။
အလိုလေး
ဘာကောင်ကြီး
ပါလိမ့်.
ဒါ–လူတွေလုပ်ထားတဲ့
လေယာဉ်ပျံ–ကြောက်စရာမဟုတ်ဘူး
မောင်မောင်ကြွက်သည် နောက်တခါ လေယာဉ်ပျံသံကြားသော် မကြောက်တော့ပေ။
မကြောက်
ပါဘူး–
သို့သော် သူ့အမေက ထပ်ပြောပြန်သည်။
အေး– ဒို့ကြောက်ရမှာတော့ရှိတယ်–မြင်လား
ဒါ ဒီအိမ်ကိုမသွားနဲ့
ကြောင်မဲကြီး
ရှိတယ်–



မောင်မောင်ကြွက်သည် သူ့အမေ၏ ဆုံးမစကားကို မနာခံပဲ သူ့အမေအလစ်တွင် -
ဟိုအိမ်ကြီး နားကို သွားမယ် ဒါမှ စွန့်စားခန်း
မောင်မောင်ကြွက်မှာ ကြောင်မဲကြီး လာနေသည်ကို မြင်ရ၍ လန့်နေ၏၊ ထိုစဉ်....
ဟာ ! အို မလေး ဟိုမှာ ကြောင်မဲကြီး လာနေပြီ ငါတော့ ဒုက္ခရောက်တော့မှာပဲ
သူ့အမြီးကို တစုံတယောက်က ကိုက်ဆွဲထားသည်ကို ခံလိုက်ရသဖြင့်....
အီး- ဒီ ငှက်က ငါ့အမြီးကို ကိုက်ဆွဲထားတာကိုး
ကြောက်အားလန့်အားဖြင့် တအား ရုန်းကာ သူ့အမေဆီသို့ သုတ်ခြေတင်ပြေးလေ၏၊
အလိုလေး ငါ့စွန့်စားခန်းက မလွယ်ပါလား
အိမ်ရောက်၍ သူ့အမေကို အကြောင်းစုံ ရှင်းပြသောအခါ
ဒါ့ကြောင့် အမေ ပြောတာပေါ့ စွန့်စားခန်းတိုင်းဟာ ပျော်စရာမဖြစ်ဘူးလို့ ပြီးတော့ သားက သိပ်ငယ်သေးတယ်
ပြီး

# မြန်မာ မွေးပုလဲ





ရေး/ဆွဲ
မောင်မောင်သက်

ပုလဲကို တရုပ်နိုင်ငံတွင် ရှေးနှစ်ပေါင်း နှစ်ထောင်ခန့်က စ၍ လက်ဝတ်ရတနာအဖြစ် ဝတ်ဆင်အသုံးပြုခဲ့ကြသည်ဟု သိရှိရသည်။

၁၈ ရာစုနှစ်အတွင်းတွင် ပုလဲမွေးမြူရေးပညာကို စံနစ်တကျ သိပ္ပံနည်းဆံဆံ ပထမရှေးဦးစွာ စမ်းသပ်တွေ့ရှိသူမှာ ဆွီဒင်လူမျိုး ရုက္ခဗေဒ ပညာရှင် ကား(လ်)ဗွန်လစ်နီ ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ပုလဲဘုရင်ကြီးဟု ထင်ရှား ကျော်ကြားခဲ့သူ ဟိုကီချိ မီကီမိုတိုသည် ၁၈၉၀ ပြည့်နှစ်တွင် ပုလဲမွေးမြူခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်ရာ ကောင်းစွာ အောင်မြင်မှု မရခဲ့ပေ။ ၁၉၁၃ ခုနှစ် အချိန်ပိုင်း ကျရောက်သည့်အခါတွင်မှ အဖိုးတန်မွေးပုလဲများ ဖြစ်မြောက်အောင်မြင်ခဲ့လေသည်။

ပုလဲမွေးမြူရေး လုပ်ငန်းကို သင့်တော်သော ရာသီဥတုနှင့် ပင်လယ်ချိုင့်ဝှမ်း ကျွန်းစုများရှိရာဒေသများ၌ မုတ်ကောင်များကို မွေးမြူ၍ လုပ်ကိုင်ရသည်။ မြန်မာနိုင်ငံတွင် မြိတ်ကျွန်းစုတပိုက် ပုလဲကျွန်းတွင် ပုလဲမွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်သည်။ ထိုလုပ်ငန်းကို ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့မှ လုပ်ကိုင်လျက်ရှိသည်။









မုတ်ကောင် ဆိုသည်မှာ ကမာဟုခေါ်သော ပင်လယ်သတ္တဝါတမျိုးပင် ဖြစ်သည်။ ကမာ အမျိုးမျိုးရှိ၍ ယင်းတို့ကို လူတို့ဖမ်းယူစားသောက်ကြသည်။ မုတ်ကောင်မှမူ သဘာဝပုလဲကို ရရှိနိုင်၍ ပုလဲမွေးမြူရေးလုပ်ငန်းတွင် ဤမုတ်ကောင်များကို အသုံးပြုရလေသည်။


ဂျပန်နိုင်ငံတွင် ပုလဲကို ခုနစ်နှစ်ခန့် မွေးမြူရသည်၊ ခုနစ်နှစ်ကြာပြီးသော မုတ်ကောင်ကို နောက်တကြိမ် ပြန်လည်အသုံးချ၍ မရတော့ပေ။ မြန်မာနိုင်ငံတွင်မူ ပုလဲကို သုံးနှစ်ခန့်မျှသာ မွေးမြူသည်။ သုံးနှစ်ကြာပြီးသော မုတ်ကောင်ကို နောက်တကြိမ် ပြန်လည်အသုံးချနိုင်သဖြင့် ဒုတိယအကြိမ်ထိ ပုလဲမွေးမြူ၍ ရပေသည်။

မုတ်ကောင် သုံးနှစ်သား အရွယ်ရှိလျှင် ထိုမုတ်ကောင်အခွံနှစ်ခုအကြားတွင် ကနုကမာအလုံးကလေးများကို ထည့်သွင်းမြှုပ်ထားပြီး ပင်လယ်ရေ သတ္တဝါများ မဖျက်ဆီးနိုင်အောင် သံမဏိပခြုပ်အိမ်၌ထည့်ကာ ပင်လယ်ရေအောက်တွင် ထားရသည်။

မြန်မာနိုင်ငံတွင် ကျပ်ငွေ ငါးသောင်းကျော်တန် ပုလဲတလုံးကိုရရှိရာ ထိုပုလဲမှာ ကမ္ဘာတွင် အကြီးဆုံး ဖြစ်ပေသည်။ ပုလဲ၏ အမြင့်မှာ တလက်မခွဲသာသာရှိပြီး၊ ရတီချိန်မှာ ၂၀၂.၃၀ ရှိသည်။ မြန်မာနိုင်ငံ စာတိုက်နှင့်ကြေးနန်းဌာနမှ ၁၉၆၇ ခု မတ်လ ၄ ရက်နေ့တွင် မော်ကွန်းဝင် အထိမ်းအမှတ်အဖြစ် ထိုပုလဲလုံးကြီး၏ပုံကို ၁၅ ပြားတန် တံဆိပ်ခေါင်း ပုံနှိပ်၍ ထုတ်ဝေခဲ့သည်။

မြန်မာပုလဲသည် ကမ္ဘာ့ ဈေးကွက်တွင်ကျော်ကြားလျက်ရှိ၍ နှစ်စဉ် ထုတ်လုပ်ရရှိသော ပုလဲများ၏ ပျမ်းမျှ တန်ဖိုးမှာ မြန်မာငွေတကုဋေဖိုးမျှ ဖြစ်လေသည်။







ခဏကလေး
ဇာတ်လမ်း/ဂျမ်းဂျမ်း
သရုပ်ဖော်/
တညနေတွင် သူ့အမေသည် သူ့အတွက် နို့အိုးကို ကျိုနေစဉ်....
ဟော - အိမ်ရှေ့က တံခါးခေါက်သံကြားတယ်၊ မေမေ သွားကြည့်လိုက်မယ်၊ မီးဖိုကိုပိတ်လိုက်
ခဏကလေး ခဏကလေး
မောင်အောင်မှာ မြို့သားကလေး တယောက်ဖြစ်ပါသည်။ သူ့ကိုဘာပဲခိုင်းခိုင်း ''ခဏကလေးနေယင် လုပ်ပေးမယ်'' ဟု ဆိုလေ့ရှိသည်။
သူသည် ကာတွန်းစာအုပ်ကို ဆက်လက်၍ ကြည့်နေ၏။
သူ့အမေ ပြန်ဝင်လာသောအခါ နို့အိုးမှာ ဝေကျနေလေပြီ။
အမလေး - နို့တွေ ဝေကျကုန်ပြီ၊ နင့်ကို ခိုင်းလိုက်ယင် - ဒီလိုချည်းဘဲ
ဟာ ဟုတ်သားဘဲ
အမေသည် မောင်အောင်ကိုဆူပြီး မီးဖိုကို သုတ်သင်ကာ ဟင်းများကိုနွှေးသည်။
အမေ အပြင်ခဏ သွားစရာရှိသေးတယ်၊ ထမင်းကိုစားလိုက်၊ တော်တော်ကြာ၊ ဟင်းတွေ အေးသွားလိမ့်မယ်
မောင်အောင်က ထုံးစံအတိုင်း ဖြေလိုက်ပြီး ကာတွန်းစာအုပ်ကို ဆက်၍ဖတ်နေပြန်၏။
ခဏကလေး ခဏကလေး
ထိုနောက် သတိရ၍ ထမင်းစားရန် သွားသောအခါ ထမင်းများ ဟင်းများ အေးစက်နေသဖြင့် အနည်းငယ်သာ စားနိုင်တော့သည်။
အင်း၊ ဟိုကောင်တွေနဲ့ ရွက်လှေလွှတ်ကစားဖို့ ချိန်းထားတာဘဲ၊ အတော်ဘဲ - လစ်မှ


သူသည် လှေရွက်ချုပ်ရန် အပ်တချောင်း ယူသွားသည်။ သို့သော် အပ်ကိုအတင်းဖိ၍ ချုပ်လိုက်သဖြင့် အပ်မှာ ကျိုးသွားလေလည်း။
မောင်အောင်သည် အိမ်သို့ပြန်၍ အပ် နောက်တချောင်း သွားယူစဉ်
မောင်အောင် နောက်တပ်အပ် တချောင်းသွား ယူကွာ
အေး၊ ခဏကလေး နေယင်သွားယူမယ်
ဟာ
အေး အိမ်က ကြောင်ကလေး ပါလား၊ ငါ့ထမင်းကျန်တွေ ကိုကျွေးဖို့ခေါ်သွားမှာ ခဏကလေးကြာမှာပါ
ညောင် ညောင်
သူသည် အပ်အကြောင်းကို သတိမရတော့ပေ။ သူ့သူငယ်ချင်းများက မောင်အောင်ကို စောင့်ရလွန်းသဖြင့် ပျင်းလာကြပြီး သူတို့ဖာသာ အပ်တချောင်းရှာ၍ ရွက်ထည်ကို ချုပ်လိုက်၏။
ဟော့၊ ဒီမှာ အပ်ပါလာပြီ
နောက်ကျသွားပြီ မလိုတော့ဘူး
သူတို့သည် မောင်အောင့်ကို စိတ်ဆိုးပြီး မခေါ်ကြတော့ပေ။
မောင်အောင်သည် စိတ်ပျက်စွာဖြင့် အိမ်သို့ ပြန်လာကာ၊ အိပ်ရာထဲသို့ အစောကြီးဝင်၍ အိပ်လေသည်။ ထိုအခါ မောင်အောင်သည် ထူးဆန်းသော အိပ်မက်ကို မက်လေသည်။
အိပ်မက်ထဲတွင် မောင်အောင်သည် သူ၏အချစ်ဆုံးသူငယ်ချင်း မောင်မြင့်နှင့်အတူ သင်္ဘောကြီးတစင်းပေါ်သို့ရောက်နေ၏။ သူတို့သည် ဟိုဟိုသည်သည် ကြည့်နေစဉ် –
ဟာ၊ မင်းတို့အိမ်က ကြောင်ကလေးဟေ့ ဖမ်းပါဟ
မောင်မြင့်မှာ ကြောင်ကလေးကို လိုက်ရင်း ရေထဲသို့ကျသွားလေသည်။
ကယ်ကြပါ – ကယ်ကြပါ ကျွန်တော်ရေနစ်နေပြီ
ခဏကလေး ခဏကလေး


သူသည် ထုံးစံအတိုင်း အော်လိုက်ပြီး အသက်ကယ်ဘောကို ပစ်ချပေးရန် စဉ်းစားနေသဖြင့် မောင်မြင့်မှာ အတော်ဝေးသော နေရာသို့ ရောက်သွားလေတော့သည်။
အင်း၊ ဘယ်အက်ကဘော ကောင်းမလဲ
ကယ်တော်မူပါ
ခဏကလေး နေပါဦးကွ
မောင်အောင်မှာ ''ခဏကလေး'' ဟုအော်ရင်း တွေနေသဖြင့် နောက်ဆုံးတွင် သင်္ဘောသားများက အသက်ကယ် လှေငယ်ဖြင့် လှော်ခတ်သွားပြီး မေ့မြောနေသော မောင်မြင့်ကို ဆယ်ယူခဲ့ကြသည်။
မင်း ''ခဏကလေး'' လုပ်နေတာကြောင့် မင်းသူငယ်ချင်းသေတော့မလို့ကွ၊ ဒီတော့ မင်းကိုလူမရှိတဲ့ ကျွန်းမှာ ထားခဲ့ရမယ်
ဗျာ
ကျွန်တော့်ကို ခွင့်လွှတ်ပါ နောက်ဆို ဒီလို ''ခဏကလေး'' မလုပ်တော့ပါဘူး
ကြောက်လန့်စွာအော်ရင်း မောင်အောင်သည် လန့်နိုးသွား၏။
ထိုအခိုက် သူ၏ အမေသည် အပြင်မှ ပြန်လာ၏။
အမလေး၊ တကယ်သာဆိုရင် ၊ အခက်ဘဲ၊ ကြောက်စရာကောင်းလိုက်တာ
သားရယ်၊ အမေမောတယ် လဖက်ရည်ဖျော်သောက်ရအောင်၊ ရေနွေး အိုး တည်ပေးပါလား
ခဏကလေး-ခဏ အဲ-အဲ၊ ခုဘဲတည်လိုက်မယ်မေမေ
မောင်အောင်သည် ထုံးစံအတိုင်း ပြောမည်ပြုပြီး အိပ်မက်ကို သတိရသဖြင့် ချက်ချင်း အိပ်ရာမှ ထလာကာ ရေနွေးအိုး တည်လိုက်လေသတည်း။
ပြီး

ကျွန်ုပ်တို့သည် ထမင်းမစားမီ အဘယ်ကြောင့် လက်ဆေးကြသနည်း။ ကျွန်ုပ်တို့သည် အပင်နှင့်သတ္တဝါများအကြောင်းကိုကောင်းစွာသိထားပါက ထိုမေးခွန်းကို မေးရန်မလိုပါ။ အဘယ်ကြောင့် ဆိုသော် သတ္တဝါတို့မှာ အလွန် ကြောင့် မိုက်ကရိုစကုပ် ပြောင်းဖြင့် ကြည့်မှသာ သေးငယ်သော သက်ရှိများ အချို့မှာ ကျွန်ုပ်တို့အတွက်



အချို့သော အပင်နှင့် တရာသေးငယ်သော ခေါ် အဏုကြည့်မှန် မြင်နိုင်ပေသည်။ အချို့သည် အန္တရာယ်မပြု နိုင်ပါ။ အလွန်အရေးပါလေသည်။

## အချို့သော အပင်နှင့် သတ္တဝါတို့သည် သေးငယ်လွန်းသဖြင့် မျက်စိဖြင့် မမြင်နိုင်ပါ။


အချို့မှာမူ ကျွန်ုပ်တို့ကို နေထိုင်မကောင်းဖြစ်စေသည်။ ယင်းတို့ကို ရောဂါပိုးဟုခေါ်သည်။ ကျွန်ုပ်တို့၏ ဝမ်းပိုက်ထဲသို့ ရောဂါပိုးများ မဝင်စေရန် လက်ကို ဆေးကြောကြသည်။ ထို့ကြောင့် ပွန်းပဲ့သောဒဏ်ရာ၊ မားရှသောဒဏ်ရာတို့ကို ကောင်းမွန်စွာ ဆေးကြောရလေသည်။ ကျွန်ုပ်တို့သည် ရောဂါပိုးများ မဝင်စေရန် သွားတိုက်ကြရသည်။ ရေလည်းချိုးကြရလေသည်။ ပုံပါ အရုပ်များမှာ မှန်ဘီလူးအောက်တွင် မြင်ရသော ရောဂါပိုးများ၏ ပုံများဖြစ်လေသည်။ ယင်းတို့သည် သေးငယ်လွန်းသဖြင့် ကျွန်ုပ်တို့ သာမန်မျက်စိဖြင့် မမြင်နိုင်ပါ။

တက္ကသိုလ် ဖြူမြင့်

### အလွယ်ရေးဆွဲနည်း


သူငယ်ချင်းများအား လူတယောက်တုတ်တချောင်းထမ်းပြီး ခွေးတကောင်နဲ့အတူ အိမ်တံခါးပေါက်က ဝင်သွားတဲ့ပုံကို မျဉ်းသုံးကြောင်းထဲနဲ့ ရေးနိုင်မလားလို့ မေးပါ။ သူတို့ မရေးနိုင်ယင် ဘေးကပုံအတိုင်း ရေးပြလိုက်ပါ။

၁-က အိမ်တံခါးပေါက် (ဘေးတည့်တည့်က မြင်ရပုံ)။
၂-က ဝင်သွားတဲ့လူ ထမ်းလာတဲ့ တုတ်ချောင်း။
၃-က လူနှင့်အတူ ဝင်သွားတဲ့ ခွေးရဲ့ အမြီးပုံလို့ ရှင်းပြပေါ့။



# နတ်ဘီလူး စည်

မိုးမိုးမြင့်



နတ်ဘီလူး စည်ကြီးသတင်း ယခုတလော နာမည် ကြီးနေသည်။ နတ်ဘီလူးစည်ကြီးသည် ဘုန်းကြီး ကျောင်းဝင်းထဲ၌ ရှိသည်။ နတ်ဘီလူးစည်ဟု ဆိုသော်လည်း ထူးထူး ဆန်းဆန်း မဟုတ်ပါ။ အုတ်ရေတွင်းအိုကြီး တခုသာ ဖြစ်ပါသည်။

ရေတွင်းအိုကြီး နှုတ်ခမ်းပေါ်၌ သစ်သား ဘောင်များ တပ်ဆင်ထားသော သွပ်ပြား အဖုံးကြီးဖြင့်ဖုံးအုပ်ထားသည်။ ထိုအဖုံးကြီးကို လက်ဖြင့် ထုလိုက်ပါက သွပ်ပြား လှုပ်ရှားသံသည် ရေတွင်းထဲသို့ ပဲ့တင်ရိုက် သွားပြီး "ဘောင်း" ဟူသော အသံကြီး ထွက်ပေါ်လာသည်။ ထိုရေတွင်းအိုကြီးသည် နတ်ဘီလူး စည်ကြီးဟု အမည်တွင်လေသည်။

ထိုရေတွင်းအိုကြီး၌ လျှို့ဝှက်ချက်နှင့် ထူးခြားသော သတင်းများ ရှိလေသည်။ လျှို့ဝှက်ချက်မှာ ညစဉ် ၉ နာရီ အချိန်လောက်တွင် ခွေး အူသံ များ ကြားရပြီး မည်သူမျှ မထုမတီးပဲ ဘောင်း ဟူသော အသံကြီး ထွက် ပေါ် လာ ခြင်း ပင် ဖြစ်သည်။ ရေ တွင်း အို ကြီး ကို စောင့်သော ဘီလူးသရဲများက ကိုယ်ရောင်ဖျောက်ပြီး တီးကြသည်ဟု သတင်းကြီး နေသည်။ ထို့ပြင် ကိုရင်ကြီးတပါးနှင့်အရွေးမကြီး တယောက် ကိုလည်း အစောင့်များက ရေတွင်းကြီးထဲသို့ တွန်းချဘူးသည်ဟုလည်း သတင်းကြီးနေသည်။

× × ×

လပြည့်ည တည ဖြစ်သည်။ ရေ တွင်း အို ကြီး အနီး ညောင်ပင်ကြီးအောက်၌ ဘတူ၊ အောင်ဝင်းနှင့် နီတွတ်တို့ ဝပ်၍ နေရာယူထားကြပြီး ရေတွင်း အိုကြီးကို စူးစူးစိုက်စိုက် ကြည့်နေကြသည်။ သူတို့သည် ရေတွင်းအိုကြီး၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်ရန် လာရောက်လေ့လာနေကြခြင်း ဖြစ်ပေသည်။

ည ၈ နာရီ ကျော်ကျော် လောက်တွင် ခွေး အူသံများ ကြားရလေသည်။ ဘတူတို့လူစုသည် အနည်းငယ် ကြောက်ရွံ့စိတ် ဖြစ်ပေါ်လာသဖြင့် တဦးနှင့် တဦး တိုးဝှေ့ပူးကပ် လိုက်ကြသည်။ လပြည့်ည ဖြစ်သဖြင့် ရေတွင်းပတ်ဝန်းကျင်မှာ လင်းထိန်နေသည်။ သူတို့သည် ဘီလူးသရဲများအား တွေ့က လေးခွဖြင့် လှမ်းပစ်ရန် အသင့် ပြင်ထားကြသည်။ ထိုအချိန်တွင် –

"ဘောင်း"

ရေတွင်းထဲမှအသံကြီး ဟိန်းထွက်လာသည်။ အားလုံးလန့်ဖျပ် သွားကြပြီး ရေတွင်း ဆီသို့ လေးခွဖြင့် လှမ်းပစ် လိုက်ကြသည်။ ထို့နောက် ရေတွင်းပတ်ဝန်းကျင်၌ ရှာဖွေ ကြည့်ကြသည်။ မည်သူ့ကိုမျှ မတွေ့ရ။

အသံ အလိုလို မြည်ကြောင်း လက်ခံလိုက်ကြရသည်။

× × ×

ဘတူသည် ရေတွင်းအိုကြီးမှ အလိုအလျောက် အသံမြည်ခြင်းနှင့် ပတ်သက်၍ အဖြေမှန်ရရှိရန် နေ့စဉ်လေ့လာနေသည်။ ယခုလည်း မီးဖိုချောင် ထဲ၌ မေမေ့အားငရုတ်သီးကူထောင်းပေးရင်း စဉ်းစားနေသည်။

ထိုအချိန်တွင် မေမေသည် ဒန်အိုးတလုံးကို မီးဖိုပေါ် တင်လိုက်သည်။ ငါး ကြော် ရန်အတွက် ဒန်အိုးအတွင်းရှိ ရေများ ခြောက်ခန်းသွား စေရန် တင်ထားခြင်း ဖြစ်သည်။

"ခွပ်"

ဒန်အိုးအတွင်းမှ အသံတသံ ထွက်ပေါ် လာသည်။ ဘတူသည် ဒန်အိုးကို ချက်ချင်း ထကြည့်လိုက်သည်။

"ဒန်အိုး ဖင်ပူလာလို့ပေါ့ သားရဲ့"

"ဘာဆိုင်လို့လဲ မေမေ"

"သား ညစာကျက်တဲ့အခါ သိပ္ပံပညာမှာ အပူကြောင့် အရာဝတ္ထုတွေ ကျယ်ပြန့်တယ်၊ အအေးကြောင့် ကျုံ့ဝင်တယ် ဆိုတဲ့ အကြောင်း ကျက်နေကျ မဟုတ်လား။ အခုလဲ ဒန်အိုးဖင်ဟာ မီးထိတော့ ပူလာပြီး ကျယ်ပြန့်လာတယ်။ ဒါပေမဲ့ ဘေးကို လွတ်လွတ် လပ်လပ် မကျယ်ပြန့်နိုင်တော့ အပေါ်ကို ခုံးထွက်လိုက်ရတယ်။ အဲဒီအခါ ဒန်အိုးဖင်ရဲ့ ရုတ်တရက်လှုပ်ရှားမှုကြောင့် ခွပ်ဆိုတဲ့အသံ ဖြစ်ပေါ်လာတယ်။ . ဒီလိုဘဲ ပြန်အေးသွားယင် ပြန်ကျုံ့ဝင်ပြီး အသံတခါမြည်အုံးမယ်"

ဘတူသည် ဒန်အိုးသဏ္ဌာန်နှင့် မခြားသော ရေတွင်းအိုကြီးကို မျက်လုံးထဲ၌မြင်ယောင်လာသည်။

"ဘုန်းကြီး ကျောင်းဝင်းထဲက ရေတွင်းအိုကြီးဟာ ညတိုင်း သူ့အလိုလို အသံ မြည်တယ်ဆိုပြီး နာမည်ကြီးနေတယ်မေမေ။ ဘီလူးသရဲတွေ တီးတာလို့ ပြောနေကြတယ်။ အခု ကျွန်တော် စဉ်းစားမိပြီ။ ရေတွင်းအဖုံးဟာ ဒီအိုးဖင်နဲ့ သဏ္ဌာန် တူတယ်။ နေ့အခါ နေပူရှိန်ကြောင့် ကျယ်ပြန့်လာပြီး အပေါ်ကို ခုံးတက်လို့ အသံတခါ မြည်မယ်။ ဒါပေမဲ့ နေ့အခါ အသံ မြည်တာကို လူတွေက သတိ မထား မိကြဘူး။ ညဘက်ရောက်တော့ ပြန်အေးလာပြီး ပြန်ကျုံ့ဝင်လို့ အသံ တခါမြည်မယ်။ မဟုတ်ဘူးလားမေမေ".

"ဟုတ်တာပေါ့ သားရဲ့"

ဘတူသည် ရေတွင်းအိုကြီးမှ အသံမြည်သည့် အကြောင်းကို သူ့သူငယ်ချင်း များအား ရှင်းပြလိုသဖြင့် ငရုတ်ဆုံကို ဘေးဖယ်ကာ အိမ်ပေါ်မှ အပြေး ဆင်းသွားလေသတည်း။

× × ×

# ဝါကျွတ်ပွဲတော်

သီတင်းကျွတ်ပွဲ ဝါကျွတ်ပွဲ၊
မီးပုံးရောင်စုံဆွဲ။

ပူဇော်နဲ့တဲ့ စဉ်အလာ၊
ဘုရားမြတ်ဗုဒ္ဓါ။

ဝတိံသာက လူ့ရွာကြွ၊
သည်ခါသမယ။

ရုပ်သေပွဲက ရှုစရာ၊
ဇာလီနှင့်ကဏှာ။

ဇူဇကာလေဘကပ်၊
မဒ္ဒီဝေသန်ဇာတ်။

မြတ်နိုးအပ်တဲ့ ရိုးရာအစဉ်၊
ဤပွဲခါသဘင်။

ဆရာရှင် မိနှင့်ဖ၊
သက်ကြီးဝါကြီး ကန်တော့ကြ။

စိတ်ထားလှလှ လန်းလန်းရွှင်၊
သာဓုသံလွှင်လွှင်။

ပြည်တခွင် ရှင်ကြည်အေး၊
ကြာနံ့တမွှေးမွှေး။ ။

စန္ဒာမြင့်။



R. 517



# ငလိပ်ကျောက်

ငလိပ်ကျောက်သည် အထက်အောက်ပြားချပ်နေပြီး ဝိုင်းသောပုံသဏ္ဌာန်ရှိသည့် ပင်လယ်ငါးတမျိုးဖြစ်သည်။ သူ၏အမြီးသည် ရှည်လျားသေးသွယ်ပြီး ကျာပွတ်နှင့် တူသည်။ လိပ်ကျောက်တံခွန်ဟု ခေါ်သော ငလိပ်ကျောက်တမျိုးတွင် အမြီးရင်း၌ ခွေးသွားစိပ်သဖွယ် ဆူးငယ်များပါရှိ၏။ ယင်းတို့သည် ပင်လယ်ကြမ်းပြင်ရှိ နုံများအောက်တွင် ဝပ်၍ ဖုံးကွယ်နေတတ်၏။ ယင်းတို့အား သွားရောက်၍ အနှောင့်အရှက်ပေးလျှင်ဖြစ်စေ၊ ရန်ပြုလျှင်ဖြစ်စေ အမြီးရှိ ဆူးဖြင့်ထိုးတတ်၏။ ထိုအခါ ဆူး၌ရှိသည့်အဆိပ်တမျိုးကြောင့် ယားယံခြင်းသော် လည်းကောင်း၊ ရောင်ရမ်းခြင်းသော် လည်းကောင်း၊ သို့မဟုတ် ပြင်းထန်စွာ နာကျင်မှုကိုသော် လည်းကောင်း ခံစားရပေမည်။ ငလိပ်ကျောက်တို့သည် ဥမအုပဲ အကောင်လိုက် မွေးတတ်၏။ အကြီးဆုံး အကောင်သည် ဦးခေါင်းမှ အမြီးဖျားအထိ ၁၅ ပေခန့်ပင်ရှိနိုင်သည်။ ယင်းတို့ကို မြန်မာ့ပင်လယ်ပြင်တွင် တွေ့ရှိနိုင်၍ ယင်းတို့၏ အသားကို လူတို့စားသုံးကြသည်။

သောင်းစု (သုတေသန)





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၅။ အမှတ် ၄၂။

# ရွှေသွေး ဂျာနယ်


## ဖွေလေးချောင်း ရိုးသူ

ပန်းချီ-ဦးဘကြည်
ဓါတ်လမ်း-
ဗန္ဓုရဝင်း


၁၃၃၅ ခု၊ သီတင်းကျွတ် လဆုတ် ၉ ရက် (၂၀-၁၀-၇၃)



စနေနေ့တိုင်းထုတ်ဝေသည်။


အမေကလဲ လမ်းချည့် လျှောက်နေတာဘဲ မရောက်သေးဘူးလား
သားရယ် အရေးထဲ-လမ်းပျောက်နေလို့
သားတော့ ညောင်းပြီ
ဦးလူထွားသည် သားမောင်ရွှေသွေးကို သူ၏ အဖိုးအား ပြသလို၍ တောလမ်းမှသွားစဉ် ....
အမေ-ဘာသံလဲ
ရေလှိုင်းသံပါကွဲ
သား ကြောက်တယ်၊ ဒီဘက်မှာ မအိပ်ရဘူး
ဒါဖြင့်-ဟိုဘက်မှာအိပ်
လမ်းမှားကာ အချိန်ကုန်သွားသဖြင့် မြစ်ကမ်းပါးတွင် အိပ်လိုက်ရ၏။
တဖန် မောင်ရွှေသွေး မျက်စိဖွင့်ကြည့်ပြီး
အမေ ဘာကြီးတွေလဲ
သစ်ပင်တွေပါကွဲ
သား ကြောက်တယ် အလယ်မှာအိပ်မယ်
အလယ်မှာ-ဘယ်လိုလုပ်အိပ်မှာလဲ--လူကလေးရဲ့။ ကဲ-ကဲ--ကိုယ်ပေါ်မှာဘဲအိပ်၊
ကိုယ်ပေါ်တွင်အိပ်စေကာ ရွှေသွေးကို ပုဆိုးခြုံလိုက်ပြီး အိပ်ကြရာ ခရီးပန်းသဖြင့် အိပ်ပျော်သွားကြ၏။
ခေါ်
ခေါ်
ခေါ်
ခေါ်
ည သန်းခေါင်ချိန်၌ လထွက်လာစဉ် ကျားတကောင်ရောက်လာပြီး ....
အလို ..... လူနံ့ရပါလား။ လိုက်ရှာမှဘဲ
သားအဖနှစ်ယောက် အိပ်နေသည်ကို မြင်လျှင် ကျားသည် အဆန်းဖြစ်နေ၏။
ဟာ- မြွေထောက်လေးချောင်းပါလား၊ နွားလဲမဟုတ်၊ မြင်းလဲမဟုတ်၊ သမင်လဲမဟုတ် .... အင်း --
မြစ်ထဲနေတဲ့-မိကျောင်းကို မေးကြည့်ဦးမှဘဲ


ထို့ကြောင့် ရေစပ်သို့သွားပြီး မိကျောင်းအား
ကိုမိကျောင်းရေ... ဟိုမှာ ဘာကောင်လဲမသိဘူး၊ အနံ့က - လူနံ့၊ ခေါင်းက - တလုံးထဲ ခြေထောက်က လေးချောင်း
ငါပြောပြမယ်၊ ဘာပေးမလဲ
အရေးထဲ - မင်းကလဲ - ဈေးကိုင် နေပြန်ပြီ။ ကုန်းပေါ်မှာရှိတဲ့ အရာဝတ္ထုမှန်သမျှ - ငါပိုင်တယ်။ ဒါပေမယ့် - ရေထဲကိုကျလာယင် - မင်းပိုင်တယ်လို့ ယူဆမယ်
မဆိုးဘူး၊ အေးလေ - ဟုတ်ပြီ။ ငါပြောပြမယ်။ ပထမ - သူ့ခြေထောက်ကို ဆွဲကြည့်။ လှုပ်လာလိမ့်မယ်။ အဲဒီအခါမှာ ခေါင်းကိုသတိထားကြည့်၊ နှစ်လုံးရှိယင် - လူအဲ့ အဲ... တလုံးထဲဆိုယင်တော့ မြွေပေတော့
ပြန်သွား၍ ခြေကိုဆွဲကြည့်ပြီး ခေါင်းကိုကြည့်ရာ
ဦးလူထွားမှာ ယောင်ပြီး လရောင်ဘက်သို့ လှည့်လိုက်သည်တွင် ....
ဟဲ - ခုမှဘဲ - ခေါင်းကို သေသေချာချာကြည့်လို့ရမှာ၊ ကိုင်း မှန်းစမ်း
ဟင့် အင် - ခေါင်း တလုံး ထဲပါလား
ကပ်၍ ကြည့်ပြန်ရာ
အလို... ငါ့လိုဘဲ
နှုတ်ခမ်းမွေးနဲ့ပါလား။ မေးမှာလဲ အမွေးတွေနဲ့၊ ဘာကောင် ပါလိမ့်
အနံ့က - လူနံ့ နဲ့ တယ်တူတာကိုး
ထိုသို့ အနားကပ်ကြည့်စဉ် ကျား နှုတ်ခမ်းမွေးသည် ဦးလူထွား၏ နှာခေါင်းထဲသို့ ကလိမိလေ၏။


ဦးလူထွားမှာ နှာခေါင်းယားလာသဖြင့် နှာခေါင်းတွန့်ပြီး ပါးစပ်ဟလာကာ ....
ဟာ
ဟပ်
ဟပ်–ဟပ် ဟု မြည်နေစဉ်–ကျားသည် အံ့အားသင့်ပြီး နောက်ဆုတ်နေခိုက်
အလို
ဟပ်
ဟပ်
ဟပ် ချီး
ဟပ် ချီး
ဟပ် ချီး
ဟပ် ချီး
ဆက်တိုက် ထချေလိုက်သဖြင့်
ဟပ်ချီး
ဟပ် ချီး
ကျားသည် ကြောက်လန့်လာပြီး နောက်သို့ တအား ခုန်လိုက်ရာ ....
မြစ်ထဲသို့ ကျသွားသောကြောင့်....
ဟဲ... ဟဲ-
ရေထဲ ကျယင်
ငါ့ပိုင် သတဲ့
မိကျောင်းကြီးက ဟပ်၍ ကိုက်စားလိုက်လေ၏။


ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုတာ (၂)
ထောက်ခံ
ကန့်ကွက်
ဂေးသား
ဖေဖေ၊ ဖေဖေ၊ မေမေက ထမင်းစားရအောင်တဲ့
အေးအေး လာမယ် ဒီမှာမဲပုံးလုပ်နေတာ လက်စမသတ်ရသေးလို့
ဖေဖေ အခုလုပ်နေတဲ့မဲပုံးတွေဟာ ဘာလုပ်ဖို့လဲဟင်
ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုဖို့အတွက် လုပ်သားပြည်သူတွေရဲ့ဆန္ဒကိုခံယူဖို့ သားရဲ့---
ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုတာက ဘာလဲဖေဖေ
ဖေဖေတို့သားသားတို့ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကို ဘယ်လိုအခြေခံတွေနဲ့ ဖွဲ့စည်းတည်ထောင်မယ် ဆိုတဲ့ဥပဒေတွေပေါ့
အဲဒီအခြေခံတွေက ဘာတွေလဲဟင်----
အဲဒီအခြေခံတွေက ဘာတွေလဲဆိုတာ သားသားနားလည်အောင် ပြောပြရမယ်၊ တစ်က၊ ဖေဖေတို့နိုင်ငံရဲ့ရည်မှန်းချက်ကို ဆိုရှယ်လစ်ပန်းတိုင်ထားဖို့ရယ်-
ဟုတ်ကဲ့ ဖေဖေ
နှစ်က၊ ဖေဖေတို့နိုင်ငံရဲ့စီးပွားရေးကို ဆိုရှယ်လစ်စနစ်နဲ့ လုပ်ပြီး၊ ဒီစနစ်ကိုကာကွယ်တဲ့ဥပဒေတွေလဲ ထားဖို့ရယ်-


သုံးက၊ နိုင်ငံကိုအရင်းရှင်ပါလီမန်ဒီမိုကရေစီစနစ်နဲ့မဖွဲ့စည်းဘဲ၊ ဆိုရှယ်လစ်ဒီမိုကရေစီဆိုတဲ့စနစ်နဲ့ဖွဲ့စည်းမယ်
လေးက၊ မေမေတို့နိုင်ငံမှာမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးဟာတန်းတူရည်တူဖြစ်ကြပြီး၊ ရှိလဲအတူတူ မရှိလဲအတူတူ၊ ဥမကွဲ သိုက်မပျက်ဘဲစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့နေထိုင်နိုင်ကြဖို့ရယ်-
ဟုတ်ကဲ့ မေမေ
ငါးကတော့၊ လုပ်သားပြည်သူအားလုံးဟာအများနဲ့ဆိုင်တဲ့အခွင့်အရေးလဲခံစားရဖို့ရယ် မိမိတဦးတည်းနဲ့သာဆိုင်တဲ့အခွင့်အရေးလဲခံစားရစေဖို့ရယ်၊ အဲဒီလိုအခွင့်အရေးတွေခံစားရသလို၊ တဖက်ကလဲမိမိတို့ရဲ့တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ကြစေဖို့ ဆိုတာရယ်-
ခြောက်ကတော့၊ မေမေပြောပြတဲ့အချက်ငါးချက်ကို အောင်မြင်အောင်၊ တခြားလိုအပ်တဲ့အချက်တွေပါပါရှိဖို့ရယ်ဆိုတာတွေဘဲကွဲ့၊ မေမေပြောတာနားလည်ရဲ့လားသား
နားလည်ပါတယ် မေမေ၊ ဒါနဲ့-
တိုင်းပြည်တိုင်းမှာဒီလိုဘဲဖွဲ့စည်းပုံအခြေခံဥပဒေတွေရှိကြလားမေမေ
ရှိတဲ့နိုင်ငံတွေလဲရှိတယ်၊ မရှိတဲ့နိုင်ငံတွေလဲမရှိကြဘူး
ဒါပေမဲ့၊ သူတပါးနိုင်ငံရဲ့လက်အောက်က လွတ်မြောက်လာခဲ့ကြတဲ့နိုင်ငံတွေမှာတော့ရှိကြတာများတယ်သားရဲ့-


ဖေဖေတို့ဗမာနိုင်ငံဆိုယင် ဗြိတိသျှတွေရဲ့ လက်အောက်က ၊ အသက်ပေါင်းများစွာအ သေခံပြီးလွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြလို့ လွတ်လပ်ရေးရခဲ့ကြတယ်ဆိုတာကိုတော့ သားသားသိတယ်မဟုတ်လား
ဟုတ်ကဲ့သိပါတယ်ဖေဖေ
လွတ်လပ်ရေးဖခင်ကြီးဗိုလ်ချုပ် အောင်ဆန်းနဲ့အမျိုးသားခေါင်း ဆောင်ကြီးတွေဟာလွတ်လပ်ရေး ကြိုးပမ်းနေစဉ်အချိန်ကတည်း ကဘဲ-
ဗမာနိုင်ငံကိုလွတ်လပ်ရေးရပြီးတဲ့အခါ ဆိုရှယ်လစ်စနစ်နဲ့ထူထောင်မယ်လို့ရည် မှန်းခဲ့ကြတယ်ကွဲ့ ၊ အကြောင်းမှာအမျိုး သားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း တို့ရဲ့ရည်မှန်းချက်-
လမ်းစဉ်ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းရဲ့ လမ်းညွှန်ချက်၊ လုပ်သားပြည်သူတွေရဲ့ ဆန္ဒမှုချက်တွေနဲ့ရေးဆွဲထားတဲ့ဖွဲ့စည်း ပုံအခြေခံဥပဒေ တာဝါယာမူကြမ်းကို-
အခုနောက်ဆုံးအတည်ပြုဖို့ရွာနီးနိုင်ငံအောင် ပြည်လုံးကျွတ်ပြည်သူ့ဆန္ဒခံယူပွဲကြီးကျင်းပဖို့ ဖေဖေတို့ဝိုင်းဝန်းပြီးလုပ်အားပေးနေကြ တာပေါ့သားရဲ့
သားသားလဲဖေဖေ ပြောပြမှနားလည် တော့တယ်
ကဲကဲ၊ ဖေဖေတို့ထမင်းစားလိုက် ကြအုံးရို၊ ထမင်းစားပြီးတော့မှ ဖေဖေဆက်ပြီးပြောပြအုံးမယ်ကွဲ့
ဟုတ်ကဲ့ဖေဖေ၊ သား သားလဲနားထောင် ချင်ပါတယ်ဖေဖေ
ဆက်ရန်

# အတုယူဖွယ် မှတ်သားဖွယ်

ပန်းချီ - ဦးအေးတင်





၁၉၇၀ ပြည့်နှစ် ဇွန်လ ၁၇ ရက်နေ့က ဖြစ်သည်။ အမှတ် ၂၅ အဆန်လူစီးရထားသည် ကြို့ပင်ကောက်ဘူတာမှ ထွက်ခွာရန် ပြင်နေ၏။ ထိုစဉ် သူငယ်လေးတယောက်သည် ဘူတာရုံပိုင် ထံပြေးလာပြီး အထက်တန်းတွဲအောက်မှ မီးရောင်နှင့် မီးခိုးများ ထွက်နေကြောင်း သတင်းပို့သည်။ ရုံပိုင်သည် ရထားကို စက်ရပ်စေပြီး စစ်ဆေးကြည့်ရာ အထက်တန်း တွဲအောက်၌ ကရိယာအချို့ ချွတ်ယွင်းပြီး မီးလောင်နေကြောင်း တွေ့ရ၏။ မီးကိုငြိမ်းသတ်ကာ ချွတ်ယွင်းမှုကို ပြင်ဆင်ပြီးမှ ရထားသည် ဆက်လက် ထွက်ခွာရလေသည်။ တာဝန်သိ သူငယ်တယောက်၏ ကျေးဇူးကြောင့် ရထားမှာ မီးလောင်မည့်ဘေးမှ လွတ်ကင်းခဲ့ရ၏။ ထိုသူငယ်ကား မောင်တင်ဝင်းဆိုသူ ကျောင်းသားလေးတယောက်ပင် ဖြစ်လေသည်။

၁၉၇၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့က ဖြစ်၏။ ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် ဗန္ဓုလပန်းခြံ လမ်းထောင့် အိမ်အမှတ် ၁၆၂ တတိယထပ်နေ ဒေါ်အုံးသန်းသည် အိမ်ခန်း တံခါးကိုစေ့ပြီး အောက်ထပ်သို့ ဆင်းလာစဉ် လေတိုက်သဖြင့် တံခါးမှာ အလိုအလျောက် သော့ခလုတ်ကျပြီး ပိတ်သွားတော့သည်။ ထို့ကြောင့် အောက်ဆုံးထပ်တွင်ရှိနေသူ မောင်ငွေစိုးအား အိမ်ခန်းတွင်း၌ ကျန်ခဲ့သော သော့ကို ယူပေးရန် ဒေါ်အုံးသန်းက အကူအညီတောင်းသည်။ မောင်ငွေစိုးသည် ဒေါ်အုံးသန်းကို ကူညီရန် အခြားတဖက်ခန်းမှ ဒေါ်အုံးသန်း၏ အခန်းသို့ လှမ်းကူးသည်။ ထိုသို့ အကူးတွင် အုတ်စွန်းတခုကို အားပြု၍ ကိုင်လိုက်ရာ အုတ်စွန်းကျိုး၍ မောင်ငွေစိုးမှာ အောက်သို့ လိမ့်ကျသွားသဖြင့် ဆေးရုံကြီးသို့ ပို့လိုက်ရ၏။ သူတပါးကို ကူညီစဉ် အနာတရဖြစ်သွားရှာသော ထိုမောင်ငွေစိုးမှာ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား တယောက် ဖြစ်လေသည်။

၁၉၇၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့က ဖြစ်၏။ ညောင်လေးပင်မြို့မှ ကျောင်းသား မောင်ကျော်စောသည် ပေါက်တောရွာသို့ အလည်သွားရာ လမ်းတွင် မြွေကိုက်ခံရသော လူနာတဦးကို တွေ့သဖြင့် ကြက်ခြေနီ ရှေးဦးသူနာပြုနည်းဖြင့် ပြုစုပြီး ကားလမ်းသို့ ထမ်းခေါ်လာခဲ့၏။ ထို့နောက် စစ်ကားတစီး၏ အကူအညီဖြင့် လူနာကို ဆေးရုံသို့ အချိန်မီ ပို့နိုင်ခဲ့သဖြင့် လူနာမှာ အသက်ချမ်းသာရာ ရသွားလေသည်။




၁၉၇၃ ခုနှစ် မတ်လ ၂၁ ရက်နေ့က မောင်မျိုးမြင့်ဆိုသူသည် တောင်ငူမှ ရန်ကုန်သို့ ရထားဖြင့် ပြန်လာ၏။ ပဲနွယ်ကုန်းနှင့် ကျောက်တံခါးကြားအရောက်တွင် မီးမပါသော ရထားတွဲထဲ၌ လူနှစ်ယောက်က မောင်မျိုးမြင့်ထံမှ ငွေနှင့်လက်ပတ်နာရီကို လုယူပြီး မောင်မျိုးမြင့်ကို ရထားပေါ်မှ တွန်းချခဲ့၏။ မောင်မျိုးမြင့်မှာ ဒဏ်ရာဖြင့် လဲနေစဉ် မူလတန်း ကျောင်း သား လေး တဦးက တွေ့ရှိပြီး ကျောက်တံခါး ဆေးရုံသို့ ပို့ လိုက် လေ သည်။ ထိုအမည်မသိ မူလတန်း ကျောင်းသား၏ အပြုအမူမှာ လေးစားစရာပင် ဖြစ်၏။



၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့က သာဝယ်မြို့ရှိ တန်တားတခု၏အနီးတွင် ကလေးတစု ကစားနေကြသည်။ ထိုစဉ် ကလေးတို့သည် တန်တားခြေရင်း ရေစပ်မှ လက်ပစ်ဗုံးတလုံးကို ကောက်ရသဖြင့် မြို့မရဲစခန်းသို့ သွားရောက်အပ်နှံလိုက်ကြ၏။ တာဝန်သိသော ကလေးတို့အား ရဲစခန်းက ငွေကျပ်တဆယ် ချီးမြှင့်ကာ ဂုဏ်ပြုလိုက်သည်။




ယုံတမ်းစကား
ရေး/ဆွဲ
ကာတွန်း
မောင်မောင်သောက်
ဒီလက်စွပ်တော်ကို တိုင်းသူပြည်သားထဲက လူတဦးကို မွေးနေ့အထိမ်းအမှတ်အဖြစ် ချီးမြှင့်ချင်ပါတယ် ဘယ်လိုလူမျိုးကို ပေးသင့်သလဲ -
အကျင့်သီလနဲ့ ပြည့်စုံသော သူကိုသာ ချီးမြှင့်သင့်ပါတယ်
သူရသတ္တိနဲ့ ပြည့်စုံတဲ့ သူကို ပေးသင့်ပါတယ် -
တခါက ပညာမလဘုရင်လေးသည် သက်တော် ၂၀ နှစ်အရောက်တွင် မွေးနေ့သဘင်ပွဲကို တနိုင်ငံလုံး၌ ပျော်ရွှင်ပွဲများဖြင့် ကျင်းပစေပြီး ဆုများချီးမြှင့်ရန် တိုင်ပင်လေသည်။
ဉာဏ်ပညာထက်မြက်သူကို ချီးမြှင့်သင့်ပါတယ်၊ ချီးမြှင့်ရာမှာ ဉာဏ်ကြီးရှင်ပြိုင်ပွဲ ပြုလုပ်ပြီး ရွေးချယ်ချီးမြှင့်တော်မူပါ -
ဒီပွဲမှာပဲ ပညာလဲ ပြရအုံးမယ်
အမတ်ကြီး အကြံကောင်းလှသည်၊ မနက်ဖြန် ဉာဏ်ကြီးရှင်ပြိုင်ပွဲ ပြုလုပ်ရန် တနိုင်ငံလုံး ကြေညာ မောင်းခတ်စေ -
မနက်ဖြန်နံနက် နန်းပြင် မြင်းမကွင်းပြင်တွင် ဉာဏ်ကြီးရှင်ပြိုင်ပွဲ ပြုလုပ်မည်ဖြစ်၍ မည်သူမဆို လာရောက်ယှဉ်ပြိုင်နိုင်သည်၊ အမိန့်တော် -
သင်တို့တဦးစီ ဖောချင်ရာဖောကြ၊ ငါကိုယ်တော်မြတ် မယုံကြည်အောင် ဖောနိုင်တဲ့သူကို ဟော ဒီပတ္တမြားလက်စွပ်တော်ကို ပေးတော်မူမယ်၊ ကဲ - အခုကစပြီး တဦးစီ ဖောကြပေတော့ -
ကျွန်တော်မျိုး နွားကြီးဟာ အလွန်ပင်ကြီးလို့ တဖက်ချိုပေါ်မှာ နားနေတဲ့ ကျီးဟာ - ဟိုဖက်ချိုဖျား ရောက်အောင် ညပေါင်း တရာ ပျံရပါတယ် ဘုရား
နောက်တနေ့တွင် ဉာဏ်ကြီးရှင်ပြိုင်ပွဲ ပြုလုပ်လေသည်။


ကျွန်တော်မျိုး အဖိုးဟာ၊ အသက် ၁၀-နှစ်သားမှာ ထန်းပင်ပေါ်မှာ ခြေချော်ကျတာ မြေကြီးပေါ်ရောက်တော့ အဖိုး အသက် ၉၀-အရွယ်ဖြစ်သွားပါတယ် ယုံတော်မူပါ-
ကျွန်တော်မျိုး ကျွဲကြီးဟာ အရှေ့ကျွန်းကနေပြီး အနောက်ကျွန်းက မြက်တွေစားပါတယ်၊ အစာစားပြီးလို့ မစင်စွန့်ချလိုက်တာ အခု ဟိမဝန္တာတောင်ကြီး ဖြစ်နေပါတယ်-
မောင်မင်းတို့ အားလုံးပြောတဲ့စကားတွေဟာ ဖြစ်နိုင်လို့၊ ငါကိုယ်တော်မြတ် ယုံကြည်တော်မူတယ်-
မဟုတ်တာ ပြောလဲ ယုံတာဘဲ
ဟာ-ဒုက္ခပါဘဲ-
မဖြစ်နိုင်တာတွေပြောတာကို သူယုံကြည်တယ်တဲ့-ဗျာ
ဘုရင်လေး စိတ်မှ ကောင်းရဲ့လားဗျာ၊ ဒီအဖိုးတန်တဲ့ ပတ္တမြားလက်စွပ်ကို တကယ်မပေးချင်လို့ပါဗျာ.
ဒီပြိုင်ပွဲမှာ ကျွန်တော် ဝင်ရောက်ပြိုင်ခွင့် ပြုပါခင်ဗျာ
ပြိုင်နိုင်ပါတယ်၊ အထဲကို ဝင်ပါမောင်-
ထိုအချိန်တွင် လယ်သမားတဦး ရောက်လာကာ စုံစမ်းပြီးနောက်—
ကဲ-သင်ပြောသမျှကို ငါကိုယ်တော်မြတ် ယုံကြည်တော်မူမည်-မယုံကြည်နိုင်ကြောင်း ငါကိုယ်တော်မြတ် အမိန့်ရှိက-ပတ္တမြားလက်စွပ်တော်ကို သင့်အား ပေးမည်၊ ငါမယုံကြည်သော စကားကို ပြောပေတော့
မှန်လှပါ အရှင် ပြောပါမည်ဘုရား
ဘုရင်ကြီးထံ အခစား ဝင်ရောက်လေသည်။


ဤတွင် လယ်သမားသည် လက်ဝတ်ရတနာကို ဝမ်းမြောက်ဝမ်းသာ ရရှိသွားလေသည်။

# သက်တန့် မည်ကဲ့သို့ ဖြစ်ပေါ်လာသနည်း


သက်တန့် ဖြစ်ပေါ်ပုံကို မသိသူများကသိကြားမင်း မိုးပေါ်မှ ရေဆင်းသောက်သည်ဟု ပြောကြသည်။ အမှန်မူ သက်တန့်သည် သဘာဝအလျောက် ဖြစ်ပေါ်ခြင်းသာ ဖြစ်သည်။

ကျွန်ုပ်တို့၏ နေမှရရှိသော လင်းရောင်ခြည်တွင် သက်တန့်၌ပါသော အရောင်အားလုံး ပါရှိပြီး ဖြစ်သည်။ ထိုအရောင်များအားလုံးကို ရောနှောလိုက်သောအခါ အဖြူရောင် ဖြစ်လာလေသည်။ တခါတရံ ထိုအရောင်များကို တရောင်စီခွဲ၍ မြင်ရသည်။ ဤသည်ကား သက်တန့်ပင်တည်း။

သင်တို့သည် မိုးရွာနေသောအချိန် သို့မဟုတ် မိုးရွာပြီးသော အချိန်တွင် သက်တန့်ဖြစ်ပေါ်လာသည်ကို သတိပြုမိကောင်း ပြုမိကြပေလိမ့်မည်။ နေရောင်ခြည်သည် မိုးစက်ကလေးများကို ဖြတ်သန်းသွားသောအခါ အရောင်များသည် ကွဲ၍သွားလေသည်။ ထိုကြောင့်ပင် သက်တန့်များကို မိုးရာသီတွင် မကြာခဏ မြင်တွေ့ရခြင်း ဖြစ်သည်။

သက်တန့်သည် နေရှိရာဖက်မှ ဆန့်ကျင်ဖက်အရပ်၌ ဖြစ်ပေါ်မြဲဖြစ်၍ သက်တန့်၌ ထင်ရှားစွာမြင်နိုင်သော အဓိက အရောင်ခုနစ်မျိုးမှာ ခရမ်း၊ မဲနယ်၊ အပြာ၊ အစိမ်း၊ အဝါ၊ လိမ်မော်နှင့် အနီရောင်တို့ ဖြစ်သည်။

တက္ကသိုလ်မြို့မြင့်










# ဖေဖေ့ကိုသာ အချစ်ဆုံး

သန်းဌိန်လှ

ဖေဖေ့ကို ကျွန်တော်မုန်းပါသည်။ မေမေသည်သာ ကျွန်တော်၏ အချစ်ဆုံးဖြစ်ပါသည်။ မေမေက ချော့တတ်၍ ဖေဖေက ရိုက်တတ်ပါသည်။ ဖေဖေသည် အလုပ်က ပြန်လာလျှင် စိတ်အမြဲတမ်း တို၍ အမြဲတမ်း အော်ငေါက်တတ်ပါသည်။

ဖေဖေနှင့် ကျွန်တော်တွေ့ရသည့်အချိန်မှာ မများပါ။မနက်ခုနစ်နာရီအထိ ဖေဖေ့ကို တွေ့နိုင်ပြီး ညနေဆိုလျှင် ငါးနာရီခွဲမှ ဖေဖေပြန်လာသည်ကို တွေ့ရပါသည်။ ဖေဖေနှင့် တွေ့ရသည့် အချိန်လေးကိုပင် ကျွန်တော် အကြောက်ကြီးကြောက်နေပါသည်။

"အောင်မင်း"

ဖေဖေ ပြန်လာ လာချင်း ဤအသံကြီးမျိုးဖြင့် ခေါ်တတ်ပါသည်။

"ခင်ဗျာ"

"မင်း အိမ်မှာနေပြီး ဘာလုပ်နေတာလဲ။ တခါထဲ ငေးငိုင်နေတာဘဲ။ အိမ်မှာ အလကားနေတာ ယောကျ်ားမဟုတ်ဘူးကွ။ ယောကျ်ားလေးဆိုတာ အမြဲတမ်း အလုပ် လုပ်နေရတယ်။ တံမြက်စည်းလေး ဘာလေး လှည်းထားပါလားကွ"

ဖေဖေသည် တနေ့တည်း မဟုတ်၊ တချိန်တည်း မဟုတ်၊ စာကျက်လျှင် ကျက်၊ မကျက်လျှင် အလုပ်ခိုင်းတတ်ပါသည်။ ငေး ငိုင် တွေ ဝေ နေ လျှင် မှု မကြိုက်တော့ချေ။

ထို့ပြင် ဖေဖေ့ကို ကြောက်သည်မှာ ရိုက်တတ်၍ ဖြစ်ပါသည်။ ဖေဖေသည် ကျွန်တော်၏ စာအုပ်များ၊ ခဲတံများ၊ ပေတံများကို စစ်ဆေးလေ့ရှိသည်။ တခုခု ပျောက်နေလျှင် ရိုက်တတ်ပါသည်။ထို့ပြင် စာမရလျှင် ပို၍ နာအောင်ရိုက်တတ်ပါသည်။ မေမေလို ချွဲချွဲ ပြစ်ပြစ်နှင့် ပြော၍ မရပါ။ သူသည် ဆုံးမသောအခါ မျက်နှာထားကြီးနှင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် ဖေဖေကို မုန်းသည်မှာ မဆန်းပါ။

ကျွန်တော်သည် ဖေဖေ့ကို မုန်းကြောင်း ကျွန်တော့်သူငယ်ချင်း ဖိုးဆိတ်အား ပြောမိပါသည်။ ထိုအခါ ဖိုးဆိတ်က သူ့ဖေဖေကို အချစ်ဆုံးဟု ပြောပါသည်။ကျွန်တော် နားမလည်ပါ။ ထို့ကြောင့် သူ့ အဖေကို ကျွန်တော် ကြည့်ချင်ပါသည်။ တနေ့ ဖေဖေ ပြန်လာခါနီးတွင် မေမေ့ထံ ခွင့်ပန်၍ ဖိုးဆိတ်တို့အိမ်သို့ ထွက်ခဲ့ပါသည်။

"ဟေ့ ဖိုးဆိတ်၊ ဘာလုပ်နေတုံးကွ"

"ဟာ – သစ်ပင်တွေ ရေလောင်းနေတာပေါ့ကွ၊ လာလာ သူငယ်ချင်း"

ဖိုးဆိတ်က ခေါ်၍ ကျွန်တော် သူ့အနား ရောက် သွားပါသည်။ဖိုးဆိတ်က ရေလောင်းရင်း ကျွန်တော်ကို စကားပြောပါသည်။ ထိုစဉ် ဖိုးဆိတ်အဖေ ဝင်လာပါသည်။ အလုပ်က ပြန်

လာခြင်း ဖြစ်ပါသည်။ ကျွန်တော့်ဖေဖေလည်း သည်အချိန် ပြန်ရောက်လောက်ပြီ ထင်ပါသည်။

"ဖေဖေ၊ သား ဒီမှာ ရေလောင်းနေတယ်၊ ထမင်းစားယင် ခေါ်လိုက်နော်"

"အေး"

ဖိုးဆိတ်က နှုတ်ဆက်စကား ပြောလိုက်သော်၊ ဖိုးဆိတ်အဖေက ပြုံး၍ ဖြေလိုက်ခြင်း ဖြစ်သည်။

"မင်းတို့ ဖေဖေက သိပ်သဘော ကောင်းတာဘဲနော်၊စိတ်လဲ ရှည်တာနဲ့ တူတယ်"

"မဟုတ်ပါဘူးကွာ၊ ငါ့အဖေလဲ စိတ်တိုတာပါဘဲ။ ငါက သူ စိတ်တိုယင် သူ ကျေနပ်အောင် လုပ် လုပ်ပေးတာနဲ့ သူ စိတ်ကျေနပ်သွားရတာကွ"

"မင်းတို့ ငါတို့ ဖေဖေတွေဟာ ဘာလို့ စိတ်တိုကြတာလဲ မသိဘူးနော်"

"ဒါက ဒီလိုရှိတယ်ကွ"

ကျွန်တော့် စကားကို ဖြေမည့်သူမှာ ဖိုးဆိတ်အဖေ ဖြစ်သည်။ဖိုးဆိတ်အဖေသည် ဘယ်အချိန်က ကျွန်တော်တို့နောက်ကို ရောက်နေသည် မသိပါ။

"စိတ်တိုတယ်ဆိုတာအလုပ်များလို့ကွ။ ဦးတို့ဆိုယင် သစ်စက်မှာ အလုပ် လုပ်တာကွ။ ဦးတို့သစ်စက်ကို တခါလောက် ငါ့တူ လာကြည့်စမ်း။ သစ်တုံးအကြီးကြီးတွေကို ခွဲရ စိတ်ရတာ ဘယ်လောက်ပင်ပန်းတယ်ဆိုတာ ငါ့တူ တွေ့ရလိမ့်မယ်။ အေး အဲဒီလောက်ပင်ပန်းနေတဲ့ လူ တယောက်ဟာ စကားတောင် ဖြောင့်အောင် ပြောနိုင်မလား။ စိတ်ရှည် နိုင်ပါအုံးမလား။ တနေကုန် တနေခန်း နဖူးကချွေး ခြေမ ကျအောင် လုပ်နေရတယ်ဆိုတော့ စိတ်တိုတာဟာ ဘယ်ဆန်းတော့မလဲကွာ။ မင်းတို့ အိမ်ကသားလေးတွေကသာ လိမ္မာယင် ဒီမှာ အဲဒီ စိတ်တိုတာလေးတွေဟာ ပြန်ပျောက် သွားရမှာပေါ့ကွ။ ကဲ သားရေ ထမင်းစားရအောင်ဟေ့။ ငါ့တူလဲ ထမင်းစားချင်ယင် ဝင်စားသွားကွာ"

"နေပါစေဦး၊ ဟိုဟို ဖေဖေ ကျွန်တော့်ကို စောင့်နေ လိမ့်မယ်၊ သွားပါအုံးမယ် ခင်ဗျာ"

ကျွန်တော် သဘောပေါက်လိုက်ပါသည်။ ဖေဖေ စိတ်တိုသည်မှာ မှန်၏။ ဖေဖေစိတ်မတိုရန်မှာ ကျွန်တော် လိမ္မာဘို့လိုပါသည်။ ဖေဖေအား ကျွန်တော် ကျေနပ်မှု အပြည့်အဝ ပေးပါ တော့မည်။ ဖေဖေသည် ကျွန်တော်တို့အား ပင်ပန်းဆင်းရဲစွာ ရှန်းကန် ကျွေးမွေးနေသော ကျေးဇူးရှင်ကြီး မဟုတ်ပါလား။ထို့ကြောင့် နောင်အခါတွင် ကျွန်တော် ပြောပါမည်။

"ဖေဖေကိုသာ အချစ်ဆုံး" ဟု။

× × ×

## ဒို့ခေတ် အောင်ပွဲ

လူသစ်တည် ပြည်သစ်ဆောက်
သည်ခေတ်ရောက် ဒို့မြန်ပြည်၊
ဝပြောလို့စည်။

ကမ္ဘာတည် ဥာဏ်ရည်နှင့်
မျှော်တွေး၊
ဒို့မြန်မာ ဆိုရှယ်လစ်နှင့်
တိုင်းသစ်တည်ရေး။


ဒို့ပြည်ကို ဒို့ချစ်တော့
ဗျူဟာစ်လို့ ဆန္ဒခံ၊
မဲထည့်ကြရန်။

ဖိုးပတ်ကည့ံ နှဲ့သံကချွဲ၊
ဥပဒေ မူအသစ်
ဒို့ခေတ်အောင်ပွဲ။ ။

ဖိုးလမင်း



R. 517



# ငကပ်

ငကပ်၏ ထူးခြားချက်မှာ ယင်း၏ ပြားနေသော ခေါင်းထိပ်ပေါ်တွင် စုတ်ခွက်ရှိနေခြင်းပင် ဖြစ်သည်။ ဤစုတ်ခွက်ဖြင့် ပြားချပ်သည့် မျက်နှာပြင်ရှိသော အရာဝတ္ထုများကို တွယ်ကပ်နိုင်၏။ ဤသို့ တွယ်ကပ်မိပြီဆိုလျှင် ငကပ်တကောင်ကို လွယ်လွယ်ကူကူဖြင့် ခွာချ၍မရတော့ပေ။ ပညာရှင်များ၏ အဆိုအရ တစုံတခုကို တွယ်ကပ်မိပြီဆိုလျှင် ငကပ်သည် တွေ့ထိမှုအာရုံ နည်းပါးသွားတတ်သည်။ ထိုအခါမျိုးတွင် ထိုငါးကို မည်သို့ပင် ထိကိုင်လှုပ်ယမ်းကြည့်သော်ငြားလည်း သက်မဲ့သဖွယ် ဖြစ်နေတတ်သည်ဟု ဆိုသည်။

ငကပ်များသည် အထူးသဖြင့် ငမန်းများ၊ ဝေလငါးများ၊ လင်းပိုင်များ၊ လိပ်များနှင့် မကြာခဏဆိုသလို သင်္ဘောများကို တွယ်ကပ်နေတတ်သည်။ ဤသို့ဖြင့် အခြားသော ရန်သူများ၏ ဘေးရန်မှ သက်သာရာရပြီး တနေရာမှ တနေရာသို့ လွယ်လွယ်ကူကူပင် ရောက်ရှိသွားနိုင်သည်။ မြန်မာနိုင်ငံတွင် ငကပ်များကို ပြင်သာလိပ်များ ဖမ်းဆီးရာတွင် အသုံးပြု၏။ အသုံးပြုပုံမှာ ငကပ်များကို အမြီးတွင် ကြိုးဖြင့်ချည်ပြီးလွှတ်ထားသည်။ လိပ်များလာလျှင် ငကပ်များက သွား၍တွယ်ကပ်နေတော့၏။ ထိုအခါ ချည်ထားသောကြိုးကို ဆွဲယူလိုက်လျှင် လိပ်သည် မပြေးသာတော့ပဲ ငကပ်တွင် ကပ်၍ ပါလာသည်။ ငကပ်ကို ငါးစိုအဖြစ်၎င်း၊ ငါးခြောက်အဖြစ်၎င်း စားသုံးနိုင်၏။

သောင်းစု(သုတေသန)



၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉-၃၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၈၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၄၃။

# ရွှေသွေး ဂျာနယ်

## ပညာမဲ့တဦး


ဇာတ်လမ်း - ဘကြီး သံချောင်း


သရုပ်ဖော်

၁၃၃၅-ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက် (၂၇-၁၀-၇၃)





စနေနေ့တိုင်းထုတ်ဝေသည်။



တဦးသောသားသည် ဓါးခုတ်လှံထိုးအတတ်ကို၎င်း —
တဦးသောသားသည် ဆင်စီးမြင်းစီးအတတ်ကို၎င်း —
တဦးသောသားသည် ကုန်သွယ်ဖလှယ်ရေးအတတ်ကို၎င်း —
ဗိုမ်း
ဗိုမ်း
ဝုန်း
တဦးသောသားသည် ဗေဒင်ဟူးရားဆေးမန္တန်အတတ်ကို၎င်း၊ တဦးလျှင်တခုသောပညာရပ်တွင် ထူးချွန်ကျော်ကြားကြလေ၏ ။






အဟိုး - ဟိုး -
ဝါး - ဝါး









# ဝိရိယအားကိုး ပုရွက်မျိုး

မိုးလှိုင်မြင့်



လုပ်သားပုရွက်ဆိတ်

ပိုးမွှားတို့တွင် ပုရွက်ဆိတ်သည် ထူးခြားသော သတ္တဝါ တမျိုးဖြစ်၏။ လူများနေထိုင်သကဲ့သို့ အဖော်အပေါင်းနှင့် နေထိုင် လုပ်ကိုင်စားသောက်ကြသည်။ ပုရွက်ဆိတ်အုံတအုံ တွင် ပုရွက်ဆိတ်ရာပေါင်းများစွာမှ ထောင်ပေါင်း များစွာ အထိ နေထိုင်တတ်ကြသည်။ အတူတကွနေထိုင်ရင်း အချို့ ကြီးသောအကောင်များက ပုရွက်ဆိတ်ငယ်ကလေးများကို ကျွေးမွေးပြုစုကြသည်။ အချို့က အုံကိုသန့်ရှင်းအောင်ပြုလုပ် သည်။ အချို့က အစာစုဆောင်းသည်။ အချို့ကလည်း အုံ၏ အဝင်ဝများ၌ အစောင့်တာဝန်ယူကြသည်။



ပုရွက်ဆိတ်ဘုရင်မ

အချို့သော ပုရွက်ဆိတ်တို့သည် သူတို့နေထိုင်ရာ အုံ၏ အောက်ပိုင်း၌ မှိုပင်ကလေးများကို စိုက်ပျိုး ပြုစုထားကြ သည်။ အချို့သော ပုရွက်ဆိတ်တို့သည် အခြား ပိုး မွှားများကို မွေးမြူပြီး ယင်းတို့ထံမှ သကြား ကဲ့သို့ သော အစာကို ထုတ်လုပ်ယူကြသည်။ အချို့က တောင်သူ လယ်သမားများ ကျွဲအုပ် နွားအုပ်ကို ထိန်းကျောင်းသကဲ့သို့ အခြား ပိုးမွှားကောင်တို့ကို လည်း ဂရုတစိုက် အုပ်ထိန်းကြသေးသည်။ အချို့က ပိတုန်း ကောင်ကလေးများကို ချစ်စနိုး မွေးလေ့ရှိသည်။ အချို့ကမူ မွေးပြီးစ ပုရွက်ဆိတ်ကလေးများကို အခြားနေရာမှ တိတ် တဆိတ်ခိုးယူ၍ အစေခံအဖြစ် စေခိုင်းရန် မွေးမြူကြ၏။

ပုရွက်ဆိတ်တို့သည် လမ်းနဘေး၌ဖြစ်စေ၊ သစ်ပင်ထက်၌ ဖြစ်စေ၊ မြေကြီး၌ဖြစ်စေ၊ သစ်သားအတွင်း၌ဖြစ်စေ သူတို့၏ အသိုက်အုံများကိုဆောက်လုပ်တတ်ကြသည်။ ပုရွက်ဆိတ် အမျိုးပေါင်းမှာ ထောင်နှင့်ချီ၍ရှိ၏။ အုံအတွင်းရှိ ပုရွက် ဆိတ်တို့သည် တဦးကိုတဦးကူညီကြ၍ အစာရေစာကို ဝေ မျှ၍စားကာ လုပ်ကိုင်ကြသည်။ အလုပ်ကိုလည်း ခွဲဝေ၍ လုပ်ကိုင်ကြသည်။




ပုရွက်ဆိတ်အထီး


ပုရွက်ဆိတ်အအုံအဖွဲ့တခုတွင် ပုရွက်ဆိတ်အမ သို့မဟုတ် ဘုရင်မများ၊ ပုရွက်ထီးများနှင့် လုပ်သား ပုရွက်ဆိတ်များ ဟူ၍ သုံးမျိုးသုံးစားရှိ၏။ ဘုရင်မများသည် ဥများအုပေးရ၏။



အတောင်မဲ့ဘုရင်မက ဥအုသည်။



လုပ်သားကဥကို သူငယ်မန်းသို့ သယ်ပို့သည်။




ဥမှပေါက်သော ပိုးလောက်လန်းကို လုပ်သားကစောင့်ရှောက်သည်။

ယင်းတို့သည် ပုရွက်ဆိတ် အစုအဖွဲ့၏ မိခင်များပင် ဖြစ်၏။ အစုအဖွဲ့အလိုက် လုပ်သားပုရွက်ဆိတ်တို့တွင် သီးခြား တာဝန်ကိုယ်စီရှိကြသည်၊ အချို့တို့သည် စစ်သားများအဖြစ်တာဝန်ယူရ၏။ ယင်းတို့တွင် မိမိတို့၏အုံကို ကာကွယ်ရန်နှင့်ခုခံတိုက်ခိုက်ရန်အတွက် မေးရိုးကြီးများရှိကြ၏၊ မာကျော၍ပြီးပြား၍ကြီးသော ဦးခေါင်းရှိသည့် ပုရွက်ဆိတ်များကမူ အုံ၏အဝင်ဝများကို ပိတ်ဆို့ကာကွယ်ဖို့ တာဝန် ယူကြရ၏။

အစုအဖွဲ့တခုအတွင်းရှိပုရွက်ဆိတ်တို့သည် မည်သည့်အခါမှ ခိုက်ရန်မဖြစ်ပွားကြပေ။ သို့သော် သူတို့၏အုံနှင့်သားငယ်များအား ရန်မူလာသော ရန်သူများကိုမူ အပြင်းအထန်ခုခံတိုက်ခိုက်ကြသည်။တခါတရံ အစုအဖွဲ့တခုအတွင်း၌ လုပ်သားပုရွက်နှစ်ကောင်သည် ခိုက်ရန်ဖြစ်နေသည်ဟု ထင်မှတ်ရ၏။ သို့သော် ရန်ဖြစ်ခြင်းမဟုတ်၊ မိတ်ဆွေဖြစ် နပန်းသတ်နေခြင်းသာ ဖြစ်၏။




ပိုးလောက်လန်းအချို့က ပိုးအိမ်ပြုလုပ်၍ ပိုးတုံးလုံးဘဝသို့ကူးပြောင်းသည်။



ပိုးအိမ်မှ ထွက်လာသော ပုရွက်ငယ်ကို လုပ်သားက ကူညီသည်။

ပုရွက်ဆိတ်တို့သည် ပိုးမွှားများ ဖြစ်လင့်ကစား ယင်းတို့၏ လှုံ့လ ဝိရိယနှင့် နေထိုင် ဆက်ဆံပုံမှာ ချစ်စဖွယ်ဖြစ်၍ အတုယူ အားကျစရာ ကောင်းလှပေသည်။





ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုတာ
ယခင်အပတ်မှ အဆက်-
ပြည်သူ့ဆန္ဒခံယူပွဲဆိုတာကို သားသား နားလည်အောင် ပြောပြပါအုံး မေမေရဲ့
ပြည်သူ့ဆန္ဒခံယူပွဲဆိုတာ ဒီလိုကွဲ့ သားရဲ့ သားတို့ကျောင်းမှာ ပတ်ဝန်းကျင်လေ့လာရေးသွားကြ ရတယ်မဟုတ်လား -
ဟုတ်ကဲ့သွားရ ပါတယ်မေမေ
အဲဒီလိုပတ်ဝန်းကျင်လေ့လာရေးသွားဖို့ ရှိတဲ့အခါ၊ ဆရာမက သားတို့ကျောင်းသား တွေကို လယ်ကွင်းထဲသွားကြမလား၊ စက်ရုံသွားကြမလားလို့မမေး ဘူးလား -
မေးပါတယ် မေမေ
ဆရာမက အဲဒီလိုမေးတဲ့အခါ သားတို့က ဘယ်လိုဖြေကြလဲ၊ စက်ရုံသွားချင်တဲ့ကျောင်း သားတွေက စက်ရုံသွားမယ်၊ လယ်ကွင်းထဲ သွားချင်တဲ့ကျောင်းသားက လယ်ကွင်းထဲ သွားမယ်လို့ဖြေကြတယ်မဟုတ်လားကွဲ့၊
ဖြေကြတာ ပေါ့မေမေ
စက်ရုံသွားချင်တဲ့ကျောင်းသားတွေကများရင် စက်ရုံကိုအားလုံးသွားကြရပြီး လယ်ကွင်းသွား ချင်တဲ့ကျောင်းသားတွေကများရင် လယ်ကွင်း ကိုအားလုံးသွားကြရတယ် မဟုတ်လားကွဲ့ လူလေးရဲ့-
ဟုတ်ပါတယ် မေမေ
အဲဒီလိုသားတို့ကိုမေးပြီးမှသွားတာဟာ သားတို့ရဲ့အများဆန္ဒကိုယူပြီးမှ သားတို့ အများရဲ့ သိတ်ကြိုက်တဲ့အတိုင်းလုပ်ပေး တာပဲ မဟုတ်လားကွဲ့ -
ဟုတ်ပါတယ် မေမေ-


ပြည်သူ့ဆန္ဒခံယူပွဲ ဆိုတာဘာလဲ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုဖို့အတွက် လုပ်သားပြည်သူတွေက သဘောတူသလား- မတူဘူးလား ဆိုတာ အများဆန္ဒကို ခံယူ တာဘဲပေါ့သားရဲ့-
ဟုတ်ကဲ့၊ ကျွန်တော်နားလည် ပါပြီမေမေ၊ ဒါနဲ့----
ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲမလုပ်ဘဲ၊ ဒီအတိုင်း အတည်ပြုလိုက်လို့ကော မရဘူးလားဟင်
ကဲဒါဖြင့်သားကိုမေမေက ပြန်ပြီးမေးကြည့်မယ်ကွဲ့
သားတို့ကျောင်းသားတွေက စက်ရုံကို လေ့လာရေးသွားချင်နေကြတာ၊ ဆရာမက မသိဘဲ၊ သူ့သဘောနဲ့သူ လယ်ကွင်းထဲလေ့ လာရေးသွားဖို့ဆုံးဖြတ်ပြီး သွားခိုင်းရင် သားတို့စိတ်ထဲဘယ်လိုနေမလဲ----
သားတို့မကြိုက်ဘူးပေါ့-
အဲဟုတ်ပြီ၊ ဆရာမကသူ့သဘောနဲ့သူမလုပ် ဘဲ၊ သားတို့ရဲ့ဆန္ဒကိုယူပြီးမှ သားတို့ရဲ့ဆန္ဒ အတိုင်းစက်ရုံကိုသွားခိုင်းရင်၊ သားတို့ပဲ ကြိုက်ကြမယ်၊ ပျော်လဲပျော်ကြမယ်ပြီးတော့ သားတို့လဲစိတ်ပါလက်ပါနဲ့ လေ့လာကြမယ်မဟုတ်လား
လေ့လာကြမှာပေါ့မေမေရဲ့
အခုလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူတွေရဲ့ဆန္ဒကိုခံယူပြီးမှ ပြည်သူ့ဆန္ဒ အတိုင်းအတည်ပြုမယ်ဆိုရင်၊ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြည်သူတွေက စိတ်ပါလက်ပါနဲ့ ရိုသေ လိုက်နာကြမယ်၊ ထိန်းသိမ်းစောင့်ရှောက် ကြမယ်မဟုတ်လားကွဲ့-
ဟုတ်ကဲ့မေမေ၊ ကျွန်တော် နားလည်ပါပြီမေမေ၊ ဒါဖြင့်ရင်-
ပြည်သူ့ဆန္ဒခံယူပွဲကြီးကို မေမေတို့ ဘယ်တော့လုပ်ကြမှာလဲ မေမေရဲ့---
လာမယ့်ဒီဇင်ဘာလ-၁၅-ရက်ကနေ ၃၁-ရက်နေ့အထိပြုလုပ်ကြမယ် သားရဲ့---
ဟုတ်ကဲ့ မေမေ


အဲဒီနေ့တွေမှာပြည်ထောင်စုတခွင်လုံးမှာရှိကြတဲ့၊ မဲဆန္ဒပေးနိုင်တဲ့တိုင်းရင်းသားလုပ်သားပြည်သူတိုင်းဟာ တက်တက်ကြွကြွနဲ့ မဲဆန္ဒပေးကြရမယ်သားရဲ့ -
အဲဒီလိုမဲဆန္ဒပေးလိုက်ကြယင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အတည်ဖြစ်သွားရောလား ဖေဖေ
အဲဒီလိုမဲဆန္ဒပေးပြီးရုံနဲ့အတည်ဖြစ်ပြီလို့ပြောလို့မရသေးဘူးကွဲ့
ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုအတည်ပြုဖို့ထောက်ခံဆန္ဒပေးကြတဲ့လူဦးရေက - မဲဆန္ဒပေးနိုင်တဲ့လူဦးရေရဲ့တဝက်ထက်ကျော်မှအတည်ဖြစ်မယ်လူလေးရဲ့ -
မဲဆန္ဒပေးနိုင်တဲ့လူဦးရေက ဘယ်လောက်များများရှိလဲ ဖေဖေ
ပြည်ထောင်စုကြီးတခုလုံးမှာဆယ့်ခုနစ်သန်းရှိတာပေါ့ကွဲ့.-
- အဲဒီအထဲမှာ သားတို့လဲပါလား ဖေဖေ - -
သားတို့တော့ မပါသေးဘူးကွဲ့.
သားတို့ကဘာလို့ မပါတာလဲဟင်
သားတို့က အသက်ဆယ့်ရှစ်နှစ်မပြည့်သေးတဲ့ကလေးတွေဖြစ်လို့ပေါ့ကွဲ့.-
အဖြင့်၊ ဒီဆန္ဒခံယူပွဲဟာသားတို့နဲ့ မဆိုင်ဘူးပေါ့နော်-ဖေဖေ-
ဆိုင်ပြီလားသားရယ် ဆိုင်ပြီလား၊ ဒီဆန္ဒခံယူပွဲကြီးဟာ သားတို့နဲ့လဲဆိုင်ပြီလားသားရဲ့ - - - - - - - - - - -
ဘယ်လိုဆိုင်တာလဲဖေဖေ
ဆက်ရန်






## အပင်များသည်
## အစာကို မည်ကဲ့သို့ ထုတ်လုပ်သနည်း

အပင်များသည် မြေကြီးထဲမှ ရေကို ရယူသည်။ လေထဲမှ ဓာတ်ငွေ့တမျိုးကို ရယူသည်။ ယင်းသို့ ရယူရာတွင် မြေကြီးထဲမှ ရေသည်အမြစ်မှတဆင့် ပင်စည်အတိုင်း တက်လာခဲ့ပြီး နောက်ဆုံး အရွက်များသို့ ရောက်သွားသည်။ အရွက်များသည် လေထဲမှရရှိသော ဓာတ်ငွေ့နှင့် ထိုရေကိုရောကာ သကြားဓာတ်ကို ထုတ်လုပ်သည်။

မြေကြီးထဲ၌ တွင်းထွက် ဓာတ်ပစ္စည်းများရှိနေသဖြင့် ရေတွင် ပျော်ဝင်၍ ပါလာရာ ယင်း ဓာတ်ပစ္စည်းများသည် အရွက်အတွင်းရှိ အစိမ်းရောင်ပစ္စည်းဖြင့် ရောနှောသွားသည်။ အစိမ်းရောင်ပစ္စည်းသည် အလင်းရောင်၏ အကူအညီဖြင့် အစာချက်လုပ်လေတော့သည်။

ယင်းအစာသည် အပင်ကြီးထွားမှုအတွက် အရေးကြီးသည်။ ယင်းအစာများ အပြည့်ရှိသောအပင်ကို တိရစ္ဆာန်နှင့်လူများ စားသုံးကြရသည်။ ထို့ကြောင့် အပင်များသည် အစာချက်စက်ရုံများနှင့် တူလှပေသည်။

တက္ကသိုလ်ဖြူမြင့်





# အမြှောက်ကြိုက်

စောမြူ (မှာပုံ)

ကျွန်တော်တို့သည် ညနေတိုင်း ချောင်းထဲတွင် ရေကူးလေ့ ရှိပါသည်။ ချောင်းဟု ဆိုသော်လည်း မသေးလှပါ။ အတော်ကျယ်ပါသည်။ ရေစီးလည်း သန်ပါသည်။ ရေစီးအတိုင်းလိုက်ပါရသည်မှာ ပျော်ဖို့ အလွန်ကောင်းပါသည်။ တဖက်ရွာမှ ညှော့သည် မောင်တူးသည် ကမ်းထိပ်မှ ထိုင်၍ ကျွန်တော်တို့ကို ငေးမောကြည့်နေလေသည်။

"ဟေ့ မောင်တူး၊ ဆင်းခဲ့ပါကွ၊ ဟိုဘက်ကမ်း ကူးကြရအောင်"

ကျွန်တော်က မောင်တူးကို ခေါ်လိုက်၏။

"လာပါကွ၊ မင်းကူးတတ်တယ် မဟုတ်လား"

ဖိုးခင်ကလည်း ထပ်ခေါ်သည်။

"ကူးတတ်တာပေါ့ကွ၊ ဒါပေမဲ့ ငါမကူးချင်ဘူး၊ ရေကသိပ်စီးတယ်"

မောင်တူးက မဲ့ ရွံ့ကာ ပြန်ပြောလေသည်။ ကျွန်တော်တို့သည် မောင်တူးကို ကြည့်ကာ ရယ်လိုက်ကြ၏။

"ဒီကောင် စပျော့ဘဲ"

ဖိုးခင်က မောင်တူးကို ကြည့်ကာ သရော်လိုက်၏။

"ကူးတတ်တဲ့ကောင်က ရေစီးတာကိုများ ကြောက်ရသေးတယ်ကွာ၊ ဒီ ရေစီးလောက်တော့ မျက်စိမှိတ်ပြီးတောင် ကူးသေး"

ကျွန်တော်က မောင်တူးကို ပြောရင်း လက်မထောင်ပြလိုက်၏။ မောင်တူးသည် မခံချင်ပုံ ပေါက်သွားလေသည်။

"မင်းသာ မျက်စိမှိတ်ကူးနိုင်ယင် ငါ့ဂွကို ပေးမယ်ကွာ"

မောင်တူးက သူလက်ထဲတွင် ကိုင်ထားသော လေးဂွကို ထောင်ပြရင်း ပြောလေသည်။

"တကယ်လားကွ၊ ဟေ မောင်တူး"

"တကယ်ကွ - တကယ်၊ လောကစာလုံးတောင် အဆစ်ပေးအုံးမယ်။ မင်း တကယ်မျက်စိမှိတ် ကူးရမှာနော်"

"မလုပ်နဲ့ကွ မောင်ဒွေး ရေကသိပ်စီးတယ်၊ မျောပါသွားလိမ့်မယ် ကြောက်စရာကြီးကွာ"

ကြွက်နီက ဝင်ပြောလေသည်။

"အောင်မာ မောင်ဒွေးလား ကြောက်မှာ ဟော့ကောင် ကူးသာကူး"

ဖိုးခင်တို့က ဝိုင်းပြောကြသည်။ ကျွန်တော်သည် ရေထဲသို့ ထိုးဆင်းလိုက်၏။ အတန်ကြာလျှင် တဖက်ကမ်းသို့ ရောက်သွားလေသည်။

"မောင်ဒွေးကွ မောင်ဒွေး"

ဖိုးခင်တို့က ဝိုင်းအော်ကြ၏။

"ဟော့ကောင် မောင်တူး၊ ငါကူးခဲ့တော့မယ်ဟေ့၊ ကြည့်နော် မျက်စိမှိတ်ပြီး"

ကျွန်တော်သည် မျက်စိမှိတ်၍ ကူးလာသည်။ ထိုစဉ် –

ဟေ့ မောင်ဒွေး မောင်ဒွေး

ဝါးဖေါင်မျောလာတယ်၊ သတိထား တိုက်တော့မယ်”

“ကူး နေ ကျ ပါ ကွ၊ မှန်း ရှောင်လာမယ်”

ကျွန်တော့်စကားပင် မဆုံးသေး။ ကျွန်တော်၏ မျက်နှာသည် ပူကနဲ ဖြစ်သွား၏။ခေါင်းလည်း မူးသွားပါသည်။ ဖိုးခင်ကြက်နီတို့၏ အော်သံများကို ကြားလိုက်ရပြီး ကျွန်တော် သတိမေ့သွားပါတော့သည်။

ကျွန်တော် သတိပြန်ရလာသောအခါ ကျွန်တော်၏ မျက်နှာနှင့် ခေါင်းတို့တွင် ပတ်တီးစီးထား၏။ မေမေသည် ငိုထားပုံရပါသည်။

“မသေကောင်း မပျောက်ကောင်းသားရယ်။ ဝါးဖေါင်မှာ တုပ်ထားတဲ့ သံချွန်နဲ့ ရိုက်မိလို့ သာပေါ့။ ထိုးများ ထိုးမိယင်တော့ တွေးရက်စရာတောင် မရှိဘူး”

မေမေသည် ကျွန်တော့်လက်ကို ညင်သာစွာ ဆုပ်ရင်း ပြောရှာသည်။

“လူမိုက် လူမိုက် အမြှောက်ကြိုက်

လူမိုက် လူမိုက် အမြှောက်ကြိုက်”

ညီလေးက ကျွန်တော့်ကို စပြီး ထွက်ပြေး သွားပါသည်။ ကျွန်တော်သည် ညီလေးကို စိတ်မဆိုးပါ။ ဟုတ်ပါသည်။ ကျွန်တော်သည် လူမိုက်တယောက် ဖြစ်ပါသည်။ မြှောက်ပေးကြတိုင်း လူစွမ်းကောင်းလုပ်ချင်၍ ကျွန်တော်အနာရခြင်း ဖြစ်ပါသည်။

## အာလူး အမြှောက် လုပ်မလား

ငါးလက်မခန့်ရှိသော ပလပ်စတစ် သို့မဟုတ် သံပြောင်းလုံးတခုနှင့် ယင်းပြောင်းလုံးထဲသို့ ထိုးသွင်းနိုင်မည့် ရှစ်လက်မခန့်ရှည်သော သစ်သားထိုးတံတချောင်းရှာပါ။ ထိုးတံတဖက်စွန်းမှ လေးလက်မခွဲအကွာတွင် သံချောင်းတချောင်း ရိုက်ထားပါ။ ကျည်ဆံအတွက် ၃/၈ လက်မ ထူသော အာလူးခြမ်းကို လှီးယူပါ။ ပြောင်းလုံး အစွန်းနှစ်ဖက်စလုံးဖြင့် အာလူးခြမ်းပေါ် ဖိလိုက်ပါ။ ထို့နောက် ထိုးတံဖြင့် ထိုးပစ်လိုက်လျှင် အသံမြည်ပြီး ကျည်ထွက်သွားပါလိမ့်မည်။



၃/၈" ထူ အာလူးခြမ်း



## ကြိုဆိုပါစို့

နိုင်ငံသစ်ကို တည်ဆောက်ရန်၊
ဖွဲ့စည်းပုံ အခြေခံ။

နည်းမှန်ကျန ပြည့်စုံရေး၊
ဝိုင်းဝန်း အကြံပေး။ ။

ဆွေးနွေးပြည့်စွက် စိစဉ်ကာ၊
ဥပဒေမူကြမ်း ပေါ် ပေါက်လာ။


ပြည်မြန်မာ နိုင်ငံလုံး၊
ကြိုဆိုထောက်ခံ တပြုံးပြုံး။ ။

အုံးအုံးကျက်ကျက်
များပြည်သူ၊
လက်တွဲကြလို့ကူ။

ဆန္ဒခံယူ ပြည်သူ့ပွဲ၊
ဒို့များ ကြိုဆိုနဲ့။ ။

ခင်သီရိမာ

R. 517



ဆောင်းစု (သုတေသန)

# ငမန်းကျွဲ

ငမန်းကျွဲသည် ထူးခြားသော ငမန်းအမျိုးအစား ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် သူ၏ ဦးခေါင်းသည် အထက် အောက် ပြားချပ်နေပြီး၊ ဘေး နှစ်ဖက်သို့ ထောင့်မှန်ကျကျကား၍ ရှည်ထွက် သွားသည်။ ထိုသို့ ဘေးနှစ်ဖက်သို့ရှည်ထွက်သွားရာတွင် အလျား အတန်ငယ် တိုသည့် အမျိုးအစားကို "ချိတို" ဟု ခေါ်ပြီး၊ အလျားရှည်သည့် အမျိုးကို "ချိရှည်" ဟု ခေါ်သည်။ မျက်လုံးနှစ်လုံးသည် ထိုဘေးသို့ ကားထွက်သွားရာ အဖျားနှစ်ဖက်၌ တည်ရှိ၏။ မြန်မာ့ပင်လယ်ပြင်တွင် ဤငမန်းကျွဲ နှစ်မျိုးစလုံးကို တွေ့ရသည်။

ငမန်းကျွဲသည် သားစားငါးမျိုး ဖြစ်၏၊ အရွယ်ကြီးမားသော အကောင်တို့သည် အလွန်ကြောက်စရာ ကောင်းလှပြီး၊ ပင်လယ်တွင်း[illegible]နှင့် သတ္တဝါများကိုပင် တိုက်ခိုက်စားတတ်သည်။ အရွယ်အကြီးဆုံး အကောင်မှာ [illegible] ကျော်ခန့်အထိပင် ရှိတတ်သည်။ ငမန်းကျွဲသည် [illegible] သားငယ်ကို အကောင်လိုက် မွေးဖွားတတ်၏။ ယင်း၏ အသားကို လူတို့ [illegible]နိုင်သည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က ကော်ပီရိုက် ခွင့်
အမှတ် ၀၁၂၀၈ အရထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁-ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။


အတွဲ ၅။ အမှတ် ၄၄။

# ရွှေသွေး ဂျာနယ်


## ကိုယ်ပိုင်အလှ


ဓါတ်လမ်း ဖြူသွေး


၁၃၃၅၊ တန်ဆောင်မုန်းလဆန်း ၉ (၄-၁၁-၇၃)




စနေနေ့တိုင်းထုတ်ဝေသည်။


ထခါတုန်းက ငှက်ဖိုငှက်မ ဇနီးမောင်နှံတွင် ဥငါးလုံးရ၍ ဝမ်းသာနေကြ၏။
ဒီတခါ - ဥငါးလုံး တောင်မှ - - နော် ဟီ...
ဟုတ်ကဲ့ ..... ရှင်လဲ ဖိုးထိန်း ရမယ်နော် - ဒါဘဲ
ငှက်ကလေးများ ပေါက်လာသောအခါ အငယ်ဆုံးကောင်မှာ ထူးထူးခြားခြား ဖြစ်နေ၍
ငှက်ဖိုနှင့် ငှက်မတို့မှာ ဝမ်းသာအားရ ရှိကြပြီး အသိုက်နားနီးချင်း ငှက်များကလည်း....
အငယ်လေးကတော့ - စံဘဲနော် - ဟဲဟဲ
ဟာ - ဟို အငယ်ကောင်က ထူးထူး ခြားခြား - လှလှ ချေကလား
ဟာ - လှပါများ
ဘုရားကျိုး နပ်ပါတယ် မောင်ရယ်
သူ့အမေ ကလဲတော် ဥမှအူ တတ်ပလေ
သို့ဖြင့် တနေ့တခြား ကြီးထွားလာရာ ငှက်ငယ်များသည် ပျော်ရွှင်စွာ နေကြသော်လည်း
ထူးခြားသော ငှက်ငယ်မှာကား စိတ်မချမ်းမသာဖြင့် တွေဝေလျက်သာ နေလေ့ရှိ၏။
ဒီကွဲပါဘဲ၊ ငါ့ဘဝ က - လှပေမဲ့ ငါ့ အသံ ကျတော့...
သူလို - ကိုယ် လိုဘဲ၊ အသံပါ သာယာမယ်ဆို - သိပ် ကောင်းမှာ.........


တနေ့ကျတော့
အဲ့မေရယ်။ သား အမွေး အတောင်တွေက - လှ
သလောက် - အသံက - တယ် ရုပ်တာဘဲ။ တဖြားစီဖြစ်နေတယ်။ ဒီတော့ - အတောင်နဲ့ လိုက်တဲ့ သာယာတဲ့ အသံကို ပြောင်းပေးနိုင်မဲ့ သူကို လိုက်ရှာချင်တယ်
သား ရယ် - ဖြစ်ရာ ဘဝ မှာဘဲ ပျော်ပျော်နေပါလား ကွယ်
နောက်ဆုံး
သွားမနေ့နဲ့ အမေ... သွား ခွင့်ပေး
အေးလေ၊ သူ့ ဒါလောက် စိတ်ထက်သန်နေမှ တော့
ဪ - သား ။ စိတ် မချမ်းမသာ တော့ ဖြစ်မနေနဲ့။ လိုက်ရှာလိုစိတ် အပြင်းထန်နေ ရင် သွားခွင့်ပေး ပါတယ်။ ဒါ ပေမဲ့ သတိထားသွား - ကြီး သူ့ကို ရှိသေ။ ရန်သူ့ကို ရှောင်။ ဟုတ်ပလား
သို့ဖြင့် တောထဲသို့ အသံရှာရန် ထွက်လာခဲ့ရင်း အတောင်ညောင်းသဖြင့်
ညောင်ပင်တွင် ဇီးကွက်တကောင်နှင့် တွေ့ရာ
ဟဲ့ ကောင်လေး ဘယ်သွား မလို့လဲ
ကျွန်တော် - ဘယ်ကို သွားမလို့လဲ ဆိုတာ မပြောတတ်ဘူး
ဟေ - - မင်း မပြောတတ် ယင် - ဘယ်သူက ပြောတတ် ရမှာလဲကွ
ဒီလိုပါ - ဦးလေးဇီးရယ်။ ကျွန်တော် ဟာ သာယာတဲ့ အသံကို လိုချင်လှလို့... ကျွန်တော့်ရဲ့ ကိုယ်ရည်သံကို ပြောင်းပေး နိုင်တဲ့ ပညာရှင်ကို - လိုက် ရှာနေတာပါ။ ဦးလေးဇီး အဲဒီ အသံ ပြောင်းပေး တတ်တဲ့ ဆရာကို သိယင် - - ညွှန်ပြပါလား ဦးလေးဇီး ရယ်


ဒီလိုဆိုယင် - ငါနဲ့လိုက်ခဲ့ပေတော့။ မင်း ဘယ်ငှက်ရဲ့
အသံကို လိုချင်တယ်ဆိုတာ ငါ့ကိုပြောနိုင်ယင် ....
အဲဒီငှက်ရဲ့ အသံ လဲ ရမယ်၊ အဲဒီငှက်ရဲ့
ပုံသဏ္ဌာန် အတိုင်း လဲ ဖြစ်သွားမယ်။
မှန်မှောင်းလှိုတော့ မရဘူးနော်
ကောင်းပါပြီ - ဦးဦးရယ်။
ကျွန်တော်လိုက်ခဲ့ပါ့ရစေ....
ဦးလေးဦး၊ ကျေးဇူးကို
တသက်မမေ့ပါဘူး ----
အမောပြေသောက်သောအခါ ဦးဇီကွက်နှင့် ငှက်ငယ်တို့သည် ခရီးဆက်ကြပြန်၏။
ဥဩ
ဥဩ
ဟာ - တယ်သာယာ တဲ့အသံ ပါလား
ဥဩ
ဥဩ
ဥဩ
ဥဩ
ဘာငှက်များ ပါလိမ့်။ ကြည့်ဦးမှဘဲ
ဥဩ
ဥဩ
ဥဩ
ဥဩ
ဥဩ
ဥဩ
ဟိုး ......
အသံကောင်းသလောက် အမွေး အတောင်က မဲလှချေကလား။ မတွေ့သေး ပါဘူး ---
တဖန် ထနေရာ၌
အမယ် - ဟိုရေစပ်က - ငှက်က တယ်လှပါလား ..... သူ့အသံကြား ရအောင် - အချက် ပေးလိုက် ဦးမှဘဲ။
ကွစ်ကွက်
ကွစ်ကွက်
ဒွပ်
ဒွပ်
ဒွပ်
ဂ-ဝပ်
ဟာ - အသံ က တော့ တုံးလှပါလား


ဆက်လက်၍ ပျံသွားကြပြန်ရာ ဘုရင့်ဥယျာဉ်ကို ဖြတ်သန်းကြစဉ် အောက်မှ တေးသီချင်း တပုဒ်ကဲ့သို့ သာယာလှသောအသံများ တက်လာသဖြင့်
ကျွတ် ကျွတ် ကျွတ်
ဒီအသံ တယ်ကောင်း ပါလား
သာယာ လိုက်တဲ့ အသံ – နားဝင် ချိုအောင် လိုက်တဲ့ အသံ – စုံလင်လိုက်တဲ့ အသံ – ဦး လေးရီး ဒီအသံကြိုက်မှာ
ဟုတ်မှာလဲ-လုပ်ပါကွာ တော်တော်ကြာ ပြန်မ မြောင်းပေး နိုင်ဘူးနော်
ထိုငှက်ကို စုံစမ်းရန် ဆင်း၍ ကြည့်လေသော်
ဟာ.. အသံကို ချောင်းကြည့် အုံးမယ်
အံ့မယ်လေးလေ့လေး တယ် လဲလှပါလား – နတ်ပြည်က ငှက် ဖြစ်ရမယ် ... ကျွတ်-ကျွတ် ကျွတ်.. ဟီး..
ငါ့သာ - ဒီလို လှတဲ့ငှက်၊ ဒီလို အသံ သာတဲ့ငှက်မှစ်ယင် ... သေပျော်ပြီ တွေ့ပြီကွ တွေ့ပြီ –
ငါမြစ်ချင်တဲ့ ဘဝ ရတော့ မယ်ဗျ ပျော်လိုက် တာ
ထိုသို့ အတွေးနှင့်ပျော်နေခိုက် ငှက်အသံမှာ တဖြည်းဖြည်း တိမ်လာပြီး တပိုင်းတပျက်နှင့် ရပ်သွားလေတော့ရာ ....
ဟင် - ဆိုပါအုံးလေ မိတ်ဆွေ – ခင်ဗျား အသံဟာ ကောင်းလွန်းလို့ ကျွန်တော် အမြဲ နားထောင်မြီး နေချင်လို့ပါ ---


အလို –
ဘာများဖြစ်သွားပါလိမ့် – ငြိမ်နေတယ်။ ဒုက္ခပါဘဲ။ တခုခုတော့ဖြစ်ပြီထင်တယ်။
ဟိုက် – မိုက်မှာလဲ ဘာကြီးရိုက်နေတာလဲ မသိဘူး။ မြှားလား၊ ဓါးလား တန်းလန်းကြီး
ဟင် ... သွေးလဲမထွက်ပါဘူး။
ဟာ! သော့ကြီးဘဲ၊ ------
လက်စသတ်တော့ စက်ရုပ်ငှက်ဘဲ –
သူများသံပတ်ပေးမှ – သီချင်းသံထွက်တဲ့ စက်ရုပ်ကိုး
တောက် – – – – လှပါရဲ့ – ဟင်း – – အသံသာယာပါရဲ့ – ငှက်အတု စက်ရုပ်ကြီး၊ – ထွီ –
ထို့ကြောင့် ဇီးကွက်ကိုမှီအောင် လိုက်သွားလေတော့သည်။
ဦးလေးဇီး
ဦးလေးဇီး
ဦးလေးဇီး၊
နေပါအုံး
အေးပါကွ – ရှေ့အပင်မှာ နားတော့မှာပါ
ဟုတ်ကဲ့ ကျွန်တော် မှီလာတဲ့ထိ နေပါအုံးနော်
သစ်ပင်ပေါ်၌ ပြန်ဆုံမိကြသောအခါ –
ငါသွားချင်တဲ့နေရာလဲရောက်ပြီ... မင်းဘယ်လိုအသံမျိုး ပြောင်းချင်တယ်ဆိုတာ ဆုံးဖြတ်ပြီးပလား
ကျွန်တော် – အခု ဘာကိုမှ – မလိုချင်တော့ဘူး။ အိမ်ကိုဘဲပြန်တော့မယ် – – – – သွားမယ်နော် – ဦးလေးဇီး
ဪ..... အေးအေး


ငှက်ငယ်သည် မိမိအသိုက်နားရောက်လျှင်
အမေ မောင်လေး မြန်လာမို
ဟေ - ဘယ်မှာ လဲတဲ့
အမေ
သား
ဝမ်းသာလိုက်တာ - သားရယ်..... သားလိုချင်တဲ့ - သာယာတဲ့ အသံ ရခဲ့ပလား
မရခဲ့ပါဘူး အမေရယ်။ သားလေ - အရမ်း လိုက်ရှာတာဘဲ။ အသံမြှောင်းပေးနိုင်တယ် ဆိုတဲ့ ဦးဖိုး ကွက်လဲ-တွေ့ခဲ့ပါတယ်။ ဒါပေမဲ့ လေ...ငှက်တချို့ကလေ--လှတော့ လှပါရဲ့ အသံက "ဂွပ်ဂွပ်"တဲ့။ အသံသာတဲ့ ဥမြှ ဆိုတာ ကလဲ-မဲလိုက်တာရှုံး နေတာဘဲ။ အသံကလဲ ကောင်း၊-လှကလဲလှတဲ့ ငှက်ပေါ်ဘော့-ငှက်အတွ ကော်ရုပ်မှစ်နေတယ် အမေရယ်.....
ဒီတော့မှ - အမေပြောတာ သတိရတယ်။ (မြစ်ရာ ဘဝမှာ-ပျော်ပျော်နေပါလားကွယ်) ဆိုတာလေ-------
ကွစ်ကွက်
ကွစ်ကွက်
ကွစ်ကွက်
ကွစ်ကွက်
ကွစ်ကွက် ကွစ်ကွက် နဲ့သဲ ကျေနပ် နေပါတော့ မယ်
ဒီဆို - သားလိမ္မာလာ ပြီပေါ့။ တကယ်တော့ သားရယ်------
ကိုယ်ပိုင် အလှ ကိုယ်ပိုင်ဘဝဟာ အကောင်းဆုံးပေါ့


# ရေနွေးငွေ့



ရေနွေးငွေ့ အင်ဂျင်စက် (မီးထိုး အင်ဂျင်စက်) သည် ရေနွေးငွေ့အားကို အသုံးပြုထားသော အပူ အင်ဂျင်စက် တမျိုးဖြစ်သည်။ တနည်းဆိုသော် ရေနွေးငွေ့ဖြင့် ခုတ်မောင်း အလုပ်လုပ်သည့်စက်ပင် ဖြစ်လေသည်။


ရေနွေးငွေ့ဖြင့် လည်သော စက်တလုံးကို အီဂျစ်ပြည်သား ဟီရို ဆိုသူက ဘီစီ ၁၃၀ ပြည့်နှစ်လောက်တွင် ရှေးဦးစွာ စမ်းသပ်ကြံစည်ခဲ့ဘူးသည်။

သို့သော် လက်တွေ့ လုပ်ငန်းတွင် အသုံးပြုနိုင်သည့် ပထမဦးဆုံး စက်ကိုမူ ၁၆၉၈ ခုနှစ်တွင်မှ တောမတ်ဆေဗရီ အမည်ရှိ အင်္ဂလိပ်လူမျိုးတဦးက စတင်၍ တည်ဆောက်ခဲ့သည်။





၁၇၀၅ ခုနှစ်တွင် ပြင်သစ်လူမျိုး ပေပင်ဆိုသူက ပထမဆုံး ဆလင်ဒါနှင့် ပစ္စတန်(မြွတ်တံခေါင်း)ပါသည့် ရေစုတ်စက်ကို ပြုလုပ်ခဲ့သည်။ နျူကိုမင်ဆိုသူ အင်္ဂလိပ်လူမျိုးတဦးကလည်း ထိုနှစ်တွင် အလားတူ စက်တလုံးကို တီထွင်ခဲ့သည်။

ဂျိမ်းဝပ်ဆိုသူ စကော့လူမျိုးတဦးက ၁၇၆၉ ခုနှစ်တွင် နျူကိုမင်စက်ထက် သာလွန်ကောင်းမွန်သော ရေစုတ်စက်ကို တီထွင်ခဲ့သည်။ ဝပ်သည် မိမိ၏စက်ကို ကောင်းသည်ထက်ကောင်းအောင် ကြံစည်ပြီး စားရာမှနောက်




# အင်ဂျင် / စန်းဇေအောင်

(ကာတွန်း)




ဆုံးတွင် ခေတ်မှီသော ရေနွေးငွေ့ အင်ဂျင်စက်ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့သည်။

၁၆၂၉ ခုနှစ်တွင် ဗရန်ဆိုသူ အီတာလျံလူမျိုး တဦးက ပထမ "အခိုက်တာဗိုင်" ခေါ် ရဟတ်စက်တမျိုးကို တည်ဆောက်ခဲ့သည်။ ယင်း တာဗိုင်တွင် ဘီးတခုပါဝင်၍ ဘီးနှုတ်ခမ်း၌ ဒလက်များ သို့မဟုတ် ပုံးများတပ်ဆင်ထားသည်။ ဒလက်တို့ကို ရေနွေးငွေ့ဖြင့် ပန်းပေးရာ ဘီးလည်လေသည်။ တာဗိုင်ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ "လေပွေ" ဟူ၍ ဖြစ်၏။





၁၈၈၄ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး ဆာချားပါဆင်က ရေနွေးငွေ့တာဗိုင် ရဟတ်စက်တမျိုးကို တီထွင်ပြန်သည်။

၁၈၉၄ ခုနှစ်တွင် ပထမဆုံး မရိန်းတာဗိုင်ကို တာဗင်နီယာ အမည်ရှိ အင်္ဂလိပ်သင်္ဘောကလေး၌ တပ်ဆင်စမ်းသပ်ခုတ်မောင်းကြည့်၏။ သို့သော် မအောင်မြင်ပေ။ တာဗိုင်စက်၏ ချွတ်ယွင်းချက်ကို ပြုပြင်ကျော်လွှန်ပြီးမှ ၁၈၉၇ ခုနှစ် တွင် အောင်မြင်ခဲ့လေသည်။

တာဗိုင် စက်များကို ပင်လယ်ကူး သင်္ဘောကြီးများနှင့် လျှပ်စစ် ဓာတ်အားပေး စက်ရုံကြီးများတွင် အကျိုးရှိစွာ တပ်ဆင်အသုံးပြုလျက် ရှိသည်။

ရေနွေးငွေ့အားသုံး ပစ္စတန်အင်ဂျင်များကိုမူ မီးရထား၊ သင်္ဘော၊ ဆန်စက်၊ ဆီစက်၊ သစ်စက်များတွင် အသုံးပြု လျက်ရှိသည်။








ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုတာ
(၂)
ကဆ- ရဲသား
သရုပ်ဖော်သည်
ပြည်သူ့ဆန္ဒခံယူပွဲဟာ သားတို့နဲ့ ဘယ်လိုဆိုင်တယ်ဆိုတာ သားသိချင်နေတယ်မဟုတ်လား၊ ကဲနားထောင်၊ ဖေဖေပြောပြမယ်
ဟုတ်ကဲ့ ဖေဖေ
ဖေဖေတို့ဟာဆင်းရဲနေလို့--- သားကျောင်းသွားတဲ့အခါ သားကို ဖေဖေတို့ မုန့်ဖိုးမှန်မှန်ပေးနိုင်ရဲ့လား သားရဲ့.
မပေးနိုင် ပါဘူးဖေဖေ
သားကျောင်းသွားတဲ့အခါဝတ်ဖို့အဝတ်ကိုလဲ ဖေဖေတို့ကောင်းကောင်းဝယ်ပေးနိုင်ရဲ့လား သားရဲ့-
ဝယ်မပေးနိုင် ပါဘူးဖေဖေ
ပြီးတော့၊ ဖေဖေတို့ဆင်းရဲနေလို့ တဲပုတ်ကလေးနဲ့ဘဲ နေနေရတယ်မဟုတ်လားကွဲ့.
ဟုတ်တာပေါ့ ဖေဖေ-
အဲ၊ ဖေဖေအလုပ်လုပ်လို့ ပိုက်ဆံများများရယင် အခုလိုဆင်းရဲနေပါဦးမလား
မဆင်းရဲတော့ ဘူးပေါ့ဖေဖေ
အခုဖေဖေတို့ပြောနေကြတဲ့ အခြေခံဥပဒေမူကြမ်းဟာ၊ ဖေဖေတို့ပြည်ထောင်စုကြီးတခုလုံးချမ်းသာကြွယ်ဝလာအောင် လုပ်နိုင်ဖို့ ဖေဖေတို့ရေးဆွဲထားတဲ့ ဥပဒေမူကြမ်းဘဲသားရဲ့


မြည်ထောင်စုကြီး ချမ်းသာကြွယ်ဝလာယင် မေမေတို့ဆင်းရဲသားတွေလဲ ချောင်လည်လာကြမှာပို့၊ သားတို့လဲ ကျောင်းသွားတဲ့အခါ မုံ့ဖိုးမရှိမှာတို့ အင်္ကျီလုံချည်မရှိမှာတို့ကို မပူရတော့ဘူးပေါ့၊ ပြီးတော့ အိမ်ကောင်းကောင်းနဲ့လဲ မေမေတို့နေနိုင်မှာပေါ့ -
ဟုတ်ကဲ့ မေမေ
ပြီးတော့၊ အခြေခံဥပဒေမူကြမ်းထဲမှာ သားတို့ပညာသင်ကြားရေး၊ ကျန်းမာရေး၊ သားတို့လူကောင်းသူမွန်ဖြစ်ရေးတွေလဲ ပါတယ်ပေါ့၊ ဒါလို့မို့၊ ဒီဆန္ဒခံယူပွဲကြီးဟာ သားတို့နဲ့လဲဆိုင်နေတယ်ပေါ့--
ဟုတ်ကဲ့ ကျွန်တော် နားလည်ပါပြီမေမေ
ဒါနဲ့၊ သားရဲ့ညီလေးညီမလေးတွေကို သားချစ်ရဲ့လားကွဲ့ - - -
ချစ်တာပေါ့ မေမေရ
ချစ်ယင်၊ ဟိုအနားမှာကစားနေကြတဲ့ ညီလေးညီမလေးတွေကို သားကြည့်လိုက်စမ်း၊ ဘယ်လောက်သနားဖို့ကောင်းလဲလို့
ဟုတ်ကဲ့၊ သိပ်ပြီးသနားဖို့ကောင်းတာဘဲမေမေ - -
သားရဲ့ညီလေးညီမလေးတွေလိုဘဲ သနားဖို့ကောင်းလှတဲ့ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရှမ်း အစရှိတဲ့တိုင်းရင်းသားခလေးငယ်လေးတွေဟာ ပြည်ထောင်စုကြီးတခွန်းလုံးမှာ အများကြီးဘဲပေါ့သားရဲ့
ဟုတ်လား မေမေ
ဟုတ်တာပေါ့ သားရဲ့ - -
အဲဒီတိုင်းရင်းသားခလေးငယ်လေး တွေကို၊ သားရဲ့ညီလေးညီမလေးတွေ လိုဘဲ၊ သားမသနားဘူးလားသားရဲ့.
သားသနားတာပေါ့ မေမေရယ် - - -



သားသနားတာပေါ့
မေမေ့ရဲ့---
သားသနားယင်၊ သူတို့လေးတွေအတွက်
သားဘာမှမလုပ်ပေးချင်ဘူးလားသားရဲ့
သားလုပ်ပေးချင်
တာပေါ့မေမေ
လုပ်ပေးချင်ယင်၊ အခြေခံဥပဒေမူကြမ်း
ဟာ သားတို့နဲ့သက်ဆိုင်သလိုဘဲ၊ သူတို့
လေးတွေနဲ့လဲ သက်ဆိုင်နေတဲ့အတွက်-
အခြေခံဥပဒေမူကြမ်းကိုအတည်ပြုနိုင်အောင်
မေမေတို့လုပ်အားပေးနေတဲ့ဆန္ဒခံယူပွဲကြီး
မှာသားကလဲဝင်ပြီးလုပ်အားပေးပေါ့ကွဲ့-
ဟုတ်ကဲ့ကျွန်တော်ဝင်ပြီးလုပ်အားပေးပါ့မယ်၊
ဒါပေမဲ့ဘယ်လိုဝင်ပြီးလုပ်အားပေးရမလဲဟင်
သားတို့ကိုဗေဒလှုငယ်၊ ရွှေဆောင်လှုငယ်၊
လမ်းဆုံလှုငယ်တွေဖွဲ့ထားတယ်မဟုတ်လား
ဖွဲ့ထားတာပေါ့
မေမေ-
အဲဒီအဖွဲ့တွေကနေ၊ သားတို့ကိုသက်ဆိုင်တဲ့
တာဝန်တွေ ပေးလိမ့်မယ်သားရဲ့---
အဲဒီလိုတာဝန်ပေးတဲ့အခါ၊ အမေသား
ကြီးက တက်တက်ကြွကြွနဲ့ဝင်ပြီး လုပ်
အားပေးပေါ့သားရဲ့
ဟုတ်ကဲ့၊ ကျွန်တော်
ပေးပါ့မယ် မေမေ
ဆက်ပြီး-



# အပင်များ ထုတ်လုပ်သော အစာများသည် မည်ကဲ့သို့ ဖြစ်သွားသနည်း

အပင်များသည် ယင်းတို့ ရှင်သန်ကြီး ထွားမှုအတွက် အစာများကို ချက်လုပ်ရပြီး နောက် ထိုအစာများမှာ မည်ကဲ့သို့ ဖြစ်သွားသနည်း။ မည်သည့်နေရာတွင် သိုလှောင် ထားသနည်း။

အချို့သော အပင်များသည် အစာအချို့ကို အရွက်များတွင် သိုလှောင်ထားသည်။ ယုန်များသည် ကန်စွန်း၊ မြက်၊ ဂေါ်ဖီ စသော စားပင်များတို့၏ အရွက်များကို စားကြသည်။ ထို့အတူ ကျွန်ုပ်တို့သည်လည်း ဂေါ်ဖီထုပ်၊ ကန်စွန်းရွက်၊ ဟင်းနုနွယ် စသော အရွက်များကို စားသုံးကြရသည်။

အချို့သော အပင်များသည် မိမိတို့ချက်လုပ်သော အစာအချို့ကို ပင်စည်တွင် သိုလှောင်ကြသည်။ ကညွတ်၊ ကြက်သွန်မြိတ်၊ မျှစ် စသည်တို့မှာ ကျွန်ုပ်တို့ စားသောက်သော ပင်စည်အချို့ ဖြစ်လေသည်။

အချို့သော အပင်များသည် မြေအောက်ပင်စည်များ (ဥများ)တွင် အစာကို သိုလှောင်ထားကြသည်။ ဥပမာ—ကန်စွန်းဥ၊ အာလူး၊ မုန်လာ စသည်တို့ ဖြစ်လေသည်။

သို့ဖြင့် အပင်များ မိမိတို့ချက်လုပ်သော အစာများကို အရွက်၊ ပင်စည်နှင့် မြေအောင်းပင်စည်တို့တွင် သိုလှောင်ထားကြ၍ ယင်းအစာများကြောင့် အပင်များ ကြီးထွား ရှင်သန်နေခြင်း ဖြစ်လေသည်။

တက္ကသိုလ် ဖြူမြင့်

## ဧည့်သည်မျှော်သူ



# ကြည်နူးရသော ကူညီမှု

ခင်သက်သက်(တက္ကသိုလ်)



ကျမ်သည် ကျမ စာကြည့်စားပွဲပေါ် ရှိ အစ် က လေးထဲ မှ ပိုက်ဆံ အ ကြွေ လေး များ ကို ထုတ်၍ ရေ တွက် ကြည့် မိ ပါ သည်။ ကျမသည် မုံ့ဘိုးထဲမှ တနေ့ ဆယ်ပြား စု၍ ထိုအစ် က လေး ထဲ တွင် ထည့် ထား ပါ သည်။ ယနေ့ဆိုလျှင် ဆယ်ရက် ရှိပြီမို့ တကျပ်ရပြီ ဖြစ်ပါသည်။ ပိုက် ဆံ တ ကျပ် ကို ကြည့်ရင်း ကျမ ပျော်နေပါသည်။ နောက် ငါးရက် စုပြီးလျှင် ကျမလိုချင်သော ဖဲကြိုးကလေးကို ဝယ်နိုင်တော့မည် ဖြစ်ပါသည်။ ကျမတွင် ဖဲကြိုးတွေ အများကြီးရှိသဖြင့် မေမေက နောက်ထပ် ဝယ်မပေးပါ။ ထို့ကြောင့် ကျမ ဖာသာကျမ ပိုက်ဆံစုနေခြင်း ဖြစ်ပါသည်။

ကျမ ပိုက်ဆံ ရေတွက်နေစဉ် ကျမတို့ အိမ်ဘေးမှ မိန်းကလေး တယောက်၏ ငိုသံကြားလိုက် ပါ သည်။ ငိုသံကြောင့် ကျမ အိမ်ဘေးသို့ ထွက်ကြည့်လိုက်ရာ အကြော်ဗန်းမှောက်၍ ငိုနေသော ကောင်မလေး တယောက်ကို တွေ့ရပါသည်။

“တဖက်ခြံက ခွေးလိုက်ဆွဲတာ အကြော်ဗန်းမှောက်သွားလို့ ငိုနေတာတဲ့”

စိတ် ဝင် စား စွာ ကြည့်နေသော ကျမကို မေမေက ပြောလိုက်ပါသည်။ ကျမလည်း သူ့အနားသို့ သွား၍ မေးလိုက်ပါသည်။

“နင့်ကို ခွေးလိုက်ဆွဲလို့ဆို”

“ဟုတ်တယ်။ ငါ့ဟာ ငါ လမ်းကသွားတာ ဟိုဘက်ခြံက ခွေးက ထွက်ဆွဲလို့ အကြော်တွေ မှောက်ကုန်ပြီ”

“ဘယ်လောက်ဘိုးလောက် မှောက်သွားသလဲ”

“တကျပ်ဖိုးလောက်မှောက် သွားတယ်”

“သူ တို့ ကို မ တောင်း ဘူး လား”

“တောင်း တော့ တောင်း တယ်၊ သူတို့ကမပေးနိုင်ဘူးတဲ့။ ငါတော့ အိမ်ကျယင် အမေ အ ရိုက် ခံ ရ တော့ မယ်။ အမေက သိပ်စည်းကမ်းကြီးတာ၊ ငါးပြားကစပြီး ရိုက်တယ်။ တခါတုန်းက ငွေတကျပ်ပျောက်လို့ ထင်းနဲ့ပေါက်တာ ကံကောင်းလို့ ငါ့ မျက်စိ မှန်တော့မလို့”

သူ ပြော စ ကား ကြောင့် ကျမသနားသွားပါသည်။ ကျမလည်း အိမ်ထဲသို့ လှည့်ဝင်ခဲ့ရာ အိမ်ထဲသို့ ပြန်ရောက်သောအခါ သူ့ဆက်ငိုသံကို ကြားနေ ရ ပါ သည်။ အ မှန် အား ဖြင့် ထို ကောင်မလေးမှာ ကျမနှင့် ရွယ်တူ လောက် ပင် ဖြစ် ပါ သည်။ ကျမဆိုလျှင် လေးတန်းရောက်ပြီဖြစ်သဖြင့် တနေ့ မုံ့ဖိုးတမတ် ရပါသည်။ သူ့ခမျာ ငါးပြားကအစ အရိုက်ခံရရှာသည်။ ကျမသည် သူ့အပေါ် သနားစိတ်ကြောင့် ကျမမှာရှိသော ငွေတကျပ်ကို ပေးလိုက်မည်ဟု စိတ်ကူးပါသည်။ ဒါပေမဲ့ ကျမမျက်စိထဲတွင် ဖဲကြိုးလေးကို မြင်နေပါသည်။

ကောင်မလေးက အငိုမရပ်

သေးပါ။ ကျမလည်း မနေနိုင်သဖြင့် အိမ်ရှေ့ကို တခါထပ်ထွက်ခဲ့ပါသည်။

"နင်မပြန်သေးဘူးလား"

"မပြန်ရဲဘူး၊ အမေက တအားရိုက်မှာ။ အခုထိလဲထမင်း မစားရသေးဘူး။ ငါ့အမေက ဒေါသကြီးတော့ အိမ်ကို မပြန်ရဲဘူး"

သူသည် ကျမကို ပြန်ပြောရင်း ငိုမြဲ ငိုနေပါသည်။ ကျမလည်း ကြာရှည်စွာ မစဉ်းစားတော့ပဲ ကျမ ပိုက်ဆံ စုထားသော အစ်ကလေးကို သွားယူလိုက်ပါသည်။ တကယ်တော့ ကျမတွင် ဖဲကြိုးတွေ အများကြီး ရှိပါသည်။ လဆန်းလျှင် မေမေက ဝယ်ပေးဦးမည် ဖြစ်ပါသည်။ ကျမသည် ကျမစုထားသော ပိုက်ဆံတကျပ်ကို အစ်ကလေးထဲမှ ထုတ်ယူပြီး ပေးလိုက်ပါသည်။ ကောင်မလေးက မျက်ရည်တွေကြားမှ ကျမကို ကျေးဇူးတင်စကား ပြောပါသည်။ သူနေ့စဉ်ရသော မုန့်ဖိုးဆယ်ပြားကိုစုပြီး ပြန်ပေးမည်ဟု ပြောပါသည်။ သို့သော် ကျမကတော့ သူပြန် ပေး မည် မပေးမည်ကို မစဉ်းစားပါ။ ပြန်လည်း မလိုချင်ပါ။ ပျော်ရွှင်သွားသောသူ့ကိုသာ ကြည့်ပြီး ကျမ ကျေနပ်နေပါသည်။ ဖဲကြိုးလေးကို မမြင်တော့ပါ။ ကျမအဖို့ ဤကူညီမှု လောက် "ကြည်နူးရသောကူညီမှု" မရှိဟု ထင်ပါသည်။

## ပဟေဠိ

ဤပုံကို လက်ဝါးဖြင့် ဖုံးထားပြီး သူငယ်ချင်းများကို "ယုန်တကောင်မှာ နားရွက်နှစ်ခုစီရှိယင်၊ ယုန်သုံးကောင်မှာ နားရွက်ဘယ်နှစ်ခုရှိမလဲ" ဟု မေးပါ။ သူတို့က "နားရွက်ခြောက်ခု" ဟု ဖြေလိမ့်မည်။ ထိုအခါ ဖွင့်ပြလိုက်ပါ။ နားရွက်သုံးခုသာ ပါသော ယုန်သုံးကောင် ရေးဆွဲထားတာကို တွေ့လိမ့်မည်။





## ပြည်သူ့ပွဲတော်

သူငါရှင်ပျ ပြုံးပန်းလှ၊
အားမာန် တကြွကြွ။

ကြိုကြဆိုကြ ဤသဘင်၊
ဝတ်စား မပြင်ဆင်။

လုပ်ခွင်လုပ်တဲ့ စက်ရုံထဲ၊
လုပ်အားလှူလို့နဲ့။

ရပ်ထဲမြို့ထဲ ပြည်တခွင်၊
သန့်ရှင်း လုပ်အားဝင်။

လမ်းပြင်လေကြ သွေးလှူကြ၊
ဆန္ဒယူပွဲ ကြိုဆိုကြ။

အားမာန်လှလှ တံခွန်ထူ၊
သဲသဲမြိုမြိုဆူ။


ဆန္ဒယူပွဲ ပြည်သူ့ပွဲ၊
မှုသစ်ထူတဲ့ပွဲ။

ပြည်သူနဲ့တဲ့ ပွဲသဘင်၊
မောင်ငယ် ညီမဝင်။

ကျောင်းပြင်ကျောင်းတွင်း
သန့်ရှင်းလို့၊
မှုသစ်ကြိုဆိုစို့။ ။

စန္ဒာမြင့်

K. 517



# ပျံတတ်သည့် ငါး

ပျံတတ်သည့် ငါးမျိုးမှာ ငပျံမျိုးပင် ဖြစ်သည်။ ဤငါးမျိုးတွင် ဘေးတောင်တစုံသည် ရှည်လျားပြန့်ကားပြီး အတောင်ပံကဲ့သို့ဖြစ်နေသည်။ ပျံတတ်သည့်ငါးဟုဆိုသော်လည်း တကယ်တမ်းတွင်မူ ငှက်များကဲ့သို့ အတောင်ပံကိုခတ်၍ ပျံခြင်းကားမဟုတ်။ လေထဲတွင် အတောင့်ဖြင့် ဝဲခြင်းသာ ဖြစ်၏။ ငပျံများသည် ပျံဝဲလိုသည့်အခါ ပထမဦးစွာ ရေထဲမှ အရှိန်ဖြင့် ကူးခတ်လာ၏။ ၄၅ ဒီဂရီခန့် ခပ်စောင်းစောင်း ကူးလာပြီးနောက် ရေမျက်နှာပြင်ကို မြီးတောင်ဖြင့် ထောက်၍ ကန်လိုက်၏။ ထိုအခါ ထောက်ကန်မှုအားကြောင့် ယင်းသည် လေထဲသို့ ရောက်သွားရာ ထိုအခါမှ ဘေးတောင်ရှည်တစုံဖြင့် ခဏတာ ပျံဝဲနေတတ်ခြင်းဖြစ်သည်။ အရှိန်ကုန်၍ ပြန်ကျလာလျှင် အမြီးဖြင့်တဖန် ရေမျက်နှာပြင်ကို ခတ်လိုက်ခြင်းအားဖြင့် လေထဲသို့ ပြန်လည်ရောက်ရှိသွားရ၏။ ဤငပျံတို့ကို မြန်မာ့ပင်လယ်ထဲ၌ အနှံ့အပြား တွေ့ရသော်လည်း ရခိုင်တိုင်း၊ မာန်အောင်ကျွန်းဖက်တွင် အများဆုံး တွေ့ရှိရ၏။ ရခိုင်လူမျိုးများက ငပျံခြောက်အဖြစ် စားသုံးကြသည်။

သောင်းစု (သုတေသန)

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဒုံးက ရိုက်နှိပ်သည်။


အတွဲ ၅။ အမှတ် ၄၅။

# ရွှေသွေး ဂျာနယ်

၁၃၃၅ တန်ဆောင်မုန်းလဆုတ် ၁ ရက် (၁၀-၁၁-၇၃)

## ခေါင်းမာသော ဆိတ်ကလေးများ


■ ပန်းချီ ▭ ဦးဘကြည်
■ ဇါတ်လမ်း ညိုယဉ် □




စနေနေ့တိုင်း ထုတ်ဝေသည်။



တခါက ရွာတရွာတွင် ဆိတ်ကျောင်းသားကလေးသည် နေ့စဉ် နံနက်စောစော အိပ်ရာမှ ထပြီး ဆိတ်များကို စားကျက်သို့ ပို့ရသည်။
ညနေတိုင်း နေဝင်မိုးချုပ်မှ ထိုဆိတ်များကို ဆိတ်ခြံတွင်းသို့ ပြန်သွင်းပြီး အိမ်ပြန်ရလေသည်။
တညနေတွင်မူ ဆိတ်ကလေးများသည် စားကျက်မှ မခွာပဲ ပေကတ်နေကြ၏။
ကျောက်ခဲ ချထားတဲ့ သဘော်ကြီးလို - - - မလှုပ်တမ်း ဟေ့နော်
အေးပါ
ထို့ကြောင့် နောက်မှ တွန်းမောင်းကြည့်သော်လည်း တုတ်တုတ်မျှ မလှုပ်ချေ။
သွားပါကွာ
တဖန် ရှေ့မှ ဆွဲခေါ်ပြန်သော်လည်း လုံးဝ မရွေ့ပဲ ဖြစ်နေ၏။
လာပါကွ
ရိုက်မောင်း ပုတ်မောင်း လုပ်ကြည့်သော်လည်း ပြန်၍ပင်စောင်နေကြပြန်သောကြောင့် အခက်တွေ့နေလေတော့သည်။
ကဲ - ဖမြန်ပါယင် တော့ - ရိုက်ရ လိမ့်မယ်



ထိုအချိန်တွင် နေဝင်သွားသဖြင့်
ဟာ - နေဝင်သွားပြီ - ဒုက္ခပါဘဲ
မှောင်စပြုလာရာ အိမ်ပြန်မိုးချုပ်မည့် အရေးကို တွေးမိပြီး
မိုးချုပ်ယင် အဖေရိုက်တော့မှာဘဲ..
နောက်ဆုံး၌ မကြီးတတ်တော့ပဲ ထိုင်၍ ငိုချလိုက်လေတော့သည်။
ဟီး
ဟီး
ရှုတ်
ရှုတ်
ထိုအခိုက်ယုန်ကလေးတကောင်ရောက်လာပြီး
ဟေ့ ကောင်လေး ဘာဖြစ်လို့ ငိုနေရတာလဲ
မိုးလဲချုပ်ပြီ ဆိတ်တွေကလဲ ပေကတ်ကတ်နဲ့ - မပြန်ကြဘူး၊ အဖေရိုက်တော့မှာဘဲဗျ... ဟီး ...ရှုတ်ရှုတ်
အို...ငါကူညီပါ့မယ်ကွာ ။ မငိုနဲ့ - တိတ်တိတ်။ ဒါလွယ်ပါတယ်။
သို့ဖြင့် ဆိတ်ကလေးများထံ သွားပြီး
ငါ့ညီတို့ - မြန်ကြရောပေါ့ ။ မိုးလဲချုပ်ပြီ အစာလဲ ဝပြီမဟုတ်လား ကွယ်
နင် ဘာလုပ်လား


ဪ . . . .
ထို့ကြောင့် ယုန်ကလေး ပြန်လှည့်လာပြီး
ဒီ ဆိတ်တွေ - တယ်ခေါင်းမာတယ်။ ငါတော့ - လက်လျှော့ပါပြီ။
မင့်လိုဘဲ
ငို....
ချင်....
လာပြီ
ထိုအချိန်တွင် ခွေးတကောင်ရောက်လာပြီး
ဟေ့ ကောင်တွေ ဘာဖြစ်နေကြတာလဲ
ဆိတ်တွေ အနားရောက်သောအခါ
ဟင့်
ဟင့်



သယ်...
ဝုတ် ဝုတ်
ဝုတ် ဝုတ်
ဘာလုပ်တာလဲ - ဝုတ်ဝုတ်နဲ့ · သတ္တိရှိယင် ရှေ့တိုး ကြည့်စမ်း...
နောက်ဆုံး၌ မောပန်းလာသဖြင့် ယုန်ငယ်နှင့် ဆိတ်ကျောင်းသားထံ ကပ်သွားကာ....
ငါတော့ - လက်လျှော့ပြီ။ ရှက်လဲ ရှက်ပါရဲ့။ ဒီလိုဆိုတော့ - ငါလဲ မင်းတို့လိုဘဲ - ငိုချင်လာပြီ
ရှုတ်
ရှုတ်
ထိုစဉ်တွင် ဝံပုလွေတကောင် ရောက်လာပြီး
မောင်ရင်တို့... ဘာလို့ငိုနေကြတာလဲ ဟ
ဟာဗျာ၊ ပြောတောင် မပြောချင်ဘူး။ ကောင်လေးက - ဆိတ်တွေ အိမ်ပြန်မောင်းတာ - မရလို့ ငိုနေတော့ - ကိုယုန်က ကူညီမောင်းပြီး - ချော့မော့ပြောတာတောင် မရလို့ ငိုပြန်တယ်။ ကျုပ်လဲ ဒီခေါင်းမာတဲ့ ဆိတ်တွေကို မော ကြည့်တယ် - ချောက်လှန့်ကြည့်တယ်။ အာခံနေတော့ - ရှက်ရှက်နဲ့ ဝိုင်းငိုလိုက်တာဘဲ။
အမယ်လေး - ဆိတ်လောက်တော့ ရိုးတာပေါ့။ ငါလုပ်ပေးမယ်။ အဲဒီ တိတ်ကြစမ်း.... ဟဲဟဲ....


ဆိတ်ကလေးများ အနားရောက်သွားသော်
ဟဲ့ ကောင်တွေ မိုးချုပ်ပြီ ပြန်ကြတော့
ခင်ဗျား ဘာလုပ်လား
ဟယ်... ဆိတ်ဝါးဝလှချေလား ချမ်း။ မပြန်ရင်ကိုက်စားမိလိမ့်မယ်... ဂဲ့ရှဲ့ဂဲ...ရှဲ ဂဲ့ရှဲ
နင်လဲအစွယ်နဲ့ ငါ့ကလဲ - ချိုနဲ့ ရှုတလျှမ်းတိုးကြည့်စမ်း
အင့်ဟင်... အတော် ခေါင်းမာပါလား ငါက - လှန့်ကြည့်တာ။ တကယ် ကိုက်စားလို့လဲ မဖြစ်သေးဘူး။ ဒီတခါတော့ ဝံပုလွေ့ သိက္ခာ ကျပါပကောလား။ ငါလဲ ငိုချင်လာပြီ...
ဖျတ်
ဖျတ်
လေးဦးသား ငိုနေကြစဉ် ပျားတကောင် ရောက်လာပြီး စုံစမ်း ပြန်လေသည်။
ရဲဘော်တို့ ဘာလို့ - ငိုနေကြတာလဲ
ပထမတော့ - ပိုင်ရှင်တိုက်က သူ့ဆိတ်တွေ ခေါ်နေရလို့ ငိုတယ်။ ပြီးတော့ ကိုဝံပုလွေ ကငိုတယ်.... ......... ခုတော့ ငါလဲ ငိုမိတာဘဲ၊
ကျွန်ုပ်ကူပါ့မယ်လေ
တော်စမ်းပါ..... ငါ့ကိုတောင် တော်လှန်တဲ့ ဆိတ်တွေကို - ခင်လို ပျားက ဘာမှ မလုပ်နိုင်ဘူး - ငါ့နဲ့သာ ရင်ဆိုင်စမ်းပါ



ပျားသည် ဆိတ်ကလေးများထံ သွားပြီး—
ရှူးလိုက်တာ
ရှူး တယ်
ရှူး တယ်
ထိုသို့မူးနေကြစဉ် ပျားသည် အကြီးဆုံးဆိတ်၏ နားတွင်းဝင်၍ တုပ်လိုက်ရာ
ပအဲ...
နာလွန်း၍ ထခုန်အော်ဟစ်ပြီး ပြေးသဖြင့်
ကျန်ဆိတ်များလည်း ထိုဆိတ်နောက်သို့ ပြေးလိုက်ကြကာ အိမ်သို့ ရောက်သွားမှ-
ဟဲဟဲ
ခစ် ခစ်
ဟားဟား
ဟားဟား
ဟီဟိ ဟီဟိ
ရယ်နိုင် ပြုံးနိုင် ရှိကြလေတော့သတည်း။


စန်းအောင်

# ဓါတ်ဆီ



ဂေါ်တလီ ဒိမ်မလာ




အခြေခံကာဗျူရေတာ

ဓာတ်ဆီအင်ဂျင်ကဲ့သို့သောအတွင်းမီးအား အင်ဂျင်စက်တွင် ဆလင်ဒါအတွင်း၌ ရေနွေးငွေ့ဖိအားမရှိချေ။ သို့သော် လောင်စာ(ဓာတ်ဆီ)ကို ဆလင်ဒါအတွင်း၌ မီးလောင်စေခြင်းဖြင့် ဓာတ်ငွေ့သည် ကျယ်ပြန့်(ပွ) လာသောကြောင့် အခိုးအငွေ့၏ ဖိအားကို ရရှိလေသည်။


ခေတ်မှီ ဓာတ်ငွေ့ (ဂက်ဆိုလင်)အင်ဂျင်စက်ကို ၁၈၆၀ ပြည့်နှစ်က တီထွင်၍ ၁၈၇၈ ခုနှစ်တွင် ရောင်းချ၍ရအောင် "အော့တို" ဆိုသူက တိုးတက်ပြုလုပ်ခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ဂျာမန်လူမျိုး ဂေါ်တလိဒိမ်မလာ ဆိုသူက အမြန်နှုန်းကြီး ဓာတ်ငွေ့အင်ဂျင်စက်ကို တီထွင်ခဲ့သည်။ ဒိမ်မလာသည် ဂက်ဆိုလင် သို့မဟုတ် အရက်ပျံကို ဓာတ်ငွေ့ အင်ဂျင်စက်ထဲ၌ မီးလောင်နိုင်စေရန် အတွက် အခိုးအငွေ့ ပြုလုပ်နိုင်သော ကာဗျူရေတာကို ပထမဆုံး တီထွင်ခဲ့သည်။

ဓာတ်ဆီအင်ဂျင်တခုတွင် အဓိကအားဖြင့် ဓာတ်ဆီပေးပို့ပုံစနစ်နှင့် မီး(လျှပ်စစ်) ပေးပို့ပုံစနစ် ဟူ၍ နှစ်မျိုးရှိသည်။ အင်ဂျင်များကို ပြုပြင်ရန်အတွက် ဆီပျောက် မီးပျောက်ကို ရှာဖွေစစ်ဆေးတတ်ရမည်။

ဓာတ်ဆီနှင့် လေကို ၁ အချိုး ၁၅ ရရှိအောင် ကာဗျူရေတာက တာဝန်ယူရသည်။ မီးပွင့်ရရှိစေရန် ဓာတ်အိုး(ဘက်ထရီ)၊ ကွိုင်နှင့် ပလပ်တို့က ပြုလုပ်ပေးသည်။



# အင်ဂျင်



အင်ဂျင်တခု၏ ဆလင်ဒါတိုင်းတွင် ဓာတ်ငွေ့ ဝင်ပေါက်တခုနှင့် အဆို့ရှင် (ဗား) ပါရှိ၍ အခိုးထုတ်ပြွန် (အိတ်ဇောပိုက်) နှင့် အဆို့ရှင် (ဗား) ပါရှိသည်။


ဓာတ်ဆီ အင်ဂျင်တလုံးသည် ဓာတ်ငွေ့ကို မီးလောင်ရာမှ အပူစွမ်းအင်ကို ရရှိသည်။ အပူစွမ်းအင်မှတဆင့် စက်မှုစွမ်းအင်သို့ ပြောင်းလဲပေးသည်။


လေးချက်ခုတ် (လေးဆင့်) ဓာတ်ဆီ အင်ဂျင်သည် လောင်စာ (ဓာတ်ဆီ) ကို လေနှင့် သမအောင်ရောစပ်၍ ဆလင်ဒါအတွင်း၌ပစ္စတန်၏ အကူအညီဖြင့် ဖိညှစ်ပြီး လောင်ကျွမ်း စေသည်။ လောင်ကျွမ်းမှုမှရရှိသော တွန်းကန်အားဖြင့် ဘီး၏လည်ပတ်မှုကို ရရှိသည်။

လူအသုံးများသော အတွင်းမီးအား အင်ဂျင်များသည် ပတ်လည်လေးဆင့် အင်ဂျင် ဖြစ်သည်။ ပတ်လည်လေးဆင့်ဆိုသည်မှာ လုပ်ငန်း တပတ်ပြီးမြောက်ရန်အတွက်

၁။ လောင်စာ (လေ+ဓာတ်ဆီ) ကို စုတ်ယူခြင်း၊
၂။ လောင်စာကို ဖိညှစ်ပေးခြင်း၊
၃။ ပေါက်ကွဲလောင်ကျွမ်း၍ စွမ်းအင်ရရှိခြင်း၊
၄။ လောင်စာဟောင်းကို ပြင်ပသို့ စွန့်ထုတ်ခြင်းတို့ဖြစ်သည်။

ဓာတ်ဆီ အင်ဂျင်ကို မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ လေယာဉ်ပျံ၊ သင်္ဘော၊ ဘက်ထရီအားသွင်းစက် စသည်တို့တွင် အသုံးပြုလျက်ရှိသည်။







ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုတာ
(၄)
ကဆု
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကျရင် ဖေဖေတို့က ဘယ်လိုမဲဆန္ဒပေးကြရမလဲဟင်-
ဒီလိုသားရဲ့ဟိုနေ့ကျရင် မဲရုံထဲမှာ အဲဒီမဲပုံးနှစ်လုံးကို ထားပေးထားလိမ့်မယ်
ထောက်ခံ
ကန့်ကွက်
အခြေခံဥပဒေအတည်ပြုတာကို ကြိုက်တဲ့လူတွေက-အဲဒီမဲပုံးထဲကို မဲထည့်ကြရမယ်
ဟုတ်ကဲ့ဖေဖေ
ထောက်ခံ
အခြေခံဥပဒေအတည်ပြုတာကို မကြိုက်တဲ့လူတွေကတော့ ဟောဒီမဲပုံးထဲကို မဲထည့်ကြရမယ်
ကိုယ်ထည့်ချင်တဲ့မဲပုံး ထည့်လို့ရလားဖေဖေ
ရတာပေါ့သားရဲ့
ဖေဖေက ရတယ်ဆိုပေမဲ့၊ တရွာလုံးက ထောက်ခံမဲပုံးထဲကို ထည့်ကြမှ၊ ကိုယ်တယောက်ထဲက ကန့်ကွက်မဲပုံးထဲကို ထည့်ရင်၊ ကိုယ့်ကို တရွာလုံးက မုန်းကြတော့မှာပေါ့ဖေဖေရဲ့ ------
ထောက်ခံ
မုန်းစရာမရှိပါဘူး၊ ဘာလို့လဲဆိုရင် - ကိုယ်ဘယ်မဲပုံးထဲထည့်တယ်ဆိုတာကို ဘယ်သူမှမသိနိုင်အောင် စီစဉ်ထားလို့ပဲ၊ အဲဒီလိုစီစဉ်ထားတာကို လျှို့ဝှက်မဲပေးနည်းလို့ ခေါ်တယ်သားရဲ့
ဟုတ်ကဲ့ ဖေဖေ


အဲဒီလိုလျှို့ဝှက်မဲပေးစနစ်နဲ့စီစဉ်ထားလို့ ထောက်ခံမဲပုံးထဲဘဲထည့်ထည့်၊ ကန့်ကွက်မဲပုံးထဲဘဲထည့်ထည့်၊ ဘယ်သူကမှန်းမှာတို့ ဘယ်ဝါကကန့်ကွက်မှာတို့ဆိုး ဂိုမ်ခဂါလုံးလုံး မရှိဘူး၊ ကိုယ်ထည့်ချင်တဲ့မဲပုံးထဲကို ရဲရဲကြီးထည့်နိုင်တယ်ကွယ့်
ဩဖြင့်-
လျှို့ဝှက်မဲပေးစနစ်နဲ့ စီစဉ်ထားတယ်ဆိုယင် တနေ့က ဘာလို့တရွာလုံး ထောက်ခံမဲပေးကြမယ်လို့စည်းဝေးကြတာလဲ၊ ဒီလိုစည်းဝေးကြတော့၊ ဘယ်မဲပုံးထဲ မဲထည့်ကြမယ်ဆိုတာ သိမကုန်ကြဘူးလား မေမေ
မေမေတို့တရွာလုံး ထောက်ခံမဲထည့်ကြမယ်ဆိုတာ သိကုန်လို့ အရေးမကြီးဘူး၊ ဘာလို့လဲဆိုယင် - ဒီအခြေခံဥပဒေဟာ မေမေတို့ရွာကကိုယ်တိုင်ပါဝင်ပြီး၊ စိတ်ကြိုက်ရေးဆွဲထားတဲ့ အခြေခံဥပဒေ မဟုတ်လားကွဲ့
ဟုတ်ပါတယ် မေမေ
အဲဒီတော့၊ မေမေတို့ရွာက ကြိုက်ပြီးသားဖြစ်နေတဲ့ ဒီအခြေခံဥပဒေကို မေမေတို့ရွာက ရွာလုံးကျွတ်ထောက်ခံမဲထည့်ကြမယ်လို့ ထင်ထင်ရှားရှားစည်းဝေးဆုံးဖြတ်ကြတော့ တာဘဲပေါ့သားရဲ့
ဩဖြင့်၊ တရွာလုံးက ထင်ထင်ရှားရှား ထောက်ခံနေပြီဟာ၊ ဘာလို့လျှို့ဝှက်မဲပေးစနစ်နဲ့ လုပ်နေသေးလဲမေမေ၊ ဖြောင့်မဲပေးရတဲ့စနစ်နဲ့ဘဲ လုပ်လိုက်ရောပေါ့မေမေရဲ့-------
ဩကာ၊ ရွာထဲမှာ ကန့်ကွက်မဲပေးချင်သေးတဲ့လူ တယောက်စ နှစ်ယောက်ရှိယင်လဲ၊ သူတို့ရဲ့ ဆန္ဒကိုလေးစားတဲ့အနေနဲ့၊ သူတို့ရဲရဲဝံ့ဝံ့ ကန့်ကွက်မဲထည့်နိုင်အောင် လျှို့ဝှက်မဲပေးစနစ်နဲ့ စီစဉ်ထားရတာပေါ့သားရဲ့-----


ကန့်ကွက်မဲကိုလဲ ထည့်ချင်တဲ့လူ ထည့်နိုင်တယ်ဆိုယင်၊ မေမေကရော ဘာမဲထည့်မှာလဲဟင်-
မေမေလား၊ မေမေကတော့ ထောက်ခံမဲကိုသာ ထည့်မှာပေါ့သားရဲ့-
ဘာလို့လဲဟင်
ဘာလို့လဲဆိုတော့၊ မေမေတို့နိုင်ငံမှာ ဆင်းရဲသားတွေက များတယ်ဆိုတာ သားသားတို့ကျောင်းမှာ ဆရာမက သင်ပေးတယ်ဟုတ်လား
သင်ပေးပါတယ်မေမေ
မေမေတို့နိုင်ငံကို ဆိုရှယ်လစ်နိုင်ငံဖြစ်အောင် တည်ထောင်နိုင်မှ၊ မေမေတို့ ဆင်းရဲသားတွေဟာ၊ အခုလို ဆင်းရဲကျပ်တည်းနေကြရတဲ့ဘဝက လွတ်မြောက်ရမှာပါတယ်ကွဲ့သားရဲ့
အခုပြည်လုံးကျွတ်ဆန္ဒနဲ့ အတည်ပြုကြမဲ့ အခြေခံဥပဒေဟာ၊ မေမေတို့နိုင်ငံကို ဆိုရှယ်လစ်နိုင်ငံဖြစ်အောင် တည်ထောင်နိုင်ဖို့ အချက်တွေထည့်ပြီးရေးဆွဲထားတဲ့ ဥပဒေပဲကွဲ့
ဟုတ်ကဲ့ မေမေ
ဒီအခြေခံဥပဒေကို အတည်ပြုနိုင်မှ ဒီအခြေခံဥပဒေထဲမှာပါတဲ့အတိုင်း ပြည်သူ့လွှတ်တော်ကြီးနဲ့ ပြည်သူ့ကောင်စီတွေကို လုပ်နိုင်မယ်ကွဲ့၊ အတည်မပြုနိုင်ကြယင် ပြည်သူ့လွှတ်တော်နဲ့ ပြည်သူ့ကောင်စီတွေကို ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူးသားရဲ့---
ဒါကြောင့်ပဲ၊ မေမေတို့ဆန္ဒနဲ့ ပါဝင်ရေးဆွဲထားတဲ့ အခြေခံဥပဒေ အတည်ပြုနိုင်အောင် မေမေကတော့ ထောက်ခံမဲကိုသာ ပေးမှာပေါ့သားရဲ့
သားနားလည်ပါပြီ မေမေ၊ ဒါနဲ့ ပြည်သူ့လွှတ်တော်ဆိုတာက ဘာလဲဟင်-
ဆက်ရန်-

# သက်ရှိများသည် အသက်ရှူရန်လေကို မည်ကဲ့သို့ရရှိသနည်း

လေသည် အလွန်အရေးကြီးသည်။ အသက်ရှူဖို့ လေမရှိလျှင် လူများ၊ သစ်ပင်များနှင့် သတ္တဝါများအားလုံး သေကြပေမည်။

ကျွန်ုပ်တို့သည် လေကို နှာခေါင်း သို့မဟုတ် ပါးစပ်ဖြင့်ရှူသည်။ နှာခေါင်းဖြင့် အသက်ရှူလျှင် ပို၍ကောင်းသည်။ အဘယ်ကြောင့်ဆိုသော် နှာခေါင်းရှိ အမွေးနုကလေးများက လေတွင်ပါသော အမှုန်ကလေးများကို စစ်ထားလိုက်သည်။ ထို့နောက် အဆုတ်ထဲသို့မဝင်မီ လေကို နွေးနေစေရန်လည်း နှာခေါင်းက ပြုလုပ်ပေးသေးသည်။

ငါးများသည် ရေတွင် ပျော်ဝင်နေသောလေကို ရှူနိုင်လေသည်။ သို့သော် ကျွန်ုပ်တို့ကဲ့သို့ ငါးများတွင် များသောအားဖြင့် အဆုတ်များမရှိပါ။ သူတို့တွင် အမွေးနုကလေးများဖြင့်ပြည့်နှက်နေသောပါးဟက်ရှိသည်။ ငါး၏ပါးဟက်များသည် ခေါင်း၏ နံဘေး တဖက်တချက်စီတွင် ရှိကြသည်။





ပိုးမွှားများတွင် အဆုတ် သို့မဟုတ် ပါးဟက်မရှိကြပါ။ ယင်းတို့ ကိုယ်ခန္ဓာနံဘေးရှိ အပေါက်များမှ လေကို ရှူကြသည်။ ယင်းအပေါက်များသည် ခန္ဓာကိုယ်တွင်းရှိ ပြွန်များဖြင့် ဆက်နေသည်။

အပင်များသည် အရွက်များမှတဆင့် လေကိုရှူကြသည်။ အရွက်၏ အောက်ဖက်တွင် သေးငယ်သော အပေါက်များ ရှိလေသည်။

ဟက္ကသိုလ် မြမြင့်

## စိုက်ရာတခြား ပေါက်ရာတလွဲ





အေးမြဥာဏ် (သန်လျင်)

# ကျွန်တော်သာလျှင် သိပါသည်

နံနက်စောစော မိုးမလင်းမီ ကြားနေကျ အသံများမှာ ဘကြီးထူး၏ ဘုရားရှိခိုးသံ၊ ပဲပြုတ်သည် ဒေါ်ဟုတ်၏ အော်သံနှင့် ပူစူးမ၏ စာကျက်သံများပင် ဖြစ်ပါသည်။ ဤအသံများကို နေ့စဉ်မှန်မှန် ကြားရစမြဲ ဖြစ်ပါသည်။

ကျွန်တော်နှင့် ပူစူးမသည် တတန်းတည်းသားများ ဖြစ်ကြပါသည်။ ပူစူးမသည် အတန်းထဲတွင် အမြဲ ပထမရပါသည်။ ကျွန်တော်က နောက်ဆုံး လောက်နီးနီး ဖြစ်ပါသည်။

ပူစူးမကို "နင် ပထမရအောင် ဘယ်လိုလုပ်သလဲ" ဟု မေးတိုင်း ပူစူးမက 'စာမှန်မှန်ကျက်လို့ပေါ့' ဟု ဖြေကတတ်ပါသည်။

ပူစူးမ စာထကျက်တိုင်း ကျွန်တော် နိုးနေတတ်ပါသည်။ သို့သော် ကျွန်တော်က ပျင်းသောကြောင့် စာထမကျက် ဖြစ်ပါ။ ညအချိန်၌လည်း အိပ်ရာထဲမှနေ၍ သူ့အသံကို ကြားနေရပါသည်။

မေမေတို့က "သား စာကျက်အုံးလေ" ဟု ပြောလျှင် —

"ကျွန်တော် ရပြီးသားတွေပါ" ဟု မေမေတို့ကို လိမ်ညာ၍ ပြောပါသည်။ မေမေတို့မှာ ကျွန်တော့်ကို ချစ်သောကြောင့် မဆူကြပါ။

တညသ၌ ကျွန်တော်အိပ်ပျော်သွားစဉ် အိပ်မက်မက်ပါသည်။ အိပ်မက်ထဲ၌ ကျွန်တော်နှင့် ပူစူးမသည် မိဘများနှင့်ခွဲခွာ၍ ရပ်ဝေးရှိ ဆရာကြီးတဦးထံတွင် ပညာများကို သင်ယူကြရပါသည်။ အိပ်မက်ထဲ၌ ကျွန်တော်တို့မှာ ဘုရင့်သားတော် သမီးတော်များ ဖြစ်ကြပါသည်။ နန်းဝတ် နန်းစားနှင့် အိပ်မက်ထဲ၌ တမျိုးကြီး ဖြစ်နေသည်။

ဆရာကြီးသည် ပညာအမျိုးမျိုးအနက် စာစစ်ဘီလူးကြီးအား နိုင်သောပညာကို ပို့ချ၍ သင်ပေးပါသည်။ ထိုပညာမှာ စာကျက်ခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်သည် ယောကျ်ားလေးပီပီ ဆော့ကစားမှုများတွင်သာ စိတ်ဝင်စားမိသည်။ ထို့ကြောင့် လေးအတတ်၊ မြင်းစီးအတတ်နှင့် ကစားနည်းမျိုးစုံကို ပူစူးမထက် ပို၍ တတ်ပါသည်။ ပူစူးမမှာ ကစားနည်းများကို ကျွန်တော်လောက် မတတ်ပါ။ စာကျက်ခြင်းပညာတွင်သာ ထူးချွန်ပါသည်။

ပညာစုံ၍ နန်းတော်သို့ ပြန်လာရသောအခါ လမ်းတွင် တောအုပ်တခုကို ဖြတ်ကျော်ရပါသည်။ အလာတုန်းက အချွေအရံများနှင့်မို့ လူများပါသည်။ ယခုမူ ပူစူးမနှင့် ကျွန်တော် နှစ်ယောက်တည်း ဖြစ်သည်။

ထိုစဉ် ရုတ်တရက် ကျွန်တော်တို့ ရှေ့၌ ဘီလူးကြီးတကောင် ပေါ်လာပါသည်။ ဘီလူးကြီးက သူ့ကိုယ်သူ စာစစ်ဘီလူးကြီးဖြစ်ကြောင်း ပြောပါသည်။ ထို့နောက် ပူစူးမကို စာများ မေးပါသည်။ ပူစူးမမှာ ဘီလူးကြီး မေးသမျှ ဖြေနိုင်သော

ကြောင့် ဘီလူးကြီးထံမှ ရွှေတအိုး ဆုရပါသည်။ ထို့နောက် ပူစူးမကို လွှတ်လိုက်ပါသည်။

ဘီလူးကြီး ကျွန်တော့်ဖက်သို့အလှည့်တွင် သူ့မျက်နှာကြီးကို သေသေချာချာ ကြည့်မှ ကြောက်မိသွားပါသည်။ ဘီလူးကြီးက ကျွန်တော့်ကိုစိုက်ကြည့်၍ "ဒီတခါ မင်းကို စာမေးရမယ်"ဟု ပြောပါသည်။

"ကျုပ် စာမဖြေနိုင်ဘူး"ဟု ကျွန်တော်က ပြန်အော်လိုက်ပါသည်။

"မဖြေနိုင်ယင် ငါက မင်းကို စားမှာပေါ့"ဟု ဘီလူးကြီးက ပြန်ပြောပါသည်။

ကျွန်တော်သည် လေးကိုဆွဲ၍ ရုတ်တရက်ပစ်လိုက်ပါသည်။ သို့သော် ဘီလူးကြီးမှာ ဘာမျှမဖြစ်ပါ။ ဘီလူးကြီးက လက်ကိုဆန့်၍ ဖမ်းမည် ပြုသောအခါ ပူစူးမသွားရာဖက်သို့ ကျွန်တော် မြင်းနှင့် ပြေးပါသည်။

သို့သော် ဘီလူးကြီးက သူ့လက်ကြီးများဖြင့် ဖမ်းလိုက်ပါသည်။ သူ့လက်သည်းတချောင်းမှာ ကျွန်တော့် ကိုယ်တွင်းသို့ အနည်းငယ် စိုက်ဝင်သွားသဖြင့် ကျွန်တော်အော်မိပါသည်။ ပါးစပ်ထဲသို့ ရောက်လျှင်မူ မည်သို့ဖြစ်မည်ကို ကျွန်တော် မတွေးဝံ့ပါ။ ထိုစဉ် ဘီလူးကြီးက ပါးစပ်ကိုဟ၍စားမည်ပြုသောကြောင့်

"အား– ကယ်တော်မူကြပါဗျို့"ဟု ကျွန်တော် အစွမ်းကုန်အော်လိုက်မိပါသည်။

ထိုစဉ် အိပ်ရာမှ လန့်နိုးသွားပါသည်။ မေမေတို့က ကျွန်တော် အော်လိုက်သော အသံကြောင့် ပြေးလာကြပါသည်။ ကျွန်တော့် တကိုယ်လုံး တဆတ်ဆတ်တုန်၍ ချွေးများ ရွှဲနေပါသည်။

မေမေက "သား ဘာဖြစ်တာလဲ"ဟု မေးပါသည်။

"အလကား လန့်အော်မိတာပါမေမေ"ဟု ကျွန်တော်က ပြန်ဖြေလိုက်ပါသည်။ ဖေဖေက ရေတခွက်ခပ်၍ ကျွန်တော့်ကို တိုက်ပြီး ပြန်အိပ်စေပါသည်။

ထိုတညလုံး ဘီလူးကြီး၏ မျက်နှာကို သာ မြင်နေမိပါသည်။ သူ၏ ကြောက်မက်ဖွယ်ရာ မျက်နှာကြီးက ကျွန်တော့်ကို လာလာချောက်နေပါသည်။ ပူစူးမ ရွှေအိုးတအိုး ဆုရသည်မှာလည်း အဟုတ်များလားဟု ထင်နေမိပါသည်။

စာမေးပွဲလည်း နီးပါပြီ။ နံနက်တိုင်းကြားရသော ဘကြီးထူး၏ ဘုရားရှိခိုးသံ၊ ပဲပြုတ်သည် ဒေါ်တုတ်၏အသံ၊ ပူစူးမ၏ စာကျက်သံတို့နှင့်အတူ ကျွန်တော်လည်း စာထကျက်ပါသည်။ ညကလည်း စာကျက်ပြီးမှ အိပ်ရာဝင်ခဲ့ပါသည်။

မေမေတို့က အံ့သြနေကြပါသည်။ ကျွန်တော် စာကျက်ရခြင်းအကြောင်းကို အခြား မည်သူမျှ မသိကြပါ။ ကျွန်တော်သာလျှင် သိပါသည်။

# လမြတ် တန်ဆောင်

ညချမ်းချိန်ခါ မဟူရာ၊
မိုးနက်ကတ္တီပါ။

ကြယ်ညီလာ စိန်တွေဝင်း၊
ဖိုးလ ထိန်ထိန်လင်း။

ကထိန်ခင်းတဲ့ တန်ဆောင်တိုင်၊
ဆီမီး ရောင်စုံမြိုင်။

အပြိုင်အဆိုင် စိတ်အားတက်၊
မသိုးသင်္ကန်းရက်။

သဒ္ဓါသန့်ထက်ထက် စေတနာ၊
လှူမျိုးစုံလင်စွာ။

ပဒေသာ ဝေဆာကဲ၊
ထီးဖိနပ်တွေဆွဲ။

အိုးစည်နဲ့နဲ့ လင်းကွင်းသံ၊
ဒိုးပတ်တီးလို့ညံ။

ဝေဟင်ယံ သင်းနံ့မြူး၊
ခဝဲပွင့်တွေ ရွှေရည်လူး။ ။

ဗန္ဓုရဝင်း



R. 517



သောင်းစု (သုတေသန)

# ရေနဂါး

ရေနဂါးသည် ငဖောင်ရိုးမြီးရှည်၊ မိချောင်းသွားကြားထိုး၊ ရေနယားအုပ်စုဝင် ငါးမျိုးဖြစ်၏။ ငဖောင်ရိုးမြီးရှည်ကိုသာ ငါးစိုအဖြစ် စားသုံးကြ၍ ကျန် ရေနယားနှင့် ရေနဂါးမျိုးတို့ကို တိရစ္ဆာန်မွေးမြူရေးတွင် တိရစ္ဆာန် အစာအဖြစ် အသုံးပြုကြပေသည်။ အများအားဖြင့် ရေနဂါးကို အလှမွေးကြသည်။ ထို့ပြင် မြန်မာ့ဘယဆေး ဖော်နည်းအချို့၌ "ဆီးဆေး" အဖြစ်လည်း အသုံးပြုနိုင်ကြောင်း တွေ့ရသည်။

ရေနဂါးမျိုး၌ ထူးခြားသည်ကား အမသည် ဥကို အုချပေးပြီးနောက် ဥများကိုမူ ထိန်းသိမ်း စောင့်ရှောက်ပေးခြင်းမရှိပေ။ အထီးကသာ သားပိုက်ကောင်မှာကဲ့သို့ ဗိုက်အပေါ်ယံရှိ အိတ်ထဲတွင် ဥများကို သယ်ဆောင်ပြီး အကောင်ကလေးများ ပေါက်သည် အထိ ထိန်းသိမ်း စောင့်ရှောက်ပေးရသည်။

ရေနဂါးသည် ရေထဲ၌ ကူးခပ်သွားလာသည့်အခါ ခန္ဓာကိုယ်သည် ထောင်လိုက် ထောင်နေတတ်ကာ ဦးခေါင်းပိုင်းသည် အထက်ဖက်၌ရှိပြီး အမြီးပိုင်းက အောက်ဖက်၌နေ၏။ အမြီးသည် လွတ်လပ်စွာ လှုပ်ရှားနိုင်ပြီး၊ အထူးသဖြင့် ရေမှော်ပင်များကို တွယ်ချိတ်၍နေတတ်၏။ ယင်းတို့ကို မြန်မာ့ပင်လယ်ပြင်တွင် တွေ့နိုင်၍၊ အရှည်မှာ ကိုယ်အရှည် ခြောက်လက်မမှ ဆယ်လက်မအထိရှိနိုင်လေသည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ထုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၁၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၅။ အမှတ် ၄၆။

# ရွှေသွေး ဂျာနယ်


# အမျိုးသားနေ့


၁၃၃၅–ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက် (၁၇-၁၁-၇၃)


တန်ဆောင်မုန်းလဆုတ် ၁၀ရက် -





စနေနေ့တိုင်း ထုတ်ဝေသည်။


ငကြောက်ပျင်း
ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း - မောင်ကျော်မိန် (လက်ယက်စ)
တခါက ရွာသာအေး ရွာသူရွာသားတို့သည် အေးချမ်းစွာ လယ်ယာစိုက်ပျိုး နေထိုင်ကြ၏။
တဦးနှင့်တဦး ချစ်ခင်ကြင်နာကြ၏။ စောင့်ရှောက်ကြကုန်၏။
ရွာသူကြီး ဦးဘိုးကံ၏စကားကို ရိုသေ လေးစားစွာဖြင့် နားထောင်ကြ၏။
သို့သော် ထိုရွာတွင် အခြားသူများနှင့်မတူသူ တယောက်လည်း ရှိသေးသည်။
ထိုသူသည် ကျန်းမာသန်စွမ်းပါလျက်နှင့် အလုပ် မလုပ်ချင်သူ ဖြစ်လေသည်။
ဟေ့ - ငကြောက်ပျင်း - ဘာလုပ်နေသလဲ
ထိုင်နေတယ်
အေး - ပျင်းကြောဆွဲနေလိုက်အုံး - - - ဟုတ်လားဟဲ့ဟဲ့
မင်းကလဲ ဘာလို့သွားဆဲရတာလဲ
အဲဒါတာ မဟုတ်ပါဘူး။ သူ့ငယ်ငယ်က ငကြောက်လို့ခေါ်တယ်။ ကြီးလာတော့ - ပျင်းကြောထူလို့ - ငကြောက်ပျင်း - တဲ့
အလုပ်ဆိုလျှင် အနည်းအကျဉ်းသာ လုပ်ပြီး ငွေကုန်လျှင် ချေးငှားစားသောက်၏။
ဒွေးလေးရယ် ဆန်ကလေး တဘူး လောက်ချေးပါ။
အား အား။ အားလုံးပေါင်း ငါးဘူး ရှိပြီနော်


ထိုသို့ ကြွေးများယူပြီး ပြန်လည်ပေးဆပ်ခြင်း မရှိ၍ ကြာသော် ကြွေးမပေးကြချေ။
ဦးလေးရယ်.. ဆီလေး တကျပ်သားလောက်
ဟေ့-ကြောက်ပျင်း - မရဘူး။နောင်ကိုလဲ လာမချေးနဲ့။ အလကား-ဘယ်တော့မှ ပြန်ဆပ်တာလဲ မဟုတ်ဘဲနဲ့.
ထိုနှစ်တွင် မိုးခေါင်သဖြင့် မိုးကုန်လု နည်းသော်လည်း သီးနှံမစိုက်နိုင်ကြရှာပေ။
ဒုက္ခပါဘဲကွယ်။ မိုးတွင်းလဲ ကုန်တော့မယ်-ကန်ထဲလဲ ရေနည်းလှချေလား
နှစ်တိုင်းဆိုယင် ဒီလမှာ -ကန်ရေ လျှံမှာတောင်-စိုးနေရတယ်နော်...
ထို့ကြောင့် တနေ့တွင် ရွာသူကြီး ဦးဘိုးကံသည် ယောကျ်ားများကိုဆင့်ခေါ်ပြီး....
.....အခုလို-ရေအခြေအနေနဲ့-ငါတို့-ဒီမှာဘဲ ဆက်နေယင်-စပါးသီးနှံမထွက်ဘဲ-အငတ်ဘေး ရောဂါဘေး တွေနဲ့ မုချ ရင်ဆိုင်ရမှာဘဲ။ဒီတော့-မင်းတို့ လူငယ်တွေထဲက-ငါးယောက်အဖွဲ့--လေးဖွဲ့လောက်ဖွဲ့ပြီး အရပ်လေးမျက်နှာကိုထွက်ပြီး-ရေလဲပေါ၊သီးနှံလဲ စိုက်လို့ရတဲ့ နေရာမျိုး လိုက်ရှာရလိမ့်မယ်
...ဒီတော့-အဖွဲ့ဖွဲ့ဘို့-မဲနှိုက်ကြရအောင်။ တန်းစီကြ။ တယောက်ပြီးတယောက် မဲလာနှိုက်ကြ။
ဟုတ်ကဲ့ အကြီးကံ
ကျွန်တော် အရင် နှိုက်မယ်
ကျွန်တော်လဲ နှိုက်မယ်
မဲနှိုက်ပြီး ခရီးထွက်မည့်နေ့တွင်မှ–
ဘကြီးကံရယ် -ဒီနေ့မှ-ခေါင်းကြီး ကိုက်နေလို့-ကျွန်တော်-မလိုက် နိုင်ဘူးထင်တယ်၊
ဟော-အောင်ကြောက်ပျင်းရယ်၊-ဖြစ်မှဖြစ်ရလေတယ်
ဘကြီးကံရယ်၊ ဒီကောင်-အလကား ပြောတာပါ။ သူ့ကို သုံးလို့လဲ ရမယ် မထင်ပါဘူး။ သူ့ အစား ကျွန်တော် ဘဲ လိုက်သွားပါ့မယ်။
အေးလေ-မင်း ကျေနပ်မယ်ဆိုယင်လဲ ပြီးတာဘဲ။အလုပ် ဖြစ်တာပေါ့ကွာ။



သုံးရက်မြောက်သောနေ့တွင် ခရီးစထွက်ကြ၏။
နောက် တလခန့်ကြာသော် ပြန်ရောက်လာကြပြီး သူကြီးထံတင်ပြကြ၏။
ကျွန်တော်တို့ အဖွဲ့-၃-က တွေ့ခဲ့တဲ့နေရာကတော့ ××× ××××××
အဖွဲ့-၄-အရှေ့ ကတော့ ×××× ××××
ကျွန်တော်တို့အဖွဲ့-၂-က တောင်ဘက် ရှုရှုကို သွားပါတယ်၊ အဲဒီမှာ ရေက ×××××××××
ထိုညတွင် တရွာလုံးကိုစုရုံးစေပြီး၊
------ရွာ့ရှေ့ဘို့ အကောင်းဆုံးနေရာကတော့- ရွာရဲ့ မြောက်ဘက်ရှုရှု ရှစ်တိုင်ကွာမှာ တွေ့ထားပြီ ။ အဲဒီအရပ်မှာ သီးနှံစိုက်လို့ ကောင်းမွန်လွယ်ကူမဲ့ မြေပြန့်ကြီးရှိသတဲ့---- ကန်းမြင့်ပေါ်မှာလဲ ကြီးမားတဲ့ရေကန်ကြီးတကန် - ရေအပြည့်နဲ့ ရှိသတဲ့... ဒါကြောင့် - နောက်သုံးရက် အကြာမှာ - အဲဒီနေရာကို အားလုံး ပြောင်းသွားကြပြီး - ရွာ တည်မယ်။ ရှိတဲ့ စားစရာ-သောက်စရာ နဲ့ အိမ်ထောင်ပစ္စည်းများကို - ကိုယ့်လှည်းပေါ်မှာ တင်ပြီး အသင့်ပြင်ဆင်ထားကြရမယ်။..... လှည်းလမ်းကတော့ ရွာအရှေ့မြောက်ကို ငါးတိုင်လောက် သွားပြီးမှ အနောက်မြောက်ကို ပြန်ကွေ့ရမယ် ---- ရေကန်ကြီးကို ချစ်တိုင်ကွာက လှမ်းမြင်ရပြီး ......မြေပြန့်ကြီးကတော့ - ကန်ကြီးရဲ့ မြောက်ဘက် ချိုင့်ဝှမ်းမှာရှိသတဲ့ ........
ထိုအခိုက် ကြောက်ပျင်းသည် စိတ်ကူးတခုရပြီး ဆုံးအောင်ပင် နားမထောင်တဲ့-
သွားမယ်
ဟုတ်ပြီ
အိမ်ရောက်သောအခါ-
အဟီး
အခုတလော--- ငါ့ကို အဖက်မလုပ်ကြဘူး- ဘာချေးငှါးလို့မှလဲ မရဘူး ။ ငါ့မှာလဲ စားစရာတောင် မလုံလောက်ဘူး ဒီတော့


ညတွင်းချင်းပင် ငကြောက်ပျင်းသည် တိတ်တဆိတ် ထိုနေရာသို့ ထွက်ခွါလေတော့၏။
ထိုရက်များ အတွင်းတွင် ရွာသားများသည် ခရီးထွက်ရန် ပြင်ဆင်ကြ၏။
သုံးရက်ကြာသော်


....ကဲ-ကလေးတွေ-မိန်းမတွေ-သက်ကြီး ရွယ်အိုတွေ လှည်းပေါ်တက်ကြ။ ယောကျ်ားတွေက-မီး-ပေါက်တူး-ပေါက်ဆိန်တွေ ကိုင်ဆောင်ပြီး လှည်းဘေး-နှစ်ဘက်က ခြေလျင်လိုက်ကြရမယ်.........
လှည်းငါးစီးကို တယောက်ကျ-ကွပ်ကဲပြီး ရှေ့နောက် လှည်းများ တခါထဲပါလာအောင် ကြည့်ကြ။ ကဲ-အသင့်ရှိယင်-ခရီးစ-ထွက်ကြမယ်။
ညနေစောင်းသော် ရေကန်အနီးရောက်၍
ဟာ-ရေကန်ကြီး-သာယာလိုက်တာ-
ကဲ-ခဏရပ်ထားတုန်း ပတ်ဝန်းကျင်ကို လေ့လာရအောင်။ မင်းတို့ နှစ်ယောက် လိုက်ခဲ့။


ဟိုချုံဘေးမှာ လူတယောက် လဲနေပါလား
မလှုပ်ဘူး သေနေတာနဲ့တူတယ် သွားကြည့်ရအောင်
ဟေ
ဟင် . . . ကျား ခြေရာတွေ
အလောင်းကလဲ ကျားစားထားလို့ လူရုပ်တောင် မပီသတော့ ပါလား
အင်း - တယ်ခက်သကိုး ဒီလိုတောထဲ တယောက်ထဲလာယင် တောကောင် အစာဖြစ်မှာပေါ့
ကဲကဲ - မြေပြန့်ဘက် လှမ်းကြည့်ရအောင်
အဘ - နွားတကောင်သေရှာ တယ် - ကျားစား ထားတာဘဲ
ဒီဘက်မှာလဲ တကောင် သေနေတယ်။ ဟင် - လှည်းတစီး - ဟိုဘက်မှာ ရှိပါလား
ဟေ့ - ဒီ - ကြောက်မျှင်းရဲ့ လှည်းဟုတ်လား
ဟာ - ဟုတ်တာ ပေါ့။
ဒါဖြင့် - ဟိုဟာ ကြောက်မျှင်း အလောင်းနဲ့တူတယ်
အင်း - ဒုက္ခ - ဒုက္ခ အင်း တယောက်ထဲ အရင်ရောက်နှင့်သကိုး
ကြောက်မျှင်းက ဒီတခါ မမျှင်း ပါလား။ ဘယ်လိုများ ဖြစ်သွားပါ လိမ့်
သူက - အပျင်းထူတယ် ဟုတ်လား။ ဒီတော့ သူသာ အရင်ဆုံး ရောက်ယင် - သူသာ ရွယ်ရွယ်နဲ့ အချမ်းသာဆုံးဖြစ်မယ်လို့ တွေးပြီး - အပူကြီးတာနဲ့တူပါတယ်ကွာ။ ကလိန်ကလယ်ဉာဏ် တွေနဲ့ လောဘဇော ထိုက်တာဘဲဖြစ်ရ မယ်။ အေး ဗျာ... ဒါဟာ - တကိုယ်ကောင်း ကြံချင်သူတို့ရဲ့ - သွား ရာလမ်းဘဲ ကွဲ... အော် ဒုက္ခဒုက္ခ.... မောင်ကြောက်မျှင်းရေ - အမျှ - အမျှ .......

စန်းဇအောင်


# ဒီဇယ်



ရူဒေါ့ ဒီဇယ်




ဖိသိပ်ထားသော လေကြောင့်အပူ ဖြစ်ပေါ်ပုံ




ဒီဇယ်အင်ဂျင်သည် ဆီကို လောင်စာအဖြစ် အသုံးပြုသော အတွင်းမီးအား အင်ဂျင်စက်ဖြစ်သည်။ ထိုစက်ကို တီထွင်သော ဂျာမန်လူမျိုး အင်ဂျင်နီယာ ရူဒေါ့ဒီဇယ်၏အမည်ကို အစွဲပြု၍ ဒီဇယ်အင်ဂျင်ဟုခေါ်ခြင်း ဖြစ်သည်။

ဒီဇယ်အင်ဂျင်၏ ထူးခြားချက်မှာ ဆီကို မီးပွားဖြင့် မလောင်စေပဲ ဖိသိပ်ထားသော လေဖြင့်သာ လောင်စေခြင်း ဖြစ်သည်။


ဒီဇယ်အင်ဂျင်၏ ပစ်စတန် အပေါ်သို့ပြန်၍ တက်သော ထိုးချက်၌ ပစ်စတန်သည် လေကို သဘာဝအလျောက်ရှိမည့် ထုထည်၏ ၁၄ ပုံ ၁ ပုံမျှအထိ ဖိသိပ်ပေးလိုက်သည်။ ဤသို့ လေကို ဖိသိပ်ပေးလိုက်ခြင်းကြောင့် လေ၏ဖိအားသည် စတုရန်း တလက်မလျှင် ပေါင် ၅၀၀ အထိ ရှိလာသည်။

ထိုဖိအားက ဆလင်ဒါအတွင်းရှိ လေ၏အပူချိန်ကို ဖာရင်ဟိုက်ဒီဂရီ ၈၀၀ မှ ၁၀၀၀ အထိ တိုးသွားစေသည်။ ထိုအချိန်၌ ဆလင်ဒါအတွင်းသို့ ဂျက်နှုတ်သီးမှဆီကို အမှုန့်ကလေးများအဖြစ် မှုတ်ထည့်ပေးသည်။

လေ၏အပူချိန်သည် တက်နေသဖြင့် ဆီကို မီးတောက်စေပြီးလျှင် ဖြစ်ပေါ်လာသည့် ဓာတ်ငွေ့များကို ပွံ့ထွက်စေသည်။ ထိုဓာတ်ငွေ့များသည် ပစ်စတန်ကို အောက်သို့တွန်းချသည်။ ထိုသို့ ပစ်စတန်ကို တွန်းချသော ထိုးချက်ကို ''ပါဝါ ထိုးချက်''ဟု ခေါ်သည်။

ဒီဇယ်အင်ဂျင်သည် ထုထည် ကြီးမား၍ အလေးချိန်များသော်လည်း ယင်း၌ကောင်းမွန်

# အင်ဂျင်





ထူးခြားသောအချက်များ ရှိသည်။ ထိုစက်တွင် အသုံးပြုသော ဒီဇယ်ဆီ၏တန်ဘိုးသည် ဓာတ်ဆီ၏တန်ဘိုးလောက် မများချေ။


ဒီဇယ်အင်ဂျင်ကို လူကြိုက်များလာရခြင်းမှာ ယင်းသည် အခြားဓာတ်ဆီအင်ဂျင်၊ ရေနွေးငွေ့အင်ဂျင်များထက် စရိတ်စကသက်သာခြင်း၊ ဆီစားသက်သာခြင်းတို့ကြောင့် ဖြစ်သည်။





၁၉၁၆ ခုနှစ်တွင် ရေနံတွင်းများ တူးဖော်ရာ၌ ဒီဇယ်အင်ဂျင်များကို စတင် အသုံးပြုခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ပင်လယ်ရေကြောင်းသွားလာမှု၌၎င်း၊ ၁၉၂၅ ခုနှစ်တွင် ပထမဦးဆုံး ဒီဇယ်ဘတ်စကားများ၌၎င်း၊ ၁၉၂၉ ခုနှစ်တွင် ကုန်တင်ကားများ၌၎င်း ဒီဇယ်အင်ဂျင်များကို တပ်ဆင်အသုံးပြုခဲ့ကြသည်။



ထို့ကြောင့် ယနေ့ဆိုလျှင် ပင်လယ်ကူးသင်္ဘောကြီးများ၊ ဆွဲသင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ၊ သောင်တူးသင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ စစ်သင်္ဘောများနှင့် အခြား ရေယာဉ်အမျိုးမျိုးတို့တွင် တပ်ဆင် အသုံးပြုလျက်ရှိသည်။



ကုန်းလမ်းခရီးတွင် မီးရထား၊ မော်တော်ကား၊ လယ်ယာသုံး ရေစုတ်စက်၊ လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ ဆန်စက်များတွင်၎င်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများ၊ လေဖိအားစက်၊ အဆောက်အအုံဆောက်လုပ်စက်များတွင်၎င်း သုံးစွဲလျက်ရှိသည်။




၁။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုတာ
(၁)
ပြည်သူ့လွှတ်တော်ဆိုတာ ပြောပြပါဦး မေမေ
ပြည်သူ့လွှတ်တော် ဆိုတာဒီလိုကွဲ့ သားရဲ့
သားနားလည်အောင် ပြောရရင်၊ မေမေတို့တိုင်းသူပြည်သားတွေရဲ့အရေးကိစ္စတွေကို မေမေတို့တိုင်းသူပြည်သားတွေကသာ စီမံခန့်ခွဲနိုင်ခွင့်ရှိတယ်၊ မေမေတို့အပေါ်မှာဘယ်သူမှလာပြီးစီမံခန့်ခွဲနိုင်ခွင့်မရှိဘူး
ဟုတ်ကဲ့ မေမေ
မေမေဟာလယ်လုပ်နေတဲ့လယ်သမားတယောက်မဟုတ်လား၊ မေမေတို့လယ်သမားတွေလိုဘဲ၊ စက်ရုံတွေမှာအလုပ်လုပ်နေတဲ့အလုပ်သမားတွေအများကြီးရှိတယ်
ဟုတ်ကဲ့ မေမေ
သားတို့ကျောင်းကဆရာတွေလိုအလုပ်လုပ်နေကြတဲ့လူတွေလဲအများကြီးရှိတယ်
ဒီလူတွေဟာမအားကြဘူး၊ ဒါကြောင့်မို့ အလုပ်လုပ်နေကြတဲ့လူတွေရဲ့ကိုယ်စား တိုင်းပြည်ရဲ့အရေးကိစ္စတွေကိုဆောင်ရွက်ပေးဖို့မေမေတို့ကကိုယ်စားလှယ်တွေရွေးပေးရတယ်၊ အဲဒီကိုယ်စားလှယ်တွေနဲ့ဖွဲ့ထားတဲ့အဖွဲ့ကြီးကို ပြည်သူ့လွှတ်တော်လို့ ခေါ်တယ်ကွယ့်
ကျွန်တော်နားလည်ပါပြီမေမေ
နားလည်ရင်သားကိုမေးရအုံးမယ် မေမေတို့ကိုအရင်တုန်းက ဘယ်သူတွေကအုပ်ချုပ်လဲ
မင်းဆိုတဲ့လူတွေက အုပ်ချုပ်တာပေါ့မေမေ-
အဲ၊ ဟုတ်ပြီ၊ အခုတော့-


မေမေတို့ကိုမင်းဆိုတဲ့လူတွေကလာပြီးမအုပ်ချုပ်ရတော့ဘူး၊ မေမေတို့ရွာကိုမေမေတို့ကဘဲအုပ်ချုပ်ရမယ်၊ မေမေတို့မြို့ကိုမေမေတို့ကဘဲအုပ်ချုပ်ရမယ်၊ မေမေတို့တိုင်းပြည်ကိုလဲမေမေတို့တိုင်းသူပြည်သားတွေကဘဲအုပ်ချုပ်ရမယ်၊ အဲဒါပြည်သူ့အစိုးရလို့ခေါ်တယ်ကွဲ့
မေမေတို့က အလုပ်လုပ်နေရတာ ဘယ်လိုလုပ် အုပ်ချုပ်အားမလဲမေမေ .
မေမေတို့ကပြည်သူ့လွှတ်တော်မှာလို၊ မေမေတို့ရဲ့ကိုယ်စားလှယ်တွေနဲ့ ရပ်ကွက်ကောင်စီတွေ မြို့နယ်ကောင်စီတွေဖွဲ့ပြီးအုပ်ချုပ်မှာပေါ့ကွဲ့
တရားစီရင်တာလဲအရင်ကလိုရုံးမင်းက မစီရင်ရတော့ဘူး မေမေတို့ရဲ့ကိုယ်စား လှယ်တွေနဲ့အဖွဲ့တွေဖွဲ့ပြီး စီရင်ကြမယ် ပေါ့သားရဲ့၊
မေမေပြောတဲ့ အတိုင်းဘာမဆို ကိုယ်စားလှယ်တွေနဲ့ ဖွဲ့ပြီးလုပ်ယင်
ကိုယ်စားလှယ်မကောင်းယင်ဘယ်လို လုပ်မလဲမေမေ -
မကောင်းယင်မကောင်းတဲ့ ကိုယ်စားလှယ်ကိုပြန်ပြီး ဖြုတ်နိုင်တာပေါ့သားရဲ့
ဒါဖြင့် -
မေမေပြောတာတွေ ဘယ်တော့ဖြစ်လာ မလဲမေမေ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးမှာ မဲဆန္ဒရှင်တိုင်းက ထောက်ခံမဲပေး ကြလို့၊ အခြေခံဥပဒေအတည်ဖြစ် လာပြီးယင် ဖြစ်လာမှာပေါ့သားရဲ့
တကယ်လို့ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး မှာမဲမပေးဘဲနေပယင် ဘာဖြစ်မလဲဟင်
သားက မေမေ့ကိုဒီလိုမေး တော့၊ မေမေကလဲသားကို ပြန်ပြီးမေးရလိမ့်မယ်ကွဲ့


လူတယောက်ကိုနို့ဆီဘူးတလုံးဒီပေးမယ်ဆိုယင် သားကကော မယူချင်ဘူးလား
ယူချင်တာပေါ့ ဖေဖေ -
လူတိုင်းနို့ဆီဘူးရမယ်ဆိုတော့ သားယူချင်ပြီး၊ လူတိုင်းရပ်ကွက်သန့်ရှင်းရေးလုပ်ရမယ်ဆိုတဲ့အခါ သားမလုပ်ချင်ဘူးဆိုယင်သား ဘယ်လိုနေမလဲကွဲ့
သားမကောင်းဘူး ပေါ့ဖေဖေ
အခုလဲ ဒီလိုဘဲ၊ အခြေခံဥပဒေထဲမှာပါတဲ့အခွင့်အရေးတွေကိုတော့ခံစားချင်ပြီး၊ အခြေခံဥပဒေအတည်ပြုရေးကျတော့ မဲဆန္ဒမပေးချင်ဘူးဆိုယင်၊ ဒီလူဟာ ကိုယ့်ရဲ့တာဝန်ကိုမကျေပွန်တော့ဘူးပေါ့သားရဲ့ -
ဟုတ်ကဲ့ ဖေဖေ
ပြီးတော့၊ ဒီအခြေခံဥပဒေဟာကိုယ့်တယောက်ထဲနဲ့သာဆိုင်တာမဟုတ်ဘူး၊ ပြည်ထောင်စုကြီးမှာမှီတင်းနေထိုင်ကြတဲ့တိုင်းရင်းသားအမျိုးသားအားလုံးနဲ့လဲဆိုင်တယ်၊ ဒါကြောင့်မို့အခြေခံဥပဒေအတည်ပြုရေးဟာအမျိုးသားရေးကြီးဘဲကွဲ့
ဟုတ်ကဲ့ ဖေဖေ
မဲဆန္ဒပေးတဲ့အခါ ဖေဖေတို့ဟာ သားတို့လို ဆယ့်ရှစ်နှစ်မပြည့်သေးတဲ့ကလေးတွေအတွက်ပါ ဖေဖေတို့က ကိုယ်စားပြုပြီးမဲပေးကြရမှာဖြစ်တယ်၊ နောက်ပြီးတော့ဒီအခြေခံဥပဒေဟာ နောင်သားစဉ်မြေးဆက်အတွက်ပါဖြစ်လို့ - - - အရေးကြီးတယ်
ဒါကြောင့်မို့မဲဆန္ဒပေးခွင့်ရတဲ့ဖေဖေတို့ဟာ မိမိရဲ့မဲဆန္ဒကိုမပျက်မကွက်ပေးကြဖို့ဟာ သိပ်ပြီးအရေးကြီးတာပေါ့သားရဲ့ -
ဟုတ်ကဲ့ ကျွန်တော် နားလည်ပါပြီ ဖေဖေ - -
ပြီး

## နေ့အခါတွင် ကြယ်များ ဘယ်ရောက်နေကြသနည်း

အလွန်မှောင်မိုက်သော ညတညတွင် မီးခြစ်ဆံတဆံကို မီးခြစ်ကြည့်ပါ။ မီးခြစ်ဆံမှ အလင်းရောင်သည် အတော်လင်းသည်ဟု ထင်ပေလိမ့်မည်။ ထို့နောက် နေ့အချိန်တွင် မီးခြစ်ဆံတဆံကိုပင် မီးခြစ်ပြီး နေ၏အလင်းရောင်နှင့်ယှဉ်၍ ကြည့်ပါ။ မီးခြစ်ဆံ၏ အလင်းရောင်မှာ အနည်းငယ်သာ လင်းသည်ကို တွေ့ရလိမ့်မည်။ အဘယ်ကြောင့်နည်း။

ကျွန်ုပ်တို့သည် ညအခါတွင် ကြယ်များကို ကောင်းစွာ မြင်ရသည်။ အဘယ်ကြောင့်ဆိုသော် မိုးကောင်းကင်သည် နက်မှောင်နေ၍ဖြစ်သည်။ အလွန်ဝေးသော ကြယ်ကလေးများပင် လျှင် တောက်ပ၍နေ၏။

ကြယ်များသည် နေ့အခါတွင်လည်း တောက်ပနေဆဲပင် ဖြစ်၏။ သို့သော် နေ၏အလင်းမှာ မိုးကောင်းကင်တခုလုံးကို လင်းနိုင်စွမ်းရှိ၏။ ထို့ကြောင့် ကြယ်များ၏အလင်းရောင်မှာ မှေးမှိန်သွားလေသည်။


ကြယ်များသည် နေ့အခါတွင် ဘယ်ကိုမျှရောက်မသွားကြပါ။ သူတို့၏ နေရာတွင် တောက်ပမြဲ တောက်ပလျက် ရှိပါသည်။ နေရောင်ကြောင့် ကျွန်ုပ်တို့ မမြင်ကြရခြင်းသာ ဖြစ်သည်။



တက္ကသိုလ် ဖြူမြင့်

## တော်တော်မျှတတဲ့အကို





# ရန်မဖြစ်ချင်ပါ

မောင်သာဖြူ

အောင်မိုးနှင့် လေးဝင်းတို့ ရန်ဖြစ်ပြီး သူ့အုပ်စု ကိုယ့်အုပ်စု ကွဲနေကြသည်။ ချစ်ဆွေ၊ စံတိုးနှင့် မောင်မောင်သိုက်တို့မှာ လေးဝင်းဘက်မှ ဖြစ်ပြီး မြင့်သိန်း၊ စိုးညွန့်နှင့် အောင်ထွန်းတို့က အောင်မိုးဘက်မှ ဖြစ်ကြသည်။ အောင်မိုးနှင့် လေးဝင်းသည် ကျွန်တော်၏သူငယ်ချင်းများဖြစ်ကြသည်။ သူငယ်ချင်းနှစ်ယောက် ရန်ဖြစ် သည်တွင် ကျွန်တော့်မှာ မည်သူ့ဘက်လိုက်ရမည်မသိဖြစ်နေသည်။ အောင်မိုးနှင့်ခေါ်ပြန်လျှင်လည်း လေးဝင်းကစိတ်ဆိုးမည်။ လေးဝင်းနှင့်ခေါ်ပြန်လျှင်လည်း အောင်မိုးက စိတ်ဆိုးမည်။ ထို့ကြောင့် ကြားနေရေးသည် ကျွန်တော့်အတွက်အကောင်းဆုံးဖြစ်တော့သည်။ ကျွန်တော်သည် သူငယ်ချင်း နှစ်ယောက်ကို ပြန်လည်သင့်မြတ်အောင် ကြိုးစားသည်။ သို့သော် မအောင်မြင်ပါ။

"ဟေ့– ဝင်းအောင်၊မင်း ငါတို့ဘက်ပါမလား၊လေးဝင်းဘက်ပါမလား၊ပြတ်ပြတ်ပြောကွာ"

ကျွန်တော်သည် အောင်မိုးကို မော့ကြည့်လိုက် ပါသည်။ သူ့မျက်နှာတွင် လေးဝင်းကို အတော် မကျေမနပ် ဖြစ်နေပုံရပါသည်။ လေးဝင်းကလည်း ရေမြောင်းနဘေး အုတ်ခဲပေါ်တွင် ထိုင်ပြီး ကျွန်တော့်ကို သူ့ဘက်ပါမလားဟူသော အကြည့်ဖြင့် ကြည့်နေပါသည်။

"မင်းတို့ကလဲကွာ– သူငယ်ချင်းချင်း ရန်မဖြစ်ကြပါနဲ့ကွာ"

"အိုကွာ– ဒါတွေပြောမနေနဲ့၊ မင်းဘယ်သူ့ဘက်ကပါမလဲ"

အောင်မိုးက စိတ်မရှည်သံဖြင့် မေးသည်။ အခက်အခဲသည် ကျွန်တော့်ဆီသို့ ဦးတည်လာပြီ ဖြစ်သည်။ လေးဝင်းကိုလည်း ကျွန်တော်ခင်မင်သည်။ အောင်မိုးကိုလည်း ကျွန်တော်ခင်မင်သည်။ ကျွန်တော်မည်သို့လုပ်ရပါ မည်နည်း။ ခေါင်းကိုတွင်တွင်ကုတ်ပြီး စဉ်းစားခန်းဝင်မိတော့သည်။

"ဒီလိုလုပ်ကွာ– ခေါင်းပန်းလှန်၊ ခေါင်းကျယင် အောင်မိုးဘက်က ပါမယ်၊ ပန်းကျယင် လေးဝင်းဘက်က ပါမယ်"

ကျွန်တော့် အစီအစဉ်ကို အောင်မိုးနှင့် လေးဝင်း နှစ်ဦးစလုံးက သဘောကျ လက်ခံကြသည်။ ကျွန်တော်သည် အိတ်ထဲမှ ဆယ်ပြားစေ့ကိုထုတ်ယူပြီး ထောင်လိုက်အပေါ်သို့ မြှောက်တင်လိုက်သည်။ မြေပေါ်သို့ပြန်ကျလာသောအခါ ပန်းဖြစ်နေ၍ လေးဝင်းတို့အုပ်စုကသဘောကျပြီး အော်ဟစ် လက်ခုပ်တီးကြသည်။ အောင်မိုးသည်ဆယ်ပြားစေ့ကို ခြေထောက်ဖြင့်ကန်ထုတ်ပြီး သူ့လူများကို ခေါ်ကာ ဘောလုံးကွင်း ဘက်သို့ ထွက်သွားသည်။ ကျွန်တော်သည် လေးဝင်း၏အုပ်စုဝင်တယောက် ဖြစ်သွားပြီ။

ညနေအေးဖြစ်ပါသည်။ ပိတောက်ပင်ကြီးအောက် တာလမ်းမပေါ်တွင် အောင်မိုးနှင့်

လေးဝင်းတို့ ကိုယ့် အုပ်စုနှင့်ကိုယ် ကစားနေကြသည်။ ကျွန်တော်သည် အမေ့ကို ထင်းကူခွဲပေးနေသဖြင့် သူတို့ကစားရာသို့ လူမရောက်ပဲ စိတ်ကသာရောက်နှင့်နေသည်။

သူတို့ ကစား နေသည်ကို ထင်းခွဲရာမှ ကြည့်နေရင်း၌ပင် အခြေအနေသည် တမျိုးတဖုံ ပြောင်းလဲသွားပါသည်။ အောင်မိုးသည် လေးဝင်းကို လမ်းမပေါ်သို့ လှဲချပြီး လက်သီးနှင့် ဖိထိုးနေပါသည်။ မကြာမီ အချိန်ပိုင်းတွင် လေးဝင်းတို့အုပ်စုနှင့် အောင်မိုး တို့အုပ်စု တယောက်တပြန် ထိုးသတ် ကြပါတော့သည်။ ကျွန်တော်သည် ထင်းခွဲရာမှ ဓားမကို ပစ်ချပြီး ပြေးသွားပါသည်။ အကြိတ် အနယ် သတ်ပုတ်နေကြသော သူငယ်ချင်း များကို အတင်းဝင်ရောက်ဖျန်ဖြေသည်။ သို့သော် မရပါ။ လုံးထွေး သတ်ပုတ်နေသော သူတို့လူအုပ်သည် ဖျန်ဖြေပေးသောကျွန်တော့်ကို အရှိန်ပြင်းစွာတိုက်မိသဖြင့် ကျွန်တော် လမ်းဘေး ရေမြောင်းထဲသို့ ဟပ်ထိုး လဲကျသွားပါသည်။

"ဟာ–ဝင်းအောင် မြောင်းထဲ လဲကျသွားပြီ"

သူငယ်ချင်း တယောက်၏ အော်သံ ကြားလိုက်ရပြီး ကျွန်တော်သည် နဖူးပြင်၌ ပူကနဲနာကျင်သောဒဏ်ကို ခံစားလိုက်ရကာ ဘာမျှမသိလိုက်တော့ပါ။

ကျွန်တော် သတိရ၍ မျက်လုံးဖွင့်ကြည့်သောအခါ ပြုံးချိုနေသော ဆရာဝန်ကြီး မျက်နှာ၊ ပြီး မေမေ့မျက်နှာ၊ ဖေဖေ့မျက်နှာတို့ အစီအရီ ပေါ်လာပါသည်။

"သားလေး– သတိ ရပြီနော်"

မေမေသည် ကျွန်တော့်ကို ညင်သာစွာမေးပါသည်။ ထိုစဉ်ခဏတွင် ထောင့်နားတွင် အောင်မိုးနှင့်လေးဝင်းကို မြင်တွေ့လိုက်ရသဖြင့် ကျွန်တော် ဝမ်းသာပျော်ရွှင်သွားပါသည်။

"သူငယ်ချင်း– မင်းတို့ ပြန်ခေါ်ပြီနော်"

ကျွန်တော်က လှိုက်လှိုက်လှဲလှဲ မေးလိုက်ပါသည်။

"ငါတို့ပြန်ခေါ်ပါပြီ သူငယ်ချင်းရာ၊ မင်းခုလိုဖြစ်ရတာဒို့နှစ်ယောက်ရန်ဖြစ် သတ်ပုတ်လို့ပါ။ သူငယ်ချင်းတွေအပေါ် ထားရှိတဲ့မင်းရဲ့စိတ်ဓာတ်ကိုဒို့နားလည်ပါပြီကွာ။ ရော့– မင်းစားဘို့လေးဝင်းနဲ့ငါ ပိုက်ဆံစုပြီး မုန့်ဝယ်လာတယ်"

အောင်မိုးသည် ဘီစကွတ်မုန့်ထုပ်ကို လှမ်းပေးပြီး ကျွန်တော့်ကို ကြင်နာစွာ ကြည့်နေပါသည်။ သူငယ်ချင်းနှစ်ဦးပြန်လည်ချစ်ခင် သင့်မြတ်လာသည်ကို မြင်ရသည်ကပင်လျှင် ကျွန်တော် ရေမြောင်းထဲကျပြီး နဖူးပေါက်နှုတ်ခမ်းကွဲရသည့် ဒဏ်ရာများတဝက်ပျောက်ကင်းသွားပြီဖြစ်ပါသည်။

## အမျိုးသားအောင်ပွဲ

အမျိုးသားအောင်ပွဲဒို့အောင်ပွဲ၊
နှစ်တိုင်းဆင်နွှဲ ဒို့ဆင်နွှဲ။

ကျင်းပစမြဲ ထိုနေ့တာ၊
တန်ဆောင်မုန်းလဆုတ်
ဆယ်ရက်ပ၊။

ကျွန်ပညာကိုတိုက်ဖျက်ရင်း၊
အမျိုးသားစိတ်ဓာတ်သွင်း။

နယ်ချဲ့လက်တွင်း ဒို့နိုင်ငံ၊
လွတ်မြောက်ရေးတွက်အခြေခံ။

ဝံသာနုစိတ် တက်ကြွရေး၊
မျိုးချစ်စိတ်ဓာတ်မွေး။

ကြွေးကြော်သံများ ညံညံဆူ၊
ဒေါင်းလံတလူလူ။

ဂုဏ်ယူဘွယ်ပ ဆင်ယင်နွှဲ၊
အမျိုးသားအောင်ပွဲ
ဒို့အောင်ပွဲ။ ။

တက္ကသိုလ်ကြည်မာ။



R. 517




## ငါးမျှားစားသောငါး

သဘာဝ၏ ပြုပြင်ဖန်တီးထားမှုကြောင့် ဤငါးမျိုးသည် ထူးခြားနေ၏။ ငါးမျှားစားသောငါးမှာ အခြားမဟုတ် "ပင်လယ်ကျောက်ဖား" ငါးမျိုးပင် ဖြစ်ပေသည်။ ယင်းတို့ကို မြန်မာ့ပင်လယ်အနက်ပိုင်းတွင် တွေ့ရှိနိုင်၏။

ထူးခြားသည်မှာ "ပင်လယ်ကျောက်ဖား" တို့၏ ကျောတောင်ရှိ ရှေ့ပိုင်း ပထမတောင် ပျော့သည် ငါးမျှားကြိုးကဲ့သို့ ရှည်ထွက် နေ၏။ ယင်း၏ အဖျားသည် ပါးစပ်ပိုင်းနားတွင် ကောက်၍ ကျရောက် အဆုံးသတ်နေ၏။ ယင်း "ငါးမျှားကြိုး" ၏ ထိပ်တွင် အမျှင်ကလေးများ ဖွာလျက်ရှိနေရာ ငါးစာနှင့်တူနေ၏။ အခြား ငါးများအဖို့ ထိုဖွာလျက်ရှိသည့် အရာကို အစာထင်မှတ်၍ စားသောက်ရန် လာရောက်ကြသည့်အခါ ကျောက်ဖားသည် အစာဖြစ်သည့် ထိုငါးကို ဖမ်းယူ စားသောက်လိုက်လေသည်။ ဤနည်းဖြင့် ပင်လယ်ကျောက်ဖားတို့သည် အစာကို လိုက်လံရှာဖွေနေစရာမလိုပဲ သူ၏ "ငါးမျှားတံ" ဖြင့် အလွယ်တကူ ငါးမျှား၍ စားဘတ်လေသည်။

သောင်းစု (သုတေသန)

၂၁ ပြား

ရန်ကုန်မြို့၊ ၁၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးယဉ်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၁ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၅။ အမှတ် ၄၇။

ရွှေသွေး ဂျာနယ်


# လေးအား နှင့် လုပ်အား

ဇာတ်လမ်းနှင့် သရုပ်ဖော်

၁၃၃၅ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၅ ရက် (၂၄-၁၁-၇၃)



တခါက ရွာတရွာရဲ့အဝင်ဝမှာ ရေခန်းခြောက်နေတဲ့ မြောင်းကြီးတခု ရှိတယ်။ ဒီရွာကို ဝင်ကြ ထွက်ကြတဲ့ လူတွေ၊ ကုန်လှည်းတွေဟာ မြောင်းကြီးနဲ့လွတ်အောင် ခရီးအဝေးကြီး ပန်းပြီးသွား လာကြရတယ်။





ရွာသားမောင်မြကª
ဒီ မြောင်းကြီးကို
မြောင်းကူးတန်တားထိုး
လိုက်ယင်သိပ်ကောင်း…
လူစုံတိုင်း မောင်မြဟာ အဲဒီလိုဘဲ
ဟိတ်ဟန်နဲ့ ပြောတော့တာဘဲ။ အ
ပြောကောင်းတာ့မို ရွာသားတွေက
မောင်မြကို အထင်ကြီးတယ်။
ဒါပေမဲ့ တန်တားကို
လက်တွေ့ ဆောက်ဘို့
ဘယ်သူမှ မကြိုးစားကြ
ဘူး။
အောင်ဘော်နဲ့ မောင်သော်ဆိုတဲ့ ညီအကို
နှစ်ယောက်က တန်တားကြီးကို တည်
ဆောက်လိုက်ကြတယ်။
တန်တားကြီးပြီးသွားတော့ ကူးသန်းသွားလာရ လွယ်ကူသွားတယ်။



ကုန်သည်ကြီးတဦးက ဒီတန်တားကြီးကြောင့် သူ့ကုန်လှည်းတွေ အသွားအလာလွယ်ကူရတာမို့ အောင်ဘော်တို့ ညီအကိုကို ဆုငွေချီးမြှင့်တယ်။
ဒီသတင်းကို မောင်မြကြားတော့ -
ငါ့အတွက်ဝေစု သွားတောင်းမယ်
ငါတဖွဖွပြောလို့ ဒီတန်တားဆောက်ဖြစ်တာ၊ မင်းတို့ရတဲ့ ငွေထဲက တဝက်ငါ့ကိုပေး
အို.. ကျုပ်တို့ ညီအကိုက လက်တွေ့ဆောက်တာဗျ ခင်ဗျားနဲ့မဆိုင်ပါဘူး
ဒီလိုနဲ့ ဘာရမလဲ မြို့ဝန်မင်းဆီသွားပြီး အဆုံးအဖြတ်ခံယူမယ်.. လိုက်ခဲ့ကြ
ကောင်းဘိ
သူတို့ဟာ ပညာရှိ မြို့ဝန်မင်းထံ အဆုံးအဖြတ် ခံယူဘို့ သွားကြတယ်။


ရောက်တော့..
ဒီတန်တား ဆောက်ဖို့ အရပ် ထဲမှာ ကျွန်တော်မျိုး မြောခဲ့ တာ များပါဘိ၊ ဒါကြောင့် ဆုငွေ တဝက် ရထိုက်ပါတယ်
လက်တွေ့ တည်ဆောက် ရာမှာ သူမပါဝင်တာမို့ ဆုငွေ မရထိုက်ပါ.
ခေတ္တ စောင့်ကြဦး.... ယခုပင်ပြန်လာမည်
မြို့ဝန်ဟာ သူ့တပည့်တဦးဆီသွားပြီး
ဖြိုဖျက်ရမည့် တင်းကုပ် တခုရှိသည်မဟုတ်လော
ကျွန်ုပ် အိမ်ပေါက် ရောက်သည်နှင့်ယင်း တင်းကုပ်ကို မီးရှို့ လိုက်ပါလေ.
တပည့်ဖြစ်သူဟာ မြို့ဝန် မှာကြားတဲ့ အတိုင်း လိုက်နာဆောင်ရွက်တယ်။


မြို့ဝန်က မသိဟန်ပြုပြီး အော်ဟစ်တယ်။
အလို.. မီး.. မီးတွေ.. မီးလောင်နေဘိ..
ညီငယ်.. လာပေါ့ မီး သွားသတ်ရမယ်
အောင်ဘော်တို့ ညီအကိုဟာ မီးလောင်ရာကိုသွားပြီး အားကြိုးမာန်တက် ငြိမ်းသတ်ကြတော့တယ်။
ရေနဲ့ များများပက်ကြ.. အမိုးတွေဖျက်ချ ဟဲ့ ရေလိုသေးတယ်... ရေ....
မောင်မြကတော့ မီးလောင်တဲ့နေရာက ဝေးဝေးမှာ နေပြီး အော်ဟစ် အမိန့်ပေးနေတာဘဲတဲ့။
အင်း.. ဆုံးဖြတ်ရန် အဖြေရပေပြီ..




မီးငြိမ်းသွားပြီးနောက် မြို့ဝန်ဟာ လူအားလုံးကိုခန်းမထဲမှာ ပြန်လည်စုရုံးစေတယ်။ ပြီးတော့–
ကျွန်ုပ် အမိန့်ချမှတ်မည်.
မောင်မြ.. ယခု မီး လောင်စဉ်က သင်အော်နေရုံဖြင့် မီးသည်ငြိမ်းမသွား
ဤ ညီအကို နှစ်ယောက် ငြှိမ်းသတ်ရသော မီးသည် ငြိမ်းအေးသွားသည်မှာ လက်တွေ့ပင်ဖြစ်သည်
ထိုအတူ တန်တားကိစ္စ၌ သင်သည် မြော်ရုံသာရှိသည်၊ လက်တွေ့ဆောက်လုပ်ခဲ့သူမှာ ထိုညီအကိုပင်ဖြစ်သည်
ထို့ကြောင့် ဤဆုငွေမှာ သင် တပြားတချပ်မျှ မရထိုက်ပေ....
လေအားသာရှိတဲ့ မောင်မြဟာ လုပ်အားကောင်းသူကို အရှုံးပေးလိုက်ရတော့တယ်။


ဟိုက်
လါဟာ --- ချော့သွါး မီး၇အောင်
ဟင် အင်း
ဟဲ .. နင့်ယော်ါင်းဘိ ပေါက်ကျန်လိမ့်မယ်
ပေကျန်ယင် မေမေ ချော့ပေးလိမ့်မယ် ... ဟဲ --- ဟဲ
အားဟူး
ရှိမ်ဘဲ ---
ဟိုက် အေခင်းဘိ ပြဲသွားပြီ ---
အေး .. ပေကျန်ယင် နင့်မေမေက ချော့ပေး မှာပေါ့ . ဒါပေမဲ့ ခုလို ပြဲသွားတော့ ချော့မပေးဘဲ ရိုက်မှာပေါ့ဟ ---
ဖိုး



# ဘောလုံး သမိုင်း

ရေး ★ စောဝင်းမောင်
ပုံ ★ [illegible]







ဘတ်စကက်ဘော၊ တင်းနစ်၊ ကရစ်ကက်၊ ဂေါက်သီး၊ ဟော်ကီ၊ ပိုလို စသော ကစားနည်းမျိုးစုံမှာ ဘောလုံး သို့မဟုတ် လုံးဝိုင်းသော အရာဝတ္ထုကို အသုံးပြု၍ ကစားရသော ကစားနည်းများ ဖြစ်ကြသည်။ မြန်မာတို့၏ ခြင်းခတ် ကစားနည်းသည်လည်း ဘောလုံးကစားနည်းမျိုးတွင် ပါဝင်သည်။

ဘောလုံးကို အသုံးပြု၍ ကစားနည်းများသည် ကမ္ဘာဦးလူသားတို့လက်ထက်ကပင် စတင်ခဲ့သည်။ ကျောက်ခေတ်အခါက ကလေးလူငယ်တို့သည် ကျောက်လုံးများကို တဖက်နှင့်တဖက် ပစ်ဖမ်းကစားကြသည်။ မတော်တဆ ထိမိလျှင် အန္တရာယ်ဖြစ်နိုင်သောကြောင့် မြက်ပင်များ၊ ကောက်ရိုးများကို ကြိုးဖြင့် ရစ်ပတ်လုံးထွေးပြီး ဘောလုံးသစ်တမျိုးကို တီထွင်ကြပြန်သည်။ နောင်အခါ သားရေကြမ်းကို အသုံးပြုလာသည်။ သားရေထဲ၌ ငှက်မွေး၊ သိုးမွေးများကိုထည့်၍ အလုံပိတ်ချုပ်ခြင်းဖြင့် ယခုခေတ် သားရေဘောလုံး၏ အခြေခံဘောလုံးကို တီထွင်နိုင်ခဲ့ကြသည်။

ဤကစားနည်းကို ဂရိ၊ ရောမနှင့် အီဂျစ်တို့ ကစားခဲ့ကြသည်။ ပထမတွင် ဘောလုံးတလုံးသာမက ဘောလုံးအများဖြင့် ကစားကြသည်။ နောင်အခါ ယခုခေတ်ကဲ့သို့ ဂိုးသွင်းကစားနည်းကို သိရှိလာကြသည်။





ရောမခေတ်က ကြေးစား ဘောလုံးအသင်းများပင် ရှိခဲ့သည်။ ရောမ စစ်သည်တော်များမှတဆင့် ဘောလုံး ကစားနည်းသည် ဥရောပသို့ ပြန့်ပွားလာသည်။ ထိုမှ အိန္ဒိယ၊ ပါရှား၊ တရုပ်နှင့် ဂျပန်တို့သို့ ရောက်လာသည်။




မက္ကဆီကိုမှ ရှေးဦး အက်တက်လူမျိုးများသည် နှစ်ပေါင်းများစွာကပင် ဘတ်စကက်ဘောကစားနည်းကို တီထွင်ခဲ့ကြသည်။ ထိုစဉ်က ရော်ဘာဘောလုံးကို သုံးသည်။

ဘောလုံးကို ခြေဖြင့်ကန်၍ ကစားနည်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ခန့်က အင်္ဂလန်နိုင်ငံမှ စတင်ခဲ့သည်။ ဘောလုံးကစားရာတွင် ရပ်ဗီကစားနည်း၊ ဆော့ကား ကစားနည်းဟူ၍ ရှိသည်။ ရပ်ဗီနည်းကို အင်္ဂလန်နိုင်ငံ ရပ်ဗီမြို့မှ စတင်ခဲ့၍ မြို့အမည်ဖြင့် ခေါ်သည်။ ဤနည်းတွင် ဘောလုံးကို ခြေထောက်ဖြင့် ကန်၍၎င်း၊ လက်ဖြင့် ပုတ်ခတ်သယ်ယူ၍၎င်း ကစားနိုင်သည်။ ဤနည်းကို အမေရိကန် ဘောလုံးကစားနည်း ဟူ၍လည်း ခေါ်သည်။




ဆော့ကားကစားနည်းမှာ ဘောလုံးကို ခြေဖြင့်သာကန်ရသော ယခုခေတ် ကမ္ဘာ့သိကစားနည်းဖြစ်သည်။ ဤနည်းသည် အလယ်ခေတ် အင်္ဂလန်နိုင်ငံ၌ တမြို့နှင့်တမြို့ အကြိတ်အနယ် ပြိုင်ဆိုင်ကစားကြရာမှ စတင်ခဲ့သည်။

ကရစ်ကက်၊ ဘေ့စ်ဘော စသည့် ဘောလုံးနှင့်ဘက်တံကို အသုံးပြု ကစားနည်းများမှာလည်း အလယ်ခေတ်ကပင် စတင်ပေါ်ပေါက်ခဲ့ကြပေသည်။






အနိုင်ကျင့်ချင်သူ
ကာတွန်းမြမြ ရေးဆွဲသည်
ဟာ-ဟိုမှာ ခေါ်ကြက်မ-ပါလား ငါသူ့ကို-ခြောက် အုံးမှ
ဝုတ်-ဝုတ် ဝုတ်
အမလေးတော့-
ဝုတ်-ဝုတ်- ဟားဟား
ကယ်ကြပါ တော့-ခိုး
ငါ့ကိုကြောက် ကြသားဘဲ ဟားဟား
ဟေ့-ဟေ့- မြေးကြ-မြေးကြ ခွေးပု ရူးလာသလား မသိဘူး
ဟေ့-ခွေးပု-ခွေးပု မလုပ်နဲ့လေ-


ဝုတ်-ဝုတ် ဝုတ်-
ဟာ- ခွေးပုတော သွန်ပြီ-
ကြက်မတွေ- ငါ့ကို တကယ် ကြောက်ကြတာဘဲ ဟဲဟဲ-ဟဲ
ဟား ဘဲတွေ- သူတို့လဲ ငါ့ကိုကြောက်ကြ မှာဘဲ- အင်းစမ်းကြည့်မယ်
ဝုတ်-ဝုတ် ဟားဟားဟား
ကွတ် ဂတ်
ဂတ်-ဂတ်
ဟော-ကိုငန်း ပါလား ခုသူလဲ-ငါ့ကိုကြောက်ရှာမှာဘဲ ကဲ ချောက်လိုက်အုံးမှ-
ဝုတ်-ဝုတ် !


ဘာ-ဝုတ်ဝုတ်လဲ နင်လုပ်နေတာတွေ ငါအကုန်မြင်တယ်
ဗျာ
ကဲ— ရော့ပေတော့
အမလေးဗျ
ဟာ- ဟိုကွ
နင်-ငါ့ကို ချောက်မလို့ လား ချောက်လေ
နင်မချောက်ယင် ငါချောက်မယ်- ကဲဟယ်
အလိုလေး ကြောက်ပါပြီဗျ
အိုး- ငါနိုင်တဲ့သူတွေအများကြီး ရှိသလို-ငါ့ကိုနိုင်တဲ့သူတွေလဲ အများကြီးပါလား
နောင်တရသွားပြီလား- ပတ်ဝန်းကျင်ဆိုတာ ဒီလိုချည်းပဲပေါ့- အားလုံးရဲ့အဆင်ပြေ အောင်နေရတယ်ကွ
ဖြိုး




# ကြယ်ပျံဆိုသည်မှာ အဘယ်နည်း

ကြယ်ပျံဆိုသည်မှာ အမှန်ဆိုလျှင် ကြယ်မဟုတ်ပါ။ ယင်းတို့မှာ သတ္တု သို့မဟုတ် ကျောက်ခဲများဖြစ်ကြသည်။ ယင်းတို့သည် နေကို ကျွန်ုပ်တို့၏ ကမ္ဘာကဲ့သို့ပင် လှည့်ပတ်နေကြသည်။ အာကာသ လဟာပြင်တွင် ယင်းတို့သည် မရေမတွက်နိုင်အောင် များပြားစွာ ရှိကြသည်။ ယင်းတို့သည် ကမ္ဘာ့လေထုထဲသို့ အမြဲကျရောက်လာကြသည်။ ယင်းသို့ ကျရောက်လာစဉ် အရှိန်ပြင်းလွန်းသဖြင့် ကမ္ဘာ၏လေထုနှင့် တွေ့ထိပွတ်တိုက်မိသောအခါ တဖြည်းဖြည်း ပူလာရာမှ နောက်ဆုံးတွင် လောင်ကျွမ်းပြီး ပျောက်ပသွားသည်။

ကျွန်ုပ်တို့ ကြယ်ပျံကို မြင်ရသောအခါ ထိုကဲ့သို့ လောင်ကျွမ်းသွားသော သတ္တု သို့မဟုတ် ကျောက်ခဲကိုမြင်ရခြင်းသာ ဖြစ်လေသည်။

တက္ကသိုလ် ဖြူမြင့်

## မင်းသိပ်တော်တယ်






ဒေါင်– ဒေါင်– ဒေါင်– ဟူသော အိမ်ရှေ့ရှိ တိုင်ကပ်နာရီကြီး၏ အသံကြောင့် အိပ်ပျော်နေသော ကျွန်တော်သည် ရုတ်တရက် လန့်နိုးလာပါသည်။

ဟ– ၃ နာရီတောင် ထိုးသွားပြီကိုး၊ ဂျော့တို့ စောင့်နေတော့မယ် ဟု တကိုယ် ကြားညည်းညူမိပြီး ကျွန်တော် အထုပ်အပိုး များ ကို ပြင်ဆင် ပါတော့သည်။ အထုပ်အပိုးများကို ပြင်ရင်း ဤသို့ ပြောင်းတွေးတောမိပါသည်။

ကျွန်တော်၏မိဘများသည် ကျွန်တော့်ကို အကြောင်းမရှိပဲ ဆူပူ ရိုက်နှက်ကာ အလုပ်လုပ်ခိုင်း၊ စာကျက်ခိုင်းနေသည်ဟု ထင်မှတ်ပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် ဂျွန်၊ ဂျော့၊ ရစ်ချတ် စသည့် သူငယ်ချင်း တသိုက်သည် အိမ်မှထွက်ပြေးပြီး၊ ဤနံနက် ၃ နာရီခွဲတွင် ဗန္ဓုလပန်းခြံ၌ ဆုံကြဖို့ တိုင်ပင်ချိန်းချက် ထားခဲ့ကြပါသည်။

ယခုအချိန်တွင် တအိမ်သားလုံးအိပ်မောကျနေကြပါသည်။ အပြင်သို့ လှမ်းကြည့်လိုက်သော အခါ မိုးခပ်ဖွဲဖွဲ ရွာနေ သဖြင့် ကျွန်တော်သည် အဝတ်အစားများ ရေစိုကုန်မည်စိုး၍ လွယ်အိတ်ထဲမှ သားရေအိတ်အတွင်းသို့ ပြောင်းထည့်ကာ မိုးကာအင်္ကျီကို ဝတ်လိုက်ပြီး အပြင်သို့ ထွက်ရန် ဟန်ပြင် လိုက်ပါတော့သည်။ သို့သော် တခုကိုသတိရသဖြင့်အိပ်ရာဆီသို့ ပြန်သွားပြီး လူအိပ်နေသကဲ့သို့ ဖြစ်အောင် ဖက်လုံးကို ခေါင်းအုံးပေါ် တင်ကာ အပေါ်မှ စောင်ခြုံထားလိုက်ပါသည်။

ထို့နောက် ကျွန်တော်သည် ပြူတင်းပေါက်ကို အသာ ဖွင့်၍ ကျော်ထွက်ကာ လမ်းမပေါ်သို့ ဆင်းလိုက် ပါတော့သည်။

ကျွန်တော်သည် ဂျော့တို့ထံ အလျင်အမြန် ရောက်လိုသည် ဖြစ်၍ လမ်းကို လျင်မြန်စွာ လျှောက်ခဲ့၏။ ထိုစဉ် လမ်းမပေါ်၌ လူ သုံးလေးယောက်ကို တွေ့ရပါသည်။သူတို့သည်လမ်းမတလျှောက် တံမြက်စည်း လှဲနေကြပါသည်။သူတို့ကို ကျွန်တော်သည် အစက လူကြီးများဟု ထင်ခဲ့မိ၏။ အနီးသို့ ရောက်မှ ကျွန်တော့် အရွယ် လူငယ်ကလေးများ ဖြစ်နေကြသည်ကိုတအံ့တသြ တွေ့မြင် ရပါသည်။ ထိုအထဲမှ တယောက်က –

"တာတီးရေ – မြန်မြန်လုပ်ကြစို့ကွာ၊ ငါ စာကျက်ရအုံးမယ်" ဟု ပြောလိုက်ပါသည်။

ထို စကား သည် ဘာမျှ မဆန်း ကြယ်ပါ။ သို့သော် အဓိပ္ပာယ်ရှိလှပါသည်။ သူတို့သည် အလုပ်လုပ်ရင်း ပညာကို ခက်ခက်ခဲခဲ ရှာဖွေကြရသည်။ ပညာကို မရအရ လိုချင်စိတ်ဖြင့် ရှာမှီးနေကြသည်။ ပညာကို တန်ဖိုး ထားတတ်ကြသည် စသည် စသည်တို့မှာ ထိုစကားလုံးမှ ထွက်ပေါ်လာသော အဖြေများပင် ဖြစ်ပေသည်။ သို့

သော် ကျွန်တော်သည် ထိုကဲ့သို့ မတွေးတောခဲ့၊ မစဉ်းစားခဲ့၊ ထို့ကြောင့် နား မလည်ခဲ့၊ သဘောမပေါက်ခဲ့။

ရှေ့တွင် မီးတထိန်ထိန်ဖြင့် အကြော်ဖိုတခုကို တွေ့ရ၏။ အကြော်ဖိုတွင် သားအမိ နှစ်ယောက်ကို တွေ့ရသည်။ အမေဖြစ်သူမှာ အသက် ၄၀ အရွယ်ခန့်ရှိ၍ သားမှာမူ ကျွန်တော် ထက်ပင် ငယ်ပုံရပါသေးသည်။ အကြော်ဖို အနားသို့ ရောက်သွားသောအခါ–

"သား – အိပ်ရေးပျက်နေမယ်၊ သွားအိပ်ချေတော့လေ"

"ရပါတယ်မေမေ၊ သား မအိပ်ချင်ပါဘူး"

"သား ပင် ပန်း လှ ပါ ပြီကွယ်"

"မပင်ပန်းပါဘူး မေမေရယ်၊ ဘဝရဲ့ဒဏ်ကို ကြံ့ကြံ့ခံနိုင်အောင် ငယ်ငယ်ကတဲက လေ့ကျင့်မှု ရှိရမယ်၊ မခံနိုင်တဲ့ သူတွေဟာ လမ်းသရဲ ဖြစ်သူဖြစ်၊ လူဆိုးလူပေတွေ ဖြစ်သူဖြစ်ကုန်ကြတယ်လို့ မေမေဘဲ ပြောဘူးတယ်မဟုတ်လား။ ဒါကြောင့်မို့ လေ့ကျင့်တဲ့ အနေနဲ့ နေတာပါ မေမေရယ်"

ကျွန်တော့် ထက် အသက်ငယ် သူက ကျွန်တော့် ထက် အသိဉာဏ်ရင့်သူ ဖြစ်နေပြီ တကား။ ထိုစကားများသည် လူ၏နှုတ်ဖျားမှထွက်သောစကားပင် ဖြစ်လင့်ကစား ကျွန်တော့် အတွက်မူ လုံ့သွားကဲ့သို့ ထက်မြက်လှပေသည်။ ကျွန်တော်သည် ဤစကားများနှင့် စောစောက ကြားခဲ့သော စကားများကို ဆက်စပ်ပြီး တွေးတောမိပါသည်။ ထိုအခါ အသိဉာဏ်ဝင်လာပါသည်။ ထိုအခါ စောစောက ကျွန်တော်၏ ပျော်ရွှင်နေ မှုသည် တဖြည်း ဖြည်း ပျောက်ကွယ် သွား ပါတော့သည်။

ကျွန်တော် အဖြေ တွေ့ပါပြီ။ ထိုအဖြေကား လူတိုင်းသည် အ လုပ် လုပ် သင့် သည်။ အလုပ် မလုပ်သူသည် လူ့ဘဝအတွက် တာဝန် မကျေသူသာ ဖြစ်သည်။ လူတိုင်းသည် ငယ်ငယ်ကစ၍ လေ့ကျင့်မှုများ ရှိသင့်သည်။

ချက်ချင်း ပင် ကျွန်တော်သည် လာလမ်းအတိုင်း ပြန်လှည့်လာခဲ့ပါတော့သည်။ အိမ်ရောက်လျှင် ကျွန်တော်၏ အမှား အားလုံးကိုဝန်ချ တောင်းပန်မည်၊ ကျွန်တော် စာကြိုးစားမည်။ အိမ် အလုပ်များကို ဝင်လုပ်မည်။ ဤဆုံးဖြတ်ချက်များစွာကို ဖြစ်စေသော အသိဉာဏ် ဝင်လာသည်နှင့် အမျှ ကျွန် တော်၏ စိတ်သည် ပြန်လည်၍ ရွှင်လန်း လာပါသည်။ သို့သော် စောစောက ရွှင်လန်းခြင်းနှင့် ယခု ရွှင်လန်းခြင်းသည် လုံးဝမတူပါ။ အတုနှင့်အစစ် ကွာခြားသကဲ့သို့ ဖြစ်ပါတော့သည်။

## စာဆိုတော်နေ့

တောင်ကျစမ်းရေ စီးတွေတွေ့၊
မဲဇာမြိုင်တောခြေ။

အေးရိပ်ဝေလို့ နှင်းမှုန်ကျ၊
သဇင်သင်းထုံမြ။

ရှေးကစာဆို သူတို့လို၊
တောဘွဲ့တောင်ဘွဲ့ဆို။

နှစ်လိုဘွယ် သဘာဝ၊
ကဗျာရေးစီကြ။

ဘဝအမြင် မှတ်တမ်းတင်၊
ပုံပြင်လေးတွေဆင်။

စိတ်ရွှင်ရွှင် စီကာရေး၊
ပညာဉာဏ်ရောင်သွေး။

ကဗျာတေးဘွဲ့ သီဆိုပါ၊
ပုံပြင်ပြောပြပါ။

ဉာဏ်ပညာနှင့် စာပေဆု၊
နှစ်စဉ်နှစ်တိုင်း တို့ဂုဏ်ပြု။ ။

ဖိုးလမင်း



R. 517



ဒေသာင်းစု (သုစတာသန)

# ငမန်းစွယ်သည်(ခုတ်ငမန်း)

ဤငမန်းမျိုး၏ ထူးခြားချက်မှာ ယင်းတို့၏ နှာရောင်ပိုင်း သို့မဟုတ် အပေါ်နှုတ်ခမ်းသည် ရှည်လျားလှသော အပြားချပ်ကြီးသဖွယ် ဖြစ်နေခြင်းပင် ဖြစ်သည်။ ယင်းအပြားချပ်ပေါ်တွင်မှ အစွယ်သဖွယ် သွားများက စီတန်း၍ တဖက်တချက်စီ ပေါက်နေကြသည်။ ထိုအစွယ်ဖြင့် ရန်သူများကို ခုတ်တတ်သည်။ ဤငမန်းမျိုးကို မြန်မာ့ပင်လယ်ပြင်တွင် တွေ့ရသည်။ ယင်းတို့သည် အများအားဖြင့် ပင်လယ်ပြင်အောက်ရှိ ရွှံ့နွံများနှင့် မှော်ပင်များအကြားတွင် နေထိုင်ကျက်စားတတ်ကြ၏။ အဘယ်ကြောင့်ဆိုသော် ထိုနေရာမျိုးတွင် ယင်းတို့၏အစာဖြစ်သည့် သတ္တဝါများကို ပေါများစွာ တွေ့ရသောကြောင့် ဖြစ်သည်။

ဤငမန်းမျိုး၌ ကြောက်တတ်သော သဘာဝရှိသော်လည်း ထိတ်လန့်သွားသည့်အခါ၌ဖြစ်စေ၊ ရန်သူကိုခုခံရာတွင် ဖြစ်စေ ယင်းတို့သည် အလွန်ကြောက်စရာ ကောင်းလောက်အောင် ကြမ်းကြုတ်တတ်ကြ၏။ ဥမအုပဲ အကောင်လိုက်မွေးတတ်သဖြင့် မိခင်ငါးမကြီးကို အန္တရာယ်မဖြစ်စေရန် ငါးသားပေါက်ကလေးများတွင် သွားများမြုပ်ကွယ်နေတတ်သည်။ မွေးဖွားပြီးမှသာ သွားများ တဖြည်းဖြည်း ကြီးမားလာသည်။ အကြီးဆုံးအကောင်မှာ ပေ ၂၀ ခန့် အထိ ရှည်နိုင်၏။ယင်းတို့၏အသားကို စားသုံးနိုင်၍ ယင်းတို့မှ ဆေးဖက်ဝင်သည့် ငါးကြီးဆီကိုလည်း ရရှိသည်။



ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၄၀။

# ရွှေသွေး ဂျာနယ်

# ဝဂခိုက် ပြည့်ချင်ဖြူ

ပန်းချီ ဦးဘကြည်

ဇာတ်လမ်း မောင်စိုးမွန် (တက္ကသိုလ်)


၁၃၃၅ ခု၊ နတ်တော်လဆန်း ၇ ရက် (၁-၁၂-၇၃)





ဂဇင်နေဝင်း ထုတ်ဝေသည်။


တနင်္ဂနွေနေ့တနေ့တွင်
ဖေဖေ — ဖေဖေကော်
စက်ရုံကို သွားပြီလေ သား
ဒီနေ့ အလုပ်ပိတ်တဲ့နေ့ဘဲ၊ ဘာလို့ သွားတာလဲ ဟင် —
လုပ်အားသွားပေးတယ်လေကွယ် —
ထိုစကားကို ကြားလျှင် ကျွန်တော်သည် စိတ်ထဲ၌ မကျေမနပ်ဖြစ်ပြီး ငိုင်နေမိ၏။
ဖေဖေ ကလဲ ဘာမှန်းလဲ မသိဘူး။ ဒီနေ့ ရုပ်ရှင် သွားမယ် ဆိုပြီး..... အခုတော့ စက်ရုံသွား သတဲ့။
ဖေဖေတော့ သိရောပေါ့ —
သူ့ပြန်လာမှ စိတ်ကောက်နေမယ်
နေ့လယ်တွင် ဖေဖေပြန်ရောက်လာလျှင်
ဟဲ ---- ဒီကောင် စိတ်ကောက် နေပြီ ထင်တယ်
ရုပ်ရှင် မသွား ရလို့ ဖြစ်မှာ ဘဲ
ကျွန်တော့်အနား ကပ်လာလေသည်။
သားရယ်---ရုပ်ရှင်ဆိုတာ ဘယ်တော့ ကြည့်ကြည့်ရတယ် ဘဲ၊ ဖေဖေတို့ရဲ့ ဒီနေ့ လုပ်အားပေးပွဲက မိုပြီးအရေးကြီး တယ်ကွ.... သားတို့အတွက်ပါ ပါတယ်လေ ....
တော်ပါ - ဖေဖေ ကလဲ - လုပ်အားပေးတာနဲ့ - သားတို့နဲ့ မဆိုင်ဘဲနဲ့ သားတို့ အတွက်ပါ ပါတယ်လေတွေ ဘာတွေနဲ့.
ဟဲဟဲ - ဟဲဟဲ ခဏနေအုံး
ဖေဖေသည် ရေမိုးချိုး၍ ထမင်းစားပြီး နောက် ကျွန်တော့်ထံပါး လာပြန်၍
သား ...... သေသေချာချာ နားထောင်.... ဒီနေ့ ဖေဖေတို့ရဲ့ လုပ်အားပေးပွဲ အကြောင်း-ပြော ပြမယ်။ နားထောင်ပြီးမှ ဖေဖေ့ကို-စိတ်ဆိုးသင့်သလား မဆိုးသင့်ဘူးလား ဆိုတာ စဉ်းစားကြည့်ပေါ့ - ဟုတ်လား ..........


.....ဟောဒီမှာတွေ့လား။ အခုရက်အတော
အတွင်းမှာ - စက်ရုံတွေ - အလုပ်ရုံတွေ ဟာ -
ဖေဖေတို့လိုဘဲ လုပ်အားပေးပွဲကြီးတွေကို
အင်တိုက် အားတိုက် - လှိုက်လှိုက်လှဲလှဲ -
ဆောင်ရွက်နေကြတယ်
.......
.....ဖေဖေတို့ လုပ်အားပေးတာဟာ -
မြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ကြိုဆိုထောက်
ခံတဲ့ အနေနဲ့ တက်တက်ကြွကြွ လုပ်အား
ပေးခဲ့ကြတာဘဲ-
ဘာတွေ
လျှောက်ပြော
နေတာလဲ
မသိဘူး
ပြည်လုံး ဆန္ဒ ဆိုတာက - ဘာလဲ
မြည်လုံးကျွတ်
ဆန္ဒ ခံယူပွဲ - ပါကွ။
အဲဒါဟာ - ဖေဖေတို့
နိုင်ငံမှာ အခု
ထူးခြားတဲ့
လုပ်ငန်းကြီး
တခုကို...
........
.....ဖေဖေတို့ အလုပ်သမားတွေ - လယ်
သမားတွေ အပါအဝင်.....
.... တမြည်လုံးမှာရှိတဲ့ လူတွေ အားလုံး က
ဝိုင်းဝန်း လုပ်ဆောင်နေကြတဲ့.....
...ဒီလုပ်ငန်းကြီးဟာ - ဘာလဲဆိုတော့
နောင်လာမယ့် အချိန်တွေမှာ......


.....ဖေဖေတို့ ဘယ်လိုအုပ်ချုပ်မယ်.....
...., ဘာတွေ လုပ်ကြမယ်......
....., ဘာတွေကို ရှောင်ကြရမယ် ဆိုပြီး...
....ဖေဖေတို့ စိတ်ကြိုက် - ဥပဒေ - တွေကို ထိုင်းပြီး - အကြံပေး ရေးဆွဲနေကြတယ်လေ..
....အဲဒီ - ဥပဒေတွေကို - အကြမ်းရေးဆွဲပြီး ပထမ - တခါ - ဖေဖေတို့ အကြံပေး ဆွေးနွေး ခဲ့ကြပြီးပြီ.......
အလံတော် မှတ် - ၁ - ကို ဝေဖန်ရမယ် × × × × × × × ×
...အဲဒီ ဆွေးနွေးကြတဲ့ အကြံတွေကို ထပ်သွင်း စဉ်းစားပြီး - ပိုမိုပြည့်စုံတဲ့ - ဒုတိယ မူကြမ်း ကိုလဲ - ဒုတိယ အကြိမ် - ပျော့ကွက် - ဟာကွက် တွေ ဖြည့်စွက်ဖို့ - အကြံပေး ဆွေးနွေးခဲ့ ပြီးပြီ.......
နည်း ဥပဒေ - ၂၄ - အပိုဒ် - ၃ - မှာ × × × × × × × × × × × ×


....အဲ...အခု-သုံးကြိမ်မြောက် ချကြမယ့် ဥပဒေ ကိုတော့ ထိတိကျကျ - မဲပြားတွေ သုံးပြီး ဖေဖေတို့ အတည်ပြုကြမယ်.......
... ဒီဥပဒေကို ကျေနပ်တယ် - ကြိုက်ပြီ ဆိုယင် ထောက်ခံ မဲပေးပေါ့.........
ထောက်ခံသည်
...တယောက်ချင်း သဘော မတူဘူး ဆိုယင်လဲ - ကန့်ကွက် မဲပေးပေါ့......
ကန့်ကွက်သည်
ကန့်ကွက်သည်
....အဲဒီလို မဲဆန္ဒပေးတဲ့ အခါ မှာလဲ တယောက်ထဲ - ဘယ်သူမှ မမြင်ရ အောင် လျှို့ဝှက်မဲ ခန်းထဲမှာ မဲပုံး ထားပေးမှာပဲ......
...အဲဒီ မဲပေးပွဲတွေကို - တနိုင်ငံလုံးမှာ ကျင်းပပြီး - လူတိုင်း လူတိုင်းရဲ့ ဆန္ဒယူပွဲ ကို ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲ - လို့ ခေါ်တယ် သားရဲ့..
..ဖေဖေတို့ တတွေ ဝိုင်းပြီး ဆွေးနွေးခဲ့ကြတဲ့ ဥပဒေတွေမို့ - အခု အတည်ပြုမဲ့ ပွဲကို ဖေဖေတို့က လိုက်လိုက်လဲလဲ ကြိုဆို ကြတာပေါ့။


အော်…ဒီလိုကိုး
ကျောင်းကျ ယင် ဘသိန်းတို့၊ တင်မောင် တို့၊ ကျော်ထွန်းတို့၊ ဘတုတ်တို့၊ ဝင်းမောင် တို့၊ အေးမောင် တို့ ကို မြောမှ ရအုံးမယ်
ဖေဖေ ပြောတဲ့ အထဲမှာ သားတို့အတွက် ပါ- ပါတယ်လေ - ဆိုတာက ဘယ်လိုပါတာလဲ
ပါတာပေါ့ သားရဲ့ ။ ဒီဇင်ဘာလ-၁၅-ရက်က -၃၀ - ရက် အတွင်းမှာ - တနိုင်ငံလုံးမှာ မဲဆန္ဒပေးပွဲတွေ ကျင်းပမယ်လေ … တိုင်းအလိုက်-မြို့နယ် အလိုက်- ရပ်ကွက်အလိုက် - - - - -
…မဲတွေ ရေတွက်ကြည့်ပြီး - သဘောမှုတဲ့ ထောက်ခံမဲကများယင် …ဖေဖေတို့ ရိုင်းဆောင်ရွက်ထားတဲ့ ဥပဒေကို - အတည်ပြုပြီး - - - -
… အဖွဲ့တန်း ဒီဥပဒေ ထဲက အတိုင်း ပြုလုပ်သွားကြမယ်လေ - - - -
××× ဒီကိစ္စမှာ ဒီ ဥပဒေအတိုင်း လုပ်ကြရမယ်
ဟုတ်ကဲ့



.....ဒီလိုဆောင်ရွက်တဲ့ အခါမှာလဲ - အခု ခဏ သားမဟုတ်ဘူးကွဲ့။ ဖေဖေတို့ - အသက် ကြီးပြီးသေသည်အထိ သားမကဘူး ......
....သားတို့ လူကြီးဖြစ်လာတော့လဲ - သုံး ရမှာဘဲ။ သားတို့ရဲ့ သားသမီးတွေ - မြေး တွေ - မြစ်တွေ - တီတွေ ထိ သာမဟုတ် သေးဘဲ...
...အဲ - ပြည်ထောင်စု - ဆိုရှယ်လစ် - သမ္မတ နိုင်ငံတော်ကြီး တည်တံ့ နေသရွေ့ သုံး နေရမယ်ဆိုတော့ - သားတို့အတွက်ပါ - ပါတာပေါ့
ဟာ - တယ်ဟုတ် ပါလား၊ သားသား တို့ အတွက် - စေတနာ အပြည့်ဘဲ ပါလား။
ဖေဖေတို့မဲဆန္ဒပေးတဲ့ နေ့ကျယင် သား လဲ ပေးမယ်
သားကတော့ - မဲပေးလို့ မရသေးဘူး
ဟင် - ဘာဖြစ်လို့လဲ
နိုင်ငံတော်သား တဦးဟာ အသက် - ၁၈ - နှစ်ပြည့်မှ — ရူးသွပ် နေသူ မဟုတ်မှ — တရား သက်သက် - အားထုတ် နေတဲ့ - ဘုန်းကြီး - မယ်သီလရှင် မဟုတ်မှ — မဲပေးလို့ရတာ . . .
ဒါဖြင့် - အိမ်က - မမကြီး ဆိုယင်မဲ ပေးခွင့် ရှိတာပေါ့နော်
ဒါပေါ့ - မင့်မမကြီးက - ၁၈ - နှစ် လဲပြည့်ပြီဘဲ၊ ရူးလဲမရူးဘူး၊ သီလရှင်လဲမဟုတ်ဘူး။ ဒီတော့ မဲပေးခွင့် ရပါတယ်
ဗွီး .........
ငါနဲ့နော် - ဒီပွဲကြီးကို ဝင်နွှဲ ချင်လိုက် တာ။ ၁၈ - နှစ်ပြည့်ယင် ဘယ်လောက်များ ကောင်းလိမ့် မလဲ . . . .

# တမူထူးခြား လှည်းယာဉ်များ





ဘီးတပ်ထား၍ တိရစ္ဆာန် သို့မဟုတ် လူဆွဲသော လှည်းယာဉ်အမျိုးမျိုးကို ကမ္ဘာ့အရပ်ရပ်တွင် ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် တွေ့မြင်နိုင်လေသည်။

၁။ ဗယ်လဂျီယမ်၊ ဟော်လန်နှင့် လူဇင်ဗတ်နိုင်ငံတို့တွင် ခွေးဆွဲသော လှည်းကလေးများကို အသုံးပြုကြ၏။ ယင်းလှည်းဖြင့် နွားနို့နှင့် အခြားသီးနှံတို့ကို ဈေးသို့သယ်ဆောင်ကြသည်။





၂။ မြန်မာနိုင်ငံ၌ ယခင်က ပြေးဆွဲခဲ့သော လူဆွဲသည့်လှံချားမျိုးကို ဂျပန်နိုင်ငံ၌လည်း နှစ်ပေါင်းများစွာ အငှားယာဉ်အဖြစ် သုံးစွဲခဲ့သည်။





၃။ အိန္ဒိယနိုင်ငံ၌ အသုံးပြုသော သစ်သားဘီးတပ် လှည်းသည် နွားဆွဲသော လှည်းတမျိုးပင်ဖြစ်၏။

၄။ ဝါးပေါင်းမိုးပါရှိသော ကုလားအုပ် ဆွဲသည့် ခရီးသည်တင် လှည်းကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အနီး၌ တွေ့မြင်ရသည်။





၅။ နှစ်ကာရာဇ္ဇ ါရှိရေစည်လှည်းတို့သည် မြန်မာနိုင်ငံမှ ရေစည်လှည်းနှင့် ခပ်ဆင်ဆင်ဖြစ်သည်။




ရေး - စိုးလွင်မြင့်


ပန်းချီ - ဦးအေးပေါင်




၆။ နော်ဝေးနိုင်ငံမှ ပက်လက်မြင်းရထားသည် ရှုခင်းကြည့်ရင်း ခရီးသွားရန် ကောင်းသော လှည်းတမျိုးဖြစ်၏။





၇။ ဂျာမားကျွန်းမှ ဝါးအမိုးအကာနှင့် နွားလှည်းသည် တမူထူးခြား၏။ ယင်း၏ ထမ်းပိုးအလယ် သို့မဟုတ် လှည်းဦးတွင် တိုင်ခပ်ရှည်ရှည် တတိုင် စိုက်ထားရာ မကောင်းဆိုးဝါးတို့ မလာနိုင်ဟု ယုံကြည်ကြသည်။




၈။ တရုပ်နိုင်ငံရှိ ဘီးတဘီးတပ်လက်တွန်းလှည်းသည် ခရီးသည် တင်ဆောင်ရသော လှည်းဖြစ်သည်။

၉။ သီရိလင်္ကာနိုင်ငံရှိ ကောက်ရိုး ပေါင်းမိုးနှင့် နွားလှည်းသည် ပေါင်းမိုးမြင့်သည်မှအပ မြန်မာနိုင်ငံရှိ နွားလှည်းနှင့် အလားတူ ဖြစ်လေသည်။

၁၀။ လှည်းဘောင်တွင် အရုပ်များ ထုထွင်း၍ ဆေးရေးခြယ်ထားသော မြင်းလှည်း များကို စစ္စလီနိုင်ငံ၌ တွေ့မြင်နိုင်၏။ ကျောက်မီးသွေး တင်သော လှည်းကိုပင် လှပစွာခြယ်သထားခြင်း ဖြစ်ပေသည်။







ဖိုးဂျွေယုန်သည် တိတ်ဆိတ်ငြိမ်သက်သော မြေကွက်လေးတခုတွင် ဥယျာဉ်ခြံစိုက်ပျိုးခြင်းဖြင့် အေးအေးလူလူ သူတဦးတည်း နေသည်-
မောတာလဲ နားမလည် ×× ပန်းတာလဲ နားမလည်
လေကောင်းလေသန့်ရှုချင်စဖွယ် ဟာဂရစ်တိတ်ပါ သောအသီးအနှံများစားဖြီး ကျန်းမာရေးပြိုက် စားသဖြင့် တနေ့တခြား ဝဖြိုးလျက်ရှိ၏-
ဟောက်! ဒီလောက်အဆီအသားဖွံ့ဖြိုးနေတဲ့ ယုန်ကိုငါ့ရဲ့ အောင်ဖမ်းပြီး စားပြမယ် ကြိုးစားသောကွ - ဒါမှအသားတိုးမှာ - မင်းတို့ စားသုံးဖို့အတွက်ဘဲ - ဟီးဟီး
Oooo
ဟင်! ဝံပုလွေဖိုးဆိုးပါလား - ဖိုးဂျွေယုန် အိမ်နားမှာ ဘာလုပ်ဖို့ချောင်းနေတာလဲ မသိဘူး - ကြက်ဖ တော့တခုခုဘဲ - ဝံပုလွေဆိုတာမျိုး ပါကရက်စက်တဲ့နောက်မှာ ထိပ်တန်းကဘဲ
အမလေး! သူပြန်လှည့်လာပြီ - ချုံပုတ်ထဲဝင် ပုန်းနေမှ - တော်ကြာ အကြီးတခြား အသားတခြား ဖြစ်သွားအုံးမယ်



ဖိုးကြက်ဖကဖိုးရွှေယုန်ကိုသတိဝိရိယအမြဲရှိနေရန်ပြောပြသည်
ခုလိုလာပြောတာ အများကြီးကျေးဇူးတင်တယ်ဗျာ - ရော့ ခြံကထွက်တဲ့အသီးအနှံတွေ အိမ်မှာစားဖို့ယူသွားပါအုံး
ဒုက္ခရှာလို့ဗျာ
တနေ့တွင်ဖိုးရွှေယုန်အိပ်ပျော်နေခိုက်
ဟီးဟီး - ခု လိုအချက် ကောင်းတော့ ငမ်းတော့ ဘာတတ်နိုင်သေးလဲ
ဝံပုလွေဖိုးဆိုးကဖိုးရွှေယုန်ကိုအဝတ်ဖြင့် ထုပ်ပြီးတောထဲခေါ်သွားသည်
ဆီပြန်ဟင်း ချက်စားရမယ်
စိတ်မဆိုးပါနဲ့ဖိုးရွှေယုန်ရယ် ဝ-မင်းကတခြားယုန်တွေနဲ့မတူဘဲအဆီအသားဖိုးလဲတော့ ငါသွားရည်ကျမိတာလို့ - အဟဲ ဟွတ်
ဒုက္ခပါဘဲ - ငါ့လွတ်လမ်း မလွယ်ပါလား
ထိုအချိန်
ဖိုးရွှေယုန် - မျို့ဖိုးရွှေယုန် - ဟင်း အိမ်ထဲမှာလဲမရှိဘဲနဲ့ဘယ်သွားနေပါလိမ့်
ဟိုက် - ခုတင်နားမှာ ခြေရာတွေ
ကောင်တော့ဝံပုလွေ ကက်ထဲပါသွားပြီဘဲ - ငါ သေသေချာချာသတိပေးထားရက်နဲ့ဒီလို ဖြစ်ရတာစိတ်မကောင်းစရာဘဲ - သူကြီးဆီ သွားပြောမှ


ဝိုးခွင့်
ပု နို့သားမဆားရတာကြာသွားပြီ ဒီတ ဒါခပ်မြှက်မြှက်လေးအုပ် ထည့်လိုက်မယ်
ဒီတခါဖြင့်ဒုက္ခပါဘဲနော်
ဟိတ်ဝင်! ဝံပုလွေရတ်-သက်ထဲကခါးကို ချလိုက်ခမ်း-အသက်မသေချင်ယင်
ဖိုးရွှေယုန်ကိုချွတ်
ဟိုက်ရော
မဖြစ်ဘူးပေး၄!- ဒိုက်ါး
ဝံပုလွေဖိုးဆိုးမှာ ရေနွေးအိုးကိုတိုက်မိပြီး တကိုယ်လုံးအပူလောင်ကုန်တော့သည်-
ဖိုးရွှေယုန်ဘာဖြစ်သွားသေးလဲ
ဘာမှမဖြစ်ပါဘူး-ခင်ဗျား တို့အချိန်မှီလိုက်လာကြ တာကျေးဇူးသိပ်တင်တာဘဲ
ဟေ့-ဖိုးကြက်ဖ ဒီဝံပုလွေရတ်ကိုဖမ်းခေါ် သွားကြမယ်-ပရိကျမှ သူ့ကိုကျူးလွန်တဲ့ အပြစ်အရ ဒဏ်ခတ် ကြတာပေါ့
ကောင်းတယ်
ရုပ်ကွာအကြီးအကဲများ၏ဆုံးဖြတ်ချက် အရဝံပုလွေဖိုးဆိုးကိုရွာမှနှင်ထုတ်လိုက်ကြ သည်
ရွာသားအချင်းချင်းအပေါ်ဒီတ်ယုတ် မာမွေးတဲ့ကောင်မရှိတာဘဲ ကောင်းတယ်

# ကျောက်များ မည်သို့အသုံးဝင်သနည်း

သင်တို့သည် ကျောက်ခဲကလေးများ၊ ကျောက်တုံးကြီးများနှင့် ကျောက်တောင်ကြီး များကို မြင်ဘူးကြပေမည်။ ကျောက်ခဲကလေးများကိုလည်း ပစ်ကစားရန်အတွက်သာ အသုံး ကျသည်ဟု ထင်ကောင်း ထင်မိပေလိမ့်မည်။ အခြား ကျောက်တုံး ကျောက်တောင်များကိုမူ မည်သို့မျှ အသုံးမဝင်ဟု ယူဆကြပေမည်။

ယင်းသို့ယူဆလျှင် မှားလိမ့်မည်။ ကျောက်ခဲကလေးများကို လမ်းခင်းရာတွင်၎င်း၊ အင်္ဂတေမြေလုပ်ရာတွင်၎င်း အသုံးပြုနိုင်သည်။ ကတ္တရာလမ်းမကြီးများ၊ တိုက်နံရံများ၊ မာဘ်ခဲမီး တိုင်များ၊ တန်တားများ စသည်တို့တွင် ကျောက်စရစ်ခဲများ မပါ၍မဖြစ်ပေ။




အချို့ကျောက်များကို အချပ်လိုက်ခွဲ၍ အသုံးပြုနိုင်သည်။ အလွန်လှပသော အကွက် များပေါ်နေအောင်၊ ချောမွတ်နေအောင် ပြု လုပ်နိုင်သည်။

အချို့ကျောက်များကိုမူ လှပသော ရုပ် တုများ ထုလုပ်ရာတွင် အသုံးပြုကြသည်။

ကဏ္ဍသိုလ် မြမြင့်

## တွက်ဖို့မလိုသူ



# ၄ ဝါသနာကို တန်ဖိုးထားတတ်သူ

အောင်ကျော်ဦး



မောင်ညိုတွင် အစ်ကို နှစ်ယောက်နှင့် အစ်မ တယောက် ရှိသည်။ မောင်ညိုသည် တံဆိပ်ခေါင်း စုဆောင်းမှု ဝါသနာပါလေသည်။ ဝါသနာ ပါသည့်အလျောက် မောင်ညိုသည်နိုင်ငံအသီးသီးမှ တံဆိပ်ခေါင်းများနှင့် မြန်မာနိုင်ငံမှ တံဆိပ်ခေါင်းများကို ရသရွေ့ စုဆောင်း၏။ ထို့ကြောင့် နိုင်ငံခြားနှင့်မြန်မာနိုင်ငံ တံဆိပ်ခေါင်း အမျိုးမျိုး၊ အများ အပြား စုဆောင်းမိသည်။ တံဆိပ်ခေါင်း များမှာလည်း ပုံအမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ အရောင်အမျိုးမျိုး စုံလင်လှပေသည်။

မောင်ညိုသည် တံဆိပ်ခေါင်းများကို စာအုပ် တအုပ်တွင် သပ်ရပ်စွာ ကပ်ထားသည်။ မောင်ညိုအစ်ကိုနှင့် အစ်မတို့မှာ တံဆိပ်ခေါင်း စုဆောင်းမှု ဝါသနာ မရှိသဖြင့် မောင်ညို တံဆိပ်ခေါင်းစုဆောင်းခြင်းကို လှောင်ပြောင်ကြသည်။

"ညီလေးရာ မင်း တံဆိပ်ခေါင်းက ဘာမှလဲ အသုံးမဝင်ဘူး။ ဒို့ကတော့ ဗိုက်ထဲမှာ အစာစုတဲ့ ဝါသနာဘဲ ပါတယ်ကွ၊ ဟား....ဟား"

အစ်ကိုများက ပြောင်သော်လည်း မောင်ညို တယောက် အားမငယ်။ မောင်ညိုမှာ သူ၏ တံဆိပ်ခေါင်း အဟောင်းလေးများကို ကြည့်နေရလျှင် ပျော်သည်။ တံဆိပ်ခေါင်းအမျိုးမျိုး ထပ်ရလျှင် ပို၍ ပျော်ရသည်။

မောင်ညိုဖခင်မှာ ကုန်သည် တဦးဖြစ်၍ အနယ်နယ် အရပ်ရပ်နှင့် ဆက်သွယ်မှု ရှိသည်။ မောင်ညိုကျောင်းမှ ပြန်ရောက်လျှင် သူ့ဖခင်ထံသွား၍စာအိတ်များမှ တံဆိပ်ခေါင်း များကို တောင်းယူလေ့ရှိသည်။ ဤအလုပ်မှာ မောင်ညို၏ နေ့စဉ် အလုပ်ပင် ဖြစ်၏။

တနေ့ မောင်ညို တံဆိပ်ခေါင်း ခွာနေစဉ် –

"ဟေ့ – ညီလေး၊ မင်းအခု ခွာနေတဲ့တံဆိပ်ခေါင်းက လူတကာ မြင်ဘူးတယ်။ လူတကာမှာလဲ ရှိပါတယ်ကွ"

"အကိုရာ လူတကာမှာရှိပေမဲ့ ကျွန်တော့်မှာ ဒီတံဆိပ်ခေါင်း မျိုး များများရှိရမယ်၊ ဒါမှ လဲလှယ်ရမှာ"

"မင်းတံဆိပ်ခေါင်း ဘယ်သူမှ မလိုပါဘူး စိတ်ချပါ"

"ခုမလဲ ပေမဲ့ နောင် ကျွန်တော်တို့ကြီးလာတဲ့ အခါမှာ ဒီ တံဆိပ်ခေါင်းတွေက အဖိုးတန် အသုံးဝင်တဲ့ တံဆိပ်ခေါင်းတွေ ဖြစ်လာမှာပေါ့"

"မင်းကတော့ မင်းစိတ်ကူးနဲ့မင်း အဟုတ်ကြီးဘဲကွ"

မောင်ညိုသည်တံဆိပ်ခေါင်း မျိုးစုံ ပိုမိုရရှိရန် ကျောင်းနေဘက် တတန်းတည်းသားသူငယ်ချင်းများနှင့် အချင်းချင်း တံဆိပ်ခေါင်းများ လဲလှယ်သည်။

မောင်ညို အဖို့တော့ တံဆိပ်ခေါင်းများနှင့်သာ ပျော်မဆုံး ဖြစ်နေသည်။

တနေ့တွင် မောင်ညိုတို့ အိမ်သို့ မောင်ညိုအစ်မ၏ အတန်းပိုင် ဆရာမ ရောက်ရှိ လာသည်။ ဆရာမက မောင်နှမ တတွေ၏ ဝါသနာတို့ကို စကား စပ်မိ၍ မေးလေသည်။ သို့ဖြင့် မောင်ညို တယောက် တံဆိပ်ခေါင်း စုဆောင်းကြောင်း ဆရာမ သိရှိသွားလေသည်။ ထို့ ကြောင့် ဆရာမက –

"မောင်ညိုရေ၊ မင်းရဲ့တံဆိပ်ခေါင်းတွေ ကြည့် ရ အောင်ကွယ်"

"ဟုတ်ကဲ့၊ ကြည့်ရပါတယ် ဆရာမ"

ဆရာမသည် တံဆိပ်ခေါင်း စာအုပ်ကို စိတ်ဝင်စားစွာကြည့်ရှုနေသည်။ တရွက်ချင်း ဖြည်းနှေးစွာ တံဆိပ်ခေါင်း များကို ကြည့်နေရင်း –

"ဒီတံဆိပ်ခေါင်းက တယ်လှပါလား၊ ပြီးတော့ တော်တော်လဲ ရှေးကျတယ်နော်"

"ဟုတ်ကဲ့ ဆရာမ"

"မောင်ညိုမှာ တံဆိပ်ခေါင်း နှစ်ခုတောင်ရှိတာဘဲ၊ ဆရာမကို တခုပေးနိုင်မလား"

"ပေးတော့ ပေးချင်ပါတယ် ဆရာမ၊ ဒါပေမဲ့...."

"မောင်လေးကလဲဆရာမကို ပေးလိုက်ပါကွယ်"

မောင်ညိုသည်ဝံဆိပ်ခေါင်းကို ပေးရန် နှမြောနေမိသည်။ ဆရာမသည် ခဏကြာ၍မှ –

"မောင်ညိုကို ဆရာမ ချီးကျူးပါတယ်၊ ဘာကြောင့်လဲ ဆိုယင် မောင်ညို ဂုန်ဖိုးထားစုဆောင်းထားတဲ့ တံဆိပ်ခေါင်းကို သူများကို လွယ်လွယ်နဲ့ မပေးနိုင်လို့ဘဲ။ မင်းဝါသနာကို မင်း တန်ဖိုးထား လေး စားလို့ဘဲ ဆိုရမယ်ပေါ့"

"အေးကွဲ၊ ဘယ် သူ မဆို ကိုယ်ရဲ့ဝါသနာကို တန်ဖိုးထားရမယ်၊ လေးစားရမယ်၊ ဒါမှ ကိုယ့်ဝါသနာ အောင်မြင်မယ်။ ဒါပေမဲ့ အဓိပ္ပာယ်မရှိ လောဘကြီးတာမျိုးလဲ မဖြစ်သင့်ဘူး။ အဲဒီတော့ မင်းမှာမရှိတဲ့တံဆိပ်ခေါင်းတလုံးနဲ့ ဆရာမကို လဲယူခွင့်ပြုပေါ့။ အဲဒီ တံဆိပ်ခေါင်းမျိုးကရှားပါးတာလဲ ဖြစ်ရမယ်၊ ဘယ့်နှယ်လဲ"

နောက်ဆုံးတွင် မောင်ညိုသည် ခေါင်းညိတ် သဘောတူလိုက်သည်။

မောင်ညိုမှာ ဝါသနာကို တန်ဖိုးထားတတ်သဖြင့် ဆရာမ၏ ချီးကျူးခြင်းကို ခံရလေသည်။ ဆရာမထံမှ သူတွင် မရှိသော တံဆိပ်ခေါင်း တလုံးလည်း ရပေဦးမည်။ မောင်ညို တယောက်မှာ သူ၏ ဝါသနာကြောင့် ပျော်မဆုံး ရှိ၍ နေလေသတည်း။


## ဖွဲ့စည်းပုံသစ်အောင်ပွဲ

ဖွဲ့စည်းပုံ ဖွဲ့စည်းပုံ၊
ပြည်သူ့ဖွဲ့စည်းပုံ။
အလွှာစုံတွက် ဂေဟာင်းကျိုးဖြစ်၊
ဥပဒေသစ် ဆိုရှယ်လစ်။
တိုင်းချစ်ပြည်ချစ် စိတ်ထားမှန်၊
ပြည်သူများထံ ဆန္ဒခံ။
အောင်သံမစဲ ခြိမ့်ခြိမ့်သဲ၊
ပြည်သူတိုင်းလဲ ပါဝင်နွှဲ။
အောင်ပွဲဆင်လို့ ဟင့်ကာနေ၊
ခြေလှမ်းအဆင့်ဆင့်ပေ။
အခြေခံဥပဒေ အောင်မြင်ရေး၊
လူတိုင်းပါဝင် ဆန္ဒပေး။
ဖိုးသွေးသားများ ငြိမ်းချမ်းကာ၊
ပြည်တွင်းရေးမှာ ညီညွတ်ပါ။
ကမ္ဘည်းထိုးကာမော်ကွန်းထား၊
ပြည်သူပြည်သား ဒို့စွမ်းအား။
အရင်းရှင်များ ချုပ်ငြိမ်းအောင်၊
လူ့ဘောင်သစ်ကို ဒို့တည်ထောင်။
လမ်းစဉ်အောင်ပွဲ သူငါနွှဲ၊
ဖွဲ့စည်းပုံသစ် ဒို့အောင်ပွဲ။ ။

ဘုတလင် မောင်လှနိုင်



R. 517




# ငါးလက်ထုံ

ငါးလိပ်ကျောက် အမျိုးအစားမြောက်မြားစွာရှိသည့်အနက် ဤအမျိုးအစားသည် အလွန်ထူးခြားသည်ကိုတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့၏ လုံးဝန်းသော ခန္ဓာကိုယ်ဘေးတဖက်တချက်တွင် ကျောက်ကပ်ပုံသဏ္ဌာန် အင်္ဂါတခုစီရှိ၏။ ယင်းအင်္ဂါတွင်အကြောများစုဝေးနေပြီး၊ ယင်းအကြောများတွင် လျှပ်စစ်ဓာတ်ကို လွှတ်ထုတ်ပေးနိုင်သော ဆဲလ်များရှိသည်။ ထိုဆဲလ်များက လျှပ်စစ်ဓာတ်အားဗို့ ၃၀၀ ထိလွှတ်နိုင်၏။သို့သော် ၂၅ ဗို့လောက်သာ လွှတ်တတ်သည်။ထို့ကြောင့် ယင်းတို့ကို၊ သွားထိမိသည်နှင့် ဓာတ်လိုက်တတ်ပေသည်။ အရွယ်အစားကြီးမားသော အကောင်မျိုးသည်၊ လူကြီးတယောက်ကို တုန်လှုပ်သွားလောက်အောင်ပင် ဓာတ်ဒဏ်လွှတ်တတ်သည်။

ဤအင်္ဂါရပ်မှ ထုတ်လွှတ်သည့် လျှပ်စစ်ဓာတ်ကို အသုံးပြု၍ ငါးလက်ထုံတို့သည် ရန်သူများကို ကာကွယ်ခုခံတတ်သည်။ ၎င်းပြင် အစာဖြစ်သည့် သတ္တဝါများကိုလည်း ဖမ်းယူ စားသောက်တတ်သည်။ ယင်းတို့၏အရွယ်အစားမှာ ခုနစ်ပေအထိပင် ရှိတတ်သည်။ တဖန် ယင်းတို့သည် ဥမအုပဲ အကောင်လိုက်မွေးတတ်သော ငါးမျိုးဖြစ်၏။ ယင်းတို့၏အသားကို ချက်ပြုတ်စားသုံးနိုင်သည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၂ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၄၉။

# ရွှေသွေး ဂျာနယ်

* ပန်းချီ – ဦးဘကြည်
* ဇါတ်လမ်း – အောင်မြင့်(ဘတ်)

## ကျိုးကောင်း

၁၃၃၅ ခု၊ နတ်တော်လဆန်း ၁၄ ရက် (၈-၁၂-၇၃)



စနေနေ့တိုင်းထုတ်ဝေသည်။



တခါတုန်းက သုဓမ္မမင်းကြီးသည် ပညာရှိ အမတ်ကြီးကိုခေါ်၍ တိုးတိုးတိုင်ပင်၏။
ငါကိုယ်တော် အမတ်မင်းထံမှ အကြံတခု တောင်းလိုသည်
မှန်လှပါ ဘုန်းတော်ကြောင့် ဉာဏ်မှီသမျှ လျှောက်တင်ထားရန် အသင့်ရှိကြောင်းပါဘုရား
...တိုင်းတော်ပြည်တော် ဝပြောလာသည်နှင့်အမျှ အခွန်အကောက်တော်များ ကောက်ခံရန် ... ရိုးသားဖြောင့်မတ်သူ ကို အလိုရှိတော်မူသည်။ အသို့ ရွေးချယ် သင့်သနည်း
မှန်လှပါဘုရား ××××××××××××× ××× ခုနစ်ရက်မြောက်သောနေ့တွင် အပြီး အပိုင် စီစဉ်ထားပါမည့် အကြောင်း သံတော်ဦး တင်ပါသည် ဘုရား
ခုနစ်ရက်မြောက်သောနေ့တွင် ဘုရင်ကြီးသည် ညီလာခံခန်းမဆောင်၌ စံနေတော်မူ၏။
ထိုခန်းမသို့လာရန် မှောင်နေသောလမ်းကြားလေးမှ အမှုထမ်းလိုသူများသည် တဖွဲဖွဲ ဝင်လာကြလေသည်။
အလုပ်လျှောက်ထားသူ အားလုံးစုံလေသော် အမတ်ကြီးလည်း ရောက်ရှိလာတော့၏။
မှန်လှပါ ဘုရား။ ဘုန်းတော်ကြောင့် မည်သည့် အမှုတော် မျိုးမဆို ထမ်းဆောင် လိုသော လူငယ် များ - ခ ဆား လျှောက်ရှိ ကြောင်းပါ ဘုရား
အိမ်း — ကောင်း၊ ကမြို့စာရေး တော်ကြီးက - တယောက်ချင်းစစ်ချက် ကို - အမည်နှင့်တကွ မှတ်သားရန် အသင့်ရှိစေ....
မှန်လှပါ ဘုရား


ကိုင်း—ပထမ တယောက် - ငှါးတော်သို့တိုး၍ ခ-စား‌လော့
ရှာစားကြီး - ခိန္နီတကျော်သူက တူရိယာ ဆိုင်းဆိုင်းအသင့်ပြင်
မောင်ရင့်အမည် — အဖအမည် — အသက် — ဇါတိ —
မောင်မင်း - က-၍ ပျော်တော်ဆက်စေ
ဟိုက်
ဖွန့်လျှပါဘုရား။ ဘုရား့ ကျွန်တော်မျိုး လုံး၀ - မကတတ်ကြောင်း ၀ံခံ ပါသည်---- အနုပညာ ၀တ္တုရားမျိုး အမှုတော်ထမ်း ရွက်ရန် မနိုင် ကြောင်းပါ ဘုရား
ကိုင်း—ရှိစေတော့—ဒုတိယ တယောက် - က-၍ ပျော်မြူးစေ
ကျေးတော်မျိုး ကျွန်တော်မျိုးမှာ ဖျားနာနေ၍ ခွင့်ယူတော် မူရန်-အသနားတော်မြတ်ခံ ပါသည်ဘုရား
သယ်----- နောက်တယောက်
ဖွန့်လျှပါဘုရား - မြေတဖက် သေးသိမ်၍ အယောက်ကမကောင်းသူ မြစ်ပါသော ကြောင့် က၍ ပျော်မြူ ရန် မစွမ်း ကြောင်းပါ ဘုရား
စတုဇ္ဇ လူငယ် အလှည့် ရောက်သော အခါ မည်သို့မှ လျှောက်တင်ခြင်းမရှိပဲ ထ က၏။
ထိုသို့ ကနေခိုက် အမတ်ကြီးက (စည်တော် သံ)မှ (ဇော်)ဆိုင်းချက်ပြောင်းတီးစေရာ—
အောင်ပါစေ
အောင်ကြပါစေ


နောက်လူငယ်များလည်း တယောက်မျှ ထ၍ မကသည့်အဆုံး၌ အမတ်ကြီးက—
သံတော်ဦး တင်ပါသည် - အရှင်မြတ်ဘုရား။ စဝေတ္တ လူငယ် တယောက်သာ - အမိန့်တော်အတိုင်း ထ၍ကမှ အသုံးတော်ခံသောကြောင့် - ထိုလူငယ်တဦးသာလျှင် ရိုးသား ဖြောင့်မတ်ကြောင်း ထင်ရှားပါသည် ဘုရား - - - - - -
.... ထိုလူငယ်များကို မှောင်သော လမ်းကျဉ်း မှတဆင့် ကွန်ခန်းမဆောင်သို့ ဝင်စေခဲ့ပါသည်ဘုရား။ လမ်းတလျှောက်တွင် - ရွှေဒင်္ဂါးများ ကြဲထားခဲ့ရာ - ထိုလူငယ်များသည် - ရွှေဒင်္ဂါးများကို ကိုယ်ကျိုးအတွက် ကောက်ယူကြကြောင်း ထင်ရှားလှကြောင်းပါဘုရား - - - - -
... ထိုကြောင့်သာ - ရှေ့တော်၌ က - ခုန် ပြပါက အိတ်တွင်းမှ ရွှေဒင်္ဂါးများ တချွင်ချွင် မြည်ကာလွင့် ထွက်မည်စိုး သဖြင့် မကရဲဘဲ ပရိယာယ်သုံးပြီး ဆင်ခြေပေးနေကြကြောင်းပါဘုရား
ဟင်
ဟာဗျာ
အို
ဟောဗျာ
ဟော
အိမ်း - ကောင်းကွမှို။ သို့ကလို ဆိုလျှင် တယောက်ချင်း အိတ်တွင်းရှာ၍ - ရွှေဒင်္ဂါး ယူ - မယူ စစ်ဆေးပြီး သကာလ ...
ရွှေဒင်္ဂါး - တပြားတိုင်း - တပြားတိုင်း အတွက် ဆယ်ချက် - ဆယ်ချက်စီ ကြိမ်ဒဏ် ခတ်စေ - - - - -
... က - ခုန်ပြနိုင်သော လူငယ်အား ကျွဲအချိုး မှစ၍ - ဘဏ္ဍာတော် အခွန်ကောက်သော ရာထူးဖြင့် အမှုတော် ထမ်းရန် ခန့်အပ်လိုက်သည် အမိန့်တော် ......
ပြီး


ကိုဝက်ကြီး
အတွက်
သင်ခန်းစာ
ဟေ့၊ ဟိုမှာ ကိုဝက်ကြီး ဘယ်လို ဖြစ်လာတာလဲ
အို တောင်ကုန်းပေါ်က၊ လိမ့်ကျလာတာလို့ထင်တယ်
တနေ့တွင် ကိုမြင်းနှင့် ကိုနွားတို့ လမ်းလျှောက် ထွက်လာကြစဉ်....
ကိုဝက်ကြီးသည် တောင်ခြေရောက်မှ အရှိန် ရပ်သွားတော့သည်။
ကိုဝက်ကြီး လိမ့်ကျလာတာလား
ဟင့်အင်း၊ နေအုံးကွာ၊ ခေါင်းကို မူးသွားတာဘဲ ကျွတ်ကျွတ်
လိမ့်ကျတာ မဟုတ်ဘူးဆိုရင်၊ အသက်ကြီးမှ ခလေးတွေလို အပျော်တစားနေတာပေါ့ ဟားဟား
အား၊ ကိုယ့်ကိုယ်ကို အနာခံပြီး၊ ဒီလို အပျော်တစားပါ့ မလားကွ
ငါက၊ ကောရုံးကြီးလို သိပ်ဝလွန်းတော့ လမ်းလျှောက်လို့ ခြေမခိုင်တော့ဘူး၊ ငါ့အိမ်က နေ တောင်ခြေကိုလာချင်တိုင်း၊ ခုနက လို လိမ့်ချပြီး လာရတာဘဲ၊ ငါတော့ ဘာလုပ်ရမှန်း မသိတော့ပါဘူးကွာ
ခင်ဗျား၊ ဝလွန်းလို့ ဒီလိုဖြစ်နေတာပါဗျ၊ ဒီမှာကျုပ်လို အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ရင်၊ အနေတော် ကဝမှာဗျ
အား၊ ပင်ပန်းတာတော့ မခိုင်းပါနဲ့၊ ပင်ပန်းရင် အစားအသောက် ပျက်တယ်


ကိုဝက်ကြီး ထွက်သွားသောအခါ ကိုမြင်းနှင့် ကိုနွားတို့သည် တစုံတခုကို တိုင်းပင်ကြသည်။
ထို့နောက် ကိုဝက်ကြီး၏ အိမ်ထဲသို့ဝင်ပြီး ....
မကြာမီ ကိုဝက်ကြီး ပြန်ရောက်လာရာ
ကိုဝက်ကြီးသည် အလွန်ဒေါသထွက်သွားပြီး


ကိုဝက်ကြီးသည် တုတ်ဆွဲ၍ ကိုနွားနှင့် ကိုမြင်းတို့ကို လိုက်ရိုက်သည်။
ဟား ဟား
ကိုနွားတို့သည် လမ်းတွင် ရေမြောင်းများ၊ ခြံစည်းရိုးများကို ခုန်ကျော်၍ ပြေးကြရာ ကိုဝက်ကြီးကလည်း
ဘာရမလဲ ကွာ
ကိုဝက်ကြီးသည် မည်သို့ပင် ပြေးလိုက်စေကာမူ ကိုမြင်းနှင့် ကိုနွားတို့ကို မမှီပေ။
ကိုဝက်ကြီးသည် မောမောနှင့် ရေချိုးပြီးသောအခါ
အစာ စားသောအခါတွင်လည်း
နောက်တနေ့ နံနက်သို့ ရောက်သောအခါ
ဒီလိုဆို

# လူ့အကျိုးပြု

## စိုးလွင်မြင့်




ရေဒီယိုသည် ထောင်သောင်းမကသော လူအများ အတွက် ဆက်သွယ်ရေးကိရိယာပင်ဖြစ်၏။ ကမ္ဘာ့နိုင်ငံ တို့နှင့် ဝေးကွာလှ၍ လူသူတို့နှင့် အဆက်ပြတ်နေစေ ကာမူ ကမ္ဘာ့ အဖြစ်အပျက် တို့ကို ရေဒီယိုမှ တဆင့် ကြားသိနိုင်လေသည်။

ခလုတ်ကလေးကိုဖွင့်လိုက်ရုံဖြင့် တေးဂီတ၊ ဇာတ် လမ်းပမာ၊ ဟာဒယရွှင်ဆေး၊ ဇာတ်သဘင်၊ အငြိမ့် စသည်တို့၏ ဖျော်ဖြေမှုကို သောတ အာရုံ ဆင်နိုင်လေ သည်။

စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ အားကစား၊ လူမှု ရေးစသည်တို့ ပါဝင်သော သတင်းတို့ကို ကမ္ဘာ့အနှံ့ မှ ပူပူနွေးနွေးသိရှိနိုင်၏။


ကျောင်းသင်ခန်းစာ ပို့ချချက်နှင့် ဗဟုသုတ ဖြစ် ဘွယ်ရာဟောပြောချက်တို့ကိုလည်း မိုင်ထောင်ပေါင်း များစွာ ဝေးသောနေရာမှ ကျောင်းသား ကျောင်းသူ ကလေးတို့နာယူမှတ်သားနိုင်၏။




ရေဒီယို
နိုင်ငံရေးခေါင်းဆောင်တို့၏ အရေးကြီးသော မိန့်ခွန်းများ၊ အမျိုးသားရေး စည်းရုံး လှုပ်ရှားမှုများနှင့် အားကစားပြိုင်ပွဲကြီးများ သတင်းကိုလည်း တိုက်ရိုက်ကြားသိနိုင်လေသည်။
ရေဒီယိုတယ်လီဖုန်းခေါ် စကားပြောကိရိယာဖြင့် ပင်လယ်သမုဒ္ဒရာတောတောင်ခြားသည့်ရပ်ဝေးမြေသို့ ပြောဆိုဆက်သွယ်နိုင်၏။
လေကြောင်းနှင့် ရေကြောင်းဆက်သွယ်မှု၊ ဝါယာလက်ကား၊ ရေဒီယိုဓါတ်ပုံ၊ လေယာဉ်ပျံ၊ တယ်လီပရင်တာ ပုံကူးစက် စသည်တို့သည်လည်း ရေဒီယို သို့မဟုတ် ကြိုးမဲ့ကြေးနန်း ဆက်သွယ်မှုဖြင့် အသုံးပြုရသည့် အရာများပင် ဖြစ်လေသည်။

# ပညာရှင် လယ်သမား


* မြတ်မင်းလှိုင် နှင့် *
ကာတွန်း







ကျွန်ုပ်သုံးကြိမ်တိုင်ကြိုး
စားခဲ့ပါတယ်..ဒါပေမဲ့..ကု
သိုလ်ကံက လုံးဝမလိုက်လျော
တာနဲ့ လယ်ထွန်နေရတာ
ပါဘဲကွယ်.....
ဘယ်သူ့ကိုအားကိုး
ပြုပြီး လယ်လုပ်ပါသလဲ
အဖိုး....
ကျုပ်တို့ဘုရင်ကြီးကို
အားကိုးပြီးလုပ်နေရ
တာပေါ့...
ဘုရင်ကြီးက
နှစ်စဉ်မှန်မှန်လာ
ပါရဲ့လား...
ဘုရင်ကြီးမလာယင်
အမတ်ကြီးကိုမျှော်ရတာ
ပေါ့..အမတ်ကြီးမလာနိုင်
ယင်..မင်းသားလေးကိုဘဲ
အားကိုးရတော့တယ်..
အဖိုးဟာ အသက်
အရွယ်ကြီးရင့်သည်နှင့်
အမျှ ပညာထက်မြက်ပါ
ပေတယ်..ကျွန်ုပ်တို့ကို
ခွင့်ပြုပါအုံး....




နန်းတော်သို့ပြန်ရောက်သောအခါ ဘုရင်ကြီးက မိမိနှင့် အဖိုးအိုတို့ အမေးအဖြေကို ပညာရှိအမတ်ကြီး သိမသိ မေးမြန်းကြည့်ရာ—
မသိကြောင်းပါ အရှင်မင်းကြီး...
သယ်..ပညာရှိအမတ်ဖြစ်လျက်.. သင်မရှက်လေသလား. နက်ဖြန်နံနက် ညီလာခံသဘင်မှာ..အဖြေတင်လျှောက်ရမည် အမိန့်တော်..
အမတ်ကြီးသည် ကြံရာမရသည့် အဆုံးတွင် အဖိုးအိုထံသို့ ထွက်ခွါလာခဲ့ရ လေတော့သည်။
လယ်သမား အဖိုးအိုအား တွေ့လျှင် အသပြာ တထောင်ပူဇော်၍ အဖြေမေးရလေသည်။
လူတိုင်းလုပ်ရမဲ့ အလုပ်ဆိုတာ.. အိမ်ထောင်ပြုခြင်းကိုဆိုလိုတာပါ..ကျွန်ုပ်က အိမ်ထောင်သုံးဆက်ပြုခဲ့သော်လဲ သားသမီးမထွန်းကားခဲ့ကြောင်းဖြေကြားခြင်းဖြစ်ပါတယ်...
လယ်လုပ်ရာမှာ ဘုရင်၊ အမတ်ကြီးနဲ့ မင်းသားကို အားကိုးရတယ်ဆိုတာက မိုးကိုဆိုလိုတာပါ.. ဘုရင်တဆူလို အားကိုးရတဲ့ ကဆုန်မိုး၊ အမတ်ကြီးလို အားထားရတဲ့ နယုန်မိုးနဲ့ မင်းသားလို အားပြုရတဲ့ ဝါဆိုမိုးတို့ကို ဖြေကြားခြင်းဖြစ်ပါတယ် အမတ်ကြီး....
အမတ်ကြီးသည် ဝမ်းသာလှစွာဖြင့် ညီလာခံ အမှီ မြင်းကို ဒုန်းစိုင်း၍ ပြန်ခဲ့လေတော့ သတည်း။

# လေသည် အဘယ်ကြောင့် လှုပ်ရှားနေသနည်း

ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ လေသည် ငြိမ်၍ မနေပါ။ အမြဲ လှုပ်ရှား၍ နေသည်။ တခါတရံ ဖြည်းညှင်းစွာ လှုပ်ရှားသဖြင့် လေလှုပ်ရှားနေမှန်း ကျွန်ုပ်တို့ မသိရှိကြချေ။ တခါတရံ လေသည် ပြင်းထန်စွာ လှုပ်ရှားတတ်၏။ ထိုအခါမျိုးတွင် လေမုန်တိုင်း၊ လေဆင်နှာမောင်း၊ လေနီကြမ်းတို့ ကျရောက်သည်ဟု ဆိုကြလေသည်။


ဖယောင်းတိုင် တတိုင်ကို မီးထွန်း ထားပါ။ ထို့နောက် သင်၏ လက်ကို ဖယောင်းတိုင် အပေါ် ခပ်လှမ်းလှမ်းတွင် ထားကြည့်ပါ။ (နီးလျှင် လက်မီးလောင်မည်။) ဖယောင်းတိုင် အပေါ်မှ လေသည် ဖယောင်းတိုင် နံဘေးတွင်ရှိသော လေထက် ပူနွေးနေသည်ကို တွေ့ရပေမည်။ နွေးလာသောအခါ လေသည် ပို၍ ပေါ့လာသည်။ ထိုအခါ အပေါ်သို့ တက်၍ ပိုမို လေးလံသော လေအေးသည် လေနွေး၏ နေရာသို့ တိုးဝင်လာသည်။ မီးခိုးသည် ပူနွေးသော လေဖြစ်၍ အပေါ်သို့ လွင့်ပျံတက်လေသည်။



ဤသို့ဖြင့် ရာသီဥတု အပူအအေး ကြောင့်ဖြစ်သော လေ၏ လှုပ်ရှားမှုသဘောကို လေ့လာနိုင်ပေသည်။

တက္ကသိုလ်ဖြူမြင့်

## ဖေဖေ အသက်ရှေတာပေါ့



# ပြေးလမ်းကွေ့

မောင်သက်ဖိုင်(မင်းဖုံ)



"ရွှေဖိုးကွ - ရွှေဖိုး ကြိတ်ပေးဟ"

လေးတန်း ကျောင်း သား ရွှေဖိုးသည် ပြေးလမ်းပေါ်တွင် အားသွန် ပြေးနေစဉ် ဘေးမှ အော်လိုက်သော အစ်ကိုဖြစ်သူ ရွှေဘော်၏အသံကို ကြားလိုက်သဖြင့် အား တက် လာ သည်။ ထို့ကြောင့် ရှေ့မှပြေးနေသူ သုံးဦးကို ကျော်တက်နိုင်ရန် အကွေ့တခု၌ အားတင်းလိုက်ကာ ခြေကုန်သုတ်လိုက်သဖြင့် ပန်းအဝင်တွင် ရွှေဖိုး ပထမရသွားသည်။ အား က စား ပြိုင်ပွဲအပြီး အိမ်အပြန်၌ ရွှေဖိုး မျက်နှာပန်းလှသည်။ စုစုပေါင်း ဆုသုံးဆု ရခဲ့သဖြင့် အဖေ၊ အမေအပါအဝင် မိသားစုတခုလုံး ဝမ်းသာပျော်ရွှင် ကြ ကာ တ ပျော် တ ပါး ရုပ်ရှင်ကြည့်ကြ၏။

သုံးလပတ် စာမေးပွဲ ပြီး၍ မိဘထံ အကြောင်းကြားသည့် အစီရင်ခံစာကပ်ပြားရသောနေ့၌မူ ရွှေဖိုးသည် ထိုကပ်ပြားကို အဖေ့အား မပြရဲအောင် ရှိနေသည်။

သူ့အဖေသည် စာပေ၌ မွေ့လျော်သောကျောင်းဆရာတဦး ဖြစ်သည့်အလျောက် ကျောင်းစာနှင့်ပတ်သက်လာလျှင် တော်မှ၊ ထူးချွန်မှ၊ ကြိုးစားမှ ကြိုက်သည်။ ညံ့လျှင်၊ အဆင့်လျော့နေလျှင် မျက်နှာကြီး နီလာသည်အထိ စိတ်ဆိုးတတ်သည်။ အခန့် မသင့်ပါက လက်ပိုက်၍ အရိုက်ခံရတတ်သည်။ မေတ္တာ ကရုဏာနှင့်ယှဉ်သောဒေါသဖြစ်၍ အဖေ့အား အပြစ်မဆိုသာပေ။

"မင်း ဘယ် လောက် ညံ့ ညံ့ လက်မှတ်ထိုးဘို့ကိုတော့ အဖေ့ကို ပြရမှာဘဲ"

အစ်မဖြစ်သူ ဥမ္မာ၏ တိုက်တွန်းချက်ဖြင့်ရွှေဖိုးသည်အဖေ့ ရှေ့မှောက်သို့ကြောက်ကြောက် ရွံ့ရွံ့နှင့် ရောက်ခဲ့ရသည်။

မင် နီ သုံး ဆင့် တား ထား သည်ကို မြင်လိုက်ရပြီး အဖေသည် ရွှေ ဖိုး ကို မော့ ကြည့် လိုက်ရာ ရွှေဖိုးသည် နောက်သို့တွန့်ဆုတ်သွားမိ၏။ သို့သော် အဖေသည် လက်မှတ်ကို သပ်ရပ်စွာထိုးပြီး ကပ်ပြားကို သူ့အား ပြန်ပေးလိုက်သည်။

"မင်း - ဒီ လောက် အ ဆင့် လျော့ သွား မယ် ဆို ဒါ အဖေ ကြိုတင်မြင်ပြီးသားဘဲ။ မင်းဟာ ကျောင်း ပိတ် ရက် တွေ မှာ စာ ကြည့် ပေါ့ ခဲ့ တယ်။ တ ကယ် တော့ ကျောင်း ပိတ် ရက် ဟာ ကျောင်းသူ ကျောင်းသားတွေ အဖို့ ကျောင်းဖွင့်ရက်ထက် ပို ပြီး စာကြည့်ရမဲ့ ရက်တွေဘဲ။ ဒါနဲ့ မင်း အပြေးပြိုင်တဲ့အခါ တောက် လျှောက် နဲ့ အ ကွေ့ ဘယ်ဟာက ပိုပင်ပန်းသလဲ"

"အ ကွေ့ က ပို ပင် ပန်း ပါ တယ် အဖေ"

"အေး - ဟုတ် တယ်။ တောက်လျှောက် တပြေးတည်း ရှိတဲ့အခါ အပြေးသမားတိုင်း ဟာ သုတ် ခြေ တင် နိုင်ကြတာ ဘဲ။ ဒါပေမဲ့ အကွေ့ကြတော့ အားလျော့သွားကြတယ်။ အဲဒီ အကွေ့မှာ ပြေးတတ်တဲ့၊ သုတ် ခြေ တင် တတ် တဲ့ အားကစား သမားတွေဟာ အမြဲ ပထမ ရနိုင်တယ်။ မင်းလဲ တွေ့ဘူးမှာ ပေါ့"

မှန်သည်။ အကွေ့၌ ခြေခွေ လဲသော အပြေးသမားများကို မြင်ဘူး၏။ အဖေသည် ဥပမာ ပေး ကောင်းလှသည်။

"ဟုတ်ကဲ့၊ ကိုယ်တွေ့လဲကြုံ ဘူးပါတယ် အဖေ"

"အေး-အားကစားမှာ ထူး ချွန်တဲ့သားဟာ အကွေ့နဲ့တူတဲ့ ကျောင်းပိတ်ရက်တွေမှာ စာပို ကြည့်ရမယ်။ ကျောင်းပိတ်ရက် ကို အသုံးချတတ်လာယင် မင်း တော် လာ မယ် ဆို ဒါ စွဲစွဲမြဲမြဲ မှတ်ထားပါ"

"ဟုတ်ကဲ့၊ ကျွန်တော် ကြိုး စားပါ့မယ်"

ဖခင်၏ ဆုံး မ စ ကား ကို မြေဝယ်မကျ နားထောင်ကာ မလိုက်နိုင်သောစာ၊ နားမလည် သောစာများကို ပြေးလမ်းကွေ့ နှင့်တူသော ကျောင်းပိတ်ရက်၌ မှန်မှန် လေ့လာခဲ့သည့် ရွှေဖိုး သည် အတန်းတင် စာမေးပွဲ ရောက်သောအခါ သင်္ချာနှင့် သမိုင်းဘာသာရပ်တို့၌ ဂုဏ်ထူး များဖြင့်အောင်မြင်လာသည်ကို တွေ့ရလေတော့၏။ ။






## လူတိုင်းကြိုက်တဲ့ နှင်းဆီခိုင်

လူတိုင်းကြိုက်တဲ့ နှင်းဆီခိုင်၊
သင်းပျံ့မွှေးကြူလှိုင်။

ကိုယ့်မူပိုင်နဲ့ ရေးဆွဲပြု၊
ဖွဲ့စည်းအုပ်ချုပ်မှု။

ပေါင်းစုကြည်သာ ညီညွတ်စွာ၊
ထောက်ခံမပေးမှာ။

ပြည်မြန်မာ သာယာရေး၊
မျိုးချစ်စိတ်ကိုမွေး။

စားဝတ်နေရေး ပြည့်ဖို့ရန်၊
လုံ့လ ဇွဲစိတ်သန်။

နည်းမှန်လမ်းမှန် ဆိုရှယ်လစ်၊
ရွှေသွေးလေးတို့အောင်ပွဲခေတ်။

ဥပဒေသစ်နဲ့ အုပ်ချုပ်ရန်၊
ဖန်တီးစီစဉ်ကြံ။

ခိုင်မြဲမြံ ကျောက်တိုင်လား၊
ကမ္ဘာတည်စေသား။ ။

ဗန္ဓုရ

R. 517



ဖသောင်းစု (သုဇတာသန)

# ပင်လယ်ငခူ

ပင်လယ်ငခူသည် အကြေးခွံမရှိသော ငါးအမျိုးအစားတွင် ပါဝင်သည်။ ငစင်ရိုင်း၊ ငအိုက်၊ ငရွေး၊ ငကြောင်၊ ငရောင် စသည့် ငါးတို့နှင့် အမျိုးတော်စပ်၏။

ယင်း၏ ဘေးတောင် တဖက်တချက်စီတွင် ဆူးတချောင်းစီရှိ၍ ယင်းဆူးသည် တောင့်တင်းခိုင်မာက၊ အနားတဖက် သို့မဟုတ် နှစ်ဖက်စလုံးတွင် ခွေးသွားစိပ်ကဲ့သို့ အသွားကလေးများ ရှိ၏။

အချို့အမျိုးအစားတွင် ကျောဆူးတောင်၌ ဆူး ပါရှိတတ်၏။ ယင်း ဆူးတို့သည် အဆိပ်ရှိသော ဆူးများပင်ဖြစ်ကြသည်။ ပင်လယ်ငခူသည် အလွန်အဆိပ်ပြင်းသော ငါးမျိုးဖြစ်၍ ယင်း၏ ဆူးတောင်များနှင့် ထိုးမိလျှင် အလွန်ပြင်းထန် နာကျင်သော ဝေဒနာကို ခံစားရတတ်သည်။ ယင်း၏ နှုတ်ခမ်းတွင် တံငါပိုခေါ် အဆီမွှေးများ ပါရှိသည်။

ပင်လယ်ငခူသည် အရသာခံစားရန် အလွန်ကောင်းသော ငါးမျိုး ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် တွေ့ရှိနိုင်၍ ယင်းတို့ကို မြိတ်ဖက်တွင် "ကမြုံးမအေ" ဟု၎င်း၊ ထားဝယ်ဖက်တွင် "ကမလောင်း" ဟု၎င်း ခေါ်ကြသည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅၊ အမှတ် ၅၀၊

# ရွှေသွေး ဂျာနယ်


# သဘာဝ အတိုင်းပေါ့

ပန်းချီ-ဦးဘကြည်
ဓါတ်လမ်း-နေညို(ပျဉ်းမနား)


၁၃၃၅ ခု၊ နတ်တော်လဆုတ် ၆ ရက် (၁၅-၁၂-၇၃)



စနေနေ့တိုင်း ထုတ်ဝေသည်။



တနေ့သောအခါ သစ်ခွမယ်တစုတို့သည် လေအထာတွင် ယိမ်းနွဲ့လှုပ်ရှားရင်း ဟန်ပါပါ တေးသီချင်းများကို သံပြိုင်သီဆို၍ ပျော်မြူးနေကြစဉ် ....
ရွှေရည် အဆင်းနဲ့ တင့်တင့်တယ်တယ်
နေမြည်လင်းတော့ ရနံ့မွှေး ဝေဆဲ
သည်မြိုင်မြေ တောဝေမှာ
အလှ ဆင်ပေးမှာ
စိတ်ဘဝင် အေးစေရာ
မြင်သူတကာ ငေးတဲ့
ပန်းကလေးတွေပါ
ပန်းကလေးတွေပါ
ဥဩဖိုမစုံတွဲ ရောက်လာပြီး –
ဟို - ကောင်းလိုက်တဲ့ အသံနှယ်။ ဒီလိုချိုသာတဲ့ အသံမျိုး တခါမှ မကြားဘူးသေးဘူး
ရှင်တို့က - သီချင်းစပ်လဲ တယ်ပြီးတော်တာကိုး
ဟုတ်မှလဲ မပြောပါ အကို ဥဩရယ်။
တကယ်ပါမှာ- အခုလို သာယာတဲ့ နံနက်ခင်းမှာ ဒီလို သီချင်းမျိုး ကြားရတာ - စိတ် ချမ်းမြေ့စရာ ပါဘဲ.....
တပုဒ်လောက် ဆိုပြပါအုံးလား ရှင်
ရှင်တို့ - ဒီသစ်ကိုင်းဆုံမှာ နားပါအုံးလား - ပရိသတ်များက - တောင်းဆိုယင် - ဆိုပြရမှာပေါ့.... ဟဲဟဲ...
ပင်ယံမြင့်မြင့် မားမှာ
ဝင့်ဝင့်ကြွားကြွားသာ၊
အနိမ့်စား မြက်ပင်နဲ့တော့
မတူပါ .. မတူပါ - ရက်ယှဉ်စရာ
ထိုအခိုက် အောက်ဖက်မှ ခတ်မာမာအသံ တသံတက်လာလေသည်။
ဖွီ - သစ်ခွမယ်တွေ - ဘဝင် မြင့်လှ ချေကလား ဟေ့


ဘယ်သူလဲဟဲ့ အောက်က… သူများတွေ သီချင်းဆိုနေတာ… ဘာလို့ ရှုတ်ရှုတ် ရှုတ်ရှုတ် လာလုပ်တာလဲ ……… သရဲ။
ထိုသို့ ပြောပြီး အောက်သို့ ငုံ့ကြည့်လိုက်ရာ ….
ငမြက်ပင် တဲ့ဟေ့၊ ဘာလုပ်ချင်သေးလဲ။ — တောက် —
ပန်းမတွေ တော်တော် ကြွနေပါလား ဟီး
ဒီမှာ - မိဂျွှာပန်းလှတို့ရဲ့ - နှင်တို့ကိုယ် နှင်တို့ အမှန်းတင်ပြီး ဆိုချင်တာ ဆိုပါ၊ နတ်သမီးနဲ့ တူတယ် ဘဲဆိုဆို - မိုးကျမယ် လို့ဘဲ ဆိုဆို - ဆိုနိုင်ပါ တယ်….
..အေး…ဒါပေမယ့် - သူများကိုတော့ - ထိခိုက်ပြီး မဆိုချင်ပါနဲ့။ ငါတို့ကို အနှိမ့်စားလေး ဘာလေးနဲ့။ ကြိုးကျယ်လိုက်တာ ……
မကြားချင်ရင် - နားပိတ်ထားပေါ့။ အနှိမ့်စားဟာ-အနှိမ့်စားဘဲ ဟာ။ ဒို့က - သစ်ပင်ပေါ်နေတဲ့ အမြင့်စားဟဲ့။ လူတိုင်းအသိဘဲ ဟေ့
အမယ် - အမယ် - အမယ်….. ငါတို့မြက်တွေက မြေပေါ်မှာနေပေမယ့် ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေတာကွ…..


......နှင်တို့ သစ်ခွမယ်တွေကသာ - ကိုယ့်ခွန်အားနဲ့ ကိုယ်မရပ်တည်နိုင်လို့ သစ်ပင်ကြီးတွေမှာ - မှီတွယ် ခိုကပ်နေရတာ မရှက်ကြဘူးလား - ဟင်၊ ကိုယ်တိုင်ရပ်တည်နိုင်တဲ့ အရည်အခြင်းတောင် မရှိဘဲနဲ့များ - ဂုဏ်ကြီး ဘဝင်မြင့်ချင်ရသေးလား ... အာနေဘိုဘဲ တတ်တယ်။
သစ်ခွမယ်သည် စိတ်ထိခိုက်သွားပြီး -
မောင်လေးရယ် - ဒီလိုမပြောပါနဲ့။ သစ်ပင်မှာ တွယ်ကပ်နေရတာက ကျမတို့ရဲ့ သဘာဝ ဘဲဟာ
ဟားဟား - ဟားဟား - ဟား ---
အေးလေ - ငါတို့လဲ မြေမှင်မှာနေရတာ သဘာဝ အတိုင်းဘဲဟုတ်လား-ဟ။ ဒါနဲ့များ ဘဝင်ကနဲ့ဖြိုး - သူများကို ဘာလို့ နှိမ်နေကြရတာလဲ --- ဟင် ----
မြေမှင်ပေါ်မှာ နေသော်ငြား —
ကိုယ့်အား ကိုယ်ကိုးလျက်ပါများ —
မှီကာဘဲ မြေပြင် တလျှား —
မြကတ္တီပါခြုံသည့်အလား —
အလှဆင်၍ထား — ဒို့အင်အား — ဒို့အင်အား —
ဟား ဟား ဟား
ခစ်
ခစ်
ဟဲ-ဟဲ ဟဲဟဲ
ဟားဟား ဟားဟား
သစ်ခွမယ်များမှာ ရှက်ပြီးပုန်းလိုက်ကြလေ၏။

ပြီး


ညီညီသည် နံရံမှ မမနိုင်၏ ဓာတ်ပုံကို ကြည့်ပြီး . . . .
ညီညီ့အဓိဋ္ဌာန်
အင်း..မမနိုင် သေသွားတာ ခုဆို လေးငါးလတောင် ကျော်သွားပြီ..
ညီညီတို့မိသားစုထဲမှ မမနိုင်တယောက် ခွဲထွက်သွားသည်မှာ ကြာပြီဖြစ်သော်လည်း ညီညီသည် မမနိုင်ကို တနေ့မှမေ့၍မရပေ။
မမနိုင် ရှိတုန်းက ဆိုယင်..
လေး..လေးမောင်လေး မမအရီး ထွင်ပေးမယ်..
ညီညီသည် သူ့အပေါ် ယုယကြင်နာသော မမနိုင်တယောက် သေဆုံးသွားရပုံကို ဝမ်းနည်းစွာဖြင့် ပြန်လည်စဉ်းစားနေမိလေသည်။
မမနိုင်
မမနိုင်
ညီညီရေ..အဝတ်အစားလဲလေ.. ဆေးရုံသွားဖို့ အချိန်နီးနေပြီ.. မမနိုင်က ညီညီ့ မင်းကို ခေါ်ခဲ့ပါတဲ့
မမနိုင်ကို တိုက်ဖွိုက်ရောဂါဖြင့် ဆေးရုံတင်ထားရသည်မှာ နှစ်ပတ်ခန့်ရှိလေပြီ။
နေ့သာထိုင်သာရှိလားသမီး မထနဲ့၊ မထနဲ့ မောအုံးမယ်...
ဟုတ်ကဲ့..ဒီနေ့တော့ နည်းနည်းသက်သာပါတယ် မေမေ..
မမနိုင် ဘယ်တော့ ဆေးရုံက ဆင်းရမှာလဲဟင်
မမနိုင် ရောဂါပျောက်ယင် ဆင်းရမှာပေါ့ ညီညီရယ်.. ကျောင်းမှန်မှန်တက်နော် ညီညီ၊ စာတွေ နောက်..နောက်မကျစေနဲ့..ကြားလား


အိမ်သို့ ပြန်ရောက်သော် ....
သမီးလေးအခြေအနေက ဘယ်လိုမှလဲ မထူးခြားဘူးရှင်၊ ဒီတစ်ခါတော့ ပစ်များပစ် လိုက်ရမလား
အိုကွာ..မဟုတ်တာ.... ရောဂါတခု ဖြစ်လာယင် ဒီလိုပေါ့..တိတ်ပါ..
မမနိုင်၏ ရောဂါမှာ အခြေအနေဆိုးနေပြီဖြစ်သဖြင့် သီးသန့်အရေးပေါ်ခန်းသို့ ပြောင်းရွှေ့လိုက်ရသည်။
ဘာမှ စိတ်မပူပါနဲ့ဗျာ၊ အောင် မြင်မှာပါ၊ ခလေးကို ဒီနေ့က စပြီး အဖတ်မကျွေးပါနဲ့
③
မမနိုင်အတွက် ယူသွားသော စားစရာများ အိမ်ပြန်ပါလာသဖြင့် ညီညီစားပစ်လိုက်ရလေသည်။
မမနိုင်တော့ ဘာမှ မစားရဘူး ဆိုယင် တညလုံး ဗိုက်ဆာနေ တော့မှာဘဲ
နောက်နေ့ ဆေးရုံရောက်သော် ....
မေမေ..မေမေ သမီး ဗိုက်ဆာတယ် ဗိုက်ထဲက သိပ်ဆာ တယ်..ခေါက်ဆွဲ စားချင်တယ်
အို..နေအုံး..နေအုံး..သမီး ဆေးရုံက ဆင်းတော့ အများ ကြီး စားရမယ်..
ထိုညက မမနိုင်ကို မြင်ခဲ့ရသဖြင့် ညီညီသည် စိတ်မကောင်းဖြစ်ပြီး တော်တော်နှင့် အိပ်မပျော်ပေ။
မမနိုင် ဘာမှ မစားရလို့ စကားတောင် မပြောတော့ဘူး ဒီအချိန်ဆို မမနိုင် အရမ်း ဆာနေတော့မှာဘဲ
ညက မေမေသည် မမနိုင်နှင့် စောင့်အိပ်ရသည်။ နောက်နေ့ ဖေဖေနှင့် ညီညီ ဆေးရုံသို့လာရာ---
ခလေးဆီက ချွဲတွေနဲ့ စားကြွင်းစားကျန်တွေတော့ ထုတ်ပြီးသွားပါပြီ၊ ခုသွေးသွင်းထားပါတယ်၊ ခွဲစိတ် ကုသပြီးယင် ဖုဖုထောင်ထောင် ပြန်ဖြစ်လာမှာ ပါ..ခလေးကို ရေပါ မတိုက် ပါနဲ့တော့---



အိမ်ပြန်ရောက်သော် ညီညီသည် သူ့အတွက် ရသော ပေါင်မုန့်နှင့် အခြားစားစရာများကို -
ငါမစားဘူး၊ သိမ်းထားမယ် မမနိုင် သနားပါတယ်၊ မနက်ဖြန် ဆေးရုံရောက်ရင် မမနိုင်ကို ကျွေးမယ်
ဆာလိုက်တာ ညီညီရယ်..
သို့ဖြင့် နောက်နေ့ ဆေးရုံရောက်၍ ဖေဖေ အပြင် ခေတ္တထွက်နေခိုက်တွင် ညီညီသည် သူ ဝှက်ယူလာသော စားစရာများကို-
ရော့ မမနိုင် စားစား မြန်မြန် စားပြီးတော့ ရောဂါ ပျောက်
သို့ဖြင့် ထိုနေ့ည ညီညီတရေးနိုးသော်-
ဆုံးပြီ ဆုံးပြီ၊ သမီးလေး ဆုံးသွားပြီဗျာ၊ အလူးအလဲ ခံစားနေရတုန်းက
တော့ ဗိုက်ထဲမှာ ပေါင်မုန့်
တယ်တဲ့၊ အူတွေပေါက်ပြီး
တယ်တဲ့ ဟီး..ဟီး.. သမီးလေးရဲ့...
ထိုအချိန်မှစ၍ ညီညီသည် ကိုယ့်ကိုယ် ကိုယ်အပြစ်တင်၍ မဆုံးနိုင်တော့ပေ။
အင်း..မမနိုင်မရှိတော့ဘူး.. ငါသာမကျွေးမိရင် မမနိုင် ခုလို ဖြစ်မှာမှုတ်ဘူး၊ ဖေဖေက ဆရာဝန် ရဲ့ ညွှန်ကြားမှုကို မလိုက်နာလို့ ဖြစ်ရတာတဲ့....
ညီညီသည် ကျယ်ဝန်းနက်ရှိုင်းသော ဆေးပညာ လောကကို စိတ်ဝင်စားလာမိသည်။ ခေတ်အရှင် မြောက်မြားစွာကို ကယ်ထင်နေကြသော ဆရာဝန် များနှင့် ဆေးရုံအမှုထမ်းများကို အားကျလာမိ လေသည်။
ဪ..သားသားက မမနိုင်ရဲ့ ကျောင်းစာအုပ်တွေကိုကြည့်ပြီး..စိတ်မကောင်း ဖြစ်နေ ပြန်ပြီလား
ရော့ ဖေဖေ..မမနိုင် စာအုပ် တွေကို သေတ္တာထဲထည့်ပြီး သော့ ခတ်ထားလိုက်ပါ၊ သားသား ကြီးလာရင် ဆရာဝန်လုပ်မယ်..ဆရာ ဝန် ဖြစ်အောင် ကြိုးစားမယ်
ပြီး

# မဲရုံကို သွားကြစို့

## ကာတွန်းပြိုင်ပွဲ


**ပထမ**

အောင်အောင်ဦး





**ဒုတိယ**




မောင်ရွှေဝင်း








**တတိယ**

သိပ်သျှန်(ရေစကြို)

အလင်္ကာကျော်စွာ ကာတွန်းဝိဇ္ဇာ ဦးဘဂျမ်းအား ဂုဏ်ပြု
အထိမ်းအမှတ်အဖြစ်ဖြင့် ရန်ကုန်မြို့ (အောက် ၁၃ လမ်း)

ကာတွန်းပြိုင်ပွဲ မဲရုံကို သွားကြစို့

ဆုရသူများ




လှမေ





မောင်မောင်အေး







အောင်မြင့်

တန်ဆောင်တိုင်တွင် ကျင်းပသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် "မဲရုံကိုသွားကြစို့" ကာတွန်းပြိုင်ပွဲမှ ဆုရကာတွန်းများ။



အလွန်ချမ်းအေးသော အရပ်ဖြစ်သဖြင့် ခရီးသည်ကြီးသည် ခိုက်ခိုက်တုန်အောင် ချမ်းလျက်ရှိသည်။
မှောင်စပျိုးသော အချိန်တွင် ခရီးသည်ကြီး တဦးသည် ထမင်းရောင်းသောတဲထတဲရှေ့သို့ ရောက်လာသည်။
ခရီးသည်ကြီးသည် သူ၏မြင်းကို ဆိုင်ရှေ့တွင် ချည်ထားခဲ့ပြီး ဆိုင်တွင်းသို့ ဝင်လာသည်။
ဆိုင်၏အလယ် မြေကွက်လပ်တွင် မီးလင်းဖို တဖိုရှိသော်လည်း လူများနှင့် ပြည့်နှက်လျက်ရှိသည်။
အား၊ ချမ်းလိုက်တာ
ခရီးသည်ကြီးသည် မီးလှုံနေသူများထံသို့ သွားပြီး ချိုသာသောအသံဖြင့်—
မီးလှုံနေသူများသည် ခရီးသည်ကြီးအား နေရာပေးလိုဟန်မတူပေ။ တယောက်က—
ဟော



ဟားဟား
ခရီးသည်ကြီးသည် အတန်ကြာ စဉ်းစားနေရာမှ တချက်ပြုံးလိုက်ပြီး ထမင်းစားရာကွပ်ပျစ်ဆီသို့ တလှမ်းချင်းလျှောက်သွားသည်။
ဘယ်လိုလဲ
ဟား
ဟားဟား ဟားဟား



ခရီးသည်ကြီးက တည်ငြိမ် အေးဆေးစွာ ပြောလိုက်သည်။
ထိုအချိန်တွင် မီးလှုံနေသူများမှာ—
ဗိုလ်မဲလုံးသည် အပြင်သို့ လိုက်သွားသည်။ ကျန်လူများကလည်း—
သူတို့သည် တယောက်ပြီးတယောက် အပြင်ထွက်သွားသည်။
မကြာမီ အားလုံး အထဲသို့ ပြန်ဝင်လာကြသည်။
ထိုအခါမှ အားလုံးသဘောပေါက်သွားကြတော့သည်။



# တိမ်ဟူသည့် အဘယ်နည်း

လေသည် အေးလာသောအခါ လေထဲရှိ ရေခိုးရေငွေ့ကလေးများသည် စုစည်းလာသည်။ ထိုသန်းပေါင်းများစွာသော ရေမှုန်ကလေးများသည် ကောင်းကင်ပေါ်တွင် စုပေါင်းနေကြသည်။ ဤသည်ကား တိမ်ပင်ဖြစ်ပေသည်။

တိမ်လေးမျိုးရှိသည်။ ယင်းတို့မှာ (၁) တိမ်မျှင်၊ (၂) တိမ်တောင်၊ (၃) တိမ်လွှာနှင့် (၄) မိုးတိမ်တို့ဖြစ်သည်။

**တိမ်မျှင်** ကို မြေပြင်မှ ငါးမိုင်နှင့်ခုနစ်မိုင်ခန့် နေရာတွင် တွေ့ရသည်။ ထိုတိမ်မှာ ကျယ်ပြန့် ပါးလွှာပြီး အဖြူရောင် ဖြစ်သည်။ ယင်းကိုဖောက်၍ နေလတို့ကို ကောင်းစွာတွေ့ရသည်။

**တိမ်တောင်** ကို မြေပြင်မှ ပေနှစ်ထောင်နှင့် လေးမိုင်အကြားတွင် တွေ့ရသည်။ အဖြူရောင်ဖြစ်ပြီး ရာသီဥတုသာယာလျှင် ဝွမ်းပုံကြီးများသဖွယ် အစုလိုက် အပုံလိုက်တွေ့ရသည်။ တိမ်ထူသောနေ့များတွင် နေ၊ လ၊ ကြယ်တို့ကို ဖုံးကွယ်နေတတ်၏။ ထို့ကြောင့် ကမ္ဘာ့မြေပြင်ပေါ်တွင် အရိပ်ထင်သည်။

**တိမ်လွှာ** သည် မြေပြင်မှ ပေငါးရာကျော်အမြင့်တွင်ရှိပြီး အရောင်မှာ မဖြူလှပါ။ အနည်းငယ်ညိုသည်။ ပုံသဏ္ဍာန်မှာ ညီညာပြီး၊ ပျံ့နှံ့နေ၏။

**မိုးတိမ်** သည် မြေပြင်မှ မိုင်ဝက်ခန့် အမြင့်တွင် ရှိသည်။ အရောင်မှာ ညိုမည်းနေတတ်၏။ တိမ်များစုပြီး များပြားလာလျှင်မိုးရွာတတ်သည်။

တက္ကသိုလ်ဖြူမြင့်

# တွင်းထွက်ပစ္စည်းဆိုတာ



# စာပေရူး

ချစ်နွယ်သွင်



"ဒီအချိန်ဟာ ကာယအချိန် ဖြစ်ပေမဲ့ လုပ်နေကျကာယလေ့ ကျင့်ခန်းတွေကို မလုပ်တော့ ဘူး။ ကိုယ်လက်လှုပ်ရှား အား ကစားအနေနဲ့ မင်းတို့အားလုံး အားကစားရုံသွားပြီး ကြိုက်ရာ ကစားကြ။ စည်းကမ်းရှိရှိလဲ ကစားကြ"

အခန်းထဲမှ ဆရာဦးထင်ပေါ် ထွက် သွား ပြီး သော အခါ ကျောင်းသူ ကျောင်းသားများ သည် အားကစားရုံသို့သွားကြ ပြီး တင်းနစ်၊ ဘက်မင်တန်၊ သားရေကွင်းပစ်၊ ထုပ်ဆီးတိုး စသည့် ကစားနည်း မျိုးစုံဖြင့် ပျော်ပျော် ပါးပါး ကစားကြ သည်။

အတန်းထဲတွင် ဝင်းမြင့် တယောက်သာ ကလေးပုံပြင် စာအုပ်တအုပ်ကို စိတ်ဝင်စား စွာဖတ်ရင်း ကျန်နေခဲ့သည်။

ကာ ယ အ ချိန် ကုန် သွား သော အ ခါ ကျောင်း သူ ကျောင်းသားများသည် အ တန်းထဲသို့ ပြန်ဝင်လာကြ၏။

"ဟေ့ ဝင်းမြင့်တယောက် မကစားဘဲ ပုံပြင်ဖတ်နေတာ စံဘဲဟေ့"

"စာပေရူးဟာ ဒီအတိုင်းဘဲ ပေါ့"

သရော်သံ၊ လှောင်ပြောင် သံတို့ဖြင့် ကျောင်းသားများက ခနဲ့ကြ၏။ သို့သော် ဝင်းမြင့်က စာဖတ်မပျက်ပေ။

ဝင်း မြင့် သည် အိမ် တွင် လည်း အားလပ်ချိန်၊ကစားချိန် များ၌ ပုံပြင်များကို ဖတ်နေ တတ်သည်။

"ငါ့သားက မဆိုးဘူးကွ။ အားလပ်ချိန်မှာ ကလေးစာပေ ကို ဖတ်တာ စာပေဝါသနာပါ လို့ဘဲ။ မင်းဝါသနာဟာ ဝါသ နာကောင်းဘဲ"

မိမိ၏ ဝါသနာကို အဖေက ယောက်ခံအားပေးသဖြင့် ဝင်း မြင့် ဝမ်းသာရသည့် အကြိမ် ပေါင်းများပြီ ဖြစ်သည်။

တနေ့တွင် ဝင်းမြင့်တို့ မူလ တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ ဟောပြော ပွဲတပွဲ ပြုလုပ်သည်။ စတုတ္ထ တန်းတွင် ဝင်းမြင့်ဝင်ပြောရန် ဆရာက ရွေးလိုက်သည်။ ဟော ပြော့မည့် ကျောင်းသားက လေးယောက်ရှိသည်။မိမိကြိုက် နှစ်သက်သည့် အကြောင်းအရာ ကို ဟောပြောကြရန်ဖြစ်သည်။

ဟောပြောပွဲ စင်မြင့်ပေါ် တွင် ဝင်းမြင့် အပါအဝင် ကျောင်းသားလေးယောက်နှင့် ဆရာ ဆရာမများ ထိုင်နေကြ သည်။ ကျောင်းအုပ်ဆရာကြီး က သဘာပတိမိန့်ခွန်း ပြောပြီး နောက် ကျောင်းသားများက အသီးသီး ဟောပြောကြသည်။

ဝင်းမြင့် ပြောရမည့် အ လှည့်မှာ နောက်ဆုံးဖြစ်သည်။ ဝင်းမြင့်သည် စစ်သူကြီး မဟာ ဗန္ဓုလနှင့် သူ၏ စွမ်းရည်များ အကြောင်းကို ဟောပြော သည်။ ဟောပြောရာတွင် ပရိ သတ်ကို ကြောက်ရွံ့ခြင်း မရှိပဲ တည်ငြိမ်စွာ ပြောသွားသည်။

တခါတရံ ဟာသများပါ ကြား ညှပ်ပြီး ပြောသွားသည်။

စတုတ္ထတန်း ကျောင်းသား ဝင်းမြင့်က မဟာဗန္ဓုလနှင့် သူ၏ စွမ်းရည်များအကြောင်းကို အတော်ကလေး ပြည့်စုံစွာ ဟောပြောသွားသဖြင့် ဆရာကြီးက အံ့ဩမိသည်။ တပည့်အတွက် ဂုဏ်ယူမိသည်။

"ဝင်းမြင့် ဟောပြောသွားတာ အတော့်ကို ပြည့်စုံတာဘဲ"

"ဟုတ်တယ် ဆရာကြီး။ ဝင်းမြင့်က အားလပ်ချိန်တိုင်း ပုံပြင်တွေ၊ ကလေးစာပေတွေကို အမြဲဖတ်နေတယ်။ သူ့အဖေ်တွေက သူ့ကို စာပေရူးလို့ လှော်ကြတယ်"

ဆရာဦးထင်ပေါ်က ဆရာကြီး စကားကို ထောက်ခံရင်း ပြောသည်။

ဟောပြောပွဲ ပြီးသွားသည့်အခါ ဆရာကြီးက ဟောပြောပွဲတွင် အပြောအကောင်းဆုံးဖြစ်သူ ဝင်းမြင့်အား ဆုချီးမြှင့်ကြောင်း ကြေညာသည်။ ကျောင်းသူ ကျောင်းသားများက လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် ဩဘာ ပေးကြသည်။

ဝင်းမြင့်သည် ဆုအဖြစ် ပလာစအုပ် တဒါဇင်၊ ခဲတံနှစ်ချောင်း နှင့် ဖေါင်တိန် တချောင်း ရရှိသည်။

"အဖေ့ သားရဲ့ ဝါသနာ ကောင်းမွန်ကြောင်း ကျောင်းက အသိအမှတ်ပြုတာပေါ့"

အိမ်တွင် အဖေက ဝင်းမြင့်အား ထပ်မံချီးကျူးပြန်သည်။

ဝင်းမြင့်သည် မိမိ၏စာဖတ်ဝါသနာကို ထောက်ခံအားပေးကြသူများသဖြင့် အားတက်နေသည်။ ကျောင်းတွင် အားလပ်ချိန်တိုင်း စာဖတ်၍သာ နေသည်။

တနေ့တွင် ဆရာ ဦးထင်ပေါ်က ဝင်းမြင့်ကို ခေါ်ယူပြီး ဆုံးမ၏။

"မောင်ဝင်းမြင့်ရဲ့ စာဖတ်ဝါသနာကို ဆရာ ချီးကျူးပါတယ်။ အားပေးပါတယ်။ ဒါပေမဲ့ မင်းလုပ်ဟာန်ကမှားနေတယ်။ ကာယအချိန်မှာလဲ ကာယမကစားဘဲ စာချည်း ဖတ်နေတာ မဟုတ်သေးဘူး။ လူဆိုတာ ကိုယ်လက် လှုပ်ရှားမှုရှိမှ ကျန်းမာတယ်။ ကျန်းမာမှ ဆန္ဒရှိရာ လုပ်နိုင်တယ်။ အဲဒီတော့ မင်းအနေနဲ့ ကိုယ်လက် လှုပ်ရှားမှုအတွက် အားကစားကိုလဲ အသင့်အတင့်လိုက်စားဖို့လိုတယ်။ စာလဲဖတ်ပေါ့ တပည့်ရာ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် လိုက်နာပါ့မယ်"

ထိုနေ့မှစ၍ ဝင်းမြင့်သည် အားလပ်ချိန်တွင် စာဖတ်သည့်အခါ ဖတ်ပြီး၊ တခါတရံ ကိုယ်လက်လှုပ်ရှားမှုအတွက် ကာယကစားသည်။ ကျောင်းသူ ကျောင်းသားများက ဝင်းမြင့်အား စာပေရူးဟု မလှော်ကြတော့ပေ။

# မဲရုံကိုသွားကြစို့

နံနက်ခင်း နံနက်ခင်း၊
ဆောင်းရဲ့ နံနက်ခင်း။

နံနက်ခင်း မှုန်ရီရီ၊
နှင်းတွေ ဝေနေသည်။

ကျည်ကျည်ကျာကျာ-
ငှက်သံကြား၊
ငါတို့ထတို့လား။

ဝတ်စားလဲလို့ ခေါင်းဖီးကွယ်၊
တေဇတို့လူငယ်။

ရွာအလယ်က မဲရုံသို့၊
အရောက်ချီကြစို့။

မဲရုံရောက်လို့ ရှိယင်ကွယ်၊
အမှိုက်ကောက်ကြမယ်။

လာကြကွယ် ကြာတယ်တို့၊
မဲရုံသွားကြစို့။ ။

သင်းအောင်





ရေး- ဇေသင်းစု
(သုတေသန)

# ငခွေးလျှာ

ငခွေးလျှာတို့၏ ကိုယ်ပုံသဏ္ဌာန်ကိုကြည့်လျှင် သာမာန် ငပြေမပုံသဏ္ဌာန်မျိုး ရှိသည်ကို တွေ့ရမည်။ သို့ရာတွင် ထူးခြားသည်မှာ ငခွေးလျှာ၏မျက်လုံးများသည် အခြားသောငါးမျိုးမှာကဲ့သို့ တဖက်တချက်တွင်မရှိဘဲ မျက်လုံးနှစ်လုံးစလုံး တဖက်ခြမ်းတည်းတွင် တည်ရှိနေခြင်း ဖြစ်ပေသည်။ ငခွေးလျှာတို့သည် ပင်လယ်ကြမ်းပြင်တွင်ဝပ်၍ နေတတ်ရာ မျက်လုံးနှစ်လုံးရှိသည့်ဖက်သည် ကျောဖက်ပိုင်းသဘောဖြစ်နေပြီး ကျန်တဖက်ပိုင်းက ဝမ်းဗိုက်ပိုင်းသဖွယ် ဖြစ်နေသည်။ ထိုဝမ်းဗိုက်ပိုင်းသည်ဖြူဖွေးနေတတ်၍ ကျောဖက်ပိုင်းက အရောင်ရင့်သည်။ ငခွေးလျှာတို့၏ မျက်လုံးနှစ်လုံးသည် အကောင်ငယ်ဘဝ၌ ကိုယ်တဖက်တချက်စီတွင် ရှိနေကြ၏။ ကြီးကောင် ဝင်လာသည့်အခါမှ အစပြု၍ တဖက်မှမျက်လုံးတလုံးသည် အခြားတဖက်သို့ ရွှေ့သွားပြီး မူသေတည်ရှိသွားခြင်း ဖြစ်သည်။

ငခွေးလျှာတို့သည် အများအားဖြင့် သားစားငါးမျိုး ဖြစ်ကြသည်။ သေးငယ်သောငါးများနှင့် ကနန်းငယ်များသည် ယင်းတို့၏အစာဖြစ်၏။ ငခွေးလျှာတို့သည် ယင်းတို့ နေထိုင်သည့် ပတ်ဝန်းကျင်ကိုလိုက်၍ ခန္ဓာကိုယ်၏ အသွေးအရောင် ပြောင်းလဲ တတ်သည်။ အလင်းရောင်ရှိသည့် နေ့ပိုင်းတွင် ခိုအောင်းနေတတ်ပြီး ညဥ့်အခါမှသာ ကျက်စားတတ်ကြသည်။

ငခွေးလျှာကို မြန်မာ့ပင်လယ်ပြင်တွင် တွေ့ရှိရပြီး ယင်းတို့ကို ငါးစိုအဖြစ် စားသုံးကြသည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၅၁။

# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ နတ်တော်လဆုတ် ၁၃ ရက်(၂၂-၁၂-၇၃)




စနေနေ့တိုင်း ထုတ်ဝေသည်။


တစ်ခါက ရွာတစ်ရွာတွင် အိုးများ လုပ်ကိုင်၍ အသက်မွေး
ဝမ်းကျောင်းပြုသော မောင်လှလှ ဆိုသည့် လူငယ်တစ်ဦး
သည် သူ့ချစ်ဇနီး မ မသုစာနှင့်အတူ ပျော်ရွှင်စွာ
လုပ်ကိုင်စားသောက်နေကြသည်။
မောင်လှလှ၏ အိုးလုပ်ငန်းကို ကျွမ်းကျင်စွာ တတ်မြောက်၍
ထိုအလုပ်ရုံမှ ထုတ်လုပ်သော အိုးများကို လူကြိုက်များ
သည်။
ဒီပန်းအိုးလေး က လှလိုက်တာ နော်-
မေမေ မေကျယ်- သမီးကို ပေါ်ပေါ်မှ ပန်းအိုးလေးမျိုး ဝယ်ပေးပါနော်
အေး- အေး-
မောင်လှလှ၏ မိန်းမ မသုစာမှာ ဈေးနေ့များ ဘုရားပွဲတော်များ၊ နေပြည်တော်၌ ကျင်းပသော အခမ်းအနားပွဲများ
တွင် အိုးများကို လိုက်
လံရောင်းချလေသည်။


ဟယ်- အများကြီးပါလား။




မောင်ပုလုသည်နောက်ဆုံးတွင်ချစ်ဇနီးအကြံကိုလက်ခံ ပြီး ဖိုးစိတို့ရှေ့ဆောင်ထားသောနွားများဖြင့်ဆန်စပါး၊ ငရုတ် ကြက်သွန်အစရှိသည့်ကုန်များကိုဝယ်ကျုံသည်များဖြင့် ကုန်ကောင်းထွက်ခဲ့သည်။
မြို့တမြို့သို့ရောက်သောအခါ ဈေးနေ့ဖြစ်၍ လူစည်ကားလျက်ရှိသည်။ ဈေးဝယ်သူ ဈေးရောင်းသူ များနှင့် ရှုပ်ယှက်ခတ်နေ၏။
ရွာကမြို့မှာ ငါ့ကုန်တွေ ကောင်းဖို့ ဝေစပါတဲ့ မှာကွ၊
ဟေ့-တပည့်တို့၊ ဟိုဟာ ကုန်သည်အသစ် ခဲ့တဲ့ တောသားအရုပ်ကနေကြည့်ကြပြီ ဈေးနှိမ်ကြစမ်း–
ဟုတ်တယ် ပွဲစားကြီး၊ တခါမှ မမြင်ဖူးဘူး။ ခုလို မှန်းမနပ်ကုန်သည်လေးတွေကို ကျုပ်တို့က ခေါင်းပုံဖြတ်စားနေကျပါ ပွဲစားကြီးရယ်-ဟဲ-ဟဲ-ဟဲ-
ကျုပ်နောက်ကြောင်းကုန်အလိုရှိ ပါတယ်၊ ဈေးကောင်းသည် ပေးချင်ပါတယ်ခင်ဗျာ၊





မသဉ္ဇာတို့သည် အိုးလုပ်ငန်းကိုဆက်လက်လုပ်ကိုင်သဖြင့် မကြာမီ ပြန်လည်စီးပွားဖြစ်ထွန်းလာကြလေတော့သတည်း။
မောင်လှလှ အိုးလုပ်ငန်း

# ဆေးလိပ်အတွက် သနပ်ဖက်

စိုးလွင်မြင့် | ဝင်းရွှေ



မဝယ်ဘူး၊ မယ်ခူးတဲ့ဖက်စို၊ မီးမကူ၊ နေပူမှာမကင်အားလို့၊ ထားရတယ်အိပ်ရာအောက်မှာ၊ မင်းသောက်ဖို့ကို။ ညှာအနား ရွေသွားနှင့်ကိုက်လို့တို၊ မချိုတောင့်လိပ်ဆေး.... စသည်ဖြင့် နန်းတွင်း စာဆိုမယ်ခွေက စပ်ဆိုခဲ့ရာ ဆေးလိပ်အတွက် သနပ်ဖက်ကို မြန်မာတိုင်းရင်းသားတို့ သိရှိရင်းနှီးပြီးဖြစ်ကြ၏။ သနပ်ဖက် သို့မဟုတ် သနပ်ရွက်ဖြင့် လိပ်သော ဆေးပေါ့လိပ်ကို သောက်သုံးသူများသဖြင့် လူတိုင်း မြင်တွေ့ရင်းနှီးကြသည်ဟု ဆိုနိုင်သော်လည်း သနပ်ပင်ဘဝမှ ဆေးလိပ်ဖြစ်သည်အထိ စိတ်ဝင်စားဘွယ် အဆင့်ဆင့်ကိုမူ လူသိ နည်းပေသည်။

သနပ်ပင်သည် တောင်ကရမက်ပင်ကဲ့သို့ ပင်စောက်မျိုးဖြစ်၏။ အထူးသဖြင့် အရွက်ကို အသုံးပြုရန်စိုက်ကြသည်။ သနပ်ပင်မှ အရွက်ကို သနပ်ဖက်ဟုရင်း၊ ရှမ်းဖက်ဟုရင်း၊ မြည်ိုဖက်ဟုရင်း ခေါ်ကြသည်။ ရှမ်းဘာသာဖြင့် သနပ်ပင်ကို ထွန်းပေါမန်း သို့မဟုတ် ဖက်မောင်းဟုခေါ်၍ မွန်ဘာသာဖြင့် ကစုန်ဓေဟုခေါ်သည်။ ကချင်ဘာသာဖြင့်မူ ပတ်ကမန်းဟုခေါ်၏။

သနပ်ဖက်လုပ်ငန်းသည် ရှမ်းပြည်နယ်၏ စီးပွားရေးလုပ်ငန်းတရပ်ဖြစ်၍ ယခုအခါ၌ စံနစ်တကျ စိုက်ပျိုးပြုစုနေကြသည်။ ရေမဝပ်သော တောင်ခါးပန်းများတွင် စိုက်ပျိုးလေ့ ရှိ၏။





မျိုးစေ့မှ ပေါက်သော ပင်ပေါက် ကလေးများ နှစ်တောင့်ထွာခန့် ရှိသောအခါ နုတ်၍ မြစ်ဖြာ များကို ဖြတ်တောက်ပြီး ပြန်စိုက်ရသည်။ မြေဩဇာကောင်းက သုံးနှစ် အရွယ်တွင် အရွက်ခူးနိုင်၍ သနပ်ဖက် တပင်လျှင် ရွက်ရေ ၃၀ မှ ၄၀ အထိ ထွက်နိုင်၏။ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများ၌ သနပ်ဖက် ခူးကြသည်။

သနပ်ပင်သည် လူတရပ် သာသာ မျှသာမြင့်၏။ အကိုင်းအခက်ကိုမခုတ်ပဲထားက ပေ ၃၀ အထိ မြင့်တတ်သည်ဟု ဆိုသည်။ အရွက်သည် သုံးလက်မမှ ၁၂ လက်မခန့်ထိ ရှိသည်။ တခါတရံ တတောင်ခန့်ပင် ရှိသည်။ အရွက်၏ အရင်းပိုင်းသည် ကျယ်ကျယ်ပိုင်းပိုင်း ဖြစ်၍ အဖျားသည် လှံစွပ်ကဲ့သို့ ရှူးသွားသည်။


ဆေးလိပ်လိပ်ရာ၌ သနပ်ဖက်ကို အစိမ်းအတိုင်း လိပ်၍မရပေ။ ဦးစွာ ဖက်ရွက်မှ အကြောများကို သင်ရ၏။ ယင်း သင်ပြီးသော ဖက်များကို ဒယ်ပြားအပက် ဝိုင်းများတွင် တင်၍ မီးဖြင့် လှော်ရ၏။ တဖက်ပြီးတဖက်လှည့်၍ လှော်ပြီးနောက် ဖက်များကို အကြီးအငယ်အလိုက် ရွေးထုတ်၍ အမျိုး ခွဲခြားရ၏။ ရွေးချယ်ပြီးသော ဖက်များကို စီ၍ ဖက်သားညီညာစေရန် ၁၅ ရက်ခန့် ကျောက်ဖြင့် ဖိရ၏။ ထိုနောက်မှ ဝါးကပ်ခံ ဝါးခြင်း သို့မဟုတ် ပိုတွင်ထည့်၍ သိပ်ရလေသည်။ ဤသို့ အဆင့်ဆင့် ပြုပြင်ထားသော ဖက်များကိုသာ ဆေးလိပ်လိပ်ရာ၌ အသုံး ပြုရလေသည်။

မြန်မာနိုင်ငံ ရှမ်းပြည်တောင်ပိုင်း မိုင်းပွန်ဒေသ လုံတွေ၊ နောင်ဖက်၊ ကောင်းလိုင်၊ ကောင်းယော၊ တောင်ကွဲ၊ နန်းလီ၊ မိုင်းကြွင်၊ ပန်လျင်းစသည့် အရပ်များအပြင် မဲနယ်တောင်ဒေသ၊ နန်းခုပ်၊ ဟိုပုံး စသည်တို့၌ အမြောက်အမြား စိုက်ပျိုးဖြစ်ထွန်းသည်။ ပအိုဝ့်တိုင်းရင်းသားတို့၏ အဓိက စီးပွားရေးမှာ သနပ်ဖက် စိုက်ပျိုးရေးပင်ဖြစ်၍ ရှမ်းပြည် တောင်ပိုင်းမှ နှစ်စဉ် သနပ် ဖက်ပို လေးသိန်းခွဲကျော်၊ ပိဿာချိန် ကိုးသန်းခန့် ထွက်လေသည်။





ဝှေ့ချင်လှသော ဆိတ်ကလေး
ကာတွန်းမြေဇာ သရုပ်ဖော်ရေးဆွဲသည်
ဆိတ်ကလေး မောင်ထောင်သည် ချိုကလေး နှစ်ချောင်း ထွက်လာ ကတည်းက အတော်ပင် ဝှေ့ချင်နေ၏။
အင်း - ငါ့ ချိုကလေးတွေက သိပ် ထက်တာဘဲ - တကောင် ကောင်နဲ့ ဝှေ့ရ ယင်ကောင်းမှာ -
ဟား - အတော်ဘဲ - ဟိုမှာ ဖိုးဝက် လျှောက် လာပြီ
ဟေ့ - ဖိုးဝက် လမ်းဖယ်နော် ကျုပ်က ဝှေ့ချင်နေတာ -
ဟဲ့ဟဲ့
အမယ်လေး ဖယ်ပါမယ် - ဖယ်ပါမယ် မင်းတို့ ကနုပျိုတုန်း ဒီလိုစိတ်တွေ မွေးပေါ့ -


အမယ်- ညာဂည် လိုက်တာ ကကွာ
အမ့်လေး-လေး နာလိုက်တာဗျာ-
ဘယ့်နှယ်လဲ ဖိုးဝက်-ကျုပ်ခွေ့တာ တော်တော် အာဂသာ ရှိတယ်နော်
ကဲ-မှတ်ထား၊ အဲဒါ မောင်ပေါက်ဂွဲ့ ခွေ့ပုံ ခွေ့နည်း
ဆိတ်ကလေး မောင်ထောင်သည် များစွာ ကျေနပ်သွားကာ လမ်းမှာတွေ့သမျှ သစ်ပင်များကိုလည်း ချိုဝင်သွေးတတ်၏
ကဲဟယ်- ကဲဟယ်
သို့ဖြင့် ခွေးလေး မောင်မောင်ကိုက်၏ အိမ် ရှေ့ရောက်သော်-
ဟော့ကောင် ငထောင် ဘယ်လဲ-မင်းလှဲ့ပြန် လိုက်စမ်း
အံမာ
ငါ့သိပ် ခွေ့ချင်နေလို့ လမ်းလျှောက် ခွေ့နေတာ ဘာဖြစ်လဲ
ဟင်း!


အေး-မင်းက ခွေချင်နေတာဆို ငါက-ကိုက်ချင်နေတာနဲ့ အတော်ဘဲ
ဟော့- ဟော့ ဟော့ကောင်
အမလေးဗျ- ဟေ့ကောင် တကယ်မကိုက်နဲ့ကွ
အိုး
အလာလာ နာတယ်
အလိုလေး- မဖြစ်ဘူး မြန်မြန်ပြေးမှ-
ဆိတ်ကလေး မောင်ထောင်မှာ ပြန်မခွေနိုင်ပဲ ဒရောသောပါး ပြေးရတော့သည်။
ပြေးလာရင်း ဗိုးဝက်ထိုင်နေရာသို့ ရောက်လာ၏။
ဟဲ့-မောင်ထောင် ဘာလို့ အလန့်တကြား ပြေးလာတာလဲ
မောင်ထောင်က အကြောင်းစုံ ပြောပြရာ—
အေးကွ-နံ့စပျော်စမှာ မာန်မာန နဲ့ မင်းကထောင်တာကိုး မင့်လိုထောင်တဲ့သူနဲ့တွေ့တော့ ဒီဂျပိုးမှုတ်လားဒါကြောင့်မာန်မာန ဆိုတာ မထား ရဘူးကွ

# ဦးဝိစာရ ကျောက်တိုင်


ရန်ကုန်မြို့ထဲမှနေ၍ ဦးဝိစာရလမ်းအတိုင်း မြောက်ဖက်သို့ သွားလျှင် ရွှေတိဂုံဘုရားအနီးတွင် ကျောက်တိုင်ကြီးတခုကို တွေ့ရပေမည်။ ထိုကျောက်တိုင် ထိပ်ဖျားတွင် ဦးဝိစာရ ကျောက်ရုပ်ထု ရှိသည်။ ထိုကျောက်တိုင် တည်ရှိရာ အဝိုင်းကြီးကိုလည်း ဦးဝိစာရအဝိုင်းဟု ခေါ်တွင်သည်။



အရှင် ဦးဝိစာရသည် ဗြိတိသျှ နယ်ချဲ့ကို ဆန့်ကျင်သော ဝံသာနု အရေးတော်ပုံကြီးတွင် ကိုယ်တော်တိုင် အသက်စတေး၍ ပါဝင်ခဲ့သည့် မြန်မာ့ အာဇာနည်တဦး ဖြစ်ပေသည်။ ဦးဝိစာရသည် နယ်ချဲ့တို့ မြန်မာနိုင်ငံကို မတရား သိမ်းပိုက်ထားခြင်းကို ဆန့်ကျင်ရှုတ်ချ၍ ကိုယ့်အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကိုချစ်မြတ်နိုးကြရန် ဝံသာနု တရားများကို ရဲရဲတောက် ဟောပြောခဲ့သည်။ ဦးဝိစာရအား နယ်ချဲ့တို့က ထောင်သုံးကြိမ် ချခဲ့သည်။ နောက်ဆုံးအကြိမ် ထောင်ချရာတွင် ဦးဝိစာရကို သင်္ကန်းဝတ်ခွင့်၊ ဥပုသ်ပြုခွင့် မပေးသောကြောင့် ဦးဝိစာရသည် သာသနာနှင့် နိုင်ငံ ညီညွတ်ရေး အတွက် အဓိဋ္ဌာန်ပြုကာ ၁၉၂၉ ခုဧပြီလ ၇ ရက်နေ့မှစ၍ ဆွမ်းလုံးလုံး မစားပဲနေခဲ့သည်။ ထိုသို့ ဆွမ်းလုံးလုံးမစားပဲ နေခဲ့ရာမှ ရက်ပေါင်း ၁၆၆ ရက်အကြာ ၁၉၂၉ ခု စက်တင်ဘာလ ၁၉ ရက် (၁၂၉၁ ခု တော်သလင်းလပြည့်ကျော် ၂ ရက်)နေ့တွင် အားအင် ပြတ်လပ်ပြီးလျှင် ရန်ကုန် ထောင်ကြီးအတွင်း၌ ပျံလွန်တော်မူခဲ့ရရှာလေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

ကဲမှတ်ကရော



# မိဘမေတ္တာ

မောင်သာပြည့်



အိမ်ခန်းထဲမှ ကိုကို ထွက်လာသည်။ ကိုကို၏ အင်္ကျီအိတ်ထဲတွင် ဆယ်ပြားစေ့ နှစ်စေ့ ရှိနေသည်ကို ကျွန်တော် မြင်တွေ့ရပါသည်။ ကိုကို၏ ဝမ်းသာ ရွှင်မြူးနေပုံကို မြင်ရခြင်းအားဖြင့် မေမေသည် ကိုကို့ကို မုံ့ ဘိုး ပိုက် ဆံ ပို ပေး လိုက်ကြောင်း ကျွန်တော် သိသည်။

"ကို ကို မုံ့ ဘိုး ဘယ်လောက် ရခဲ့သလဲ"

ကိုကို ဘာမျှ မပြောပါ။ ကျွန်တော့်ကို ပြုံးကြည့်နေသည်။ ကျွန်တော် မခံချင်အောင် ပြုံးနေမှန်း သိသော်လည်း ကိုကို့ကို ကျွန်တော် ဒေါသမဖြစ်ပါ။ မေမေ့ကိုသာ ဒေါသ ဖြစ်မိပါသည်။သားချင်းတူပါလျက် မေမေသည် မျက်နှာလိုက်သည်။ တကယ်ဆိုလျှင် မေမေသည် ကိုကို့ကို မုံ့ဘိုး ပြား နှစ်ဆယ်ပေးလျှင် ကျွန်တော့်ကိုလည်း ပြားနှစ်ဆယ် ပေးသင့်ပါသည်။ သားကငယ်သေးသည်ဆိုပြီး ကျွန်တော့်ကို မုံ့ဘိုး ဆယ်ပြားသာ ပေးသည်မှာ မေမေတရားနည်းလမ်းကျပါမည်လား။ မေမေသည် ဘက်လိုက်သူ။

"မေမေက ဘက်လိုက်တယ်ကွ၊ ငါမကျေနပ်ဘူး"

ကျွန်တော်သည် ကိုကို့ကို ဒေါသကြီးစွာ အော်ပြောပြီး စားပွဲပေါ်မှ လက်ဖက်ရည် ပန်းကန်လုံးကို ကိုင်ပေါက်ခွဲလိုက်ပါသည်။ "ခွမ်" ဆိုသည့် အသံနှင့် အတူ ပန်းကန်ကွဲစများ ပြန့်ကြဲသွားပါတော့သည်။

"ညီညီ မင်း ဘယ်လိုလုပ်တာလဲကွ"

ကိုကိုသည် ပန်းကန် ကွဲစများကို တခုစီ ကောက်ရင်း ကျွန်တော့်ကို ပြောလိုက်သည်။ ပန်းကန်ကွဲသံ၊ ဆူညံညံ အသံများကြောင့် မေမေသည် အိမ်ခန်းထဲမှ ထွက်လာသည်။ ကိုကိုက အကြောင်းစုံ မေမေ့ကို တိုင်ပြောသည်။

"ညီညီ မင်း တယ်မိုက်ပါလားဟင်"

"မိုက်မှာပေါ့၊ မေမေက ဘက်လိုက်တာကိုး။ ကျနော့်ကိုတော့ မုံ့ဘိုး ဆယ်ပြားထဲပေးပြီး ကိုကို့ ကျတော့ ပြားနှစ်ဆယ်ပေးတယ်"

ပြောရင်း ဝမ်းနည်းလာသဖြင့် ကျွန်တော့် မျက်လုံးအိမ်မှ မျက်ရည်များပင် ကျလာပါသည်။ အရမ်း ငိုပစ်ချင်သော်လည်း မေမေရိုက်မည်စိုးသဖြင့် မငိုရပါ။ မေမေသည် အော်ငိုသည်ကို လုံးဝ မကြိုက်ပါ။

"သား အထင်မှားနေပြီ။ ကိုကို့ကို မေမေမုံ့ဘိုးဆယ်ပြားဘဲ ပေးတာ။ ဟိုဆယ်ပြားက ကိုကိုမနေ့က မုံ့ဝယ်မစားဘဲ ကျန်နေတဲ့ပိုက်ဆံ"

မေမေ ရှင်းပြသော်လည်း မေမေ့ စကားကို ကျွန်တော် လက်မခံနိုင်ပါ။ ကိုကို့ကို ပိုချစ်သည်မှာ အလွန် သေချာပါသည်။ ထမင်းစားလျှင်တောင် ကိုကို့ကို ဟင်း ပိုပေးတတ်ပါသည်။ တခါတရံ ကျွန်တော်

သည် မေမေ၏ သားအရင်းမှ ဟုတ်ပါလေစဟု စဉ်းစားမိပါ သည်။

"ခု ဖြစ်တဲ့ ကိစ္စကြည့်စမ်း၊ သား မကျေနပ်ယင် မေမေ့ကို လာပြောပါလား။ ပန်းကန်ကို ခွဲပစ်လိုက်တော့ ဘယ်သူ့ပစ္စည်း ဆုံးသလဲ၊ မေမေတို့ ပစ္စည်းဘဲ ဆုံးတယ် မဟုတ်လား။ မေမေ တို့ ပစ္စည်းဟာလဲ သားပစ္စည်း ဘဲပေါ့။ ခုတော့ အသစ်ဝယ်ရ တော့မယ်၊ ပိုက်ဆံ ထပ်ကုန်ရ အုံးမယ်"

မေမေသည် ကျွန်တော့်ကို ဆူဆူ ပူပူနှင့် ရိုက်ခဲ့ပါသည်။ ပြဿနာတခု ဖြစ်လျှင် ဖြည်း ဖြည်းအေးအေး ရှင်းလင်းပြော ပြတတ်ပါသည်။

ကျွန်တော်သည် ဝမ်းနည်း ကြေကွဲစွာဖြင့် ကိုကိုလက်ထဲမှ ပန်းကန် အကွဲစ လေးများကို ကြည့်နေမိပါသည်။ ဒေါသရှေ့ ထား၍ ပြုမူခဲ့မိသောအမှားတခု အတွက် ဆုံးရှုံးခဲ့သော ပန်းကန် လုံးလှလှကလေးကို မြင်ယောင် ပြီး နှမြောနေမိပါသည်။

ည(၉)နာရီ ထိုးပါပြီ။ကျွန် တော်သည် အိပ်လို့ မပျော်ပါ။ ကျွန်တော့်ဘေးမှ ကိုကိုကတော့ အိပ်ပျော်နေပါသည်။ဖေဖေနှင့် မေမေမှာ မအိပ်ကြသေးပါ။ အိမ်ရှေ့ကွင်ထိုင်ပြီး စကားပြော နေကြ[illegible]သည်။ ကျွန်တော် အိပ်[illegible] အထင်နှင့် [illegible]မနှင့် ဖေဖေတို့သည် ကျွန်[illegible] အ ကြောင်း ပြောနေ ကြပ[illegible]သည်။

ကျွန်တော်အသာလေး ငြိမ်ပြီး နားထောင် နေပါသည်။

"သားက အထင် မှားနေ တာ၊ သူ့ကို ကိုကိုလောက် မချစ် ဘူးလို့ ထင်နေတယ်"

မေမေက ဖေဖေကို ပြော နေပါသည်။

"သားတွေအထင်လွဲလောက် အောင် အမေက တယောက် ယောက်အပေါ် စေတနာ လွန် ကဲသလိုများ ဖြစ်နေလို့လား"

ဖေဖေစကား အသံနှင့်အတူ မီးခြစ် ခြစ်သံ ကြားရသည်။ ဖေဖေသည် ဆေးတံ သောက် တတ်ပါသည်။

"မလွန်ကဲ မိပါဘူး တော်၊ အငယ်ကောင်က ဆိုးပေမဲ့ ကျမ သားတွေအပေါ် ရေလို ကျင့် ကြံတာပါ။ ဆိုးဆိုး လိမ်မာမာ တူတူ အေးမြစေပြီး တူတူချစ် တာပါဘဲ"

ဖေဖေနှင့် မေမေ ကျွန် တော် မသိအောင် ပြောနေ သောစကားသည် အမှန်စကား ပင် ဖြစ်ပါမည်။ သည်လိုဆို မေမေသည် ကျွန်တော့်ကို ကိုကို နှင့် ထပ်တူထပ်မျှ ချစ်သည်မှာ သေချာပါသည်။ ကျွန်တော် သည်သာ လူမိုက်စိတ်ဖြင့် မိဘ ၏ မေတ္တာစေတနာကို နားမ လည်ခဲ့သူပါတည်း။

မိဘမေတ္တာ ကြီး မား မှုကို သိပြီးနောက် မိုက်သော ကျွန် တော်သည် [illegible]ိမ်မာအောင်ကြိုး စားနေပ[illegible]မည် ဖြစ်ပါသ[illegible]

× × ×

## နှစ်ကူးမင်္ဂ[illegible]
## ဆင်နွှဲရာ

မြူနှင်းဝေဝေ ငွေကပင်[illegible]၊
ပြည်ထောင်စုဖွား သားချင်း[illegible]

နှစ်ကူးချိန်ခါ မင်္ဂလာနေ့မို့၊
စဉ်လာဓလေ့ ပျော်မြူးနေ။

ဖားစည်သံသာ တဒိန်းဒိန်းနဲ့၊
ဒုံးယိမ်းအက ညီလှပေ။

အကညီသလို တစိတ်တဝမ်း က[illegible]ယ်၊
ကြိုးပမ်းအားထုတ် စိုက်ပျိုးနေ။

ကောက်သစ်ဝါဝါ ရွှေရည်လူး ကော[illegible]
ကြည်နူးစရာပ သူတို့မြေ။


ရိတ်သိမ်းချိန်မှာ အကူအညီရှင့်ကို၊
လိုက်ကြမယ်လား မောင်တို့ရေ။

လိုက်မယ်လေ လိုက်မယ်လေ။ ။

မောင်သိ[illegible]



K. 517




# ငရှဉ့်(ပင်လယ်ငရှဉ့်)

ငရှဉ့်သည် ငရှဉ့် အမျိုးအနွယ်ဝင်ဖြစ်၍ ယင်းကို ပင်လယ်ငရှဉ့် ဟုလည်း ခေါ်ကြသည်။ ငရှဉ့်၏ ကိုယ်ခန္ဓာသည် မြွေကဲ့သို့ ရှည်လျားသည်။ နှာယောင်အတန်ငယ် ရှည်၍၊ ပါးစပ်အစိတ်အပိုင်း ကြီးမားသည်။ သွားများသည်လည်း အမျိုးအစားအလိုက် ကြီးမားပြီး သန်မာလှသည်။ ထို့ကြောင့် ငရှဉ့်ကိုက်လျှင် အလွန်ခံရတတ်သည်။ ယင်းတို့သည် အထူးသဖြင့် ရေငန်ဒေသများနှင့် ရေငန်စပ်ဒေသများတွင် နေထိုင်တတ်ကြသည်။ ရခိုင်ဖက်တွင် ငရှဉ့်ကို "စောင်းကောက်"ဟု ခေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကို အခြောက်လှန်းလိုက်လျှင် ကောက်သွားသောကြောင့် ဖြစ်၏။

ငရှဉ့်၏အသားသည် စား၍ကောင်းသည်။ အချို့က မုံ့ဟင်းခါးဟင်းချက်ရာတွင် အသုံးပြုကြသည်။ ငရှဉ့်သည် အရေးကြီးသော ငါးအမျိုးအစားတွင်ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ယင်း၏"စည်ဖောင်း"သည် အရက်ချက်ရာတွင် အလွန်အသုံးဝင်သည်။ ယင်း စည်ဖောင်းကို နိုင်ငံခြားတွင် ငါးစည်ဖောင်းကော်အဖြစ် ပြုလုပ်အသုံးချသည်။ အရက်ချက်ရာ၌ ရရှိသော အရက်သည် အရောင်မကြည်လင်ပေ။ အမှိုက်သရိုက်များအမြဲပါရှိသောကြောင့် ဖြစ်၏။ ငါးစည်ဖောင်းကော်ကို ထိုအရက်ထဲသို့ ထည့်လိုက်လျှင် ယင်းသည် အမှိုက်များကို စုတ်ယူလိုက်သဖြင့် အရက်သည် ကြည်ကြည်လင်လင် ဖြစ်လာသည်။

သောင်းစု (သုတေသန)



ရန်ကုန်မြို့၊ ၁၂၈-၁၃၃ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၁၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅၊ အမှတ် ၅၂၊

# ရွှေသွေး ဂျာနယ်

(၁၃၃၅ ခု၊ ပြာသိုလဆန်း ၆ရက် (၂၉-၁၂-၇၃)




စနေနေ့တိုင်း ထုတ်ဝေသည်။



ကျားတကောင်သည် အစာရှာရင်း သူမရောက်ဘူးသော တောအုပ်သို့ရောက်သွားစဉ်....
ဟင့်အင် - ဒီတောက အနေအထား တမျိုးဘဲ။ သားကောင် အဆန်းတွေများ စားရမလား မသိ
မြေခွေးတကောင်ကို ကျောဘက်မှ တွေ့သဖြင့် သားကောင်အဆန်း ဟုတ် မဟုတ် သိလို၍ အသံပေးလိုက်လေသည်။
ဟိတ်
ရပ်လိုက်
နင် - ငါ့အစါ ဖြစ်ပြီ
ထိုအခါမှ စိတ်ကူးယဉ်၍ သွားနေသော မြေခွေးသည် ကျားနဲ့ရသဖြင့် ထိတ်သွားပြီး
ဟိုက်! ကျားပါလား။ ပြေးလို့လဲ လွတ်တော့မှာ ဟုတ်ဘူး။
ခပ်တည်တည် ဖြီးမှ ဖြစ်မယ်
တုန်လှုပ် သွားသော်လည်း ဇာခြေရရန် လှည့်ကြည့်လိုက်ပြီးလျှင်....
ငါ့အစါ။ ဟုတ်လား။ ငါ့ကို - အကောင်များ ထင်နေလို့လဲ - ဟေ -
မြေခွေးဟာ မြေခွေးပေါ့!
ဟား ဟား- ဟား ဟား- ဟား ဟား
ဂျ- - - - - - - - -
ဟား ဟား
ဟား ဟား
ဟား ဟား
အေးလေ .. မင်း က - ဒီတော အုပ်က ကျား မဟုတ်နိုင်ဘူး။ ဒါ့ကြောင့်လဲ - ဒီလို မရိုး မခန့်ပြောတာ ဖြစ်ရမယ်။ ဟုတ်စ


ကျားသည် စိတ်ထဲ၌ ဇဝေဇဝါဖြစ်သွားပြီး-
ဟင့်အင် မြေခွေး ပါဘဲ
အသင် ကား မြေခွေး မဟုတ် လျှင် - ဘာကောင် နည်း
နှုလှ - အလှ ချောကလား ဟဲ့ ။ အကွန့်ပ် ဟာ - ကျွဲ တောအုပ်ကို ပိုးပိုင်သော ...
မြေခွေးရာဇ ဖြစ်တော့သည်။ ငါ - ကိုယ်တော် ကြွလာသည်ကို မြင်လျှင် - တော ကောင် အပေါင်း ဝေးစွာရှောင်ရှား ကြတော့၏။ သင့် အား - မြအဲ့ ။
ကေန် ဟုတ် မဟုတ် လိုက်ကြည့်ပြီး မဟုတ် လျှင် ထကောင်လုံးစားပစ်ရန် တွေးနေစဉ်
မြေခွေးရာဇ ဆိုတာ - ဒီတခါဘဲ ကြားဘူးတယ်။ အဆန်းဘဲ။ အကြောင်း သိရအောင် သူ့မြတာကို ကြည့်အုံးမှပါဘဲ။
ငါ ကိုယ်တော် နောက် - လိုက်ခဲ့လော့
ထိုသို့ ရှေ့နောက်သွားနေကြစဉ် ယုန်ငယ် များက အဝေးမှမြင်လေသော်
ကျ - ကျ - - ကျ ကျား
တုအုပ်လုံး တရှိန်ထိုးထွက်ပြေးကြ၏။



ထဖန် သမင်အုပ်ကြီးကလည်း ကျားကိုမြင်လျှင် ကြောက်လန့်တုန်လှုပ်၍ ပြေးကြ၏။
တောနွားများလည်း ကျားရန်မှ ပြေးကြ၏။
ဝက်များက အထင်မှား၍ ပြေးကြ၏။
ပြေးကြဟေ့ ဒီလောက်ဖုန်တွေ တထောင်းထောင်း ထပြီပြေးလာကြမယ်ဆို မြေပြိုတာဘဲဖြစ်ရမယ်
ဆင်များလည်း ယောင်ယမ်းပြေးကြကုန်၏။
တောမျက်ပြီထင်တယ်
ပြေး
ထိုကဲ့သို့ တောကောင်များသည် ကစဉ့်ကလျား ပြေးလွှားကြသည်ကို ပြလျက်
တဲ့-ငါ့ကိုယ်တော်ကို ကြောက်ရှာကြလို ရှောင်ရှားသွားလေကြတာ သင်မြင်ပြီမဟုတ်လော
တွေ့ပါပြီ-မြေခွေးရာဇါ၊ အကျွန်ုပ်-စကားများ၍ ကြိမ်းမောင်းမိသည်ကို ခွင့်လွှတ်ပါ။ ကျွန်တော့်အုပ်စုလည်း ယခုပင် ထွက်ခွါသွားပါတော့မည် မြေခွေးမင်း
ကျားသည် မြေခွေးလှည့်ပတ်သည်ကို မရိပ်မိဘဲ အရှုံးပေး၍ ထွက်သွားလေ၏။
ပြီး


ဥာဏ်ကောင်းသော
ဖါးကလေး
ဇာတ်လမ်း-တက္ကသိုလ်စန်း
သရုပ်ဖော် - ကာတွန်းမြေဇာ
သာယာလိုက်တာ
တနံနက်တွင် ဖားငယ်ကလေးတကောင်သည် မြက်ခင်းပြင်ပေါ်တွင် ခုန်ဆွ ခုန်ဆွဖြင့် သွားလာနေလေသည်။
ထိုစဉ်အစာရှာထွက်လာသောကျီး တကောင်ကတွေ့၍ လျင်စွာသုတ်ချီသွားတော့၏။
ဟဲဟဲ
ကျီးသည် အိမ်တအိမ်၏ ခေါင်မိုးပေါ်တွင် နားလိုက်ပြီး ....
ဟားမနက်စာတော စားရချည် သေးရဲ့
ထိုအခိုက် ဖားကလေးက ကျယ်လောင်စွာ ရယ်မောလိုက်သည်။
ဟား ,ဟား / ဟား
ဟား
သင်သည်ယခုပင်သေရတော့မည် ဖြစ်ရာ-မကြောက်လန့်ဘဲအဘယ့်ကြောင့် ရယ်မောရသလဲ-


အဆွေကျီး-သင့်အကိုပ်အကဲကိုကြည့်ရုံနဲ့ စားတော့မည်ဆိုတာသိပါတယ်-ဒါပေမဲ့ ကျွန်ုပ်မကြောက်ပါ-ကျွ်အိမ်ပိုင်ရှင်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်၍ ယခုပင် သင့်ကို သတ်ရန်လာနေပါပြီ
ကျီးသည် ဖားကလေး၏စကားကိုကြားလျှင် ကြောက်လန့်၍ ဖားကို ကိုက်ချီပြီး အခြား အိမ်တအိမ်၏ ခေါင်မိုးပေါ်သို့ သွားပြန်၏။
ထိုအခါ ဖားကလေးသည် ယခင်ကထက် ပိုမို ကျယ်လောင်စွာ ရယ်ပြန်သည်။
ဟားဟားဟား
ဟီးဟီးဟီး
ဟိုးဟိုးဟိုး
ဟယ်ဖါးကလေး ယခုပင်သင့်ကိုကျွန်ုပ်စားတော့မည်-သင်သေရမည်ကိုမသိသောကြောင့် ရယ်သလော-
သင်စားမည်ကို လုံး၀မကြောက် - ကျွ်အိမ် ပိုင်ရှင်သည် ကျွန်ုပ်ကိုအလွန်ချစ်သော မိတ်ဆွေများဖြစ်၍ ယခုပင် သင့်ကို ဖမ်းဆီးသတ်ဖြတ် ရန်သူ့တပည့်များ
ဝိုင်းရံ ထားပြီးပါပြီ-သင်ဧကန်သေဆုံး မည်ကိုကျွန်ုပ်သိသဖြင့် ရယ်မောခြင်း ပါပေ-


ကျီးသည် ဖားကလေး၏ စကားကိုကြားလျှင် ကြောက်လန့်တုန်လှုပ်၍ တနေရာသို့ ကိုက်ချီပြေးပြန်သည်။
ရေအိုင်ငယ်တခုဘေးတွင် ခေတ္တနားလျက် နှုတ်သီးဖြင့် ပေါက်ဆွစားဖို့ စိတ်ကူးနေလေသည်။
ဟဲဟဲ- စားရတော့မယ်
ဖားကလေးသည် မိမိသေရမည်ကို သိသဖြင့် ကြောက်လန့် နေသော်လည်း အကြံမလျှော့ပဲ
အဆွေကျီး ကျွန်ုပ်ကို စားလိုလျှင် အစားခံပါမည်ထွက်မပြေးပါ· သို့သော် ကျွန်ုပ်၏ အသားသည် အခြားသတ္တဝါများ၏ အသားနှင့်မတူ အလွန်မာကျောလှသည် သင့်နှုတ်သီးသည်·တုံး လွန်း၍ ပိုမိုကျောက်တုံး မှာ ထက်လာအောင် သွားသွေး ပါဦးလေ·
ကျီးမိုက်သည် ဖားငယ်၏ လှည့်ပတ်ပြောဆိုမှုကို တကယ်ထင်မှတ်ကာ ကျောက်တုံးတွင် သွားရောက်၍ နှုတ်သီးကို ချွန်သထက် ချွန်အောင် သွေးတော့၏။
ဟဲဟဲ- စားရတော့မယ်
အခွင့်အရေးကို စောင့်နေသော ဖားငယ်မှာ လျင်မြန်စွာ အနီးရှိ ရေအိုင်ထဲ ခုန်ဆင်းပြေးတော့သည်၊ ထိုအခါမှ ကျီးသည် နောင်တ ရတော့သည်။
အီး.. ငါ့ကို လိမ့်တယ်
ငါ့ကိုလိမ့်တယ်
မှတ်ချက်
ဉာဏ်သုံးပိုင်းထား
ပြီး

# ချည်ထည်အစ ဝါဂွမ်းက

ရေး-စိုးညွှန့်မြင့်



အိန္ဒိယနိုင်ငံတွင် ခရစ်မပေါ်မီ နှစ် ၃၀၀၀ ခန့်ကပင် ချည်မျှင်ကို အထည်အလိပ်နှင့် ကြိုးအမျိုးမျိုး ပြုလုပ်ရာ၌ အသုံးပြုခဲ့ကြောင်း အထောက်အထား တွေ့ရသည်။ ထို့ကြောင့် ဝါကို ရှေးနှစ်ပေါင်း အတော်ကြာကပင် လူသုံးပစ္စည်းအဖြစ် ပြုလုပ်သုံးစွဲခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံမှတဆင့် ဝါပင်စိုက်ပျိုးခြင်း၊ ဝါချည်မျှင်ဖြင့် အထည်အလိပ်ရက်လုပ်ခြင်းအတတ်သည် အီရန်၊ တရုပ်နှင့် ဂျပန်နိုင်ငံတို့သို့ ရောက်ရှိသွား၏။



ခရစ်ပေါ်စခေတ်က အီဂျစ်တွင် ဆေးစိမ်ထားသော လူသေအလောင်း(မံမီ)တို့ကို လင်နင်ထည်များဖြင့် ရစ်ပတ်ထားကြောင်း တွေ့ရ၍ ထိုခေတ်၌ပင် ချည်ထည်များကိုလည်း သုံးစွဲလျက်ရှိကြောင်း သိရလေသည်။



ဝါပင်သည် ပူနွေးသော ရာသီဥတုကို နှစ်သက်သည်။ ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါဟူ၍ နှစ်မျိုးရှိသည်။ ဝါသီး သီးသည်အထိ ရက်ပေါင်း ၂၀၀ ခန့်တိုင်အောင် ဝါပင်များကို ပြုစုပျိုးထောင်ရန် လို၏။ ဝါပင်သည် အများအားဖြင့် လေးပေမှ ခြောက်ပေအထိမြင့်သည်။ ပင်စည်နှင့် အကိုင်းအခက်တို့သည် မာကျောသည်။ အပွင့်သည် ပန်းချဉ်ပေါင်ပွင့်နှင့် ခပ်ဆင်ဆင် ဖြစ်၏။ များသောအားဖြင့် အရောင်သည် ဝါ၏။ သို့သော် အဖြူ၊ ဆင်စွယ်ရောင်နှင့် ခရမ်းရင့်ရောင်တို့လည်း ရှိတတ်သည်။ ဝါသီးများတွင် အစိတ်သုံးစိတ်မှ ငါးစိတ်အထိ ပါရှိ၍ အသီးရင့်လာသောအခါ အက်ကွဲကာ အတွင်းမှ ဝါပေါက်များ ပြူထွက်လာသည်။ ဝါ သို့မဟုတ် ဝါပေါက်၏ အရောင်သည် အများအားဖြင့် ဖြူသော်လည်း တခါတရံဝါ၏။ အဖြူရောင်သည် ဈေးပိုကောင်းလေသည်။



ဆွဲ: မောင်မောင်သက်




ဝါသီးတို့သည် အပင်၏ အောက်ပိုင်းမှ စတင်ရင့်ပြီး အက်ကွဲကြရာ အောက်ကိုင်းများမှ ဝါတို့ကို အလျင်ကောက် သိမ်းရလေသည်။ ထိုနောက်မှ အလယ်ကိုင်း၊ အထက်ကိုင်း များသို့ အဆင့်ဆင့်တက်၍ ကောက်သိမ်းရ၏။ ထိုသိမ်းပြီး သော ဝါပေါက်များကို ဝါကြိတ်စက်သို့ပို့၍ ဝါမှ အစေ့ များဖယ်ရှားပြီး ဂွမ်းကို ထုတ်ယူရ၏။ ဂွမ်းမွေးရှည်က ချည် ချောဆွဲနိုင်၍ အထည်ချော ရက်နိုင်လေသည်။ ဂွမ်းမွေးတို လျှင် ချည်ကြမ်းသာ ဆွဲနိုင်၏။ ဝါ ၁၀၀ ပိဿာတရာကြိတ်လျှင် ဂွမ်းပိဿာ ၄၀ ခန့် ရရှိနိုင်၍ ဝါစေ့ပိဿာတရာကြိတ်လျှင် ဆီရှစ်ပိဿာခန့် ရရှိလေသည်။ ဝါစေ့ကိုကြိတ်၍ ဆီထုတ် ပြီးနောက် ဝါစေ့ဖတ်နှင့် ဝါစေ့ခွံတို့ ကျန်ရစ်လေသည်။ ဈေးပေါ်အထပ်ထပ် ချက်ပြီးသော ဝါစေ့ဆီသည် ကြက် သွန်ဖြူ၊ ပဲ စသည်တို့ကို ကြော်လှော်ရန်အတွက် အကောင်း ဆုံးဖြစ်၏။



ဝါဂွမ်းသည် လူသုံးပစ္စည်းများစွာ ပြုလုပ်ရန် အသုံးဝင် သကဲ့သို့ ဝါစေ့သည်လည်း အသုံးဝင်လေသည်။ ဝါစေ့ဆီ၊ ဝါစေ့ဖတ်၊ ဝါစေ့ခွံတို့ဖြင့် မာဂျရင်းထောပတ်၊ ထောပတ် တု၊ ဝက်ဆီတု၊ ဆပ်ပြာ၊ စက္ကူ၊ ဖယောင်းတိုင်၊ နှုတ်ခမ်း ဆိုးဆေး၊ ကျွဲနွားစာ၊ ဓာတ်မြေဩဇာ၊ သုတ်ဆေး စသည်တို့ကို ပြုလုပ်နိုင်၏။ ဝါကြိတ်စက်တွင် ဝါဖတ်လိုက်ရာ ဝါစေ့တွင် အမွေးနု ကလေးများ ကပ်ကျန်နေသေး၏။ ထိုအမွေးနု ကလေးများကို အကြိမ်ကြိမ် ထပ်မံဖတ်ယူရ၏။ ဖတ်ယူရရှိ သော မွေးနုမျှင်ကလေးများဖြင့် ဆေးဝါးကုသရေးအတွက် ဂွမ်းနှင့်ပိတ်ပါးတမျိုး၊ သားရေတု၊ မော်တော်ယာဉ်ပစ္စည်း များ၊ ကော်ဇော၊ ရေယွန်ပိုးတု၊ အရောင်တင်ဆီ၊ ဂွမ်းခက် စောင်စသည့် လူသုံးပစ္စည်းများစွာကို ပြုလုပ်နိုင်လေသည်။






တကိုယ်ကောင်း
ဆံသော
မြည်း
တခါတုန်းက အလွန် ခေါင်းမာပြီး တကိုယ်ကောင်းဆံသောမြည်း ကလေးတကောင်ရှိသည်။
ထိုမြည်းသည် လမ်းမ၏ အလယ်တည့်တည့်တွင်ရပ်ကာ နေထတ်သည်။ သူ့ထက်ငယ်သော တိရစ္ဆာန်များ သူ၏အနီးမှ ဖြတ်သွားပါက အနည်းငယ်မျှ ဖယ်မပေးပါ။
အား
သူ့ထက် ကိုယ်ခန္ဓာကြီးသော တိရစ္ဆာန်များက
ဖိုးရွှေယုန်မှာမူ —
ကိုကြီး ဝက်ဝံသည် ကိုယ်ခန္ဓာကြီး မားပါသည်။
တနေ့တွင် ကိုဆင်ကြီးရောက်လာကာ ....



ခေါင်းမာသော မြည်းကလေးသည် ကိုဆင်ကြီးကို လမ်းဖယ်မပေးပဲနေ၏။
ဟော့ကဲ၊ ဒီကလေးကောင် ခေါင်းမာပြီး တကိုယ်ကောင်းဆန်တဲ့ကောင်၊ သိရောပေါ့
အား-အား-ခင်ဗျား-ကျုပ်ကို ဘာလုပ်မလို့လဲ၊ လွှတ်ပါဗျ
ကိုဆင်ကြီးက မြည်းကလေးကို နှာမောင်းဖြင့် ချီယူသွားကာ အတော်ဝေးလံသောနေရာတွင် ချထားခဲ့သည်။
မြည်းကလေးသည် သူ့အား ကိုဆင်ကြီး ချီယူခဲ့သည့်လမ်းအတိုင်း ပြန်လျှောက်လာရသည်။
သွားပြီဟေ့ တာ့တာ
အား၊ အမလေးဆိုးတဲ့ ကိုဆင်ကြီးအဲ၊ အဝေးကြီးပြန်လျှောက်ရဦးမယ်
အမလေး၊ ဒီလမ်းကပြန် တက်ရတာမလွယ်ပါလား၊ ခဲတွေအချွန်အတက် တွေနဲ့
မြည်းကလေးသည် အလေ့အကျင့် သိပ်မရှိသေးဖြင့် မကြာခဏ ခြေချော်ကျသည်။
အား
အမလေး
ဟူး ချီယူပြီးခေါ်လာတုန်းကတော့ ကိုယ်တိုင်မလျှောက်ခဲ့ရလို့ မသိဘူး၊ ခုတော့လမ်းကတယ်ဆိုး ပါလား


လမ်းတွင် ချောင်းငယ်တခုကို ဖြတ်ရသေးသည်။
သူသည် လမ်းလျှောက်နေရင်း ဖိုးရွှေယုန်ကို သတိရမိသည်။
အား
မြည်းကလေးသည် အိမ်ပြန်ရောက်အောင် အတော်လျှောက်လာရသဖြင့် မောဟိုက်နေသည်။
ဖိုးရွှေယုန်နှင့် ကိုကြီးဝက်ဝံတို့ကို လမ်းတွင် တွေ့သောအခါ မြည်းကလေးက လမ်းဖယ်ပေးပါသည်။
ထိုနေ့မှစ၍ မြည်းကလေးမှာ ခေါင်းမမာတော့ပါ။ လမ်းမအလယ်တွင် မလှုပ်မရှက် ရပ်မနေတော့ပါ။

ပြီး




## ကနောင်မင်းသား
### သင်းချိုင်းဂူ

မြန်မာဘုရင်များလက်ထက်က မြန်မာနိုင်ငံကို ခေတ်မီစက်မှုလက်မှုနိုင်ငံအဖြစ်သို့ ရောက်ရှိစေရန် အဖက်ဖက်မှ ကြိုးပမ်းခဲ့သူမှာ မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသား (ခရစ်သက္ကရာဇ် ၁၈၁၉-၁၈၆၆) ဖြစ်သည်။ မင်းတုန်းမင်း နန်းတက်လာပြီးနောက် ညီတော် ကနောင်မြို့စားကို အိမ်ရှေ့အရာ အပ်နှင်းသည်။ ကနောင်မင်းသားသည် နေပြည်တော်တွင် စက်ရုံအမျိုးမျိုး တည်ဆောက်နိုင်ရေးကို မင်းတုန်းမင်းနှင့် တိုင်ပင်လုပ်ဆောင်ခဲ့ပြီး စက်ရုံများကို ကိုယ်တိုင်အုပ်ချုပ်ခဲ့သည်။ သူသည် လက်နက်ဆန်းများကိုလည်း စမ်းသပ်တီထွင်ခဲ့သည်။ နိုင်ငံခြားစက်မှုလက်မှုပညာများ သင်ကြားရန် ပညာတော်သင် ၇၀ ကျော်ကို နိုင်ငံခြားသို့ စေလွှတ်ခဲ့သည်။ ကနောင်မင်းသား၏ ကြင်ယာမှာ ကုန်းဘောင်ခေတ် မြန်မာစာပေနှင့် ဂီတလောကတွင်ထင်ရှားသော လှိုင်ထိပ်ခေါင်တင် ဖြစ်၏။

ခေတ်မီနိုင်ငံ ထူထောင်ရန်ကြိုးပမ်းဆဲ၁၈၆၆ ခုဇွန်လ ၁၈ ရက်နေ့တွင် ကနောင်မင်းသားသည် တူတော် မြင်ကွန်းနှင့် မြင်းခုံတိုင် မင်းသားတို့၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ကနောင်မင်းသား၏ သင်းချိုင်းဂူကို မန္တလေးတောင်ခြေတွင် ယနေ့ တွေ့မြင် နိုင်ပေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

## ငါ့မှ မမြင်ဘူးတာ



# နည်းမှန်

ယဉ်မင်းအေး



မသီတာသည် မှန်ရှေ့တွင် အဝတ်အစားများဝတ်ပြီး မမနီလာ၏ ထမင်းစား ခေါ်သံကို သာ နား စွင့် နေ သည်။ ယနေ့ ကျောင်း စော စော သွား ချင်ကာမှ ထမင်းကလည်း ကျက်ခဲပါဘိ။

"ညီမလေး သီတာရေ လာ ထမင်းစားမယ်"

မမနီလာ၏ အသံသည် မီးဖိုချောင်မှ ပေါ်ထွက်လာသည်။ ဝမ်းသာလွန်းသော မသီတာ၏ လက်အစုံသည် အလိုလိုမြှောက်ပြီး တချက် ကလိုက်မိသည်။ ယနေ့အဖို့ အတူ သွားနေကျ အစ်ကိုလေး ထွန်းထွန်းက အချိန်ပို ကျောင်းတက်ရန် သွားနှင့်ပြီ။ မသီတာတို့ ကျောင်းတွင် ဆယ်တန်းအောင်ပြီး လုပ်အား ပေးနေသည့် မမနီလာကလည်း ခွင့်ယူထားသည်။ ဤအခွင့်အရေးမျိုး ရခဲပေစွ။

"သွားတော့မယ်နော် မမနီလာ"

မသီတာက ပြောပြောဆိုဆို အိမ်မှ ထွက်ခဲ့သည်။ အိမ်ရှေ့က လွန်သည်နှင့် လွယ်အိတ်ထဲတွင် ထည့်ခဲ့သည့် အထုပ်ကလေးကို အမြန်ဆုံး ဖွင့်လိုက်သည်။

"လှလိုက်တဲ့ နာရီလေး"

မမနီလာ ရှစ်တန်းစာမေးပွဲတွင် ဂုဏ်ထူးထွက်၍ ဖေဖေ ဆုချထားသော နာရီလေး ဖြစ်သည်။ မသီတာ သိပ်ဝတ်ချင်တဲ့နာရီလေး။ မ သီ တာ သည် နာရီလေးကို အမြန်ဆုံးပတ်ပြီး ကျောင်းသို့ အမြန်ဆုံး ရောက်ရန် အပြေးသွားမိသည်။

"အမလေး - အား"

မ သီ တာ တ ယောက် မြေပျော့နေရာတွင် ချော်လဲသွားသည်။ အနီးတွင် မည်သူမျှမရှိ၍ တော်ပေသေးသည်။ အနာတရ မရှိသော်လည်း အဝတ်အစားလှလှကို ရွှံ့စက်များ ပေကုန်သည်။ တော် ပါ သေး ၏။ နာရီလေးကိုရွှံ့မပေ။ မှန်လည်း မကွဲ။ သို့သော် အသေအချာကြည့်သောအခါ နာရီလက်တံလေးများ မရွေ့ရှားကြတော့ပေ။ နားသို့ ကပ်ကြည့်သောအခါတွင်လည်း အသံမကြားရ။

"ဘုရားဘုရား၊ နာရီလေး ပျက်သွားပြီ"

× × × × ×

"မင်္ဂလာပါ တပည့်တို့"

မသီတာတို့ဆရာ ဦးမြတ်စိုးသည် အတန်းထဲသို့ ရောက်လာသည်။ ဆင့်မတန်း မြန်မာဖတ်စာအုပ်ကို ဖွင့်လျက် ဆရာက -

"တ ပည့် တို့ ရှင်မဟာရဋ္ဌသာရ ဆုံး မ စာ ကဗျာကို ကျက်ခဲ့ကြတယ် မဟုတ်လား"

"ကျက်ခဲ့ပါတယ်"

တ တန်း လုံး ပြိုင် တူ ထွက်လာသော အသံထဲတွင် မသီတာ၏ အ သံ မ ပါ။ မ နက် က ကျောင်းသွားရန် စိတ်စောနေမိ၍ ကျေ ညက် စွာ စာမရခဲ့။ ထို့ကြောင့် မသီတာ အလှည့်တွင်

"မဖြောင့် မသား၊ မတရား

ကို၊ လားလား ဤသူ၊ မပြု-
အင်း-မပြုဟူ၍လူဗိုလ်”....

“ဗိုလ်လုပ်ပါ သီတာရဲ့၊ ဆက်ဆိုပါအုံး”

မသီတာ ဆက်၍မဆိုတတ်တော့ပေ။ ထို့ကြောင့် ခုံပေါ်တက်၍ မတ်တတ် ရပ်လိုက်ရသော ‘မသီတာသည် ရှက်စိတ် ဝမ်းနည်းစိတ်တို့ကြောင့် မျက်ရည်များပင် ကျမိသည်။

“သီတာထိုင်တော့၊ နောက်နေ့ ရခဲ့ရမယ်နော်”

“တပည့်တို့ကို ဆရာ ရှင်းပြမယ်။ မဖြောင့်မသား၊ မတရားကို၊ လားလားဤသူ၊ မပြုဟူ၍၊ ဗိုလ်လူ ခပ်သိမ်း၊ မေတ္တာလိမ်းသည်၊ ချီးမွမ်းဆိုထွေ၊ ရတတ်စေတဲ့။ ဆိုလိုတာက မရိုးသားမဖြောင့်မှန်တာကို ဘယ်တော့မှ မပြုလုပ်ဘူးရယ်လို့ လူအပေါင်းက မေတ္တာထားပြီးချီးမွမ်းခံနိုင်ရအောင် တပည့်တို့ ဆရာတို့ ကြိုးစားရမယ်တဲ့”

ယနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဆရာ့ကဗျာ၏ အဓိပ္ပာယ် သည် မသီတာကို တိုက်ရိုက် ပြောနေသည်နှင့် တူပေသည်။ မသီတာသည်မရိုး ဖြောင့် သော အ လုပ်ကို လုပ်ခဲ့မိ၍ နောင်တရလိုက်မိသည်။ ဆူဆူရိုက်ရိုက် အပြစ်ကို ဝန် ခံ လိုက် မည် ဟုလည်း တွေးလိုက်မိသည်။

“ဟော ညီမလေး သီ တာ ကျောင်းက ပြန်လာပြီလား”

မမနီလာ က ပြုံးရွှင်စွာ ကြိုဆိုလိုက်သည်။ တကယ် ရင်ဆိုင်သောအခါ မသီတာသည် အပြစ်ကို ဝန်မခံရဲသေးပေ။ မမနီလာ၏နာရီလေးကို ပထမယူခဲ့သောနေရာတွင် အသာ ထားလိုက်သည်။’ နောက်မေးမှ မှန်သည့်အတိုင်းပြောတော့မည်။

နောက်နေ့တွင် –

“လာ ညီ မ ရေ- ကျောင်းသွားစို့”

မမနီလာက နာရီ လေးကို ပတ်ရင်း ပြောလိုက်သည်။ မသီတာကအမှတ်တမဲ့ကြည့်လိုက်ရာ နာရီလေးက ကောင်းလျက်၊ မသီတာအတွေးခက်ပါဘိ။

“မမနီလာ–မမ နာရီလေး”

“အော်–ညီမ လေးလဲ စာမေးပွဲမှာဂုဏ်ထူးရယင်ဖေဖေကဝယ်ပေးမှာပေါ့”

“မမ နာရီက အမြဲသွားနေတယ်နော်”

“အမြဲ ဘယ်သွား မလဲကွဲ၊ သံပတ်ကုန်ယင်ရပ်တာပေါ့”

“အော်–ဟုတ်လား၊သီတာသိပြီ နားလည်ပြီ”

“ဘာလဲ–ညီမလေးရဲ့”

ဟုတ် ပါ သည်၊ မ သီ တာ ကောင်းကောင်း သိပါပြီ။ မရိုးမဖြောင့်၍ စိတ်ညစ်ရပုံကို မသီတာ သိ ပါ ပြီ။ နာ ရီ ပတ် ရန် “ခိုးကြွား” သည်ထက် “ကြိုးစား” ရမည့် နည်းမှန်ကိုလည်း မသီတာသိပါပြီ။ ဘာပဲဖြစ်စေ ကျောင်းသွားရင်းလမ်းတွင် မမနီလာကို အားလုံး ဖွင့်ပြောမည် ဟု မသီတာက ဆုံးဖြတ်လိုက်လေသည်။

## မြန်မာ့ အားကစား

ကြိမ်ခြင်းလုံး ကြိမ်ခြင်းလုံး၊
ချာချာလည်လို့ပြုံး။

ခြင်းလုံးငယ်လေး သနားစရာ၊
ဟိုပြေးသည်ပြေးပါ။

ဒို့မြန်မာရဲ့ အားကစား၊
ကိုယ်လက်ကြံ့ခိုင်ထွား။

လူများများနဲ့ ညီညီညာ၊
ဝိုင်းဖွဲ့ခတ်ကြပါ။

မြန်မာ့ရိုးရာ မူစလေ့၊
ယဉ်ကျေးပါပေ့ ယဉ်ပါပေ့။

ပေးယူ မျှပါပေ့။ ။

မောင်မင်းယဉ် (ကူမဲ)



R. 517



ရေး - ဒေသာင်းစု
(သုတေသန)

# ငပူတင်း

ငပူတင်းတို့တွင် ““ရေ”” သို့မဟုတ် ““လေ”” ကို မျိုချနိုင်သည့်သတ္တိထူးရှိသည်။ ဤသို့ မျိုချခြင်းအားဖြင့် ယင်းတို့၏ခန္ဓာကိုယ်သည် ပွဖောင်းလာကာ လေဘောလုံးကဲ့သို့ ဖြစ်လာတတ်သည်။ ခန္ဓာကိုယ်ပေါ်တွင် အကြေးခွံများအစား သေးငယ်ပြီး ရွေ့ရှားနိုင်သည့် ဆူးကလေးများရှိနေရာ ကိုယ်ပွဖောင်းလာသည်နှင့် ယင်းဆူးကလေးများလည်း ထောင်မတ်လာတော့သည်။ ထိုအခါ ယင်း၏ရန်သူသည် ရန်မပြုရဲတော့ဘဲ ရှောင်တိမ်းသွားတတ်သည်။ ထို့မှတပါး ကိုယ်ပွဖောင်းလာခြင်းဖြင့် တနေရာမှတနေရာသို့ ရေစီးကြောင်းဖြင့် အလွယ်တကူစီးပါသွားနိုင်သည်။ ငပူတင်းကို ရေထဲမှ ဆယ်ယူလိုက်လျှင် ချက်ချင်းဆိုသလို လေကို မျိုချလိုက်သဖြင့် ကိုယ်ပွဖောင်းလာတတ်သည်ကို တွေ့ရမည်။ ငပူတင်းတို့မှာ အဆိပ်အတောက်ရှိ၍ အခန့်မသင့်လျှင် စားသုံးသူများ သေတတ် သော်လည်း မြိတ်ခရိုင်တွင် ယင်းတို့ကို အထူး လူကြိုက်များလှပေသည်။ အဆိပ်အတောက်ဖြစ်စေသည့် အသည်း၊ ဥ၊ အူသိမ်၊ သည်းခြေနှင့် ဝမ်းပိုက်ဆူးရှိသော အစိတ်အပိုင်းများကို မစားဘဲ လွှင့်ပစ်ရလေသည်။

၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဒုံးက ရိုက်နှိပ်သည်။



# ရွှေသွေး ဂျာနယ်

## ပေါင်းချုပ်

အတွဲ-၅၊ အမှတ်-၂၇မှ-၅၂ထိ







Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/